RES JUDICATA—*s.* 11, *Civil Procedure Code—suit under s.* 12 (1) (e) *of the Urban Rent Control Act—whether barred because of previous suit under s.* 12 (1) (f) *of the Act—difference in cause of action—O.* 2, *r.* 3, *Civil Procedure Code*—Bona fide *Requirement*. The Plaintiff/Respondent had filed a previous suit under s. 12 (1) (*f*) of the Urban Rent Control Act. The suit was however dismissed on the ground that he was not the " owner ". Subsequently, the Plaintiff/Respondent filed the present suit for ejectment for *bona fide* requirement for reconstruction under s. 12 (1) (*e*) of the Urban Rent Control Act. Among the defences raised were that the suit was barred under s. 11 of the Civil Procedure Code read with Explanation IV thereto and that the premises were not required reasonable and *bona fide* for reconstruction. Both the trial judge and the lower Appellate Court found in favour of the Plaintiff/Respondent and decreed the suit. *Held* : A suit based on clause 12 (1) (*e*) of the Urban Rent Control Act, 1960, is in respect of a totally different cause of action from that based on section 12 (1) (*f*) of the same Act. " Cause of action " means that bundle of essential facts which it is necessary for a plaintiff to prove before he can succeed in the case. It comprises every fact which it would be necessary for the plaintiff to prove, it traversed, in order to support his right to the judgment of the court. *Musa Yakub Mody* v. *Manilal Ajitrai*, I.L.R. XXIX Bom. 368; *Alexander Brault* v. *Indrakrishna Kaul*, I.L.R. LX Cal. 918 , referred to. In a suit under section 12 (1) (*f*) of the Urban Rent Control Act, the plaintiff must prove, *inter alia*, that he is the " owner " of the premises as defined in the proviso hereto and that he required the premises reasonably and *bona fide* for occupation by himself exclusively for residential purposes. In a suit under section 12 (1) (*e*) of the Urban Rent Control Act, he must prove that the building is reasonably and *bona fide* required by him for the purpose either of re-erection or for effecting essential and major structural repairs. Accordingly, " the bundle of essential facts" which the plaintiff must aver and prove in the

PAGE

one case is totally different from those which he must aver and prove in the other case. No doubt, Order II, Rule 3 of the Civil Procedure Code permits the joinder of several causes of action against the same defendant in one suit. However, this provision is merely permissive, not mandatory. Accordingly, there is nothing to prevent the plaintiff in this case, from filing the 2 separate suits referred to above. Besides, " Explanation IV " to section 11 of the Civil Procedure Code says that any matter which might and *ought* to have been made ground of defence or attack in a former suit shall be deemed to have been a matter directly and substantially in issue in a subsequent suit. In the case now under consideration it would be difficult to say that the plaintiff ought to aver in the same suit such contradictory statements to the effect that :—(1) the house in question is reasonable and *bona fide* required by him for his own occupation, and (2) that it should be pulled down for the purpose of erecting a new building in its place. Therefore, the Defendant/Appellants contention that the suit now under appeal is barred by *res judicata* cannot be accepted. Regarding the question of reasonable and *bone fide* requirement for re-erection, one cannot apply a subjective test, but must be decided objectively in the context of facts and circumstances relevant in each case. *Daw Daw Thi* v. *U Thein Maung and Co. Ltd.*, (1956) B.L.R. 14 (H.C.) , referred to. Accordingly, on the evidence, the two Courts below cannot be said to be wrong in the conclusion arrived at by them.

DAW MYA *v.* KO MAUNG THAN 654

SEA CUSTOMS ACT, s. 167A—*burden of proof—no necessity of* prima facie *proof by sea customs authorities—Illegal seizure—whether vitiates proceedings—comparison with s. 259 of the English Act and s. 178A of the Indian Act—presumption of honesty of Collector of Customs, Burma—but not bound by Evidence Act—functions of superior court in considering writ applications—not a Court of Appeal—non-application of Amnesty Order, 1963—goods seized not* in personam *but* in rem. The customs authorities had taken action against the Applicants on the seizure of certain gold discs in a vault in the Applicants Bank, as each of the gold discs had a hole in the middle, and there were Chinese characters inscribed thereon, on the presumption that they were smuggled goods. The gold was subsequently confiscated by the Collector of Customs who held that the Applicants had not discharged the Burden of proof imposed on them under s. 167A of the Sea Customs Act. The order was upheld by the successive higher authorities, and hence this application for a writ of *certiorari*. *Held* : Section 167A of the Sea Customs Act makes no reference whatsoever to the manner of seizure of the goods, the importation or exportation of which had been prohibited or restricted under section 19 of the Act. In fact, the Sea Customs Act itself recognizes the fact that goods liable to confiscation under the Act may be seized by persons other than those mentioned in section 178. For instance, goods liable to confiscation under the Sea Customs Act may be seized under section 180 by a police officer on suspicion that they have been stolen. Goods liable to confiscation under the Sea Customs Act can also be seized by excise officers. *U Tun Aung and one and four others*, Civ. Misc. Application Nos. 130, 133, 157, 197 of 1960 and No. 35 of 1961 ; *Kantilal Gorhandas Shah* v. *The Assistant Collector of Customs*, (1951) B.L.R. 244 (S.C.): *Daw Nyunt Nyunt, Daw Than Than and Ma Tin Win* v. *The Hon'ble Minister for*

PAGE

Finance and Revenue and two others, Civ. Misc. Application No. 56 of 1961 of the late Supreme Court, referred to. Assuming that the seizure of the gold made by the officers of the Army, Bureau of Special Investigation and the Police Department in the case now under consideration is illegal, this fact alone will not vitiate the proceedings taken by the Collector of Customs for confiscation of the gold in question. *Queen Empress* v. *Nga Taw Aung*, (1893-1900) P.J.L.B. 369 ; *Kyin Sein* (a) *Maung Shwe Mya* v. *The Finance Minister and two others*, (1959) B.L.R. 196 (S.C.) ; *Ni Hauk* v. *King Emperor*, IV. L.B.R. 121 ; *Nga Po Tha and another* v. *Queen Empress*, (1897-1901) I U.B.R. 239 ; *Maung San Myin* v. *King Emperor*, I.L.R. 7 Ran. 771 ; *Aung Kim Sein* v. *The King*, (1941) R.L.R. 552, referred to. Where the search is illegal persons participating in the search render themselves liable for damages for trespass, but the illegality of the search does not affect the question whether the person whose place was searched has committed the offence if property which cannot be legally possessed is actually found in the course of the search. Regarding s. 167A of the Sea Customs Act, it may be compared to s. 259 of the Customs Consolidation Act of 1876, and s. 178A of the Indian Act. *Rex* v. *Cohen*, (1951) 1 All. E.R. 203 at p. 205/206 ; *R* v. *Kakelo*, (1923) 2 K.B. 793 ; *R.V. Fitzgerald*, (1948) unrep., referred to. It is noticeable that in India the burden of proof under section 178A of the Act would only arise if the goods in question had been seized in the reasonable belief that they were smuggled goods. The same phraseology does not appear in section 167A of the Sea Customs Act of Burma. Nevertheless, it is a fair presumption that Collectors of Customs are honest in the discharge of their duties and that they would not take out proceedings in respect of any goods the importation of which has been prohibited or restricted under section 19 of the Sea Customs Act, unless they as reasonable persons, believe that such actions was necessary. But in coming to that conclusion they would not be necessarily bound by the provisions of the Evidence Act. *Shermal Jain* v. *Collector of Central Excise and Land Customs, Calcutta*, A.I.R. (1956) Cal. 621 at p. 623, referred to. The Cheif Court is not sitting as a Court of Appeal over the decision of the Collector of Customs and those authorities who confirmed his decision. *T.C. Basappa* v. *T. Nagappa and another*, A.I.R. (1954) (S.C.) 440, referred to. In granting a writ of *certiorari* the superior Court does not exercise the powers of an appellate Tribunal. It does not review or reweigh the evidence upon which the determination of the inferior Tribunal purports to be based. It demolishes the order which it considers to be without jurisdiction or palpably erroneous but does not substitute its own views for those of the inferior tribunal. *Sewpujanrai Indrasanarai Ltd.* v. *Collector of Customs and others*, A.I.R. (1959) (S.C.) 845, referred to. Regarding whether the provisions of the Amnesty Order covers the case in question, assuming that the order passed against the applicants was penal in nature the applicants cannot claim to have the benefit of the Amnesty Order in view of paragraph 6 of that Order which excepts those offences involving evasion of revenue, from the operation of the Amnesty Order. But there is clear authority for the view that the action taken by the Collector of Customs was one *in rem* against the goods seized and not *in personam* as against the applicants. In the result the application fails.

U SOE NYUNT AND ANOTHER *v.* THE COLLECTOR OF CUSTOMS AND TOW OTHERS 738

PAGE

TENANTS—HOLDING-OVER AND TENANTS-AT-SUFFERANCE—MORE OR LESS IN SAME POSITION—THOUGH NOT JOINT TORT-FEASORS—SUIT FOR EJECTMENT 714

URBAN RENT CONTROL ACT, s. 12 (1) (*a*)—*written demand for arrears of rent—necessity to specify in notice the arrears of rent.* Where the notice to quit did not specify the amount of arrears of rent due. *Held*: Under s. 12 (1) (*a*) of the Urban Rent Control Act, 1960, it is necessary for the landlord to make a written demand for payment of arrears of rent and to send the same to the tenant by registered post. Only when the demand has not been complied with in three weeks from the date thereof can a suit under that section be filed. Accordingly, it is necessary for the landlord to specify in the notice of demand the arrears of rent said to be due by the tenant. In the notice now under consideration there is no inkling whatsoever as to what amount was due to be paid. *Jaamna Lal* v. *Ram Bilas and another*, A.I.R. (1950) Ajmer, 17, referred to.

DAW THEIN SHWE *v.* S. M. CHOWDHURY 666

WRIT APPLICATIONS——POWERS OF THE SUPERIOR COURT—DOES NOT EXCERCISE THE POWERS OF AN APPELLATE TRIBUNAL—IT DEMOLISHES THE ORDER OF THE INFERIOR TRIBUNAL ONLY WHEN IT CONSIDERS TO BE WITHOUT JURISDICTION OR PALPABLYER RONEOUS—IT DOES NOT SUBSTITUTE ITS OWN VIEWS FOR THOSE OF THE INFERIOR TRIBUNAL 739

အက်ဥပဒေများ။

ကုမ္ပဏီများအက်ဥပဒေ။

တရားမကျင့်ထုံး။

တံဆိပ်တော်ခွန်အက်ဥပဒေ။

နိုင်ငံခြားသားမှတ်ပုံတင်အက်ဥပဒေ။

ပဋိညာဉ်အက်ဥပဒေ။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ။

ပြည်ထောင်စုမြန်မာနိုင်ငံ ဆားဖြစ်မှုအက်ဥပဒေ။

မြန်မာပုဒ္ဓဘာသာဥပဒေ။

မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ။

မှတ်ပုံတင်နည်းဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

လူမဲ့အက်ဥပဒေ။

လွှတ်တော်မြန်းချမ်းသာခွင့်အမိန့် (၁၉၆၃ ခုနှစ်) လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ။

PAGE

သက်သေခံအက်ဥပဒေ။
သီးခြားသက်သာခွင့်အက်ဥပဒေ။
သီးစားချုထားရေးအက်ဥပဒေ (၁၉၆၃ ခုနှစ်) အရေးပေါ် စီမံမှုအက်ဥပဒေ။

ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၄ (၂) နှင့် ၄ (၄) တရားမဝင်သောအသင်း၊ အသင်းသားများ၏ တာဝန်၊ အသင်းသားတဦးက အသင်းနှင့် အခြားအသင်းသားများအား တရားစွဲဆိုခြင်းကစ္စ။ အယူခံတရားလိုသည်၊ ကသာမြို့သစ်တိုက်၊ ကားပိုင်ရှင်များအသင်းဝင်တဦးဖြစ်ပြီး၊ ၎င်းအသင်းဥက္ကဋ္ဌနှင့် အသင်း၏အမှုဆောင်လူကြီးများအား အသင်းက ကားငှါးရမ်းခဲ့သဖြင့်၊ အသင်းကပေးရန်ငွေကို တရားစွဲဆိုခဲ့လေသည်။ မူလရုံးက အယူခံတရားခံအပေါ် ဒီကရီချပေးခဲ့၏။ ပဌမ အယူခံရုံးနှင့် ဒုတိယအယူခံရုံးတို့က ဒီကရီကို အတည်ပြုခဲ့သော်လည်း၊ ပြည်ထောင်စု တရားစီရင်ရေး ပုဒ်မ ၂၀ အရ၊ အယူခံဝင်ရာ၊ ထိုအမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့လေသည်။ ထိုသို့ အမှုကိုပလပ်လိုက်ရာ၌၊ တရားဝန်ကြီးများက အယူခံတရားခံများတည်ထောင်ခဲ့သည့် သစ်တိုက်ကားပိုင်ရှင်များအသင်းသည်၊ ကုမ္ပဏီဥပဒေ ပုဒ်မ ၄ (၂) တွင် ပြဆိုရည်ညွှန်းထားသည့်အတိုင်း၊ အသင်းအနေအဖြစ်ဖြင့် အလုပ်အကိုင်ပြုလုပ်ဆောင်ရွက်နေခြင်းမှာ ရှိသည်ကိုမတွေ့ရ။ ထို့ပြင် ပုဒ်မ ၄ (၂) နှင့် (၄) အကြုံးဝင်သည့် အသင်းက ပေးအပ်ရန်ရှိသည့် အကြွေးဟု မည်သို့မှမယူဆနိုင်။ တဖန် ပဋိညာဉ် အက်ဥပဒေပုဒ်မ (၄၃) အရ ဆင်ခြင်မှုလည်း သက်သေခံချက်များအရ အသင်းဝင်များဖြစ်သည့် အယူခံတရားခံတို့က ပေးရန်ရှိသည့်ငွေကို တဦးစီသီးခြားတာဝန်အနေနှင့် ပေးပါမည်ဟု မည်သည့်အခါကမျှ ဝန်မခံခဲ့၍ ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ရှိသည်ဟု မဆိုနိုင်ဟု ပြဆို၍ ပလပ်ခဲ့ခြင်းဖြစ်သည်။ အယူခံတရားလိုက၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ၊ အခွင့်ထူးမှုတင်သွင်းရာ။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအတွက် ဆောင်ရွက်သည့် ရှေ့နေကြီးက ကုမ္ပဏီပုဒ်မ ၄ (၂) တွင် အကျိုးအမြတ်ရရှိရန် ပါဝင်သည့်စကားမှာ၊ အသင်းအတွက် အကျိုးအမြတ်ရရှိရန်သာမဟုတ်၊ အသင်းဝင် အသင်းသားတို့ဘို့အမြတ်အစွန်းရရှိရန် ဆောင်ရွက်ပေးခြင်းလည်း အကြုံးဝင်သဖြင့်၊ ထိုအသင်း၏ အသင်းဝင်များဖြစ်သူ အယူခံတရားခံတို့သည် ပုဒ်မ ၄ (၄) အရ ပေးရန်တာဝန်ရှိကြောင်း ထင်ရှားသည်ဟုဆိုသည်။ သို့သော် ထိုပြဆိုချက်ကို လက်ခံရန်ခဲယဉ်းသည်။ အဘယ့်ကြောင့်ဆိုသော် အယူခံတရားလို တင်သွင်းခဲ့သည့် စွဲဆိုလွှာနှင့် နို့တစ်စာများအရ တောင်းဆိုသည့်ငွေမှာ အသင်းကပေးရန် တာဝန်ယူခဲ့ခြင်း၊ ထိုအသင်းတွင် အယူခံတရားလို အပါအဝင် အသင်းသား ၂၀ ကျော်ပါဝင်နေ၍ မှတ်ပုံတင်ထားခြင်းမှာ မငြင်းဆိုနိုင်ရကား၊ ထိုသို့ တရားမဝင်သည့် အသင်းမှ ရရန်ရှိသည့်ငွေကို အသင်းသားတဦးသည် တရားစွဲဆို တောင်းခံခွင့် မရှိသောကြောင့်ဖြစ်သည်။ ***Badri Prasad*** **v.** ***Nagarmal and others,*** **A.I.R. (1959) Supreme Covrt, p. 559;** ***Madan Gopal and others*** **v.** ***Shewal Dass,*** **A.I.R. (1943), Lahore, p. 884;** တို့ကို ရည်ညွှန်း၍ လိုက်နာသည်။ သို့ဖြစ်ရကား အယူခံတရားလိုသည်၊ ထိုတရားမဝင်သည့် အသင်းဝင်တဦး ယခုထက်တိုင် ဆက်လက်တည်ရှိနေသေးရကား အထူးအယူခံရုံးတော်မှ ဖေါ်ပြထားသကဲ့သို့ အယူခံတရားလိုသည် ထိုအသင်းမှ အသင်းဝင်တဦးအနေနှင့် မရပ်စဲသမျှကာလ မိမိရရှိန်ရှိသည်ဆိုသည့်ငွေကိုအသင်းသားများအပေါ် တရားမ

PAGE

ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၈ အရပင်၊ တရားစွဲဆိုနိုင်ခြင်းရှိမရှိဆိုသည်ကို လေးနက်စွာ စဉ်းစားရန် လိုအပ်မည်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည်ပင် တရားလိုအပြင်၊ တရားခံလည်းဖြစ်နေပေမည်ဖြစ်သောကြောင့်ပေတည်း။ သို့ပေငြားလည်း ၎င်းအချက်မှာ၊ ယခုအယူခံမှုကို ဆုံးဖြတ်ရန်နှင့် ပတ်သက်၍ လိုအပ်ခြင်းမရှိသဖြင့် မည်သို့မျှ အဆုံးအဖြတ်မပေး။

ဦးရွှေနှင့် ဦးဘပု ပါ ၄ 838

ငွေထုတ်ခွင့်လက်မှတ် (Pay Order) ငွေလွှဲစာချုပ် (Bill of Exchange) ဖြစ်မဖြစ် ထိုငွေထုတ်ခွင့်လက်မှတ်အတွက် ထုတ်ပေးရသောငွေ ပြန်လည်ရရှိရန် တရားစွဲနိုင် မစွဲနိုင်။ ၁၉၄၉ ခုနှစ်တွင်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့၏ ပြည်ခရိုင်တွင်၊ အဝယ်တော်တဦးဖြစ်သော အယူခံတရားခံ (၂) သည်၊ ဆန်စက်ပိုင်ရှင်တဦးဖြစ်သော အယူခံတရားခံ (၃) ထံမှ ဝယ်ယူသောဆန်များအတွက်၊ ငွေထုတ်ခွင့်လက်မှတ် (Pay Order) ကို အယူခံတရားခံ (၁) အား ထုတ်ပေးခဲ့သည်။ ထိုငွေထုတ်လက်မှတ်နှင့် အယူခံတရားခံ (၂) ၏ ရန်ကန်မြို့ရှိ အလုပ်တိုက်တွင် ငွေထုတ်ရန်ကြိုးပမ်းသော်လည်း ငွေမရသဖြင့်၊ အယူခံတရားခံ (၁) သည် ထိုငွေထုတ်ခွင့် လက်မှတ်ကို၊ အယူခံတရားလိုတို့အား ရောင်းလိုက်လေသည်။ ထိုသို့ရောင်းရာ၌၊ အယူခံတရားခံ (၃) လည်းပါလာ၍၊ ထိုလက်မှတ်ကျော်ပေါ်တွင် အယူခံတရားခံ (၃) က လက်မှတ်ထိုးပြီး၊ အယူခံတရားခံ (၁) ကလည်း ၎င်းတို့အစုစပ်နာမည်၏ တံဆိပ်ကို ရိုက်လိုက်လေသည်။ ထိုသို့ဝယ်ယူပြီးနောက်၊ အယူခံတရားလိုများက၊ ထိုလက်မှတ်အရ ကျသင့်သောငွေကို အယူခံတရားခံ (၂) ထံမှ ထပ်မံတောင်းဆိုရာ၊ မရသဖြင့်၊ နောက်ဆုံးအယူခံတရားခံများအပေါ် တရားစွဲဆိုခဲ့ရလေသည်။ မူလရုံးက ထိုလက်မှတ်သည် ငွေလွှဲစာချုပ် (Bill of Exchange) ဖြစ်သည်ဟု ယူဆပြီး၊ အယူခံတရားခံ (၁) နှင့် (၂) တို့အပေါ် အမိန့်ဒီကရီချမှတ်ပြီး အယူခံတရားခံ (၃) အား အမှုမှပလပ်လိုက်လေသည်။ အယူခံတရားခံ (၁) နှင့် (၂) တို့က အယူခံဝင်ကြရာ၊ ပဌမအယူခံရုံးက အဆိုပါငွေထုတ်လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတရပ်ဖြစ်သည်ဟု ဆိုနိုင်စေကာမူ၊ ထိုစာချုပ်ကို အယူခံတရားခံ (၁) က တရားလိုအား လွှဲပြောင်းသည်မှာ၊ တရားဝင်သောလွှဲပြောင်းခြင်း မဟုတ်ဟု ယူဆကာ၊ အယူခံတရားလိုတို့၏အမှုကို လုံးဝပယ်လိုက်၏။ အယူခံ တရားလိုများက ထိုအမိန့်ကို မကျေနပ်၍၊ အယူခံတရားခံများအပေါ် သို့ တရားရုံးချုပ်တွင် အယူခံဝင်ပြန်ရာ။ **ဆုံးဖြတ်ချက်**။ ။ဤအမှုတွင် အဓိကအားဖြင့် စဉ်းစားရန်အချက်မှာ၊ အထက်ဖော်ပြပါ ငွေထုတ်ခွင့်လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေတွင် အကြုံးဝင်သလောဟူသည့် အချက်ပင်ဖြစ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၃ အရဆိုလျှင်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဆိုသည်မှာ၊ ကတိစာချုပ် (Promissory Note)၊ သို့တည်းမဟုတ် ငွေလွှဲစာချုပ် (Bill of Exchange)၊ သို့တည်းမဟုတ် ချက်လက်မှတ် (Cheque) ကိုဆိုလိုသည်ဟု အတိအလင်း ပြဋ္ဌာန်းထား၏။ ယခုအမှုပါ ငွေထုတ်ခွင့်လက်မှတ်မှာ (Pay Order) ဟု ခေါင်းစဉ်တပ်ထား၏။ ကတိစာချုပ်သော်၎င်း၊ ချက်လက်မှတ်သော်၎င်း မဟုတ်သည်မှာ ထင်ရှားလှ၏။ ငွေလွှဲစာချုပ်ဖြစ် မဖြစ်ကို စဉ်းစားရာ၌၊ တံဆိပ်ခေါင်းအက်ဥပဒေအရ ငွေလွှဲ

PAGE

စာချုပ်တွင် သတ်မှတ်သော ကဲ့ဆပ်ခေါင်းကပ်နိုင်ရမည် ဖြစ်သော်လည်း အဆိုပါ ငွေထုတ်ခွင့်လက်မှတ်မှာ ကဲ့ဆိပ်ခေါင်းမပါခဲ့။ အမှန်အားဖြင့်ဆိုလျှင် အယူခံ တရားခံ (၂) အပါအဝင်ဖြစ်သော ပြည်ခရိုင်ရှိ ဆန်အဝယ်တော် ကိုယ်စားလှယ် တို့သည် ထိုခရိုင်၌ ငွေမပြည့်စုံလာသဖြင့်၊ ငွေထုတ်မဝယ်နိုင်သောကြောင့်၊ ဆန် ရောင်းသူများအား အမှုပါလက်မှတ်များကို ထုတ်ပေးရန် စီစဉ်ဟန့်တားသည်၊ ထိုကဲ့သို့သော လက်မှတ်များကို၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများနည်းတူ၊ တလက်မှ တလက်သို့ လွှဲပြောင်းစေရန်အတွက် ထုတ်ပေးဟန့်မတူ။ ထို့ပြင် မကြာမီပင်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က၊ အဝယ်တော်စံနစ်ကို ဖျက်သိမ်းခဲ့ရာ၊ ထိုငွေထုတ်ခွင့်လက်မှတ်များ ထုတ်ပေးသည့်စံနစ်မှာ၊ ပြည်ခရိုင်၌ သာ အခိုက်အတန့်အားဖြင့် အသုံးပြုခဲ့ကြဟန်တူသည်၊ ကုန်သည်လောကတွင် ကုန်သည်အများက လက်ခံပြီး နှစ်ပရဏ္ဍေဒကြာမြင့်စွာ အသုံးပြုသောစံနစ်မျိုး မဟုတ်ခဲ့။ ထိုအကြောင်းများကြောင့်၊ ဤအမှုပါ ငွေထုတ်ခွင့်လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေတွင် အကျုံးဝင်သောစာချုပ် တရပ်ဖြစ်သည်ဟု မဆိုနိုင်ပေ။ ယင်းသို့ဖြစ်ရကား၊ ထိုစာချုပ်ကို လွှဲပြောင်းရာ၌ တရားမဝင်ဆိုသည့်ပြဿနာ မပေါ်တော့ချေ။ အယူခံတရားလိုတို့သည်၊ ထိုငွေ ထုတ်ခွင့် လက်မှတ်အတွက်၊ မိမိတို့ ပေးသောငွေကို ပြန်လည်ရရှိနိုင်သလော ဟူသည့်အချက်ကို စဉ်းစားရာ၌၊ ၎င်းတို့က အယူခံတရားခံ (၁) အား ငွေထုတ် ပေးရသည်ကို ခိုင်လုံစွာ ပြနိုင်ခဲ့သဖြင့်၊ ထိုငွေကို ၎င်းတို့ပြန်လည်ရရှိသင့်ပေသည်။ အကယ်၍ အဆိုပါ ငွေထုတ်ခွင့်လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်တရပ် ဖြစ်သည်ဆိုစေထားဘိုး။ ယခုအမှုဌ် ပေါ်ပေါက်သည့် အခြေအနေတွင် အယူခံ တရားလိုတို့သည်၊ မိမိတို့ ထုတ်ပေးခဲ့သောငွေကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။ မောင်ချစ်နှင့် ရှိုရှန်အန်အမ်ကရင်ကူးမား။ ၁၉၃၄ ခုနှစ်၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၁၂ စာ ၅၀၀ ကို ရည်ညွှန်းသည်။ ထို့ကြောင့် ပဌမအယူခံချုံး၏ အမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပြီး၊ အယူခံတရားခံ (၁) က၊ တရားလိုများ စွဲဆိုသည့် အတိုင်း ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။

မက်ဆားရမ်ချန်ဒရာဟာဒူးဝါး နှင့် မက်ဆားချမ်စိန် 811

တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုနှင့် ချေပချက်များအပေါ် တွင်သာ မူတည်၍ ဆုံးဖြတ်ခြင်း (Pleadings) အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်းနှင့် ပတ် သက်၍ ငြင်းဆိုချက် မရှိရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ ကာကွယ်မှုမပေးနိုင်ခြင်း 756

တရားရှင်လွှတ်သည့်အမှု မည်သည့်အခါ၌ ပယ်ဖျက်သင့်ခြင်း။ လျှောက်ထားသူသည်၊ လျှောက်ထားခံရသူများအပေါ် ဦးတိုက်လျှောက်ထားသည့်အတိုင်း ၎င်းတို့ အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ မူလရုံးက စုံစမ်းမှုပြုခဲ့ပြီး၊ စုံချက်တင်နိုင်ရန် သက်သေအထောက်အထား မတွေ့ရှိသဖြင့်၊ တရားရှင်လွှတ်လိုက်လေသည်။ ထို အမိန့်ကို မကျေနပ်၍ စက်ရှင်ရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း ပလပ်လိုက် သဖြင့်၊ တရားရုံးချုပ်သို့ ထပ်မံပြင်ဆင်မှု တင်သွင်းခြင်းသည်။ ။**ဆုံးဖြတ်ချက်**။ သက်သေခံချက်များကို၊ လေ့လာသောအခါ၊ လျှောက်ထားသူ၏ ပြဆိုချက်

PAGE

များကိုလက်ခံရန် ခဲယဉ်းသည်။ တဖန်ယခုကဲ့သို့တရားရှင်လွှတ်သည့်အမှုမျိုးတွင်၊ တရားသူကြီး၏ အမိန့်သည် ဆီလျော်ခြင်း၊ သို့မဟုတ် အကျိုးအကြောင်းမဆက်စပ်ခြင်း (Foolish or perverse) မဖြစ်လျှင် ပယ်ဖျက်ရန်မသင့်။ ထပ်မံ၍ စစ်ဆေးရန် အထူးကောင်းမွန်သော အကြောင်း၊ သို့မဟုတ် အထူးစဉ်းစားရန် အကြောင်းမရှိလျှင်၊ မပြုလုပ်သင့်။ *Diwan Singh and others* v. *Emperor*, A.I.R. (1933) Lahore 561, ရည်ညွှန်းသည်။ ယခုအမှုတွင် ထပ်မံစစ်ဆေးရန် အကြောင်းမရှိ၍ ပြင်ဆင်မှုကို ပယ်လိုက်သည်။

မစ္စတာ စီ၊အာ(ရ်)၊ မန်းနီးကွန်းနှင့် ကရင်ချန်း ပါ၊ ဂု 796

တရားသူကြီးသည် ကျယ်ဝန်းသော အာဏာကို အပ်နှင်းထားရာ၌ တရားမျှတစွာ အဆုံးပြုရန်လိုအပ်ခြင်း။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆ (က) အရ၊ အချင်းဖြစ်ဘတ်(စ်)ကားကို အမှုမပြီးပြတ်မီအတောအတွင်းပြန်လည်ပေးအပ်ခြင်းကိစ္စ 792

နိုင်ငံခြားသားမှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄ (၂) နိုင်ငံခြားသားဖြစ်ရန် အဘိုးအဖွါးများ မြန်မာပြည်တွင် မွေးဖွါးရန် မလိုခြင်း။ ပြင်ဆင်ရန်လျှောက်ထားသူအား နိုင်ငံခြားသားမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၅ (၁) အရ တရားစွဲဆိုခဲ့ရာ၊ စစ်ဆေးသော တရားသူကြီးက လျှောက်ထားသူ၏ ဘိုးဘွားတို့မှာ၊ မြန်မာပြည်တွင် မွေးဖွါးခဲ့ကြောင်း သက်သေလုံလောက်အောင် မတွေ့ရှိရသဖြင့်၊ လျှောက်ထားသူမှာ နိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ မြန်မာနိုင်ငံသားမဖြစ်နိုင်ဟုယူဆ၍၊ ပြစ်ဒဏ်စီရင်ခဲ့လေသည်။ ပြင်ဆင်မှုလျှောက်ထားရာ၊ ခရိုင်စက်ရှင်တရားသူကြီးက၊ ထိုပြစ်ဒဏ်စီရင်ခြင်းကို ပယ်ဖျက်ရန် တရားရုံးချုပ်သို့ ထောက်ခံလိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။စစ်ဆေးသည့် တရားသူကြီး၏ ပြဆိုချက်မှာ ပုဒ်မ ၄ (၂) နှင့် ဆန့်ကျင်နေပေသည်။ ထိုပုဒ်မ၏လိုအပ်ချက်မှာ၊ လျှောက်ထားသူနှင့် ၎င်းမိဘနှစ်ပါးသာ မြန်မာပြည်မှာ မွေးဖွါးကြသူများဖြစ်ကြောင်း လိုအပ်၍၊ ဘိုးဘွားများနှင့် ပတ်သက်၍မူ၊ ၎င်းတို့သည် မြန်မာပြည်တွင် ပင်ရင်းတိုင်းပြည်အဖြစ် မျိုးဆက်မပြတ်နေထိုင်ခဲ့ကြောင်းသာ လိုအပ်ပေသည်။ အမှုတွဲရှိ သက်သေခံချက်များကို လေ့လာရာ၊ လျှောက်ထားသူ၏ မိဘတို့မှာ၊ မြန်မာပြည်တွင် မွေးဖွါးခဲ့သူများ ဖြစ်သည်မှာ ထင်ရှားပြီး လျှောက်ထားသူမှာလည်း မြန်မာပြည်တွင် မွေးဖွါးခဲ့ကြောင်း တွေ့ရှိရသည့်ပြင် ၎င်း၏ဘိုးဘွားတို့မှာလည်း၊ မြန်မာပြည်တွင် နေထိုင်သေဆုံးခဲ့ကြောင်း တွေ့ရသဖြင့်၊ လျှောက်ထားသူမှာ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၄ (၂) အရ၊ မြန်မာနိုင်ငံသားတဦးဖြစ်သည်ဟု ယူဆရပေမည်။

ဂနီ (ခေါ်) မောင်ချစ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 753

နိုင်ငံခြားသား မြန်မာပြည်၌ အမြဲနေထိုင်ရန်အတွက် အရည်အချင်းရှိသော်လည်း ပြည်နှင်ဒဏ်ပေးခံရခြင်း သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ တရားစွဲဆိုနိုင်ခွင့်ရှိမရှိ။ အယူခံတရားလိုသည် ၁၉၃၀ ခုနှစ်၌ မြန်မာပြည်သို့ ရောက်ရှိလာပြီး အနှိပ်ယူပြည်သို့ ခေတ္တခရီးမျှပြန်သည့်အခါမှလွဲ၍ မြန်မာပြည်တွင် အမြဲနေထိုင်ခဲ့၍၊ မြန်မာပြည်တွင် အမြဲနေထိုင်ရန် ပြည်နေအရည်

PAGE

အချင်းရှိသမြှင့်၊ ယင်းသို့အရည်အချင်းရှိကြောင်း မြှက်ဟကျေညာစေရန်၊ တရား ရုံးချုပ် မူလဘက်ဆိုင်ရာရုံးတွင် တရားစွဲဆိုခဲ့သည်။ ထိုရုံးတွင်မအောင်မြင်၍၊ အယူခံဝင်ပြန်ရာ။ ။ဆုံးဖြတ်ချက်။ ။နိုင်ငြားသားဖြစ်သူ အယူခံ တရားလို သည်၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ (၄၂) ၏ ပြဋ္ဌာန်းချက်များတွင်၊ အကြွေးဝင်မဝင်ကို စီစစ်ရာ၌၊ ၎င်းသည် မြန်မာပြည်တွင် အမြဲနေထိုင်ရန် အခွင့် အရေးရှိသလောဟူသည့် ပြဿနာကို ဆုံးဖြတ်ရမည်။ အပြည်ပြည်ဆိုင်ရာ တရား ဥပဒေအရ၊ ဤကိစ္စနှင့် ပတ်သက်သည့်မူများ၊ နိုင်ငြားသားတဦးအား လက်ခံ စောင့်ရှောက်ထားသော နိုင်ငံတခုသည် ထိုလက်ခံစောင့်ရှောက်မှုကို ရပ်သိမ်း၍၊ ၎င်း၏တိုင်းပြည်သို့ပြန်လည်ပို့ခွင့်ရှိသည်။ ကြည့်ချန်ယောက်နှင့် ယူဝင်မှုကြီးကြပ် ရေးဝန်။ ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာ ၁၉၇ ကို ရည်ညွှန်းသည်။ ထို့ကြောင့် အယူခံတရားလိုသည်၊ မြန်မာပြည်၌ အမြဲတန်းနေထိုင်ရန် အခွင့်အရေးရှိကြောင်း၊ တရားစွဲဆိုခြင်း မပြုနိုင်ဟု ဆုံးဖြတ် ရပေမည်၊ ထို့ကြောင့်၎င်းသည်၊ အမြဲနေထိုင်ရန် ပြည်နေအရည်အချင်းနှင့် ပြည့်စုံသည် မပြည့်စုံသည်ဆိုသည့် ပြဿနာမှာ မပေါ်ပေါက်တော့ချေ။

မိုဟာမက်အီဘရာဟင်စလေဘိုင်နှင့် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဝန် 831

ပဋိညာဉ်စာချုပ်၊ ကိုယ်ပိုင် အခွင့်အရေးတို့ကို မှားယွင်းစွာ နားလည်၍ စာချုပ် ချုပ်ဆိုခြင်း၊ အတူတူမှားယွင်းချက် (Common Mistake)၊ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၀-၂၁ စာချုပ်ပျက်ပြယ်ခြင်း၊ တရုပ်ထုံးစံ ဥပဒေအရ မှားယွင်း အမွေစား အမွေခံ စာချုပ်ချုပ်ဆိုခြင်း၊ အခြင်းအရာနှင့် ပတ်သက်သော မှားယွင်းချက်၊ စာချုပ်ချုပ်ဆိုထုတွင် အပေးအယူရှိမရှိကိစ္စ။ အယူခံထရားလို သည် ကွယ်လွန်သူ ချန်ချင်လျောင်ဆိုသူ၏ ဇနီးဖြစ်ပြီး ၎င်းချန်ချင်လျောင်အား၎င်း၏ ဦးလေးတဦး၏ ဇနီးဖြစ်သူ မစ္စစ်မာဂရက်ချောပိုင် ဆိုသူက ထိုဦးလေး သေဆုံးပြီး ၁၁ ရက်အကြာတွင် (၁၉၂၅ ခုနှစ်) ၌၊ တရုပ်ထုံးစံ ဥပဒေအရ ပိမိခင်ပွန်း၏ အမွေစားသားအဖြစ် စာချုပ်ဖြင့် မွေးစားခဲ့လေသည်။ ၎င်းနောက် ၎င်းတို့ ၂ ဦးသည် မသင့်မတင့်ဖြစ်ကြပြီး ပဋိပက္ခကို စေ့စပ်သည့်အနေနှင့် ၁၉၃၆ ခုနှစ်၌ စာချုပ် ၃ ခုကို တပြိုင်တည်း ချုပ်ဆိုကြသည်။ ပဌမစာချုပ်အရ လက်ထောက်ရသော ပစ္စည်းများကို အညီအမျှ ခွဲဝေယူကြ၍၊ ဒုတိယစာချုပ်ဖြင့် မခွဲဝေဘဲ ထားသေးသည့် ပစ္စည်းများနှင့် ပတ်သက်၍ နောင်အဓိတ္ထင် မည်သို့ ခွဲဝေယူရန် သဘောတူခဲ့ကြသည်။ တတိယစာချုပ်အရ အထက်ဖေါ်ပြပါ မွေးစား သော စာချုပ်ကိုပယ်ဖျက်ခဲ့သည်။ ၎င်းနောက် ၁၉၃၈ ခုနှစ်တွင်ချန်ချင်လျောင် သေဆုံးပြီး ၎င်း၏ဇနီးအယူခံတရားလိုသည် ၎င်း၏အမွေခံအဖြစ်ကျန်ရစ်၏။ ၁၉၄၃ ခုနှစ် မစ္စစ် မာဂရက်ချောပိုင် သေဆုံးခဲ့သည်၊ ၎င်း၏အမွေခံအဖြစ် ၎င်း၏ ညီမများဖြစ် ကြသောအယူခံတရားခံများကျန်ရစ်ခဲ့လေသည်။ ထိုနောက်အမွေ များကို ခွဲဝေယူကြသောအခါ အယူခံတရားခံများသည် အခြင်းဖြစ်မြေကို ရရှိ ကြသည်။ ၎င်းမြေအနက် အချို့တဝက်ကို ရောင်းလိုက်ပြန်ရာ အယူခံတရားလိုက ၁၉၅၆ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ဒုတိယစာချုပ်ကို အကိုးအကားပြုပြီး ရောင်းရင်း အနက် တဝက်နှင့် ကျန်ရှိသော မြေအနက်တဝက်ကို လက်ထောက်ရလိုမှုနှင့် တရားစွဲဆိုခဲ့သည်။ မူလခံသည် ၎င်းပဌမအယူခံရုံးသည် ၎င်းအမှုကို ပယ်လိုက်ရာ ပြည်တောင်စုတရားစီရင်ရေးပုဒ်မ ၆ အရ၊ တရားရုံးချုပ်က အယူခံကို ကြားနာ

ခြင်းဖြစ်လေသည်။ အယူခံထွင် အယူခံတရားခံများဘက်မှ အစိကခုခံချက်မှာ (၁) မာဂရက်ချောပိုင်က ငှင်းဘိုခင်ပွန်း သေဆုံးပြီးသည့်နောက် တရပ်ထုံးစံဥပဒေအရ ငှင်းဘိုအမွေစားသားအဖြစ် ချန်ချင်လျောင်အား မွေးစားခြင်းသည် တရားမဝင်ကြောင်း။ (၂) မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့ အထက်ဖေါ်ပြပါ ဒုတိယစာချုပ် ချုပ်ဆိုရာ၌ မာဂရက်ချောပိုင်က မိမိပိုင်ဆိုင်ခွင့် များကို မှားယွင်းစွာ နာလည်ပြီး ချုပ်ဆိုခဲ့သဖြင့် ထိုစာချုပ်မှာ တရားမဝင်ကြောင်း။ (၃) ငှင်းနောက် အမွေခွဲဝေစာချုပ်ကိုချုပ်ဆိုရာ၌ အယူခံတရားလို သည့် ပဌမနှင့် ဒုတိယတရားခံတို့ ရရှိသောအမွေစုနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်းတို့ ဖြစ်လေသည်။ ။ဆုံးဖြတ်ချက်။ ။ပဌမအချက်နှင့် ပတ်သက်သော အစိကမူမှာ ပရိညာဉ်စာချုပ်ကို ချုပ်ဆိုကြသော သူတို့သည်၊ မိမိတို့၏ သက်ဆိုင်ရာ ကိုယ်ပိုင်အခွင့်အရေး အသီးသီးတို့ကို မှားယွင်းစွာနားလည်ပြီး၊ စာချုပ်ချုပ်ဆိုကြပါက၊ ထိုစာချုပ်ကို အတူတူမှားယွင်းချက် (Common Mistake) ဖြင့် ချုပ်ဆိုခြင်းဖြစ်သဖြင့်၊ တရားရုံးများက ပယ်ဖျက်နိုင်သည်။ (၁) ***Cooper*** **v.** ***Phibbs,*** **(1867) The Law Reports, Vol. II, pp. 149, 170** ကိုရည်ညွှန်းရှင်းလိုက်နာသည်။ ။ထိုမူသည်၊ ပရိညာဉ်အက်ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်ဖြစ်၍၊ ဤရုံးကလည်း လိုက်နာကျင့်သုံးရပေမည်၊ ထိုမူကို အိန္ဒိယပြည်တွင်သာမက၊ အင်္ဂလန်ပြည်ရှိ တရားလွှတ်တော်များကလည်း လိုက်နာကျင့်သုံးကြောင်း သာဓကများရှိသည်။ ထို့ကိုရည်ညွှန်းသည်။ *Cooper* v. *Phibbs*, (1867) The Law Reports, Vol. II, p. 170 တို့ကိုထပ်မံရည်ညွှန်းသည်။ ***Beauchamp*** **v.** ***Winn,*** **6** ***ibid.*** **233;** ***Butler*** **v.** ***Fairclough,*** **(1917) V.L.R. 175 (Can);** ***Jones*** **v.** ***Clifford,*** **3 Ch. D. 779;** ***Bingham*** **v.** ***Bingham,*** **I Ves. 126;** ***Jones*** **v.** ***Clifford,*** **3 Ch. D. 792. 5 L.J. Ch. 809; See** ***Debenham*** **v.** ***Sawbridge,*** **19-2 Ch. at p. 109;** ***Lansdowne*** **v.** ***Lansdowne,*** **Mose. 364, cit. 2 J and W 205** တို့ကို ရည်ညွှန်းသည်။ ထို့ပြင်လည်း တရပ်ထုံးစံဥပဒေကို မြန်မာနိုင်ငံတွင် တရားရုံးများအသုံးပြုရှု ပုခင်းများ ရှင်ဆုံးဖြတ်ခဲ့သော်လည်း၊ အမှန်အားဖြင့် ဆိုလျှင်၊ ထိုဥပဒေသည် မြန်မာပြည်တွင် တည်ရှိလျက်ရှိသော ဥပဒေဟု မခေါ်ဆိုနိုင်ပေ၊ ဤအချက်ကို အယူခံတရားလို၏ ပညာရှိရွှေနေကြီးကလည်း ဝန်ခံ၏၊ သို့ဖြစ်ရကား ပရိညာဉ်အက်ဥပဒေ ပုဒ်မ ၂၁ ၌ မြန်မာပြည်တွင် တည်လျက်မရှိသော ဥပဒေနှင့်စပ်လျဉ်း၍ မှားယွင်းလျှင် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍၊ မှားယွင်းသည်ဟု ယူဆရမည် ဖြစ်ကြောင်းနှင့် ပြဋ္ဌာန်းထားသည် ဖြစ်ရာ၊ ဤအမှုတွင် မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့သည် သေသူ ချန်ချောပိုင်၏ အဖမ်းပုံ ပစ္စည်းနှင့် မတ်သက်၍၊ တရားဆုံးစံဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆကြရသည်မှာ၊ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ မှားယွင်းကြသည်ဟု ဆိုးမြင်ရမည် ဖြစ်သည်။ ။၁၉၂၅ ခုနှစ်၌ တရားဆုံးစံဥပဒေသည် ချန်ချောပိုင်၏အဖမ်းပုံသို့ သူက ခံယူထိုက်သည်နှင့် စပ်လျဉ်း၍ ဆက်ဆိုင်သည်ဟု ယူဆကြသည်မှာ [illegible]ကို မသိသဖြင့်၊ ဆံသယမကင်း အကြောင်းပါးမှုရှိကြခြင်းဖြစ်သည်၊ စင်စစ်အားဖြင့်၊ ၁၉၃၉ ခုနှစ်တွင် ပရိဗီကောင်စီတော် ဘာမန်အားဖြင့်ဆိုလျှင်၊ မြန်မာပြည်[illegible] နေထိုင်သော ဗုဒ္ဓဘာသာဝင်[illegible]များ၏ အမွေကို ဗုဒ္ဓဘာသာ မဟုတ်[illegible] ခံယူရမည်ဟုဆော အဆုံးအဖြတ်ပေးသည်၊ ဥပဒေကို မြွက်ဟကျေညာဆဲ[illegible]၌၊ နောက်ကြောင်းပြန် အကျိုးသက်ရောက်သည်ဟု ယူဆရပေမည်၊ [illegible]ကြောင့်

PAGE

ချုန်ချောပိုင် ကုယ်လုန်သည့်အခါ၌ငင်း၊ မာဂရက်ချောပိုင်က ချုန်ချင်လျောင်အား၊ ချုန်ချောပိုင်၏ မွေးစားသောသားအဖြစ် စာချုပ်ချုပ်ဆိုသည့်အခါ၌ငင်း၊ အထက်ဖော်ပြပါ စာချုပ် ၃ ခုချုပ်ဆိုသည့် အခါ၌ငင်း ချုန်ချောပိုင်၏အမွေနှင့် သက်ဆိုင်သော ဥပဒေမှာ ဗုဒ္ဓဘာသာ ဓမ္မသတ်ဖြစ်သည်ဟု မှတ်ယူရပေမည်၊ ယင်းသို့ဖြစ်ရာ မာဂရက်ချောပိုင်နှင့် ချုန်ချင်လျောင်တို့ မြန်မာပြည်၌တည်လျက် မရှိသော တရုပ်ထုံးစံဥပဒေနှင့် ပတ်သက်၍ မှားယွင်းသည်မှာ အကြောင်းချင်းရာနှင့် ပတ်သက်၍ မှားယွင်းသည်ဟု ယူဆရပေမည်။ ဆန်မလွှေစင်နှင့် စူစုချောင် ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ ၅၄၈ ကိုရည်ညွှန်းသည်။ အဗ္ဗဒူအဇီစ်ခန် ဆဟစ်နှင့် အပရာဆူဆာမိနိုက်ကာ။ အိန္ဒိယအယူခံများအတွဲ ၃၁၊ စာ ၁ ကို ရည်ညွှန်း၍ခဲ့ခြားရှင်းလင်းသည်။ ထို့ကြောင့် အဆိုပါဒုတိယစာချုပ်မှာလည်း ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ အရငင်း၊ ပုဒ်မ ၂၁ အရငင်း ပျက်ပြယ်သည်ဟု ယူဆရပေမည်ဖြစ်သည်။ အယူခံတရားလို အခြေပြုရှိတရားစွဲဆိုသောအဆိုပါ ဒုတိယစာချုပ်မှာ ပျက်ပြယ်သည်ဟု ဆုံးဖြတ်ပြီးဖြစ်သဖြင့်၊ ထိုစာချုပ်နှင့်စပ်လျဉ်း၍ မာဂရက်ချောပိုင်နှင့် ချုန်ချင်လျောင်တို့ စာချုပ်ကို ချုပ်ဆိုရာတွင် အပေးအယူ မရှိဆိုသည့် ပြဿနာမပေါ် ပေါက်တော့ချေ။ အမှန်အားဖြင့်ဆိုလျှင်၊ တရား ဥပဒေအရ၊ ချုန်ချင်လျောင်သည် ချုန်ချောပိုင်၏ အမွေပစ္စည်းတွင် စိုးစိမ်မျှ ရရန် အခွင့်အရေးမရှိချေ၊ မှားယွင်း၍သာ မိမိပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်မြင်ခဲ့ခြင်း ဖြစ်သည်၊ ချုန်ချင်လျောင်၏ တောင်းဆိုချက်သည် အခြေအမြက် လုံးဝမရှိချေ။ ဘာလရာမနှင့် ဘာဒူဒီဘာ၊ အေးအိုင်းအာ(ရ်)၊ ၁၉၄၈ မရိပီကောင်စီ စာ ၇ ကို ရည်ညွှန်း၍ ခဲ့ခြားရှင်းလင်းသည်။ အထက်ပါ အကြောင်းများကြောင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဒေါ်လှလွှေ (ခေါ်) မစွစ် ချုန်ချင်လျောင်နှင့် မစွစ်အိုင်ရစ် မောင်စိန် ... 773
ပါ ၉ ... ...

ပစ္စည်းထိန်းလက်ရှိဖြစ်သော အိမ်ခန်း တရားရုံး၏ အမိန့်ဒီကရီအရ ထိုအခန်းမှ နှင်ခိုင်မနိုင် ပစ္စည်းထိန်းသည် ရုံးတော်အရာရှိဖြစ်ခြင်း ငင်း၏ ပိုင်ဆိုင်ခွင့်မှာ ရုံးတော်၏ပိုင်ဆိုင်ခွင့် (*Custodia legis*) ဖြစ်ခြင်း။ အယူခံ တရားခံများအား အခင်းဖြစ်အိမ်နှင့် ပတ်သက်၍ အယူခံတရားလိုများအပေါ် တရားစွဲဆို ခဲ့ရာ၊ ၎င်းတို့၏ တောင်းဆိုချက်အရ၊ ရုံးက ထိုအိမ်နှင့် ပတ်သက်၍ ပစ္စည်းထိန်း မင်းကြီးအား ပစ္စည်းထိန်းခန့်ခဲ့သည်။ ငင်းနောက် နှစ်ဘက်သဘောတူ ဒီကရီ ချမှတ်ပေးခဲ့သည်။ ငင်းဒီကရီအရ အယူခံတရားလိုများက အချင်းဖြစ်အိမ်ကို လက်ရောက်ပေးအပ်ရန်ဖြစ်သည်။ အယူခံ တရားခံများက ဒီကရီကို ဖျက်သိမ်းလုပ် သောအခါ အယူခံတရားလိုများက မိမိတို့ ဆံပင်ညှပ်ဆိုင် ဖွင့်ထားသောအခန်းမှ ဖယ်ရှားပေးလိုဘဲ၊ ထိုအခန်းမှာ ပစ္စည်းထိန်းလက်အတွင်းဖြစ်၍၊ ၎င်းကိုသည် ပစ္စည်းထိန်း၏ အိမ်ငှါးများဖြစ်သဖြင့်၊ ထိုအခန်းမှ အယူခံတရားခံများအား နှင်ရန် အခွင့်ရှိကြောင်း ကန့်ကွက်ခဲ့လေသည်။ သို့သော် အောက်ရုံးက ထိုအခန်းကို အယူခံအားတရားခံများလက်ရောက်ရရမည်ဖြစ်၍၊ အပ်ဝ ရမ်းထုတ်ရန် အမိန့်ချမှတ် ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ အယူခံဝင်ရာ။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုများသည် ရုံးမှခန့်ထားသည့် ပစ္စည်းထိန်းအရာရှိအား အိမ်ငှါးပေးနေရုံ မျှဖြင့်၊ ၎င်း၏အိမ်ငှါးများဖြစ်ပါသည်ဆိုသည့် ပြဆိုချက်ကို လက်မခံနိုင်ပေ။

PAGE

အာဘယ်ကြောင့်ဆိုသော် ပစ္စည်းထိန်းမှာ၊ ရုံးတော်မှ အရာရှိသာဖြစ်ပြီး ၎င်း၏ ပိုင်ဆိုင်ခွင့်မှာ ရုံးတော်၏ ပိုင်ဆိုင်ခွင့် (*Custodia legis*) ဖြစ်သည့် အတိုင်း၊ အချင်းဖြစ်ပစ္စည်းကို ဒါးရမ်းခွင့်မရရှိကား၊ ရသင့်သည့် အိမ်ခများကို ၎င်းကသိမ်းယူထိန်းသိမ်းထားရှိနှင့် အိမ်ငှါးမဖြစ်နိုင်ကြောင်းမှာ မငြင်းနိုင်သော ကြောင့်ဖြစ်ပေသည်။ ***Jacob* v. *Subramonia Iyar*, A.I.R. (1960) Kerela 212** ကိုခြားရှင်းလင်းပြသည်။ ***P.L.I. Kasi Chettyar (a) U Kasi and another* v. *Ko Maung Sein and another*, B.L.R. (1960)(HC), p. 501**, ကို ရည်ညွှန်းသည်။ တဖန် ယခုအမှုတွင် ပစ္စည်းထိန်း ခန့်အပ်ခဲ့ပြီးနောက်မှ အမှုကြီးကို နှစ်ဦးနှစ်ဘက်ကြေကြေရာတွင်၊ ထရားရှုံးဖြစ်သူ အယူခံတရားလို များတို့က၊ အချင်းဖြစ်အိမ်ကို အယူခံတရားခံများသို့ လက်ရောက်အပ်ပေးရန် သဘောတူညီခဲ့သည့် အတိုင်း၊ ဒီကရီကို ကျော်လွန်၍ အခွင့်အရေးမရနိုင်။ သို့ဖြစ်၍ အယူခံကို ပယ်လိုက်သည်။

ဦးသိန်း ပါ ၂ နှင့် ဦးဘသန်း ပါ ၂ 834

ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ (၁၀၆) နှင့် (၁၀၈) "**Tenant at will**" အား နို့တစ်ပေးရန် မလိုခြင်းကိစ္စ။ ပုဒ်မ ၁၀၆ ၏ ရည်ညွှန်းချက် ဒါးရမ်းသူ၏ အခွင့်အရေးကို ကာကွယ်ရန်ဖြစ်ခြင်း။ ပုဒ်မ ၁၀၆ မည်သည့်အချိန်အခါ၌ ဆက်လက်ငှါးရမ်းသူဖြစ်နိုင်ခြင်း။ အယူခံတရားလိုများသည် အချင်းဖြစ်မြေ ၂ ကွက်၏ ပိုင်ရှင်ဖြစ်ကြပြီး၊ ပဌမ အယူခံတရားခံအား ၁၉၄၇ ခုနှစ်တွင် ၃ နှစ် စာချုပ်ဖြင့် ငှါးရမ်းခဲ့၏။ ထိုကာလကုန်ဆုံးပြီးသည့်နောက် ပဌမအယူခံအရားခံက ပြန်မပေးဘဲ ဆက်လက်နေသဖြင့်၊ ၁၉၅၉ ခုနှစ်တွင် နှင်ထုတ်မှု စွဲခဲ့လေသည်။ ပဌမအယူခံတရားခံက ၃ နှစ်စာချုပ်ကို ဝန်ခံကတ်လည်း၊ ထို ၃ နှစ်ကာလ ကုန်ဆုံးပြီးနောက် မိမိသည် ငှါးရမ်းသူမဟုတ်တော့ကြောင်း။ ထိုမြေကို မိမိတို့ မိသားစုပိုင်သော မိမိအမည်နှင့် ကုမ္ပဏီသို့ လွှဲပြောင်းလိုက်ကြောင်း၊ မိမိထံမှ စာချုပ် သက်တမ်းကုန်ပြီးသည့်နောက်၊ အိမ်ငှါးခ မတောင်းနိုင်တော့ဘဲ၊ ကုမ္ပဏီထံမှဘဲ လျော်ကြေးငွေကိုသာတောင်းခံနိုင်ကြောင်း ထုံးချေလေသည်။ အမှုကိုကြားနာသည့် အောက်ရုံးက၊ ပဌမအယူခံတရားခံသည်၊ အဆိုပါ ၃ နှစ်ကာလကျော်လွန်ပြီးသည့်နောက်၊ မြေငှါးခ ကျန်ငွေအနက်အချို့ကို ပေးခဲ့သဖြင့် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၆ အရ၊ ထိုငှါးမြေကို ဆက်လက်ခံယူသူဖြစ်ရာ၊ ထို အက်ဥပဒေပုဒ်မ ၁၀၆ အရ၊ ၆ လနို့စာပေးသဖြင့်၊ နှင်ထုတ်လိုမှုကို ပယ်လိုက်ပြီး၊ တရားလိုများ၏တောင်းဆိုသည့်အတိုင်းပတ်သက်၍၊ ငွေ ၆,၀၀၀ ကျပ် ကို ပဌမအယူခံတရားခံနှင့် အခြားအယူခံတရားခံများကပေးရန်နှင့် ပဌမအယူခံ တရားခံကအထိုင်ငွေ ၂,၄၀၀ ကျပ်ထပ်လောင်းပေးရန်အမိန့်ချလေသည်။ အယူခံ တရားလိုများက မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်ရာ။ **။ဆုံးဖြတ်ချက်။** ဤအမှုမရှုပ်ထွေးကန်ဘဲလျက် ရှုပ်ထွေးရသည်မှာ အယူခံတရားလိုများသည် မိမိတို့ ရရှိသည့်အခွင့်အရေးကို ရှင်းလင်းထိကျစွာ ဖော်မလည်သောကြောင့် ဖြစ်သည်။ အဆိုလွှာများတွင်၊ ၃ နှစ်စာချုပ်ကုန်ဆုံးပြီးနောက် ပဌမအယူခံတရားခံသည်၊ "**Tenant at will**" အဖြစ် ထားရှိသည်ဟု ဆို။ ထို "**Tenant at will**" များနှင့်သာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၈ သည် မည်သို့မျှ မသက်ဆိုင်။ ဆိုလွှာတွင်၊ အဆိုပါ ၃ နှစ်ကာလနောက် တရားခံများက

မနေထိုင်သည့်အတွက်၊ ငွေကို "**On account of arrears of rent for use and occupation of the aforesaid land**" ဟူ၍မှားယွင်းစွာပြထားသည်။ ထိုစကားရပ်မှာ ဥပဒေက အသိအမှတ်ပြုသော စကားရပ်မျိုးမဟုတ်၊ ငှါးရမ်းခသော်လည်းဖြစ်နိုင်သည်၊ မတရားလက်ရှိထားရန် အသုံးပြုသဖြင့် ပေးရမည့် ပေးလျော်ကြေးသော်လည်းဖြစ်နိုင်သည်။ ထို့ပြင်အယူခံတရားလိုများသည်၊ မထိုဘဲနှင့် မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ (၁) (က) အရ၊ ငှါးရမ်းခငွေ တောင်းဆိုပြန်သေးသည်။ ပဌမအယူခံတရားခံက၊ ချေလွှာတွင် အဆိုပါ ၃ နှစ်ကာလ ကုန်ဆုံးပြီးသည့်နောက် အချင်းဖြစ်မြေကို အယူခံတရားလိုများထံမှငှါးရမ်းသုံးမဟုတ်တော့ကြောင်း အတိအလင်း ငြင်းဆိုထားသည်ဖြစ်ရာ၊ ၎င်းသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၆ တွင် အကြုံးဝင်သည့် ဆက်လက်ငှါးသူဖြစ်သည်ဟု မယူဆနိုင်ပေ။ ထို့ပြင် ဤသို့ချေပခဲ့သဖြင့် အမှုစစ်ဆေးကြားနာသောရုံးက ပဌမအယူခံတရားခံသည် ငှါးရမ်းသူအဖြစ် တည်ရှိနေသေးဟု မဆုံးဖြတ်နိုင်။ အမှုကို စစ်ဆေးရာ၌၊ ပြောဆိုချေပချက်များ (**Pleadings**) အပေါ်၌သာ မူတည်၍ ဆုံးဖြတ်ချက် ချနိုင်သည်၊ ထိုပြောဆိုချေပချက်များတွင် မပါဝင်သောအချက်များနှင့် ၎င်းတို့နှင့် ကွဲပြားခြားနားသော အချက်များပေါ် တွင် မူတည်၍မဆုံးဖြတ်သင့်ကြောင်း စီရင်ထုံးများရှိလေသည်။ ဆူဂျ(ဒ်)အာမက်ချောင်ဒရီ နှင့် ဂန်ဂါချရန်ဂို(ရ်)၊ ၉ ကာလကတ္တား ဝီကလီနုတ် (စ) စာ ၄၆၀။ အီရွချန်ဒါဆင် နှင့် ရွမာချန်အတိုး။ မိုး (စ) အန္တိယအယူခံတရားအတွဲ ၁၁၊ စာ ၇။ အေ၊ အက် (စ်)၊ ပီ၊ အက်၊ ကေ၊ အာ(ရ်) ကရွမန်ချစ်တီးယား နှင့် အေ၊ ချ်ကလင်ဂျမ်ချစ်တီးယား၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၄၆၊ ၅၃ ကို ရည်ညွှန်းသည်။ အမှန်အားဖြင့်ဆိုလျှင်၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၆ ပါ ပြဋ္ဌာန်းချက်များသည် ငှါးရမ်းသူ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက်ဖြစ်သည်၊ တရားခံတဦးတယောက်က မိမိသည် တရားလိုထံ ငှါးရမ်းသူမဟုတ်ကြောင်းနှင့် ငြင်းဆိုလျှင်၊ တရားရုံးက ထိုပုဒ်မဖြင့် တရားခံအား အကာအကွယ်ပေးနိုင်မည် မဟုတ်ပေ။ အမှန်အားဖြင့်ကား ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ တွင် ပြဋ္ဌာန်းထားသည်မှာ၊ အငှါးခံရသူသည်၊ ငှါးရမ်းသည့် သက်တမ်းကုန်ဆုံးပြီးနောက်၊ ဆက်လက်နေထိုင်သည်ကို ငှါးရမ်းသူက ငှါးရမ်းခံချက်ခံ၍ ဆက်လက်၍သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ သဘောတူကြောင်း ပေါ်လွင်လျှင် ငါးရမ်းသူနှင့်အငှါးခံရသူတို့သည်၊ ဆက်လက်ငှါးရမ်းရန် သဘောတူသည်ဟု ယူဆရမည်ဖြစ်ကြောင်းသာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်၊ ငှါးရမ်းခြင်းသည် နှစ်ဦးသဘောတူ ပဋိညာဉ်ပြုလုပ်သော ကိစ္စရပ်ဖြစ်သည်။ မောင်အားဇေနှင့် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့ ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်က စာ ၂၂ ကို ရည်ညွှန်းသည်။ ယင်းသို့ဖြစ်ရာ၊ အယူခံတရားလိုများသည် အခင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း အထိုပြုသည်ကို အယူခံတရားခံများ မငြင်းကွယ်သဖြင့် အယူခံတရားလိုများ [illegible] အတွက် ဒီကရီချမှတ်နိုင်ပေမည်။ အပ္ပဓူဂနိုင့် မူစမတ်ဘတ်အန် [illegible] အန္တိယစီရင်ထုံးများ၊ အာလဟာဘတ် အတွဲ ၂၅ (စ၁) ၂၅၆ ကိုရည်ညွှန်းသည်။ ထို့ကြောင့် အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။

ဤ၊ စီ၊ ဒတ်(စ်) နှင့် ဦးမောင်ကြီး ပါ ၅ 756

မိသားစုပြေငြိမ်းမှု(Family Settlement)အမှုတွင် ထရားခံသည် သေဆုံးရှိ၊ သက်ဆိုင်သူတို့က ရုံးပြင်ပတွင်ကြေအေးကြပြီး ပစ္စည်းများကို ခွဲဝေလက်ခံရန် ဒီကရီချမှတ်စေခဲ့ခြင်း တရားဝင်မဝင် မိသားစု ပြေငြိမ်းမှု ဖန်တီးသည့်သဘော ပဏာမ ဒီကရီနှင့် အပြီးသတ် ဒီကရီကိစ္စ တရားမကျင့်ထုံးအမိန့် ၂၃ နည်းဥပဒေ ၃၊ မိတ္တူမှန်ကိစ္စ သက်သေခံ ဥပဒေပုဒ်မ ၇၆ လက်မှတ်ထိုးသော်လည်း နေ့စွဲမထည့်ခြင်း မှတ်ပုံတင် နည်းဥပဒေ ၅၅ ဒီကရီစာရွက်တခုစီ အပေါ် တွင် မှတ်ချက်မရေးခြင်း မှတ်ပုံတင်ခြင်းမပျက်ပြယ် တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၂ အပိုဒ် ၁၅ မူလရုံးက လက်ခံပြီးသည့် သက်သေခံ တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၆ အယူခံရုံးက ဆက်လက် လက်ခံခြင်းကိစ္စ အယူခံတရားခံ တရားလို များသည် ဒေါ်ရင်ဆိုသူ၏ အမွေစား အမွေခံများ အနေနှင့် ၎င်းဒေါ်ရင်၏ အဒေါ်ဖြစ်သူနှင့် အခြားတဦးအား အချင်းဖြစ်တိုက်အိမ်မှ ထွက်ခွါစေလိုမှုနှင့် ဒေါ်ရင်ပိုင်ဆိုင်ကြောင်း ပြက်ဟကြေငြာလိုမှုအတွက် တရားခံများအဖြစ် တရားစွဲဆိုခဲ့လေသည်။ မူလရုံးက စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ပေးခဲ့၏။ မူလရုံးတွင် အယူခံ တရားခံ (တရားလို) များသည်၊ အယူခံတရားလို (တရားခံ) စွဲဆိုခဲ့သည်၊ မန္တလေးခရိုင် တရားမရုံး တရားမကြီးမှုအမှတ် ၉/၃၇ တွင် သက်ဆိုင်သူများ ကြေအေးကြပြီး၊ အားလုံးသဘောတူညီချက်အရ တရားရုံးက ချမှတ်ခဲ့သည် အမိန့်ဒီကရီ၏မိတ္တူကို အထူးအားကိုးအားထားပြုခဲ့ရာ၊ ထိုမိတ္တူကိုလည်း မူလရုံးက သက်သေခံအဖြစ် လက်ခံခဲ့လေသည်။ တရားရုံးချုပ်သို့ အယူခံတရားလိုက အယူခံဝင်ရာ၌ အဓိကအားဖြင့် တင်ပြသောအချက်များမှာ—(၁) သက်သေခံ မိတ္တူသည် မိတ္တူမှန်မဟုတ်၊ မိတ္တူမှန်၏ မိတ္တူသာဖြစ်၍ လက်မခံသင့်ခြင်း။ (၂) သက်သေခံ မိတ္တူကို မိတ္တူမှန်အဖြစ် ဝန်ခံလက်မှတ် ရေးထိုးရာ၌ သက်သေတဦးက လက်မှတ်ထိုးသည့် နေ့စွဲမထည့်သဖြင့် မိတ္တူမှန်မဖြစ်ခြင်း။ (၃) မှတ်ပုံတင်အရာရှိသည် ဒီကရီကို မှတ်ပုံတင်ရာ၌ ဒီကရီစာရွက်တခုစီ အပေါ် တွင် မှတ်ချက်မရေးသဖြင့် သက်သေခံမိတ္တူကို လက်မခံသင့်ခြင်း။ (၄) အမှုပါ ဒီကရီသည်၊ ပစ္စည်းခွဲဝေသည့် ဒီကရီဖြစ်သဖြင့် လိုအပ်သောတံဆိပ်တော်ခွန်ကို မဆောင်ခဲ့သဖြင့် ၎င်းကိုအသိအမှတ် မပြုနိုင်ခြင်း။ (၅) အမှုပါ ဒီကရီသည် ပဏာမ ဒီကရီသာဖြစ်ခြင်း။ (၆) မန္တလေးခရိုင် တရားမရုံးသည်၊ အမှုပါ ဒီကရီကို ချမှတ်ရာ၌၊ အာဏာကို ကျော်လွန်ပြီး ချမှတ်ခြင်းတို့ ဖြစ်လေသည်။ ။

ဆုံးဖြတ်ချက်။ ။(၁) သက်ဆိုင်ရာ သက်သေခံချက်များကို သေချာစွာ လေ့လာသုံးသပ်ရာ၌၊ သက်သေခံမိတ္တူသည် မူလဒီကရီ၏ မိတ္တူမှန်ဖြစ်ပြီး၊ မိတ္တူမှ ကူးထားသော စာတမ်းမဟုတ်ကြောင်း ထင်ရှားသည်။ (၂) သက်သေခံ မိတ္တူကို မိတ္တူမှန်အဖြစ် ဝန်ခံလက်မှတ်ရေးထိုးရာ၌၊ သက်သေတဦးသည် နေ့စွဲမထည့်ခဲ့သော်လည်း၊ ၎င်းအတွက်ကြောင့် မိတ္တူမှန်ဖြစ်ဟု မဆိုနိုင်၊ သက်သေခံ ဥပဒေပုဒ်မ ၇၆ တွင် သတ်မှတ်ထားသော ပုံစံ (Form) ကို ကိစ္စတိုင်း၌ လိုက်နာရန်မလို။ ထို့ကြောင့် သက်သေခံမိတ္တူကို အမှုပါ ဒီကရီ၏ မိတ္တူမှန်အစစ်ဖြစ်သည်ဟု ယူဆရပေမည်။ (၃) မှတ်ပုံတင်အရာရှိသည် ဒီကရီကိုမှတ်ပုံတင်ရာ၌၊ မှတ်ပုံတင်နည်းဥပဒေ ၅၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာပြီး ဒီကရီစာရွက်တခုစီအပေါ် တွင် မှတ်ချက်မရေးသည်မှာ မှန်သော်လည်း၊ အဆိုပါ ဒီကရီအရ အာဏာစီရင်ခွင့်ရှိသူ တဦးဖြစ်သော ဒေါ်ရင်ကိုယ်တိုင် မှတ်ပုံတင်သွင်းခဲ့သည်ဖြစ်ရကား၊ မှတ်ပုံတင်အရာရှိ၏ ချို့ယွင်းချက်ကြောင့် ဒေါ်ရင်အား နစ်နာမှု ရှိမည်မဟုတ်။ အက် (စ်)၊ အမ်၊ ဇေ၊ အာ (ရ်)၊ ချစ်တီး ဖမ်း နှင့် ကိုတိတ်။

PAGE

အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ ရန်ကုန်၊ စာမျက်နှာ ၁၇၆ ကို ကိုးကား သည်။ ထို့ကြောင့် မှတ်ပုံတင်ခြင်း ပျက်ပြယ်သည်ဟူ၍ရင်း၊ ထိုဒီကရီမှာ သံသယ ရှိဘွယ်ရာဖြစ်သည်ဟူ၍သော်ငင်း မယူဆသင့်ပေ။ (၄) အမှုပါ ဒီကရီသည် ပစ္စည်းခွဲဝေသည့် ဒီကရီဖြစ်ရကား၊ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၂ အပိုဒ် ၁၅ အရ၊ တံဆိပ်တော်ခွန် မဆောင်ခဲ့သဖြင့်၊ ထိုဒီကရီကို အသိအမှတ် မပြုနိုင်ကြောင်း ဖြင့် လျောက်လဲသော်လည်း၊ ဤအမှုတွင်ပေါ်သည့် ပြဿနာမှာ ဒီကရီနှင့် ပတ်သက်၍ မဟုတ်ဘဲ၊ ဒီကရီ၏ မိတ္တူမှန်ကို သက်သေခံအဖြစ် လက်ခံနိုင် သဘောတူသည့် ပြဿနာကို ဆုံးဖြတ်ရန်သာ ဖြစ်လေသည်။ ဒီလိတ်ဂ်ရေးနှင့် တေဘာဒေဝီ။ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ လာဟို စာမျက်နှာ ၂၄၉ ကို ခဲခြားရှင်းလင်းသည်။ မောင်အတူနှင့် မသက်စု၊ ရန်ကုန်စီရင်ထုံးများ အတွဲ ၅၊ စာမျက်နှာ ၇၀၅ ကို ရည်ညွှန်းသည်။ မည်သို့ပင်ဖြစ်၊ သက်သေခံမိတ္တူကို မူလ ရုံးက သက်သေခံအဖြစ် လက်ခံပြီးဖြစ်သည့်အတွက်၊ တံဆိပ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များအရ၊ အယူခံရုံးကလည်း ဆက်လက်လက်ခံရမည်ဖြစ် လေသည်။ မောင်ဘိုးထွန်နှင့် မမကြီး၊ ရန်ကုန်စီရင်ထုံးများအတွဲ ၄၊ စာမျက်နှာ ၃၆၃ နှင့် မညွှန်း၊ မောင်စံမြ။ ရန်ကုန်စီရင်ထုံးများ အတွဲ ၆ စာမျက်နှာ ၅၉၀ ကို ရည်ညွှန်းသည်။ (၅)အမှုပါ ဒီကရီသည် ပဏာမဒီကရီသာဖြစ် သဖြင့်၊ အမှုသည် များ မည်သည့်အခွင့်အရေးကိုမျှ အပြီးအပိုင် မရရှိသေးဟူ၍ လျောက်လဲ သော်လည်း၊ ထိုဒီကရီကို အမှုသည်အားလုံး၏ သဘောတူညီချက်ဖြင့် ချမှတ်ခြင်း ဖြစ်ရကား၊ တရားမကျင့်ထုံး (၂၃) နည်းဥပဒေ (၃) အရ၊ ချမှတ်သည်ဟု ယူဆ ရပေမည်။ ထိုဒီကရီအရလည်း စာရင်းယူရန်ကိစ္စ မည်သို့မျှ မပေါ် ပေါက်၊ ထိုဒီကရီ အရလည်း ပစ္စည်းများကို ခွဲဝေပေးအပ်ပြီးဖြစ်သည်။ အဓိန် (၂၃) နည်းဥပဒေ (၃) အည်၊ ပဏာမဒီကရီနှင့် အပြီးသတ်ဒီကရီလို့သည်ဟုမဆို၊ သို့ဖြစ်၍ အမှုပါ ဒီကရီသည် အပြီးသတ် ဒီကရီဖြစ်ကြောင်း ဆုံးဖြတ်လိုက်ထည်။ (၆) မန္တလေး ခရိုင်တရားမရုံးသည် မိမိတွင်ရှိသည့် အာဏာကို ကျော်လွန်ပြီး အဓိန်ဒီကရီချမှတ် သဖြင့် ထိုဒီကရီမှာ တရားမဝင်အာဏာမဖြစ်နိုင်ပါဟူ၍ စောဒနာပြီး၊ အမေ့ဆက်ခံ မှု ဥပဒေပုဒ်မ ၂၁၁၊ ၂၁၂ နှင့် ၂၃၂ ပါ ပြဋ္ဌာန်းချက်များကို ကိုးကားခဲ့သည်၊ သို့သော် ယခုအမှုသည် သာမန်အမှုမျိုးမဟုတ်၊ တရားရုံးက နှစ်ဘက်စစ်ဆေး ကြားနာပြီး အဓိန်ဒီကရီ ချခဲ့သည်မဟုတ်။ ထိုအမှုတွင် တရားခံနှင့် ၎င်းစီမံ ခန့်ခဲ့ခွင့် လက်မှတ်ရေးထိုးခဲ့သော ကွယ်လွန်သူ ပုဂ္ဂိုလ်တို့၏ ပစ္စည်းအားလုံးကို ခွဲဝေ ကြရန် ရုံးပြင်ပတွင် အညီအညွတ် သဘောတူကြပြီး တရားရုံးက သဘောတူ ပြေငြိမ်းသည့် အဓိန်ဒီကရီကို ချမှတ်လိုက်ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါအမှု၏ အမှုတွဲ ပျက်စီးခဲ့သဖြင့် ထိုအမှုတွင် တရားလိုသည် မည်သည့်အနေနှင့် တရားစွဲဆို ခဲ့သည်ကို အသေအချာ မသိနိုင်ချေ။ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း သေသူ (၂) ဦးပိုင် ပစ္စည်းများဖြစ်သည်ဟု ယုံကြည်လက်ခံပြီး မိသားစု ပြေငြိမ်းမှု (Family Settlement) ကို ဖန်တီးသည့် အနေဖြင့် ခွဲဝေယူကြရန် သဘော တူညီဟန်ဖြစ်သဖြင့် ၎င်းဖန်တီးမှုမျိုးကို တရားရုံးများက အားပေးလိုက်လျော လက်ခံအတည်ပြုလေ့ရှိကြသည်။ အမွေဆိုင်များ၏ ကျေနပ်မှုသာလျှင် ပဓါန ဖြစ်သည်။ မကျော်နှင့် ဒေါ်ကြေးဥ။ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန် စာမျက်နှာ ၃၅၅ ကို ရည်ညွှန်းသည်။ ထို့ပြင် အဆိုပါ အမှုတွင် တင်သွင်းသော အဆိုလွှာရှိတော့သဖြင့်၊ မည်သည့်အကြောင်းရာချက်ကြောင့် စီရင်ပိုင်ခွင့် အာဏာမရှိကြောင်း ဆုံးဖြတ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် အထက်ဖေါ်ပြပါ

PAGE

မိသားစု ပြေငြိမ်းမှုအရ ချမှတ်သည့် ဒီကရီကို လက်ခံရပေမည်။ ထိုဒီကရီအရ အခင်းဖြစ်တိုက်နှင့် မြေကို ဒေါ်ရင်သို လက်ရောက်ပေးအပ်လိုက်ခြင်းဖြစ်သည်။

မပန်ဇီ (ခေါ်) ဒေါ်ရင်ရင်နှင့် မလှရင် ပါ ၆ .... ၈၀၀

အယူခံတရားလိုသည်၊ အယူခံ တရားခံအပေါ် အချင်းဖြစ်အိမ်မှ နှင်ထုတ်ရန် တရားစွဲရာ၌ အချင်းဖြစ်အိမ်သည်၊ ပျက်စီးယိုယွင်းဟောင်းနွမ်းနေပြီး၊ အရေးကြီးသော ပုံသဏ္ဌာန်ပြောင်းလဲသည့် ပြုပြင်မှုများ ပြုလုပ်ရန်အတွက်၊ ရိုးသားဖြောင့်မတ်သော သဘောဖြင့် လိုကြောင်းပြဆိုခဲ့သည်။ အောက်မူလရုံးက တရားစွဲဆိုသည့်အတိုင်း၊ ဒီကရီချမှတ်ပေးလိုက်ရာ၊ အယူခံဝင်ရာတွင် အောက်အယူခံရုံးက ဒီကရီကို ပယ်ဖျက်လိုက်လေသည်။ သို့ဖြစ်၍ တရားလိုများက တရားရုံးချုပ်သို့ အယူခံဝင်ရာ။ ။ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်မှာ အယူခံတရားလိုသည်၊ အယူခံတရားခံထံမှ အရေးကြီးသော ပုံသဏ္ဌာန်ပြောင်းလဲသည့် ပြုပြင်မှုများကို ပြုလုပ်ရန်အတွက်၊ အကြောင်းအားလျော်စွာ၊ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုပါသလားဟူသော အချက်ဖြစ်သည်။ "ရိုးဖြောင့်သော သဘော" နှင့် "အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘော" ဟူသော စကားရပ်တို့၏ အဓိပ္ပါယ်များကို စီရင်ထုံးများတို့တွင် ရှင်းလင်းစွာ ဖေါ်ပြထားပြီးဖြစ်သည်။ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၄၊ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၆၊ ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ချုပ် ၁၅၆ နှင့် ၁၉၆၂ ခုနှစ်၊ တရားမ ပဌမအယူခံမှု အမှတ် ၄၁။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၂၅၇ နှင့် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၈၄ တို့ကို ရည်ညွှန်းသည်။ ဤအမှုတွင် အချင်းဖြစ်အိမ်သည်၊ အိမ်အမိုးပေါက်ပြဲပြီး ဘေးနံရံအကာအဝိုင်းနေရာ၌၊ ပျက်စီး၍ သွပ်ပြားများဖြင့် ဖါထေးရပြီး၊ တမံတလင်းများမှာ ပေါက်ကွဲသဖြင့်၊ အရေးကြီးသည့် ပုံသဏ္ဌာန်ပြောင်းလဲသော ပြုပြင်မှုများကို ပြုလုပ်ရန်လိုအပ်သည်မှာ ပေါ်လွင်သည်ဟု ယူဆသည်။ ထို့ပြင် သက်ဆိုင်ရာ မြူနီစီပါလ်အဖွဲ့ကလည်း အယူခံတရားလိုအား ပြောင်းလဲပြုပြင်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သော အခွင့်အမိန့်ကို ပေးခဲ့ပြီးဖြစ်သည်။ အောက်အယူခံရုံးက၊ ဤအမှုတွင် အယူခံတရားလို တင်ပြသော အိမ်ပုံစံရှ လူနေအိမ်ဆောက်လုပ်ရန်မဟုတ်ဘဲ၊ ကုန်ပစ္စည်းရောင်းရန်အတွက် အဆောက်အဦကိုသာ ဆောက်လုပ်ရန်ဖြစ်သဖြင့်၊ တရားခံအား အချင်းဖြစ်အိမ်ခန်းမ နှင်ထုတ်ရန် စိတ်ထားဖြင့်၊ ပြုလုပ်ခြင်းဖြစ်၍ ရိုးဖြောင့်သော သဘောဖြင့်၊ အိမ်ကိုပြုပြင်ရန် မဟုတ်ကြောင်း ယူဆဆုံးဖြတ်ထားချက်မှာ ဥပဒေပြဋ္ဌာန်းချက်အရ မဟုတ်သဖြင့် မှားယွင်းသည်ဟု ယူဆရန်ဖြစ်သည်။ ၁၉၅၀ ခု၊ မြန်မာနိုင်ငံတရားလွှတ်တော် ၃၄၆ နှင့် ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၈၀ တို့ကို ရည်ညွှန်း၍ လိုက်နာသည်။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၈၄ ကို ရည်ညွှန်း၍ ခွဲခြားရှင်းလင်းသည်။ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ၁၂ (၁) (ဇ) တွင် အဆောက်အဦကိုသာ ဖေါ်ပြ၍ ပြုပြင်ဆောက်လုပ်ရာတွင် မည်သည့် အဆောက်အဦဖြစ်ရမည်ဟု ဖေါ်ပြထားခြင်း မရှိသည်မှာ ပေါ်လွင်သည်။ ထို့ကြောင့် အိမ်ပုံစံတွင် အရောင်းအဝယ် အဆောက်အဦပြုလုပ်ရန် ပါကာမျှဖြင့် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုခြင်းမဟုတ်ဟူ၍

PAGE

ဆုံးဖြတ်ရန် မသင့်ဟု ထင်မြင်သည်။ ထို့ကြောင့် အောက်အယူခံရှုံး၏ စီရင်ချက်ကို ပယ်ဖျက်လိုက်သည်။

မိတ္ထစာသုံးသူ သမဝါယမအသင်း၊ လီမိတက်၊ ၎င်း၏အတွင်းရေးမှူး၊ ဦးကျော်မြင့်နှင့် ကိုမူဆာ 818

မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်သည့် အသင်း အသင်းသားတဦးက အသင်းနှင့် အခြားအသင်းသားများအား တရားစွဲဆိုနိုင်ခွင့်ရှိမရှိ 838

မှတ်ပုံတင်နည်းဥပဒေ ၅၅ ပါ ပြဋ္ဌာန်းချက်များ မှတ်ပုံတင်အရာရှိ၏ ချုပ်ငွင်းချက်ကြောင့် မှတ်ပုံတင်သူအား မနစ်နာစေအပ် 800

မြန်မာဗုဒ္ဓဘာသာ ဓမ္မသတ် မြန်မာပြည်၌ အမြဲနေထိုင်သော ဗုဒ္ဓဘာသာဝင် တရုပ်လူမျိုးများ၏ အမွေနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ခံယူရမည်ဖြစ်ခြင်း။ နောက်ကြောင်းပြန်အကျိုးသက်ရောက်ခြင်း 773

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅ ငြိမ်ဝပ်ပိပြားရေးထိခိုက်သဖြင့် ထုတ်သင့်သည့်အမိန့် ထိုပုဒ်မ၏ လိုအပ်ချက်များ။ မည်သည့်အခါ၌ တရားသူကြီးသည် ဆက်လက်ဆောင်ရွက်ခွင့် မရှိခြင်း။ ဤအမှုတွင် လျှောက်ထားခံရသူက လျှောက်ထားသူများသည် မိမိ၏မြေပေါ်တွင် အဓမ္မဝင်ရောက် ကျူးကျော်လုပ်ကိုင်သဖြင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄-၁၄၅ အရ အရေးယူရန် လျှောက်ထားသည်ကို၊ ရာဇဝတ်တရားသူကြီးက ၎င်းတို့တောင်းသည့်အတိုင်း အမိန့်ထုတ်ပေးခဲ့လေသည်။ စက်ရှင်တရားသူကြီးထံသို့ပြင်ဆင်မှုဝင်ကြရာ၊ အောက်ရုံးတရားသူကြီး၏ အမိန့်မှာ ကျင့်ထုံးပုဒ်မ ၁၄၅ ၏ လိုအပ်ချက်များနှင့် ဆန့်ကျင်နေ၍၊ ပယ်ဖျက်ရန် တရားရုံးချုပ်သို့ထောက်ခံခဲ့လေသည်။ ။ဆုံးဖြတ်ချက်။ ။အမှုတွဲကို လေ့လာကြည့်ရှုသည့်အခါ၌၊ ရာဇဝတ်တရားသူကြီးသည်၊ ကျင့်ထုံးပုဒ်မ ၁၄၅ (၁) ၏ လိုအပ်ချက်များဖြစ်သည့် လျှောက်လွှာအရ ငြိမ်ဝပ်ပိပြားရေး ထိခိုက်ရန် အကြောင်း တွေ့ရှိရသည်ဟုဆိုရာ၊ ထိုသို့ဖြစ်ပျက်နိုင်သည့် အကြောင်းများ တွေ့ရှိရသည်ဟုဆိုရာ၊ မှတ်တမ်းတွင် ပဏာမအမိန့် ရေးမှတ်ထားခဲ့ခြင်းမရှိ။ ထိုအမိန့်မိတ္ထူကို၊ ပုဒ်မ ၁၄၅ (၄) အရ၊ သက်ဆိုင်သူများထံ ပေးပို့၍၊ အချင်းဖြစ်သည့် မြေနှင့်ပတ်သက်၍၊ မည်သည့်နေ့ရက်တွင် လာရောက်ထုချေရှင်းလင်းရမည်ဟု ဆင့်ဆိုခဲ့ခြင်းလည်း မရှိဘဲ၊ ပုဒ်မ ၁၄၅ (၄) အရ စုံစမ်းမှုကိုသာ ဆက်လက်ပြုလုပ်၍၊ အမိန့်ချမှတ်လေသည်။ ထို့ကြောင့် ရာဇဝတ်တရားသူကြီး၏ ဆောင်ရွက်ချက်မှာ၊ ကျင့်ထုံးပုဒ်မ ၁၄၅ (၁) ဤအချက်များနှင့်မပြည့်စုံသဖြင့်၊ ၎င်းမှာ လျှောက်လွှာနှင့်ပတ်သက်၍၊ ပုဒ်မ ၁၄၅ အရ ဆက်လက်ဆောင်ရွက်နိုင်ခွင့် (jurisdiction) မရှိပါဟု ယူဆရမည်ဖြစ်ပေသည်။ အိန်တိန်လျှောင်နှင့် ဦးကျော်ထူး၊ (1960) B.L.R. (SC) 461, referred to သို့ဖြစ်ရကား၊ ရာဇဝတ်တရားသူကြီးသည် အချင်းဖြစ်မြေနှင့် ပတ်သက်၍၊ ပုဒ်မ ၁၄၅၊ အပိုဒ် (၄) အရ သော်၎င်း၊ အပိုဒ် (၆) အရသော်၎င်း၊ အမှန်ချမှတ်ရန် အခွင့်အရေးမရှိသဖြင့်၊ အမှုတွင် အချင်းဖြစ်မြေကို၊ လျှောက်ထားခံရသူသာ လက်ရှိပိုင်ဆိုင်၊ လက်ရှိဖြစ်ထိုက်သူဟု ပြဋ္ဌာန်းသည့် အမိန့်ချမှတ်ပေးခဲ့ခြင်းမှာ၊ ဥပဒေအရ မှားယွင်း

PAGE

ထုတ်ဆင့်ခဲ့သည့် အမိန့်သာဖြစ်ပြီး၊ လက်ခံရန်မဖြစ်သဖြင့်၊ ပယ်ဖျက်ရန် စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံ၍ငြင်းသည်။

မောင်စိန်မောင် ပါနှင့် ၂ ဒေါ်ပု 823

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က) တရားသူကြီးအား ကျယ်ဝန်းသည့် အာဏာပေးထားခြင်း၊ ထိုအာဏာကို အသုံးပြုရာ၌ တရားမျှတမှုရှိရန်လိုခြင်း၊ (discretion to be exercised judiciaely) တရားမျှတစွာ မပြုက ပယ်ဖျက်နိုင်ခြင်း။ ပြင်ဆင်လျှောက်ထားသူ၏သား ဦးကျော်စိုးထံမှ၊ လျှောက်ထားခံရသူသည်၊ အခင်းဖြစ် ဘတ် (စ်) ကားကို ဝယ်ယူခဲ့၏။ ထိုနေ့တွင်ပင် လျှောက်ထားသူနှင့် လျှောက်ထားသူ၏သားကို ကျပ်ငွေ ၆၀၀ ဖြင့် ငှါးရမ်းခဲ့၏။ ထို့နောက်၎င်းထို့သည် ငှါးခမပေးသည်သာမက၊ ဘတ် (စ်) ကား၏ မှတ်ပုံတင်လက်မှတ်မှာ ပျောက်ဆုံးဟန်ဖြင့်၊ မှတ်ပုံတင်စာအုပ်အသစ်ရရန် ကြိုးစားသည်ဆိုကာ၊ လျှောက်ထားခံရသူက၊ ရာဇသတ်ပုဒ်မကြီး ၄၂၀ ဖြင့် တရားစွဲဆိုခဲ့၏။ အယူစစ်ဆေးသည့်ရုံးက လျှောက်ထားခံရသူ ဦးအောင်သန်းမှာ စာချုပ်အရ ပိုင်ရှင်ဖြစ်သည်ဆိုပြီး၊ ကားကို ၎င်းအား အမှုအတောအတွင်းပေးခဲ့၏။ သို့သော် လျှောက်ထားသူက ထိုအမှန်ကို မကျေနပ်၍ စက်ရှင်တရားသူကြီးထံ ပြင်ဆင်မှုလျှောက်ထားရာ စက်ရှင်တရားသူကြီးက လျှောက်ထားခံရသူမှာ ကားပိုင်ရှင်ဖြစ်သည် ဆိုစေဦး၊ အငှါးစာချုပ်အရ လျှောက်ထားသူနှင့်သားအား ငှါးရမ်းထားပြီး၊ ၎င်းတို့ထံမှ ကားကို သိမ်းခြင်းဖြစ်သဖြင့် ၎င်းတို့အား ပြန်ပေးသင့်ကြောင်း ထောက်ခံချက်ပေးလေသည်။ ထိုထောက်ခံချက်ကို တရားရုံးချုပ်က စဉ်းစားရာ။ ။ဆုံးဖြတ်ချက်။ ။ယခုအမှု၌ လျှောက်ထားသူမှာ အချင်းဖြစ် ဘတ်(စ်) ကားကို ငှါးရမ်းပိုင်ဆိုင်သူသာဖြစ်ပြီး၊ ရာဇဝတ်မကင်းသည့် ပြုမူချက် တခုခုအရ၊ လက်ရှိရယထားသည်ဟု မည်သို့မျှ မဆိုနိုင်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ၊ အာဏာမှာကျယ်ဝန်းလှသော်လည်း၊ ထိုအာဏာကိုတရားမျှတစွာ အသုံးပြုရမည် (discretion should not be exercised asbitrarily but on sound judicial principles) လူတဦးတယောက်တရားဝင်ပိုင်ဆိုင်နေသည့်ပစ္စည်းကို ၎င်းပစ္စည်းနှင့်ပတ်သက်၍လျှောက်ထားသူမှာပြစ်မှုရှိမရှိ မစစ်ဆေး မဆုံးဖြတ်ရသေးမီ၊ ပစ္စည်းလက်မဲ့ဖြစ်သူ တဦးအား ပိုင်ရှင်ဖြစ်သည်ဆိုစေဦး ပြန်လည်ပေးအပ်ခြင်းမှာ တရားမျှတခြင်းရှိသည်ဟု ယူဆရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းပြန်လည်၍ လက်ရှိရယူလိုက၊ ပိုင်ရှင်ဖြစ်လင့်ကစား၊ တရားမလမ်းကြောင်းအရသာ တရားစွဲဆိုရယူရန်ရှိသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံလိုက်သည်။

ဒေါ်အေးမှင်နှင့် ဦးအောင်သိန်း 792

လူမဲ့အဖြစ် ပြဋ္ဌာန်းခြင်းကိစ္စ အကြေးဆပ်ခြင်းမှ ရပ်ဆိုင်းရာ မည်သည့်အခါ၌မြောက်ခြင်း လူမဲ့ဖြစ်စေသည့် ကိစ္စကို ကိုယ်တိုင်မပြုသူ လူမဲ့အဖြစ် မပြဋ္ဌာန်းနိုင်ခြင်း လူမဲ့အဖြစ် ပြဋ္ဌာန်းရာ၌ လိုအပ်သော သက်သေခံအထောက်အထား။ ဆန်စက်တခု၏ အစုဝင်များဖြစ်ကြသည်ဆို၍ အယူခံတရားလို ၂ ဦးနှင့် အခြားသူနှစ်ဦးတို့အား၊ ပြိုရှင်များဖြစ်သော အယူခံတရားခံများ၏ လျှောက်ထားချက်အရ လူမဲ့များအဖြစ် ပြဋ္ဌာန်းခြင်းခံရလေသည်။ အယူခံတရားလို

PAGE

၂ ဦးက ထိုအမှုကို မကျေနပ်၍ အယူခံဝင်သော်လည်း၊ ကျန် ၂ ဦးက အယူခံမဝင်။ ။**ဆုံးဖြတ်ချက်**။ ။အယူခံ မဝင်သော အစုဝင်တဦးဖြစ်သည့် မြို့စား ကိုကြင်ဟိုးသည် မြို့ရှင် အယူခံတရားခံများက တင်ရသောကြေးကို ပေးဆပ်ရန် တောင်းဆိုသောအခါ မိမိ၌ရှိသော ပစ္စည်းများနှင့် အကြေအလည် မပေးဆပ်နိုင်ကြောင်း၊ ကြေးမြီများကို အချိုးကျရရှိရန် မိမိ၏ပစ္စည်းများကို ပေးဆပ်မည်ဖြစ်ကြောင်း၊ ကြေးများကို ပေးဆပ်ခြင်းမှ ရပ်ဆိုင်းရမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုခြင်းသည်၊ ကြေးဆပ်ခြင်းမှ ရပ်ဆိုင်းရာမြောက်သည်။ သို့အတွက် ပြောသူ ကိုကြင်ဟိုးအား လူမဲ့အဖြစ် ပြဋ္ဌာန်းသည်မှာ မှန်ကန်သည်ဟု ယူဆရမည်။ လာဒါရမ် နှင့် လူရင်ချန် လက်(ချီ)မန်။ အေ၊အိုင်၊အာ(ရ)၊ ၁၉၃၃ လဟိုးစာမျက်နှာ ၃၁၉ နှင့် ရာမာဆွာမိချစ်တီးယားနှင့် မူသူသယ်လူး ဆွာမိချစ်တီးယား။ ၁၉၂၇ ခုနှစ်၊ (၁၀၉) အိုင်၊ အီ။ စာမျက်နှာ ၈၃-၈၄ နှင့် ကလိုနှင့် ဆင်နရယ်။ ၁၉၀၅ ခုနှစ်၊ စီရင်ထုံးများ (အယူခံမှုများ) စာမျက်နှာ ၄၄၂-၄၄၅ ။ ဂို(ရ်)မွတ်ဆင်နှင့် ရမ်ဒစ်တာမာ။ ၁၉၂၇ ခုနှစ် (၁၁၂) အိုင်၊ စီ၊ စာမျက်နှာ ၁၃၂ တို့ကိုရည်ညွှန်းသည်။ အယူခံတရားခံ (၁)နှင့် ပါတ်သက်၍ကား၊ ၎င်းသည် ကိုကြင်ဟိုးက မြို့ရှင်များအား ပြောကြားသည့် အခါ၌ ရန်ကုန်မြို့တွင်းဆေးရုံ တက်ကုသနေစဉ် ဖြစ်သဖြင့်၊ ၎င်းအား လူမဲ့အဖြစ် ပြဋ္ဌာန်းခြင်း မပြုနိုင်။ အဇဋ္ဌသတ္တား နှင့် ဗီ၊ အီး၊ အေ၊ အာရ်၊ အမ်၊ ချစ်တီးယားဖမ်း ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၁၀ စာမျက်နှာ ၂၁၅-၂၁၇။ ရည်ညွှန်း၍လိုက်နာသည်။ အယူခံတရားခံ (၂) နှင့်ပတ်သက်၍ လျှောက်လဲသည်မှ ၎င်းသည် အစုစ်ဝမင်ဟုတ်သောကြောင့် လူမဲ့အဖြစ် ပြဋ္ဌာန်းရန် မသင့်ကြောင်းဖြစ်သည်။ အယူခံတရားခံများက ၎င်းသည် လေးပုံတစ်ပုံ ဆိုင်ကြောင်း ထုတ်ဆို၏။ မည်ကဲ့သို့သိရှိရခြင်းဖြစ်သည်ကို ဖေါ်ပြခြင်း မပြု။ သူတဦးတယောက်အား လူမဲ့အဖြစ် ပြဋ္ဌာန်းရန် လျှောက်ထားရာ၌ ဤမျှသော ဆက်သေခံ ဖြင့် လူမဲ့အဖြစ် ပြုနိုင်မည်မဟုတ်။ ဤအမှုမျိုး၌၊ လျှောက်ထားသူ အပေါ်တွင် သက်သေ ထင်ရှား ပြရန်တာဝန်မှာ ကြီးလေသည်ဟု ယူဆရမည် ဖြစ်သည်။ အမ်၊အက်(စ်)၊အမ်၊အမ်၊ ချစ်တီးယား နှင့် မီ၊ မွတ်ဒ လီယား အန္ဒိယပြည် စီရင်ထုံးများ (ရန်ကုန်အတွဲ-၁၁) စာမျက်နှာ ၆၉။

ဒေါ်သန်းကြည်ပါ ၂ နှင့် ဦးဘဆင်ပါ ၄ — — 782

လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့်အပိုဒ် ၁ (၂) နစ်နာခြင်းခံရသူပုဂ္ဂလိကပိုင်ပစ္စည်းမည်သည့် အခါ၌ဖြစ်ခြင်း။ လျှောက်ထားသူသည်၊ ဆိပ်ကမ်း နယ်မြေ ဒေသအလုပ်သမား စောင့်ရှောက်ရေး ကော်မီတီ၏ ဥက္ကဋ္ဌ ဖြစ်ပြီး၊ ၎င်းကော်မီတီ၏ ဥက္ကဋ္ဌအလွဲသုံးစား လုပ်သည်ဆို၍၊ ကော်မီတီဥက္ကဋ္ဌ၏ တိုင်တမ်းချက် အရ၊ တရားစွဲဆို၍ နေရစဉ်၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ပေါ် ထုတ်လာရာ၊ ထိုအမိန့်နှင့် အကြုံးဝင်ကြောင်း ရုံးတော်အား လျှောက်ထားခဲ့သည်။ သို့ရာတွင် စစ်ဆေးသည့် တရားသူကြီးက လျှောက်လွှာကို ခွင့်မပြုဘဲ၊ အမှုကို ဆက်လက် စစ်ဆေးခဲ့သည်၊ ထိုအမိန့်ကို မကျေနပ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းရာ။ ။**ဆုံးဖြတ်ချက်**။ ။အလွဲသုံးစား ပြုခဲ့သည်ဆိုသည့် ဥမ္မာားမှာ ဆိပ်ကမ်း အလုပ်သမား စောင့်ရှောက်ရေးအတွက် ထောက်ခံခဲ့သည့် ဥမ္မာား ဖြစ်သည့် အတိုင်း ထိုအဖွဲ့၏ ပုဂ္ဂလိကပိုင် ပစ္စည်းဖြစ်သည်။ ထိုပြင် တိုင်တမ်းသူဖြစ်သော ကော်မီတီဥက္ကဋ္ဌသည် အစိုးရ အရာရှိဖြစ်သော်လည်း၊ အဖွဲ့တွင် ပါဝင်သည့် နစ်နာသည့် လုပ်သားများ

PAGE

ကိုယ်စား မိမိ၏ ရာထူးအရ တိုင်တမ်းခြင်းသာ ဖြစ်ပါသည်။ထို့ကြောင့်၊လွှတ်ငြိမ်းချမ်းသာခွင့် အပိုဒ် ၁။ တွင် အကြွေးမဝင်။ လျှောက်လွှာကို ပယ်လိုက်သည်။

မောင်လှမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(ဦးမြင့်သိန်း) 826

လွှတ်ငြိုးချမ်းသာခွင့်အမိန့် ရာဇသတ်ကြီးပုဒ်မ ၃၉၆ နှင့် ၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၃ အရ၊ သေဒဏ်ပေးခြင်းခံရသူ အကြွေးဝင် မဝင်။ အယူခံတရားလိုသည် သောင်းကျန်းသူများနှင့် ပူးပေါင်းပြီး ရဲကင်း (၃) ကင်းကို တိုက်ခိုက်ခဲ့ခြင်းကြောင့်၊ အပြန်အလှန်ပစ်ခတ်ရင်း ရဲသား (၄) ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သဖြင့်၊ ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၁၉၆ နှင့် အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၃ အရ သေဒဏ်အပြစ်ပေးခြင်း ခံရလေသည်။ တရားရုံးချုပ်ခုံအဖွဲ့ကလည်း သေဒဏ်ကို ၁၉၆၃ ခု၊ မတ်လ ၁၈ ရက်နေ့တွင် အတည်ပြုခဲ့ရာ၊ ၎င်းနောက်မှ လွှတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ခဲ့ခြင်း ဖြစ်လေသည်။ တရားခံက အထူးအယူခံခွင့် တောင်းဆိုရာတွင်၊ လွှတ်ငြိမ်းချမ်းသာခွင့်နှင့် အကြွေးဝင် မဝင်ဟူသော အချက် ပေါ်ပေါက်လာရာ။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုကိုယ်တိုင် သေသူ (၄) ဦးအား သတ်သည်ဟူ၍ စွပ်စွဲချက်လည်းမရှိ၊ အမှုတွဲ၌လည်း မပေါ်လွင်။ ထို့ကြောင့် ၎င်းကျူးလွန်သော အမှုမှာ လူသတ်မှုလည်း မဟုတ်၊ သူတဦးအား ထိခိုက်နစ်နာစေသည့် အမှုလည်းမဟုတ်၊ ပုဂ္ဂလိကပိုင် ပစ္စည်းဆုံးရှုံးနစ်နာစေသည့် အမှုလည်းမဟုတ်။ ထို့ကြောင့် ၎င်းကျူးလွန်သော အမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်စာအပိုဒ် (၁) စာပိုဒ်ခွဲ (၁) တွင် အကြွေးဝင်သဖြင့် လုံးဝလွှတ်ငြိမ်းချမ်းသာခွင့်ရထိုက်သည်။

မောင်သာလှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် 828

သက်သေခံအက်ဥပဒေပုဒ်မ ၆၃ စာချုပ်ပျောက်ဆုံးကြောင်း သက်သေထင်ရှား ပြနိုင်မှသာ ဤပုဒ်မအရ သက်သေတင်ပြခွင့်ရှိခြင်း။ သက်သေခံ အက်ဥပဒေပုဒ်မ ၆၃ (၅) 765

သက်သေခံအက်ဥပဒေပုဒ်မ ၇၆ မူ လစာချုပ်၏ မိတ္တူမှန်ဖြစ်ကြောင်း ဆုံးဖြတ်ရန် အချက်။ 765

သက်သေခံ ဥပဒေပုဒ်မ ၁၁၀ ပစ္စည်းလက်ရောက် ရှိသူ ပိုင်ရှင် မဟုတ်ကြောင်းတင်ပြရန်၊ စွပ်စွဲသူအပေါ် ၌ တာဝန်ရှိခြင်း ပစ္စည်း လဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၄၁ ပိုင်ရှင်ထင်ရသူထံမှ၊ ပစ္စည်းဝယ်ခြင်းကိစ္စ ဝယ်သူက စုံစမ်း မေးမြန်း၍ ဝယ်ခြင်း ပိုင်ဆိုင်ခွင့် ရှိမရှိ။ အယူခံတရားလို ၁ သည်၊ အယူခံတရားလို ၂ မှ ၅ တို့အား အခြင်းဖြစ်မြေကွက်ကို ၁၉၅၆ ခုနှစ်၌၊ ရောင်းခဲ့သူဖြစ်သည်၊ အယူခံတရားလို ၁ သည် အခြင်းဖြစ်မြေကွက်နှင့် မြေပေါ်ရှိ အိမ်ကို ၁၉၄၈ ခုနှစ်၌ ခွါဆေးအင်းဆိုသူထံမှ ၎င်းသည် ထိုပစ္စည်းတို့ကို တဦးတည်းပိုင် သည်ဟု ဆို၍ခြင်းကြောင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ အယူခံ တရားခံ ၁ နှင့်ကျန်အယူခံတရားခံ ၃၅ ဦးတို့သည်လည်း တရပ်အမျိုးသားများ ဖြစ်ကြပြီး အဆိုပါမြေမှာ မိမိတို့၏ ဘုံအသင်းက ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြက်ဟ ကျေညာစေရန်နှင့် မြေကို၊ လက်ရောက်ရရန်၊ တရားစွဲလေသည်၊ ၎င်းတို့၏ အဆိုအရ၊ ၁၉၃၈ ခုနှစ်တွင် အယူခံတရားခံ ၁ အပါဝင်အဆိုပါ ခွါဆေးအင်းနှင့် အခြားသူ ၂ ဦး၊ ပေါင်း ၄ ဦးတို့သည် ထိုဘုံအသင်းလူကြီးများအဖြစ် ဘုံအသင်းအတွက် မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ခဲ့ကြောင်း ဆိုသည်။

အဆိုပါ ခွာဆေးအင်းသည် မူလအိမ်မီးလောင်ပြီးနောက် အခြင်းဖြစ် မြေပေါ် တွင် တဲအိမ် ဆောက်လုပ်၍ နေထိုင်သူသာ ဖြစ်ကြောင်း ပိုင်ဆိုင်သူ မဟုတ်၍၊ ရောင်းရန် ပေါင်ရန် အခွင့်မရှိကြောင်း ဆိုသည်။ အယူခံ တရားလို ၁ ကမိမိသည် ထိုမြေကို ဘုံအိမ်အသင်းပိုင်ကြောင်း လုံးဝ မသိ သဘောရှိုးဖြင့် စုံစမ်း မေးမြန်းခြင်း ပြုလုပ်၍ ကာလတန်ဘိုးပေးပြီး ဝယ်ကြောင်း ချေပသည်။ မူလရှုံးက အယူခံတရားခံများ စွဲဆိုသည့် အတိုင်း၊ အနိုင်ဒီဂရီ ချမှတ်လိုက်သဖြင့် အယူခံ တရားလိုများက တရားရုံးချုပ်သို့ အယူခံဝင်ခြင်း ဖြစ်သည်။ ။ဆုံးဖြတ်ချက်။ ။အခင်းဖြစ် မြေသည်၊ ခွဲဆေးအင်း လက်ရှိ ဖြစ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ အတန်ကြာမြင့်ခဲ့ရာ၊ ၎င်းမပိုင်ကြောင်း ဘုံဝင်အသင်း သာလျှင်ပိုင်ကြောင်း ထင်ရှားပြရန် တာဝန်မှာ သက်သေခံ ဥဒေပုဒ်မ ၁၁၀ ၏ပြဋ္ဌာန်းချက်အရ ဆိုလျှင် အယူခံတရားခံ များ၏ ကြီးလေးသော တာဝန် ဖြစ်လေသည်။ သို့ပင် ဖြစ်လင့်ကစား၊ အယူခံ တရားခံများသည် မည်မည် ရရ သက်သေတင်ပြခြင်းမရှိ စင်စစ်အား ဖြင့်ကား၊ ၎င်းတို့ တင်ကြသော သက်သေခံချက်များသည်၊ တရားမဝင်သော သက်သေခံချက် များသာဖြစ်သည်။ ဘုံအသင်းအတွက် မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ခဲ့သည် ဆိုသော်လည်း၊ သက်သေခံ ပုဒ်မ ၉၁ အရ ထိုမှတ်ပုံတင်စာချုပ်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေပုဒ်မ ၆၃ အရ ခွင့်ပြုသည့် သက်သေခံချက်ကို၊ တင်ပြခြင်းမရှိ။ စာချုပ် ပျောက်ဆုံးသည်ဟု ပြောခဲ့၏။ ထိုစာချုပ် ပျောက်ဆုံးကြောင်း၊ သက်သေ ထင်ရှား ပြနိုင်မှသာ သက်သေခံ အက်ဥပဒေပုဒ်မ ၆၃ အရ သက်သေ တင်ပြခွင့်ရှိသည်။ သက်သေ တင်ပြချက် မရှိသဖြင့်၊ အဆိုပါ ပုဒ်မအရ၊ သက်သေ တင်ပြနိုင်ခွင့် မရှိဟု ဆုံးဖြတ်ရပေမည်။ အကယ်၍၊ ထိုပုဒ်မ ၆၃ အရသက်သေ တင်ပြနိုင်သည် ဆိုဘိဦး၊ တင်ပြသော သက်သေခံချက်မှာ တရားဝင်သော သက်သေခံချက်မျိုး မဟုတ်။ သက်သေခံအက် ဥပဒေပုဒ်မ ၆၃ (၅) အရဆိုလျှင်၊ စာချုပ်ကို ကိုယ်တိုင် ဘတ်ရှုသူက၊ မိမိဘဏ်ရှုခဲ့သည်ကို မှတ်မိ သရွေ့ နှုတ်ဖြင့် ပြန်ဆို သက်သေခံ ရမည် ဖြစ်သည်။ မမိနှင့် ကာလန်ဒါအမ်မာ။ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၅၊ စာ ၁၈။ ကို ရည်ညွှန်းသည်။ ယခုအမှုတွင်ကား၊ ထိုသို့လည်း သက်သေ မခံနိုင်သည် ဖြစ်၍၊ ဘုံအသင်းအတွက် လူကြီး ၄ ဦးအနေဖြင့် ဝယ်ခဲ့ကြောင်း ဥပဒေအရလိုအပ်သည့် ခိုင်လုံသော သက်သေ အထောက်အထား မရှိကြောင်း ငြင်းချက်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။ ထို့ပြင်လည်း၊ အယူခံတရားလို ၁ သည်ငင်း၊ ကျန်အယူခံ တရားခံတို့သည်ငင်း၊ အချင်းဖြစ်မြေကို သဘောရှိုးနှင့်၊ တန်ရာတန်ဘိုး ပေးပြီး ဝယ်ယူခဲ့ကြောင်း ချေပချက်နှင့် စပ်လျဉ်း၍ ထောက်ခံသော သက်သေခံချက်များ ရှိသည်။ အယူခံတရားလို ၁ သည်၊ ခွာဆေးအင်းထဲမှ ဝယ်ယူရာ၌၊ မြေရာဇဝင် အရဆိုလျှင်၊ ၎င်း၏ အမည်ဖြင့် တည်ရှိကြောင်း ပေါ်လွင်သည်။ သက်ဆိုင်ရာ မြို့နီစီပါယ်ရုံးမှ၊ အခွန်တော် စာရေးအားလည်း မေးမြန်း စုံစမ်းခဲ့သည်။ အခြားသူများအားလည်း စုံစမ်းစေခဲ့သည်။ တဖန် ကျန်အယူခံ တရားလိုများ၏ ကိုယ်စားလှယ်ကလည်း အယူခံတရားလို ၁ ထံမှ မဝယ်ယူမိ၊ လယ်ဝန်ရုံးမှ၊ တိုက်စာရေးအား သွားရောက် မေးမြန်းပြီး မြေရာဇဝင်အရ၊ အယူခံ တရားလို ၁ ပိုင်ဆိုင်ကြောင်း သိခဲ့သည်။ ယင်းသို့ ကြစ်၍၊ ဤအခြေအနေတွင်၊ ပရိဗီကောင်စီက ချမှတ်သော မူအရငင်း၊ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၎၁ တွင်ပါရှိသော မူအရငင်းတို့ ထိုသို့ ဝယ်ယူခြင်းကို ထကယ်ပိုင်ဆိုင်သည် ဆိုသူက ပယ်ဖျက်ချင်း မပြုနိုင်။ ရမ်ကူမာကန်ဒူး နှင့် မက်ကွင်း။ ဆောက်သာလမ်း အတွဲ ၁၈ စီကလီ

PAGE

ရိုပိုတာ၊ စာ ၁၆၆။ မောင်ကြိုင်နှင့် ပီ၊အယ်(လ်)၊တီ၊အေ၊အာ(ရ်)၊ချစ်တီးယား ဖမ်း။ အိန္ဒိယစီရင်ထုံးများ ရန်ကုန်အတဲ့ ၆ စာ ၆၄၃။ ပီ၊အယ်(လ်)၊တီ၊အေ၊ အာ(ရ်)၊ချစ်တီးယားဖမ်း နှင့် မောင်ကြိုင်။ အိန္ဒိယ စီရင်ထုံးများ ရန်ကုန်၊ အတဲ့ ၇ စာ ၂၇၆။ တို့ကိုရည်ညွှန်းသည်။ ထို့ကြောင့် အမိန့်ဒီကရီကို ပယ်ဖျက်လိုက်သည်။

ဒေါ်စောရွှင်ပါ ၅ နှင့် ခွာကီးယားဘွတ်ပါ ၃၆ 765

သီးစားချထားရေး အက်ဥပဒေ (၁၉၆၃ ခုနှစ်) ပုဒ်မ (၇) နှင့် (၈) ဗဟိုမြေယာ ကော်မတီ၏ အမိန့်များကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ခြင်း ကိစ္စ တရား ရုံးချုပ်၌ အာဏာရှိမရှိ ။ လျှောက်ထား သူသည်၊ နိုင်ငံတော် တော်လှန်ရေးအစိုးရ ဗဟို မြေယာကော်မီတီ၏ အမိန့်ကို မကျေနပ်၍၊ အမှုခေါ် စာချွန်တော်ဖြင့် ထိုအမိန့်ကို ပယ်ဖျက်ရန်၊ တရားရုံးချုပ်သို့ လျှောက်ထားခြင်း ဖြစ်သည်။ ။ ဆုံးဖြတ်ချက် ။ ။၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ ပုဒ်မ (၈) ပါပြဋ္ဌာန်း ချက်တွင် " ဤဥပဒေနှင့် အညီဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်း ဥပဒေများ နှင့် အညီဖြစ်စေ ချမှတ်သည့် အမိန့် မည်သည့်တရားမျှ သို့တည်းမဟုတ် အခွန် တော်ရုံးတွင်မျှငြင်းဆိုပိုင်ခွင့် မရှိစေရ " ဟုပြဋ္ဌာန်းရာ၌၊ အဆိုပါအမိန့်သည် ထို ဥပဒေနှင့် ဖြစ်စေ၊ နည်းဥပဒေနှင့် ဖြစ်စေ မကိုက်ညီလျှင်၊ ထိုအမိန့်ကို တရားရုံး ချုပ်က အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ခွင့် ရှိမရှိဆိုသည့်အချက်ပေါ် ပေါက် လာသည်။ " နှင့်အညီ " ဟူသောစကားရပ်မှာ၊ မည်သို့သော အဓိပ္ပါယ် သက် ရောက်သည်ကို စဉ်းစားရန် လိုသည်။ ဤကိစ္စနှင့် ပတ်သက်၍ ၁၉၆၃ ခုနှစ် သီးစား ချထားရေး ဥပဒေပုဒ်မ ၂ (၂) တွင် " ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ် ကောက်ယူခြင်းနှင့် စပ်လျဉ်း၍ ဤကိစ္စအလို့ငှာ အစိုးရကခန့်ထားသည့် အာဏာ ပိုင်၏ ဆုံးဖြတ်ချက်သည် အပြီး အပြတ် အတည်ဖြစ်စေရမည် " ဟု အတိအလင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ သာမန်အားဖြင့် ဆိုလျှင် ဥပဒေပါစကားရပ် များ၏ အဓိပ္ပါယ် ကောက်ယူမှုသည် တရားရုံးများ၏ တာဝန် ဖြစ်ပေသည်။ သို့သော် အဆိုပါ ဥပဒေတွင် ထိုတာဝန်ကို အစိုးရကခန့်ထားသည့် အာဏာပိုင် အား လွှဲအပ်ထားလေသည်။ ထို့ပြင်လည်း သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၅ တွင်၊ ကျေးရွာ မြေယာကော်မတီ၊ မြို့နယ် မြေယာကော်မတီတို့၏ ဆုံးဖြတ် ချက်ကို ဗဟိုမြေယာ ကော်မီတီထံ အယူခံနိုင်ခွင့် ပြုပြီးလျှင်၊ ဗဟိုမြေယာကော် မီတီ၏ ဆုံးဖြတ်ချက်သည် အပြီး အပြတ်အတည် ဖြစ်စေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထား၏။ ထို့ကြောင့်၊ အဆိုပါ ဥပဒေနှင့် နည်းဥပဒေများကို ခြုံ့ပေါင်း လေ့လာသော်၊ ယခုခေတ် သမယတွင် တောင်သူ လယ်သမားများ၏ လုပ်ငန်း အစုမ်းကုန် အကျိုးရှိစေရန်ကိုရည်မျော်ပြီး၊ ၎င်းတို့လုပ်ငန်းတွင်အနှောင့်အယှက် မရှိစေရန်ဥပဒေဖြင့် အကူအညီပေးထားသည်ဟုယူဆရန် အကြောင်း ရှိလေသည်။ လျှောက်လွှာကို ပယ်လိုက်သည်။

ဒေါ်သိန်းရွှင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဗဟို မြေယာကော်မီတီရုံး ပါ ၃ 788

အမှုခေါ် စာချွန်တော်။ အစိုးရမြေကို နယ်နိမိတ် သတ်မှတ်ခြင်းကိစ္စ။ အထက် မြန်မာပြည် မြေနှင့်အခွန်တော်ဥပဒေ။ ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကို အယူခံ ဝင်နိုင်မဝင်နိုင်။ တရားစီရင်ရေးဆိုင်ရာ အမိန့်မဟုတ်။ အုပ်ချုပ်ရေးဆိုင်ရာအမိန့် ဖြစ်ခြင်း။ အမှုခေါ် စာချွန်တော် ထုတ်သင့် မသင့်။ ဤအမှုသည် ရောဝတီမြစ်တွင် ပေါ် ထွန်းသောကျွန်းမြေ နယ်နိမိတ်သတ်မှတ်ရာမှ ပေါ် ပေါက်ခဲ့၍၊ ဘဏ္ဍာတော်

PAGE

မင်းကြီး အသီးသီးသို့ပင် အကြိမ်ကြိမ်ရောက်ခဲ့၏။ နောက်ဆုံး ယခုလျှောက်ထားသူ (၁၇၇) ဦးတို့သည်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနသို့ အယူခံဝင်ခဲ့၏။ ထိုဌာနက ဝင်ရောက်စွက်ဖက်ခြင်း မပြုသဖြင့် အမှုခေါ်စာချုန်တော်ဖြင့်၊ အမိန့်အသီးသီးကို ပယ်ဖျက်ရန် လျှောက်ထားခြင်းဖြစ်သည်။ အမှုခေါ်စာချုန်တော် လျှောက်လွှာကြားနာရာတွင် ပေါ်ပေါက်သော အဓိက ဥပဒေကိစ္စနှစ်ရပ်မှာ ဘဏ္ဍာရေးဌာနသို့ အယူခံဝင်ခွင့် ရှိ မရှိနှင့် ဖျက်ရန်ကြံရွယ်သော အမိန့်များမှာ တရားစီရင်ရေးဆိုင်ရာ အမိန့်များ ဟုတ်မဟုတ်ပင် ဖြစ်လေသည်။ ။

ဆုံးဖြတ်ချက်။ ။ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကို ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနသို့ အယူခံဝင်နိုင်ကြောင်း၊ အထက်မြန်မာပြည်၊ မြေနှင့် အခွန်တော်ဥပဒေတွင် ပြဋ္ဌာန်းထားသည်ကို မတွေ့ရချေ။ ထိုဥပဒေပုဒ်မ ၁၀ (၃) အရလည်း အယူခံခွင့်ရှိသည်ဟု မဆိုနိုင်။ ထိုဥပဒေပုဒ်မ (၁၀) ပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ (၈) ပါ ပြဋ္ဌာန်းချက်များနှင့်တွဲ၍ ဘတ်ရှုလေ့လာရမည်ဖြစ်သည်။ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကို အစိုးရသို့ အယူခံဝင်နိုင်ကြောင်း ပြဋ္ဌာန်းချက်မရှိချေ။ အယူခံဝင်ခွင့်ဆိုသည်မှာ အက်ဥပဒေကဖြစ်စေ၊ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်သော ဥပဒေကဖြစ်စေ ပေးမှသာလျှင် ရှိနိုင်ပေသည်။ မိနက်ရှိ နှင့် စူဘရာမာနီးယား။ အိန္ဒိယစီရင်ထုံးများ၊ မဒရပ်အတွဲ ၁၁၊ စာ ၂၆၊ ၃၄ ကို ကိုးကား၍ လိုက်နာသည်။ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနသည်၊ လျှောက်ထားသူများအားဖြစ်စေ၊ ၎င်းတို့၏ ရှေ့နေကြီးအားဖြစ်စေ လျှောက်ထားခွင့်မပေးခဲ့ဆိုသည့်အချက်မှာ အခြေအမြစ်မရှိ။ အကြောင်းသော်ကား၊ ထိုဌာနသို့ အယူခံဝင်ခွင့်မရှိသဖြင့် လျှောက်ထားသူများ တင်သွင်းသည်မှာ အဆနှားခံလွှာမျှသာဖြစ်လေသည်။ အခင်းဖြစ်မြေသည်၊ အထက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေပုဒ်မ ၂၃ (၈) အရ၊ အစိုးရပိုင်မြေဖြစ်သည်။ အပိုင်ဂရံစာချုပ်ဖြင့်သော်၎င်း အငှါးဂရံစာချုပ်ဖြင့်သော်၎င်း၊ လိုင်စင်ဖြင့်သော်၎င်း အစိုးရက ချထားသော မြေမျိုးမဟုတ်။ ထိုမြေမှ အဆိုပါ ဥပဒေပုဒ်မ ၂၅ (ဃ) အရ ကော်လိတ္တော် အရာရှိက လျှောထားသူများကို မြေမှနှင်ထုတ်နိုင်သည်။ ယခုအမှုတွင် လျှောက်ထားသူများသည်၊ အခင်းဖြစ်မြေကို လက်ရှိရပိုင်ခွင့်ရှိကြောင်းနှင့် လျှောက်ထားသည်ဖြစ်ရာ၊ ဤမှုခင်းများကို တရားမရုံးများကို ကြားနာစစ်ဆေးခြင်း မပြုဘဲ၊ အခွန်တော်အရာရှိများကသာ ကြားနာစစ်ဆေးရမည်ဟု အဆိုပါ ဥပဒေပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားသည်။ ထိုမှတပါးလည်း၊ ဘဏ္ဍာတော်မင်းကြီးသည် အစိုးရပိုင်ကျွန်းမြေကို နယ်နိမိတ်သတ်မှတ်ရာ၌ တရားစီရင်ရေးဆိုင်ရာ အမိန့်ချမှတ်ခြင်းမဟုတ်။ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်ချမှတ်ခြင်းဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်သည်။

ဦးသာညွန့် ပါ ၁၇၇ နှင့် ဦးဘိုးမြင့် ပါ ၁၇၇ နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး၊ ဘဏ္ဍာတော်မင်းကြီး 845

မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ "ရိုးဖြောင့်သောသဘော" နှင့် "အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘော" အဓိပ္ပါယ် အယူအဆများ 818

အိမ်ငှါးဖြစ်နိုင် မဖြစ်နိုင်။ ပစ္စည်းထိန်းအရာရှိအား အိမ်ငှါးခပေးရုံမျှဖြင့် အိမ်ငှါးမဖြစ်နိုင် ပစ္စည်းထိန်းအရာရှိ၏ပိုင်ဆိုင်ခွင့်သည် ရုံး၏ပိုင်ဆိုင်ခွင့်သာဖြစ်ခြင်း (*custodia legis*) 834

INDEX

ညွှန်းချက်

CHIEF COURT

တရားရုံးချုပ်

PAGE

ACTS:

BURMA INCOME-TAX ACT.

CIVIL PROCEDURE CODE.

LIMITATION ACT.

MONEY-LENDERS ACT.

PARTNERSHIP ACT.

TRADE DISPUTES ACT.

TRANSFER OF PROPERTY ACT.

URBAN RENT CONTROL ACT.

ADVERSE POSSESSION—ARTICLE 142 AND 144—ARTICLE 142 APPLIES ONLY WHEN POSSESSION LOST BY DISPOSSESSION OR DISCONTINUANCE—ARTICLE 144 APPLIES WHEN NOT OTHERWISE SPECIALLY PROVIDED FOR 859

BURMA INCOME-TAX ACT S. 23 (4)—*assessment under—when can be set aside—absence of application under s. 27 of the Act.* The applicant had been assessed under s. 23 (4) of the Income-tax Act, and on application to the Assistant Commissioner, the assessment was confirmed. On 2nd appeal to the Appellate Tribunal, the Tribunal set aside the assessment and directed the Income-tax Officer to make a fresh assessment. In passing its order, the Tribunal had remarked that the Assistant Commissioner's decision was not confined to the question of assessment only, and had given decision also on the validity of the assessment as if the respondent had filed an application under s. 27 of the Act. The question for consideration by the Chief Court was whether the Tribunal had rightly set aside the assessment made under s. 23 (4) of the Act, in spite of the fact that these had been no application under s. 27 of the Act for the cancellation of this assessment. *Held:* There is a large preponderance of authority to show that the question referred to should be answered in the negative. *Naba Kumar Singh Dudhuria* v. *Commissioner of Income-tax, Bengal*, (1944), XII I.T.R. 327; *U Kan Gyi* v. *Commissioner of Income-tax, Rangoon*, (1958) B.L.R. 172 (H.C); *Chhotalal Gobardhan Das* v. *Commissioner of Income-tax, U.P. and V.P.*, (1953), 23 I.T.R. 272; *Sir Padampat Singhania* v. *Commissioner of Income-*

PAGE

tax, U.P. and Ajmer-Merwara, (1953), 24 I.T.R. 141, referred to and followed. *Suganchand Kanhaivalal Rathi* v. *Commissioner of Income-tax, M.P. and Bhopal*, 1958, 34 I.T.R. 152; referred to. *Mauladin Ayub Firm* v. *Commissioner of Income-tax, Bombay South*, (1959), 35 I.T.R. 449, referred to and followed that the Assistant Commissioner of Income-tax, had gone into the question whether the best of judgment assessment under section 23 (4) was or was not justified in the appeal against the quantum of the assessment under section 30 of the Burma Income-tax Act, does not make any difference. The Assistant Commissioner was acting without any jurisdiction in considering the matter, and this fact should have been ignored by the Income-tax Appellate Tribunal. It is quite wrong to say that because the Assistant Commissioner had considered the matter over which he had no jurisdiction the Income-tax Appellate Tribunal is justified in going into the same question.

THE COMMISSIONER OF INCOME-TAX v. MESSRS. PWINT GAUNG AND BROTHERS. 934

BURMA INCOME-TAX ACT s. 4B(*a*)—*meaning of " not ordinarily resident "—positive concept-divergence of views. Held.* In order that an individual is " not ordinarily resident " in the taxable territories, he should satisfy one of the two conditions laid down in s. 4B(*a*) of the Act, and under that section what has got to be considered is the assessee's residence in the taxable territories, and not his residence outside the taxable territories. *Manibhai S. Patel* v. *Commissioner of Income-tax, Bombay North*, (1953), XXIII I.T.R., p. 27, referred to and followed. *P.B.I. Bava* v. *Commissioner of Income-tax, Mysore, Travencore Cochin*, (1955), XXVII I.T.R., 463, referred to and distinguished. *Held further* : The term " not ordinarily resident ", referred to above, is a positive concept. If the legislature had not intended the term to be a positive concept, there was no necessity for the use of the inverted commas *Messrs. Rowe & Co.* v. *The Secretary of States for India*, XI L.B.R. 299 at p. 306, referred to.

MR. D.H. COZENS *v.* THE COMMISSIONER OF INCOME-TAX, BURMA. 897

CERTIORARI—QUESTION *whether the room allotted by Rent Controller was really vacant—cursory enquiry by Rent Controller before passing order allotting premises—whether order can be quashed.* Where the Applicant had applied for a writ of *certiorari* to quash the Rent Controller's order allotting the premises to the Respondent on the ground that the room was not really vacant. *Held*: It is apparent that the question whether or not the room in question was vacant should have been the subject of a thorough enquiry on the part of the Rent Controller before allotting the same to the Respondent. Nothing but a cursory enquiry had been made by the Asstistant. Rent Controller before he came to the conclusion that the disputed room was vacant. Accordingly, the order is a " Speaking order ", and must be quashed.

VIJAY KUMAR M. DESAI & ONE *v.* THE RENT CONTROLLER & ONE. 950

DISMISSAL OF SUIT—*failure to give notice under s. 80 C.P.C. against Defendant not necessary as party-defendant—proper curse to strike out said party and proceed with suit.* The Plaintiff filing

PAGE

an ejectment suit against the first two defendants, had added as co-defendant the Controller of Rent, Rangoon, as he had failed to take action against them under s. 16AA of the Urban Rent Control Act. The Plaintiff had however omitted to give the statutory notice required under s. 80 of the Civil Procedure Code. The trial Judge dismissed the whole suit because of the said omission. On Appeal : *Held* : The refusal of the Controller of Rents to take action against the first two Defendants under s. 16AA of the Urban Rent Control Act, is no ground why he should been have added as a party-defendant. His presence before the Court was entirely unnecessary even as a *proforma* defendant. *Ayanulla* (a) *Hanulla* v. *U Par Sein and two others*, (1960), B.L.R. 256 (H.C.), referred to and followed. The Controller of Rents could therefore have been struck out, and the suit allowed to proceed. The suit was accordingly remanded.

ISMAIL AHMED MADHA WAQF *v.* U KHIN MAUNG AND 2 OTHERS 887

EJECTMENT SUIT—*right of defendant to question title of alleged landlord—absence of attornment—no estoppel.* In a suit for ejectment for arrears of rent, the defendant had contended that he was a tenant of the plaintiff's predecessor-in-title and was never a tenant of the plaintiff. *Held* : A tenant is not estopped from questioning the derivative title of the plaintiff who is suing him. *Deena Bandu Gan* v. *Makim Sardar*, LXIII Calcutta, 763 ; *Krishna Prasad Lal Singha Deo* v. *Baraboni Coal Concern, Ltd.* (1938), I Calcutta, p. 1.; *Daulat Ram* v. *Haveli Shah and another*, A.I.R. (1939), Lahore 49 ; *Parkash Kaur and others* v. *Gian Chand*, A.I.R., (1940) Lahore 341 ; referred to. Also, the plaintiff has not produced satisfactory evidence to show that the defendant had attorned to him after the purchase of the land. Accordingly the relationship of landlord and tenant has not been established between the plaintiff and the defendant. The defendant is therefore not estopped from denying the title of the plaintiff and as well as his status as landlord of the suit land.

JAGARU *vs.* U PO NAING 892

EJECTMENT SUIT—*suit against partner in individual capacity where the tenant is the partnership—non-validity of notices sent—right of wife of deceased partner to stay in suit premises—definition of "tenant" in the Urban Rent Control Act.* The 1st Respondent/Plaintiff had filed a suit for ejectment against the 2nd respondent, and the husband of the appellant, on the ground that the 2nd respondent who was her tenant had sub-let the premises to the husband of the appellant. The suit was decreed against both defendants. One of the issues which arose on the pleadings was whether the real tenant was one Byan Sein Moh and Co., of which at one time, the 2nd respondent was a partner, and the husband of the appellant was the senior partner. *Held:* The lease clearly mentions that the tenant was Byan Sein Moh & Co., and when the 2nd respondent executed the document surrendering the premises he also signed as " Byan Sein Moh." This shows clearly that he was not a tenant in his individual capacity. The fact that the firm of Byan Sein Moh was not registered will only prevent the firm from suing anybody to enforce a right arising from any contract entered into by it with a third person. It will not invalidate the contract of lease. Thus the notice sent by the 1st respondent/plaintiff to the 2nd respondent and the husband of the appellant, was invalid in law. *Held further*: The

PAGE

appellant as the legal representative of the deceased partner, is entitled to remain in possession of the suit premises as the word "tenant" as defined in the Urban Rent Control Act, includes a legal representative of the tenant as defined in the Civil Procedure Code.

DAW HPOON SOO *v.* DAW MI MI GYI AND ONE ... 851

FORFEITURE—*determination of tenancy by setting up adverse title—change in law* 1929—s. 111 (g) *of Transfer of Property Act—requisite of written notice indicating intention to determine lease.* The plaintiffs/respondents had filed a suit for ejectment against the appellants/defendants and the suit was decreed by both the trial court and lower appellate court. One of the issued raised in the appeal was that since the defendants had set up an adverse title since 1956, the tenancy must be deemed to have terminated by forfeiture and therefore the present suit based on the relationship of landlord and tenant was not maintainable, and should have been brought against them as trespassers. *Held:* By the amendment to clause (*g*) of s. 111 of the Transfer of Property Act in 1929, to determine a tenancy by forfeiture a notice from the lessor to the lessee of his intention to determine the lease because of forfeiture is necessary. *Nilmadhab Bose and others* v. *Ananta Ram Bagdi*, (1897-98) II C.W.N. 755; *Khater Mistri* v. *Sadruddi Khan*, I.L.R. (1907) XXXIV Cal. 922; *Muhammad Abdul Latif* v. *Shaikh Habidur Rahman* and others, XLV, I.C. 642; and *Ahamadali Fakruddin Bohri and others* v. *Mulla Fidasli Sultanali Bohri*, A.I.R. (1938) Nag. 162, referred to and distinguished. The only notice sent to the defendants subsequent to 1956 was on 9th April 1959 and this was not a notice contemplated under s. 111 (*g*) of the Transfer of Property Act. Besides, a "tenant" as defined in the Urban Rent Control Act, 1948, includes "every person remaining in possession of the premises let to him after the termination of the tenancy or lease with or without the assent of the landlord." Accordingly, even if the tenancy of the defendants has been determined by a notice under section 111 (*g*) of the Transfer of Property Act, the plaintiffs must necessarily sue the defendants as "tenants" as defined in the Urban Rent Control Act 1948, and not as trespassers. The plaintiffs' suiti saccordingly maintainable in law.

MAUNG THAUNG NYUNT AND ONE *v.* DAW SEIN YIN AND ONE 919

FRAUD—*Objection in a later suit to set aside a decree in a former suit on grounds of fraud—fraud intrinsic to the former suit—later suit not maintainable.* The respondent had filed a suit in 1951 against the Appellant, praying among others for a declaration that the sale deed in favour of the appellant in respect of the suit lands was null and void as the sale was *Benami*. A decree was passed *ex-parte* against the appellant in that suit in 1959. Subsequently in 1961, the appellant filed the present suit for a declaration that the *ex-parte* decree passed against her in the previous suit was null and void, as the same was obtained against her by fraud and by making of false statements. The learned trial Judge, however, dismissed the suit. *Held:* In the previous suit, the appellant by her written statement had raised the very same points raised by her in the suit under appeal. The fraud and false statements alleged by her were intrinsic in nature and not extraneous to the previous trial. Therefore,

PAGE

the suit under appeal is not maintainable in law. *K.E. Musthan* v. *Babu Mohendra Nath Singh*, I Rangoon, p. 500, referred to. Moreover, in the case now under consideration, the appellant cannot seek to agitate the issues which she had already tried to agitate in the former suit on the mere allegation that the statements made by the plaintiff in the former suits were false. *M.A. Maistry* v. *Abdul Aziz Rahman*, V Ran. 471; and *Gopater and another* v. *Abdul Aziz*, IX Ran. 135, referred to.

DAW NYEIN KHIN *v.* MESSRS. JAFFER BROS. LTD. ... 864

INCOME-TAX ACT—s.10(2)(VI)—*claim by shipping company of initial depreciation—Right of Income-tax Officer to assess without having recourse to Rule* 33—*Depreciation on ships which did not come to Burma—reason for allowing depreciation. Income-tax Act* s.10(2)(iii)—*interest paid outside Burma—meaning of "business connection"—dependant on facts of each case.* In assessing the income-tax payable by the Applicants computation of the assessable income was made under Rule 33 of the Income-tax Rules read with s.10 of the Act. No initial depreciation was given in respect of certain ships belonging to the assessee company. Of these some of them (including new ships) had never come to Burma during the year in question. The main question therefore was what depreciation allowance should be made to the assessee company. The other question referred to was regarding the interest which was paid outside the Union of Burma. *Held:* If the Income-tax Officer is of the opinion that such amount cannot be computed except in the manner provided in Rule 33 he must make the computation in accordance with the provisions of the Burma Income-tax Act as provided in that Rule. Where there are ships which had never come to Burma during the year in question, it is open to the Income-tax Officer to ignore such ships, and to compute if he can, what amount of income, profits or gains had accrued to the non-resident shipping company by plying the ships which had come to Burma. In that case, he need only consider whether he should give the annual 5 per cent depreciation in respect of the ships which actually came to Burma *Great Eastern Shipping Co. Ltd.* v. *The Commissioner of Income-tax, Burma, Civil Reference No.* 1 of 1960 of late High Court, referred to. However, if he decides to assess the non-resident shipping company on the basis of its world income, because of the provisions of the Burma Income-tax Act, he is obliged to give 15 per cent initial depreciation in respect of newly installed ships and also to consider whether he should give 5 per cent annual depreciation for the other ships which never came to Burma. The logic of the situation which compels the Income-tax Officer to allow initial depreciation on the newly installed ships which never came to Burma is that they being more modern and faster and more efficient will be able to contribute greater profit to the shipping company. The next point to remember is, that the amount of depreciation which Burma has to bear is in proportion to the freight earnings in Burma as against the total receipts of the non-resident shipping company from its world business. In a taxing statute, an equitable construction is not admissable, and the words of the statute have to be simply adhered to. *Messrs. Rowe & Co.* v. *The Secretary of State for India*, XI L.B.R. 299; (1913) 3 K.B. 212 at p.219; (1908) 1 K.B., 705 at p. 709 *Partington* v. *Attorney-General*, L.R. 4 H.L., 100 at p. 122; *The Attorney-General* v. *The Earl of Selborne*, (1902) 1 K.B., 338 at p. 396;

PAGE

referred to. *Held further:* Regarding the question of interest the proviso to s.10(2)(*iii*) of the Burma Income-tax Act, would only apply to interest paid outside of the Union of Burma, if there is " business connection " between the shipping company and the lenders of money. This expression " business connection " depends on the particular facts of each case. As the required information has not yet been given by the Tribunal, the matter is referred back to it for a further statement.

MESSRS. NORWEGIAN AFRICA & AUSTRALIA LINE LTD. *v.* THE COMMISSIONER OF INCOME-TAX, BURMA, RANGOON 903

INCOME-TAX ACT—S.10 (2) (*viiiA*)—*bonus paid to staff whether allowable deduction—proviso to s.* 10(2)(*ix*)—*contribution to unrecognized provident Fund—also not allowable deduction. Held:* Under s.10 (2) (viii a) of the Burma Income-tax Act, sums shown as bonus to staff but actually transferred to the Staff Provident Fund to be appropriated in accordance with the Provident Fund Rules, is not an allowable deduction. To be allowable deduction, the sum payable as bonus must be actually paid to the employee concerned. *Held also:* Contributions to an unrecogni-zed Provident Fund are also not allowable deduction. The proviso to clause (ix) of section 10(2) of the Act is explicit on this point.

THE COMMISSIONER OF INCOME-TAX, BURMA, RANGOON *v.* MESSRS. CATHAY PACIFIC AIRWAYS LIMITED ... 931

INJUNCTION—WHEN AD-INTERIM INJUNCTION TO BE CONFIRMED—WHEN PARTIES ARE IN BITTER DISPUTE AND WHEN RESPECTIVE INTERESTS ARE AT STAKE 881

LANDLORD AND TENANT—*maintainability of suit for possession by lessee against lessor—liabilities of lessor under s.* 108 *of the Transfer of Property Act. Held:* Where the lessor himself has ousted the lessee from the premises leased to him during the continuance of the lease, a suit for possession by the lessee against the lessor will be maintainable. *Md. Fazihzzaman* v. *Anwar Hussain,* A.I.R. (1932) Allahabad, 314; and *Bishen Sarup* v. *Abdul Samad,* A.I.R. (1931) Allahabad, 649, referred to. Among the liabilities of the lessor as enumerated in s. 108 of the Transfer of Property Act, are that he is bound to put the lessee in possession of the property and be deemed to contract with the lessee that he may hold the property during the time limited by the lease without interruption.

DAW KHIN KHIN SEIN *v.* DR. Y. G. GULATI 856

LANDLORD AND TENANT—TITLE OF LANDLORD TO BE ESTABLISHED BEFORE FILING A SUIT FOR EJECTMENT FOR ARREARS OF RENT—TO PROVE ATTORNMENT BY PREDECESSOR-IN-TITLE TO THE PRESENT LANDLORD 892

LEASEHOLD LAND—*sale of part at execution sale—express provision not to sub-divide—effect of execution sale —rights of purchasers—claim by prescriptive title.* Part of the suit leasehold land had been sold in an execution sale in spite of an express prohibition in the lease that sub-division or transfer was not to be made without the consent of the Deputy Commissioner. The execution sale was in respect of a decree obtained against the wife of the original

PAGE

lessee, the plaintiff's father, and the defendants had bought the land at the sale. *Held:* There is clear authority to the effect that a general restriction on assignment does not apply to an assignment by operation of law taking effect *in invitum*, as a sale under an execution and that even if there had been a provision in the lease for forfeiture or for re-entry by reason of an assignment in violation of its provisions, it would not have the effect of invalidating the sale in execution, which had always been held not to be of itself a breach of a covenant not to assign. *Golak Nath Roy Chowdhury* v. *Mathura Nath Roy Chowdhury*, I.L.R. (1893) XX Cal. 273, referred to. However, though the sale was valid, what the defendant had obtained from the purchase was the right title and interest of the seller (the wife of the original lessee). As a Burmese Buddhist wife of a subsisting marriage, she could not claim partition of the suit land as against her husband at that time. Therefore at the time of the purchase the defendants also could not claim partition of the suit land against the original lessee. All that the defendants could probably claim in a suit properly framed against the original lessee, was joint possession of the suit land as well as of the house standing thereon. As the defendants did not file a suit but squatted on the land, their possession at the inception was little better than that of mere trespassers. However, since they had been in possession for about 13 years, they had obtained a prescriptive title thereto as against the plaintiff as successor-in-title to her father. *Obiter*—As the 25 years lease expires in November, 1964, it would then be open to the Deputy Commissioner concerned to grant a lease of the suit land either to the plaintiff in her own right or to any other person as he pleases. The position of the defendants so far as that lease is concerned might well be different.

MAUNG KYIN MAUNG AND ONE *v.* MA WAING KYI ... 912

LIMITATION—*suit for damages based on* ad-interim *injunction and breach of contract—Limitation Act s. 42—suit to be filed within 3 years from date injunction was vacated—Limitation Act, Art : 115—three years from breach of contract—Limitation Act s. 23—continuing wrong—nature of.* The Appellant had intered into an agreement with the Respondent Pharmacy, under which he had set up practice in that Pharmacy. Subsequently, due to disagreement between them, the Respondent had filed a suit for injunction against the Appellant in 1954. An *ad-interim* injunction was at first given against the Appellant but was vacated on 6th August 1954. The said suit was ultimately dismissed on 13th August 1956. On 30th March 1959, the Appellant filed the present suit for damages against the Respondent. The trial judge however. dismissed the suit on the ground that it was barred by limitation. On Appeal : *Held :* In so far as the present suit is based on the *ad-interim* injunction issued against the Plaintiff/Appellant in the former suit, it is barred by limitation. The *ad-interim* injunction was vacated on 6th August 1954, and under Article 42 of the Limitation Act, a suit for compensation for injury caused by such injunction must be filed within 3 years from the date on which the injunction ceased. *Harinder Singh v. Anant Ram and others*, A.I.R. (1939) Lahore, 6, referred to and distinguished. *Mohini Mohan Misser v. Surentra Narayan Singh*, 42, Cal . 550, referred to and followed. *Held further :* Regarding that part of the Plaintiff/Appellant's suit for damages for breach of contract between him and the Defendant/Respondent, the latest date from which time would begin to run would be from 1st June 1954 ;

PAGE

that is, the date from which Plaintiff/Appellant was prevented from entering the premises for his practice. Article 115 governs the Plaintiff/Appellant's suit. Regarding the further contention that even if Article 115 applies, the suit is within time because the breach alleged is a continuing one, s. 23 of the Limitation Act should be referred to. The facts of the case do not establish that a continuing breach such as that contemplated in s. 23 can be committed by the Defendant/Respondent. *Sarat Chandra Mukherjii* v. *Nerode Chandra Mukherjii*, 156 I.C., 390, and *Moti Ram* v. *Hans Raj and others*, 162 I.C., 303, referred to and distinguished. *Jagat Kishore Pd Narain Singh* v. *Parmeshwar Singh and others*, A.I.R. (1951) Palna, 348, referred to and followed.

DR. R. S. GREWEL *v.* MESSRS. THE PAUL PHARMACY LTD. ... 871

LIMITATION ACT—*Articles* 142,144—*Article* 142 *restricted to cases of dispossession and discontinuance—no abandonment by plaintiff—Article* 144 *applies.* In a suit for ejectment, one of the defences raised was that the defendant had been in possession for more than the prescriptive period of 12 years and hence the suit was barred by limitation. *Held :* As to whether Article 142 or Article 144 applies to the present suit, it is clear that Article 142 will apply only when the plaintiff's prior possession has been lost by dispossession or discontinuance. *Sulaiman and 2 others* v. *Ma Hla Bi*, Civil Second Appeal No. 56 of 1953 of the late High Court ; *U Chit Tun* v. *Daw Ngwe Thaung*, Civil First Appeal No. 9 of 1960 of the Chief Court, referred to and followed. In the present suit the plaintiff never abandoned the suit land. There was no dispossession or discontinuance of possession within the meaning of Article 142 of the Limitation Act. Article 144 applies, and the defendant had not proved adverse possession for more than the statutory period of 12 years.

DAW MAI SHIN *v.* U KALI AND ONE 859

MONEY-LENDERS ACT, s.9—*expiry of certificate during trial—Court should give reasonable time for obtaining new certificate.* Where the certificate of registration of the Plaintiff as money-lender expired during the pendency of the suit and a new certificate was obtained two days after the dismissal of the suit. *Held :* Under s. 9 of the Money-lenders Act, a decree can be passed if the money-lender can produce a certificate of registration during the pendency of the suit filed by him. In the circumstances of the case, the learned trial Judge should have given the Plaintiff reasonable time to produce the new certificate of registration which would be valid at the time the decree is passed in his favour.

R.D. RAM *v.* KUNJA MAISTRY 928

NECESSARY PARTY—CONTROLLER OF RENTS NOT NECESSARY TO BE ADDED AS PRO-FORMA DEFENDANT FOR REFUSAL TO TAKE ACTION UNDER SECTION 16AA OF THE URBAN RENT CONTROL ACT—THE SUIT TO PROCEED WITHOUT THE RENT CONTROLLER ... 887

RENT CONTROLLER'S ALLOTMENT OF VACANT ROOM MADE WITHOUT PROPER INQUIRY—"SPEAKING ORDER"—WHEN TO BE QUASHED UNDER WRIT APPLICATION 959

PAGE

TEMPORARY INJUNCTION—*confirmation of* ad interim *injunction—temporary injunction to restrain defendants from selling plaintiffs' stores of oil.* Plaintiffs and the Defendant were co-owners of the suit oil wells, and the Defendant had been extracting the oil as agent of the plaintiffs. On the application of the plaintiffs, in their suit for accounts, an *ad interim* injunction had been issued restraining the defendant from selling the plaintiffs' shares of the oil extracted. Where the question before the court was whether the *ad interim* injunction should be confirmed. *Held*: In view of the fact that the parties were in bitter dispute and have even filed contempt proceedings against each other, the fear of the plaintiffs that the defendant will not look after their interests properly, is not altogether an exaggerated or on imaginary one. It will therefore do justice to the plaintiffs without doing injustice to the defendant, to confirm the injunction order during the pendency of the suit.

ESOOF HASHIM MEHTAR AND 3 OTHERS *v.* ALI HASHIM MEHTAR 881

TRADE DISPUTES ACT, *s.* 14B *illegal strike—dismissal of workers participating in illegal strike*—s. 14A—*illegal lockout—effect of refusal to re-employ workers after strike—whether dismissal justified—compensation in lieu of re-instatement—application for writ of certiorari—whether proper remedy.* The Applicant was the proprietor of a goldsmith shop and he had dismissed his workers belonging to the 2nd Respondent Union, because of participation in a " sit-down " strike staged by them, from 8th October 1958 until 21st November 1958, on account of the dismissal of another worker. On the dispute being referred to the Court of Industrial Arbitration, the Court held that the " sit-down " strike was illegal under s. 14B of the Trade Disputes Act as the matter was pending before a Conciliation Officer; and also the refusal of the Applicant to re-employ the workers in question after the end of the strike was also illegal under s. 14A of the Act as the matter in dispute regarding the worker for whom the strike was staged, had already been referred to the Industrial Court. Accordingly the workers in question were not granted their " strike pay " and the Applicant was also ordered to pay six months pay for each worker for wrongful dismissal, in lieu of " reinstatement ", which was no longer feasible. On Application for a writ of certiorari to quash the said order. *Held*: The provisions in the Trade Disputes Act of Burma, are different from the provisions of s. 24 (3) of the Indian Industrial Disputes Act, 1947, where it is provided that a lock-out declared in consequence of an illegal strike shall not be deemed to be illegal. *Spencer and Co., Ltd. and Their Workers*, (1952), Vol. I, Labour Law Journal, 469; *Jeevan Lalle and others* v. *Metal Box Company of India Ltd.* (1952), Vol. II, L.L.J. p. 869; *Mill Manager, Model Mills, Nagpur Ltd.* v. *Dharam Das*, A.I.R. (1958), Supreme Court, 311. In the case under consideration, even if the Applicant had refused to employ the workers in question as he had decided to shut down his goldsmith because of the strike, his action would still be illegal, as under s. 14C of the Trade Disputes Act, retrenchment, discharge or dismissal under such circumstances, is illegal. Regarding the contention that the amount ordered as compensation was unduly harsh as the conduct of the workers in question had entirely dislocated the Applicant's business, the Chief Court cannot take into cognizance facts which are only within the province of the Appellate Court

THE DAGON SHWE-BA-DEIN COMPANY *v.* THE COURT OF INDUSTRIAL ARBITRATION, BURMA AND ONE ... 943

PAGE

TRANSFER OF PROPERTY ACT—SECTION 108—LIABILITIES OF LESSOR—SUIT FOR POSSESSION BY LESSEE AGAINST LESSOR MAINTAINABLE 856

TRANSFER OF PROPERTY ACT—FORFEITURE—SECTION 111 (g) OF THE ACT—REQUIRED NOTICE TO BE SERVED—DEFINITION OF "TENANT" ACCORDING TO URBAN RENT CONTROL ACT ... 919

URBAN RENT CONTROL ACT—NOTICE SERVED ON A PARTNER OF A FIRM NOT VALID—WIFE OF A DECEASED PARTNER HAVING THE RIGHT TO REMAIN IN POSSESSION— DEFINITION OF "TENANT" ... 851

အက်ဥပဒေများ။

ကာလစည်းကမ်းသတ် အက်ဥပဒေ။

တရားမကျင့်ထုံး။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ။

ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ။

မြန်မာပုဒ္ဓဘာသာတရားဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

လောင်းကစား အက်ဥပဒေ။

ဝိနိစ္ဆယ အက်ဥပဒေ။

သက်သေခံ အက်ဥပဒေ။

ဟိန္ဒူဘာသာတရားဥပဒေ။

(၁၉၅၀ ခုနှစ်) အထူးကာလစည်းကမ်းသတ်အက်ဥပဒေ။

အမှုခေါ်စာချွန်တော်။

အောက်မြန်မာပြည် မြို့ပြနှင့် ကျေးရွာများ အက်ဥပဒေ။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ (၄) ၁၉၅၀ ပြည့်နှစ်၊ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေ—သူပုန်စိုးမိုးသည့်ကာလ—နုတ်နိုင်မနုတ်နိုင်။ အယူခံတရားခံများက အယူခံတရားလိုများအပေါ် လက်ရောက်ရလိုမှု တရားစွဲဆိုရာ၌၊ အယူခံတရားလိုများက ငင်းတို့သည်၊ အချင်းဖြစ်အိမ်နှင့် မြေပေါ်တွင် ပိုင်ရှင်အား ဆန့်ကျင်၍ ၁၂ နှစ် ကျော် လက်ရှိနေထိုင်ခဲ့ကြောင်း ထုချေရာ၊ အောက်ရုံးနှစ်ရုံးလုံးက ထိုအချက်ကိုလက်ခံခဲ့သော်လည်း၊ အချင်းဖြစ် ပစ္စည်းများရှိရာဒေသတွင် သောင်းကျန်းသူများ စိုးမိုးခဲ့သဖြင့်၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေအရ၊ ထိုစိုးမိုးသောကာလကို ထုတ်ပယ်လျှင်၊ အမှုမှာ ကာလစည်းကမ်းသတ်အတွင်းဝင်ကြောင်း၊ အဆုံး အဖြတ် ပြုကြလေသည်။ ။ဆုံးဖြတ်ချက်။ ။ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ (၄) ပါ ပြဋ္ဌာန်းချက်များအရမှာ၊ တရားရုံးပိတ်ထားသည့်

PAGE

ရက်များကို ကာလစည်းကမ်းသတ် အချိန်အပိုင်းအခြားမှ နုတ်ရမည်မဟုတ်။ တရားရုံးပိတ်ထားသည့် ကာလအတွင်း၊ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေလျှင်၊ ရုံးဖွင့်သည့်နေ့၌အမှုကိုတင်နိုင်သည်ဟုသာပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ။ မက်(ခ်)ဘူး(လ်)အာမက်နှင့် အွန်ကာပရာတပ်။ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၃ ခု၊ ပရီဗီကောင်စီ၊ စာမျက်နှာ ၈၅ ကို ရည်ညွှန်းသည်။ ထို့ကြောင့် သူပုန်မျိုး စိုးမိုးသည့်ကာလ အချိန်အပိုင်းအခြားကို၊ ကာလစည်းကမ်းသတ် အချိန်အပိုင်းအခြားမှ မနုတ်နိုင်ပေ။

ဦးစံရင် ပါ ၂ နှင့် ဦးဝက် ပါ ၂ .... — 1006

ခွဲခြမ်းဝေငှသောအမှု (Partition suit) အမွေဆိုင်အချို့မှ ပစ္စည်းဝယ်ယူခြင်း တရားစွဲနိုင် မစွဲနိုင်—အမွေဆိုင်အားလုံးအား ထည့်သွင်းရန် လိုအပ်ခြင်း။ ။အယူခံတရားခံသည်၊ အချင်းဖြစ်မြေနှင့် အိမ်ကို မူလပိုင်ဆိုင်သူများ၏ သားသမီး ၅ ဦးအနက်၊ ၄ ဦးနှင့် ၎င်းတို့၏ အမွေခံများထံမှ စာချုပ် ၂ ခုဖြင့် ဝယ်ယူခဲ့၏။ ၎င်းနောက် အယူခံတရားခံသည် မိမိဝယ်ယူရရှိသည့် အမွေဆိုင် သားသမီး ၄ ဦးတို့၏ အစုများကို၊ ရုံးတော်က ခွဲခြမ်းဝေငှသော (Partition suit) ဖြင့်၊ ခွဲခြမ်းဝေငှပေးရန်၊ အယူခံတရားလိုဖြစ်သူ ကျန်နေသေးသည့် အမွေဆိုင် တဦးအပေါ် တရားစွဲဆိုခဲ့သည်။ မူလရုံးသည်၎င်း၊ အောက်အယူခံရုံးသည်၎င်း စွဲဆိုသည့်အတိုင်း ဒီကရီချပေးလိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားခံသည်၊ အမွေဆိုင် အယူခံတရားလိုထံမှ၊ အချင်းဖြစ်အမွေဆိုင်အိမ်နှင့် အိမ်ယာမြေကို၊ ယခုစွဲဆိုသကဲ့သို့၊ ခွဲခြမ်းဝေငှသော (Partition suit) အမှုဖြင့်၊ ၎င်းဝယ်ယူရရှိသည့်အစုများကို ဝေငှရပေးရန်တရားစွဲဆိုခြင်းပြုနိုင်သည်။ စီ၊ တီ၊ အာ (ရ်)၊ အမ်၊ အေ၊ စိုမာစုန်ဒရမ်ချစ်တီးနှင့် မောင်ရွှေညွန့်။ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ဂ၊ စာမျက်နှာ ၄၉၇။ ဘိုးမောင်နှင့် အောင်ဒင်။ ဘာမားလောဂျာနယ်၊ အတွဲ ၁၊ စာမျက်နှာ ၂၆။ ရဲလုမလေးချစ်တီးနှင့် စလေနီပါစာချစ်တီး။ မဒရတ်စီရင်ထုံး၊ အတွဲ ၂၉၊ စာမျက်နှာ ၂၉၄။ မသာအေး ပါ ၅ နှင့် မောင်အီစမ်အင်။ ၁၉၆၂ ခုနှစ်၊ အခွင့်ထူးတရားမ အယူခံမူအမှတ် ၄ ကိုရည်ညွှန်းသည်။ သို့သော် အယူခံတရားခံသည်၊ ထိုသို့စွဲဆိုရာတွင် အမွေဆိုင်အားလုံးကို ထည့်သွင်းစွဲဆိုခြင်းမပြုဘဲ၊ တယောက်ကိုသာ ထည့်သွင်း၍ တရားစွဲဆိုသဖြင့်၊ ၎င်းစွဲဆိုသော အမှုကိုလက်ခံ၍ အတည်ပြုရန် မဖြစ်နိုင်။ အမှုကို ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။

ဒေါ်စိန်ဖြူနှင့် မောင်တင်မြင့် .... — 961

တရားမကျင့်ထုံးဥပဒေ အမိန့် (၇)၊ နည်း (၁၁) (ဂ)—ဆိုလွှာကို နောက်ထပ်၊ ရုံးခွန်တော် မပေးသဖြင့် ပယ်ခြင်း၊ ဆိုလွှာကို ပြင်ဆင်ရန် လျှောက်လွှာ ပဌမစဉ်းစားသင့် မသင့်။ ။အောက်ရုံးက၊ လျှောက်ထားသူအား၊ ရုံးခွန်တော်နေဘက် ထပ်ပေးရန် အမိန့်ချမှတ်ရာ၊ မပေးနိုင်သဖြင့်၊ မိမိတောင်းဆိုသည့် အခွင့်အရေးကို ပြင်ဆင်သည့် ဆိုလွှာတခုကို တင်သွင်းခဲ့၏။ အောက်ရုံးက၊ ထိုပြင်ထားသောဆိုလွှာနှင့်ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြုဘဲ၊ နောက်ထပ်ရုံးခွန်တော်ကိုမပေးသော

PAGE

ကြောင့်၊ ဆိုလျှာတခုလုံးကို တရားမကျင့်ထုံး ဥပဒေအမိန့် (၇)၊ နည်း (၁၁) (၈) အရ၊ ပလပ်လိုက်လေသည်။ ထိုအမိန့်ကို ပြင်ဆင်ရန် တရားရုံးချုပ်သို့ လျှောက်ထားရာ။ ။ဆုံးဖြတ်ချက်။ ။ဆိုလျှာ ပြင်ဆင်ရန်နှင့် ရုံးခွန်တော်ပေး ဆောင်ရန်တို့သည် တခြားစီဖြစ်၍၊ ရုံးတော်က သီးခြားပြီး အမိန့်ချမှတ်ရန် လိုအပ်သည်။ဆိုလျှာကို ပြင်ဆင်ခွင့်ပြုမည် မပြုမည်ကို ပဌမ ဆုံးဖြတ်ချက် ချမှတ်ပြီးမှသာ၊ ရုံးခွန်တော် ပေးဆောင်ရန်နှင့် ပတ်သက်၍ အမိန့်ချမှတ်ရန် ဖြစ်သည်။ ရမ်ပရဆတ်နှင့် ဘီမန်၊ အလဟာဘတ်စီရင်ထုံး အတဲ့ ၂၇၊ စာမျက်နှာ ၁၅၁။ ဒက်ဂျင်ပုဒီရာမကရပ်မှနာရက်ဒီနှင့် ဒက်ဂျင်ပဒီဗွီးရာရက်ဒီ။ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၆ ခုနှစ်၊ မဒရပ်၊ စာမျက်နှာ ၁၂၆။ တီ၊ အာ (ရ်)၊ ဂိုဗွင် ဒရာဂျာမူဒလီယာနှင့် တီ၊ စာရဗွာနာမူဒလီယာ။ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၉ ခုနှစ်၊ မဒရပ်၊ စာမျက်နှာ ၆၄၀ တို့ကို ရည်ညွှန်း၍ လိုက်နာသည်။

မတင်ကြည်နှင့် ကိုဘဒန်၊ ကိုထားဝေ 988

တရားဝင်—ကိုယ်စားလှယ်ထည့်သွင်းရန် လျှောက်ထားသည့်ကိစ္စ—မူလတရားခံက ကြားဖြတ်အမိန့်တခုကို စောဒကဝင်နေစဉ် သေဆုံးခြင်း—မူလရုံး၌ အမှုတွဲ မရှိခြင်း—တရားလိုများ လျှောက်ထားရန် တာဝန်မရှိ။ မူလရုံး၏ ကြားဖြတ် အမိန့်တခုနှင့် ပတ်သက်၍ တရားခံသည် တရားလွှတ်တော်တွင် စောဒကဝင်နေစဉ် အတွင်း၊ ၎င်းသည်။ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် သေဆုံးခဲ့၏။ ။ တရားရုံးချုပ်သည် ထိုစောဒကမှုကို ပယ်ပြီးသည့်နောက် မူလရုံးသည် ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် အမှုတွဲကို ပြန်လည်ရရှိရာ၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် တရားလိုများအား အကြောင်းကြားလိုက်၏၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် တရားလိုတို့သည် ကွယ်လွန်သူတရားခံ၏ တရားဝင်ကိုယ်စားလှယ်များကို အမှုတွင် ထည့်သွင်းရန် လျှောက်ထားရာ၊ မူလရုံးက ခွင့်ပြုခဲ့သည်။ ။ထိုအမိန့်ကို မကျေနပ်၍ စောဒကဝင်ရာ။ ။**ဆုံးဖြတ်ချက်**။ ။ယခု ကဲ့သို့သော အမိန့်မျိုးကို စောဒကဝင်နိုင်သည်ထားဘိဦး၊ တရားလွှတ်တော်သို့ မူလတရားခံက စောဒကဝင်သည့်အခါနိုန်အတွင်း၊ မူလရုံး၌ အမှုတွဲမရှိ။ ထိုရုံးကလည်း မည်သို့မျှဆောင်ရွက်ခြင်းမပြုနိုင်သည်ဖြစ်ရကား၊ ထိုရုံး၌ မူလတရားခံ၏ တရားဝင်ကိုယ်စားလှယ်များကို အမှုသည်အဖြစ် ထည့်သွင်းရန် လျှောက်ထားခြင်း မပြုနိုင်ပေ။ ။ ပင်ကပ်နာဆီမန်ရဗီနှင့် ကွန်ဒါရဗီ။ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၁ ခု၊ ဟိုက်ဒရာဘတ်၊စာမျက်နှာ ၅၅ ကို ရည်ညွှန်းသည်။

ဒေါ်ချစ်ခင် (သေသူ၊ ဦးဘိုးဒေါင်း၏ တရားဝင် ကိုယ်စားလှယ်) နှင့် ဒေါ်လှမေ ပါ ၂ 956

နို့တစ်စာ—ခိုင်လုံသော နို့တစ်စာဖြစ်ရန် မည်သို့လိုက်နာရခြင်း—ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆—လစဉ်စံနစ်ဖြင့်ငှါးရမ်းခြင်း 1027

ပစ္စည်းလွဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၆—လစဉ်စံနစ်ဖြင့်ငှါးရမ်းခြင်း—နို့တစ်စာ၏ ချိုယွင်းချက်။ ။အခင်းဖြစ်အိမ်ကို ၁၃၂၀ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်နေ့က ပင်ငှါးရမ်းခဲ့ရာ၊ နို့တစ်စာတွင် အောက်ပါအတိုင်း ဖေါ်ပြထား၏။

PAGE

"".....၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့ ဌါးရမ်းသောလကုန်တိုင် နေထိုင်ပြီးလျှင်၊ ဌါးရမ်းသောအိမ်မှ ဖယ်ထွက်သွားစေလိုပါသည်။ **ဆုံးဖြတ်ချက်**။ ။အခင်းဖြစ်အိမ်ကို မြန်မာလဖြင့်၊ လဆန်း ၁၂ ရက်နေ့မှ စတင်ဌါးရမ်းခဲ့ရာ၊ ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်နေ့၊ ညသန်းခေါင်အချိန်၌၊ ဌါးရမ်းသည်လကုန်ဆုံးခဲ့လေသည်။ ထို့ကြောင့်၊ ထိုနှစ်တစ်စာမှာ ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့တွင်၊ ဌါးရမ်းသူများအား နေထိုင်ခွင့်ပေးထားသည်ဖြစ်ရာ၊ ပစ္စည်းလွဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၆ နှင့်မကိုက်ညီပေ။ ။ဖမ်းမလူးမား၊နှင့် မူဒူမတ်အမ်(မ်) တီရမ်မီ။ အော၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅ ခုနှစ်၊ ပတ္တနာ၊ စာ ၄၆၃ ကို ရည်ညွှန်းသည်။

ဦးဥတ္တရ နှင့် ဦးသက်ရှည် ပါ ၂ 1027

ပစ္စည်းလွဲပြောင်းရေး ဥပဒေပုဒ်မ ၁၁၁—မြေငှါးခမပေးရုံနှင့် မြေငှါးအဖြစ် ရပ်စဲသည်ဟု ပြဋ္ဌာန်းချက်မရှိ—သက်သေခံ ဥပဒေပုဒ်မ ၁၀၉ ဌါးရမ်းခြင်း ပျက်ပြယ်ကြောင်းပြရန်တာဝန်။ ။**ဆုံးဖြတ်ချက်**။ ။မြေငှါးတဦးသည်၊ မြေငှါးခမပေးရုံမျှဖြင့်၊ မြေငှါးမဟုတ်တော့ကြောင်းဟု မဆိုနိုင်။ မြေငှါးအဖြစ်ရပ်စဲသည်မှာ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၁ ပါ အကြောင်းတခုခုကြောင့်သာ ဖြစ်နိုင်ပေသည်။ ထိုပုဒ်မပါပြဋ္ဌာန်းချက်များတွင်။ ။မြေငှါးခမပေးရုံမျှနှင့်မြေငှါး အဖြစ်ရပ်စဲသည်ဟုပြဋ္ဌာန်းချက်မရှိ။ ။သက်သေခံဥပဒေပုဒ်မ ၁၀၉ အရဆိုလျှင်မြေရှင်နှင့် မြေငှါးဖြစ်ကြောင်း ပေါ်လွင်ကာ၊ဌါးရမ်းခြင်းပျက်ပြယ်ပြီးဖြစ်ကြောင်းကို အဆိုပြုသူက သက်သေတင်ပြရန် တာဝန်ရှိပေသည်။ ရမ်ကိုလာမွန်ဒါနှင့် အပ္ပဒူကာဖူး။ အိန္ဒိယစီရင်ထုံးများ၊ ကာလကတ္တား အတွဲ ၄၊ စာမျက်နှာ ၃၁၄ နှင့် မောင်စံပြည့်နှင့် မောင်ထွန်း။ ၁၈၉၇-၁၉၀၁ အထက်မြန်မာပြည်စီရင်ထုံးများ အတွဲ ၂၊ စာမျက်နှာ ၄၁၄ ကို ရည်ညွှန်းသည်။

နော်စံမယ် ပါ ၃ နှင့် ဒေါ်စိန်မေ ပါ ၂ 959

ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ—ဌါးထားသော ခြံမြေပေါ်တွင် ခြံရှင်က အဆောက်အဦများဆောက်ရန် အခြားသူများအား ဌါးခွင့်ရှိမရှိ—မူလခြံငှါးက မြေခကို မပေးဘဲ နေနိုင်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ အရ၊ ခြံရှင်က မိမိငှါးရမ်းခဲ့သော ခြံမြေတွင် အဆောက်အဦများ ဆောက်လုပ်ပြီး၊ အခြားသူများအား ဌါးရမ်းခဲ့သည်မှာ၊ မူလခြံငှါး၏ အေးချမ်းစွာ လက်ရှိထားပိုင်ခွင့်ကို နှောင့်ရှက်ရာရောက်သည်။ ထို့ကြောင့် မူလခြံငှါးသည် မိမိ၏ အခွင့်အရေး တစိတ်တဒေသကို ဆုံးရှုံးသဖြင့်၊ ထိုသို့ဆုံးရှုံးပြီးနောက်၊ ကျသင့်သော မြေခကို မပေးဆောင်ဘဲ နေနိုင်ပေမည်။ ဆူးရက် (ခ်ဴ) ချန်ဒရာဆမားဒါးနှင့် မသူရာနတ်(သ်)။ အော၊ အိုင်၊ အာ(ရ်)၊ ၁၉၂၅ ခုနှစ်၊ (ကာလကတ္တား) စာ ၁၁၈။ ဂျဂတ်နရိန်းနှင့် တူစီချမာ။ အော၊ အိုင်၊ အာ(ရ်)၊ ၁၉၂၆ ခုနှစ်၊ (ပတ္တနာ) စာ ၅၁၃။ မဟာမက်အလီနှင့် ကရမ်အလီ။ အော၊ အိုင်၊ အာ(ရ်)၊ ၁၉၅၃ ခုနှစ်၊ (ကာလကတ္တား) စာ ၁၃၄ ကို ရည်ညွှန်း၍ လိုက်နာသည်။

ဘီ၊ အမ်၊ အာဇင် (ခေါ်) ဦးဘကလေး နှင့် ဦးသန်းမြင့် 977

PAGE

In this appeal it must be taken as established that both the mortgage of the suit property by the defendant Company to the plaintiff Bank *vide* the registered deed of mortgage (Exhibit ə), dated the 30th January 1957, and the sale of the suit property by the Company to U Ye Myint by a registered deed of sale dated the 20th December 1957 are for consideration. However, as pointed out by the learned trial Judge, at the time the defendant Company executed the registered deed of mortgage in favour of the plaintiff Bank, it had no valid title to the suit property as Daw Mi Mi Gyi, mother of the minor Ma Yin Yin Myint who owned the property had not yet been appointed guardian of her daughter under the Guardians and Wards Act. That sale was void *ab*

initio, vide *C. T. V. E. Vyravan Chettyar* v. *Ma Saw Mwe and others* (1); *Anto* v. *Reoti Kaur and others* (2) and *Ajudhia Prasad and another* v. *Chandan Lal and another* (3). However, in our opinion, when on the 20th December 1957 Daw Mi Mi Gyi in her capacity as guardian of her minor daughter Ma Yin Yin Myint under the Guardians and Wards Act, executed a fresh deed of sale in favour of the defendant Company, that Company obtained a valid title thereto. At the time of the mortgage to the plaintiff Bank, the defendant Company had erroneously represented orally through its Chairman of the Board of Directors U Mya Aung, and also by its recital in the registered deed of mortgage, that it was authorised to make a valid mortgage of the suit property. Therefore in our opinion, section 43 of the Transfer of Property Act came into operation in favour of the plaintiff Bank.

In this connection, it is contended by the learned Advocate for the defendant-appellant U Ye Myint that U Thein (PW 1), General Manager of the plaintiff Bank, admitted that he knew that the owner of the property was a minor Ma Yin Yin Myint represented by her guardian-mother Daw Mi Mi Gyi. Therefore, the learned Advocate contends the plaintiff could not have been misled by any representation made by U. Mya Aung that the defendant Company was in a position to transfer the property in suit. The answer to this contention is that being a layman, U Thein could not have any suspicion of the validity of the deed of sale (Exhibit ∞) dated the 7th December 1956, considering that it was attested by no less a person than U Aye Maung, an Advocate of the High Court. Therefore, it cannot be said that he was not misled into thinking that the defendant Company was authorised to transfer the property in suit.

(1) 12 Ran. 47. (2) (1937) All. 195.
(3) A.I.R. (1957) J., p. 610.

C.C. 1963

U YE MYINT v. THE CENTRAL COMMERCIAL BANK OF BURMA LTD., AND ONE.

Regarding the proviso to section 43 of the Transfer of Property Act it reads:

> "Nothing in this section shall impair the right of transferees in good faith for consideration without notice of the existence of the said option."

The question is whether the defendant U Ye Myint can be given the benefit of this proviso. It has been held by the learned trial Judge that he had acted in good faith in purchasing the suit property and that there was adequate consideration for the sale. However, the circumstances are such that U Ye Myint should have been on his guard before purchasing the property outright from the International Agencies Limited as represented by its Chairman of the Board of Directors, U Mya Aung. According to U Ye Myint's own story, after borrowing a sum of K 80,000 on the 25th January 1957 by executing a pro-note (Exhibit 2) and depositing the registered deed of sale (Exhibit ∞) dated the 7th December 1956, U Mya Aung took away from him two days later, the registered deed of sale on the ground that he was in search of a buyer for the suit property. This deed was not returned to him on the 28th February 1957 when U Mya Aung on behalf of the defendant Company executed the agreement of sale (Exhibit 5). It was not returned to him at any time prior to the 20th December 1957, when the registered sale deed in his favour was executed by U Mya Aung. Therefore, if ordinary prudence would require that before a person buys any immoveable property he should make a diligent search at the Registration Office to see whether it had been encumbered in any way, U Ye Myint should have been more than ordinarily diligent in this respect, in view of U Mya Aung's conduct in not returning to him the previous registered deed of sale dated the 27th January 1957 which he had taken away on the

pretext that he was in search of a buyer for the suit property. Accordingly, the case of *R. Vas* v. *Muni Singh* (4) relied by the learned trial Judge is most apposite and the defendant U Ye Myint must be deemed to have notice of the existence of the mortgage in favour of the plaintiff Bank. He cannot therefore be given the benefit of the proviso to section 43 of the Transfer of Property Act.

Regarding the applicability of section 43 of the Transfer of Property Act to mortgages, the cases of *Eshaq Lal and another* v. *Dulla* (5) and *Mahadeo Singh* v. *Har Buksh Dube* (6) are sufficient authorities.

For these reasons we consider that the learned Judge on the Original Side of the late High Court was right in the conclusion arrived at by him. In the result, the appeal fails and is dismissed with costs. Advocate's fees being assessed at ten gold mohurs.

(4) A.I.R. (1929) Ran., p. 34. (5) A.I.R. (1930) All., p. 115.
(6) A.I.R. (1928) Oudh, 13.

APPELLATE CIVIL

Before U San Maung, J.

C.C. 1963

Apl. 20.

YIN LOT AND THREE OTHERS (APPELLANTS)

v.

MA HLA YIN (RESPONDENT).*

Urban Rent Control Act (1948), *s.* 11 (1) (c)—*eviction—whether tenant can be evicted for sale of illicit liquor by employees at the premises—offence under s.* 30 (b) *of the Burma Excise Act.*

Where an employee of the tenant had been convicted under s. 30 (*b*) of the Burma Excise Act for the sale of illicit liquor and the question in issue was whether the decree for ejectment obtained by the landlord based upon such conviction could be supported in law.

Held : It is clear from the proceedings that the illicit liquor was sold in the shop premises maintained by the defendants. Some of the beer was stored in the ice chest belonging to the defendants, and it was openly consumed in the shop itself. Therefore, at the very least, the defendants must have connived at the offence committed by their employees. Consequently, they are liable for ejectment under s. 11 (1) (*c*) of the Urban Rent Control Act, 1948.

Hla Nyunt for the appellants.

S. L. Verma for the respondent.

U SAN MAUNG, J.—This appeal under section 100 of the Civil Procedure Code and under section 18 of the Urban Rent Control Act is against the judgment and decree of the District Court of Mandalay in Civil Appeal No. 9 of 1960 wherein the learned District Judge dismissed the appeal of the present appellant Yin Lot and three others against the judgment and decree of the Subdivisional Court of Mandalay in its Civil Regular Suit No. 18 of 1959. In that suit the plaintiff-respondent Ma Hla Yin sought to eject her tenants the defendant-appellant Yin Lot and others on the ground that they had been guilty of a conduct which

* Civil Second Appeal No. 25 of 1960 of the Chief Court sitting at Mandalay, against the decree of the District Court of Mandalay in Civil Appeal No. 9 of 1960.

was a nuisance to adjoining occupiers and that their employee had been convicted of having used the premises for an illegal purpose. The plaintiff also alleged that a notice under section 106 of the Transfer of Property Act terminating the tenancy had been served upon the defendants *vide* Exhibit " A ". The defence put up by Yin Lot and others was that they were not guilty of any conduct which was a nuisance to adjoining occupiers as the *kaukswe* shop from which the smell of cooking was said to emanate was opened by them at the premises in suit with the consent of the plaintiff. Regarding the conviction of their employee Maung Tun Ya under section 30 (*b*) of the Burma Excise Act in Criminal Summary Trial No. 983 of 1958 of the 8th Additional Magistrate, Mandalay, the defendants contended that they were not responsible for the conduct of Maung Tun Ya and that therefore the present suit for ejectment based upon Maung Tun Ya's conviction should be dismissed. The learned trial Judge after framing suitable issues came to the conclusion that the suit for ejectment should be decreed as the defendant must be deemed to have connived at the conduct of their employee Maung Tun Ya who was convicted for having sold illicit liquor inside the *kaukswe* shop maintained by the defendants. The issue regarding the alleged nuisance being waived by the plaintiff, was not answered. Notice terminating the tenancy was also held to be valid.

The decree for ejectment was passed on the 26th December 1959 after the Urban Rent Control Act, 1948 had expired by efflux of time on the 8th October 1959. Accordingly, when the defendants appealed to the District Court of Mandalay, the only point which the learned District Judge had to consider was regarding the validity of the notice terminating the tenancy. Holding that this notice was valid in law, the learned District Judge dismissed the defendants' appeal.

C.C. 1963

YIN LOT AND THREE OTHERS v. MA HLA YIN.

The present appeal under section 100 of the Civil Procedure Code and section 18 of the new Urban Rent Control Act, 1960 was filed on the 24th May 1960 and because of the provisions of section 44, clause (*b*) of the new Act, it is necessary to consider whether the decree for ejectment based upon the conviction of the defendants' employee Maung Tun Ya under section 30 (*b*) of the Burma Excise Act can be supported in law.

Now, from the proceedings it is clear that Maung Tun Ya was convicted for selling illict liquor inside the premises in suit which was a *kaukswe* shop maintained by the defendants. The evidence in the case shows that some of the bottles of beer were stored inside the ice chest belonging to the defendants. The beer was openly consumed by the persons who patronised the defendants *kaukswe* shop. Therefore at the very least, the offence committed by Maung Tun Ya must have been connived at by the defendants. Consequently, the defendants were liable to be ejected under the provisions of section 11 (*1*) (*c*) of the Urban Rent Control Act.

As the learned Advocate for the defendant-appellants has not contended that the notice terminating the tenancy is not valid in law, this point does not arise for consideration.

In the result the appeal fails and it is dismissed with costs. Advocate's fees being assessed at three gold mohurs.

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးစောဘသိန်းရှေ့၌

(၁) ဘိုးဝ ပါ ၃၊ (၂) မောင်ဝိုင်း ပါ ၄ (အယူခံတရားလိုများ) † ၁၉၆၃ မတ်လ ၂။
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံ တရားခံများ)*

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၃၇ (၂-က) အစိုးရသက်သေ (ဖေါ်ကောင်) ပါသော အမှုတွင် စစ်ဆေးရမည့် တရားသူကြီး။

ရာဇသတ်ကြီး ပုဒ်မ ၃၅၅ အရ၊ စွဲဆိုသောအမှုတွင်၊ အစိုးရသက်သေ (ဖေါ်ကောင်) ပါဝင်နေသော်လည်း၊ သက်ဆိုင်ရာ အထူး (စက်ရှင်) တရားသူကြီးသည် အမှုတွဲကို သေချာစွာ မဘတ်ဘဲ၊ ရိုးရိုးအထူးအာဏာရ ရာဇဝတ်တရားသူကြီး တဦးဦးထံ ဆက်ခြင်းမှတ်ချက်ချခဲ့၍၊ ရိုးရိုးအထူးအာဏာရ တရားသူကြီးတဦးဦးက အမှုစစ်ဆေး၍ အပြစ်ပေးခဲ့ရာ။

ဆုံဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၃၇ (၂-က) အရ၊ အစိုးရသက်သေ (ဖေါ်ကောင်) (Approver) ပါဝင်နေသောအမှုကို၊ အသူးအာဏာရ၊ ရာဇဝတ်တရားသူကြီးမစစ်နိုင်။ စက်ရှင်တရားသူကြီး၊ သို့မဟုတ် တရားလွှတ်တော်ကသာ စစ်ဆေးရန် ဖြစ်သည်။

သို့သော်ယခုအခါ စက်ရှင်တရားသူကြီးများသည် စက်ရှင်မှုများကို စစ်ဆေးခြင်းမပြုကြသဖြင့် အထူး (စက်ရှင်) တရားသူကြီးထံသို့ အထူးတရားသူကြီး အက်ဥပဒေ ပုဒ်မ ၅ (၂) (၄) ခြင်းချက်အရ စစ်ဆေးရန်အတွက် တင်ပို့ရန်ဖြစ်သည်။

အာဝါမှုခွင်ဆင်းနှင့် ဘုရင်မင်းမြတ်။ [(1938) Indian Appeals (Privy Council), Vol. 65, page 388] ကို လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။ဦးဘိုးသာ၊ ဦးအောင်ရှိန်ဝန်၊ ဦးဟန်းတင်။

အယူခံတရားခံအတွက်။ ။ဦးဘသန်း (အစိုးရတရွေ့နေကြီး)။

တရားသူကြီး ဦးစောဘသိန်း။ ။ဤအယူခံမှုသည် မကွေးမြို့၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၂ မှ ပေါ်ပေါက်၍ ဖြစ်သော အမှုဖြစ်၏။ ထိုအမှုတွင်၊ တရားခံ မောင်ဝိုင်း၊ မောင်ထွန်းဝင်း၊ မောင်

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၃၊ ၂၄၊ ၂၆။

† ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂ တွင် ချမှတ်သော၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့စွဲပါ၊ မကွေးမြို့ (အထူးအာဏာရ) စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၃

(၁) ဘိုးဝ ပါ ၃၊ (၂) မောင်ဝိုင်း ပါ ၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ကျော်ရှိန်၊ မောင်ခွေး၊ မောင်သန်းမောင်နှင့်၊ မောင်သိန်းအောင်တို့အား၊ ရာဇသတ် ကြီးပုဒ်မ ၃၉၅ အရ၊ အပြစ်ပေးရှိ၊ တယောက်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၅) နှစ်စီ ကျခံစေရန် နှင့်တရားခံ မောင်ဘိုး၀၊ မောင်ဟံစိန်နှင့်၊ ဦးသိတို့အား၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၅/၁၀၉ အရ၊ အပြစ်ပေးရှိ၊ တယောက်လျှင်၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၃) နှစ်စီ ကျခံစေရန်၊ အသီးသီး အမိန့်ချမှတ်လိုက်ရာ၊ တရားခံအားလုံးတို့က မကြေ နပ်သဖြင့်၊ ဤရုံးသို့ အယူခံဝင်ကြ၏။

ရှေးဦးစွာ အယူခံ တရားလိုတို့၏ ပညာရှိ ရှေနေကြီးတို့က၊ ၎င်းတို့၏ တာဝန် ဝတ္တရားများအရ၊ ဤရုံးသို့ အမှု စစ်ဆေးရာတွင်၊ ပေါ်ပေါက်လျက်ရှိသည့် ဥပဒေ ချို့ယွင်းချက်ကို တင်ပြကြ၏။ ထိုဥပဒေ မှားယွင်းချွတ်ချော်ချက်မှာ ဤအမှုကို၊ **အစိုးရသက်သေ (ဖေါ်ကောင်) (Approver)** ပါ၀င်နေသဖြင့်၊ ရာဇ၀တ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၃၇ (၂-က) ပြဋ္ဌာန်းချက်အရ၊ မင်းကွန်မြို့၊ အထူး (စက်ရှင်) တရားသူကြီး က၊ စစ်ဆေးခုန် ဖြစ်ပါလျက်၊ မစစ်ဆေးဘဲ၊ မင်းကွန်မြို့၊ စတုတ္ထရာဘက် ရာဇ၀တ်တရား သူကြီးက၊ စစ်ဆေးခြင်းသည် ၎င်းတွင်မရှိသောအာဏာကို ယူ၍ စစ်ဆေးခြင်းဖြစ် သည့်အတွက်၊ ရာဇ၀တ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၀ (တ) အရ၊ ဤအမှုတရားလုံး ပျက်ပြယ်သည်ဟု ယူဆရန်ဖြစ်၏။

ပညာရှိ အစိုးရ ရှေနေကြီးကလည်း၊ အယူခံ တရားလိုတို့၏ ပညာရှိ ရှေနေကြီးတို့ လျောက်ထား ကြသည့်အတိုင်း၊ ဥပဒေအရ ပြင်ဆင်၍ မရနိုင်အောင်၊ အောက်ရုံးက အမှု စစ်ဆေးရာတွင်၊ မှားယွင်း ချွတ်ချော်သဖြင့်၊ အောက်ရုံး ချမှတ်သော အမိန့်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်ပြီး၊ အမှုကို တဖန် ပြန်လည်၍ စစ်ဆေး စေရန် ဖြစ်ကြောင်း လျောက်ထား၏။

ဤအမှုသည် ရာဇသတ်ကြီး ပုဒ်မ ၃၉၅ အရ၊ စွဲဆိုသော အမှုဖြစ်သော်လည်း၊ **အစိုးရ သက်သေ (ဖေါ်ကောင်) (Approver)** မောင်ညိုလုံး (လိုပြ-၆) ပါ၀င် နေသော အမှု ဖြစ်သည်မှာ၊ ပေါ်လွင်လျက်ရှိ၏။ ထိုကြောင့်၊ ဥပဒေအရ၊ ဆုံးဖြတ် ရန်မှာ "ဤအမှုကို မင်းကွန်မြို့၊ စတုတ္ထရာဘက် ရာဇ၀တ်တရားသူကြီး စစ်ဆေးရန်၊ အာဏာ ရှိပါသလား" ဟူ၍ဖြစ်၏။

ရာဇ၀တ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၃၇ (၂-က) တွင်၊

"In every case where a person has accepted a tender of pardon and has been examined under sub-section (2), the Magistrate before whom the proceedings are pending shall,

. . . . . *commit him* for trial to the Court of Session or High Court as the case may be . . . . . "

ဒဏ္ဍာရီ

(၁) ဘိုးဝပါဥ၊
(၂) မောင်ဝိုင်း
ပါ ၄
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ဟူ၍ ပြဋ္ဌာန်းထားသဖြင့်၊ ဤအမှုကို၊ မကွေးမြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး သည် မကွေးမြို့၊ စက်ရှင် တရားသူကြီးထံသို့ စစ်ဆေးရန် တင်ပို့ရမည်ဖြစ်၏။ သို့သော် ယခုအခါ စက်ရှင် တရားသူကြီးများသည် စက်ရှင်မှုများကို စစ်ဆေးခြင်း မပြုကြသဖြင့်၊ မကွေးမြို့၊ စက်ရှင်တရားသူကြီးထံသို့၊ ဤအမှုကို စစ်ဆေးရန် တင်ပို့ခြင်း မပြုဘဲ၊ မကွေးမြို့၊ အထူး (စက်ရှင်) တရားသူကြီးထံသို့ **အထူးတရားသူကြီး အက် ဥပဒေ ပုဒ်မ ၅ (၂) (၄) ခွင့်ပြုချက်အရ**၊ တင်ပို့ရန် ဖြစ်၏။

အမှုန်အားဖြင့် ထိုသို့ တင်ပို့ရန် လိုအပ်သည့်အတိုင်း မကွေးမြို့၊ စတုတ္ထရာဘက် ရာဇဝတ်ဘာရားသူကြီးသည် ဤအမှုကို မကွေးမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီးထံမှ တဆင့် မကွေးမြို့၊ အထူး (စက်ရှင်) တရားသူကြီးထံသို့၊ စစ်ဆေးရန် တင်ပို့ခဲ့၏။ သို့သော် ပညာရှိ အထူး (စက်ရှင်) တရားသူကြီးသည် အမှုတွဲကို သေချာစွာ ဘတ်ရှု လေ့လာခြင်း မပြုဘဲ။ နေ့စဉ် မှတ်တမ်းတွင်၊ ၃၁-၁၀-၆၁ နေ့၌ "ရာဇသတ်ကြီး ပုဒ်မ ၃၅၅ အရ၊ အမှုကို ရိုးရိုး အထူးအာဏာရ ရာဇဝတ် တရားသူကြီး စစ်ဆေးနိုင်ကြောင်း" ဖေါ်ပြပြီး၊ အမှုတွဲကို မကွေးမြို့၊ ခရိုင် ရာဇဝတ်တရားသူကြီးထံသို့ သင့်တော်သော ရာဇဝတ်ဘာရားသူကြီး တဦးဦးထံသို့ လွှဲပြောင်းရန်၊ ပြန်လည်ပေးပို့ခဲ့၏။ ပညာရှိ ခရိုင် ရာဇဝတ်ဘာရားသူကြီးကလည်း၊ အမှုကို မကွေးမြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး ထံသို့ စစ်ဆေးရန် လွှဲပြောင်း ပေးပို့လိုက်၏။ ထို့ကြောင့် ဤဥပဒေ ချုတ်ယွင်းချက် ပေါ် ပေါက်၍လာ၏။

ဤအမှုသည် ရာဇသတ်ကြီး ပုဒ်မ ၃၅၅ အရ ဖြစ်သော်လည်း၊ သာမန် ရာဇသတ် ကြီးပုဒ်မ ၃၅၅ အရ၊ ရိုးရိုး မါးပြတိုက်သည့် အမှုမျိုး မဟုတ်ဘဲ၊ **အစိုးရသက်သေ (ဖေါ်ကောင်) (Approver)** ပါဝင်နေသော အမှုဖြစ်၍၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၃၇ (၂-က) အရ၊ မကွေးမြို့၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီး အလျှဉ်းမ စစ်ဆေးနိုင်သော အမှုမျိုးဖြစ်သည်မှာ၊ ပေါ်လွင် ထင်ရှား၏။

ဘာဒါဖွဒွယ်ဆင်း နှင့် ဘုရင်မင်းမြတ် (၁) စီရင်ထုံးတွင်၊

"The tendering of conditional pardons to, and the acceptance thereof by, the approvers, and their subsequent examination came substantially within, and brought into operation the provisions of *section 337, sub-section 2-A* of the Criminal Procedure Code . . . . . and the trial of the appellant by

(1) (1938) Indian Appeals (Privy Council), Vol. 65, p. 388.

ဒဂ်ဇ၃

(၁) ဘိုးဝ ပါ ၃၊
(၂) မောင်ဝိုင်း ပါ ၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

the Special Magistrate (who was invested with powers under section 30 of the Code of the Criminal Procedure) was therefore *without* jurisdiction . . . ."

ဟူ၍၊ ပရီဗီကောင်စီ (**Privy Council**) က၊ ဆုံးဖြတ်ချက် ချမှတ်၏။

ဤစီရင်ထုံးတွင်၊ ဖေါ်ပြသောအမှုသည် ယခုအမှုနှင့် အလားတူဖြစ်၏။ ထိုအမှုတွင်၊ **အစိုးရ သက်သေ** (ဖေါ်ကောင်) (**Approver**) ပါဝင်သောအမှုဖြစ်လျက်နှင့် အထူး အာဏာရ ရာဇဝတ်တရားသူကြီးက စစ်ဆေး၍၊ တရားခံအား အပြစ်ပေးသည်ကို၊ သက်ဆိုင်ရာ တရားလွှတ်တော်က အတည်ပြုသော်လည်း၊ ပရီဗီကောင်စီက အဆိုပါ အမှုကို အထူး အာဏာရ ရာဇဝတ်တရားသူကြီး မစစ်ဆေးနိုင်ဘဲ၊ စက်ရှင် တရားသူကြီး၊ သို့မဟုတ် တရားလွှတ်တော်ကသာ စစ်ဆေးရန်ဖြစ်ကြောင်း ဆုံးဖြတ်၍ အောက်ရုံး ချမှတ်သော ပြစ်မှု ထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်ပြီး၊ အမှုကိုတဖန် ဥပဒေလိုအပ်သလို ပြန်လည်၍ စစ်ဆေးစေရန် အမိန့် ချမှတ်လိုက်၏။

အမှုစစ်ဆေးခြင်း ကြန့်ကြာခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် ချမှတ်ထားပြီးဖြစ်သော အမိန့်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်ပြီး၊ အမှုကိုတဖန် ပြန်၍ စစ်ဆေးစေခြင်းကို မပြုလိုသော်လည်း အထက်၌ ဖေါ်ပြခဲ့သည့်အကြောင်းမျှားနှင့် ဥပဒေ စီရင်ထုံးမျှားအရ၊ မကွေးမြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး ချမှတ်သော ပြစ်မှု ထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်တို့သည် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၀ (တ) အရ အတည် မဖြစ်နိုင်ဘဲ ပျက်ပြယ်ရမည်ဖြစ်၏။

အယူခံ တရားလိုတို့၏ ပညာရှိ ရှေ့နေကြီးတို့က၊ ဤအမှုကို (၄-၇-၆၀) နေ့တွင် ရုံးတင် တရားစွဲဆို၍၊ ၂၀-၁၁-၆၂ နေ့မှသာ ပြီးဆုံးခြင်းသို့ ရောက်သဖြင့်၊ အယူခံ တရားလိုတို့သည် အချုပ်တွင် နှစ်နှစ်ကျော် ခံရပြီးမှ၊ အမှုကို တဖန် ပြန်၍ စစ်ဆေးစေလျှင် ၎င်းတို့အား အာမခံဖြင့် ထုချေခွင့်ပြုရန် လျောက်ထားကြ၏။

ဤအမှုကို တဖန်ပြန်၍ စစ်ဆေးစေရန် လိုအပ်သဖြင့် အာမခံပေးသင့်၊ မပေးသင့်နှင့် ပတ်သက်သော အမှုအကြောင်းခြင်းရာ သက်သေခံချက်တို့ကို၊ ဖေါ်ပြခြင်း မပြုလိုသည့်အတွက်၊ အာမခံ ပေးခြင်း အကြောင်းနှင့် ပတ်သက်၍ စဉ်းစားခြင်း မပြုဘဲ အယူခံ တရားလိုတို့သည် သက်ဆိုင်ရာ အထူး (စက်ရှင်) တရားသူကြီးထံ၌၊ ဥပဒေအရ၊ လျောက်ထားသင့်ဖြစ်၏။

အထက်ဖေါ်ပြပါ၊ အကြောင်းမျှားကြောင့် အယူခံ တရားလိုတို့အပေါ် အောက်ရုံးချမှတ်သော ပြစ်မှု ထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို၊ အတည်မပြုနိုင်သဖြင့် ပယ်ဖျက်ပြီး၊ အမှုကို တဖန် မကွေးမြို့၊ အထူး (စက်ရှင်) တရားသူကြီးက ဥပဒေအရ၊ ပြန်လည်၍ စစ်ဆေး စေရန် အမိန့်ချမှတ်လိုက်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးဆွန်းတင် နှင့် တရားသူကြီး ဦးမောင်မောင် တို့ရှေ့တွင်

ဘားမားတင်းဘားကုမ္ပဏီ (အယူခံတရားလို) † ၁၉၆၃

နှင့် မတ်လ ၁၈ ရက်။

အမေရိကံ အင်တာနေရှင်နယ် အန်ဒါရိုက်တာ ဘားမား လီမိတက် (အယူခံတရားခံ)*

မြန်မာပြည် တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၇၊ မြန်မာပြည်တံဆိပ်ခေါင်း အက်ဥပဒေ စာရင်း (၁) အပိုဒ် ၄၇။ အခိုက်အတန့် အာမခံစာတမ်း။ တရားဝင်သေဒနကြောင်း အာမခံ စာချုပ်ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။တံဆိပ်ခေါင်း အက်ဥပဒေ စာရင်း (၁) အပိုဒ် ၄၇ ခြွင်းချက်၌ အကျုံးဝင်သော အာမခံ စာချုပ် မပြုလုပ်မီ၊ အခိုက်အတန့်အားဖြင့် ထုတ်ပေးထားသော အာမခံ စာတမ်းမျိုးသည်၊ ပင်လယ်ဒနကြောင်း အာမခံစာချုပ် မဟုတ်နိုင်။

မြန်မာပြည် တံဆိပ်ခေါင်း အက်ဥပဒေ အပိုဒ် (၇) ပါ၊ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သောငြင်းလွှယ်ရေကြောင်းဆိုင်ရာ၊ အာမခံပဋိညာဉ်ကို အခြေပြု၍၊ မည်သည့်ရုံးတွင်မှ တရားစွဲဆိုခြင်းမပြုနိုင်။

စူရပ်(ဒ်) များနဂိုရဲင်းများ နှင့်တရစ်(ဒ်) ထွန်အာမခံကုမ္ပဏီလီမိတက် ၁၉၂၅ ခုနှစ်၊ အေ၊အိုင်၊ အာရ်၊ပရီဗီကောင်စီ (စာ) ၈၃ ကိုရည်ညွှန်းသည်။

ထို့ပြင် ဤအမှုပါ အခိုက်အတန့် အာမခံ စာတမ်းတွင် ဒွေမည်၍ မည်မျှအတွက်၊ အတိအကျ အာမခံသည်ကို ဖော်ပြထားခြင်းမရှိ၊ မြန်မာပြည် တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၇ (၃) တွင် အကျုံးဝင်သော၊ ပင်လယ် ရေကြောင်း အာမခံ စာချုပ်ဖြစ်သည်ဟု မဆိုနိုင်။

ဒီရကခ်ဂျီနှင့် ဟဂျီကခ်ဂျီ အမှု။ ၁၉၂၃ ခုနှစ်၊ အေ၊အိုင်၊အာရ်၊ဘုံဘေ စာ၊ ၁၄၂၊ နှင့် **အာမက်ရွား နှင့် ဂရဲင်းနလေးကုမ္ပဏီ** အမှု။ ၁၉၄၄ ခုနှစ်၊ အေ၊အိုင်၊အာရ်၊ဆင်း (ဒ်) စာ၊၉၈ တို့ကိုခွဲခြားရှင်းပြသည်။

အယူခံတရားလိုအတွက် ။ဦးအောင်မင်း (၁)။

အယူခံတရားခံအတွက် ။မစ္စတာ ဂျီ၊ အင်၊ ဘာနာဂျီ။

---

* ၁၉၆၂ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၃။

† ၁၉၅၈ ခုနှစ်၊ တရားမပဋိမအယူခံမှု အမှတ် ၂၁ တွင် ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ တရားလွှတ်တော်အယူခံဘက်ဆိုင်ရာ ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

ဘားမား
တင်းဘား
ကုမ္ပဏီ
နှင့်
အမေရိကံအင်
တာနေရှင်နယ်
အန်ဒါရိုက်တာ
ဘားမား
လီမိတက်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤ အမှုတွင် အယူခံတရားလို မစ္စက် ဘားမား တင်းဘားကုမ္ပဏီသည်၊ အယူခံ တရားခံ အမေရိကံ နိုင်ငံတကာအာမခံသူများ (မြန်မာပြည်) လီမိတက်ထံမှ ၎င်းတို့ ထုတ်ပေးသော အခိုက်အတန့် အာမခံစာတမ်းအရ၊ ရန်ကုန် မြစ်တွင်း၌ ပျောက်ဆုံးသော သစ်လုံးများအတွက် ငွေသုံးသောင်းကျော် ရရှိရန်တရားစွဲဆိုခဲ့ရာ မအောင်မြင်ခဲ့။ အယူခံရုံးတွင်လည်း၊ တရားရှုံးသဖြင့်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆၆ အရ၊ အခွင့်ထူးဖြင့် ယခုအယူခံ ဝင်ခြင်းဖြစ်သည်။

အမှု အကြောင်း ခြင်းရာများကို မူလရုံးနှင့် ပဌမအယူခံရုံးတွင် ဖေါ်ပြထားပြီး ဖြစ်သဖြင့် ယခုအသေးစိတ် ထပ်မံဖေါ်ပြရန် မလိုတော့ပေ။ လိုရင်းအချက်များမှာ၊ အယူခံတရားလို ကုမ္ပဏီသည် မိမိတို့ပိုင် ရန်ကုန်မြစ်တွင်းရှိ သစ်လုံးများကို ဖေါင်ဖွဲ့၍၊ ပင်လယ်ကူး သဘော်ဘင်ရန် ပြင်ဆင်သည်တွင်၊ အယူခံတရားခံက၊ ထိုသစ်လုံးများနှင့် ပတ်သက်၍ အာမခံရန် သဘောတူကြလေသည်။ ယင်းသို့ သဘောတူသည့် အတိုင်း၊ အယူခံတရားခံက သက်သေခံအမှတ် (ခ) အာမခံစာတမ်းကို အာမခံစာချုပ် မပြုလုပ်မီ အခိုက်အတန့်အားဖြင့် ထုတ်ပေးပြီး၊ အယူခံတရားခံထံမှ၊ အယူခံတရားလိုသို့ ရေးသော စာသက်သေခံအမှတ် (ဃ) အရ၊ထိုအာမခံစာတမ်းကို ရည်ညွှန်း၍သစ်လုံးများ သဘော်ဘေါ် မရောက်မီ၊ မိမိတို့ ၎င်းသစ်လုံးများအတွက် အာမခံကြောင်းဖြင့် ဝန်ခံ၏။ သို့စဉ်အတွင်း၊ ရန်ကုန်မြစ်တွင် လေထန် လှိုင်းကြီးသဖြင့် လှိုင်းလုံးများ သစ်ဖေါင်ကိုရိုက်ရာ သစ်ဖေါင် ပျက်ကွဲပြီး သစ်လုံး ၁၇၀ ပျောက်ဆုံး၍၊ ထိုပျောက်ဆုံးသော သစ်လုံးများအတွက်၊ အယူခံတရားလိုက အဆိုပါ အခိုက်အတန့် ထုတ်ပေးသော အာမခံစာတမ်းကို အခြေပြု၍၊ အယူခံတရားခံ အပေါ်၌ တရားစွဲဆိုခြင်းဖြစ်သည်။ အယူခံတရားခံကလည်း၊ ထိုအခိုက်အတန့် အာမခံ စာတမ်းမှာ တရားဝင်သော ခွေကြောင်း အာမခံ စာချုပ်မဖြစ်သဖြင့်၊ ထိုစာတမ်း အပေါ် မှာမူတည်၍၊ တရားမစွဲဆိုနိုင်ကြောင်းဖြင့် ထုချေ၏။ မူလရုံးသည်၎င်း အယူခံ ရုံးသည်၎င်း ယင်းသို့ ထုချေသည်ကို လက်ခံပြီးလျှင်၊ အယူခံတရားလို၏ စွဲဆိုချက်ကို ပယ်ခဲ့ကြလေသည်။

ဤအမှု အကြောင်းခြင်းရာများနှင့် သက်ဆိုင်သော၊ မြန်မာပြည် တံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

7. (1) No contract for sea-insurance (other than such insurance as is referred to in section 506 of the Marchant Shipping Act, 1894) shall be valid unless the same is expressed in a sea-policy.

(2) No sea-policy made for time shall be made for any time exceeding twelve months.

(3) No sea-policy shall be valid unless it specifies the particular risk or adventure, or the time, for which it is made, the names of the subscribers or underwriters, and the amount or amounts insured.

၁၉၆၃
ဘားမား
တင်းဘား
ကုမ္ပဏီ
နှင့်
အမေရိကံအင်
တာနေရှင်နယ်
အန်ဒါရိုက်တာ
ဘားမား
လီမိတက်။

ထိုပြဋ္ဌာန်းချက်များအရဆိုလျှင်၊ ပင်လယ် ရေကြောင်း အာမခံ စာချုပ်တွင် ရေးမှတ်ထားသော၊ ပင်လယ်ရေကြောင်း အာမခံ ပဋိညာဉ်မှတပါး၊ အခြားပင်လယ် ရေကြောင်း အာမခံ ပဋိညာဉ်မျိုးသည်၊ တရားမဝင် အတည်မဖြစ်ရဟု အတိအလင်း သတ်မှတ် ထားလေသည်။ ယင်းသို့ သတ်မှတ်ထားသည် ဖြစ်၍ အဆိုပါပြဋ္ဌာန်းချက် များတွင် အကျုံးမဝင်သော ပင်လယ်ရေကြောင်း ဆိုင်ရာ အာမခံ ပဋိညာဉ်ကိုအခြေ ပြု၍၊ မည်သည့်ခုံးဘွင်မှ တရားစွဲဆိုခြင်းမပြုနိုင်ပေ။ ဤအချက်နှင့်စပ်လျဉ်း၍ **စူရပ်(ဒ်) မားနဂိုရှင်းမား** နှင့် **တရစ်(ဒ်)ထွန်အာမခံကုမ္ပဏီလီမိတက်** (၁) အမှုတွင် ပရီဗီ ကောင်စီက အောက်ပါအတိုင်း မြွက်ဆိုခဲ့၏။

No Court can enforce as valid, that which competent enactments have declared shall not be valid, nor is obedience to such an enactment a thing from which a Court can be dispensed by the consent of the parties, or by a failure to plead or to argue the point at the outset . . . . . The enactment is prohibitory. It is not confined to affording a party a protection of which he may avail himself or not as he pleases. It is not framed solely for the protection of the revenue and to be enforced solely at the instance of the revenue officials, nor is the prohibition limited to cases, for which a penalty is exigible. The expression of an agreement for sea insurance, otherwise than in a policy, is a thing forbidden in the public interest, and the statutory insistence on a policy is no mere collateral requirement or prescription of the proper way of making such an agreement. To allow the suit to proceed in defiance of S. 7 would defeat the provisions of the law laid down therein.

* * * *

* * * *

ယခုအမှုဘွင်၊ အယူခံဘရားလိုများသည်၊ ပင်လယ် ရေကြောင်း အာမခံ ပဋိညာဉ် ပေါ်မူတည်၍၊ တရားစွဲဆိုလေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍၊ အငြင်း မထွက်ခဲ့ချေ။ ပင်လယ် ရေကြောင်း အာမခံ စာချုပ်ကား မရှိခဲ့ပေ။ သို့သော် အယူခံ တရားလို၏

(၁) ၁၉၂၅ ခုနှစ်၊ အေးအိုင်၊အာရ်၊ ပရီဗီကောင်စီ (စ၁) ၈၃။

၁၉၆၃

ဘားမား တင်းဘား ကုမ္ပဏီ နှင့် အမေရိကံအင် တာနေရှင်နယ် အန်ဒါရိုက်တာ ဘားမား လိမိတက်။

ပညာရှိ ရှေ့နေကြီးက၊ အထက်ဖော်ပြပါ အခိုက်အတန့် အာမခံစာတမ်းနှင့် အယူခံ တရားခံ ပေးပို့သော စာသက်သေခံ အမှတ်(၈) ကိုပူးတွဲပေါင်းခြုံ၍ လေ့လာသုံးသပ် သော်၊ ပင်လယ်ရေကြောင်း အာမခံ စာချုပ် မပြုလုပ်စေကာမူ၊ထိုစာတမ်းနှင့် ပေးစာ နှစ်ခုပ်မှာ ပင်လယ်ရေကြောင်း အာမခံ စာချုပ် ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း နှင့် လျောက်လဲလေသည်။ ယင်းသို့ လျောက်လဲရာ၌၊ **ဒရိုကမ်ဂျီ** နှင့် **ဟဂျီကမ်ဂျီ** (၂) အမှု၊ **အာမက်ရှား** နှင့် **ဂရဲင်းနလေးကုမ္ပဏီ** (၃) အမှုတို့ကိုညွှန်းသည်။ သို့သော် ရိကမ်ဂျီအမှု (၂) မှာ ၁၉၂၃ ခုနှစ်တွင်ဆုံးဖြတ်သည်ဖြစ်၍၊ အဆက်၌ဖော်ပြခဲ့သည်။ ၁၂၅ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သော ပရီဗီကောင်စီ အဆုံးအဖြတ်မပေးမီ၊ ဆုံးဖြတ်သော အမှုဖြစ်သည်၊ အာမက်ရှား အမှု(၃) မှာ ၁၉၄၄ ခုနှစ်တွင် ဆုံးဖြတ်သော်လည်း၊ ထိုပရီဗီကောင်စီ အဆုံး အဖြတ်ကို လေ့လာသုံးသပ်ခွင့် တရားသူကြီးများ ရရှိခဲ့ ကြဟန်မတူ။ ထိုအမှုနှစ်မှုလုံးတွင် သက်ဆိုင်ရာ စာတမ်းများသည်၊ ပင်လယ်ရေ ကြောင်း အာမခံ စာချုပ်ကဲ့သို့ပင်၊ ပြည့်စုံသည်ဟု တရားသူကြီးများ ယူဆကြလေ သည်။ ဤယင်းသို့ယူဆသည်ကို ပရီဗီကောင်စီက မည်သို့ သဘောထားမည်ကို မသိမှု နိုင်ပေ။

ထိုမျှသာ မကသေး၊ ဤအမှုပါ အခိုက်အတန့် အာမခံစာတမ်းတွင်၊ အာမခံ ကုမ္ပဏီ စုံစမ်းစစ်ဆေး ရရှိသောအချက်များပေါ် မူတည်၍၊ နောင်ကာလ၌ ပြုလုပ် ထုတ်ပေးမည်ဖြစ်သော၊ ပင်လယ်ရေကြောင်း ဆိုင်ရာ အာမခံ စာချုပ်ပါ စည်းကမ်း ချက်များအရသာလျှင် တာဝန်ယူမည်ဟု အတိအလင်းဖော်ပြထားလေသည်။ ထို့ ကြောင့် ထိုစာတမ်းသည် အာမခံစာချုပ် မဟုတ်သည်မှာ ထင်ရှားလှ၏။

ထို့ပြင်လည်း၊ မြန်မာပြည် တံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၇ (၃) အရဆိုသော် အာမခံသည့် ငွေကိုဖော်ပြထားမှသာလျှင်၊ အာမခံ စာချုပ်သည် တရားဝင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သက်သေခံအမှတ် (ခ)စာတမ်းတွင်၊ အစွမ်းကုန် အာမခံသည့်ငွေ မည်ရွေ့ မည်မျှဟု ဖော်ပြထားပါသော်လည်း၊ ငွေ မည်မျှအတွက် အာမခံသည်ဟု ဖော်ပြထားခြင်း မရှိချေ။ ယင်းသို့ ငွေမည်မျှအတွက် အတိအကျ အာမခံသည်ကို အာမခံ စာချုပ်ချုပ်ဆိုမှသာလျှင်၊ ဖော်ပြရန် ရည်ရွယ်ဟန်တူသည်။ အထက်ဖော် ပြပါအကြောင်းများကြောင့် သက်သေခံ အမှတ် (ခ) စာတမ်းကို၊ သက်သေခံအမှတ် (၈)စာတမ်းနှင့် ပူးတွဲ၍ လေ့လာသုံးသပ်သော်လည်း၊ မြန်မာပြည် တံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၇ တွင် အကျုံးဝင်သော ပင်လယ်ရေကြောင်း အာမခံ စာချုပ် ဖြစ်သည်ဟုမဆိုနိုင်ပေ။

---

(၂) ၁၉၂၃ ခုနှစ်၊ အေ၊အိုင်၊အာရ်၊ ဘုံဘေ၊ စာ ၈၄၂။

(၃) ၁၉၄၄ ခုနှစ်၊ အေ၊အိုင်၊အာရ်၊ ဆင်း(ဒ်)၊ စာ ၉၀။

ဒဂ္ဂဒု

ဘားမား တင်းဘွား ကုမ္ပဏီ နှင့် အမေရိကံအင် တာနေရွင်နယ် အန်ဒါရိုက်တာ ဘားမား လီမိတက်။

ထိုစာဘမ်းသည်၊ တံဆိပ်ခေါင်း အက်ဥပဒေ စာခုနှင်း (၁) အပိုဒ် ၄၇၊ ခြွင်းချက် တွင်ပါရှိသော "**Letter of cover or engagement to issue a policy of insurance :**" ဆိုသည့် စကားရပ်တွင် အကျုံးဝင်သည့်၊ အခိုက်အတန့် အာမခံစာဘမ်းမျိုး ဖြစ်၍၊ ပင်လယ်ရေကြောင်း အာမခံ စာချုပ် မဟုတ်နိုင် ပေ။ ထိုစာချုပ်၌ တံဆိပ်ခေါင်း ကပ်မထားခဲ့။ ရည်ရွယ်ချက်မှာ ပင်လယ်ရေကြောင်း အာမခံ စာချုပ် ချုပ်ဆိုခြင်း မပြုရသေးသဖြင့် ထိုအခိုက်အတန့် အားဖြင့် ထုတ်ပေး သော စာဘမ်းကို ခေါင်းမကပ်ဘဲ ထားကြဟန်တူသည်။

ထို့ကြောင့် ထိုသက်သေခံအမှတ် (ခ) နှင့် (ဃ) အပေါ် မူတည်၍ အယူခံတရားလို များ တရားစွဲဆိုခြင်း မပြုနိုင်ပေ။

အယူခံမှုကို စရိတ်နှင့် တကွ ပယ်လိုက်သည်။ ကျိုရုံးရွှေနေခမှာ ငွေ ၇၅ ကျပ် ဖြစ်စေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့တွင်

† ၁၉၆၃ ခု ပြည်လ ၂ ရက်။

မစွစ် အမ်၊ အက်(ဖ်)၊ မက်ဆိုးနိုး ဒေါ်ခ ပါ ၂ } (အယူခံတရားလို)

နှင့်

ဒေါ်ခ ပါ ၂ မစွစ် မက်ဆိုးနိုး ပါ ၂ } (အယူခံတရားခံ)*

တရားမကျင့်ထုံးပုဒ်မ ၁၄၄ အိမ်ဂါးနှင့်မသက်ဆိုင်သော်လည်း အိမ်ရှင်က ဇာရီပြူလုပ်ရာတွင် ၎နှင့်ထုတ်ခံရသူ မြေလက်ရောက်ပြန်လည်မရရှိလျှင် လျော်ကြေးရရှိရမည့် အခွင့်အရေး။

အိမ်ရှင်သည် အိမ်ဂါးအား နှင်ထုတ်ရန် အမှုစွဲဆိုရာ၊ အနိုင်ဒီဂရီရရှိပြီး၊ ထိုဒီဂရီကို ဇာရီပြူလုပ်ရာ၌၊ အိမ်ဂါးအား နှင်ထုတ်ခဲ့သည်သာမက အိမ်ဂါးမှတဆင့် ဂါးယူသူ မဟုတ်သူကိုပါ နှင်ထုတ်ခဲ့ပြီး၊ ၎င်း၏အိမ်ကို ဖျက်ခဲ့လေသည်။

အိမ်ဂါးမဟုတ်သူက မြေကိုပြန်လည်လက်ရောက် ရရှိရေးကို အရေးဆိုရာ မြေကိုအခြားသူများအား ရောင်းချပြီး ဖြစ်သဖြင့် ပြန်လည်ပေးအပ်ရန် မဖြစ်နိုင်တော့သည့်အတွက် အဖျက်ခံရသော အိမ်တန်ဘိုးနှင့် တရားစရိတ်ကို လျော်ကြေးအဖြစ် ပေးအပ်ရန် အောက်ရုံးတရားသူကြီးက အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မကျေနပ်၍ အိမ်ရှင်သည်၎င်း၊ ထိုသူသည်၎င်း အသီးသီး အယူခံဝင်ကြရာ။

ဆုံးဖြတ်ချက်။ ။အောက်ရုံးက ချမှတ်သော အမိန့်မှာ ဒီကရီကို ပယ်ဖျက်သောအမိန့်၊ သို့တည်း မဟုတ် ပြင်သောအမိန့်မျိုးမဟုတ်သဖြင့်၊ တရားမကျင့်ထုံးပုဒ်မ ၁၄၄ တွင် အကြုံးမဝင်ချေ။ သို့သော် အိမ်ဂါးနှင့် မသက်ဆိုင်ဘဲ နှင်ထုတ်ခံရသူမှာ မတရားလက်လွတ် ခံရသဖြင့် လက်လွတ်သည့်မြေကို ပြန်လည်ရရှိထိုက်ပေသည်။ အကယ်၍ ပြန်လည်မရရှိနိုင်လျှင် သင့်တော်သော လျော်ကြေးရထိုက်ပေသည်။ အောက်ရုံးတရားသူကြီးက သတ်မှတ်ခဲ့သော လျော်ကြေးကို အိမ်ရှင်ကပင် မငြင်းဆိုသဖြင့်၊ ၎င်းအတိုင်း လက်ခံရပေမည်။

ကျေ၊ ဘာဟမ်နှင့် ကေ ဒါနတ်မာရဝါရီ ၁၉၂၂—၄၉၊ အိုင်၊ အေ၊ စာမျက်နှာ ၃၅၁-၃၅၅ ကို ကိုးကားသည်။

ဤကဲ့သို့သော အမှုမျိုးတွင် အယူခံပိုင်ခွင့် ရှိမရှိနှင့်ပတ်သက်၍ တရားလွှတ်တော်များ အယူအဆကွဲလွဲနေကြသည်။ ဤအမှုတွင်ကား ဤအချက်ကို ဆုံးဖြတ်ရန်မလို။

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂ နှင့် ၃၅။

† ၁၉၆၁ ခုနှစ်၊ တရားမအထွေထွေမှုအမှုထ် ၁၁ တွင် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့၌ပါ ရန်ကုန်မြို့မ တရားမတရားသူကြီးချုပ်ရုံး၌ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျဂနာသန်။

အယူခံတရားခံ ၁ အတွက်။ ။ဦးညွန့်။

အယူခံတရားခံ ၂ အတွက်။ ။ဦးဘသော့။

၁၉၆၃

မစ္စစ် အမ်၊ အက်(ဖ်)၊ မက်ဆိုးနီး ဒေါ်ခပါ ၂ နှင့် ဒေါ်ခုပါ ၂ မစ္စစ် မက်ဆိုးနီး ပါ ၂။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှု နှစ်မှုမှာ အမိန့်တရပ်တည်းမှ ပေါ်ပေါက်ခဲ့သည့်အပြင်၊ တပြိုင်တည်း ကြားနာခဲ့သည်ဖြစ်၍၊ ဤအမိန့်တရပ်တည်းဖြင့်ပင် အဆုံးအဖြတ် ပြုမည်ဖြစ်သည်။

အမှုအကြောင်းခြင်းရာ အတိုချုပ်မှာ၊ မစ္စစ်မက်ဆိုးနီးသည်၊ မိမိပိုင်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ မြေကွက်အမှတ် ၂၆၇ မှ အိမ်ငှါးဖြစ်သူ မတင်အား နှင်ထုတ်ရန်၊ ရန်ကုန်မြို့၊ တရားမရုံး၌ တရားစွဲဆိုရာ၊ အနိုင်ဒီကရီ ရရှိပြီး၊ ထိုဒီကရီကို ဇာရီပြုရန် လျှောက်ထားသည်တွင်၊ တရားမရုံး ဘီးလစ်က မတင်နှင့် ၎င်း၏အိမ်ငှါးများအား ထိုမြေပေါ်မှ ထွက်ခွါဖယ်ရှားစေခဲ့၏။ ထိုမျှသာမကသေး၊ မတင်ထံမှတဆင့် အငှါးခံယူသူမဟုတ်သည့် အယူခံ တရားလို ဒေါ်ခကိုပင် ၎င်းပိုင်အိမ်ကိုဖျက်ပြီး၊ နှင်ထုတ်လိုက်၏။ ဒေါ်ခ၏ အဆိုမှာ မိမိသည်၊ မစ္စစ် မက်ဆိုးနီး၏ အခွင့်နှင့် နေထိုင်ခဲ့ကြောင်း၊ မိမိ၏အိမ်ကို မတရား ဖျက်သဖြင့်၊ မြေကိုပြန်လည် လက်ရောက်ရလိုကြောင်းနှင့် အရေးဆို၏။ တရားလွှတ်တော် ပြင်ဆင်မှုအမှတ် ၃၉/၅၉ တွင်၊ တရားလွှတ်တော်က၊ ဒေါ်ခအား မတရားနှင်ထုတ်သည်ဖြစ်၍ ပြန်လည်လက်ရောက် အပ်ပေးစေရန် အမိန့်ချမှတ်လိုက်၏။ ထိုအမိန့်အတိုင်း ရန်ကုန်မြို့၊ တရားမရုံးသို့ ခေါ်ခလျှောက်ထားသည်တွင်၊ ထိုရုံး တရားသူကြီးချုပ်က၊ အဆိုပါမြေကို အခြားသူများအား ရောင်းချပြီးဖြစ်သဖြင့်၊ ဒေါ်ခ အား ပြန်လည်ပေးအပ်ရန် မဖြစ်နိုင်တော့သည့်အတွက်၊ အဖျက်ခံရသည့် အိမ်တန်ဘိုးငွေ ၃,၀၀၀ ကျပ်နှင့် မှုခင်းတွင် ကုန်ကျသော တရားစရိတ်ငွေ ၅၀၀ ကျပ် စုစုပေါင်းငွေ ၃,၅၀၀ ကျပ်ကို မစ္စစ် မက်ဆိုးနီးက ဒေါ်ခအား လျော်ကြေးအဖြစ်ပေးရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို မစ္စစ် မက်ဆိုးနီးသည်၎င်း၊ ဒေါ်ခသည်၎င်း အသီးသီး အယူခံဝင်ကြသည်။

တရားသူကြီးချုပ် ချမှတ်သော အမိန့်မှာ ဒီကရီကို ပယ်ဖျက်သောအမိန့်၊ သို့တည်းမဟုတ် ပြင်သောအမိန့်မျိုးမဟုတ်သဖြင့်၊ တရားမကျင့်ထုံး ပုဒ်မ ၁၄၄ တွင် အကျုံးမဝင်ချေ။ သို့သော် ဒေါ်ခမှာ တရားအတိုင်းမဟုတ်ဘဲ မတရားလက်လွတ် ခံရသဖြင့် လက်လွတ်သည့်မြေကို ပြန်လည်ရရှိထိုက်ပေသည်။ အကယ်၍ လုံလောက်သော အကြောင်းတခုခုကြောင့်၊ ယင်းသို့ ပြန်လည်မရရှိနိုင်လျှင်လည်း၊ သင့်တော်သော

၁၉၆၃ခု
မစ္စစ် အမ်၊ အက်(စ်)၊ မက်ဆိုးနိုး
ဒေါ်ခဖါ၂ နှင့် ဒေါ်ခဖါ၂
မစ္စစ် မက်ဆိုးနိုး ဖါ၂။

လျော်ကြေးရရှိထိုက်ပေသည်။ ပါရဂူ မူလဘပြုသော တရားမကျင့်ထုံးကျမ်းတွင်၊ ပုဒ်မ ၁၄၄ ကို အကျယ်ဖွင့်ရာ၌ ဂျူဒဘာဟမ်နှင့် ကေဒါနတ်မာရဝါရီ (၁) အမှုပါ အောက်ပါ မြွက်ကြားချက်ကို ထုတ်ဖော်၏။

> "..... It is the duty of the Court under section 144 of the Civil Procedure Code to 'place the parties in the position which they would have occupied, but for such decree or such part thereof as has been varied or reversed.' Nor indeed does this duty or jurisdiction arise merely under the said section. It is inherent in the general jurisdiction of the Court to act rightly and fairly according to the circumstances towards all parties involved."

တရားသူကြီးချုပ် သတ်မှတ်သော ဒေါ်ခ၏ အိမ်တန်ဘိုးငွေ ၃,၀၀၀ ကျပ်နှင့် ဒေါ်ခအိမ် အဖျက်ခံရသဖြင့် ကုန်ကျသည်ဆိုသော တရားစရိတ်ငွေ ၅၀၀ ကျပ်နှင့် စပ်လျဉ်း၍ မစ္စစ် မက်ဆွီးနိုး၏ ချေလွှာတွင် မည်သို့မျှ မငြင်းဆိုချေ။ ယင်းသို့ဖြစ်၍ တရားသူကြီးချုပ် သတ်မှတ်သည့်အတိုင်း လက်ခံရပေမည်။

ဒေါ်ခ၏ ရှေ့နေကြီးက၊ မြေကိုပြန်လည်ရရှိရေးနှင့် စပ်လျဉ်း၍၊ အထူးတလည် လျှောက်ထားခြင်းမပြုတော့ခဲ့ချေ။ အကြောင်းအချက်အား အပြစ်ကင်းမဲ့သူများ ထိုမြေကိုဝယ်ယူပြီး၊ မြေပေါ်တွင် ဂျပ်ရှင်ရုံ ဆောက်ပြီးဖြစ်နေသောကြောင့်ဖြစ်သည်။

ဤကဲ့သို့သော အမှုမျိုးတွင် အယူခံပိုင်ခွင့် ရှိမရှိနှင့် ပတ်သက်၍ တရားလွှတ်တော်များ အယူအဆ ကွဲလွဲနေကြသည်။ ဤအချက်ကို ဆုံးဖြတ်ရန် မလိုတော့သဖြင့်၊ အဆုံးအဖြတ်ပြုမည် မဟုတ်ပေ။

အယူခံ နှစ်မှုစလုံးကို ပလပ်လိုက်သည်။ အမှုသည်များသည် မိမိတို့ တရားစရိတ်ကို အသီးသီးကျခံကြစေရမည်။

(၁) ၁၉၂၂ ခု၊ ၄၉ အိုင်၊အေ၊စ၁ ၃၅၁—၃၅၅

ရာဇဝတ်ပြင်ဆင်မှု

ထရားသူကြီး ဦးစောဘသိန်း ရွှေတွင်

မစ္စစ် မာဂရက်ဘာလခရစ် (ရှ်) နန် (လျှောက်ထားသူ)

နှင့်

အက်(စ်)၊ ဘာလခရစ် (ရှ်) နန် (လျှောက်ထားခံရသူ)*

† ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်။

ရာဇဝတ်မှုကို ပယ်ဖျက်ခြင်း၊ အချိန်မကျ စောလွန်းသော ရာဇဝတ်မှု၊ တဘက်က စွဲဆိုသောအမှုကို အနှောက်အယှက်ဖြစ်စေမည့် ရာဇဝတ်မှု ပယ်ဖျက်သင့်ခြင်း။

လျှောက်ထားသူသည် မိမိ၏ လင်ယောကျ်ားဖြစ်သော လျှောက်ထားခံရသူအပေါ် စားစရိတ် လျှောက်ထားရာ၊ လျှောက်လွှာတွင် စုပ်စွဲချက် အမျိုးမျိုးထည့်သွင်းခဲ့သဖြင့်၊ လျှောက်ထားခံရသူသည်၊ လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၅၀၀ အရ အသရေဖျက်မှု ပြန်လှန်စွဲဆိုလေသည်။

လျှောက်ထားသူက မိမိအမှုမပြီးပြတ်မီ၊ ၎င်းအပေါ် လျှောက်ထားခံရသူသည် အမှုမစွဲသင့်ဟု လျှောက်ထားရာ အောက်ရုံးတွင် မအောင်မြင်သဖြင့်၊ တရားရုံးချုပ်သို့ ပြင်ဆင်မှုလျှောက်လွှာ တင်သွင်းရာ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည်၊ မိမိ၏စွပ်စွဲချက်များကို ထင်ရှားအောင် သက်သေတင်ပြ စစ်ဆေးခြင်းမပြုမီ၊ လျှောက်ထားခံရသူက အသရေဖျက်မှု စွဲဆိုခြင်းကြောင့် လျှောက်ထားသူအား မျှားစွာ အနှောက်အယှက်ဖြစ်ရုံမက၊ ၎င်းစွဲဆိုသော အမှုနှင့်ပတ်သက်၍ လွှတ်လပ်စွာ သက်သေတင်ပြ စစ်ဆေးခြင်း ပြုနိုင်မည်မဟုတ်ဟု ထင်မြင်သည်။

လျှောက်ထားခံရသူ စွဲသောအမှုမျိုးကို ခွင့်ပြုမည်လိုလျှင် တရားလို အမှုစွဲတိုင်း၊ တရားခံက တရားလိုအား အမှုဖွင့်၍ စွဲဆိုမည်ဖြစ်၏။ ဤကဲ့သို့ အမှုစွဲဆိုခြင်းကို လျစ်လျူမရှုသင့်ဟု ထင်မြင်ယူဆ၏။

မည်သူမဆို အကြောင်းရှိက၊ ဥပဒေအရ တရားစွဲဆိုနိုင်သည်မှာ မှန်သော်လည်း ဤကဲ့သို့စွဲဆိုခြင်းကို အချိန်မကျ စောလွန်းသည်ဟု ထင်မြင်၏။ ထို့ကြောင့် ဖွင့်လှစ်ထားသော အမှုကို ပယ်ဖျက်ရန် (Quash) အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ ဂျီ၊ ဒီ၊ ဝီလျံ။

လျှောက်ထားခံရသူအတွက်။ ။မစ္စတာ ဒီ၊ အပ်ဒတ်။

---

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၈ (ခ)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၁၆ တွင် ချမှတ်သော ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့ (အထူးအာဏာရ) ဒဏ်ရာရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ပြင်ဆင်ခြင်းမှု။

၁၉၆၃

မစ္စစ် မာဂရက် ဘာလခရစ်(ရှ်) နှင့် အက်(စ်)၊ဘာလခရစ်(ရှ်) နှင့်။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့၊ ဒဿမရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ် အသေးအဖွဲမှုအမှတ် ၂၉ တွင်၊ မစ္စစ် မာဂရက် ဘာလာခရစ်ရှ်နှန်က၊ မစ္စတာ အက် (စ်)၊ ဘာလာခရစ်(ရှ်)နှန်အပေါ်၊ ၎င်း၏အတွက် နှင့် ကလေးအတွက် စားစရိတ် ရရှိရန် လျှောက်ထား၏။

မစ္စတာ အက်(စ်)၊ ဘာလာခရစ်(ရှ်)နှန်က၊ ၎င်းအပေါ် လျှောက်ထားသည့် လျှောက်လွှာအပိုဒ် ၈၊ ၉၊ ၁၀ နှင့် ၁၁ တွင် ဖေါ်ပြထားသည့် အကြောင်းပြချက်များကို မှီငြမ်းပြု၍၊ မစ္စစ်၊ မာဂရက်ဘာလာခရစ်(ရှ်)နှန်အပေါ်၊ရန်ကုန်မြို့၊ ဒဿမရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၃၁၆ တွင်၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ အရ၊ တရားစွဲဆို၏။

မစ္စစ် မာဂရက်ဘာလာခရစ်(ရှ်)နှန်က၊ ၎င်းစွဲဆိုထားသော အမှု မပြီးပြတ်မီ အတွင်း၊ ၎င်းအပေါ် မစ္စတာ အက်(စ်)၊ ဘာလာခရစ်(ရှ်)နှန်က၊ ယခုကဲ့သို့ တရားစွဲဆိုခြင်း မပြုသင့်ဟု အဆိုပါရုံးသို့ လျှောက်ထားရာ၊ မအောင်မြင်သဖြင့်၊ ဤရုံးသို့၊ ၎င်းအပေါ် စွဲဆိုထားသော အမှုကို ပယ်ဖျက်ပေးရန် လျှောက်ထား၏။

လျှောက်ထားသူ မစ္စစ် မာဂရက်ဘာလာခရစ်(ရှ်)နှန်က၊ လျှောက်ထားခံရသူ မစ္စတာ အက်(စ်)၊ ဘာလာခရစ်(ရှ်)နှန်အပေါ်၊ စားစရိတ်ရရှိရန်၊ လျှောက်လွှာ အပိုဒ် ၈၊ ၉၊ ၁၀ နှင့် ၁၁ တွင် ဖေါ်ပြထားသော အကြောင်းပြချက်တို့မှာ၊လျှောက်ထားခံရသူသည်၊ ၎င်းအား၊ အငတ်ထားခြင်း၊ ၎င်း၏ ဆေးမျိုးညာတကာများ လာ၍ လည်သည်ကို မနှစ်မြို့ခြင်း၊ ခရစ်ယာန်ဘာသာအကြောင်းပြောလျှင် သတ်ပစ်မည်ဟု ခြိမ်းချောက်ခြင်း၊ ဟိန္ဒူဘာသာ ထုံးတမ်းစဉ်လာအရ၊ ကျင်းပပွဲပြုလုပ်၍၊ ၎င်း၏ ကလေးအား၊ ဟိန္ဒူနာမည်ကို ပေးမည်ဟု ခြိမ်းချောက်ပြောဆိုခြင်း၊ ၎င်းက ယခင် ဂတိထားသည်ကို ပြန်၍ပြောပြသည့်အခါ၊ လျှောက်ထားခံရသူက၊ ၎င်းအား၊ ကလေးကို ထားခဲ့၍ အိမ်မှထွက်ခွါခြင်း မပြုလျှင် သတ်ပစ်မည်ဟု ခြိမ်းချောက်ပြောဆိုခြင်း၊ ၎င်းက ဘုရားရှိခိုးကျောင်းသို့ သွားမည်ဟု ပြင်ဆင်၍နေစဉ်၊ လျှောက်ထားသူက ၎င်းအား၊ ဆဲရေးတိုင်းထွာ၍ ၎င်း၏ဘာသာကို မနှိမ်သေ ပြုလုပ်ပြီး၊ ၎င်းအား ခြေထောက်ဖြင့်ကန်၍၊ ဘုရားရှိခိုးကျောင်းသို့သွားလျှင် သတ်ပစ်မည်ဟု ခြိမ်းချောက်ပြောဆိုခြင်း စသည်တို့ဖြစ်၏။

ထိုအကြောင်းပြချက်များနှင့် ပတ်သက်၍၊ လျှောက်ထားသူက၊ ပေါ်လွင်ထင်ရှားအောင် သက်သေတင်ပြ စစ်ဆေးခြင်းမပြုမီ၊ လျှောက်ထားခံရသူက၊ ၎င်းအား အသရေပျက်မှုဖြင့် တရားစွဲဆိုသည်ကို ထောက်ခံလျှင်၊ လျှောက်ထားသူသည် ၎င်း၏ အမှုတွင် ဖေါ်ပြထားသော အကြောင်းပြချက်များကို၊ သက်သေတင်ပြ စစ်ဆေးရန်နှင့် ပတ်သက်၍၊ များစွာ အနှောက်အယှက် ဖြစ်ရုံမျှမက၊ ထိုအချက်များနှင့်

ပတ်သက်ပြီး၊ ၎င်းအပေါ် စွဲဆိုထားသော အမှုဖို့သည်ဟု အမြဲတစေ ထင်မြင်စေပြီး၊ ၎င်းစွဲဆိုသော အမှုနှင့်ပတ်သက်၍ လုတ်လပ်စွာ သက်သေတင်ပြ စစ်ဆေးခြင်း ပြုနိုင်မည်မဟုတ်ဟု ထင်မြင်ယူဆ၏။

၁၉၆၃

မစ္စစ် မာဂရက် ဘာလခရစ် (၌) နှင့် အက်(စ်)ဘာလ ခရစ် (၌) နှန်။

လျှောက်ထားသူက၊ လျှောက်လွှာအပိုဒ် ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့တွင် ဖေါ်ပြထားသော အချက်အလက်တို့မှာ၊ ၎င်းစားစရိတ် ရရှိရန်အတွက် ရည်ရွယ်သော စိတ်ထားဖြင့်၊ ဖေါ်ပြထားသော အကြောင်းပြချက်များ ဖြစ်သဖြင့်၊ ထိုအကြောင်းပြချက်များကို ဆုံးဖြတ်၍ မပြီးမိအတွင်း လျှောက်ထားခံရသူက၊ ထိုအချက်များကို အကြောင်းပြု၍ ယခုကဲ့သို့ တရားစွဲဆိုခြင်းသည် လျှော်ကန်သင့်မြတ်ခြင်း မဖြစ်သည့်ပြင်၊ အားပေးကူညီသင့်သော တရားစွဲဆိုခြင်းမျိုး မဟုတ်သည်မှာ ပေါ်လွင်ထင်ရှား၏။

ဤကဲ့သို့ တရားလိုက မိမိ၏ နစ်နာချက်ကို အကြောင်းပြု၍၊ တရားစွဲဆိုစဉ်၊ တရားခံက ထိုသို့သော အကြောင်းပြချက်ကို အခြေခံထား၍ တရားလိုအား အသရေပျက်မှုဖြင့် တရားစွဲဆိုသည်ကို ခွင့်ပြုမည်ဆိုလျှင်၊ တရားလိုအမှုစွဲတိုင်း စွဲတိုင်း တရားခံက တရားလိုအား အမှုဖွင့်၍ စွဲဆိုမည်ဖြစ်၏။ ဤကဲ့သို့သော အမှုစွဲဆိုခြင်းကို လျစ်လျူမရှုသင့်ဟု ထင်မြင်ယူဆ၏။

မည်သူမဆို အကြောင်းရှိက၊ ဥပဒေအရ တရားစွဲဆိုနိုင်သည်မှာ မှန်သော်လည်း၊ ဤကဲ့သို့ စွဲဆိုခြင်းသည်၊ အချိန်မကျ စောလွန်းသည်ဟု ထင်မြင်၏။ ဤအမှုတွင် အမိန့်ချမှတ်၍ ပြီးသည့်အခါ၊ လျှောက်ထားခံရသူက၊ သင့်တော်သလို လျှောက်ထားသူအပေါ် တရားစွဲဆိုလိုက တရားစွဲဆိုနိုင်မည်ဖြစ်၏။ ယခု လျှောက်ထားသူ တရားစွဲဆိုသော အမှုမပြီးဆုံးမီ၊ လျှောက်ထားခံရသူက ၎င်းအပေါ် အသရေပျက်မှုဖြင့် တရားစွဲဆိုရာ၊ အမှုစစ်ဆေးသောရုံးက လက်ခံ၍ စစ်ဆေးလျှင်၊ တရားလိုအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ၊ စစ်ဆေးပြီး၊ လျှောက်ထားသူ တရားခံအား၊ ရုံးသို့လာရန် သမ္မာန်စာ ထုတ်ဆင့်ခြင်း မပြုဘဲ၊ ဆိုင်းငံ့ထားသင့်၏။ ယခု ထိုကဲ့သို့မဟုတ်ဘဲ၊ လျှောက်ထားသူ တရားခံအား၊ သမ္မာန်စာထုတ်သဖြင့်၊ လျှောက်ထားသူသည် တရားခံအဖြစ်သို့ ရောက်ရှိနေသောကြောင့်၊ ၎င်းစွဲဆိုသော အမှုကို အနှောက်အယှက်များစွာဖြစ်စေသည်မှာ ပေါ်လွင်သည်ဟု ထင်မြင်ယူဆ၏။

ဤအကြောင်းများကို ထောက်ရှုသည့်အခါ၊ လျှောက်ထားခံရသူက၊ လျှောက်ထားသူအပေါ် ရာဇသတ်ကြီး ပုဒ်မ ၅၀၀ အရ၊ တရားစွဲဆိုသော အမှုသည် အချိန်မရောက်၊ စောလွန်းသည်ဟု ထင်မြင်ယူဆသဖြင့်၊ အတည်မပြုနိုင်ဘဲ၊ ပယ်ဖျက်ရန် ဖြစ်သောကြောင့်၊ ရန်ကုန်မြို့၊ ဒဿမရာဘာက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၃၁၆ တွင်၊ ဖွင့်လှစ်ထားသော အမှုကို ပယ်ဖျက်ရန် (to quash) အမိန့်ချမှတ်လိုက်သည်။

တရားမအယူခံ

တရားသူကြီးဦးစံဝမင်းနှင့် ထိုတရားသူကြီးဦးထွန်းတင်တို့ရှေ့တွင်

† ၁၉၆၃ မြို့လယ်ရက်။

မညွှန့်မေ ပါ ၃ ဦး (အယူခံတရားလို)

နှင့်

ကိုကျော်သိန်း ၂ ပါ ၄ ဦး (အယူခံတရားခံ) *

တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉ နည်းဥပဒေ (၁) ယာယီတား အမိန့်မည်သည့်အခါထုတ်ဆင့်ခြင်း။

အယူခံတရားလိုများက အယူခံတရားခံများအပေါ် အိမ်နှင့်အိမ်ယာမြေတို့အပေါ် တွင်လုပ်ပိုင်ခွင့်သိုးသိုးပိုင်ဆိုင်ကြောင်းကျေညာပေးရန် အနှစ်ခဲ့ဆိုလျက် အယူခံတရားခံ ၂ဦးသည် အိမ်ကိုဖျက်ဆီးပြီးအသစ်ဆောက်လုပ်ရန် ပြုလုပ်နေသဖြင့် ၎င်းဖျက်ဆီးခြင်းမှ တားမြစ်ရန် တရားမကျင့်ထုံးဥပဒေ အမိန့် (၃၉) နှင့်ဥပဒေ (၁) အရ ယာယီတား အမိန့် ထုတ်ဆင့် ပေးရန်၊ လျှောက်ထားခဲ့လေသည်။

ထိုတားမြစ်ရန် လျှောက်လွှာနှင့်ပတ်သက်၍ အောက်ရုံးတရားသူကြီးသည် အယူခံတရားလိုများ ခဲ့ဆိုခဲ့သော အမှုတွင် တောင်းဆိုသည့် သက်သာခွင့်များမှာ အချင်းဖြစ်ပစ္စည်း အထည်ဖြစ်နှင့် ပတ်သက်၍ အနှောင့်အရေးဒဏ်တောင်းဆိုခြင်းမဟုတ်၊ အယူခံတရားလိုများပစ္စည်းတွင် ၎င်းတို့ရထိုက်ကိုသာ မြွက်ဟ ကျေညာပေးရန် လျှောက်ထားသောကြောင့်၊ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉ နည်း ဥပဒေ ၁ တွင် အကျုံးမဝင်ဆိုပြီး၊ အယူခံတရားလိုများ၏ လျှောက်လွှာကိုပယ်လိုက်လေသည်။

အယူခံတရားလိုများက မကျေနပ်၍၊ တရားခွဲးချုပ်သို့ အယူခံမှုကို တင်သွင်းရာ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုများ ခဲ့ဆိုခဲ့သည့် အမှုကို ကြည့်ရှုမှု အချင်းဖြစ် အိမ်နှင့် အိမ်ယာမြေဘို့အပေါ်တွင် ယုတ်နှအဆုံး တဝက်ကို အယူခံတရားလိုများက အမွေ အဖြစ် ဆက်ခံယူရန် ဖြစ်ရမည်မှာထင်ရှားနေသည့်ပြင်၊ အယူခံတရားလိုများက ထိုသို့ပိုင်ဆိုင်ကြောင်းကိုထင်ရှားစေရန် အမှုခဲ့ဆိုခြင်း ဖြစ်သဖြင့်၊ ခဲ့ဆိုသည့်အမှုမှာ အထည်ဖြပ်မရှိသည့် အခွင့် အရေးကိုသာ ရယူမြွက်ဖော်ပေးရန် ခဲ့ဆိုခဲ့ခြင်း ဖြစ်သည်ဟု မည်သို့မျှမဆိုနိုင်။ အချင်းဖြစ်ပစ္စည်းများတွင်၊ အယူခံတရားလိုများတို့သည်၊ ပိုင်ဆိုင်နှင့်ရှိကြောင်းမှာ ပေါ်လွင်ရကား၊ ထိုပစ္စည်းများကို အမှုမပြီးမီ အတောအတွင်းဖျက်ဆီးခြင်းမပြုဘဲနှင့်ရှင်းအခြေ အနေအရ တည်ရှိနေရန် အယူခံတရားလိုများသည် တားအမိန့် ထုတ်ဆင့် ပေးရန် ဥပဒေအရ တောင်းဆိုခွင့်ရှိကြောင်းမှာ ထင်ရှားလေသည်။

ဆရာဦးညိုစိမ့်နှင့် ဆရာရှိန်အမှု 1948 B.L.R. 134 ကိုရည်ညွှန်း၍ လိုက်နာသည်။

ထို့ပြင် ယခုအမှုတွင် အချင်းဖြစ် အိမ်နှင့်အိမ်ယာ မြေများနှင့် ပတ်သက်၍ နှစ်ဦး နှစ်ဘက် ပိုင်ဆိုင်ခွင့်မှာ အကျုံးဝင်နေသည် တကြောင်း၊ ထိုပစ္စည်းများ အမှုမပြီးမီအတောအတွင်း ဖျက်ဆီးပစ်ရန်ဆောင်ရွက်နေကြောင်းနှင့် ထိုသို့မိဘပိုင် ပစ္စည်းကို ဖျက်ဆီးပစ်ပါက၊ အယူခံ တရားလို

---

* ၁၉၆၂ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှုအမှတ် ၉။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးအမှု အမှတ် ၆၅ တွင်၊ ၃နှ်ကုန်မြို့၊ တရားမတရားသူကြီးချုပ်ရုံး တော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

များမှာ တန်ဘိုးမဖြတ်နိုင်အောင် နစ်နာခြင်း ဖြစ်ပေမည်ဆိုသည့် အဓိက အချက်များ ပြည့်စုံနေသဖြင့် အယူခံ ထားသူလိုပျားသည် အမှုမပြီးမီ အတောအတွင်း ထိုပစ္စည်းကို မူလ အခြေအနေတွင် တည်ရှိနေနိုင်ရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉ နည်း ၃ ပဒေ ၁ အရ၊ ယာယီ တားမစ်တရပ် ထုတ်ဆင့်ပေးစေရန် ဒေါ်နှင်းဆိုင်ရှိ ကြောင်းနှင့် ထိုအမိန့်တရပ်ထုတ်ဆင့်ပေးဆင့်ကြောင်းများ ထင်ရှားနေသည်။ *S. Nadesan Pillay and one v. John Hine*, (1951) B.L.R. 1: (L.C.) ရည်ညွှန်း၍ လိုက်နာသည်။

၁၉၆၃
မည်နှင်မေ
ယိုဦး
ကိုကျော်သိန်း
မပါ ဦး။

အယူခံတရားလိုအတွက်။ ။ဦးတင်လှ။

အယူခံတရားခံ ၁ နှင့် ၂ အတွက်။ ။ဦးဘကျော်

အယူခံတရားခံ ၄ အတွက်။ ။ဦးဝမ်ဟုတ်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအယူခံမှုမှာ၊ ရန်ကုန်မြို့မ တရားမ တရားသူကြီးချုပ်ရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၅ မှပေါက်ဖွားလာသည့် အယူခံမှုဖြစ်သည်။ ထိုအမှုဘွင်၊ အယူခံတရားလိုများဖြစ်သူ မည္ဆန်မေ၊ ၎င်း၏ညီမ-မမြင်ရှေ နှင့် တူဖြစ်သူ စံသူမော်တို့က၊ အယူခံဘရားခံများအပေါ်၊ ရန်ကုန်မြို့၊ စမ်းချောင်းရပ် ရှမ်းလမ်း၊ အမှတ် ၁၀၀-၁၁၂ အိမ်နှင့် အိမ်ယာမြေများကို၊ တရားလိုများဖြစ်သူ၊ အယူခံဘရားလိုဘို့သည်၌၊ လေးပုံ သုံးပုံ သက်ဆိုင်ကြောင်းနှင့် ၎င်းပစ္စည်းများနှင့် ပတ်သက်၍၊ တရားခံများ ချုပ်ဆိုခဲ့သည့် ၁၉၅၉ ခုမတ်လ ၂၄ ရက် နေ့စွဲပါ ရောင်းပေါင် စာချုပ်များသည်၊ တရားဥပဒေအရ ပျက်ပြယ်ကြောင်း အတိအလင်း ကျည်ပေးရန်၊ စွဲဆိုခဲ့သော အမှုဖြစ်ပေသည်။

တရားလိုများဖြစ်သူ အယူခံဘရားလိုများ တို့၏ ပြဆိုချက်အရ၊ ၎င်းအိမ်နှင့် အိမ်ယာခြမှာ၊ မူလက ၎င်းဘို့နှင့် မောင်တော်သူ တတိယတရားခံ ကိုဘမြင့်တို့၏ မိခင်-ဒေါ်အေးလှ ပိုင်ဆိုင်ရာ၊ မြေစာရင်းဌာနတွင်၊ ကိုဘမြင့်၏ အမည်ကို ထည့်သွင်းထားသည်ဆိုကြောင်း၊ သက်သေခံတင်သွင်းခဲ့သည့်၊ စာချုပ်များအရ၊ အချင်းဖြစ် အိမ်နှင့် အိမ်ယာမြေကို၊ တတိယတရားခံ ကိုဘမြင့်သည်၊ တိတ်တဆိတ် ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင်၊ စဘုတ္ထအာယုခံတရားခံ ဦးထွန်းအောင်သို့၊ တနှစ်အာဘွင်း ပြန်လည်ဘ်ယ်ယူနိုင်သော အခွင့်အရေးနှင့် ရောင်းချခဲ့ပြီးနောက်၊ ပြန်လည်၍ မဝယ်နိုင်ဘော့သဖြင့်၊ ၁၉၅၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင်၊ ပဌမနှင့် ဒုတိယအယူခံ တရားခံများက၊ ကိုဘမြင့်၏ အခွင့်အရေးအရ၊ ထိုပစ္စည်းများကို ကျသင့်သောငွေ ၈,၇၀၅ ကျပ်၊ ဦးထွန်းအောင်အား ပေးပြီး၊ သက်သေခံအမှတ် (က) ရေးစစ္စတြီစာချုပ် အရပြောင်းယူခဲ့ကြောင်း၊ တဖန် ထိုနေ့တွင်ပင်၊ သက်သေခံအမှတ် (ခ) ကတိစာချုပ်အရ၊ ကိုဘမြင့်အား၊ ထပ်မံ၍၊ ငွေသား ၁,၂၅၅ ကျပ်ပေးပြီး၊ ၎င်းပစ္စည်းများကို၊

၁၉၆၃

မည္သန္ေမ
ပါ ၃ ဦး
နှင့်
ကိုကျော်သိန်း
ပါ ၄ ဦး။

ကိုဘမြင့်က တနှစ်အတွင်း ပြန်လည်ရွေးယူလိုမှု၊ ငွေ ၁၃,၀၀၀ ကျပ်ဖြင့်ရွေးယူခွင့်ပြုမည်ဖြစ်ကြောင်း စာချုပ် ချုပ်ဆိုပေးခဲ့သည်။ ထို့ကြောင့်၊ ပဌမနှင့် ဒုတိယ အယူခံတရားခံများက၊ အိမ်အဆောက်အဦကို ဖျက်ဆီးပြီး၊ အသစ်ထပ်မံ ဆောက်လုပ်ရန် ပြုလုပ်နေသဖြင့်၊ အယူခံတရားလိုများက ယင်း အမှုကိုစွဲဆိုပြီး၊ ရုံးတော်သို့ ပဌမနှင့် ဒုတိယ အယူခံ တရားခံတို့သည်၊ အချင်းဖြစ်အိမ်ကို ဖျက်ဆီးခြင်းမှ တားမြစ်ရန်၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ အရ၊ ယာယီတားအမိန့်ထုတ်ဆင့် ပေးပါရန်၊ လျှောက်ထားခဲ့လေသည်။

"၅ ထိုလျှောက်လွှာနှင့် ပတ်သက်၍၊ နှစ်ဦးနှစ်ဘက် တင်သွင်းခဲ့သည့် ကျမ်းကျိန်ဆိုချက်များကို ဝေဖန်စဉ်းစားရာဝယ်၊ စစ်ဆေးသူ ပညာရှိ တရားမ တရားသူကြီးချုပ်က၊ အယူခံဘရားလိုများ စွဲဆိုခဲ့သော အမှုတွင်၊ ဘောင်းဆိုသည့် သက်သာခွင့်များမှာ (၁) သက်သေခံအမှတ် (က)၊ (ခ) စာချုပ်များသည်၊ တရားလိုများပိုင်ဆိုင်သော သေးပုံ သုံးပုံအစုကို မဆိုခိုက်ကြောင်း အတိအလင်း ကျေညာပေးပြီးနောက်၊ (၂) ၁၉၅၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့က တရားခံများချုပ်ဆိုသော ရောင်း-ပေါင် စာချုပ်များသည်၊ ပျက်ပြယ်ခြောင်း အတိအလင်း ကျေညာပေးရန်သာ ဖြစ်သဖြင့်၊ အချင်းဖြစ် ပစ္စည်းအထည်ဖြတ်နှင့် ပတ်သက်၍၊ အခွင့်အရေး တောင်းဆိုခြင်းမဟုတ်၊ အယူခံဘရားလိုများ ပစ္စည်းဘွင်၊ ရခွင့်ရထိုက်ကိုသာ မြှက်ဟ ကျေညာပေးရန်လျှောက်ထားခဲသာကြောင့်၊ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် အကြုံးမဝင်ဆိုပြီး၊ အယူခံတရားလိုများ၏ လျှောက်လွှာကို၊ စရိတ်နှင့်တကွပယ်လိုက်လေသည်။

ထို့အတွက်၊ အယူခံဘရားလိုများက ယခုအယူခံမှုကို တင်သွင်းရာဝယ်၊ ဖေါ်ပြသည်မှာ၊ အချင်းဖြစ်အိမ်နှင့် အိမ်ယာမြေတွင်၊ ဗုဒ္ဓဘာသာ အမွေဆက်ခံခွင့်ဥပဒေအရ၊ အယူခံဘရားလိုများက၊ သေးပုံ သုံးပုံပိုင်ဆိုင်နေလေရာ၊ အချင်းဖြစ်အိမ်မှာ၊ အမှုဘွင် အကြုံးဝင်သည့် ပစ္စည်းဖြစ်ကြောင်းကို မငြင်းဆို နိုင်ရကား၊ ထိုပစ္စည်းကို အမှုမပြီးမီ အခြားအဘွင်း၊ မူလအခြေအနေတွင် တည်ရှိနေရန် လိုအပ်ပါသဖြင့်၊ အယူခံတရားခံများက အိမ်ကို ဖျက်ဆီးပစ်ပါက၊ ၎င်းတို့မှာ တန်ဘိုးမဖြတ်နိုင်အောင် ဆုံးရှုံးနစ်နာရန် ရှိပါသဖြင့်၊ လျှောက်ထား ဘောင်းဆိုသည့်အတိုင်း၊ ယာယီတားအမိန့်ကိုထုတ်ဆင့်သင့်ပါသည်ဟု ပြဆိုလေသည်။

အယူခံ တရားခံများကမူ၊ ယခုကဲ့သို့ ယာယီတားအမိန့် တောင်းဆိုခြင်းမှာ၊ အယူခံဘရားလိုများက တောင်းဆိုလိုခြင်းမဟုတ်၊ အိမ်ငှါးများက အိမ်မှမဖယ်ရှားပေးလိုခြင်း၊ အယူခံဘရားလိုများနှင့်ပူးပေါင်းရွက်ဆောင်ခြင်းသာ ဖြစ်သဖြင့်၊ သဘောရိုးနှင့်

တားအမိန့်ထုတ်ဆင့်ရန် တောင်းဆိုခြင်း မဟုတ်သဖြင့်၊ ခွင့်မပြုသင့်ကြောင်း ကန့်ကွက်လေသည်။

ဗဟိုဌာန
မည္သို့မေ
ပါ ၃ ဦး
နှင့်
ကိုကျော်သိန်း
ပါ ၄ ဦး။

အယူခံဘရားလိုများ စွဲဆိုခဲ့သည့်အမှုကို ကြည့်ရှုမှု၊ အချင်းဖြစ်အိမ်နှင့် အိမ်ယာမြေ၏ ပိုင်ရှင်များမှာ၊ အယူခံဘရားလိုများ၏ မိခင်-ဒေါ်အေးလှနှင့် တတိယအယူခံတရားခံ ကိုဘမြင့်တို့ဖြစ်ကြောင်းမှာ အငြင်းမပွါးရကား၊ ဒေါ်အေးလှ သေဆုံးပြီးနောက်၊ ထိုပစ္စည်းများတွင်၊ ယုတ်စွအဆုံး တဝက်ကို၊ အယူခံတရားလိုများက အမွေအဖြစ် ဆက်ခံယူရန် ဖြစ်ရမည်မှာ ထင်ရှားနေပေသည်။ ထိုသို့ ပိုင်ဆိုင်ကြောင်းကို ထင်ရှားစေရန် အယူခံတရားလိုများက အမှုကို စွဲဆိုခြင်း ဖြစ်သဖြင့်၊ စွဲဆိုခဲ့သည့်အမှုမှာ၊ အဆည်ဖြပ်မရှိသည့် အခွင့်အရေးကိုသာ ရယူမြှောက်ပေါ်ပေးရန်၊ စွဲဆိုခဲ့ခြင်းဖြစ်ပေသည်ဟု မည်သို့မျှ မဆိုနိုင်ပေ။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

"Where in any suit it is proved by affidavit or otherwise—

(*a*) that any property in dispute in a suit is in danger of being wasted, damaged or alienated by any party to the suit, or wrongfully sold in execution of a decree,

* * *

the Court may by order grant a temporary injunction."

သို့ဖြစ်ရကား၊ **ဆရာညိုစိမ့်** နှင့် **ဆရာရှိန်** (၁) စီရင်ထုံးတွင် ပြဆိုထားသကဲ့သို့ အချင်းဖြစ်ပစ္စည်းများတွင်၊ အယူခံတရားလိုများဘို့သည် ပိုင်ဆိုင်ခွင့် ရှိကြောင်းမှာ ပေါ်လွင် ရကား၊ ထိုပစ္စည်းများကို အမှုမပြီးမီ အတောအတွင်း ဖျက်ဆီးခြင်းမပြုဘဲ၊ မူခင်းအခြေအနေအရ တည်ရှိနေရန်၊ အယူခံတရားလိုများသည်၊ တားအမိန့် ထုတ်ဆင့်ပေးရန်၊ ဥပဒေအရ ဘောင်းဆိုခွင့် ရှိကြောင်းမှာ ထင်ရှားပေသည်။ တဖန်၊ ***S. Nadesan Pillay and one*** **v.** ***John Huie*** (2) စီရင်ထုံးဘွင် ရည်ညွှန်းပေါ်ပြသားသည့်အတိုင်း၊ ယခုအမှုဘွင် အချင်းဖြစ် အိမ်နှင့် အိမ်ယာမြေများနှင့် ပတ်သက်၍၊ နှစ်ဦးနှစ်ဘက်၏ ပိုင်ဆိုင်ခွင့်မှာ အကြီးဝင်နေသည့် တကြောင်း၊ ထိုပစ္စည်းများကို အမှုမပြီးမီအတောအတွင်း၊ ပဌမနှင့် ဒုတိယ အယူခံတရားခံများက၊ ဖျက်ဆီးပစ်ရန် ရွက်ဆောင်နကြောင်းနှင့်၊ ထိုသို့ မိဘပိုင် ပစ္စည်းကိုဖျက်ဆီးပစ်ပါက၊ အယူခံတရားလိုများမှာ၊ တန်ဘိုးမဖြတ်နိုင်အောင် နစ်နာခြင်း ဖြစ်ပေမည် ဆိုသည့် အဓိကအချက်များ ပြည့်စုံနေသည်ကို ကျွန်ုပ်တို့ တွေ့ရှိပေရာ၊ အယူခံတရားလိုများ၏

(1) (1948) B.L.R. 134. (2) (1951) B.L.R. 71 (H.C.)

၁၉၆၃

မောင်ဘိုမေ
ပါ ၃ ဦး
နှင့်
ကိုကျော်သိန်း
ပါ ၆ ဦး။

အမှုမပြီးမီအတောအတွင်း၊ ထိုပစ္စည်းကို မူလအခြေအနေတွင် တည်ရှိနေနိုင်ရန်၊ တရားမ လွှဲပြောင်းခံရသူ ဒေါ်အိမ်နဲ့ ဘဦး၊ နည်းဥပဒေ ၁၁ အရ ယာယီတားမြစ်အမိန့်တရားဆုတောင်း ပေးထားပါရန်၊ တောင်းဆိုခွင့် ရှိကြောင်းနှင့် ထိုအမိန့်တရပ် ထုတ်ဆောင်ပေးသင့် ကြောင်းမှာ ထင်ရှားနေပေသည်။

သို့သော်၊ ယခုအမှုတွင် စတုတ္ထတရားခံဖြစ်သူ ဦးထွန်းအောင်မှာ၊ အချင်းဖြစ် ပစ္စည်းနှင့် ပတ်သက်၍၊ တတိယ တရားစွဲ ကိုဘမြင့်ထံမှ၊ မူလအပေါင်ခံသူတဦးသာ ဖြစ်ပြီး၊ ထိုပစ္စည်းများကို ငှားလွှဲပြောင်း ပေးလိုက်ပြီ ဖြစ်ရကား၊ အမှုတွင်မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့သဖြင့်၊ ထည့်သွင်းစွဲဆို ထားခြင်း မမှုထိုက်ပါဟု ငှင်း၏ ပညာရှိ ဒွန်နေကြီး ငလျှောက်ထားသည်ကို၊ အယူခံတရားလိုများက ချေပနိုင်ခြင်း မရှိသဖြင့်၊ မှန်ကန်ကြောင်း ကျွန်ုပ်တို့ တွေ့ရှိရသည်။ ထို့အတွက်၊ ဦးထွန်းအောင်နှင့် ပတ်သက်၍၊ ဤအယူခံမှုကို စရိတ်နှင့်ထက္က ပလပ်ရပေမည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခု အယူခံမှုကို အခွင့်ပြုပြီး၊ ရန်ကုန် မြို့မ တရားမ တရားသူကြီးချုပ်ရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၅ တွင်၊ ၁၉၆၂ ခုနှစ်၊မေလ ၇ ရက်နေ့စွဲဖြင့် ချမှတ်ခဲ့သည့် အမိန့်ကိုပယ်ဖျက်၍၊ အယူခံ တရားလိုများက၊ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ အရ၊ ယာယီ တားအမိန့်တရပ် ထုတ်ဆင့်ပေးရန် လျှောက်ထားသည်ကို စတုတ္ထ အယူခံ တရားခံ ဦးထွန်အောင်မှ အပ၊ ကျန်အယူခံတရားခံများ အပေါ်၊ စရိတ်နှင့်တကွ အမိန့်တရပ် ချမှတ်ပေးလိုက်သည်။ အယူခံတရားခံ ဦးထွန်းအောင်နှင့် ပတ်သက်၍၊ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။ ပညာရှိရွှေနေကြီး စိုင်အဖြစ် ငွေ ၃၀၀ ကျပ်သတ်မှတ်သည်။

မူလတရားမမှု

တရားသူကြီး ဦးမောင်မောင် ရွှေတွင်

မတင်ညွန့် (လျှောက်ထားသူ)

နှင့်

ကိုအောင်သိန်း (လျှောက်ထားခံရသူ)*

၁၉၆၂
ဖေဖော်ဝါရီလ ၁၉ ရက်။

ကလေးသူငယ်အား ကြည့်ရှုစောင့်ရှောက်ခွင့်ပေးရန် လျှောက်လွှာ၊ အရေးအကြီးဆုံး အချက်မှာ ကလေး၏ အကျိုးကျေးဇူးဖြစ်ခြင်း၊ ငယ်ရွယ်နုနယ်သောကလေး၊ မိခင်က ဖခင်ထက် အုပ်ထိန်းရန် သင့်တော်ခြင်း။

လျှောက်ထားသူသည်၊ မိမိ၏ လင်ယောကျ်ားဖြစ်သော လျှောက်ထားခံရသူနှင့် ခွဲနေပြီးနောက်၊ လင်ယောကျ်ားနှင့် ကျန်ရစ်ခဲ့သော (၁၀) လသာသာမျှသာ ရှိသေးသည့် သားငယ်အား ကျွေးမွေးကြည့်ရှုစောင့်ရှောက်ခွင့်အတွက် လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။ဤကိစ္စမျိုးဌာနိုးသည် ဥပဒေအရ စီရင်ထုံးများကို လမ်းညွှန်များသဘွယ်သာ လက်ခံကျင့်သုံးပြီး၊ အရေးကြီးဆုံး ထားရှိရမည်မှာ ကလေး၏ အကျိုးကျေးဇူးပင်ဖြစ်သည်။ အမှု တခုနှင့်တခုမှာ အချက်အလက်ချင်း ထပ်တူထပ်မျှ မည်သို့သောအခါမျှ မဖြစ်နိုင်ပေ။ ထို့ကြောင့် အမှုတိုင်းတွင်၊ ၎င်းအမှု၏ အချက်အလက် ဖြစ်ပေါ်သမျှတို့ကိုချုံး၍ စဉ်းစားရမည်ဖြစ်သည်။ အထူးသဖြင့် ကလေးသည် ငယ်ရွယ်နုနယ်သေးလျှင်၊ မိခင်ဖြစ်သူကပို၍ ကျွေးမွေးပြုစုနိုင်သည်၊ စောင့်ထိန်းနိုင်သည်။ ထို့ကြောင့် သာမန်အားဖြင့်၊ မိခင်ဖြစ်သူသည် အကျင့်စာရိတ္တပျက်ပြားခြင်း၊ သို့မဟုတ် စောင့်ထိန်းသူ ဖြစ်ထိုက်သော အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိသူမဟုတ်လျှင် ကလေးသူငယ်ကို မိခင်နှင့် ထားရှိစေတတ်သည်။ ဤသည်ကား၊ အနိုင်နိုင်ဝင်၏ လက်ခံကျင့်သုံးသော သဘာဝတရားပင်ဖြစ်သည်။

Saraswatibai Shripad Ved **v.** ***Shripad Vasanji Ved*****, A.I.R. (1941) Bombay 103** ***and Mohd. Saddiq*** **v.** ***Wafati*****, A.I.R (1948) Oudh 51,** ရည်ညွှန်း၍။

In re L. (Infants)**, 1962, 1 Weekly Law Reports 886,** ရည်ညွှန်း၍ ခွဲခြားရှင်းလင်းပြသည်။

ထို့ပြင် ဤအမှုတွင် ကလေးသည် (၁၀)လ သာသာသာ ရှိသေးသည်၊ ဤအရွယ်ကလေးသည် မိခင်နှင့်သာ အတူနေသင့်သည်။ ကလေးသူငယ်တို့မည်သည် နို့ဘူးတိုက်၍ ကျွေးမွေးသည်နှင့်သာ မပျော်။ မိခင်၏ မေတ္တာကို ခံယူရန်လိုသည်။ သက်သေထွက်ချက်အရလည်း လျှောက်ထားသူသည် ကလေးကို စောင့်ရှောက်ထိန်းသိမ်းရန် မသင့်သော မိခင်ဖြစ်သည်ကို မတွေ့ရ။ ထို့ကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို ခွင့်ပြုလိုက်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမသေးမှုအမှတ် ၂၀၉။

၁၉၆၂

မတင်ညွန့်
နှင့်
ကိုအောင်သိန်း။

လျှောက်ထားသူအတွက်။ ။ဦးဘသော်။

လျှောက်ခံရသူအတွက်။ ။ဦးဘကျော်။

တရားသူကြီး ဦးမောင်မောင်။ ။လျှောက်ထားသူ မတင်ညွန့်နှင့် လျှောက်ထားခံရသူ ကိုအောင်သိန်းတို့သည်၊ ၁၉၆၁ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍၊ အကြောင်လင်မယား အဖြစ် ပေါင်းသင်း လာခဲ့ကြသည်။ ၁၉၆၂ ခု၊ ဇွန်လ ၁ ရက်နေ့တွင် သားတယောက် မွေးဖွါး၍၊ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့လောက်မှစ၍ သားငယ်ကို၊ ကိုအောင်သိန်းက ယူကာ၊ လင်မယားကွဲ၍၊ တခြားစီ နေခဲ့ကြသည်။ ယခုလျှောက်ထားသူ မတင်ညွန့်က၊ သားငယ်ကို မိမိထံတွင်ထား၍ ကြွေးမွေးကြည့်ရှု စောင့်ရှောက်ခွင့် ပေးပါရန်၊ ဤရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ ကျမ်းကျိန်လွှာနှင့် ဤရုံးတွင် ထွက်ဆိုထားချက်တို့၏ အပေါ်မှ အောက်ပါအဓိက အချက်တို့ကို ထုတ်နုတ်နိုင်သည်။

၊တင်ညွန့်သည် သားဦး မွေးဖွါးစဉ် အခါက၊ ၎င်း၏ ညှပ်ရိုး ကျဉ်းနေသဖြင့်၊ ခဲရာခဲဆစ် ဗိုက်ခွဲပြီး မွေးဖွါးခဲ့ရသည်။ ထိုကဲ့သို့ ခဲရာခဲဆစ် မွေးဖွါးခဲ့ရကြောင်း ကိုလည်း၊ ကိုအောင်သိန်းက၊ သူ၏သက်သေခံ ထွက်ဆိုချက်တွင် မှန်ကန်ကြောင်း ဝန်ခံသည်။ နောက်နောင်တွင် သားသမီးရှိလျှင်လည်း၊ ထိုသို့ပင် ဗိုက်ကိုခွဲ၍ မွေးဖွါးရမည်ဖြစ်သည်။ ထို့ကြောင့် နောက်နောင်တွင် ခဲရာခဲဆစ် မွေးဖွါးရခြင်းနှင့် အသက်အန္တရာယ်တို့ကို ရှောင်ရှားရလေအောင်၊ ပဋိသန္ဓေ မနှံစေရန် လိုအပ်သော တားဆေးတို့ကိုသုံးစွဲရန်နှင့် သတိထားရန်၊ ၎င်းအား မွေးဖွါးပေးခဲ့သော ဆရာဝန်ကြီး ဒေါက်တာ၊ ဝိုင်၊ ဘီ၊ စတော့ဟောစင်းကသတိပေးလိုက်သည်ဟူ၍လည်း၊မတင်ညွန့်ကထွက်ဆိုသည်။ မိမိကိုယ်တိုင်ကလည်း နောင်တကြိမ် မွေးဖွါးရမည်ကို စိုးရိမ်သဖြင့်၊ အိမ်တွင် လင်ယောကျ်ားအား ရှောင်ဖယ်ဖယ် နေခဲ့ကြောင်း။ ပဋိသန္ဓေ တားဆေးများကို စားသောအခါ နေထိုင်မကောင်း ဖြစ်ရ၍၊ ဆေးဝါးကို သုံးစွဲခြင်း မပြုလိုကြောင်း။ ထို့ကြောင့် ယောကျ်ားဖြစ်သူအား၊ အခြားမိန်းမကို ယူလိုကယူ၊ သို့မဟုတ်၊ တအိမ်တည်း အတူနေထိုင်၍ မောင်လိုနှစ်မလို ဆက်ဆံခဲ့ရန်ကိုလည်း၊ ၎င်းက တောင်းပန်ခဲ့ကြောင်းကို၊ ကိုအောင်သိန်းက မကျေမနပ်ဖြစ်၍ ကြိမ်းမောင်းပြီး အမျိုးမျိုး ဆူပူနှိပ်စက်ခဲ့ကြောင်း။ နောက်ဆုံးတွင်၊ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့၌ ကလေးကိုယူပြီး၊ ကိုအောင်သိန်းသည် အိမ်နှင့် မနီးမဝေးတွင်ရှိသော၊ ၎င်း၏ သွားစိုက်ဆိုင်သို့ သွားရောက်၍ နေကြောင်း။ ကလေးရော၊ ယောကျ်ားပါ အိမ်သို့ ပြန်လာရန် သွားရောက်တောင်းပန်ပါသော်လည်း၊ မလိုက်ပါဘဲ၊ ကလေးကို ပေးရန် တောင်းခံခြင်းကိုလည်း ငြင်းဆန်ခဲ့ကြောင်း။ မတင်ညွန့်၏ အစ်မဖြစ်သူ တပ်မတော် စစ်ဆေးရုံတွင် အမှု

ထမ်းနေသော ဆရာဝန် ဗိုလ်ကြီး ဒေါ်လှမြိုင်တို့နှင့် သွားရောက်၍၊ ကိုအောင်သိန်းထံ စေ့စပ်ပြောဆို ကလေးတောင်းသော်လည်း၊ မအောင်မြင်ခဲ့ကြောင်း။ ကိုအောင်သိန်းက ရုံးခွင့်ဘာသာဖွဲ့၍ ရုံးမိန့်ရခဲ့လျှင် ကလေးကို ပေးမည်။ အခြားနည်းနှင့် မပေးနိုင်ဟူ၍ ပြောခဲ့ကြောင်း၊ ဤအတောအတွင်း၌လည်း၊ ကလေးကို ကြည့်ရှုခွင့် သွားရောက် လည်ပတ်ခွင့် မရခဲ့ကြောင်း စသည်တို့ဖြင့်၊ မတင်ညွန့်က ထွက်ဆိုခဲ့၏။ ၎င်းအား ပြန်လှန်မေးခွန်းထုတ်ရာတွင်၊ မတင်ညွန့်သည် ၁၉၆၂ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့တွင်၊ ၎င်းက ဦးအောင်သိန်းထံ သွားပြီး၊ ရှင့်ကလေးရှင်ယူဟူ၍ ပစ္စည်းပေးခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း။ ၎င်းသည် ကိစ္စရှိသဖြင့်၊ ကြည့်မြင်တိုင်နေ ၎င်း၏မောင်ထံ သွားရာ မိုးချုပ်သဖြင့် ညအိပ်ခဲ့ရကြောင်း။ နောက်နေ့ ပြန်လာလျှင်လာခြင်း၊ ယောကျ်ားနှင့် ကလေးထံ သွားရောက်ခဲ့ကြောင်း။ ယခင်ကလည်း ညဉ့်အိပ် ညဉ့်နေ အိမ်မှ ထွက် သွားခဲ့ခြင်းမရှိ။ ကျောက်ကုန်းနေ ဆွေမျိုးများထံ တခါက သွားခဲ့သော်လည်း ကြာမြင့်စွာ သွားလာခဲ့ခြင်း မဟုတ်။ လင်ယောကျ်ားနှင့် ဆွေမျိုးများပါ ကလေးကို ပြပြီး၊ ၎င်းအားပြန်၍ ခေါ်ရသည် ဆိုခြင်းမှာလည်း မဟုတ်ကြောင်း။ ၎င်းသည် အိမ်တွင် ယောကျ်ားကို ရှောင်ဖယ်ဖယ်လုပ်နေရ၍၎င်း၊ ယောကျ်ားကငြူစူနှိပ်စက် ခံနေရ၍၎င်း၊ စိတ်ညစ်ပြီး တခါတရံ ထွက်သွားမိခြင်း ဖြစ်ကြောင်း။ ကလေးကို ပစ်လိုသော သဘော မည်သည့်အခါကမျှမပါခဲ့ကြောင်းဖြင့် ဖြေဆိုသွားသည်။

၁၉၆၂ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့တွင်၊ ထိုကဲ့သို့ လျှောက်ထားသူ မတင်ညွန့်က တဘက်၊ လျှောက်ထားခံရသူ ကိုအောင်သိန်းနှင့် ကလေးတို့က တဘက်၊ ကွဲကွာခဲ့ကြပြီးနောက်၊ မတင်ညွန့်သည် အချိန်မလင့်စေဘဲ၊ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့တွင်၊ ကိုအောင်သိန်းထံ ၎င်း၏ ချွေနေကြီးမှ တဆင့်၊ သက်သေခံအမှတ် (အေ) ဖြစ်သော နို့တစ်စာကို ပေး၍၊ ကလေးကို ပြန်လည်တောင်းခဲ့သည်။ သို့ရာတွင်၊ မအောင်မြင်သဖြင့်၊ ဤရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

မတင်ညွန့်၏ ထွက်ဆိုချက်များကို၊ ၎င်း၏ အစ်မဖြစ်သူ ဗိုလ်ကြီး ဒေါ်လှမြိုင် (လိုပြ-၁) က ထောက်ခံထွက်ဆိုသည်။ မတင်ညွန့်သည် ကလေးမွေးဖွါးရာ၌ ခဲရာခဲဆစ် ဗိုက်ကိုခွဲ၍ မွေးရခြင်း၊ နောင်တွင်လည်း ကလေးမွေးဖွါးခဲ့လျှင်၊ ထိုကဲ့သို့ပင် ခဲရာခဲဆစ် မွေးဖွါးရမည် ဖြစ်ခြင်း စသည်တို့ကို ထောက်ခံ ပြောဆိုသည်။ ၎င်းကိုယ်တိုင် ဆရာဝန်တဦးအဖြစ်ဖြင့်၊ မတင်ညွန့် ကလေးရှိစဉ်က စောင့်ရှောက်ခဲ့ပြီးနောက်၊ ခဲရာ ခဲဆစ် မွေးပေးရမည်ကို သိ၍၊ ဆရာဝန် ဝိုင်၊ ဘီ၊ စတော့ဟောစ်း ထံအပ်နှံ၍ ဆေးရုံ၌ မွေးဖွါးခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ မတင်ညွန့်က နောင်တွင် ကလေး မရလိုတော့သဖြင့်၊ ၎င်း၏ ယောကျ်ားနှင့် မကြာခဏ တကျက်ကျက် ရန်ဖြစ်နေရ ကြောင်း၊ ထို့ပြင် ငွေရေး ကြေးရေး အဆင်မပြေဘူးကြောင်းနှင့် စိတ်မချမ်းသာရ

၁၉၆၂
မတင်ညွန့် နှင့် ကိုအောင်သိန်း။

၁၉၆၂
မတင်ညွန့်
နှင့်
ကိုအောင်သိန်း။

ကြောင်းကိုလည်း ထွက်ဆိုသည်။ ၎င်းနှင့် ၎င်း၏ ယောကျ်ားဖြစ်သူတို့၊ ကိုအောင်သိန်းသည် သွားရောက်၍ လင်မယား သင့်သင့်မြတ်မြတ် ပြန်လည် ပေါင်းသင်းကြရန် ပြောခဲ့ကြောင်း။ ကိုအောင်သိန်းက မပေါင်းသင်းသိုတော့ကြောင်း ပြောသဖြင့်၊ ကလေးသည် အမေနှင့် နေခဲ့လျှင်ပို၍ အဆင်ပြေမည်၊ အဖေနှင့် နေပါက၊ ကိုရိုးကားယား ဖြစ်တတ်ကြောင်း ပြောပြ၍ ကလေးအား တောင်းကြောင်း၊ ကိုအောင်သိန်းက သဘောမတူ ရုံးမိန့်ရမှ ပေးမည်ဟူ၍ ဆိုကြောင်း စသည်ဖြင့် ထွက်ဆိုသည်။ ၎င်းအဲ့ဒါး ပြန်လှန်မေးခွန်းထုတ်ရာတွင်၊ ကလေးကို မိမိတို့က မွေးစားသို့၍ တောင်းသည်မဟုတ်၊ မတင်ညွန့်တို့ လင်မယားကို လစဉ်တလ ၅၀ ကျော်ပံ့ခဲ့သည်မှာ၊ ၎င်းတို့စု၍ ညားပြီးသည့် အချိန်မှ ဖြစ်ကြောင်း။ နောင်တွင် ကလေးကို မတင်ညွန့် ထံမှာခဲ့ခဲ့လျှင် ဆက်လက်၍ ထောက်ပံ့မည်ဟု ပြောဆိုခြင်းသာ ဖြစ်ကြောင်းဖြင့် ဖြေကြားလေသည်။

လျှောက်ထားခံရသူ ကိုအောင်သိန်းတို့ဘက်ကမူ၊ မတင်ညွန့်သည် ကလေးကို ဂရုမစိုက်ကြောင်း၊ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့က၊ လျှောက်ထားခံရသ ကိုအောင်သိန်းသည် ၎င်း၏ သွားစိုက်ဆိုင်၌ ရှိနေစဉ်၊ ရှင့်ကလေးကို ရှင်ယူဟု ပြောဆိုကာ၊ မတင်ညွန့်က ပစ်ချခဲ့ကြောင်း၊ ထို့နောက် မတင်ညွန့်သည် ပေါ်မလာတော့သဖြင့်၊ ၎င်းသည် လိုက်၍ ရှာခဲ့ကြောင်း၊ ပဌမညဉ့် မတင်ညွန့်၏ မိဘအိမ်သို့ပင် ပြန်၍ ကလေးနှင့်အတူ အိပ်ခဲ့ပြီးနောက်၊ နောက်တနေ့တွင် မတင်ညွန့်၏ အဖေဖြစ်သူက ပစ္စည်းအားလုံးယူသွားဟု ပြောဆိုကာ၊ အိမ်မှနှင်ချသဖြင့်၊ ထွက်လာခဲ့ရကြောင်း၊ မတင်ညွန့်သည် (၃) ရက်မြောက်သောနေ့မှ ပြန်လာကြောင်း၊ ထိုအခါ ဟင်္သာတသို့ သွားနေသည်ဟူ၍ ပြောကြောင်း၊ မတင်ညွန့်က စိတ်ဆိုး၍ ဤသို့ထွက်သွားကြောင်း၊ အတူလည်း မနေလိုတော့ကြောင်း ပြော၍ ကလေးကို ပြန်၍ မတောင်းကြောင်း၊ ၎င်း၏ဖေါင်တိန်ကိုသာ တောင်းကြောင်းတို့ကို၊ ကိုအောင်သိန်းက ထွက်ဆိုသည်။ မတင်ညွန့်၏ အစ်မ ဆရာဝန် ဒေါ်လှမြိုင်တို့လာ၍ ကလေး တောင်းသော အခါ၊ မတင်ညွန့်မွေးဘို့မဟုတ်၊ ငါတို့မွေးစားဘို့ ဖြစ်သည်ဟု ပြောသဖြင့် မပေးနိုင်ကြောင်းဖြင့်၊ ၎င်းက ငြင်းပယ်လိုက်ကြောင်း၊ လင်မယား ဤကဲ့သို့ မသင့်မတင့် ဖြစ်ရသည့်ကိစ္စနှင့်ပတ်သက်၍၊ သူကြီးထံသို့ ရောက်ခဲ့သဖြင့်၊ သူကြီးကလည်း မတင်ညွန့်အား နှင့်အပြစ်ဖြစ်သည် မပြောမဆိုနှင့် အာဘယ်ကြောင့် အိမ်မှ ထွက်သွားရသလဲ စသည်ဖြင့် ဆိုဆုံးမကြောင်း ထွက်ဆိုသည်။ ကိုအောင်သိန်းက ကလေးသည် ယခုအခါ နို့ဘူးတိုက်၍ ကျန်းမာဝဖြိုးလျက်ရှိသည်။ ၎င်း၏မိခင်နှင့် နှစ်မိများကလည်း၊ သွားစိုက်ဆိုင်တွင်အတူနေ၍ ကလေးကို ကြည့်ရှု စောင့်ရှောက်နေကြသည်။ ၎င်းသည် သွားစိုက်ဆရာအဖြစ် တလလျှင် ၃၀၀-၄၀၀ ဝင်ငွေရှိပါသည်။ ယခင် မတင်ညွန့်နှင့်

၁၉၆၂
မတင်ညွန့်
နှင့်
ကိုအောင်သိန်း။

အတူဘူနေထိုင်စဉ်ကလည်း တလလျှင် အိမ်သုံးရန် အတွက်၊ ငွေ ၁၀၀ လောက် မှန်မှန်ပေးခဲ့သည်၊ ကလေးမွေးဖွါးပြီးသော အခါ၌လည်း တလလျှင် ငွေ ၁၀၀ လောက် ပေးခဲ့သည်။ သွားစိုက်ဆိုင်တွင် အတူဘူနေထိုင်ကြသော အမေနှင့် တူမ များတို့အား ငွေမထောက်ပံ့၊ ထမင်းသာ ကျေးပါသည် ဟူ၍ ထွက်ဆိုသည်။ ၎င်းအား ပြန်လှန် မေးခွန်းထုတ်ရာတွင်၊ ကိုအောင်သိန်းကမတင်ညွန့်သည် ကလေးမွေးပြီး နောက်ပိုင်းတွင်၊ လင်မယားအဖြစ် ပေါင်းသင်းခြင်း မပြုရခြင်းကြောင့်၊ မိမိသည် မတင်ညွန့်အား ငြူစူသည် နှိပ်စက်သည် ဆိုခြင်းမှာ မဟုတ်ကြောင်း၊ ဆဲရေး တိုင်းထွာခြင်းပင် မပြုပါဟုဖြေသည်။ သို့ရာတွင်၊ ထိုကိစ္စနှင့် ပတ်သက်၍ ၎င်းသည် စိတ်ဆင်းရဲခြင်း၊ မကျေမနပ် ဖြစ်ခြင်းတို့ မဖြစ်ပါဟူ၍ကား ငြင်းပယ်ခြင်းမပြု။ ကိုအောင်သိန်းကငင်း၊ မတင်ညွန့်ကငင်း၊ ဆက်လက်၍ ပေါင်းသင်းခြင်း မပြုလိုတော့ပါဟု မပြောဆိုကြသော်လည်း၊ တဦးကိုတဦး နှစ်နှစ်နာနာ စွပ်စွဲခြင်းများကား မရှိကြ။ ကိုအောင်သိန်းက မတင်ညွန့်သည် လော်လီဖေါက်ပြားသည် ဟူ၍လည်းမဆို၊ ကလေးရပြီးနောက်မှ ကျောက်ကုန်းသို့ ဆွေမျိုးများထံ မတင်ညွန့် တခါထွက်သွားသည်ဟု ဆိုသည်။ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် တခါအိမ်မှ ထွက်သွား၍ တညနှစ်ညကြာမှ ပြန်လာသည်ဘို့ကိုသာ ပြောသည်။ အကျင့်စာရိတ္တ ပျက်ပြားသည်ဟူ၍လည်းစွပ်စွဲခြင်းမရှိ။

ကိုအောင်သိန်း တင်ပြသော သက်သေတို့အနက်၊ မောင်ကျော်ထွန်း (ခံပြ-၁)က တနေ့ဘွင် ၎င်းသည်၊ ကိုအောင်သိန်း သွားစိုက်ဆိုင်သို့ သွားရောက် လည်ပတ်ရာ၊ မဘင်ညွန့်၏ အစ်မနှင့် ၎င်း၏ယောကျ်ားတို့ ရောက်ရှိလာပြီး၊ ကလေးကို တောင်းကြောင်း၊ ကလေးကို ပေးခဲ့လျှင်၊သူတို့မွေးစားပါမည်ဟူ၍ ပြောကြောင်း၊ ထိုအခါ ကိုအောင်သိန်းက၊ ကလေး အဖေ တယောက်သုံး ရှိလျက်နှင့် ကလေးကို မပေးနိုင်ကြောင်း ပြောဆိုကြောင်း။ တခါတွင်လည်း မတင်ညွန့်နှင့် တွေ့ရာ၊ ခင်ဗျား ဘာကြောင့် ထွက်သွားရသလဲဟု၊ မိမိက မေးကြောင်း၊ ထိုအခါ ဟာသ်ာတသို့ ထွက်သွားသည်ဟူ၍ ပြောကြောင်းဖြင့် ထွက်ဆိုသည်။ အလားတူပင် အခြားသော လျောက်ထားခံရသူဘက်မှ သက်သေများသည်၊ မတင်ညွန့်က သွားစိုက်ဆိုင်သို့လာ၍ ကလေးကို ပစ်ချပေးခဲ့ကြောင်း၊ ကိုအောင်သိန်းက မတင်ညွန့်တို့ အိမ်မှ နှင်ချခြင်း ခံရသဖြင့်၊ ပစ္စည်းများကို သွားယူကြောင်း စသည်တို့ကို ထွက်ဆိုနိုင်သော သက်သေများဖြစ်ကြသည်။

ယခုရုံးရှေ့ရှိသော လျောက်လွှာသည်၊ လျောက်ထားသူနှင့် လျောက်ထားခံရသူတို့၏ သားငယ်ကို၊ မည်သူက ထိန်းသိမ်း ပြုစုစောင့်ရှောက်သင့်သည် ဟူသော ပြဿနာကို ထုတ်ဖော်ပေးသည့် ပြဿနာပင် ဖြစ်သည်။ လင်မယား ကွာရှင်းလိုမှု

၁၉၆၂
မတင်ညွန့်
နှင့်
ကိုအောင်ဆိန်း။

လည်းမဟုတ်သဖြင့်၊ သက်သေထွက်ချက်များ လျှောက်လှာ၊ ဖြေလှာ စသည်တို့ အပေါ်မှ ပေါက်ဖွါးသည့် အချက်အလက်များ အပေါ်မှ မည်သူက မည်သို့အပြစ် ရှိသည်မရှိသည်ကို စဉ်းစားဆုံးဖြတ်ရန် ပေါ်ပေါက်ခြင်း မရှိ။ အဓိက ပြဿနာမှာ၊ ကလေးကို မည်သူက စောင့်ထိန်းခဲ့လျှင်၊ ကလေး၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းကို အထောက်အပံ့ ဖြစ်စေမည်ကို ဆုံးဖြတ်ရန် ဖြစ်သည်။ မိဘနှစ်ပါးတို့သည် လော်လီ ဖေါက်ပြားခြင်းလည်း ရှိကြသည်မဟုတ်။ သားငယ်ကို ချစ်မြတ်နိုးကြသဖြင့်၊ သူမသာ ငါမသာ ရှိကြပေမည်။ အကယ်၍ တဦးဦးက အကျင့်စာရိတ္တ ဖေါက်ပြားနေခဲ့လျှင်၊ သို့မဟုတ်၊ သားငယ် အပေါ်တွင် မေတ္တာပေါလျှံ၍နေခဲ့လျှင် မည်သို့မျှ သားငယ်ကို စောင့်ထိန်း ပြုစုခွင့်ကို ပြင်းပြင်းထန်ထန် တောင်းယူ၍ နေကြမည်မဟုတ်။ လျှောက်ထားခံရသူ၏ ရှေနေကြီး ဦးဘကျော်က စီရင်ထုံးအချို့ကို ကိုးကား၍၊ ဖခင်နှင့် မိခင်တို့ နှစ်ဦးအနက်၊ ဖခင်ဖြစ်သူသာလျှင်၊ သားသမီးများကို စောင့်ထိန်းခွင့် ရှိကြောင်းဖြင့် ကိုးကား လျှောက်လဲသည်။ သို့ရာတွင်

ဤကိစ္စမျိုးဌ ရုံးသည် ဥပဒေအရ စီရင်ထုံးများကို လမ်းညွှန်များ သဘွယ်သာ လက်ခံကျင့်သုံးပြီး၊ အရေးအကြီးဆုံး ထားရှိရမည်မှာ၊ ကလေး၏ အကျိုးကျေးဇူးပင် ဖြစ်သည်။ အမှုတခုနှင့်တခုမှာ အချက်အလက်ခြင်း ထပ်တူထပ်မျှ မည်သို့သော အခါမျှ မဖြစ်နိုင်ပေ။ ထို့ကြောင့် အမှုတိုင်းတွင်၊ ၎င်းအမှု၏ အချက်အလက်ဖြစ်ပေါ် သမျှတို့ကိုချုံ၍ စဉ်းစားရမည် ဖြစ်သည်။ အထူးသဖြင့်၊ ကလေးသည် ငယ်ရွယ်နုနယ်သေးလျှင်၊ မိခင်ဖြစ်သူကပို၍ ကျေးမွေးပြုစုနိုင်သည်၊ စောင့်ထိန်းနိုင်သည်။ ထို့ကြောင့် သာမန်အားဖြင့်၊ မိခင်ဖြစ်သူသည် အကျင့်စာရိတ္တ ပျက်ပြားခြင်း၊သို့မဟုတ် စောင့်ထိန်းသူ ဖြစ်ထိုက်သော အရည်အချင်းများနှင့် ပြည့်စုံခြင်း မရှိသူ မဟုတ်လျှင်၊ ကလေးသူငယ်ကို ထားရှိစေတတ်သည်။ ဤသည်ကား၊ အနိုင်နိုင်ငံ၏ လက်ခံကျင့်သုံးသော သဘာဝတရားပင်ဖြစ်သည်။

ထိုသဘောဘာရားအရပင်လျှင်၊ ရှေနေကြီး ဦးဘကျော်ကိုယ်တိုင် ရိုးသားစွာ ညွှန်ပြသော၊ ***Saraswatibai Shripad Ved*** **v.** ***Shripad Vasanji Ved*** (1) တွင် ချမှတ်ထားသည်။ အလားတူပင်လျှင်၊ ***Mohd. Saddib*** **v.** ***Wafati*** (2) တွင်လည်း ထပ်မံ၍ ထုတ်ဖော်ထားသည်။ ထို့အတူ မကြာသေးမီက ဖြစ်ခဲ့သော ***In re L. (Infants)*** (3) ၏ အမှုတွင်၊အင်္ဂလန်ပြည် တရားသူကြီးတော်ချုပ်က၊ သာမန်အားဖြင့် မိခင်သည်နုနယ်သော ကလေးသူငယ်များ၏ စောင့်ထိန်းသူ ဖြစ်သင့်ကြောင်း ထပ်မံ၍ စီရင်ထုံးဖွဲ့ထားသည်။

(1) A.I.R. (1941) Bombay 103. (2) A.I.R. (1948) Oudh 51.
(3) (1962) 1 Weekly Law Reports 886.

ထို့အမှုတွင်ကား၊ မိခင်ဖြစ်သူသည်၊ လောလီဖေါက်ပြားချ၍၊ အခြား ယောကျ်ားတဦးနှင့်အတူ နေထိုင်ပေါင်းသင်း သဖြင့်၊ သာမန်အားဖြင့်၊ လိုက်နာ ကျင့်သုံးသည့် အမူကိုပယ်ချ၍၊ ကလေး၏ခင်အား ကလေးကို စောင့်ထိန်းစေသည်။

၁၉၆၂
မတင်ညွန့် နှင့် ကိုအောင်သိန်း။

အဆိုပါ အမှုများတွင်၊ ကလေးများသည် (၃) (၄) နှစ် (၆) နှစ်စသည်ဖြင့် အရွယ်အတန်ငယ် ရောက်ရှိပြီး ဖြစ်ကြသူများ ဖြစ်ကြသည်။ ၎င်းအရွယ်များကိုဖြင့်၊ တရားရုံးများက နုနယ်ငယ်ရွယ်သော အရွယ်များဟူ၍ သဘောပိုက် မှတ်ယူကြသည်။ ဤအမှုတွင်ကား၊ ကလေးကို၊ ကိုအောင်သိန်းက ယူထားသည့် အချိန်၌ ကလေးသည် (၅) လသား အရွယ်မျှသာ ဖြစ်သည်။ ယခုဆိုလျှင် ကလေးသည် (၁၀) လသာသာ မျှသာရှိသေးသည်။ ကလေးသူငယ်အား ရုံးရှေ့တွင် ခေါ်၍ကြည့်ရှုရာ၊ ဝပြိုးကျန်းမာ စွာရှိသည်။ မသိတတ်သေးသော လူမမယ် ဖြစ်သဖြင့်၊ ကိုအောင်သိန်း၏ မိခင်နှင့် တူမကသေး၏ လက်တွင် ပျော်ရွှင်စွာပင် နေသည်ကို တွေ့ရသည်။ ရုံးရှေ့တွင်ရှိသော သျှောက်ဆားသူ မတင်ညွန့်ထံသို့ ပေး၍ပွေ့ချီသေရာ၊ ကလေးသည် မိခင်ကိုပင် အတန်ငယ် စိမ်းနေသည်ကို တွေ့ရသည်။ သို့ရာတွင် ဤအရွယ် ကလေးသည် မိခင်နှင့်သာ အာဘူနေသင့်သည်။ ကလေးသူငယ်တို့ မည်သည် နို့ဘူးတိုက်၍ ကျွေးမွေး သည်နှင့်သာ မပျော်။ မိခင်၏ မေတ္တာကို ခံယူရန်လိုသည်။ ကိုအောင်သိန်းသည်၎င်း၊ ၎င်း၏မိခင်နှင့် တူမများတို့သည်၎င်း၊ ကလေး အပေါ်တွင် ကြင်ကြင်နာနာ ရှိကြမည် ဟူ၍ယုံကြည်သည်။ သို့ရာတွင်၊ ၎င်းကြင်နာမှုသည်၊ မိခင်၏ မေတ္တာ ကြင်နာမှုတို့နှင့် နှိုင်းစာ၍ မရနိုင်။ ကိုအောင်သိန်း၏ ထွက်ဆိုချက်နှင့် ၎င်းတို့၏ သက်သေများတို့၏ ထွက်ဆိုချက်အရသည်း၊ မဘင်ညွန့်သည် ကလေးအား စောင့်ရှောက် ထိန်းသိမ်းရန် မသင့်သော မိခင်ဖြစ်သည်ဟူ၍ မပြော။ တကြိမ်တခါ ခဏတာမျှ အိမ်မှစိတ်ညစ်၍ ထွက်သွားခဲ့သည်ကိုသာ မယ်မယ်ရရ ပြနိုင်သည်။ အကျင့်စာရိတ္တနှင့် လော်လီ ဖေါက်ပြားခြင်းကို၊ ၎င်းဘို့လည်း မစွပ်စွဲကြ။ သက်သေခံချက် တွင်လည်းမတွေ့ရှိရ။ ထို့ကြောင့် သျှောက်ထားသည့် အတိုင်း ကလေးကို မိခင်ဖြစ်သူ လျှောက်ထားသူ မတင်ညွန့်က ၎င်း၏လက်ဝယ်ထားရှိ၍ ထိန်းသိမ်း စောင့်ရှောက် ပြုစုကျွေးမွေး စေရမည်။ ဖခင်ဖြစ်သူ ကိုအောင်သိန်းအားလည်း သင့်တော်သည့် အချိန်တို့၌ ကလေးအား လာရောက်၍ ကြည့်ရှုလည်ပတ်ခြင်းတို့ကို ပေးစေရမည်။ ဤကဲ့သို့ မိခင်ဖြစ်သူ၏ လက်ဝယ်၌ ကလေးကို ထားပြီး၊ ဖခင်ဖြစ်သူက လာရောက်လည်ပတ် ခြင်းနှင့်လည်း၊ ယေ်ရွယ်သူများ ဖြစ်ကြသေးသည့် လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့သည် ၎င်းတို့၏ အိမ်ထောင်ရေး ပြဿနာကို အေးဆေးစွာ ဖြေရှင်းနိုင်ပြန်လျှင်၊ သင့်သင့်မြတ်မြတ် ပြန်လည် ပေါင်းသင်း ကြလိမ့်မည် ဟူ၍ မြော်လင့်ရသည်။

၁၉၆၂

မထင်ညွန့်
နှင့်
ကိုအောင်သိန်း။

အကယ်၍၊ မိခင်ဖြစ်သူ မတင်ညွန့်က၊ ကလေးအား ထိန်းသိမ်းရာတွင်၎င်း၊ ဖခင်အား ကလေးကို လည်ပတ်ခြင်း ကြည့်ရှုခြင်းတို့ကို ခွင့်ပြုရန်၊ ၎င်း၏ တာဝန်ပျက်ကွက် ခဲ့လျှင်၊ ဖခင်ဖြစ်သူသည် ရုံးသို့ လာရောက်၍၊ ကလေးကို မိမိအား ပေးအပ်ပါရန် လျှောက်ထားနိုင်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့တွင်

မောင်ဆက်မောင် (အယူခံတရားလို)

နှင့်

မကြင်သွေး (အယူခံတရားခံ) *

† ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်။

လင်မယားကွာရှင်းမှု၊ နှိပ်စက်ညှင်းပန်းခြင်း၊ ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်း မပြုသော်လည်း၊ စိတ်ဆင်းရဲအောင် ပြုမူခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း ဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။လင်ဖြစ်သူသည် မိမိ၏ မယားဖြစ်သူကို အသိမပေးဘဲ လက်ဖွဲ့ငွေ ၁,၃၀၀ မှ ငွေ ၁,၀၀၀ ကို အသုံးပြုခြင်းသည်၊ နိုင်ထက်စီးနင်းပြုလုပ်ရာကျသည်။

ထို့ပြင်၊ မယားကို အသိမပေးဘဲ လက်ထပ်ပြီး ရက်အနည်းငယ်အတွင်း အိမ်မှထွက်သွားပြီး မြို့သို့ ပြန်ရောက်သောအခါ အခြားတနေရာ၌ နေထိုင်လျက် မယားက ၎င်းနှင့်လိုက်နေရန် ခွင့်တောင်းသော်လည်း ခွင့်မပြုခြင်းတို့သည်၊ မယားအား စိတ်ဆင်းရဲ ဒုက္ခရောက်စေသည် ဆိုသည်မှာ အမှန်ပင်ဖြစ်သည်ဟု ယူဆရပေမည်။

၎င်းပြင်၊ လင်သည် နောက်အိမ်ထောင်ပြုပြီးနောက်မယားအား ကွာရှင်းခွင့် မပြုသည်မှာ မယားပေါ်တွင် နိုင်ထက်စီးနင်းကျင့်လိုစိတ်ရှိကြောင်း ပေါ်လွင်သည်။

အထက်ပါ အကြောင်းတို့ကြောင့် လင်သည် မိမိ၏မယားအား နှိပ်စက်ရန် ဦးမလေးဘဲ၊ အပြုအမူအားဖြင့် နှိပ်စက်သောကြောင့် မိမိ၏မယားမှာ စိတ်ဆင်းရဲဒုက္ခ အကြီးအကျယ် ရောက်ရကြောင်း ထင်ရှားပေါ်လွင်သည်။

အယူခံတရားလိုအတွက်။ ။ဦးကျော် (၁)။

အယူခံတရားခံအတွက်။ ။ဦးထွန်းလွင် (၃)။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် အယူခံ တရားလို မောင်ဆက်မောင် နှင့် အယူခံတရားခံ မကြင်သွေးတို့ လက်ထပ်ပြီး ရက်အနည်းငယ်အတွင်း၊ မောင်ဆက်မောင်သည် မကြင်သွေးအား အကြောင်း မကြားဘဲ နေအိမ်မှ ထွက်သွားလေသည်။ ၁၀ ရက်မျှ ကြာသောအခါ၊ ၎င်းတို့ နေထိုင်ရာ မြိတ်မြို့သို့ မောင်ဆက်မောင် ပြန်လာ

---

* ၁၉၆၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၇၉။

† ၁၉၆၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆ တွင်၊ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့စွဲပါ၊ မြိတ်မြို့၊ ခရိုင်တရားမ တရားသူကြီးချုပ်တော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃
မောင်ဆက်
မောင်
နှင့်
မကြင်သွေး။

သော်လည်း၊ မကြင်သွေးထံသို့ မပြန်ဘဲ၊ အခြားနေရာတွင် နေထိုင်သည်။ မကြင်သွေးက၊ သူကြီး ဦးလွင် (လိုပြ-၄) ထံသွားရောက်၍၊ တိုင်ကြားရာတွင်၊ သူကြီးက မောင်ဆက်မောင်အား ဆဲဆိုခေါ်ပြီး အကျိုးအကြောင်း မေးမြန်းပြီးနောက် မောင်ဆက်မောင်နှင့် မကြင်သွေးတို့ အချင်းဖြစ်ပွါးသည်ကို ပြေလည်စေရန် အကြံပေး၏။ သို့သော် ပြေလည်မှု မရရှိကြ။ သူကြီး၏ ထွက်ဆိုချက်အရ မကြင်သွေးက မိမိ၏ အိမ်သို့ မောင်ဆက်မောင် လိုက်၍ မနေလိုလျှင်၊ မောင်ဆက်မောင် အိမ်သို့ လိုက်၍ မိမိ နေပါရစေဟု ပြောရာ၊ မောင်ဆက်မောင်က လက်မခံကြောင်း ပေါ်လွင်၏။ ယင်းသို့သော အခြေအနေတွင် မကြင်သွေးက မိမိ၏ စိတ် အတော် ထိခိုက်ပြီး စိတ်ရောကိုယ်ပါ နှိပ်စက် ညှင်းဆဲခြင်း ခံရသည်ဟု အကြောင်းပြကာ၊ လင်မယား ကွာလိုမှု တရားစွဲဆို၏။ မူလရုံးက ထိုသို့သော အကြောင်းပြချက်နှင့် မလုံလောက်ဟု ယူဆကာ၊ အမှုကို ပယ်လိုက်၏။ ပဌမ အယူခံရုံးကမူကား၊ ထိုသို့သော အခြေ အနေတွင်၊ မောင်ဆက်မောင်သည်၊ ကိုယ်ထိ လက်ရောက် နှိပ်စက်ခြင်း မပြုသော်လည်း၊ မိမိ၏ ဇနီး မကြင်သွေးအား စိတ်ဆင်းရဲအောင် ပြုမူသည်ဟု ယူဆကာ၊ ထိုပြုမူချက်မျိုးသည် တရားဥပဒေအရ နှိပ်စက် ညှင်းပန်းခြင်း မည်သည်ဟု အကြောင်းပြ၍၊ လင်မယား ကွဲဘွင့်ရန် ဒီကရီ ချမှတ် လိုက်၏။

ထိုအမိန့် ဒီကရီကို မကျေနပ်သဖြင့်၊ မောင်ဆက်မောင် အယူခံဝင်ခြင်း ဖြစ်သည်။ အယူခံကို ပဌမအကြိမ် ကြားနာစဉ်၊ မကြင်သွေး၏ ပညာရှိ မျှေနှေကြီးက၊ အဆိုပါ အမိန့် ဒီကရီ ချမှတ်ပြီးနောက်၊ မောင်ဆက်မောင်သည် မကြင်သွေးအား အသိမပေးဘဲ နေဝင်အိမ်ထောင်ပြုကြောင်းနှင့် လျှောက်ထားရာ၊ ထိုအချက် မှန်မမှန်ကို စုံစမ်းလိုကြောင်းဖြင့်၊ မောင်ဆက်မောင်၏ ပညာရှိ မျှေနှေကြီးက အချိန်တောင်းယူဖြင့် အချိန်ပေးလိုက်၏။ နောက်တကြိမ် ဆက်လက် ကြားနာရာတွင်၊ မောင်ဆက်မောင်၏ ပညာရှိ မျှေနှေကြီးက၊ မောင်ဆက်မောင် နောက်အိမ်ထောင်ပြုသည်မှာ မှန်ကြောင်း။ သို့သော် အမှုကို ဆက်လက် သွားစေလိုကြောင်းနှင့် လျှောက်ထား၏။

မောင်ဆက်မောင်နှင့် မကြင်သွေးတို့ လက်ထပ်စဉ်က လက်ဖွဲ့သောငွေ ၁,၃၀၀ ကျပ် ရရှိဟန်တူသည်။ ထိုငွေအနက်မှ ငွေ ၁,၀၀၀ ကျပ်ကို၊ မောင်ဆက်မောင်ယူပြီး အသုံးပြုလိုက်၏။ မောင်ဆက်မောင်က လက်မထပ်မီ လက်ထပ်ရန်အတွက် ချေးယူသော ငွေကို ပြန်လည်ပေးဆပ်ရန် အသုံးပြုပါသည်ဆို၏။ မည်သို့ပင်ဖြစ်စေ မောင်ဆက်မောင်သည်၊ ထိုငွေ ၁,၀၀၀ ကျပ်ကို မကြင်သွေးအား အသိ မပေးဘဲ အသုံးပြုလိုက်ခြင်းသည် နှိုင်ထက်စီးနင်း ပြုလုပ်ရာကျပေသည်။ ထိုမျှသာမက [redacted] မင်္ဂလာဆောင်ပြီး ရက် အနည်းငယ် အတွင်းတွင်၊ မကြင်သွေး မသိရဘဲ နေအိမ်မှ ထွက်ခွါသွားပြီး၊ ၁၀ ရက် ကျော်မျှကြာသောအခါ မြိတ်မြို့သို့ ပြန်လည်ရောက်ရှိသော်လည်း၊ မကြင်သွေး အိမ်သို့

၁၉၆၃
မောင်ဆက်
မောင်
နှင့်
မကြင်သွေး။

မပြန်ဘဲနေ၏။ မကြင်သွေးက သူကြီးထံ တိုင်ကြားသည်တွင်မှ၊ ၎င်းတို့နှစ်ဦး သူကြီး အိမ်တွင် တွေ့ဆုံကြ၏။ ထိုအခါ၌ မကြင်သွေးက မိမိအိမ်သို့ မောင်ဆက်မောင် လိုက် မနေလိုလျှင်၊ မိမိက မောင်ဆက်မောင် အိမ်၌ လိုက်နေခွင့်တောင်းရာ၊ မောင်ဆက် မောင်က သဘောမတူခဲ့။ ထိုအကြောင်းအားလုံးကို ထောက်သော်၊ မကြင်သွေး စိတ်ဆင်းရဲ ဒုက္ခရောက်သည်ဆိုသည်မှာ၊ အမှန်ပင် ဖြစ်သည်ဟု ယူဆရပေမည်။

ထိုမျှသာမကသေး၊ မောင်ဆက်မောင် နောက်အိမ်တောင်ပြူပြီးလျက်နှင့် မကြင် သွေးအား ကွာရှင်းခွင့် မပြုသည်မှာ၊ မောင်ဆက်မောင်သည် မိမိ၏ ဇနီးအပေါ်တွင် နှိုင့်ထက်စီးနင်း ကျင့်လိုစိတ် ရှိကြောင်း ပေါ်လွင်၏။ ဤအချက်သည် အထက်ဖော်ပြ ပါ အမှုအဖြစ်အပျက် အကြောင်းခြင်းရာများကို လေ့လာရာ၌၊ မောင်ဆက်မောင် မိမိ၏ ဇနီးကို နှိပ်စက်ရန် ဦးမလေးဘဲ၊ အပြုအမူအားဖြင့် နှိပ်စက်သောကြောင့် မိမိ၏ ဇနီးမှာ စိတ်ဆင်းရဲဒုက္ခအကြီးအကျယ် ရောက်ရကြောင်း ထင်ရှား ပေါ်လွင်စေ၏။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်သဖြင့်၊ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဤခုံးမျှေနေခမှာ ဒေ ၅၁ ကျပ်ဖြစ်စေရမည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ငဦး ရွှေတွင်

† ၁၉၆၃
ဧပြီလ ၂ ရက်။

မောင်သောင်း (ပြင်ဆင်ရန် လျှောက်ထားသူ)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးဘိုးအေး)
(ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇဝတ်မှုကို ချေဖျက်ခြင်း၊ ရာဇသတ်ပုဒ်မ ၄၀၈ နှင့် စွဲဆိုသောအမှု တရားမမှုသာဖြစ်သောအမှု၊ ချေဖျက်ရန်သင့်ခြင်း၊ ရာဇဝတ်ကျင့်ထုံး ကိုဥပဒေပုဒ်မ ၅၆၁ (က)။

လျှောက်ထားသူသည်၊ အောက်ရုံး ရာဇဝတ်မှုတွင် တရားခံဖြစ်၍၊ လက်သမားငှါးခကို **မပေးဟု** ဆိုကာ လက်သမားဆရာက ရာဇသတ်ပုဒ်မ ၄၀၈ အရ တရားစွဲဆိုခြင်းခံခဲ့သူဖြစ်လေသည်။

ထိုသို့ တရားစွဲဆိုခံရခြင်းကို မကျေနပ်၍၊ အဆိုပါအမှုကို ချေဖျက်ရန် ရာဇဝတ်ပြင်ဆင်မှု လျှောက်လွှာကို တရားရုံးချုပ်သို့ တင်သွင်းရာ။

ဆုံးဖြတ်ချက်။ ။အမှုတွင် တရားလိုဏ် စကားများ မှန်စေကာမူ၊ လျှောက်သူအပေါ် ရာဇဝတ်မှုဖြင့်မစွဲဆိုနိုင်။ အမှုမှာ တရားမမှုသာဖြစ်သည်။ လျှောက်သူသည် တရားလိုဏ် စာရေးလည်းမဟုတ်၊ အစေခံလည်းမဟုတ်၊ ထိုသို့သော အနေဖြင့် ပစ္စည်းတခုခုကို တနည်းနည်းဖြင့် အပ်နှံခြင်း ခံရသူလည်းမဟုတ်၊ မည်သည့်ပစ္စည်းနှင့် စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်သူလည်း မဟုတ်ပေ။

ဤအမှုကို ဆက်လက်သွားမည်ဆိုက၊ လျှောက်သူမှာ မျှားစွာပင် နစ်နာမည်ဖြစ်ပေသည်။ လျှောက်သူမှာ အချုပ်နှင့်ပင် **နေခဲ့ရ**လေပြီ။ စစ်ဆေးပြီးသော သက်သေနှစ်ယောက်လည်း တစုံတခုမျှ လုံလောက်စွာ ထောက်ခံခြင်း မပြုကြပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ လျှောက်သူအပေါ် တရားစွဲဆိုထားသော ရာဇဝတ်မှု တခုလုံးကို၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) အရ၊ ဤအမိန့်ဖြင့် ချေဖျက်လိုက်သည်။

U Wa Gyi v. *The Union of Burma*, (1948) B.L.R. 625 H.C. and *U Nyi Lay* v. *The Union of Burma*, (1959) B.L.R. 60, S.C. ရည်ညွှန်း၍ လိုက်နာသည်။

ပြင်ဆင်ရန်လျှောက်သူအတွက်။ ။ဒေါက်တာ မောင်ဖြူး။

---

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၈ (ခ)။

† လျှောက်ထားသူက၊ ဖြူးမြို့၊ မြို့နယ်ရာဇဝတ်တရားသူကြီး (၁) ဦးထွန်းအေး၏ရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၁၆ တွင်၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့က ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၈ အရ တရားစွဲဆိုထားသည်ကို မကျေနပ်၍ အဆိုပါ အပ်နှံတဲ့ကို ချေဖျက်ပေးပါရန် တင်သွင်းသော ရာဇဝတ်ပြင်ဆင်မှုလျှောက်လွှာ။

၁၉၆၃
မောင်သောင်းနှင့် မြည်ထောင်စု မြန်မာနိုင်ငံ (ဦးဘိုးအေး)။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤလျှောက်လွှာကို ခွင့်ပြုရမည်။ ဖြူးမြို့မြို့နယ် ရာဇဝတ်တရားသူကြီးရုံး၌၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၁၆ တွင်၊ လျှောက်သူက ဦးဘိုးအေးဆိုသူကို လက်သမားဆရာအဖြစ် တနေ့ကို ငွေ ၄ ကျပ်ဖြင့် အလုပ်လုပ်ခိုင်းရာ၊ ငွေ ၂၄၉ ကျပ် ၂၅ ပြားအနက်၊ ငွေ ၉၉ ကျပ် ၂၅ ပြား မပေးဘဲ ကျန်နေသည်ဖြစ်၍၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ ဦးဘိုးအေးက လျှောက်သူအပေါ်၊ ဦးတိုက်လျှောက်သွားဖြင့် တရားစွဲဆိုလေသည်။ တရားလို ဦးဘိုးအေးက လျှောက်သူသည် ဤငွေ ၂၄၉ ကျပ် ၂၅ ပြားကို၊ ၎င်းနှင့်အတူ တခြား လက်သမား လေးယောက်အား လုပ်ခများအတွက်ပေးချန်ရှိရာ၊ ငွေ ၁၅၀ ကျပ်သာ ပေး၍၊ ၎င်းတို့ ဝေယူကြလေသည်ဟု ဆိုသည်။ ပဌမက ဤငွေ ၂၄၉ ကျပ်၊ ၂၅ ပြားကို မရ၍ ကျေးရွာ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကောင်စီသို့ ဖြေရှင်းပေးရန် လျှောက်ထားသဖြင့်၊ ဤရရန်ရှိသောငွေကို၊ သုံးရစ်ကျပေးဆပ်ရန် ဆုံးဖြတ်ချက်ပေးရာ၊ လျှောက်သူသည် နှစ်ဖက်အတွက် ငွေ ၁၅၀ ကျပ် ပေးဆပ်ပြီး၊ ယခုငွေ ၉၉ ကျပ်၊ ၂၅ ပြားသာမပေးဆပ်ဘဲ ကျန်နေကြောင်း အဆိုရှိသည်။

ဦးဘိုးအေး၏ စကားများ မှန်စေကာမူ၊ လျှောက်သူအပေါ် ရာဇဝတ်မှုဖြင့် မစွဲဆိုနိုင်၊ အမှုမှာ ငြင်းခွင့်မရှိ၊ တရားမမှုသာဖြစ်သည်။ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ လျှောက်သူသည် ဦးဘိုးအေးနှင့် အဖေါ် လက်သမား လေးယောက်တို့၏ စာချေးလည်းမဟုတ်၊ အစာခံလည်းမဟုတ် (ထိုသို့သော အနေဖြင့် ပစ္စည်းတခုခုကို တနည်းနည်းဖြင့် အပ်နှံခြင်း ခံရသူလည်းမဟုတ်။ မည်သည့် ပစ္စည်းနှင့် စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည် အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်သလည်း မဟုတ်ပေ)။

(ဤအမှုကို ဆက်လက်သွားမည်ဆိုက၊ လျှောက်သူမှာ မျှားစွာပင် နစ်နာမည်ဖြစ်ပေသည်။ လျှောက်သူမှာ အချုပ်နှင့်ပင် နေခဲ့ရလေပြီ။ စစ်ဆေးပြီးသော သက်သေ နှစ်ယောက်လည်း တစုံတခုမျှ လုံလောက်စွာ ထောက်ခံခြင်း မပြုကြပေ)။ တရားလို ဦးဘိုးအေး ကိုယ်တိုင်က၊ ရာဇဝတ်မှုဖြစ်ကြောင်း မည်သို့မျှ မပြနိုင်၍၊ နောက် မည်ရွေ့မည်မျှ သက်သေစစ်ဆေးသော်လည်း အမှုမှာ ထူးမည်မဟုတ်။ ဤအမှုတွင် မြန်မာနိုင်ငံ ရွှေနေချုပ်ရုံးနှင့် လျှောက်ထား ခံရသူတို့ထံ အကြောင်းကြားစာများ ပေးပို့ ခဲ့သော်လည်း၊ မည်သူမျှ မလာ မရောက်ကြ။

(အဆက် ဖေါ်ပြပါ အခြောင်းများကြောင့်၊ လျှောက်သူအပေါ် တရားစွဲဆိုထားသော ရာဇဝတ်မှု တခုလုံးကို၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁ (က) အရ၊ ဤအမိန့်ဖြင့် ချေဖျက်လိုက်သည်။) *U Wa Gyi* v. *The Union of Burma* (1); *U Nyi Lay* v. *The Union of Burma* (2).

(1) (1948) B.L.R. 652 (H.C.) (2) (1959) B.L.R. 60 (S.C.)

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

† ၁၉၆၃ ဝိုင်၊ အီး၊ အိုင်၊ ဒါဝတ်ဂျီ ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူများ)

ဧပြီလ ၁၃ ရက်။

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ [အမ်၊ အက်(စ်)၊ မရက်] (ပြင်ဆင်ရန် လျှောက်ထားခံရသူ) *

ဆိုင်းငံ့အမိန့်၊ တရားမမှုရှိသည့်အတွက်၊ ရာဇဝတ်မှုကို ဆိုင်းငံ့သင့်မသင့်။

ဤအမှု၌ ပြင်ဆင်ရန် လျှောက်ထားသူတို့က ပြင်ဆင်ရန် လျှောက်ထားခံရသူသည် အောက်ရုံး၌ မိမိတို့အပေါ် ရာဇဝတ်ကြောင်းဖြင့် စွဲဆိုထားသော အမှုကို အဆိုပါမှု၌၊ ပါဝင်နေသော အချင်းဖြစ်မြေကိုပင်၊ ရန်ကုန်မြို့၊ တရားမ တရားရုံး၌ လက်ရောက်ရလိုမှုနှင့် တားမြစ်လိုမှု စွဲဆိုထားခြင်းကြောင့် အောက်ရုံးရှိ ရာဇဝတ်မှုကို ဆိုင်းငံ့ထားရန် အဆိုပါ ရာဇဝတ်မှုကို ကြားနာသည့် အောက်ရုံး၌ လျှောက်ထားခဲ့သည်ကို၊ အောက်ရုံးက ဆိုင်းငံ့အမိန့် ချမှတ်မပေးခဲ့သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်ရန်လျှောက်ထားခြင်း ဖြစ်လေသည်။

ရာဇဝတ်မှုတွင် စစ်ဆေးရမည့် အချက်အလက်နှင့် တရားမမှုတွင် စစ်ဆေးရမည့် အချက်အလက် တို့သည် မတူညီကြောင်းဖေါ်ပြလျက်—

ဆုံးဖြတ်ချက်။ ။ရာဇဝတ်မှုနှင့် တရားမမှုတို့၏အမှုသည်ခြင်း တူရုံမျှနှင့်သော်၎င်း၊ အမှုအခြင်းဖြစ် အကြောင်းအရာ တူရုံမျှနှင့်သော်၎င်း ရာဇဝတ်မှုကို ဆိုင်းငံ့ရန် မသင့်ကြောင်း ပေါ်လွင်၏။ ထို့ပြင် ရာဇဝတ်မှုသည်၊ တရားမမှုကို ဖိနှိပ်ရန် ဖြစ်သည်ဟု ယူဆရန်မှာလည်း၊ ၎င်းအမှုများကို စစ်ဆေးရာတွင် တမျိုးစီ ခွဲခြား၍ စစ်ဆေးရန် ဖြစ်သဖြင့် ထိုကဲ့သို့ ယူဆရန်မသင့်ကြောင်း ပေါ်လွင်၏။ သို့ဖြစ်သောကြောင့် ရာဇဝတ်မှုကို ဆိုင်းငံ့ရန် မသင့်သည်မှာ ကောင်းစွာ ထင်ရှား၏။

၁၉၅၈ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး (တရားလွှတ်တော်) ၁၀၂ ကို ရည်ညွှန်း၍ လိုက်နာသည်။

ထို့ပြင် ရာဇဝတ်မှုများကို အမြန်ဆုံး ပြီးစီးအောင် စစ်ဆေးရန် ဤရုံးက ညွှန်ကြားလွှာများ ထုတ်ရန် ညွှန်ကြားခဲ့ပြီး ဖြစ်သဖြင့်၊ လုံလောက်သော အကြောင်းမရှိလျှင် ရာဇဝတ်မှုများကို ဆိုင်းငံ့ထားရန် သင့်လျော်မည် မဟုတ်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ရှေ့နေကြီး၊ မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။

ပြင်ဆင်ရန် လျှောက်ထား ခံရသူအတွက်။ ။ရှေ့နေကြီး ဦးမြင့်စိုးနှင့် ဦးဘစိန်။

---

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၃ (ခ)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၂၇ တွင် ချမှတ်သော၊ ၁၉၆၂ ခုနှစ်၊ မေလ ၄ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ ဒဋ္ဌမရာဘက်ရာဇဝတ်တရားသူကြီး (အထူး) ၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၆၃

ဝိုင်းအီး၊ အိုင်၊ ဒါဝတ်ဂျီ ပါ ၂ နှင့် မြည်ထောင်စု မြန်မာနိုင်ငံ [အမ်၊ အက်(စ်)၊ မရက်]။

တရားသူကြီး ဦးစောဘသိန်း။ ။လျှောက်ထား ခံရသူ အမ်၊ အက်(စ်)၊ မရက်က၊ လျှောက်ထားသူတို့အပေါ်၊ ရန်ကုန်မြို့၊ အင္ဂမ ရာဘက် ရာဇဝတ်တရား သူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၇ တွင်၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉၊ ၄၄၇၊ ၁၀၉၊ ၁၁၄ အရ၊ ၁၁-၁-၆၂ နေ့၌ တရားစွဲဆို၍၊ ၁၅-၁-၆၂ နေ့တွင်၊ ရန်ကုန်မြို့၊ တရားမ တရားရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၇ ဘွင်၊ အချင်းဖြစ် မြေလက်ရောက်ရလိုမှုနှင့် တားမြစ်လိုမှုကို စွဲဆို၏။

ယခု လျှောက်ထားသူတို့က၊ အမှုစစ်ဆေးသော ရုံးသို့၊ ဖေါ်ပြခဲ့သည့် တရားမမှု စစ်ဆေးနေစဉ်အဘွင်း ရာဇဝတ်မှုကို ဆိုင်းငံ့၍ ထားရန်၊ လျှောက်ထားရာ မအောင်မြင်သဖြင့်၊ ရန်ကုန်ခရိုင် စက်ရှင်ရုံးသို့၊ ထပ်မံ၍ လျှောက်ထားပြန်ရာ၊ မအောင်မြင်သည့်အဘွက်၊ ဤရုံးသို့၊ အောက်ရုံး ချမှတ်သော အမိန့်ကို ပြင်ဆင်၍ ပေးရန်၊ လျှောက်ထားကြ၏။

လျှောက်ထား ခံရသူ၏ ပညာရှိ ရှေနေကြီးက၊ ရာဇဝတ်မှု စစ်ဆေးခြင်းနှင့် တရားမမှု စစ်ဆေးခြင်း ကွာခြားသဖြင့်၊ ရာဇဝတ်မှုကို၊ ဆိုင်းငံ့ရန်၊ မသင့်ကြောင်း။ ဤအမှု အကြောင်း ချင်းရာနှင့် **၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၀၂ စီရင်ထုံးတွင်၊** ဖေါ်ပြထားသည့် အမှု အကြောင်းချင်းရာများ မတူ ကွဲပြား ခြားနားကြောင်း တင်ပြခဲ့လျှောက်လဲ၏။

လျှောက်ထားသူတို့၏ ပညာရှိ ရှေနေကြီးက၊ ရာဇဝတ်မှုတွင်၊ ဖေါ်ပြထားသည့် အမှုသည်များနှင့် တရားမမှုတွင်၊ ဖေါ်ပြ ထားသည့် အမှုသည်တို့ တူညီ၍၊ အမှု အကြောင်း ချင်းရာများလည်း၊ ထပ်တူ ထပ်မျှ ဖြစ်သဖြင့်။ **၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၀၂ စီရင်ထုံးအရ၊** ရာဇဝတ်မှုကို ဆိုင်းငံ့ ထားရန်၊ သင့်ကြောင်း တင်ပြ လျှောက်ထား၏။

ဖေါ်ပြပါ၊ ရာဇဝတ်မှုတွင်၊ စစ်ဆေးရမည့် အမှုမှာ ရာဇသတ်ကြီး ပုဒ်မ ၃၇၉၊ ၄၄၇ အရဖြစ်၏။ ရာဇသတ်ကြီး ပုဒ်မ ၃၇၉ နှင့် ပတ်သက်၍၊ လျှောက်ထား **ခံရသူ၏** ပစ္စည်းကို၊ လျှောက်ထားသူတို့က၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၀ အရ၊ ယူဆောင်ခြင်း ပြုမပြုကို၊ အဓိကထား၍ စစ်ဆေးရန် ဖြစ်၏။ တဖန်၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၇ နှင့် စပ်လျဉ်း၍၊ လျှောက်ထားသူတို့သည် လျှောက်ထားခံရသူ၏ လက်ရှိဖြစ်သော မြေပေါ်သို့၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၁ အရ၊ ရာဇဝတ် မကင်းသော ကျော်နင်းမှုကို ပြု မပြု စစ်ဆေးရန် ဖြစ်၏။ တရားမမှုတွင်၊ ထိုကဲ့သို့ စစ်ဆေးရန် မဟုတ်ဘဲ၊ အခြင်းဖြစ်မြေကို လျှောက်ထားသူတို့ပိုင် မပိုင်၊ လျှောက်ထား ခံရသူ ပိုင် မပိုင် စသည့် အချက်နှင့် ပတ်သက်၍၊ စစ်ဆေးရန် ဖြစ်၏။ ထို့ကြောင့်၊ **ရာဇဝတ်မှုနှင့် တရားမမှုများ၌၊ အမှုသည်ခြင်း တူရုံမျှ** နှင့်သော်၎င်း၊ **အမှုအခြင်းဖြစ် အကြောင်း** အရာ **တူရုံမျှနှင့်သော်၎င်း၊ ရာဇဝတ်မှုကို**

၁၉၆၃

ဝိုင်၊အီး၊အိုင်၊ ဒါဝတ်ဂျီ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ [အမ်၊အက်(စ်)၊ မရက် ။]

ဆိုင်းငံ့ရန် မသင့်ကြောင်း ပေါ်လွင်၏။ ထို့ပြင်၊ ရာဇဝတ်မှုသည် တရားမမှုကို၊ ပိန့်ပိုရန် ဖြစ်သည်ဟု ယူဆရန်မှာလည်း၊ ၎င်း အမှုများကို စစ်ဆေးရာတွင်၊ တမျိုးစီ ခွဲခြား၍ စစ်ဆေးရန် ဖြစ်သဖြင့် ထိုကဲ့သို့ ယူဆရန် မသင့်ကြောင်း ပေါ်လွင်၏။ သို့ဖြစ်သော ကြောင့်၊ ရာဇဝတ်မှုကို၊ ဖော်ပြခဲ့သည့် **၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော်** **၁၀၂ စီရင်ထုံးအရ၊** ဆိုင်းငံ့ရန် မသင့်သည်မှာ၊ ကောင်းစွာ ထင်ရှား၏။

ယခုအခါ၊ ရာဇဝတ်မှုများကို၊ အမြန်ဆုံး ပြီးစီးအောင်၊ စစ်ဆေးရန်၊ ဤမူးက ညွှန်ကြားလွှာများ ထုတ်၍ ညွှန်ကြားခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် ဆိုင်းငံ့ရန် လုံလောက်သော အကြောင်း မဋ္ဌလျင် ရာဇဝတ်မှုများကို၊ ဆိုင်းငံ့ ထားရန် သင့်လျော်မည် မဟုတ်ပေ။

နောက်ဆုံး ဖော်ပြလိုသော အချက်မှာ၊ ရာဇဝတ်မှုတွင်၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉၊ ၄၄၇ အရ၊ စစ်ဆေးသောအခါ၊ အမှုစစ်ဆေးသော ရာဇဝတ်တရားသူကြီးသည် အသုံး သတိထား၍၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉၊ ၄၄၇ အရ၊ သက်ဆိုင်သော သက်သေ အစစ်ခံချက် တို့ကိုသာ လက်ခံ၍ တရားမမှုနှင့် သက်ဆိုင်သည့် သက်သေခံချက်တို့ကို၊ လက်ခံခြင်း မပြု၀ဲ၊ စစ်ဆေးရန် ဖြစ်၏။

အထက်ဖော်ပြပါ၊ အကြောင်းများကြောင့်၊ ဤလျှောက်လွှာကို၊ ပလပ်ရန် အမိန့် ချမှတ် လိုက်သည်။

တရားမစောဒကမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစောဘသိန်း၊ တရားသူကြီး ဦးမောင်မောင်တို့ ရှေ့မှောက်တွင်

သည်စတိတ် အက်ဂရီးကား(လ်)ချား မာကက်တင်းဘုတ် (လျှောက်ထားသူ)

နှင့်

စတီးဘရားသားအင်ကုမ္ပဏီလိမိတက် (လျှောက်ထားခံရသူ)*

† ၁၉၆၃ မတ်လ ၁၄ ရက်။

နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၊ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မများ (၁) အပိုဒ် ၁၄၉၊ အကျုံးဝင်ခြင်းကိစ္စ၊ ၁၉၆၃ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ပြင်ဆင်ချက်ဥပဒေ။

ဤပြဿနာကို စစ်ဆေးစစ်ကြောရာ၌ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏နောက်ကြောင်းရာဇဝင်နှင့် ထိုအဖွဲ့ မည်သည့်အခြေအနေတွင်၊ မည်သို့မည်ပုံ ပေါ်ပေါက်လာခဲ့သည်ကိုပါ ထည့်သွင်း စဉ်းစားရမည်။

ထို့ပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၄၄) တွင် ပါရှိသော မူများအတိုင်း၊ အစိုးရ၏ စာဝန်ဝတ္တရားများ၊ များပြားကျယ်ပြန့်လာလေသည်။ စီးပွါးရေးလုပ်ငန်းသည်လည်း မြန်မာပြည် အစိုးရလုပ်ငန်း တရပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။

အင်္ဂလန်ပြည်၊ တရားရုံးများမှ ချမှတ်သော စီရင်ထုံးအချို့ကို ယနေ့ မြန်မာပြည် အခြေအနေနှင့် ဟပ်စပ်ရန် မလွယ်ကူလှချေ။

တန်မလင်နှင့် ဟင်ဟာဖို့အမှု (1950) 1, K.B. 18 နှင့် အရုံတပ်မျှားအသင်းနှင့် ဖီ(လ်)ပေါ့(တ်) အမှု (1947) 2 All. E.R. 376 တို့ကို ညွှန်းသည်။

ယခုကိစ္စမျိုးတွင် လေ့နံ့ခါးထစ်၊ မှတ်သားယူဆ၍ မဖြစ်နိုင်၊ တိုင်းပြည်၏ စီးပွါးရေးစံနစ်ကို လေ့လာသုံးသပ် ထည့်သွင်းစဉ်းစားပြီးမှ ယူဆဆုံးဖြတ်ရမည်ဖြစ်သည်။

၁၉၄၅ ခုနှစ်၊ ကောက်ပဲသီးနှံစီမံကိန်းအဖွဲ့နှင့် ၁၉၄၇ ခုနှစ်၊ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ တို့အား ဘုရင်ခံ၏ အမိန့်ဖြင့်သာ ဖွဲ့စည်းခဲ့သည်တကြောင်း၊ ယင်းအဖွဲ့တို့၏ လုပ်ငန်းများကို တင်းတင်းကြပ်ကြပ် အစိုးရက ကွပ်ကဲခဲ့သည်တကြောင်းတို့ကို ထောက်သော်၊ ထိုအဖွဲ့ နှစ်ဖွဲ့သည် အစိုးရ၏ ကိုယ်စားလည်များသာ ဖြစ်သည်ဟု ယူဆရမည်။

ယခုလက်ရှိ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့နှင့် စပ်လျဉ်း၍ကား၊ အလွယ်တကူ ဆုံးဖြတ်ရန် မဖြစ်နိုင်ပေ။ ယင်းအဖွဲ့သည် မိမိ၏ အသားတင် ဝင်ငွေပေါ်တွင် အမြတ်တော်ခွန်

---

* ၁၉၆၃ ခုနှစ်၊ တရားမစောဒကမှုအမှတ် ၁၊ ၂၊ ၃။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၁၃ တွင်၊ တရားသူကြီး ဒေါက်တာ ဦးမောင်မောင် ရေးတော်တွင် ချမှတ်သော အမိန့်ကို စောဒကတက်မှု။

၁၉၆၃

သည်စတိတ် အက်ဂရီးကား (လ်) ချားမာကက် တင်းဘုတ် နှင့် စတီးဘရားသား အင်ကုမွတီ လီမိတက်။

ပေးဆောင်ရန် တာဝန်ရှိရာ အဖွဲ့၏ လုပ်ငန်းကို နိုင်ငံအစိုးရလုပ်ငန်းအဖြစ် ထားရှိရန် ပါလီမန်က ရည်ရွယ်ခဲ့သလောဟူ၍၊ စောဒနာဘွယ်ရာဖြစ်သည်။ သို့သော် ဤအချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန် မလိုတော့ပေ။ အကြောင်းသော်ကား ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် ကော်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေပုဒ်မ ၃၂-က၊ အရ၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၄၉ သည်၊ ယင်းအဖွဲ့က စွဲဆိုသည့် အမှုများနှင့် သက်ဆိုင်စေရ မည်ဟု မူလဥပဒေ အာဏာတည်သည့်နေ့မှစ၍ စတင်အာဏာတည်ရန် အတိအလင်း ပြဋ္ဌာန်းလိုက် သောကြောင့် ဖြစ်သည်။

မစ္စဘက်ရန်ချောဒတ်(စ်) ဂျက်သာဘိုင်အမှူ၊ ၁၉၅၂ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် ၂၂၇ ကိုညွှန်းသည်။

လျှောက်ထားသူအတွက်။ ။နိုင်ငံတော် ရှေ့နေချုပ်နှင့် အစိုးရရှေ့နေကြီး ဦးမျိုးခင်။

လျှောက်ထားခံရသူ။ ။မစ္စတာ ဆူးမားနှင့် ဦးပိုင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုထောက်လှမ်း မေးမြန်းသော ပြဿနာသည်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့က၊ မိမိတို့၏အဝယ်တော်များ ဖြစ်ခဲ့သူ စတီးဘရားသားအင်ကုမ္ပဏီ၊ ဘားမား အင်ဒိုစီလုံရှိက်(စ်)ကော်ပိုရေးရှင်းနှင့် ဘားမီး(စ်)အေဂျင်စီလီမိတက် အသီးသီးတို့အပေါ်၌၊ မိမိတို့က ပေးအပ်ခဲ့သည့်ငွေနှင့် ပစ္စည်းမျာ.အတွက် စာရင်းရှင်းရန်နှင့် ကျသင့်ရရှိထိုက်သော ငွေများကို ပေးဆပ်ရန် တရားစွဲဆိုရာမှ ပေါ်ပေါက်ခဲ့၍ အောက်ပါအတိုင်းဖြစ်သည်။

"နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့သည်၊ ကာလစည်းကမ်းသတ် အက်ဥပဒေဇယား (၁) အပိုဒ် ၁၄၉ တွင်၊ အကျုံးဝင်ပါသလော"။

ဤပြဿနာကို စစ်ဆေးစောကြောရာ၌၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ နောက်ကြောင်း ရာဇဝင်နှင့်၊ ထိုအဖွဲ့ မည်သည့် အခြေအနေတွင်၊ မည်သို့မည်ပုံ ပေါ်ပေါက်လာခဲ့ ရသည်ကိုပါ ထည့်သွင်းစဉ်းစား ရပေမည်။ ဒုတိယ ကမ္ဘာစစ်ကြီး မြန်မာပြည်သို့ မရောက်မီက မြန်မာပြည် ဆန်စပါးလုပ်ငန်းကို စတီးဘရားသားအင်ကုမ္ပဏီနှင့် အခြားနိုင်ငံခြား ကုမ္ပဏီများ လက်ဝါးကြီးအုပ်ကာ စိုးမိုးလာခဲ့ရာ၊ မြန်မာပြည်သို့ စစ်ရောက်သည့်အခါ၊ ထိုကုမ္ပဏီကြီးများ ထွက်ခွါ သွားကြ၏။ ၁၉၄၅ ခုနှစ်တွင်၊ မြန်မာပြည်မှ ဂျပန်စစ်တပ်များ ဆုတ်ခွါပြီးနောက်၊ မြန်မာပြည် အစိုးရ ပြန်လည်အုပ်ချုပ်သည့် အခါ၊ ဆန်စပါးလုပ်ငန်းကို အစိုးရ ဝင်ရောက် လုပ်ကိုင်ရန် အတွက် ဘုရင်ခံသည်၊ မြန်မာပြည်ကာကွယ်ရေး အက်ဥပဒေနှင့် နည်းဥပဒေများ အရ၊ ၁၉၄၅ ခုနှစ်၊ ကောက်ပဲသီးနှံ စီမံကိန်းအမိန့် (**Agricultural Projects Order, 1945**) ထုတ်ဆင့်၍၊ ကောက်ပဲသီးနှံ စီမံကိန်းအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၁၉၄၇ သည်စတိတ် အက်ဂရိုး ကား(လ်) ချား မာကက် တင်းဘုတ် နှင့် စတီးဘရားသား အင်ကမ္ပကီ လိမိတက်။

၁၉၄၇ ခုနှစ် ကျရောက်ကာလ၊ ဘုရင်ခံသည်၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့အမိန့်တရပ်ကို ထုတ်ပြန်ကျေညာ၍၊ ထိုအမိန့်ဖြင့် ၁၉၄၅ ခုနှစ်၊ ကောက်ပဲသီးနှံ စီမံကိန်းအဖွဲ့ကို ရုပ်သိမ်းပြီး၊ ၁၉၄၇ ခုနှစ်၊ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကို ဖန်တီးလိုက်သည်။ လွတ်လပ်ရေး ရပြီးနောက် ၁၉၅၀ ပြည့်နှစ် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ပါလီမန် ပြဋ္ဌာန်းသည်တွင်၊ ယခု နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ပေါ်ပေါက်လာ၍ ၁၉၄၇ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ပိုင် ပစ္စည်းများနှင့် ကြွေးမြီတာဝန်အားလုံးကိုဆက်ခံလိုက်သည်။

၁၉၄၅ ခုနှစ်၊ ကောက်ပဲသီးနှံ စီမံကိန်းအဖွဲ့ကို၊ မြန်မာပြည် ကာကွယ်ရေး အက်ဥပဒေ၊ နည်းဥပဒေများအရငင်း၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကို၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရငင်း၊ ဖွဲ့စည်းသည်ကို ထောက်သော်၊ ယင်းသို့ဖွဲ့စည်းရာ၌၊ ရည်ရွယ်ချင်းမှာစစ်ဖက်ကို အကြိမ်ကြိမ် ခံခဲ့ရသော မြန်မာပြည်စီးပွါးရေး အခြေအနေ ကမောက်ကမ ဖြစ်နေသည်ကို အခွင့်ကောင်းယူကာ၊ အရင်းရှင်များ စီးပွါးရေး ကစားခြင်းမှ ပြည်သူလူထုအား ကာကွယ်ရန်ကို ပခါနထားပြီး၊ ပြင်ပ ဈေးကွက်တွင်လည်း ရသင့်ရထိုက်သော အမြတ်အစွန်းများကို တိုင်းပြည် အတွက် ရရှိရန်ဖြစ်ဟန်တူသည်။ ပါလီမန် ဖွဲ့စည်းသော ယခုလက်ရှိအဖွဲ့ ပေါ်ပေါက် လာခဲ့ခြင်းသည်လည်း၊ ဤရည်ရွယ်ချက်မျိုးကို ရှေးရှု၍၊ ခေတ်အလျောက် ဖန်တီးလိုက်သည်ဟု ဆိုနိုင်ပေမည်။ စင်စစ်အားဖြင့်၊ဆန်စပါးသည် ရှစ်ဆယ် ရာခိုင်နှုန်းမျှသော ပြည်သူလူထု၏ အသက်သွေးခဲ သဖွယ်ဖြစ်သည့် နည်းတူ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့သည်လည်း၊ တိုင်းပြည်နိုင်ငံ၏ အသက်သွေးကြောသဖွယ်ဖြစ်၏။

ထို့ပြင်လည်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၎၄ တွင်၊ယခုကိစ္စရပ်နှင့် သက်ဆိုင်သော နိုင်ငံတော်၏ ဝါဒရည်ညွှန်းချက်မူကို၊ အောက်ပါအတိုင်း ပြဋ္ဌာန်းထား၏။

၎၄။ ။(၁) ပြည်သူသုံးလုပ်ငန်းများကို နိုင်ငံတော် အစိုးရ ကိုယ်တိုင်ကသော်၎င်း၊ ဒေသန္တရအဖွဲ့များကသော်၎င်း၊ ပြည်သူတို့၏ သမဝါယမအစည်းအရုံးများကသော်၎င်း တည်ထောင် လုပ်ကိုင်စေရန် နိုင်ငံတော် အစိုးရ၌ ဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေးရှုဆောင်ရွက်ရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းတွင်၊ ဓနပစ္စည်း [illegible]ကျွေးမွေးမည့် သဘာဝ ပင်ရင်း အခြေအမြစ်များကို နိုင်ငံတော် အစိုးရကိုယ်တိုင်က

၁၉၆၃

သည်စတိတ် အက်ဂရီး ကား(လ်) ချား မာကက် တင်းဘုတ် နှင့် စတီးဘရားသား အင်ကုမ္ပဏီ လိမိတက်။

သော်ငင်း၊ ဒေသန္တရ အဖွဲ့များက သော်ငင်း၊ ပြည်သူတို့၏ သမဝါယမ အစည်းအရုံး များကသော်ငင်း လုပ်ကိုင် သုံးစွဲစေရန် နိုင်ငံတော် အစိုးရ၌ ဝါဒထားရှိ၍၊ ထိုဝါဒအတိုင်း ရှေးရှုဆောင်ရွက်ရမည်။

ဤမူများအဘိုင်းပင်၊ နိုင်ငံတော် သစ်လုပ်ငန်း အဖွဲ့နှင့်အခြားစီးပွါးရေး လုပ်ငန်း အဖွဲ့များ မြန်မာပြည်ဘွင် ပေါ်ပေါက်ခဲ့ရာ ၎င်းတို့လည်း တိုင်းပြည်၏ သွေးကြော များသဖွယ်ဖြစ်ကြ၏။ ထိုစီးပွါးရေး လုပ်ငန်းများသည်၊ တိုင်းပြည်၏အခြေအနေ၊ အယူဝါဒပြောင်းလဲသည့်အလျောက် ပေါ်ထွန်း လာခဲ့ကြ၏။ ရှေးယခင်က၊ နိုင်ငံ အစိုးရ၏ တာဝန်ဝတ္တရားသည်၊ အဓိကအားဖြင့်၊ ပြည်တွင်း ငြိမ်ချမ်းရေး၊ ပြည်ပရန် တွန်းလှန်ရေးမျာသာဖြစ်သည်။ ထို့နောက်၊ တိုင်းပြည်၏ အခြေအနေ၊ အဆင့်အတန်း၊ အယူအဆပြောင်းလဲသည်နှင့် အမျှ၊ အစိုးရ၏ တာဝန်ဝတ္တရားများသည်း များပြား၊ ကြယ်ပြန့်လာလေသည်။ ဥပမာ၊ ယခင်ကမရှိခဲ့ဘူးသော ယဉ်ကျေးမှု၊ လူမှုရေးရာ စသည့်လုပ်ငန်းများကို အစိုးရဌာန လုပ်ငန်းများ အနေဖြင့် ဆောင်ရွက်နေကြပြီဖြစ် သည်။ ထိုနည်းဘူစွာ၊ စီးပွါးရေး လုပ်ငန်းသည်လည်း မြန်မာပြည်အစိုးရ၏ လုပ်ငန်း တရပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။

ထို့ကြောင့်ပင်၊ အင်္ဂလန်ပြည် တရားရုံးများခမျှတ်သော အချုိစိရင်ထုံးများကို ယခု မြန်မာပြည်အခြေအနေနှင့် ဟပ်စပ်ရန် မသွယ်ကူလှချေ။ သာဓကဆောင်ရ ဇသင်၊ **တန်မလင်နှင့်ဟင်ဟာဖို** အမှု (1)တွင်၊ ဗြိတိသျှသယ်ယူပို့ဆောင်ရေး ကော်မင်ရှင် အဖွဲ့၏ လုပ်ငန်းသည်၊ အစိုးရလုပ်ငန်းမဟုတ်၊ ကုန်သည်တို့ လုပ်ငန်းသာ ဖြစ်သည်ဟု ဘရားသူကြီးများ ယူဆသည်ကို အဓိကထား၍၊ ယင်းအဖွဲ့သည် အစိုးရ၏ ကိုယ်စား လှယ် မဟုတ်ကြောင်းနှင့် ဆုံးဖြတ်ခဲ့၏။ **အရံတပ်များအသင်းနှင့်ဖိလ်ပေါ့** (တ်) အမှု (2) တွင်မူကား၊ အရံတပ်များသည်၊ တိုင်းပြည်ကာကွယ်ရေးဖြစ်သည့် အစိုးရလုပ်ငန်း ကို လုပ်ဆောင်ရသဖြင့်၊ အစိုးရ၏ ကိုယ်စားလှယ်ဖြစ်သည်ဟု ဆုံးဖြတ်၏။ မြန်မာပြည် တွင်မူကား၊ အစိုးရသည်၊ **စီးပွါးရေး** လုပ်ငန်းများတွင် ဝင်ရောက်ဆောင်ရွက် နေသည် ဖြစ်၍၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့၏ လုပ်ငန်းသည် အစိုးရလုပ်ငန်း တရပ်မဟုတ်ဟု ဆိုရန်ခဲယဉ်းပေမည်။

ယခုကိစ္စမျိုးတွင်၊ လေ့နံ့ဓါးထစ် မှတ်သားယူဆ၍ မဖြစ်နိုင်၊ တိုင်းပြည်၏ စီးပွါး ရေးစံနစ်ကို လေ့လာသုံးသပ် ထည့်သွင်းစဉ်းစားပြီးမှ ယူဆဆုံးဖြတ်ရပေမည်။ ထို့ ကြောင့်ပင်၊ ပါရဂူ **Dr. W. Friedmann** သည်၊ ***New York*** **v.** ***U.S.A.*** (3)

(1) (1950) I.K.B. 18 (2) (1947) 2 All. E.R. 376

(3) 326 U.S. 572 (1945)

အမှုတွင်၊ အမေရိကန် တရားသူတော်တော်များပြီး၊ တရားသူကြီး Douglas, J. ၏ မြွက်ကြားချက်ကို Law and Social Change in Contemporary Britain ကျမ်းဌ အောက်ပါအတိုင်း ရည်ညွှန်းလေသည်။

1963
သည်စတိတ် အော်ဂရိုး ကား(ဆ) ချား မာကက် တင်းဆုတ် နှင့် စတီးဘရားသား အင်ကျမ္ပထီ လီမိတက်။

> A State's project is as much a legitimate governmental activity whether it is traditional, or akin to private enterprise, or conducted for profit . . . . . What might have been viewed in an earlier day as an improvident or even dangerous extension of State activities may today be deemed indispensable.

ယင်းသို့ကိုးကားပြီးနောက်၊ ထိုကျမ်းစာမျက်နှာ ၂၁၂ ၌ ဤသို့ဆက်လက်မြွက်ကြား၏။

> At present many functions are exercised by public authority which are not a substitute for private enterprise but the outcome of new conceptions of social responsibility.

မြန်မာပြည်တွင်လည်း၊ ထိုအတိုင်းပင်၊ အစိုးရသည်၊ စီးပွါးရေးလုပ်ငန်း များကို နိုင်ငံ၏တာဝန်ဝတ္တရားအနေဖြင့်ဝင်ရောက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ ကောက်ပဲသီးနှံ စိမံကိန်းအဖွဲ့သည်ထင်း၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံဈေးင်းဝယ်ရေး အဖွဲ့သည်ထင်း၊ ပါလီမန်က အက်ဥပဒေဖြင့် ကော်ပိုရေးရှင်းအဖြစ် သီးခြားဖွဲ့စည်းခြင်းမပြုဘဲ၊ ဘုရင်ခံ၏ အမိန့်ဖြင့်သာ ဖွဲ့စည်းခဲ့သည်တကြောင်း၊ ယင်းအဖွဲ့တို့၏ လုပ်ငန်းများကို တင်းတင်း ကြပ်ကြပ် အစိုးရကွပ်ကဲခဲ့သည် တကြောင်းတို့ကိုထောက်သော်၊ ထိုအဖွဲ့နှစ်ဖွဲ့သည်၊ အစိုးရ၏ ကိုယ်စားလှယ်များသာ ဖြစ်သည်ဟုယူဆရပေမည်။

ယခုလက်ရှိ နိုင်ငံတော်ကောက်ပဲသီးနှံဈေးင်း ဝယ်ရေးအဖွဲ့နှင့် စပ်လျဉ်း၍ကား အလွယ်တကူ အဆုံးအဖြတ် ပေးရန် မဖြစ်နိုင်ပေ။ ဤအဖွဲ့သည် အစိုးရ၏လုပ်ငန်းကို ဆောင်ရွက်၍၊ အစိုးရက တင်းတင်း ကြပ်ကြပ် ကွပ်ကဲခံရသည်ကားမှန်၏။ သို့သော်၊ ဤအဖွဲ့နှင့်စပ်လျဉ်း၍၊ အဝယ်တော်များအတွက် လိုက်ပါ ဆောင်ရွက်သော ပညာရှိ ရွေနေကြီးများက၊ အချက်သုံးချက်တင်ပြကြ၏။ ပဌမအချက်မှာ၊ အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင် တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ခြင်းဖြစ်သည်။ သို့သော်၊ အဖွဲ့သည် အက်ဥပဒေဖြင့် ဖွဲ့စည်းသော ကော်ပိုရေးရှင်းဖြစ်သဖြင့်၊ ထိုအခြင်းအရာ အဆောင် အယောင်များနှင့် ပြည့်စုံရမည်သာ ဖြစ်သည်။ ဤတရားရုံးချုပ်သည်လည်း၊ ဤနည်းတူ စဉ်ဆက်မပြတ် ဆက်ခံ ဆောင်ရွက်နိုင်ခွင့်

၁၉၆၃

သည်စတိတ် အက်ဂရီး ကား(လ်) ချား မာကက် တင်းဘုတ် နှင့် စတီးဘရားသား အင်ကုမ္ပဏီ လီမိတက်။

ရှိပြီး၊ မှုးတံဆိပ်လည်း ရှိပေသည်။ ဆောင်ရွက်သည့် ပုဂ္ဂိုလ်များသာလျှင် အပြောင်း အလဲရှိမည်ဖြစ်သည်။

ဒုတိယအချက်မှာ၊ ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီများ တရားမမှုစွဲဆို နိုင်၍၊ စွဲဆိုခံရထိုက်သကဲ့သို့ပင်၊ အဖွဲ့သည်လည်း တရားမမှုစွဲဆိုနိုင်၍၊ စွဲဆိုခံရထိုက်ခြင်းဖြစ်သည်။ ဤအစီရင်သည်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့နှင့်ဆက်သွယ်သူများ အငြင်းပွါးသည့် အခါ၌ အလွယ်တကူ ဖြေရှင်းနိုင်ရန်အတွက် ပြုလုပ်ထားသည်ဟုဆိုနိုင်ပေသည်။ အင်္ဂလိပ်ပြည်၌ပင်လျှင်၊ ဤသို့သော အစီရင်များကို ပြုလုပ်ခဲ့ကြောင်း သာကေရှိသည်ကို **ဂရဟင် နှင့် ပြည်သူ့လုပ်ငန်းများဆိုင်ရာ ကော်မရှင်နာများ** အမှတ် (၄)ပါ မြွက်ကြားချက်များအရ ထင်ရှား၏။ ယင်းအမှုတွင် တရားသူကြီး လော့(ဒ်)ဖီလီမိုးက အောက်ပါအတိုင်းမြွက်ဆို၏။

> A Crown servant making a contract for the Crown is no more liable than any other agent making a contract for his principal. But for facilitating the conduct of business it is extremely convenient that the Crown should establish officials or corporations who can speedily sue and be sued in respect of business engagements without the formalities of the procedure necessary when a subject is seeking redress from his Sovereign.

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ကိုယ်တိုင်တရားမမှု စွဲဆိုနိုင်ခွင့် ရှိခြင်း၊ စွဲဆိုခံရထိုက်ခြင်းမှာလည်း ထိုနည်းနှင့်နှင်ပင်ဖြစ်သည်။ ခြားနားချက် တရပ်မှာကား၊ ထိုစဉ်က၊ အင်္ဂလိပ်ပြည်တွင် ဘုရင်မင်းမြတ်အား၊ သာမန်အားဖြင့် တရားမစွဲနိုင်ပေ။ ယခုအဖွဲ့မှာမူ ဥပဒေအရ တရားစွဲဆိုခံရထိုက်ပေသည်။ သို့ဖြစ်၍၊ ယခုတင်ပြသော ဒုတိယအချက်ကြောင့်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ လုပ်ငန်းသည်၊ နိုင်ငံအစိုးရ လုပ်ငန်းမဟုတ်ဟု မဆိုနိုင်ပေ။

တတိယအချက်မှာ၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့သည်၊ ကုမ္ပဏီများနည်းတူ အခွန်ထမ်းဆောင်ရန် တာဝန်ရှိခြင်းဖြစ်သည်။ ထိုအဖွဲ့ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၇ တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းထား၏။

> "၂၇။ ကုမ္ပဏီတခုက မိမိ၏အသားတင် ဝင်ငွေပေါ်တွင် အခွန်မျှားပေးဆောင်ရသည့်နည်းလမ်း အတိုင်း၊ ထိုကုမ္ပဏီ၌ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်နှင့်အမျှ၊ အဖွဲ့မှာလည်း၊ မိမိ၏ အသားတင်ဝင်ငွေ အပေါ်တွင် အခွန်မျှားပေးဆောင်ရန်တာဝန်ရှိရမည်။"

(4) (1901) 2 K.B. 781, 790

၁၉၆၃

သည်စတိတ် အက်ဂရီး ကား(လ်) ချား မာကက် တင်းဘုတ် နှင့် စတီးဘရားသား အင်ကုမ္ပဏီ ဘီမိတက်။

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့သည်၊ မိမိ၏ အသားတင်ဝင်ငွေ အပေါ်တွင် အမြတ်ဘော်ဒွန် ပေးဆောင်ရန် တာဝန်ရှိလျှင် အဖွဲ့၏လုပ်ငန်းကို နိုင်ငံ အစိုးရသုပ်ခန်းအဖြစ် ထားရှိရန် ပါလီမန်ရည်ရွယ်ခဲ့ သလောဟူ၍ စောဒနာဘွယ်ရာ ဖြစ်သည်။ ပိုမို၍ အဓိပ္ပါယ်သက်ရောက်စေသည့်အချက်မှာ၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အမိန့်တွင်၊ အပိုဒ် ၁၉ **"The Board shall not be liable to pay income-tax or super-tax on any of its income, profits or gains"** ဟူသောပြဋ္ဌာန်းချက်ပင် ဖြစ်သည်။ သို့သော် ဤအချက် နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန် မလိုတော့ပေ။ အကြောင်းသော်ကား၊ အဖွဲ့၏ ပညာရှိ ရွှေနေကြီးက၊ ၁၉၄၅ ခုနှစ်၊ ကောက်ပဲသီးနှံ စီမံကိန်းအဖွဲ့၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြား ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့အသီးသီးသည်၊ နိုင်ငံအစိုးရ၏ကိုယ်စား အစိုးရသုပ်ခန်းကို လုပ်ဆောင်သော အဖွဲ့များဖြစ်ကြောင်း ၁၉၅၀ ခုနှစ်၊ အက်ဥပဒေ အရဖွဲ့စည်းသော အဖွဲ့မှာဘား၊ ယင်းသို့အစိုးရ၏ကိုယ်စား အစိုးရလုပ်ငန်းကို လုပ်ဆောင် သောအဖွဲ့ ဖြစ်မဖြစ်ကို စဉ်းစားရန်မလိုတော့ကြောင်း။ ၁၉၆၃ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေပုဒ်မ ၃၂ က အရ၊ ကောလဗဲည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား၊ အပိုဒ် ၁၄၉ သည်၊ ယင်းအဖွဲ့က ဖြစ်စေ အဖွဲ့ကိုယ်စားဖြစ်စေ၊ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်ဟု မူလအက်ဥပဒေ အာဏာတည်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရန် အတိ အလင်းပြဋ္ဌာန်းသိုက်ကြောင်းနှင့် လျော်ကလဲ၏။ ယခုကဲ့သို့သော နောက်ကြောင်း ပြန် အကျိုးသက်ရောက်စေသော အက်ဥပဒေမျိုးကို တရားရုံးများ အသိအမှတ် ပြုသည်ကို **မင့်ဆောက်ရန်ချောဒတ်(စ်)ကျက်သာဘိုင်၊** အမှု (၅) တွင်ဖော်ပြထား၏။

ထို့ကြောင့်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့သည်၊ ကာလစည်းကမ်း သတ် အက်ဥပဒေဇယား (၁)၊ အပိုဒ် ၁၄၉ တွင်၊ အကျုံးဝင်သည်ဟုဖြေဆိုရန်ရှိ၏ သည်။

(၅) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီးရင်ထုံးများ တရားလွှတ်တော်ချုပ် ၂၂၇။

တရားမပြင်ဆင်မှု

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေတွင်

† ၁၉၆၃
ပြေလ ၃၀ ရက်။

အာယာဆမတ်(ချ်) (လျှောက်ထားသူ)

နှင့်

ဟူကွမ်ချန် (လျှောက်ထားခံရသူ)*

တရားမကျင့်ထုံး ကိုဝဉ်ပဒေအမိန့် ၉၊ နည်း ၈၊ အမိန့် ၁၇၊ နည်း ၂ အမှုကို ပလပ်ခြင်းကိစ္စ။

လျှောက်ထားသူသည်၊ အောက်ရုံးတွင် တရားလိုအဖြစ် အမှုနှစ်မှု ဒဲ့ဆိုထားရာ၊ ပဌမမှုတွင် နှစ်ဦးနှစ်ဘက်သော သက်သေများကို စစ်ပြီးခဲ့၏။ အမိန့်ကား မချမှတ်သေးပေ၊ ဒုတိယအမှုနှင့်အတူ အမိန့်ချမှတ်ရန် ထားဟန်တူပေသည်။ ဒုတိယအမှုတွင်ကား တရားလို သက်သေများသာ စစ်ပြီး၍ တရားခံသက်သေများစစ်ရန် အမှုကို ချိန်းဆိုထားလေသည်။ ထိုဒုတိယအမှုကို ချိန်းဆိုထားသော့ နေ့တွင် တရားလိုလည်းမလာ၊ တရားလို၏ ကိုယ်စားလည် မည်သူမှ မလာ၍ အမှုနှစ်မှုစလုံးကို ပလပ် လိုက်သည်။

တရားရုံးချုပ်သို့ ပြင်ဆင်မှုလျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။ပဌမမှုတွင် နှစ်ဘက်သော သက်သေများကို စစ်ဆေးပြီးဖြစ်၍ ဆက်လက် ကြားနာရန် ချိန်းဆိုခြင်းမပြုသဖြင့်၊ အောက်ရုံးသည် ၎င်းအမှုကို အမိန့် ၉၊ နည်း ၈၊ အရ ပလပ်ခြင်း မပြုနိုင်။

လန်ကာနေ့နှင့် ဇကီး၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၄ ခုနှစ် (Lahore)၊ စာမျက်နှာ ၅၆ အရ ရည်ညွှန်း၍ လိုက်နာသည်။

ဒုတိယအမှုနှင့် စပ်လျဉ်း၍ကား၊ အမှုပလပ်ခြင်းမှာ ကြားနာရန် ချိန်းသည့်နေ့တွင် တရားလို မလာရောက်သဖြင့် ပလပ်သည်ဖြစ်၍ အမိန့် (၁၇)၊ နည်း (၂) တွင် အကျုံးဝင်သည်ဟု ယူဆရပေ မည်။ ထိုနေ၌ တရားလိုသည် လုံလောက်သော အကြောင်းမရှိဘဲ၊ ရုံးသို့မလာရောက် ပျက်ကွက် ကြောင်းထင်ရှားသည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ ဂျီ၊ အင် ဘနာဂျီ။

လျှောက်ထားခံရသူအတွက်။ ။မစ္စတာ အက်(စ်)၊ အာ(ရ်)၊ အာမက်ဂျဖါး။

---

* ၁၉၆၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၈/၅၉။

† ၁၉၅၈ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၀၁၀ တွင် ၁၉၆၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့စဲပါ၊ ရန်ကုန်မြို့၊ စတုတ္ထတရားမ တရားသူကြီး ဒုံးတော်၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုနှစ်မှုကို တခါနိတည်း ကြားနာသည် ဖြစ်၍၊ အမိန့်တရပ်ဖြင့်ပင် အဆုံးအဖြတ် ပြုမည်ဖြစ်သည်။

၁၉၆၃

အာယာဆမတ်(ချို) နှင့် ဟူကွမ်ချန်။

ရန်ကုန်မြို့၊ ဒဂုံတရားမတရားရုံး အမှုအမှတ် ၁၀၁၀/၅၈ ၌ ယခု လျှောက်ထားသူ အာယာဆမတ်(ချို)သည်၊ ဟူကွမ်ချန်အား၊ ထိုရုံးအမှုအမှတ် ၁၀၁၄/၅၈ တွင်၊ ရပ်(ခါ်)ဗယာပူဆင်းအား၊ မိမိပိုင်အိမ်မှ ထွက်ခွါသွားစေရန် တရားစွဲဆိုခဲ့လေသည်။ အမှုအမှတ် ၁၀၁၀/၅၈ တွင် နှစ်ဦးနှစ်ဘက် ပေးပြသော သက်သေများ အားလုံးကို စစ်ဆေးပြီးခဲ့လေသည်။ သို့သော် ထိုအမှုတွင် အမိန့်ချမှတ်ခြင်း မပြုသေးဘဲ၊ အမှုအမှတ် ၁၀၁၄/၅၈ နှင့်အတူ အမိန့်ချမှတ်ရန် ထားရှိဟန်တူသည်။ ထိုအမှုအမှတ် ၁၀၁၄/၅၈ တွင် တရားလိုအတွက် သက်သေပေးပြပြီးနောက် တရားခံနှင့် ၎င်း၏ သက်သေများအား ကြားနာရန်အတွက် အမှုကို ၁၉၆၁ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့သို့ ချိန်းလိုက်သည်။ ထို ၁၉၆၁ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ကျရောက်သောအခါ အမှုခေါ်ရာတွင် တရားလို၏ ရှေ့နေကြီး မလာ၊ တရားလိုမှာ အသင်းဖြစ်သည်။ သို့သော် ၎င်းကိုယ်စား တဦးတယောက်မျှ မလာ။ ထို့ကြောင့် နှစ်မှုစလုံးကို စရိတ်နှင့် ပလပ်လိုက်သည်။

အမှုအမှတ် ၁၀၁၀/၅၈ တွင်၊ နှစ်ဦးနှစ်ဘက် သက်သေများ စစ်ဆေးပြီးဖြစ်၍၊ တရားလို မလာသည့်အတွက်၊ အောက်ရုံးသည် ၎င်း၏အမှုကို ပလပ်ခြင်းမပြုနိုင်ပေ။ တရားမကျင့်ထုံး အမိန့် ၁၇၊ နည်း ၂ အရဌင်း၊ အမိန့် ၉၊ နည်း ၈ အရဇ်ဝင်း အမှုကို ကြားနာစစ်ဆေးရန်အတွက် ခေါ်သည့်အခါ၌၊ တရားလို မလာရောက်မှသာလျှင် ၎င်း၏အမှုကို ပလပ်နိုင်မည် ဖြစ်သည်။ ထို့ပြင်လည်း၊ လန်ကာခန် နှင့် ၎င်း တို့အမှု (၁) တွင်၊ နှစ်ဦးနှစ်ဘက် တင်ပြသော သက်သေများ စစ်ဆေးပြီးနောက်၊ အမှုပါ မြေ၏တန်ဘိုးကို စုံစမ်းရန်အတွက် ကော်မရှင်နာ ခန့်အပ်လိုက်ပြီး၊ ထိုကော်မရှင်နာ၏ အစီရင်ခံစာကို စောင့်ဆိုင်းရန် အမှုချိန်းသည့်နေ့၌၊ တရားလို မလာရောက်သည်တွင် တရားရုံးသည် အမှုကို အမိန့် ၉၊ နည်း ၈ အရ၊ ပလပ်လိုက်ရာ။ လာဟို တရားလွှတ်တော်က အမှုကို မလက်သင့်၊ ရက်ချိန်းပေးသင့်သည်ဟု ဆုံးဖြတ်ခဲ့လေသည်။ ဤအမှုမှာ မှာလည်း နှစ်ဦးနှစ်ဘက် သက်သေများ စစ်ဆေးပြီးဖြစ်၍၊ ဆက်လက် ကြားနာရန် ချိန်းဆိုခြင်း မပြုသဖြင့်၊ အမှုကို အမိန့် ၉၊ နည်း ၈ အရ ပလပ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အမှုအမှတ် ၁၀၁၀/၅၈ ကို ပလပ်သည့် အမိန့်ကိုပယ်ဖျက်ပြီး၊ ထိုအမှုကို ဆက်လက် ကြားနာရန် အမိန့်ချမှတ်လိုက်သည်။

ဒုဘိယ အမှုနှင့် စပ်လျဉ်း၍ကား၊ ထိုအမှုကို ကြားနာစစ်ဆေးရန်အတွက်၊ ၁၉၆၁ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့သို့ ချိန်းလိုက်ရာတွင်၊ ထိုနေ့ ကျရောက်သော

(၁) အေးအိုင်၊အာ(ရ်)၊ ၁၉၃၄ ခုနှစ်၊ စာ ၅၆၊ လာဟို။

၁၉၆၃

အာယာဆ
မာ် (ချို)
နှင့်
ဟူကွမ်ချန်။

အခါ၊ တရားလိုဖြစ်စေ၊ ၎င်း၏ ရွေနေကြီးဖြစ်စေ လာရောက်ခြင်း မပြုသဖြင့် အမှုကို ပလပ်ခြင်း ဖြစ်သည်။ လျှောက်ထားသူ၏ ယခုရှိရွေနေကြီးက ထိုအမှုတွင် တရားလို၏ သက်သေများကို စစ်ဆေးပြီး ဖြစ်သဖြင့်၊ အမှုကိုမပလပ်သင့်ကြောင်း၊ ရှိသမျှသော သက်သေခံချက်အပေါ် မူဘည်၍၊ အမိန့် ချမှတ်သင့်ကြောင်းနှင့် လျှောက်လဲလေသည်။ ယခုပလပ်ခြင်းမှာအမှုကြားနာရန် ချိန်းသည့်နေ့တွင် တရားလို မလာရောက်သဖြင့်၊ ပလပ်သည်ဖြစ်၍ အမိန့် ၁၇၊ နည်း ၂ တွင် အကျုံးဝင်သည်ဟု ယူဆရပေမည်။ ထိုအမိန့်ပါ ပြဋ္ဌာန်းချက်များဘွင်၊ တရားလို မလာရောက်လျှင်၊ တရားရုံးသည် အမိန့် ၉ အရ၊ အခြေးယူနိုင်ကြောင်း၊ သို့တည်းမဟုတ် အခြား သင့်လျော်သော အမိန့် ချမှတ်နိုင်ကြောင်း ဖေါ်ပြထားလေသည်။ အမိန့် ၁၇၊ နည်း ၃ အရမူကား၊ အမှုသည် တဦးဦးက သက်သေပြရန် ဖြစ်စေ၊ အခြားဆောင်ရွက်ရန် ဖြစ်စေ၊ အချိန်တောင်းသဖြင့်၊ အချိန်ပေးပြီးနောက်၊ ယင်းသို့ ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ တရားရုံးသည် အမှုကို ဆုံးဖြတ်နိုင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ ထိုပြဋ္ဌာန်းချက် နှစ်ရပ်ကို နှိုင်းယှဉ်၍ လေ့လာသော်၊ ယခု ပေါ်ပေါက်သည့် အခြေအနေ၌ တရားရုံးသည် အမှုကို ဆုံးဖြတ်ရမည် မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားလေသည်။ ထိုမှတပါးလည်း၊ ယခု အမှုပါ နေ့စဉ် မှတ်တမ်းကို လေ့လာရာ၌၊ တရားခံက အချိန်တောင်းသဖြင့် အမှုကို ၁၉၆၁ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့သို့ ရက်ချိန်းပေးလိုက်ရကြောင်း အတိအကျ မေပေါ်လွင်ချေ။

ထိုနေ၌၊ တရားလိုသည် လုံလောက်သော အကြောင်းမရှိဘဲ၊ ရုံးသို့မလာရောက်၊ ပျက်ကွက်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် အောက်ရုံး ကိုးကားသော စီရင်ထုံးများအရ၊ အမှုကို ပြန်လည်ဖွင့်ရန် လျှောက်ထားသည်ကို ပယ်သည်မှာ မှန်ကန်သည်ဟု ယူဆရမည်ဖြစ်သည်။

ထို့ကြောင့် တရားမပြင်ဆင်မှုအမှတ် ၅၈/၆၁ ကို၊ ပယ်လိုက်သည်။

အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည်။

တရားမအထွေထွေမှု

တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

ဦးဂုဏ်ဝန္တ (စောဒက) † ၁၉၆၃
နှင့်
ဦးဒေဝန္ဒာဘိဝံသ ပါ ၃ (စုဒိတကများ)* ဧပြီလ ၁၃ ရက်။

အမှုခေါ်စာချုပ်တော် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေပုဒ်မ ၄၂ က၊ ငိနိစ္ဆယဌာန နည်းဥပဒေ ၁၁-၁၂ နှင့် ၁၄ ပြင်ဆင်ထားသည့် ပုဒ်မ ၄၆၊ ပုဒ်မ ၂၂ (၁) (က) နှင့် ပြင်ဆင်ထားသည့် ပုဒ်မ ၄၇ တို့ကို မလိုက်နာခြင်း ဥပဒေအရ စစ်ဆေးစီရင်ပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ငိနိစ္ဆယခုံးက အမှုသည်များအား ချိန်းဆိုသည့် နေရာနှင့် အချိန်တွင်၊ လာရောက်ရန် အကြောင်းကြားသော်လည်း၊ တဦးဦးက ပျက်ကွက်လျှင်၊ အမှုကို အနည်းဆုံး ၇ ရက် ရွှေဆိုင်းပြီး၊ အားလုံးသော အမှုသည်တို့အား စာဖြင့် အကြောင်းကြားရမည်ဟု ပြင်ဆင်ထည့်သွင်းထားသော ပုဒ်မ ၄၂ (က) က ဓာဆိုရှိသော်လည်း၊ ဤအမှုတွင် လိုက်နာခြင်းများ မရှိကြောင်း တွေ့ရှိရသည်။ ထို့ပြင် ငိနိစ္ဆယဌာန နည်းဥပဒေ (၁၁) (၁၂) နှင့် (၁၄) တို့ကို လိုက်နာခြင်းမပြုခဲ့ပေ ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်နှင့် အချိန်တို့ကိုလည်း ပြင်ဆင်ထည့်သွင်းထားသော ပုဒ်မ ၄၀ အရ အမှုသည်များထံ စာဖြင့်ကြိုတင်အကြောင်းကြားခြင်း မရှိခဲ့ပေ။

မည်သို့ပင်ဖြစ်စေ၊ ပုဒ်မ ၂၂ (၁) (က) နှင့် ပြင်ဆင်ထားသည့် ပုဒ်မ (၄၇) အရ၊ စီရင်ချက်ကို ဆိုင်ရာ ငိနည်းဓိရ် ဆရာတော်အားလုံးက လက်မှတ်ရေးထိုးရမည်ဖြစ်ရာ၊ စုဒိတက အမှတ် ၁၊ ဦးဒေဝန္ဒာဘိဝံသ တပါးတည်းသာ စစ်ဆေးဆုံးဖြတ်လက်မှတ်ရေးထိုး ထားသည်ဖြစ်၍၊ ဥပဒေအရ စစ်ဆေးစီရင်ပိုင်ခွင့် မရှိသည်မှာ ထင်ရှားသဖြင့်၊ အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

စောဒကအတွက်။ ။ဦးဘသန်း (၁)။

စုဒိတက ၂ အတွက်။ ။ဦးထွန်းလွင်။

လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးလှမောင်။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုတွင်၊ ၁၃၂၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့စွဲပါ၊ စုဒိတကအမှတ် ၁-ဦးဒေဝန္ဒာဘိဝံသ က၊ ဟံသာဝတီခရိုင်၊ တံတားမြို့နယ်၊ ကင်းရွာအနောက်ကျောင်း၌၊ သီတင်းသုံးနေတော်မူသော ရဟန်းတော်

---

* ၁၉၆၂ ခု၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၈၄။

† အမှုခေါ်စာချုပ်တော် အမိန့်ထုတ်ဆင့်ရန်၊ လျှောက်ထားသော လျှောက်လွှာ။

၁၉၆၃

ဦးဂုဏာဝန္တနှင့် ဦးဒေဝန္ဒာဘိဝံသ ပါ ၃။

များနှင့် ရန်ကုန်မြို့ ဗဟန်းရပ်၊ ရွှေနံ့သာကျောင်းနေ၊ စောဒက ဦးဂုဏာဝန္တတို့အား အဆိုပါ တံဘေးမြို့နယ်၊ ကင်းရွာ အနောက်ကျောင်းကို စုဒိတကအမှတ် ၂-ဦးသုမန အား လက်ရောက်ပေးအပ်ရန် ချမှတ်သောဆုံးဖြတ်ချက်ကို အမှုခေါ် စာချုပ်တော် ဖြင့် ချေဖျက်ရန် လျှောက်ထားခြင်းဖြစ်သည်။

အကြောင်းမှာကား၊ ဦးသုမနက၊ အဆိုပါ ကင်းရွာ အနောက်ကျောင်းကို၊ ၎င်းသာ ပိုင်သည်ဟု လျှောက်ထားရာ၊ စောဒကနှင့် စုဒိတကအမှတ် ၂-ဦးသုမနတို့၏ သဘောဘူမဲ့စည်းဒသာခုံ၊ သို့မဟုတ် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအရ နယ်ပိုင် တရားမရုံးမှ ဖွဲ့စည်းပေးသော ခုံလည်းမဟုတ်သည့်အပြင်၊ အမှုစစ်ဆေးရန် ရှိကြောင်းကိုလည်း အကြောင်းကြားစာ မထုတ်ခဲ့ဘဲ၊ စုဒိတက အမှတ် ၁-ဦးဒေဝန္ဒာ ဘိဝံသ တပါးတည်းကသာ ဥပဒေအရမဟုတ်ဘဲ၊ ဆုံးဖြတ်ချက်ပေးထားကြောင်း ဖေါ်ပြထားသည်။

၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေပုဒ်မ ၅ (၁)အရ၊ အဓိကချက်ား တခုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန် အလို့ငှါ၊ မြို့နယ် ဝိနိစ္ဆယဌာနမှာ ဆိုင်ရာ မြို့နယ် ဝိနည်းခိုရ်ဆရာတော် အနည်းဆုံး သုံးပါးပါဝင်စေရမည်။ ထို့အပြင်၊ ပြင်ဆင် ထည့်သွင်းထားသည့် ပုဒ်မ ၃၅ အရ၊ စောဒကနှင့် စုဒိတကတို့သည်၊ မိမိတို့ သဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံတွင် အမှုကို ကြားနာစစ်ဆေးရန်၊ မိမိတို့သဘောတူရာပုဂ္ဂိုလ်တဦး ဖြစ်စေ၊ အများဖြစ်စေ၊ ခုံဝိနည်းမိုရ်အဖြစ် ရွေးချယ် တင်မြှောက်နိုင်ပေသည်။

သဘောမတူကြလျှင်၊ အမှုကို ပြင်ဆင်ထည့်သွင်းထားသည့် ပုဒ်မ ၃၆ အရ၊ သက်ဆိုင်ရာ နယ်ပိုင် တရားမရုံးတွင် စွဲဆိုရမည်ဖြစ်သည်။ ဝိနိစ္ဆယခုံက အမှုသည်များ အား ချိန်းဆိုသည့် နေရာနှင့် အချိန်တွင် လာရောက်ရန် အကြောင်းကြားသော်လည်း တဦးဦးက ပျက်ကွက်လျှင်၊ အမှုကို အနည်းဆုံး ၇ ရက်ရှေ့ဆိုင်းပြီး၊ အားလုံးသော အမှုသည်တို့အား စာဖြင့် အကြောင်းကြားရမည်ဟု ပြင်ဆင်ထည့်သွင်းထားသော ပုဒ်မ ၄၂ က၊ အဆိုရှိသော်လည်း လိုက်နာခြင်းများ မရှိကြောင်း တွေ့ရှိရသည်။ ၁၃၁၄ ခုနှစ်၊ ဝိနိစ္ဆယဌာန နည်းဥပဒေ ၁၁၊ ၁၂ နှင့် ၁၄ တို့ကို လိုက်နာခြင်း မပြုခဲ့ပေ။ ဤသို့ အကြောင်းကြားပြီးမှသာလျှင်၊ အမှုသည်၏ မျက်ကွယ်တွင် ကြားနာစစ်ဆေး စီရင်နိုင်ပေသည်။ ထို့အပြင်၊ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်နှင့် အချိန်တို့ကိုလည်း ပြင်ဆင်ထည့်သွင်းထားသော ပုဒ်မ ၄၆ အရ၊ အမှုသည်များထံ စာဖြင့် ကြိုတင် အကြောင်းကြားခြင်း မရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ၊ ပုဒ်မ ၂၂(၁)(က)နှင့် ပြင်ဆင် ထည့်သွင်းထားသည့် ပုဒ်မ ၄၃ အရ၊ စီရင်ချက်ကို ဆိုင်ရာ ဝိနည်းမိုရ် ဆရာတော် အားလုံးက၊ လက်မှတ် ရေးထိုးရမည် ဖြစ်ရာ၊ စုဒိတက အမှတ် ၁-ဦးဒေဝန္ဒာဘိဝံသ

တပါးတည်းသာ စစ်ဆေးဆုံးဖြတ် လက်မှတ် ရေးထိုးထားသည်ဖြစ်၍၊ ဥပဒေအရ၊ စစ်ဆေးစီရင်ပိုင်ခွင့် မရှိသည်မှာ ထင်ရှားသဖြင့်၊ အထက်ပေါ်ပြပါ စီရင်ဆုံးဖြတ်ချက်မှာ တရားမဝင်သော စီရင်ဆုံးဖြတ်ချက် ဖြစ်သည်အားလျော်စွာ၊ အမှုခေါ် စာချွန်တော်ဖြင့် ခေါ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့တရားစီရင်ရေး မိမိတို့ အသီးသီး ကျခံရမည်ဖြစ်သည်။

၁၉၆၃

ဦးကုလာဒန္တ နှင့် ဦးဒေဝန္ဒာဘိဝံသ ပါ ၃။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ကျွန်အမှုတွင်၊ မောင်ဘဟန်ဆိုသူက ဖျာပုံခရိုင်၊ တရားမမှုအမှတ် ဂ/၄၆ တွင်၊ အယူခံတရားခံများအပေါ်၌၊ အမွေခွဲဝေလိုမှု ဒီကရီ ရရှိခဲ့၏။ ထို့နောက် မောင်ဘဟန်သေဆုံးသဖြင့်၊ ၎င်း၏ညီမ ဒေါ်အေးခင်က မိမိအား သေဆုံးသူ မောင်ဘဟန်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အမှုတွင် ထည့်သွင်းရန် လျှောက်ထားရာ၊ အယူခံ တရားခံ ဒေါ်လှရွှင်က အပြင်းအထန် ကန့်ကွက်သည် တကြောင်း၊ ထိုအတောအတွင်း၊ တရားခံ မောင်လှမောင်ဆိုသူ သေဆုံးပြန်သဖြင့် ၎င်း၏ အမွေခံများကို တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် လျှောက်ထား ရသေးသည်တကြောင်း တို့ကြောင့်၊ ဒေါ်အေးခင်၏ လျှောက်လွှာနှစ်ခုကို ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကျမှသာလျှင် အမိန့်ချမှတ်နိုင်သည်။ ထို့နောက် ဒေါ်အေးခင်သည်၊ ၁၉၅၉ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့၌ ဒေါ်လှရွှင်နှင့် အပေါင်းပါတို့အပေါ်၌ ဇာရီပြုလုပ်ရန် ဖျာပုံခရိုင်၊ တရားမရုံးတွင် လျှောက်ထားရာ၊ ခရိုင်တရားမရုံးက၊ ကာလစည်းကမ်း သတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၈၂ (၅) ကို ကိုးကားပြီး၊ အထက်၌ ဖော်ပြ ခဲ့သည့်အတိုင်း၊ ဒေါ်အေးခင်သည်၊ မိမိအား မောင်ဘဟန်၏ တရားဝင်ကိုယ်စားလှယ် အဖြစ် ထည့်သွင်းရန် လျှောက်ထားသည်မှာ၊ ဒီကရီကို အတည်ပြုနိုင်အောင် အထောက် အပံ့အဖြစ် ဆောင်ရွက်ရန် လျှောက်ထားမှု (Step in aid of execution) ဖြစ်သည်ကား မှန်သော်လည်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ထိုဒီကရီကို ဇာရီလုပ်သည့် ဇာရီမှုမရှိသဖြင့်၊ ထိုဆောင်ရွက်ချက်သည်၊ အပိုဒ် ၁၈၂ (၅) တွင် အကျုံးမဝင်ဟု

ယူဆကာ၊ ဒေါ်အေးခင်၏ ဇာရီလျှောက်လွှာကို ပယ်လိုက်သည်။ ထိုသို့ပယ်လိုက်သဖြင့် ယခု အယူခံဝင်ခြင်းဖြစ်သည်။

၁၉၆၃

ဒေါ်အေးခင်
နှင့်
ဒေါ်လှမြင့်
ပါ ၁၂။

ဒေါ်အေးခင်၏ ပညာရှိရွှေနေကြီးက၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၈ (၄) ကို အဓိကအားဖြင့် ကိုးကားပြီးလျှင်၊ ဒေါ်အေးခင်အား မောင်ဘဟန်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရာတွင်၊ မူလ ဒီကရီကို ပြင်ဆင်ပြီး ထည့်သွင်းရသည်ဖြစ်၍၊ ကာလစည်းကမ်းသတ်ကို ရေတွက်ရာ၌၊ ထိုသို့ ပြင်ဆင်သည့်နေ့မှ ရေတွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ရေတွက်လျှင်၊ ဇာရီလျှောက်လွှာမှာ၊ ကာလစည်းကမ်းသတ်အတွင်း ကျရောက်ကြောင်းနှင့် လျှောက်ထား၏။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၈ ကို လိုအပ်သမျှ ဖော်ပြရသော်၊ အောက်ပါအတိုင်းဖြစ်သည်။

လျှောက်ထားမှုမျိုးမည်။	ကန့်သတ်သည့်ကာလ။	အစပြုရှိ ရေတွက်ရမည့် အခါကာလ။
၁၈။ အချက် ၁၈၃ တွင်သော် ၎င်း၊ တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈ အရ၊ သော်၎င်း၊ ပြဋ္ဌာန်း ထားခြင်းမရှိသော တရားမရုံး၏ ဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကို အတည်ပြုစေရန် လျှောက်ထားမှု။	သုံးနှစ်။ ဒီကရီ၏၊ သို့တည်းမဟုတ် အမိန့်၏ တာဝန်ခံ မိတ္တူကို မှတ်ပုံတင်ပြီး ဖြစ်လျှင်၊ ခြောက်နှစ်။	၄။ (ဒီကရီကို ပြင်ဆင်သည့် အချက်တွင်) ပြင်ဆင်သည့် နေ့ရက်က စ၍၊ သို့တည်းမဟုတ် ၅။ (အောက်တွင် ဖော်ပြ ပါရှိသည့် လျှောက်ချက် အတိုင်း လျှောက်ထားပြီး ဖြစ်လျှင်) ဒီကရီကို သော်၎င်း၊ အမိန့်ကို သော်၎င်း အတည်ပြုစေရန် ဖြစ်စေ၊ အတည်ပြုနိုင်အောင် အထောက်အပံ့ အဖြစ် ဆောင်ရွက်စေရန် ဖြစ်စေ ဆိုင်ရာ တရားရုံးတော် ဥပဒေနှင့် အညီ လျှောက်ထားမှု အပေါ်၌ နောက်ဆုံး အမိန့် ချမှတ်သည့် နေ့ရက်ကစ၍။

ကာလစည်းကမ်းသတ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အဓိပ္ပါယ်ကောက်ယူရာ၌၊ သဒ္ဒါနည်းဖြင့် တိကျစွာ အဓိပ္ပါယ်ကောက်ယူမှသာလျှင် အမှန်ရောက်နိုင်မည်ဖြစ်ကြောင်းနှင့် နဂင်ဒရာနန် ဆူရက်(၎) အမှု (၁) တွင်၊ ပရီဗီကောင်စီ

(၁) အေးအိုင်၊အာ(ရ်)၊ ၁၉၃၂ ပရီဗီကောင်စီ စာ ၁၆၅၊ ၁၆၇။

၁၉၆၃

ခင်အေးခင်
နှင့်
ဒေါ်လှရှင်
ပါ ၁၂။

မြွက်ဆိုခဲ့သည့် မူကို သင့်လျော်မှန်ကန်သည်ဟု ယူဆသဖြင့်၊ ကျွန်ုပ်တို့ လိုက်နာကျင့်သုံးရပေမည်။ ထိုအမှုဌ်၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယားအပိုဒ် ၁၈၂ (၂) တွင် အကျုံးဝင်သော အယူခံမှုရှိသလောဟူသည့် ပြဿနာ ပေါ်ပေါက်ရာ၊ ပရီဗီကောင်စီက အောက်ပါအတိုင်း မြွက်ကြား၏။

"Their Lordships think that nothing would be gained by discussing these varying authorities in detail. They think that the question must be decided upon the plain words of the article : "where there has been an appeal," time is to run from the date of the decree of the appellate Court. There is, in their Lordships' opinion, no warrant for reading into the words quoted any qualification either as to the character of the appeal or as to the parties to it; the words mean just what they say. The fixation of periods of limitation must always be to some extent arbitrary, and may frequently result in hardship. But in construing such provisions equitable considerations are out of place, and the strict grammatical meaning of the words is, their Lordships think, the only safe guide."

ထို့နည်းတူစွာ၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယားအပိုဒ် ၁၈၂ (၄)နှင့် စပ်လျဉ်း၍၊ မည်သည့်အခါမျိုးဌ် ဒီကရီကို ပြင်သည်ဟူသနည်းဆိုရာဌ်လည်း၊ ဒီကရီကို ပြင်ခြင်းသည်သာလျှင် ပဓါနဖြစ်ပေသည်။ မည်သို့မည်ပုံ ပြင်သည်ကို ထည့်သွင်းစဉ်းစားရန် မလိုပေ။ ဤအချက်နှင့် ပတ်သက်၍၊ **မဂန်လ(လ်)** နှင့် **ဆီတာရမ်** တို့အမှု (၂) တွင် အောက်ပါအတိုင်း မြွက်ကြားသည်ကို တွေ့ရှိရသည်။

"Article 182, Limitation Act, provides for various starting points of limitation for the execution of a decree, and under Cl. (4), Col. (3) it is provided that where a decree has been amended, the starting point is the date of amendment. Now, the words of the Article are quite unqualified; it does not speak of any particular form of amendment, whether the amendment is necessary or otherwise, whether the decree is capable of execution without the amendment; it does not qualify as I have said the matter of amendment in any way."

ထိုမြွက်ကြားချက်သည်၊ အထက်ဖော်ပြပါ ပရီဗီကောင်စီ အဆုံးအဖြတ်အတိုင်း ဖြစ်သည်တကြောင်း၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယားအပိုဒ် ၁၈၂ (၄)

(၂) အေးအိုင်၊အာ(ရ်)၊ ၁၉၃၇ ပတ္တနာ၊ စာ ၃၁၆။

ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်တကြောင်းတို့ကြောင့် ကျွန်ုပ်တို့ လက်ခံရပေ မည်။

၁၉၆၃
ဒေါ်အေးခင် နှင့် ဒေါ်လှရွှင် ပါ ၁၂။

အိမန်ဒင်း အမှု (၃) တွင်လည်း၊ အထက်ပါမူကို လာဟိုးခုံရုံးလိုက်နာကျင့်သုံး သည်ကိုတွေ့ရှိရသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ဖြင့် ခရိုင်တရားမရုံးက ဒေါ်အေးခင်အား မောင်ဘဟန်၏ တရားဝင် ကိုယ်စား လှယ်အဖြစ်ဌင်း၊ ဒေါ်သင်းရင်နှင့် မမြမြတို့အား တရားရုံးတဦးဖြစ်သူ မောင်လှမောင် ၏ တရားဝင် ကိုယ်စားလှယ်အဖြစ်ဌင်း အဆိုပါ အမှုဒီကရီတွင် ထည့်သွင်းရန် အမိန့် ချမှတ်သည့်နေ့ကို ယင်းဒီကရီကို ပြင်သည့်နေ့ဟူ၍ မှတ်ယူရပေမည်။ ယင်းသို့ဖြစ် ရကား၊ ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့၌ တင်သွင်းသော ဇာရီလျှောက်လွှာကို ကာလစည်းကမ်းသတ်အတွင်း တင်သွင်းသည်ဟု ယူဆရပေမည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယားအပိုဒ် ၁၈၂ (၅) ကိုစဉ်းစားရာ၌၊ မူလရုံးသည်၊ **အမာကရွှစ်ဂုနားချောင်ဒရီ** နှင့် **ဂျဂတ်ဘာန်ဒူးဘစ်(စ) ဝပ်(စ်)** တို့ အမှု (၄) ကို ကိုးကားပြီး၊ ဒီကရီကို အတည်ပြုနိုင်အောင် အထောက်အပံ့အဖြစ် ဆောင်ရွက်ရန် လျှောက်ထားခြင်းကို၊ ဒီကရီကို အတည်ပြုစေရန် လျှောက်ထားမှု တရားရုံးတွင် မပြီးမပြတ်ရှိစဉ် အခါမျိုး၌သာလျှင် ပြုလုပ်နိုင်ကြောင်း ယူဆပြီး၊ ယခု အမှုတွင်၊ ဒေါ်အေးခင်က မိမိအား မောင်ဘဟန်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် လျှောက်ထားစဉ်၊ မပြီးမပြတ်သော ဇာရီမှုမရှိသဖြင့်၊ ဒေါ်အေးခင်၏ ဇာရီလျှောက်လွှာသည်၊ အဆိုပါ ပဌမဇယားအပိုဒ် (၅) တွင် အကျုံးမဝင်ဟုဆုံးဖြတ် သည်။ အထက်ပါ ကာလကတ္တားစုံညီခုံရုံး အဆုံးအဖြတ်သည်၊ ဖော်ပြခဲ့သော ပရီဗီ ကောင်စီ စီရင်ထုံးမချမှတ်မီ ဆုံးဖြတ်ခဲ့သည့်အပြင်၊ ပဌမဇယား အပိုဒ် ၁၈၂ (၅) လာ ပြဋ္ဌာန်းချက်များနှင့်လည်း မကိုက်ညီပေ။ ထိုအပိုဒ် ၁၈၂ (၅) တွင်၊ ဒီကရီကို အတည် ပြုနိုင်အောင် အထောက်အပံ့အဖြစ် ဆောင်ရွက်စေရန် လျှောက်ထားမှုကို၊ ဒီကရီကို အတည်ပြုစေရန် ဇာရီလျှောက်လွှာ မပြီးမပြတ်ရှိစဉ်အတွင်း ပြုလုပ်ရမည်ဟု ပြဋ္ဌာန်း ခြင်းမပြုခေ့။

ဒေါ်ငြိမ်းဦးသက် တို့အမှု (၅) တွင်လည်း၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယား ၁၊ အပိုဒ် ၁၈၂ (၅) ပါ အခွင့်အရေး ရရှိရန်အတွက်တရားနိုင်က လျှောက်ထား သော မပြီးမပြတ်သေးသည့် ဇာရီမှုရှိရန် လိုသည်ဟု မဆိုပေ။

---

(၃) အေးအိုင်၊အာ(ရှ်)၊ ၁၉၃၁ လာဟို၊ စာ ၁၃၁။

(၄) အေးအိုင်၊အာ(ရှ်)၊ ၁၉၃၁ ကာလကတ္တား၊ စာ ၇၁၉၊ စုံညီခုံရုံး။

(၅) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာ ၁။

၁၉၆၃

ဒေါ်အေးခင်
နှင့်
ဒေါ်လှရွှင်
ပါ ၁၂။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး၊ ဇာရီမှုကို ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သည်။ အယူခံ တရားခံများသည်၊ အယူခံ တရားလို ဒေါ်အေးခင် ကုန်ကျသော ရုံးနှစ်ရုံးစရိတ်ကို ကျခံရမည် ဖြစ်သည်။ ဤရုံးမှေ့ငနခမှာ ငွေ ၁၀၀ ဖြစ်စေရမည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်းရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်ကိုင်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၃ မေလ ၄ ရက်။

ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ပုဒ်မ ၅ (၁) (ခ) (စ) ၎င်းပုဒ်မအရ အရေးယူခြင်းခံရသူအား အာမခံပေးခြင်းကိစ္စ။

၁၉၆၃ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပုဒ်မ ၅ (၁) (ခ) (စ) အရ၊ အရေးယူခြင်းခံရသူအား၊ မူလရုံးက အာမခံမပေးသော်လည်း စက်ရှင်တရားသူကြီးက အာမခံပေးလိုက်သဖြင့်၊ နိုင်ငံတော်အစိုးရက မကျေနပ်၍ ပြင်ဆင်မှုလျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။အဆိုပါဥပဒေသည် ယေဘုယျ ဥပဒေ (General Law) မဟုတ်သဲ့၊ အထူး အက်ဥပဒေ (Special Act) ဖြစ်လေသည်။ ထို့ကြောင့်ဤဥပဒေသည် ယေဘုယျ ဥပဒေကို လွှမ်းမိုးမည်ဖြစ်၏။ ဤဥပဒေ၏ သီးခြားပြဋ္ဌာန်းချက်များကို၊ ရာဇဝတ်ကျင့်ထုံး ကိုဓ ဥပဒေက လွှမ်းမိုးခြင်းမပြုနိုင်။

တဖန်အဆိုပါ ဥပဒေပုဒ်မ ၁၀ (၃)တွင် သက်ဆိုင်သူအားစုံစမ်းမှုပြီးဆုံးသည့်တိုင်အောင် ချုပ်ထားရမည်ဟူ၍ ပြဋ္ဌာန်းထားသဖြင့်၊ စုံစမ်းမှုပြီးဆုံးသည့် တိုင်အောင် ချုပ်ထားရန် သက်ဆိုင်ရာရုံးက အမိန့်ချမှတ်သည့်အခါ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၀ အရ၊ စက်ရှင်ရုံးက ဝင်ရောက်စွက်ဖက်ရန်မသင့်ဟုယူဆရပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ အဝိုးရရှေ့နေ ဦးခင်စိန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူ။ ။မရှိ။

တရားသူကြီး ဦးစောဘသိန်း။ ။ဤအမှုတွင် လျှောက်ထားခံရသူ မောင်ကိုင်းသည်၊ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေ ပုဒ်မ ၅ (၁) (ခ) (စ) အရ၊ အရေးယူခြင်း ခံရသူ ဖြစ်၏။ ၎င်းက အာမခံ ရရှိရန် မူလရုံးတွင် လျှောက်ထားသော်လည်း၊ မအောင်မြင်သဖြင့်၊ မြိတ်မြို့ စက်ရှင်ရုံး

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၃ (ခ)။

† ၁၉၆၂ ခုနှစ်၊ ရာ-သေးမှုအမှတ် ၃ တွင်ချမှတ်သော ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့စွဲပါ၊ မြိတ်မြို့စက်ရှင်တရားသူကြီး၏ အမှုကိုပြင်ဆင်ခြင်းမှု။

၁၉၆၃

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ကိုင်း။

သို့ လျှောက်ထားရာ၊ ပညာရှိ စက်ရှင် တရားသူကြီးက၊ ၎င်းအား ခံဝန်နှင့်နေခွင့် ပြုရန် အမိန့် ချမှတ်လိုက်သဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံမှေနေချုပ်က၊ ဤရုံးသို့ ပြင်ဆင်မှုဖွင့်၍၊ အောက်ရုံး ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး၊ ဥပဒေ အရ၊ အမိန့် ချမှတ်ရန် လျှောက်ထား၏။

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေသည်၊ ယေဘုယျဥပဒေ (General Law) မဟုတ်ဘဲ၊ သီးသန့် ပြုလုပ်ထားသည့် အထူး အက်ဥပဒေ (Special Act) ဖြစ်သည်မှာ ပေါ်လွင် ထင်ရှား၏။ ထို့ကြောင့် အဆိုပါ ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေသည် ယေဘုယျ ဥပဒေ (General Law) ကို လွှမ်းမိုးမည် မဖြစ်၏။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၁ တွင်လည်း "ရာဇဝတ်ကျင့်ထုံး ကိုဓ ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေတွင် သီးခြား ပြဋ္ဌာန်းထားသည့် ကိစ္စများမှတပါး အခြားသော ကိစ္စများနှင့် သက်ဆိုင်စေရမည်" ဟူ၍ ပြဋ္ဌာန်း ထားလျက် ရှိ၏။ သို့ဖြစ်သောကြောင့် အဆိုပါ အက်ဥပဒေတွင်၊ သီးခြား ပြဋ္ဌာန်းချက်များကို၊ ရာဇဝတ်ကျင့်ထုံး ကိုဓ ဥပဒေက လွှမ်းမိုးခြင်း မပြုနိုင်ဟု ယူဆရန် ဖြစ်၏။

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေ ပုဒ်မ ၁၀ (၃) တွင် "ပုဒ်မခွဲ (၁) အရ၊ စုံစမ်းမှု မပြီးပြတ်သေးမီ ကာလ အတွင်းတွင် သက်ဆိုင်သူအား၊ စုံစမ်းမှုပြီးဆုံးသည့်တိုင်အောင် ချုပ်ထားရမည်" ဟူ၍ ပြဋ္ဌာန်း ထားသဖြင့် သက်ဆိုင်ရာ ရုံးက၊ သက်ဆိုင်သူအား၊ စုံစမ်းမှု ပြီးဆုံးသည့်တိုင်အောင် ချုပ်ထားရန် ဖြစ်၏။ ဤပြဋ္ဌာန်းချက် အရ၊ သက်ဆိုင်သူအား၊ စုံစမ်းမှု ပြီးဆုံးသည့်တိုင်အောင်၊ ချုပ်ထားရန်၊ သက်ဆိုင်ရာ ရုံးက အမိန့် ချမှတ်သည့် အခါ၊ ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၈ အရ၊ ဝင်ရောက် စွက်ဖက်ရန် မသင့်ဟု ယူဆရပေမည်။

အထက်ပါ အကြောင်းများကြောင့်၊ အောက်ရုံး ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး၊ လျှောက်ထားခံရသူ မောင်ကိုင်း အား၊ ၁၉၆၁ ခုနှစ်၊ ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေ ပုဒ်မ ၁၀ (၃) အရ၊ စုံစမ်းမှု ပြီးဆုံးသည့်တိုင်အောင် ပြန်လည်၍ ချုပ်ထားရန်၊ အမိန့် ချမှတ်လိုက်သည်။

တရားအထွေထွေအမှု

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်ရွှေတင်။

မစ္စ အေ၊ ဒီ၊ ဆိုး (လ်) ဗါး (လျှောက်ထားသူ)

နှင့်

ဝါကိုင်ပင်ပိုပက္ခ ခုံရုံး ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၃ မေလ ၈ ရက်

ဝါကိုင်ပင်ပိုပက္ခ အက်ဥပဒေ ပုဒ်မ ၂ စာသင်ကျောင်းသည် **Industry** လုပ်ငန်းတရပ်ဟုထိမဟုတ်။

အလုပ်ပညာသင်ကျောင်းသည် **Industry** လုပ်ငန်းတရပ် ဖြစ်သည်ဟု ယူဆပြီး ဝါကိုင်ပင်ပိုပက္ခ ဥပဒေ ပုဒ်မ ၂ တွင် အကျုံးဝင်သည်ဟု ခုံရုံးက ဆုံးဖြတ်သည်ကို မကျေနပ်၍ အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်ရန် လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် ပညာပေးရေး လုပ်ငန်းမှာ၊ ပုဂ္ဂလိကပိုင် အလုပ်ပညာသင်ကျောင်း၌ ပညာပေးရေးဖြစ်သည်။ အစိုးရ ပညာပေး လုပ်ငန်းမဟုတ်။ အစိုးရသည် ပညာပေးရာတွင် အမြတ်အစွန်းအတွက် ဆောင်ရွက်ခြင်းမဟုတ်။ တသီးပုဂ္ဂလ ကျောင်းများ၌မူကား၊ အမြတ်အစွန်းရရှိရန်မှာ အရေးကြီးသော ရည်ရွယ်ချက်တရပ် ဖြစ်သည်။

ဩစတေးရီးယားပြည် အစိုးရကျောင်းဆရာများ အသင်းနှင့် ပိတိုးရီးယားပြည်နယ် ၄၁၊ စီ၊ အယ်(လ်)၊ အာ(ရ်)၊ စာ ၅၆၉ ကို ခွဲခြား ရှင်းလင်းပြသည်။ ဒေလီတက္ကသိုလ်နှင့် ရမ်နတ် အိန္ဒိယ တရားလွှတ်တော်ချုပ် (လန်ဒန်တိုင်း ဗြိုလ ၂၊ ၁၉၆၃ ခုနှစ်) ကိုလည်း ခွဲခြား ရှင်းလင်းပြသည်။

ဝါကိုင်ပင်ပိုပက္ခ အက်ဥပဒေ ပုဒ်မ ၂ တွင် **Industry** ဆိုသည့် စကားရပ်သည် (**Business**) အမြတ်အစွန်း ရရှိရန်အတွက် ဆောင်ရွက်သော လုပ်ငန်းလခံး ဖြစ်နိုင်ကြောင်း ပြဋ္ဌာန်းထား ပေသည်။

လျှောက်ထားသူအတွက်။ ။ဦးကျော်ထွန်း။

လျှောက်ထားခံရသူအတွက်။ ။မစ္စတာ တီ၊ ပီ၊ ဝမ်း၊ အစိုးရရှေ့နေကြီး ဦးလှမောင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် လျှောက်ထားသူ မစ္စ အေ၊ ဒီ၊ ဆိုး(လ်)ဗါး သည်၊ အလုပ် ပညာသင် ကျောင်းအုပ် ဆရာမကြီး ဖြစ်ရာ၊ ၎င်း၏ ကျောင်းမှ အလုပ် ရပ်စဲခြင်း ခံရသည့် ဆရာ ဆရာမများနှင့် ဆရာမအမေးများက ဝိုင်းတို့ ရာဇင် ရထိုက်သည် ဆိုသော လစာငွေနှင့်အခြား သက်သာခွင့်များ တောင်း

---

* ၁၉၆၂ ရန်ကုန်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၇၅။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၆ တွင်၊ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့စွဲပါ၊ ဝါကိုင်ပင်ပိုပက္ခခုံရုံးတော်၏ ချမှတ်သော အမိန့်ကို အမှုခေါ် စာချုပ်တော်ထုတ်ဆင့်ရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၆၃

[မစ္စ အေ၊ ဒီ၊ ဂျီဆီး(လ်)ဗါး နှင့် ဝါဒီဇင်ပဋိမက္ခ ခုံရုံးပါ ၂။

ဆိုသည်မှ ပေါ်ပေါက်သည့် ပဋိပက္ခမျှကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ကောင်စီ ဥက္ကဋ္ဌက၊ ဝါဒီဇင် ပဋိပက္ခ အက်ဥပဒေ ပုဒ်မ ၉ အရ၊ ဝါဒီဇင် ပဋိပက္ခ ခုံရုံးသို့ လွှဲအပ်ခဲ့၏။ မစ္စ အေ၊ ဒီ၊ ဆီး (လ်) ဗါး က၊ မိမိ၏ စာသင်ကျောင်း သည်၊ ဝါဒီဇင် အက်ဥပဒေတွင် အကျုံးဝင်သော **Industry** လုပ်ငန်း တရပ် မဟုတ် ကြောင်းဖြင့် ချေပရာတွင်၊ ထိုခုံရုံးက ၎င်းတို့ အငြင်းပွါးမှုသည်၊ ဝါဒီဇင် ပဋိပက္ခ အက်ဥပဒေ ပုဒ်မ ၂ တွင် အကျုံးဝင်သော လုပ်ငန်းတရပ် ဖြစ်သည်ဟု ဆုံးဖြတ်လေ သည်။ ထို အဆုံး အဖြတ်ကို မကျေနပ်သဖြင့်၊ အမှုခေါ်စာချွန်တော်ဖြင့် ပယ်ဖျက်ရန် ယခု လျှောက်ထားခြင်း ဖြစ်သည်။ လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီးက၊ **စီရင်ထုံး အမျိုးမျိုးကို ကိုးကားပြီး၊** လျှောက်ထားသူ၏ စာသင်ကျောင်းသည်၊ ဝါဒီဇင် ပဋိပက္ခခုံ အက်ဥပဒေတွင် အကျုံးမဝင်ကြောင်းဖြင့် သာဓကများ တင်ပြ၏။ **ထို စီရင်ထုံးများအနက်၊** ဤအမှုနှင့် နီးစပ်သော စီရင်ထုံးမှာ၊ **ဩစတေးရီးယားပြည်** တရားလွှတ်တော်က၊ **ဩစတေးရီးယားပြည် အစိုးရ ကျောင်း ဆရာများအသင်း နှင့် ဗီးတိုးရီးယား ပြည်နယ် အမှု (၁)** ဖြစ်သည်။ ထိုအမှုတွင်၊ ဩစတေးရီးယား တရား လွှတ်တော်က၊ အစိုးရ ပညာသင် ကျောင်းများသည်၊ Industry လုပ်ငန်း တရပ် မဟုတ်ကြောင်းနှင့် ဆုံးဖြတ်ခဲ့လေသည်။ သို့သော် ထိုစီရင်ထုံးတွင် ပြည်နယ် များ၏၊ ပညာပေးရေး လုပ်ငန်းကို အဓိကထား၍ ဆုံးဖြတ်ခြင်း ဖြစ်သည်။ ယခုအမှု တွင်မူ၊ အစိုးရ ပညာပေးရေး လုပ်ငန်း မဟုတ်ချေ။ ပဂ္ဂလိကပိုင် အလွှတ် ပညာသင် ကျောင်း၌၊ ပညာ ပေးရေး ဖြစ်သည်။ ယင်းသို့ ပညာပေးရာတွင် အစိုးရ သည်၊ တိုင်းပြည်ရှိ ကလေးသူငယ်များ၏ ပညာ အဆင့် အတန်း တိုးတက်မှုကိုသာ အဓိက ထား၍၊ ဆောင်ရွက်ခြင်း ဖြစ်သည်။ အမြတ် အစွန်း ရရှိရန် အတွက် မဟုတ်ပေ။ တသီးပုဂ္ဂလ ကျောင်းများ၌ မူကား ကျောင်းသား သူငယ်များ၏ ပညာ အဆင့် အတန်း တိုးတက်စေရန် ရည်ရွယ်ချက်လည်း ရှိပေမည်။ သို့သော် အမြတ် အစွန်း ရရှိရန်မှာလည်း အရေးကြီးသောရည်ရွယ်ချက် တရပ် ဖြစ်ပေမည်။ ထို ဩစတေးရီ ယား တရားလွှတ်တော်၏မြွက်ကြားချက်များကို၊ ဤအမှုနှင့် သက်ဆိုင်သမျှ အောက် ပါ အတိုင်း ဖော်ပြလိုက်သည်။

> **"Testing this case, therefore, by the other suggested** criteria or badges of industrialism, **can it be** said that the educational activities of the States **constitute** an industry ? **So far as the matter is one of fact, we would say that they cannot. They bear no resemblance whetever to an ordinary trade, business or industry. They are not connected directly**

(၁) ၄၁ စီ၊အယ်(လ်)၊အာ(ရ်)၊ စ ၁ ၅၆၉။

ခ၉၆၃

မစ္စ အော၊ ဒီ၊ ဆီး(လ်)မိုး နှင့် ဝါကိုင်္ဂပဋိပက္ခ [ခုံရုံးပါ ၂]။

with, or attendant upon, the production or distribution of wealth: and there is no co-operation of capital and labour, in any relevant sense, for a great public scheme of education is forced upon the communities of the States by law. It was said that if the activities were carried on by a private person, such as a schoolmaster, then the operations would be described as a business, a trade, or an industry. Shortly, that argument is met by the fact that a private person could no more carry on this system of public education than he could carry on His Majesty's Treasury or any of the other executive departments of Government: and if he were authorized to do so, which is almost inconceivable, then he would no more carry on an industry than the State does now.

ထိုမြှက်ကြားချက်တွင်၊ အစိုးရ ဆောင်ရွက်သော ပညာသင်ကြားရေး လုပ်ငန်းနှင့် တသီးပုဂ္ဂလပိုင် ပညာသင်ကြားရေး လုပ်ငန်းများကို ခဲခြား ဝေဖန် ထားသည်ကို တွေ့ရှိရလေသည်။

ထို့ပြင်လည်း၊ လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီးက၊ ဒေလီ တက္ကသိုလ်နှင့် ရမ်နတ်တို့ အမှုတွင်၊ အိန္ဒိယပြည် တရားလွှတ်တော်ချုပ်က၊ တက္ကသိုလ် ပညာပေးရေး သည်၊ဝါကိုင်္ဂ ပဋိပက္ခ အက်ဥပဒေတွင် အကျုံးဝင်သော **Industry** လုပ်ငန်း တရပ် မဟုတ်ကြောင်းနှင့် ဆုံးဖြတ်သည်ဟု ဖော်ပြပြီးလျှင်၊ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ ထုတ် လန်ဒန်တိုင်း သတင်းစာကို တင်ပြလေသည်။ သို့သော် ဒေလီ တက္ကသိုလ်သည်၊ အစိုးရ ဌာန မဟုတ်သော်ငြားလည်း၊ အစိုးရ၏ အထောက် အပံ့ဖြင့်၊ တိုင်းသူ ပြည်သားများအား၊ ပညာပေးသော တက္ကသိုလ် ဖြစ်လေသည်။ ယခု အမှုတွင် ကဲ့သို့ ပညာပေးရုံသာ မက်၊ အမြတ် အစွန်း ရရှိရန် အတွက် ဆောင်ရွက်သော လုပ်ငန်းမျိုး မဟုတ်ပေ။

ဝါကိုင်္ဂ ပဋိပက္ခ အက်ဥပဒေ ပုဒ်မ ၂ တွင်လည်း **Industry** ဆိုသည့် စကား ရပ်သည်၊ (Business) အမြတ် အစွန်း ရရှိရန်အတွက် ဆောင်ရွက်သော လုပ်ငန်းလည်း ဖြစ်နိုင်ကြောင်းဖြင့် ပြဋ္ဌာန်းထားလေသည်။

ထို့ကြောင့်၊ ဝါကိုင်္ဂပဋိပက္ခခုံရုံး၏ အဆုံးအဖြတ်ကို ငင်ရောက်စွက်ဖက်ရန် အကြောင်း မမြင် သဖြင့် ယခု လျှောက်လွှာကို ပယ်ဖျက်သည်။

အမှုသည်မျှားသည်၊ မိမိတို့၏ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည်။

---

(၁) ဒေလီတက္ကသိုလ်နှင့်ရမ်နတ်—အိန္ဒိယတရားလွှတ်တော်ချုပ် (လန်ဒန်တိုင်း ဧပြီလ ၂ ရက်၊ ၁၉၆၃ ခုနှစ်) ကိုလည်းခဲခြားရှုင်းလင်းပြသည်။

တရားမစီရင်ထုံးအမှု

တရားသူကြီး ဦးစံမောင်၊ တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီး ဦးထွန်းတင်တို့ ရှေ့တွင်။

† ၁၉၆၁ ဇွန်လ ၂၆ ရက်။

မစိန်ညွှန့်၊ ဆေးပေါ့လိပ်ကုမ္ပဏီ (လျှောက်ထားသူ)

နှင့်

ကုန်သွယ်မှုလုပ်ငန်းခွန်မင်းကြီး (လျှောက်ထားခံရသူ) *

ရောင်းခွန် အက်ဥပဒေ ၁၉၅၂ ခုနှစ်၊ ပုဒ်မ၊ ၁၀ (၃)၊ တမင်မှတ်ပုံတင် ပျက်ကွက်ခြင်း၊ ပုဒ်မ ၂၅၊ အခွန်စည်းကြပ်ခြင်းမှ လွတ်မြောက်ခြင်း။

ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေးဘဉာဉ်) လျှောက်ထားသူ ကုမ္ပဏီနှင့် ပတ်သက်၍ တရားရုံးချုပ်သို့ ရောင်းခွန် အက်ဥပဒေ ပုဒ်မ (၂၀) အရ၊ ပြဿနာ နှစ်ရပ်ကို လွှဲအပ်လိုက်လေသည်။ ၎င်းတို့မှာ—

၁။ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၀ (၃) အရ၊ ရောင်းခွန်ဌာနတွင်၊ မှတ်ပုံတင် ပျက်ကွက်ခြင်းမှ တမင် မှတ်ပုံတင် ပျက်ကွက်ခြင်းဖြစ်မဖြစ်နှင့်

၂။ လျှောက်ထားသူ ကုမ္ပဏီ အပေါ်တွင် ရောင်းခွန် စည်းကြပ်ထားခြင်းသည် ရောင်းခွန် နည်းဥပဒေ ပုဒ်မ (၂၅) အရ စည်းကမ်းသတ် ကျော်လွန်ပါသလား

ဟူသော ပြဿနာတို့ ဖြစ်လေသည်။

ဆုံးဖြတ်ချက် ၁။ ။ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၀ (၃) အရ၊ ရောင်းခွန်ဌာနတွင် မှတ်ပုံတင် ပျက်ကွက်ခြင်းမှာ တမင် မှတ်ပုံတင် ပျက်ကွက်ခြင်း ဖြစ်မဖြစ်ဟူသော ပြဿနာနှင့် ပတ်သက်၍ လျှောက်ထားသူ ကုမ္ပဏီသည်၊ တမင်မှတ်ပုံတင် ပျက်ကွက်ခြင်း ဖြစ်သည်ဟု အမှုအကြောင်းခြင်းရာ များအပေါ် မှီငြမ်းပြု၍ အကျိုးအကြောင်း (Reasons) များ ဖော်ပြပြီး ဘဏ္ဍာတော်မင်းကြီး ကူးသန်း ရောင်းဝယ်ရေးက ဆုံးဖြတ်ချက် ချခဲ့သည်။ သို့ဖြစ်သောကြောင့် ဤသို့သည်၊ အယူခံရုံး မဟုတ်သဖြင့် ထိုသို့ ဆုံးဖြတ်ချက်ချရာတွင် ဖော်ပြထားသည့် အကျိုးအကြောင်း (Reasons) တို့သည် ခိုင်လုံခြင်း ရှိ မရှိသည် (Sound or unsound) နှင့် ပတ်သက်၍ ဝင်ရောက်စွက်ဖက် ဆုံးဖြတ်နိုင်မည် မဟုတ်သဖြင့်၊ ဤပြဿနာသည်လည်း ဥပဒေ အချက် အလက်ခြင်းရာပြဿနာ (Question of law) မဟုတ်ဘဲ၊ အမှုအကြောင်းခြင်းရာ ပြဿနာ (Ouestion of fact) သာဖြစ်သဖြင့် ဤပြဿနာကို ဖြေဆိုရန် လိုအပ်မည် မဟုတ်ဟု တင်မြင် ယူဆသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမစီရင်ထုံးအမှုအမှတ် ၄။

† ၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေပုဒ်မ ၂၀ (၁) အရ မြန်မာနိုင်ငံ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ချမှတ်သော အမိန့်နှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် ဥပဒေ အချက်အလက်ဆိုင်ရာ ပြဿနာကို အဆုံးအဖြတ် ပေးရန် လွှဲအပ်ခြင်း။

၁၉၆၃
မစိန်ညွှန့်
ဆေးပေါ့လိပ်
ကုမ္ပဏီ
နှင့်
ကုန်သွယ်
ထုပ်ဆန်းခွန်
မင်းကြီး။

ဆုံးဖြတ်ချက် ၁။ ။လျှောက်ထားသူ ကုမ္ပဏီ အပေါ် တွင် ရောင်းခွန် စည်းကြပ်ထားခြင်းသည်၊ ရောင်းခွန် နည်းဥပဒေပုဒ်မ (၂၅) အရ စည်းကမ်းသတ် ကျော်လွန်ပါသလား ဟူသော ပြဿနာနှင့် ပတ်သက်၍ ဤအမှုတွင်၊ ၁၉၆၃ ခုနှစ်၊ အဘွဲက် (၁၉-၂-၆၃) နေ့၌ ရောင်းခွန် စည်းကြပ်ထားသည်။ အကယ်၍ ရောင်းခွန် နည်းဥပဒေ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခဲ့လျှင် သာမန် (Ordinarily) အားဖြင့် အဆိုပါ ရောင်းခွန် စည်းကြပ် ထားခြင်းသည် စည်းကမ်းသတ် ကျော်လွန် မည်ဖြစ်သည်။

ရောင်းခွန် နည်းဥပဒေ စီစဉ် ပြုလုပ်ထားပုံကို လေ့လာသည့်အခါ အခဏ် ၁၃၊ နည်းဥပဒေအပိုဒ် ၂၅ ပြဋ္ဌာန်းချက်သည်၊ အခွန်စည်းကြပ်ခြင်းမှ မစည်းကြပ်မီဘဲ၊ ကျန်ရှိ လွတ်မြောက်ခြင်းနှင့်သာ သက်ဆိုင်ကြောင်းကို တွေ့ရ၏။ မူလ စည်းကြပ်ခြင်းနှင့် မပတ်သက်ကြောင်းမှာ ထင်ရှားသည်။

ရောင်းခွန် နည်းဥပဒေ ၂၅ နှင့် အမြတ်တော်ခွန် နည်းဥပဒေ ပုဒ်မ ၂၄ ထို့၏ အဓိပ္ပါယ်မှာ အနည်းငယ် ခြားနားသည်။ ဤအမှုတွင် လျှောက်ထားသူ ကုမ္ပဏီသည်၊ ၎င်း၏ ရောင်းရငွေ အပေါ် တွင်း မည်သည့်အခါကမျှ အခွန်စည်းကြပ်ခြင်းမပြုခဲ့ရသေးဘဲ၌အတွက် ၎င်းသည် အခွန်စည်းကြပ်ခြင်း ခံရသူ မဟုတ်သည့်အပြင် ရင်း၏ ကုန်ပစ္စည်း ရောင်းရငွေသည့် အခွန်စည်းကြပ်ခြင်းမှ နှစ်ပေါင်း အတန်ကြာ အခွန်မစည်းကြပ်မီဘဲ၊ ကျန်ရှိလွတ်မြောက်ခဲ့သဖြင့် ၎င်းအပေါ် အခွန်စည်းကြပ်ရာတွင် ရောင်းခွန် နည်းဥပဒေအပိုဒ် ၂၅ အရ အခွန်မစည်းကြပ်ဘဲ၊ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၀ (၃) အရ၊ အခွန်စည်းကြပ်ခြင်းပြုသည့်အတွက် ရောင်းခွန် နည်းဥပဒေအပိုဒ် ၂၅ တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်း သတ်နှင့် သက်ဆိုင်ခြင်း မရှိဟု ဆုံးဖြတ်သည်။

ထို့ကြောင့် လျှောက်ထားသူ အပေါ် ရောင်းခွန် စည်းကြပ် ထားခြင်း ဘည် ရောင်းခွန် နည်းဥပဒေအပိုဒ် ၂၅ ပြဋ္ဌာန်းချက်အရ၊ စည်းကမ်းသတ် ကျော်လွန်ခြင်းမရှိဟု ဖြေဆိုလိုက်သည်။

လျှောက်ထားသူအတွက်။ ။ဦးပိုင်နှင့် ဦးလှစောဘ။

လျှောက်ထားခံရသူအတွက်။ ။ဦးဘဖေ (အစိုးရရှေ့နေကြီး)။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့၊ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) က၊ ၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေပုဒ်မ ၂၀ (၁) အရ၊ ဤနှုံးသို့လွှဲအပ်လိုက်သည့် ၎င်း၏အမိန့်နှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် ဥပဒေအချက်အလက် သက်ဆိုင်ရာပြဿနာ (၂) ရပ်မှာ—

"(1) . . . . . Whether under the facts and circumstances of the case there was wilful default within the meaning of section 10 (3) of the Sales Tax Act, 1952.

(2) . . . . . Whether under the facts and circumstances of the case the assessment was barred by limitation under Rule 25 of the Sales Tax Rules, 1952."

ဟူ၍ဖြစ်၏။

၁၉၆၃

မစိန်ညွန့်ဆေးပေါ့လိပ်ကုမ္ပဏီနှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး။

ဤပြဿနာဖြစ်ပေါ်လာရခြင်း အကြောင်းမှာ၊ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၂၀၄ တွင်ရှိသော၊ မစိန်ညွန့်ဆေးပေါ့လိပ်ကုမ္ပဏီသည် ဆေးပေါ့လိပ်ကုန်ထုတ်လုပ်သူ၊ သို့မဟုတ် ပြုလုပ်သူဖြစ်ပြီး၊ ဆေးပေါ့လိပ် အရေအတွက်၊ အတိုင်းမသိကို၊ မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင်၊ ဖြန့်ဖြူးရောင်းချ၍ ငင်ငွေအမြောက်အမြားရရှိသဖြင့်၊ ရောင်းခွန်အက်ဥပဒေပုဒ်မ ၈ (၁) အရ၊ (၁၉၅၃-၅၄) ခုနှစ် အတွက်၊ မှတ်ပုံတင်ရန်ဖြစ်သော်လည်း၊ မှတ်ပုံမတင်ဘဲ၊ ပျက်ကွက်နေသည့်ပြင်၊ ရောင်းခွန် အက်ဥပဒေပုဒ်မ ၁၀ (၁) အရ၊ အစီရင်ခံစာရင်း (**Returns**) တင်ပြရန် ဖြစ်သော်လည်း၊ တင်ပြခြင်းမပြုဘဲ၊ ပျက်ကွက်ခဲ့၏။

ရန်ကုန်မြို့၊ အရှေ့ပိုင်းတိုက်နယ်၊ ကုန်သွယ်လုပ်ငန်းခွန်ဝန်ထောက်က၊ မစိန်ညွန့်ဆေးပေါ့လိပ်ကုမ္ပဏီထံသို့ (၁၉၅၃-၅၄) ခုနှစ်အတွက် ရောင်းရငွေနှင့် အခြားသက်ဆိုင်သည့် စာရင်းအင်းများကို တင်ပြရန်၊ အကြောင်းကြား တောင်းဆိုရာ၊ အဆိုပါ၊ ကုမ္ပဏီက၊ ထားပြတိုက်ခိုက်ခြင်းခံရသဖြင့် လိုအပ်သည့်စာရင်းအင်းများကို၊ အထားအသို မကောင်းသောကြောင့် တင်မပြနိုင်ဟု ပြန်ကြားလိုက်သည့်အတွက်၊ ကုန်သွယ်လုပ်ငန်း ခွန်ဝန်ထောက်က၊ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်၊ ရောင်းခွန် အက်ဥပဒေပုဒ်မ ၁၀ (၃) အရ၊ အသင့်လျော်ဆုံးဖြစ်သည်ဟု ထင်မြင်ယူဆသည့်၊ ကုန်ပစ္စည်းရောင်းရငွေ ၁၂,၆၀,၀၀၀ အပေါ်တွင်၊ ရောင်းခွန်တော်ငွေ ၃၉,၀၀၀ ကို၊ ၎င်းကုမ္ပဏီက ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်၏။

မစိန်ညွန့် ဆေးပေါ့လိပ်ကုမ္ပဏီက၊ ထိုသို့ချမှတ်သော အမိန့်ကို မကျေနပ်၍၊ ရန်ကုန်မြို့၊ လက်ထောက်ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး။ ထိုမှတဖန်၊ ရန်ကုန်မြို့ ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးထံသို့ တဆင့်ပြီးတဆင့် အယူခံဝင်ရာ၊ မအောင်မြင်သဖြင့်၊ ရန်ကုန်မြို့၊ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ထံသို့၊ ပြင်ဆင်မှုဖွင့်၍၊ လက်အောက် အရာရှိများ ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပေးရန်၊ လျှောက်ထားရာတွင်လည်း မအောင်မြင်၊ အကြောင်းမထူးသည့်အတွက်၊ နောက်ဆုံးအခွင့်အရေးဖြစ်သည့် ရောင်းခွန်အက်ဥပဒေပုဒ်မ ၂၀ (၁) အရ၊ ရန်ကုန်မြို့၊ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ထံသို့၊ ထပ်မံ၍လျှောက်ထားသဖြင့်၊ ရန်ကုန်မြို့၊ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) က၊ အထက်ဘော်ပြပါ၊ ပြဿနာ (၂) ရပ်ကို ပြုလုပ်၍၊ ဤရုံးသို့ဖြေဆိုပေးရန် လွှဲအပ်တင်ပို့ခဲ့၏။

ပဌမဖြေဆိုရန်၊ ပြဿနာမှာ—

"အမှုတွင်၊ ပေါ်လွင်သည့် အကြောင်းခြင်းရာများအရ၊ မစိန်ညွန့်ဆေးပေါ့လိပ်ကုမ္ပဏီသည်၊ ရောင်းခွန်အက်ဥပဒေပုဒ်မ ၁၀ (၃) အရ၊ ရောင်းခွန်

ဌာနတွင်၊ မှတ်ပုံမတင် ပျက်ကွက်ခြင်းမှာ၊ တမင်မှတ်ပုံမတင် ပျက်ကွက်ခြင်းဖြစ်ပါသလား။"

၁၉၆၃

မစိန်ညွှန့်ဆေးပေါ့လိပ်ကုမ္ပဏီနှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး။

ဟူ၍ဖြစ်၏။

ဤပြဿနာနှင့် ပတ်သက်၍၊ ရန်ကုန်မြို့၊ ကုန်သွယ်လုပ်ငန်းခွန် မင်းကြီးက၊ မစိန်ညွှန့်ဆေးပေါ့လိပ်ကုမ္ပဏီသည် ရောင်းခွန်အက်ဥပဒေပုဒ်မ ၁၀ (၃) အရ၊ ရန်ကုန်မြို့၊ ကုန်သွယ်လုပ်ငန်းခွန် ဝန်ထောက်ထံ၌၊ လိုအပ်သည့်အတိုင်း မှတ်ပုံမတင် ပျက်ကွက်ခြင်းမှာ၊ တမင်မှတ်ပုံမတင် ပျက်ကွက်ခြင်းမဟုတ်သော်လည်း၊ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းကို မငြင်းနိုင်ဟူ၍ ယူဆဆုံးဖြတ်ထားသည်ကို ရန်ကုန်မြို့၊ ဘဏ္ဍာခတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) က၊ ပြင်ဆင်မှုတွင်၊ မစိန်ညွှန့်ဆေးပေါ့လိပ်ကုမ္ပဏီသည် ရောင်းခွန်အက်ဥပဒေပုဒ်မ ၈ (၁) အရ၊ ရောင်းခွန်ဌာနတွင်၊ မှတ်ပုံမတင် ပျက်ကွက်ခြင်းမှာ၊ ရောင်းခွန်ဥပဒေပုဒ်မ ၁၀ (၃) အရ၊ တမင် မှတ်ပုံမတင်၊ ပျက်ကွက်ခြင်းဖြစ်သည်ဟု အမှုအကြောင်းခြင်းရာများအပေါ် မှီငြမ်းပြု၍၊ အကျိုးအကြောင်း (**Reasons**) များကို ဖော်ပြပြီး၊ ပြင်ဆင်၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့၏။

သို့ဖြစ်သောကြောင့်၊ မြန်မာနိုင်ငံအမြတ်တော် **အခွန်တော်မင်းကြီးနှင့် အိမ်စီ၊ မဒါးညီအစ်ကိုများ**(၁) စီရင်ထုံးတွင်—

> "In the case now under consideration the Income-tax Appellate Tribunal had given reasons for coming to the conclusion that the accounts submitted by the respondents Messrs. E. C. Madha Brothers are reliable and that these accounts should form the basis of assessment for the year 1957-58. **Without constituting itself as an appellate authority,** this Court cannot consider whether the reasons given by the Income-tax Appellate Tribunal are or are not sound . . . . ."

ဟူ၍ဆုံးဖြတ်သားချက်အရ၊ ဤရုံးသည်၊ အယူခံရုံးမဟုတ်သဖြင့်၊ ရန်ကုန်မြို့၊ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) က၊ မစိန်ညွှန့် ဆေးပေါ့လိပ်ကုမ္ပဏီသည်၊ မှတ်ပုံမတင် ပျက်ကွက်ခြင်းမှာ၊ တမင် မှတ်ပုံမတင် ပျက်ကွက်ခြင်းဖြစ်သည်ဟု ထင်မြင်ယူဆ ဆုံးဖြတ်ရာတွင်၊ ဖော်ပြကားသည့် အကျိုးအကြောင်း (**Reasons**) တို့သည်၊ ခိုင်လုံခြင်းရှိသည် မရှိသည် (**Sound or unsound**) နှင့်ပတ်သက်၍၊ ဝင်ရောက်စွက်ဖက်ဆုံးဖြတ်နိုင်မည်မဟုတ်သည့်ပြင်၊ ဤပြဿနာသည်လည်း၊ ဥပဒေ အချက်

(၁) ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၁၈။

၁၉၆၃

မစိန်ညွန့်ဆေးပေါ့လိပ်ကုမ္ပဏီနှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး။

အလက်ဆိုင်ရာ ပြဿနာ (Question of law) မဟုတ်ဘဲ၊ အမှုအကြောင်းခြင်းရာ ပြဿနာ (Question of fact) သာဖြစ်သဖြင့်၊ ဤပြဿနာကို ဖြေဆိုရန်၊ လိုအပ်မည်မဟုတ်ဟု ထင်မြင်ယူဆ၏။

ဒုတိယဖြေဆိုရန်၊ ပြဿနာမှာ—

"အမှုတွင် ပေါ်လွင်သည့်အကြောင်းခြင်းရာများအရ၊ မစိန်ညွန့်ဆေးပေါ့လိပ်ကုမ္ပဏီ၏ ရောင်းရငွေပေါ်တွင်၊ ရောင်းခွန်စည်းကြပ်ထားခြင်းသည် ၁၉၅၂ ခုနှစ်၊ ရောင်းခွန်နည်းဥပဒေ အပိုဒ် ၂၅ ပြဋ္ဌာန်းချက်အရ၊ စည်းကမ်းသတ်ကျော်လွန်ပါသလား"

ဟူ၍ဖြစ်၏။

၁၉၅၂ ခုနှစ်၊ ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ တွင်—

"Value of Goods Escaping Assessment. **. . . . If for any reason the whole or any part of the sale price or the landed cost of the goods of an *assessee* has *escaped assessment* to the tax in any year the Commercial Tax Officer may, at any time within the year or the two years next succeeding that to which the tax relates, assess the tax payable on the value of goods which has escaped assessment, after issuing a notice in Form S.T. 22 to the assessee and after making such inquiry as he considers necessary. . . . . ."**

ဟူ၍ပြဋ္ဌာန်းထား၏။

ဤအမှုတွင်၊ ကုန်သွယ်လုပ်ငန်းခွန် ဝန်ထောက်က၊ မစိန်ညွန့်ဆေးပေါ့လိပ်ကုမ္ပဏီ၏ (၁၉၅၃-၅၄) ခုနှစ် ရောင်းရငွေအပေါ်တွင်၊ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌၊ ရောင်းခွန်စည်းကြပ်သဖြင့်၊ အကယ်၍ ရောင်းခွန်နည်းဥပဒေ အပိုဒ် ၂၅ ပါ၊ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခဲ့လျှင် သာမန် (Ordinarily) အားဖြင့်၊ အဆိုပါ ရောင်းခွန်စည်းကြပ်ထားခြင်းသည် စည်းကမ်းသတ် ကျော်လွန်မည်ဖြစ်၏။

ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ နှင့် အကျုံးဝင် သက်ဆိုင်ရန်၊ ကုန်ထုတ်လုပ်သူသို့မဟုတ် ပြုလုပ်သူသည်—

(၁) အခွန်စည်းကြပ်ခြင်းခံရသူ (Assessee) ဖြစ်ရမည့်အပြင်။

(၂) ၎င်း၏ကုန်ပစ္စည်း ရောင်းရငွေ၊ သို့မဟုတ် ကုန်းပေါ်ရောက်တန်ဘိုးငွေသည်၊ အခွန် စည်းကြပ်ခြင်းမှ မစည်းကြပ်မိဘဲ၊ လွတ်မြောက် (Escaped assessment) ရမည်ဖြစ်၏။

ခရောင်းခွန်နည်းဥပဒေ စီစဉ်ပြုလုပ်ထားပုံကို၊ လေ့လာသည့်အခါ၊ အခန်း (၃) တွင်၊ ကုန်ထုတ်လုပ်သူ၊ သို့မဟုတ် ပြုလုပ်သူတို့သည် ကုန်သွယ်လုပ်ငန်းခွန် ဝန်ထောက်ထံ၌၊ မှတ်ပုံတင်ရန်၊ အခန်း (၆) တွင်၊ ကုန်သွယ်လုပ်ငန်းခွန် ဝန်ထောက်က၊ မှတ်ပုံတင်ကုန်ထုတ်လုပ်သူ၊ သို့မဟုတ် ပြုလုပ်သူတို့မှတပါး၊ အခြားကုန်ထုတ်လုပ်သူ၊ သို့မဟုတ် ပြုလုပ်သူတို့အား၊ အစီရင်ခံစာရင်း (**Returns**) ကို တင်ပြရန်အတွက်၊ အကြောင်းကြားနို့ တစ်စာပေးရန်၊ အခန်း (၉) တွင်၊ အခွန်စည်းကြပ်ရန်နှင့် မည်သို့တောင်းခံရန်၊ အသီးသီးပြဋ္ဌာန်းထားသဖြင့်၊ အခန်း (၁၃) နည်းဥပဒေအပိုဒ် ၂၅ ပြဋ္ဌာန်းချက်သည် အခွန်စည်းကြပ်ခြင်းခံရသူ၏ ကုန်ပစ္စည်းရောင်းရငွေ၊ သို့မဟုတ် ကုန်းပေါ်ရောက်တန်ဘိုးငွေအပေါ်၊ အခွန်စည်းကြပ်ခြင်းမှ မစည်းကြပ်မိဘဲ၊ ကျန်ရှိလွတ်မြောက်ခြင်းနှင့်ဆာ သက်ဆိုင်ကြောင်းကို တွေ့ရ၏။

ဤရုံးက ၁၉၆၂ ခုနှစ်၊ တရားမအယူထွေထွေ လျှောက်လွှာအမှတ် ၁၂ တွင်—

> "ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ ကို လေ့လာမှု၊ ဝင်းနည်းဥပဒေမှာ၊ ရောင်းခွန်စည်းကြပ်ရာတွင်၊ အစိုက်အတန်မတွေ့ဘဲ၊ မတော်တဆ ကျန်ရစ်ခဲ့သည့် ကုန်ပစ္စည်းများ (**Value of goods escaping assessment**) နှင့်ဆာ သက်ဆိုင်ပြီး၊ ယခုအမှုမှာကဲ့သို့၊ မူလစည်းကြပ်ခြင်းနှင့် မပတ်သက်ကြောင်းမှာ၊ နည်းဥပဒေခေါင်းစဉ်တွင်၊ ရည်ညွှန်းချက်အရ၊ ထင်ရှားပေသည်။"

ဟူ၍ ဆုံးဖြတ်ထား၏။

လျှောက်ထားသူ မစိန်ညွန့်ဆေးပေါ်လိပ်ကုမ္ပဏီ၏ ပညာရှိဒွေနေကြီးက၊ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၄ ပြဋ္ဌာန်းချက်ဆိုလိုရင်း အဓိပ္ပါယ်နှင့် ပတ်သက်၍၊ လေ့လာရန်တင်ပြသော၊ **အမိဆင်းရှာဆင်း** နှင့် **အမြတ်တော်ခွန်မင်းကြီး** (၂) စီရင်ထုံးတွင်—

> "There is no justification for confining of the word 'escape' in section 34 of the Indian Income-tax Act to those cases only which have not come to the notice of the Income-tax Officer at all and excluding those cases where he has applied his mind but on account of an error of judgment has set any part of the income free from assessment. The section **is wide enough to include any case of non-assessment,** to whatever cause it may be due. . . . . ."

ဟူ၍ ရှင်းလင်းဖော်ပြထား၏။

၁၉၆၃

မစိန်ညွန့်ဆေးပေါ်လိပ်ကုမ္ပဏီနှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး။

---

(2) (1935) III Income-tax Reports, 171.

၁၉၆၃

မစိန်ညွန့်
ဆေးပေါ်လိပ်
ကုမ္ပဏီ
နှင့်
ကုန်သွယ်
လုပ်ငန်းခွန်
မင်းကြီး။

ဗဒန်မိုဟန်လာ(လ်) နှင့် အမြတ်တော်ခွန်မင်းကြီး (၃) စီရင်ထုံးတွင်လည်း—

"*Held.* by the Full Bench (Dalip Singh. J., dissenting): that section 34 of the Act is not confined to cases where income had not been returned at all; it applies also to cases where an item of income is included in the return made by the assessee but is left unassessed by the Income-tax Officer or if assessed in the first instance the assessment is cancelled by any appellate or revisional authority; the income in question had escaped assessment within the meaning of section 34 and the assessee was rightly assessed under section 34 on this income.

Per Dalip Singh, J., (*contra*):—The word 'Escaped' in section 34 should not be read in the widest sense that that word is capable of bearing. It means 'eluded notice' in the course of assessment and does not mean 'had avoided being assessed' and the expression 'had escaped assessment' is not equivalent to 'has not been assessed'. In order to escape assessment the income must avoid both calculation and charging and there is no distinction between mistakes of fact and mistakes of law on the part of the Income-tax Officer . . . . ."

ဟူ၍ ရှင်းလင်းဖော်ပြထား၏။

သို့သော်၊ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၄ တွင်—

"If for any reason, income, profits or gains chargeable to income-tax has *escaped assessment* in any year or has been assessed at too low a rate, the Income-tax Officer may, at any time, within one year of . . . . ."

ဟူ၍ ပြဋ္ဌာန်းထားသည်ကို၊ ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ ပြဋ္ဌာန်းထားချက်နှင့် နှိုင်းယှဉ်၍ ဘတ်ရှလေ့လာလျှင်၊ ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ တွင်၊ အခွန်စည်းကြပ်ခြင်းခံရသူ (Assessee) ဆိုသော စကားလုံးကို ထည့်သွင်းထား၍၊ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၄ တွင်၊ အခွန်စည်းကြပ်ခြင်းခံရသူ (Assessee) ဆိုသော စကားလုံး ထည့်သွင်းမထားသည်ကို တွေ့ရမည်ဖြစ်၏။

ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ တွင်၊ အခွန်စည်းကြပ်ခြင်းခံရသူ (Assessee) ဆိုသော စကားလုံးကို ထည့်သွင်းထားသဖြင့်၊ အခွန်မစည်းကြပ်မိဘဲ၊ လွတ်မြောက်ခြင်း၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ၊ အခွန်စည်းကြပ်ခြင်းခံရသူ၏ ရောင်းရငွေ၊ သို့မဟုတ်

(3) (1935) III Income-tax Reports, 438.

၁၉၆၃

မစိန်ညွှန့်ဆေးပေါ့လိပ်ကုမ္ပဏီနှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး။

ကုန်းပေါ်ရောက် တန်ဘိုးငွေအပေါ် အခွန်စည်းကြပ်ရာတွင်၊ မစည်းကြပ်မိဘဲ၊ ကျန်ရှိလွတ်မြောက်သော ငွေဟူ၍ဖြစ်၏။

အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၄ တွင်၊ အခွန်စည်းကြပ်ခြင်းခံရသူ (Assessee) ဆိုသော စကားလုံးကို ထည့်သွင်းမထားသဖြင့်၊ အခွန်မစည်းကြပ်မိဘဲ၊ လွတ်မြောက်ခြင်း၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ၊ အမြတ်တော်ခွန် စည်းကြပ်ရန်ဖြစ်သော ဝင်ငွေ၊ သို့မဟုတ် အမြတ်ငွေအပေါ်၊ အခွန်စည်းကြပ်ရာတွင်၊ မစည်းကြပ်မိဘဲ၊ ကျန်ရှိလွတ်မြောက်သောဝင်ငွေ၊ သို့မဟုတ် အမြတ်ငွေဟူ၍ဖြစ်၏။

ထို့ကြောင့်၊ ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ နှင့် အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၄ တွင်၊ ထည့်သွင်းထားသော "(Has escaped assessment)" ဆိုသော စကားလုံးတို့၏ အဓိပ္ပါယ် သဘောခြင်းတူမည်ဖြစ်သော်လည်း၊ ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ အရ၊ အခွန်စည်းကြပ်သည့်အခါ၊ ယခင်တခါမျှ အခွန်မစည်းကြပ်ရသေးသော ကုန်ထုတ်လုပ်သူ၊ သို့မဟုတ် ပြုလုပ်သူတို့၏ ရောင်းရငွေ၊ သို့မဟုတ် ကုန်းပေါ်ရောက်တန်ဘိုးငွေ အပေါ်တွင်၊ အခွန်မစည်းကြပ်ဘဲ၊ အခွန်စည်းကြပ်ခြင်းခံရသော၊ ကုန်ထုတ်လုပ်သူ၊ သို့မဟုတ် ပြုလုပ်သူ၏ ရောင်းရငွေ၊ သို့မဟုတ် ကုန်းပေါ်ရောက်တန်ဘိုးငွေအပေါ် အခွန် စည်းကြပ်ရာတွင်၊ မစည်းကြပ်မိဘဲ၊ ကျန်ရှိလွတ်မြောက်သောငွေအပေါ်တွင်သာ အခွန်စည်းကြပ်မည်ဖြစ်၏။ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၄ အရ၊ အခွန်စည်းကြပ်သည့်အခါ၊ ယခင်တခါမျှ အခွန်မစည်းကြပ်ရသေးသောသူ၏ ဝင်ငွေ၊ သို့မဟုတ် အမြတ်ငွေအပေါ်တွင်သော်ငင်း၊ အခွန်စည်းကြပ်ရာတွင်၊ မစည်းကြပ်မိဘဲ၊ ကျန်ရှိလွတ်မြောက်သောသူ၏ဝင်ငွေ၊ သို့မဟုတ် အမြတ်ငွေအပေါ်တွင်သော်ငင်း၊ အခွန်စည်းကြပ်မည်ဖြစ်၏။ ဘော်ပြခဲ့သည့် **အမိဆင်းရှာဆင်း** နှင့် **အမြတ်တော်ခွန်မင်းကြီး** (၂) စီရင်ထုံး၊ **မဒန်မိုဟန်လာ**(လ်) နှင့် **အမြတ်တော်ခွန်မင်းကြီး** (၃) စီရင်ထုံးတို့တွင်၊ အခွန်စည်းကြပ်ခြင်းခံရသူ၏ ဝင်ငွေအပေါ်၊ အခွန်စည်းကြပ်ရာတွင်၊ မစည်းကြပ်မိဘဲ၊ ကျန်ရှိလွတ်မြောက်သော ဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်ခြင်းနှင့် ပတ်သက်၍၊ ဆုံးဖြတ်ထားခြင်းဖြစ်၏။

ဤအမှုတွင်၊ မစိန်ညွှန့်ဆေးပေါ့လိပ်ကုမ္ပဏီသည် ရောင်းခွန်အက်ဥပဒေပုဒ်မ ၈ (၁) အရ၊ ကုန်သွယ်လုပ်ငန်းခွန် ဝန်ထောက်ထံ၌၊ မှတ်ပုံတင်၊ တမင် ပျက်ကွက်သည့်ပြင် ၎င်းအက်ဥပဒေပုဒ်မ ၁၀ (၁) အရလည်း၊ ကုန်သွယ်လုပ်ငန်းခွန် ဝန်ထောက်ထံသို့၊ အစီရင်ခံစာရင်းကို တင်ပြခြင်းမပြုခဲ့သဖြင့်၊ ကုန်သွယ်လုပ်ငန်းခွန် ဝန်ထောက်က၊ ၎င်း၏ရောင်းရငွေအပေါ်တွင်၊ မည်သည့်အခါကမျှ အခွန်စည်းကြပ်ခြင်း မပြုခဲ့ရသေးသည့်အတွက်၊ ၎င်းသည် အခွန်စည်းကြပ်ခြင်း ခံရသူမျှ မဟုတ်သည့်ပြင်၊ ၎င်း၏ ကုန်ပစ္စည်း ရောင်းရငွေသည် အခွန်စည်းကြပ်ခြင်းမှ၊ နှစ်ပေါင်းအတန်ကြာ အခွန်

၁၉၆၃
မစိန်ညွှန့်
ဆေးပေါ်လိပ်
ကုမ္ပဏီနှင့်
ကုန်သယ်
လုပ်ငန်းခွန်
မင်းကြီး။

မစည်းကြပ်မိဘဲ၊ ကျန်ရှိလွတ်မြောက်ခဲ့သဖြင့်၊ ရန်ကုန်မြို့ အရှေ့ပိုင်းတိုက်နယ်၊ ကုန်သယ်လုပ်ငန်းခွန် ဝန်ထောက်က၊ ၎င်း၏ရောင်းရငွေအပေါ်၊ အခွန်စည်းကြပ်ရာတွင်၊ ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ အရ၊ အခွန်မစည်းကြပ်ဘဲ၊ ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၁၀ (၃) အရ၊ အခွန်စည်းကြပ်ခြင်း ပြုသည့်အတွက်၊ ရောင်းခွန်နည်းဥပဒေ အပိုဒ် ၂၅ တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်နှင့် သက်ဆိုင်ခြင်းမရှိဟု ကျွန်ုပ်တို့ ထင်မြင်ယူဆ ဆုံးဖြတ်သည်။

အထက်၌ ဖော်ပြခဲ့သည့် အရင်းကြောင်းမျှားကြောင့်၊ လျှောက်ထားသူ မစိန်ညွှန့် ဆေးပေါ်လိပ် ကုမ္ပဏီ၏ ကုန်ပစ္စည်း ရောင်းရငွေအပေါ်တွင်၊ ရောင်းခွန်စည်းကြပ်ထားခြင်းသည် ၁၉၅၂ ခုနှစ်၊ ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၅ ပြဋ္ဌာန်းချက်အရ၊ စည်းကမ်းသတ်ကျော်လွန်ခြင်းမဖြစ်ဟု၊ ကျွန်ုပ်သို့ လုံအပ်တင်ပို့သည့် ဒုတိယ ပြဿနာကို ဖြေဆိုလိုက်သည်။

လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ တရားစရိတ်ကို ကျခံရမည်ဖြစ်၏။ ရှေ့နေကြီးခ မှာ ရှေ့ဒင်္ဂါးပြားရေ ၂၀ ဖြစ်စေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးရှေ့တွင်။

မောင်မြင့်ဦး (အယူခံတရားလို)

နှင့်

မောင်ထွန်းကြိုင် (အယူခံတရားခံ) *

၁၉၆၃ ခုနှစ်၊ ဇွန်လ ၄ ရက်။

လိုင်စင် အစိုးရမြေ လိုင်စင်ရရန် မြန်မာနိုင်ငံသားဖြစ်ရန် မလိုခြင်း၊ လိုင်စင်နှင့် ဂရုံကွဲပြားခြင်း ပစ္စည်းလွှဲပြောင်းရေး (ကန့်သတ်ချက်) အက်ဥပဒေ။ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာ မြေများ အက်ဥပဒေ ပုဒ်မ ၄၁။

တရားလိုသည် အစိုးရထံမှ မြေလိုင်စင် ရရှိသည်ဖြစ်၍၊ တရားခံအား ထိုမြေပေါ်မှ ဖယ်ရှားရန် တရားစွဲဆိုရာ၊ တရားလိုသည် နိုင်ငံသားမဖြစ်သဖြင့် လိုင်စင် မရထိုက်ဟု ထုချေခဲ့ရာ။

ခဲ့ဆုံးဖြတ်ချက်။ ။မြေငှါးဂရုံခံယူခြင်းနှင့် လိုင်စင် ခံယူခြင်းမှာ ခြားနားသည်ကို သတိပြုရပေမည်။ ဂရုံယူခြင်းသည် ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေတွင် ပါဝင်သော်လည်း လိုင်စင်ယူခြင်းသည် ၎င်းဥပဒေတွင် ပါဝင်ခြင်းမရှိ။

ထို့ပြင် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာ မြေများ အက်ဥပဒေ ပုဒ်မ ၄၁ အရလည်း အမှုကို စွဲဆိုနိုင်သည်။

ဟာကင်အမ်၊ အေရာဟင်နှင့် သံလျင်မြို့၊ နယ်ပိုင် တရားမ တရားသူကြီး ပါ ၃၊ ၁၉၅၄ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာ ၁ နှင့် မောင်ကြွယ်နှင့် အရှာမီတို့၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော် စာမျက်နှာ ၃၂၃ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးစိန်ဟုတ်။

အယူခံတရားခံ။ ။ဦးထွန်းလွင် (၃)။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုပါ အကြောင်းခြင်းရာများကို အောက်ရုံးစီရင်ချက်များတွင် အသေးစိတ်ဖော်ပြပြီး ဖြစ်သဖြင့်၊ ထပ်လောင်း၍ အသေးစိတ် ဖော်ပြရန် မလိုတော့ပေ။ ၁၉၆၀ ခုနှစ်တွင်၊ အယူခံ တရားခံ မောင်ထွန်းကြိုင်သည်၊ မော်လမြိုင်ကျန်းမြို့ရှိ အခင်းဖြစ်မြေကွက်၌ နေထိုင်ရန်အတွက် အစိုးရထံမှ လိုင်စင်

---

* ၁၉၆၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမူအမှတ် ၇၇။

† ၁၉၆၁ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၄ တွင် အစ်ကြင်းပြီးနှိုး၊ ရာတောင်ဝိုင်းတရားသူကြီး ဦးအောင်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃
မောင်မြင့်ဦး
နှင့်
မောင်
ထွန်းကြိုင်။

ရရှိပြီး၊ ထိုမြေကွက်ပေါ်တွင် နေထိုင်သော အဟူခံတရားလို မောင်မြင့်ဦးအား အိမ်ကို ဖျက်ပြီး ထွက်ခွါဖယ်ရှားပေးရန် တရားစွဲဆိုလေသည်။ မောင်မြင့်ဦးက၊ ထိုမြေသည် အစိုးရမြေဖြစ်ကြောင်း မငြင်းဆိုချေ။ သို့သော်၊ ထိုမြေပေါ်၌ မိမိ၏ ဘိုးဘွား လက်ထက်မှစ၍ အခွန်ထမ်းဆောင်ပြီး နေခဲ့ကြသဖြင့်၊ မောင်ထွန်းကြိုင် မရထိုက် ကြောင်း စသည်ဖြင့် ထုချေ၏။ အောက်ရုံးနှစ်ရုံးက၊ မောင်ထွန်းကြိုင်အား အနိုင်ပေး လိုက်သဖြင့်၊ မောင်မြင့်ဦး ဒုတိယအကြိမ် အယူခံဝင်ခြင်းဖြစ်သည်။

ဤရုံးရှေ့မှောက်၌၊ မောင်မြင့်ဦး၏ ပညာရှိ ရှေ့နေကြီး လျှောက်လဲသည်မှာ၊ မောင်ထွန်းကြိုင်သည်၊ လိုင်စင်ရရှိရန် လျှောက်ထားစဉ်က၊ ပြည်ထောင်စုမြန်မာနိုင်ငံ သားမဖြစ်သဖြင့်၊ လိုင်စင်မရထိုက်ပါဟု ပစ္စည်းလွှဲပြောင်းရေး (ကန့်သတ်ချက်) အက် ဥပဒေကို ကိုးကား၍ လျှောက်ထား၏။ သို့သော်၊ မောင်ထွန်းကြိုင်သည်၊ အစိုးရထံမှ မြေငှါးရမ်းခံယူခဲ့ခြင်းမဟုတ်။ အခင်းဖြစ်မြေပေါ်တွင်၊ နေထိုင်ရန် လိုင်စင်ခံယူခဲ့ခြင်း သာဖြစ်သည်။ မြေငှါးရမ်းခံယူခြင်းနှင့် လိုင်စင်ခံယူခြင်းမှာ ခြားနားသည်ကို သတိပြုရ ပေမည်။ မြေငှါးရမ်းခံယူရာ၌၊ ခံယူသူသည်၊ မြေငှါးအခွင့်အရေးများကို လွှဲပြောင်း ခံယူသည်ဖြစ်ရကား၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေအရ ပစ္စည်းလွှဲပြောင်းခြင်း ရှိပေသည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေအရဆိုလျှင်၊ အငှါးဝယ်းအပ်ခံယူခြင်း သည်၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေတွင် အကျုံးဝင်ကြောင်းနှင့် အတိအလင်း ပြဋ္ဌာန်းထားလေသည်။ ထိုအက်ဥပဒေပုဒ်မ ၅ ၌၊ အောက်ပါအတိုင်း ပြဋ္ဌာန်းထား လေသည်။

> "5. In the following sections 'transfer of property' means an act by which a living person conveys property, in present or in future, to one or more other living persons, or to himself, or to himself and one or more other living persons; and 'to transfer property' is to perform such act."

လိုင်စင်ပေးအပ်ခံယူခြင်း ကိစ္စနှင့် စပ်လျဉ်း၍ကား၊ ပစ္စည်းလွှဲပြောင်းရေး အက် ဥပဒေတွင် ပါဝင်သည်ဟု ပြဋ္ဌာန်းချက်မရှိချေ။ အမှန်အားဖြင့်ဆိုသော်၊ လိုင်စင် ပေးအပ်ခံယူရာ၌၊ မြေငှါး၊ အိမ်ငှါးအခွင့်အရေးကို လွှဲပြောင်းခြင်း ပြုသည်မဟု၊ ခံယူ သူအား နေထိုင်ခွင့်ပေးခြင်းမျှသာဖြစ်သည်။

ထို့ပြင်လည်း၊ ယခုလိုင်စင်ရသည့်မှာ၊ ၁၉၆၀ ခုနှစ်တွင် ဖြစ်သဖြင့်၊ အကယ်၍ ယခုကိစ္စပစ္စည်းလွှဲပြောင်းရေး (ကန့်သတ်ချက်) အက်ဥပဒေတွင် အကျုံးဝင်သည် ဆိုနိုင်စေထားဘိခြီး၊ မူလကပင် ပျက်ပြယ်သည်ဟု မဆိုနိုင်ပေ။ မောင်ထွန်းကြိုင် အပေါ်၊ ထိုအက်ဥပဒေအရ တရားစွဲဆို၍၊ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပြီးနောက်မှ

သာလျှင်၊ ပယ်ဖျက်ရမည်ဖြစ်သည်။ ဟာကင် အမ်၊ နေ၊ ထုဟင် နှင့် သံလျင်မြို့၊ နယ်ပိုင်တရားမ တရားသူကြီးပါ ၃ အမှု (၁) ကိုကြည့်ပါ။

ဒုတိယ ငြင်းချက်အားဖြင့် တင်ပြသည်မှာ၊ အောက်ပြန်မကြည် မြို့နှင့် ကျေးရွာ မြေများ အက်ဥပဒေပုဒ်မ ၄၁ အရ၊ ဤအမှုကို တရားရုံးတွင် မစွဲဆိုနိုင်ကြောင်းဖြစ်သည်။ ထိုပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ခရိုင်၃ မောင်ဖြူဦး နှင့် မောင်ထွန်းကြိုင်။

"41. No Civil Court shall have jurisdiction to determine—

(*a*) any matter which, under this Act, is to be determined by the Revenue-officer;

(*b*) any claim to any right over land as against the Government."

ဤအမှုဌ အခင်းဖြစ်မြေပေါ်တွင် နေထိုင်ခွင့်ရသူက၊ ယင်းသို့ အခွင့်မရှိသူအား မြေမှထွက်ခွါဖယ်ရှားပေးရန် စွဲဆိုခြင်းဖြစ်သည်။ ထိုကိစ္စမျိုးကို အခွန်တော်အရာရှိ စစ်ဆေးဆုံးဖြတ်နိုင်သည်ဟု အဆိုပါ အက်ဥပဒေတွင် ပြဋ္ဌာန်းချက် မရှိခေ့။ ထိုမှတပါး လည်း၊ ထိုပုဒ်မ ၄၁ (ခ) တွင်၊ အစိုးရနှင့် ဆန့်ကျင်ပြီး၊ မြေအခွင့်အရေးနှင့် ပတ်သက်၍ အခေးဆိုမှုသာသျှင်၊ တရားရုံးများ စစ်ဆေးခွင့်မရှိပေ။ မောင်ကြွယ်နှင့် အရှာမိတို့ အမှု(၂) တွင် အစိုးရမြေပေါ်တွင် နေထိုင်ခွင့်ရသူက၊ အခွင့်မရှိဘဲ မြေပေါ်တွင် နေထိုင်သူအား၊ တရားရုံးတွင် ထွက်ခွါဖယ်ရှားစေလိုမှု စွဲဆိုနိုင်ကြောင်း အဆုံးအဖြတ်ပြုခဲ့လေသည်။

ငင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့်၊ အယူခံကို စရိတ်နှင့် ပယ်လိုက်သည်။ ဤရုံးဌေနေစမှာ ငွေ ၅၀ ဖြစ်စေရမည်။

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်အပြစ်၊ စာ ၈။

(၂) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ ၃၂၅။

တရားမအထွေထွေမှု

တရားသူကြီး၊ ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးစံမောင်ရွှေတွင် ။

† ၁၉၆၃ ဒုနှစ် ဧပြီလ ၂၆ ရက်။

ရွှမ်းဗမာကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ (လျှောက်ထားသူ)

နှင့်

မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီး ၄ (လျှောက်ထားခံရသူ)*

လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ပင်လယ်ရေကြောင်း အကောက်တော် ဥပဒေအရ ဒဏ်ငွေပေးဆောင်ရန် အမိန့် အကျုံးဝင်မဝင် ။

လျှောက်ထားသူ ကုမ္ပဏီသည်၊ ဝယ်တ်ဘတ် ယာဉ်များကို ကုန်တင်ကားများအဖြစ် တင်သွင်းလာရာ၊ အကောက်တော် ဌာနက ထိုယာဉ်များသည် စတေရှင်ဝက်ဂင်များဖြစ်သည်ဟု ယူဆပြီး လျှင်၊ ပင်လယ်ရေကြောင်း အကောက်တော် ဥပဒေအရ တိုက်ရိုက်ဒဏ်ငွေရိုက်ခဲ့လေသည် ။

နောက်ဆုံး တရားရုံးချုပ်သို့ အမှုခေါ်စာချွန်တော် အတွက် လျှောက်ထားရာတွင်၊ အမှုမှာ တော်လှန်ရေးကောင်စီ၏ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် ၁၊ အပိုဒ်ခွဲ (၁)တွင် အကျုံးဝင်နေခြင်းကြောင့် လွှတ်ငြိမ်းချမ်းသာခွင့် ရထိုက်ကြောင်း၊ လျှောက်ထားလေသည် ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူတို့ ကျူးလွန်ခဲ့ခြင်းမှာ၊ ရာဇဝတ်ပြစ်မှု ကျူးလွန် ခြင်းဖြစ်သည်ဟု ယူဆနိုင်စေကာမူ၊ လွှတ်ငြိမ်းချမ်းသာခွင့်အပိုဒ် ၆ နှင့်သက်ဆိုင်လျက် ရှိကြောင်းတွေ့ရှိရသည် ။ အဆိုပါအပိုဒ် ၆ တွင်၊ "ရာဇဝတ်ပြစ်မှု" ဆိုသည့်စကားရပ်၌၊ အခွန်အကောက်ကိုမပေးဘဲ တိမ်းရှောင်နေခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုများ မပါဝင်ချေ၊ ထို့ကြောင့် လွှတ်ငြိမ်းချမ်းသာခွင့် ရထိုက်သည်ဟု မယူဆနိုင် ။

မည်သို့ပင်ဖြစ်စေ၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အတွင်း၊ သက်ရောက်သည် မသက်ရောက်သည် ဟူသောပြဿနာကို အမှုခေါ် စာချွန်တော် ထုတ်ဆင့်ရေးနှင့် လုံးဝမသက်ဆိုင်ဟု ယူဆသည် ။

လျှောက်ထားသူ အတွက်။ ။ဦးကျော်မြင့်နှင့် ဦးကျော်မင်း ။

လျှောက်ထားခံရသူ အတွက်။ ။ဦးသုမောင် ။

တရားသူကြီး ဦးစံမောင်။ ။ဤအမှုတွင် လျှောက်ထားသူ ရွှမ်းဗမာ ကူး သန်းရောင်းဝယ်ရေး ကုမ္ပဏီက တော်လှန်ရေး အစိုးရဘဏ္ဍာရေးနှင့် အခွန်တော်တာဝန် ခံက ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ဖြင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဌာန၏ ပြင်

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၀ ။

† အမှုခေါ်စာချွန်တော်-အမိန့်ထုတ်ဆင့်ရန် လျှောက်ထားသော လျှောက်လွှာ ။

ဆင်မှု အမှတ် ၃၁ ၇ ဘက ၆၁ (၆၆၀) တွင် ချမှတ်သောအမိန့်ကို အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားလေသည်။ အမှု အဖြစ် အပျက်အတိုချုပ် မှာကား အောက်ပါ အတိုင်း ဖြစ်သည်။

၁၉၆၃

ရွှမ်းဗမာ ကူးသန်းရောင်း ဝယ်ရေးကုမ္ပဏီ နှင့် မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီး ပါ ၄။

လျှောက်ထားသူ ကုမ္ပဏီ၏ အုပ်ချုပ်သူ ဦးဖေဝင်း ကျမ်းကျိန်စာ အရ၊ မြစိန် ကုမ္ပဏီ လီမိတက်သည်၊ ဝပ်(တ်) ဘတ် အမျိုးအစား (ဒီလစ်ဗရီဗင်များ) ကို ဂျာမန် ဒီမိုကရက်တစ် ရီပတ်ဗလစ် နိုင်ငံမှ မှာသွင်းခဲ့ရာ၊ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင်၊ မွန်ဘားဆား အမည်ရှိသော သင်္ဘောဖြင့် ထိုယာဉ်များရောက်လာ ကြောင်း။ ထိုယာဉ်များကို အကောက်တော်ဌာနက၊ ကုန်ပို့ယာဉ်များ အဖြစ်လက်ခံ ခဲ့သည်ကို မိမိတို့ သိရှိရကြောင်း။ ထို့ကြောင့် မိမိတို့ကလည်းအလားတူ ကုန်ပို့ယာဉ် များ တင်သွင်းရန် ဆုံးဖြတ်ပြီး၊ ဝပ်(တ်) ဘတ် ဒီလစ်ဗရီဗင် ၄၅ စင်းကို၊ နိုင်ငံဘော် ကူးသန်းရောင်းဝယ်ရေး ဘဏ်မှ တဆင့်၊ ဆိပ်ကမ်းရောက် တန်ဘိုး ဖြစ်သော စတာလင်ပေါင် ၂၂,၂၇၅ ကို ပို့၍ မှာယူခဲ့ကြောင်း။ ထိုနောက် ဒီလစ် ဗရီဗင်များ ရောင်းချနိုင်ကြောင်းကို၊ အင်္ဂလိပ်နှင့် မြန်မာ သတင်းစာများတွင် မက၊ တချုပ် သတင်းစာတွင်လည်း အနှံ့အပြား ကြော်ငြာခဲ့ကြောင်း။ မိမိတို့ မှာယူ သော မော်တော်ယာဉ် ၄၅ စီးသည်၊ ရန်ကုန်မြို့သို့ ၁၉၅၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့ တွင်၊ ကိုက်ဖယ်(လ်စ်) အမည်ရှိသော သင်္ဘောနှင့်ရောက်ရှိလာရာ၊ သက်ဆိုင်ရာ ကုန်သွင်း စာချင်းများကို မိမိတို့သည် အကောက်တော် ဌာနသို့၊ ၁၉၅၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ တင်သွင်းခဲ့ကြောင်း။ ယင်းသို့ တင်သွင်းသော်လည်း၊ အကောက်တော်ဌာန အရာရှိက အဆိုပါ မော်တော်ယာဉ်များသည်၊ ဒီလစ် ဗရီဗင် (ခေါ်) ကုန်ပို့ယာဉ်များ မဟုတ်ဘဲ၊ ကုန်ရော လူပါ တင်ဆောင် နိုင်သည့် စတေရှင် ဝက်ဂင် ကားများ ဖြစ်သည်ဟု ယူဆပြီးလျှင်၊ မိမိတို့အား ထိုယာဉ်များကို ထုတ် မပေးခဲ့ကြောင်း။ ထိုနောက် မိမိတို့ထံမှ ထုခြေချက်ကို အကောက်တော် မင်းကြီးက တောင်းယူပြီးလျှင်၊ ထိုသုခြေချက်များပါ စကားရပ်များကို၊ တွဲဘက် အကောက် တော် မင်းကြီးက လက်မခံဘဲ၊ မိမိတို့ အပေါ်၌ တိုက်ရိုက် ဒဏ်ငွေ ကျပ် ၂,၉၇,၀၀၀ ရိုက်သိုက်သည့် အပြင်၊ ကားတစီးကို အစိုးရ ဘဏ္ဍာတော် အဖြစ် အပြီးအပိုင် သိမ်း ဆည်း ယူသိုက်ကြောင်း။ ထို့ပြင် ကျန်ကား ၄၄ စီးနှင့် အပို မော်တော်ယာဉ် အစိတ် အပိုင်းများကို အစိုးရထံမှ ရွေးယူလိုပါက၊ ရွေးယူခွင့် ဒဏ်ငွေ ကျပ် ၄,၈၇,၀၀၀ နှင့် လျော်နည်းသော အခွန်တော်များကို ပေးဆောင်ရမည်ဟု အမိန့် ချမှတ်လိုက် ကြောင်း။ တွဲဘက် အကောက်တော် မင်းကြီး၏ အမိန့်ကို မကျေနပ်သဖြင့်၊ အကောက် တော်မင်းကြီးထံသို့ အယူခံရာ၊ အကောက်တော် မင်းကြီးက၊ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၁ ရက်နေ့စွဲပါ အမိန့် အမှတ် ၁-အယ/၅၉ (၁၇၂) အရ၊ ရွေးယူခွင့် ဒဏ်ငွေ

ဘဏ်ရှေ့

နွယ်ဖေ၊ ကူးသန်းရောင်း ဝယ်ရေးကုမ္ပဏီ နှင့် မြန်မာဘဏ်ခြင်း တော်ဝင်ရုံးရေး အမှုဆိုရာ၊ ဘဏ္ဍာခေါင်းနှင့် အရပ်တော် ရန်ကြီး ပါ ၄။

ကျပ်ငွေ ၈၀၀ ကို ကျပ် ၃,၀၄,၀၀၀ သို့ လျှော့ချလိုက်ကြောင်း။ မော်တော်ယာဉ် တစီးကို အစိုးရ ဘဏ္ဍာခေတာ် အပြစ် သိမ်းဆည်းခြင်းကိုလည်း ပယ်ဖျက်လိုက်ကြောင်း။ ကျန်ရှိသော တွဲဘက် အကောက်တော် မင်းကြီး အမိန့်၌ ပါရှိသော အခြား ခွဖတ် ချက်များကို မူအား အတည်ပြုလိုက်ကြောင်း။ မိမိတို့သည်၊ အကောက်တော် မင်းကြီး ၏ အမိန့်ကိုမကျေနပ်၍၊ ဘဏ္ဍာတော် မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ဆံသို့ ပြင်ဆင်မှု တင်သွင်းခဲ့ရာ၊ ဘဏ္ဍာတော် မင်းကြီးက ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် နေ့စွဲပါအမိန့် အမှတ် ၁၉၆၀၊ ပြင်ဆင်မှု အမှတ် ၄ ဘက-၂၀ တွင် တိုက်ရိုက် ဒဏ် ငွေကိုငွေ ကျပ် ၁,၀၀,၀၀၀ (ကျပ်တသိန်း) သို့ လျှော့ပြီးလျှင်လည်းကောင်း၊ ဒဏ်ငွေကို ဖစ္စည်းများ၏ ဆိပ်ကမ်းရောက်တန်ဘိုးနှင့် ညီမျှသော ငွေသို့ လျှော့ချပြင်ကြောင်း။ လျှော့နည်းသော အခွန်တော်များနှင့် ပတ်သက်၍ မူကား၊ ဗောက်ဂိုး၏ အမိန့် များကို အထည် ပြုလိုက်ကြောင်း။

ဘဏ္ဍာခေတော်မင်းကြီး၏ အမိန့်ကို မိမိတို့ မကျေနပ်၍၊ တော်လှန်ရေး အစိုးရ ဘဏ္ဍာဌာနနှင့် အခွန်တော်ဌာန တာဝန်ခံသို့ ပြင်ဆင်မှု တင်သွင်းရာဝယ်၊ အဆိုပါ ဘဏ္ဍာဌာနနှင့် အခွန်တော် ဌာနတာဝန်ခံက၊ အကောက်တော် မင်းကြီးနှင့် ဘဏ္ဍာ တော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) တို့၏ အမိန့်များကို ပယ်ဖျက်ပြီးလျှင် ကားတစီးကို အစိုးရဘဏ္ဍာတော် အပြစ် သိမ်းဆည်းသည်မှ အပ၊ အခြားသော တွဲဘက် အကောက်တော်မင်းကြီး၏ အမိန့်များကို အတည် ပြုလိုက်ကြောင်း။ ထို့ကြောင့် ဘဏ္ဍာဌာနနှင့် အခွန်တော်ဌာန တာဝန်ခံ၏ အမိန့်ကို အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးပါရန်၊ ကျိုးသို့ လျောက်ထားကြခြင်း ဖြစ်ကြောင်း ဖော်ပြ ထားသည်။

စွဲသက် အကောက်တော် မင်းကြီး၏ အမိန့်တွင် ဖော်ပြထားသော အချက်များ မှာ၊ လျှောက်ထားသူ ရှမ်းအမာ ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ လိမိတက်က တင် သွင်းခဲ့သော မော်တော်ယာဉ်များကို စစ်ဆေး ကြည့်ရှုရာတွင်၊ သွင်းကုန် စာရင်းတွင် ဖော်ပြ ထားသကဲ့သို့ ဒီလစ်ဗရီမှင် ကုန်တင် ယာဉ်များ မဟုတ်ဘဲ၊ ၎င်းတို့က သွင်း ကုန် လိုင်စင်တွင် အကျုံးမဝင်သော စတေရှင် ဝဂ်ဂင် (ခေါ်) လူရော ကုန်ပါ တင်ဆောင်နိုင်သည့် မော်တော်ကားများ ဖြစ်နေသည်ကို အထင်အရှား တွေ့ရှိရ ကြောင်း။ ထို့ပြင် သွင်းကုန် လိုင်စင်တွင် ဖော်ပြ ထားခြင်း မရှိသော ရာဘာတိုင်း ဒန်းဒိုး ၃၉ ၇,၁၄၈ ကျပ် ၂၅ ပြားရှိ မော်တော်ယာဉ် အစိတ် အပိုင်း ၁၆ မျိုးကိုလည်း တွေ့ရှိရကြောင်း။ ယင်းသို့ ပြုမူချက်များကြောင့် အကောက်တော်ခွန်ငွေ ၁,၂၂,၁၁၆ ကျပ် ၁၀ ပြားနှင့် ဆောင်းခွန်တော်ငွေ ကျပ် ၄,၂,၅၅၀ ထို့ကို တရားသူကြီးအား တောင်းခံခဲ့သည်ကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။ မော်တော်ယာဉ်များနှင့် စပ်

ခုခံရေး
ဥပဒေပုဒ်မ ကူးဆန်းဖောင်း ဝယ်ရေးရယူမှုဆိုင် ရာ မြန်မာနိုင်ငံ ဆောင်ရွက်ရေး အစိုးရ၊ ဘဏ္ဍာရေးနှင့် အခွန်ဆောင် စနစ်ကြီး ပါ ၄။

လျှင်းမှ၊ လျှောက်ထားသူများက တင်သွင်းလာခဲ့သော ယာဉ်များမှာ နောက်ထိုင်ခုံ တည့်တည့်နေရာတွင် ယာယီ အခင်းများ တပ်ဆင်ထားခြင်း၊ နောက်ထိုင် လူများ အတွက် နံဘေးနှစ်ဘက်တွင် လက်တင်ရန် လက်ရမ်းများ၊ ဆေးလိပ်ပြာခွက်များ၊ လက်ဆွဲ ကြိုးကွင်းများ တပ်ဆင်ထားခြင်း၊ မော်တော်ကား အမိုး တခုလုံး သပ်ယပ်စွာ မှက်နှာကျက် တပ်ဆင် မွမ်းမံထားခြင်း၊ နောက်ပိုင်းဘက်တွင် အမိုးဌ မီးလုံး တပ်ဆင် ထားခြင်း၊ ရေဒီယို တပ်ဆင်နိုင်ရန် သီးခြားနေရာ ပါရှိခြင်း၊ ရှေ့ထိုင်ခုံများမှာ ဖြုတ် နိုင်ခြင်း၊ ဘေးတံခါး ပေါက်များဌ မှန်တံခါး တပ်ရန် မြောင်းများပါရှိခြင်း စသော အချက် အလက်များ ရှိခဲ့ရာ၊ ဒီလစ်ဗရီဗင် (ခေါ်) ကုန်တင်ယာဉ် အစစ် အမှန် မဟုတ်ကြောင်း ထင်ရှားသည်ဟု ပေါ်ပြ ထားသည်။ ဒီလစ် ဗရီဗင် အစစ် အမှန်များတွင် ဘေးပေါက် ပိတ်များဖြစ်၍၊ ကိုယ်ထည်နှင့် တပါတည်း ပြုလုပ် ထားရ ကြောင်း။ သို့ရာတွင် လျှောက်ထားသူတို့၏ တင်သွင်းထားသော ကားများဌ မူကား၊ ဘေးပေါက်များဌ မှန်များ တပ်ဆင်နိုင်ရန် မြောင်းများ ပါရှိနေ၍၊ အပေါက်များကို ယာယီအားဖြင့်သာလျှင်၊ ပိတ်ထားသည်ကို တွေ့ရှိရကြောင်း။ ထိုသို့ယာယီ ပိတ် ထားချက်များကို ဖြုတ်ပြီးတပ်ဆင်နိုင်ရန် အလွှဲ၌၊ မှန်ချပ်များကိုလည်း၊ ယာယီ အခင်းများ၏ အောက်တွင် ဝှက်လျက် တပါတည်း တင်သွင်းလာသည်ကို တွေ့ရှိရ ကြောင်း၊ ထိုကြောင့် အဆိုပါ ကားများမှာ၊ နဂိုမူလကပင် ကုန်တင်ရန် မဟုတ်ဘဲ လူစီးရန် ပြုလုပ်ထားခြင်းကို သိရှိနိုင်ကြောင်း ဖေါ်ပြထားသည်။ လျှောက်ထား သူတို့ တင်သွင်းလာသည့် ကားများမှာ ဒီလစ်ဗရီဗင် (ခေါ်) ကုန်တင်ကားများ ဖြစ်သလော၊ သို့တည်းမဟုတ် ကုန်ရော လူပါ တင်ဆောင်နိုင်သော စတေးရှင် စက်ဂင် ဖြင့် သလော ဟူသော အချက်မှာ အမှု အဖြစ် အပျက်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်သော အချက်သာ ဖြစ်သည်။ ယင်းသို့ ဆုံးဖြတ်ချက်များကို ဤရုံးက ဝင်ရောက် စွပ်ဖက် လိမ့်မည်မဟုတ်ကြောင်းကို၊ ယခင် တရားလွှတ်တော်ချုပ် ***Lilhmichand Sirinivas v. The Financial Commissioner & One*** (၁) အမှုတွင်၊အတိ အလင်း ဖေါ်ပြ ထားသည်။ ယခု အမှုနှင့် အလားတူ အမှုမှာ၊ အထူးထောက်ပံ့ရေးနှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး ပါ ၃ တို့၏ (၂) အမှု ဖြစ်သည်။ ထို အမှုမှာလည်း ခုံရုံး က ***Lilhmichand Sirinivas v. The Financial Commissioner & One*** တို့၏ အမှုတွင်ဆုံးဖြတ်ထားသော အချက်ကို ကိုးကားပြုပြီး ဂျပန်ပြည်မှ တင်သွင်း ခဲ့သောမော်တော်ကား ၁၀ စီးမှာ ကုန်တင်ကားများ ဖြစ်သလော၊စတေးရှင် စက်ဂင် (ခေါ်) လူရော ကုန်ပါ တင်ဆောင် နိုင်သော ကားများ ဖြစ်သလော ဟူသော

---

(၁) ၁၉၅၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ စာ ၃၂။

(၂) ၁၉၆၁ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၂၉။

၁၉၆၃

ရှမ်းပမာ
ကူးသန်းရောင်း
ဝယ်ရေးကုမ္ပဏီ
နှင့်
မြန်မာနိုင်ငံ
တော်လှန်ရေး
အစိုးရ၊
ဘဏ္ဍာရေးနှင့်
အခွန်တော်
ဝန်ကြီး ပါ ၄။

အချက်ကို သက်ဆိုင်ရာအာဏာပိုင်တို့၏ ဆုံးဖြတ်ချက်တွင် ဤရုံးက ဝင်ရောက် စွပ်ဖက်ရန် မသင့်ဟု ဆုံးဖြတ်ထားသည်။ လျှောက်ထားသူ၏ ရှေ့နေကြီးက ဤအမှုမှာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် အပိုဒ် ၁၊ အပိုဒ်ခွဲ (၁) တွင်အကျုံးဝင်နေခြင်းကြောင့်၊ လျှောက်ထားသူတို့အား၊ လုံးဝ လွတ်ငြိမ်း ချမ်းသာခွင့် ပေးသင့်သည်ဟု လျှောက်ထားလေသည်။ အဆိုပါလွတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် ၁၊ အပိုဒ်ခွဲ (၁)မှာ အောက်ပါ အတိုင်း ဖြစ်သည်။

> "၁။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံသား တဦးဦးသည်၊ ဤ အမိန့် ထုတ်ပြန်သည့် နေ့ရက် မတိုင်မီက စာပိုဒ်ခွဲ (၂) တွင် အမိန့်နှင့် မသက် ဆိုင်စေရဟု ပြဋ္ဌာန်းထားသည့် ရာဇဝတ်ပြစ်မှုမှ အပ၊ အခြား ရာဇဝတ်ပြစ်မှု တခုခုကိုကျူးလွန်ခဲ့လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ အဆိုပါအခြား ရာဇဝတ် ပြစ်မှုများ အတွက်၊ လုံးဝ လွတ်ငြိမ်း ချမ်းသာခွင့် ပြုလိုက်သည်။"

သို့ရာတွင် အကယ်၍ လျှောက်ထားသူတို့ ကျူးလွန်ခဲ့ခြင်းမှာ၊ ရာဇဝတ် ပြစ်မှု ကျူးလွန်ခြင်း ဖြစ်သည်ဟု ယူဆ နိုင်စေကာမူ၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် ၆ နှင့် သက်ဆိုင်လျက် ရှိကြောင်း တွေ့ရှိရသည်။ အဆိုပါ အပိုဒ် ၆ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

> "၆။ ။ဤအမိန့်ပါ ကိစ္စအလို့ငှါ 'ရာဇဝတ်ပြစ်မှု' ဆိုသည်မှာ ရာဇသတ် ကြီး အရ ဖြစ်စေ၊ တည်ဆဲ အခြား တရား ဥပဒေ တခုခုအရ ဖြစ်စေ ပြဋ္ဌာန်း ထားသော ပြစ်မှုကို ဆိုလိုသည်။ ထိုစကားရပ်တွင်၊ အစိုးရအား၊ ပေးဆောင်ရန် ရှိသည့် အခွန် အကောက်ကို မပေးဘဲ တိမ်းရှောင်နေခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုများ မပါဝင်ချေ။"

ထို့ကြောင့်၊ လျှောက်သူများသည်၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် ၁၊အပိုဒ်ခွဲ (၁) အရ၊ လွတ်ငြိမ်းချမ်းသာခွင့် ရသင့်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်။

မည်သို့ပင် ဖြစ်စေကာမူ၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် အတွင်း သက်ရောက်သည် မသက်ရောက်သည်ဟူသော ပြဿနာကို အမှုခေါ် စာချုန်တော် ထုတ်ဆင့်ရေးနှင့် လုံးဝ မသက်ဆိုင်ဟု ကျွန်ုပ်တို့ ယူဆသည်။ အဘယ်ကြောင့် ဆိုသော် အမှုခေါ် စာ ချုန်တော် ထုတ်သင့် မထုတ်သင့် ဟူသော ကိစ္စကို စဉ်းစားရာတွင်၊ သက်ဆိုင်ရာ အာ ဏာပိုင်တို့၏ အမိန့်မှာ ၎င်းတို့တွင် တည်ဆဲ ဥပဒေ အရ၊ စီရင်ထုံးဖြတ်နိုင်သော အာဏာ အတွင်း သက်ရောက်သည် မသက်ရောက်သည် ဟူသော အချက်နှင့်၊ အကယ်

၅၉၆၃

ရွှမ်းဗမာကူးအန်းဆောင်းဝယ်ခရေးကုမ္ပဏီနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးအစိုးရ၊ ဘဏ္ဍာရေးနှင့် အခွန်တော်စနစ်ကြီး ဖါ ၅။

၍ စီရင် ဆုံးဖြတ်ပိုင်ခွင့် အာဏာ အတွင်း သက်ရောက်စေကာမူ၊ အပေါ်ယံကြော ကြည့်ခြင်း အားဖြင့် လွန်စွာ မှားယွင်းချတ်ချော်သော အမိန့် ဖြစ်သည် မဖြစ်သည် ဟူသော အချက် အလက်များကိုသာလျှင် ဤရုံးက စဉ်းစားလေ့ ရှိခြင်းကြောင့် ဖြစ်သည်။

အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ အမှုခေါ် စာချုန်တော်ထုတ်ဆင့်ရန် လျောက်လွှာကို ပလပ်လိုက်ရပေမည်။

လျောက်ထားသူ ပေးဆောင်ရန် တရား စရိတ် ငွေမှာ ကျပ် ၁၇၀ ဖြစ်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်သည်။

တရားမအယူခံ

တရားသူကြီးဦးထွန်းတင်ရွှေတို့။

† အမှုနံပါ
ဇွန်လ ၂၉ ရက်။

ဦးကျော်ခင် (အယူခံတရားလို)

နှင့်

ဦးကြီးမောင် ပါ ၂ (အယူခံတရားခံများ)*

တရားမကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၁၇၊ တရားမဆုံးလက်စွဲ စာမျက်နှာ ၁၅ စာပိုဒ် ၂၇ သမ္မာန်စာကို ငြင်းဆိုသဖြင့် သမ္မာန်လုလင်က အိမ်ရှေ့သံစကာတွင် ညှပ်ထားခြင်း၊ တရားဝင်မဝင်။

အယူခံတရားလိုဖြစ်သူ တရားခံအား သမ္မာန်လုလင်က သမ္မာန်စာသွားပေးရာ ငြင်းဆိုသဖြင့်၊ အိမ်ရှေ့သံစကာတွင် ညှပ်ထားခဲ့လေသည်။ ထို့နောက်ရုံးတော်မှ သမ္မာန်စာအတည်ဖြစ်သည်ဟု ယူဆ၍၊ အမှုကို တဘက်သတ်စစ်ဆေးပြီး ဒီကရီ ချမှတ်ပေးခဲ့လေသည်။

ၚင်းနောက် အယူခံတရားလိုက အယူခံရာတွင်၊ သမ္မာန်ချအပ်ခဲ့ခြင်းမှာ တရားမကျင့်ထုံးအမိန့် ၅၊ နည်း ၁၇ အရမလိုက်နာခဲ့သည့်အပြင်၊ ရန်ကုန်တရားမရုံးလက်စွဲ စာမျက်နှာ ၁၅၊ အပိုဒ် ၂၇ နှင့် စာမျက်နှာ ၁၈၂၊ အပိုဒ် ၂၇ တို့နှင့်မကိုက်ညီသဖြင့် သမ္မာန်စာမှာ အယူခံတရားလိုအပေါ် အတည်ဖြစ်သည်ဟု မယူဆနိုင်ကြောင်း လျှောက်လဲသည်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ အရဆိုလျှင်၊ သမ္မာန်စာကို ချအပ်ခြင်းခံရသူက သမ္မာန်စာကိုလက်ခံရန်ငြင်းဆိုမှု၊ သမ္မာန်လုလင်၏ဝတ်တရားမှာ၊ သမ္မာန်စာတစောင်ကို တရားခံနေထိုင်သည့်အိမ်ရှေ့လူအများမြင်နိုင်ရာတွင် ကပ်ထားခဲ့ရမည့်အပြင် ၎င်းတို့ကဆောင်ရွက်ရာတွင် အိမ်ကို မည်သူကပြသပေး၍ မည်သူ့ရှေ့ကပ်ထားခဲ့ကြောင်းများ စေ့စုံစွာရေးမှတ်၍ ရုံးတော်သို့အစီရင်ခံရမည်ဖြစ်သည်၊ သို့အတွက် ယခုအမှုတွင် သမ္မာန်စာချအပ်ခြင်းမှာ ဥပဒေ၏လိုအပ်ချက်များပြည့်စုံခြင်းရှိသည်ဟုမယူဆနိုင်။

S.N. Grama ၈. **Bombay Steamships,** အေ၊အိုင်၊အာ(ရ)၊ ၁၉၂၉၊ ဘုံဘေ၊ စာမျက်နှာ ၂၅၇ နှင့် **Ganeshmal Bhawarlal** ၈. **Kesoram Cotton Mills Ltd.,** အေ၊အိုင်၊အာ(ရ)၊ ၁၉၅၂၊ ကလကတ္တား၊ စာမျက်နှာ ၆၀၁ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးလှသိန်း။

အယူခံတရားခံအတွက်။ ။ဦးကျော်ခင်။

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၅၅။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၂၀၃ တွင် ရန်ကုန်မြို့မတရားမဝန်ထောက် (ဒေါ်မြမြရီ) ရုံးတော်၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

ဝဋ္ဌမုခ
——
ဦးကျော်ခင်
နှင့်
ဦးကြီးမောင်
ပါ ၂။

တရားသူကြီး ဦးထွန်းစောင်။ ။ယခုအမှုမှာ အယူခံ တရားလို ဦးဓကျော်ခင်မှာ၊ ရန်ကုန်မြို့ တရားမရုံး၊ ၁၉၆၁ ခု၊ တရားမကြီးမှု အမှတ် ၂၀၃ မှ တရားခံဖြစ်၍၊ ၎င်းပေါ် အယူခံ တရားခံများ ဖြစ်သူတို့က တရားလိုအဖြစ် မြို့ပြဆိုင်ရာ ဥာဏမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဃ) အရ၊ အချုပ်းဖြစ်၊ နံပါတ် ၁၀ သံတတားလမ်း၊ မြေနေရာမှ ဖယ်ရှားပေးရန် ၁၃-၃-၆၁ နေ့က တရားစွဲဆိုခဲ့လေသည်။ အယူခံတရားခံများက၊ ထိုမြေနေရာကို အယူခံတရားလိုသည်၊ မူလပိုင်ရှင်များထံမှ တလ ကျပ် ၁၀ နှင့်ငှါးရမ်းနေထိုင်ခဲ့ရာ၊ အယူခံတရားခံများက၊ ၎င်းမြေကိုငယ်ယူ၊ ခဲ့၍၊ ရိုးသားသော သဘောနှင့် အဆောက်အဦ ဆောက်လုပ်ရန် ရယူလိုသဖြင့်၊ အယူခံတရားလိုအား ဖယ်ရှားပေးရန် နို့တစ်စာပေးခဲ့သော်လည်း၊ ငြင်းဆန်နေသဖြင့်၊ အမှုစွဲဆိုရခြင်း ဖြစ်သည်ဟု ပြဆိုလေသည်။

ထိုစွဲဆိုလွှာနှင့် မတ်သက်၍၊ အယူခံတရားလိုထံသို့ သမ္မန်စာထုတ်ဆင့်ခဲ့ရာ၊ ၁၇-၃-၆၁ နေ့က၊ သမ္မန်လုလင် မောင်ထွန်းကြိုင်က အယူခံတရားလိုအား သမ္မန်သွားရောက်ပေးအပ်သော်လည်း၊ ၎င်းက လက်မခံ ငြင်းဆိုပါသည်ဟု အစီရင်ခံသဖြင့်၊ ရုံးတော်မှ သမ္မန်စာ အတည်ဖြစ်သည်ဟု ယူဆ၍၊ အမှုကို တဘက်သတ် စစ်ဆေးပြီး၊ အယူခံတရားခံများ စွဲဆိုသည့်တိုင်း၊ ၁၂-၆-၆၁ နေ့က၊ ဒီကရီ ချမှတ်ပေးခဲ့လေသည်။ ထိုနောက်၊ အယူခံ တရားခံများက မြေကိုလက်ရောက်ရရှိရန်၊ ၂၅-၆-၆၂ နေ့က၊ ဇာရီမှုဖွင့်ရာ၊ အယူခံတရားလိုထံ နို့တစ်စာ အကြိမ်ကြိမ် ထုတ်ဆင့်သော်လည်း၊ မတွေ့ရှိသဖြင့်၊ အခြားနည်းဖြင့် ထုတ်ဆင့် အတည်ပြုပြီး၊ ၂၇-၆-၆၂ ခု၊ နေ့က မြေအပ်ဝါရမ်း ထုတ်ဆင့်သော အခါမှ၊ ၁၂-၇-၆၂ နေ့တွင်၊ အယူခံတရားလိုက အမှုတွင်၊ မိမိသမ္မန်စာ တစုံတရာ မရရှိသဖြင့်၊ အမှုစွဲဆို ဒီကရီချမှတ်ခဲ့ကြောင်း လုံးဝမသိရ၊ မြေအပ်ဝါရမ်းလာမှသာ သိရှိကြောင်း ကျမ်းကျိန်လွှာ တင်သွင်း၍၊ တဘက်သတ်ချမှတ်ထားသည့် ဒီကရီကိုမယ်ဖျက်၍၊ မိမိအား ထုခြေခွင့်ပြုပါရန်၊ တရားမကျင့်ထုံး အမိန့် ၉၊ နည်းဥပဒေ ၁၃ အရ လျှောက်ထားလေသည်။ ထိုလျှောက်ထားချက်ကို အယူခံ တရားခံများက ကန့်ကွက်သဖြင့် ရုံးတော်မှ စုံစမ်းစစ်ဆေးခဲ့သည်တွင်၊ အယူခံတရားလိုသည်၊ သမ္မန်စာ သွားရောက်ချအပ်သည့်နေ့က၊ မအုပ်သွားရောက်နေကြောင်း ပြဆိုချက်မှာ၊ ထင်ရှားမှန်ကန်သည်ဟု မတွေ့ရ၊ သမ္မန်လုလင် ထွက်ဆိုချက်အရ၊ အယူခံတရားလို သမ္မန်စာ သွားပေးသည်ကို ငြင်းဆိုသဖြင့်၊ အိမ်ရှေ့သံစကာတွင် ညပ်ထားခဲ့ရသည်ဆိုချက်အရ၊ အယူခံတရားလို၏ ပြဆိုချက်မှာ၊ မှန်ကန်လက်ခံနိုင်စရာ မရှိဆိုပြီး၊ ၎င်း၏လျှောက်လွှာကို ပယ်လိုက်ခဲ့လေသည်။

ထို့တွက်၊ အယူခံတရားလိုက၊ ယခုအယူခံမှုကို တင်သွင်းရာ၀ယ်၊ အမှုတွင်၊ သမ္မန်လုလင်က၊ သမ္မန်ချအပ်ခဲ့ခြင်းမှာ၊ တရားမကျင့်ထုံး အမိန့် ၅၊ နည်း ၁၇ အရ၊

၁၉၆၃
ဦးကျော်ခင်
နှင့်
ဦးကြီးမောင်
ပါ ၂။

မလိုက်နာခဲ့သည့်အပြင်၊ ရန်ကုန်တရားမရုံး လက်စွဲ၊ စာမျက်နှာ ၁၅၊ အပိုဒ် ၂၇ နှင့် စာမျက်နှာ ၁၈၂၊ အပိုဒ် ၂၇ တို့ပါ ရည်ညွှန်းချက်များနှင့် မကိုက်ညီသဖြင့်၊ သမ္မန်စာမှာ အယူခံတရားလိုပေါ် အတည်ဖြစ်သည်ဟု ယူဆနိုင်ရန် မဖြစ်သဖြင့်၊ အောက်ရုံးတော်မှ ချမှတ်သည့် အမိန့်နှင့် ဒီကရီကို ပယ်ဖျက်၍ အမှုကို ပြန်လည်စစ်ဆေးစေရန် အမိန့်တရပ်ချမှတ်ပေးပါမည့် အကြောင်း အဓိကကိုးကား လျှောက်ထားလေသည်။ တရားမကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၁၇ ကိုဖေါ်ပြရမှု အောက်ပါအတိုင်း ဖြစ်သည်။

> " 17. Where the defendant or his agent or such other person as aforesaid refuses to sign the acknowledgement, or where the serving officer, after using all due and reasonable diligence, cannot find the defendant, and there is no agent empowered to accept service of the summons on his behalf, nor any other person on whom service can be made, the serving officer shall affix a copy of the summons on the outer door or some other conspicuous part of the house in which the defendant ordinarily resides or carries on business or personally works or gain, and shall than return the original to the Court from which it was issued, with a report endorsed thereon or annexed thereto stating that he was so affixed the copy, the circumstances under which he did so, and the name and address of the person (if any) by whom the house was identified and in whose presence the copy was affixed."

သို့ဖြစ်ရကား၊ သမ္မန်စာကို ချအပ်ခြင်းခံရသူက၊ သမ္မန်စာကို လက်ခံရန် ငြင်းဆိုမှု၊ သမ္မန်လုလင်၏ ဝတ္တရားမှာ၊ သမ္မန်စာ တစောင်ကို တရားခံနေထိုင်သည့် အိမ်မျှော်လူအများ မြင်နိုင်ရာတွင် ကပ်ထားခဲ့ရမည့်ပြင်၊ ၎င်းကဲ့သို့ ဆောင်ရွက်ရာတွင်၊ အိမ်ကိုမည်သူကပြသပေး၍၊ မည်သူ့အလှေ့ ကပ်ထားခဲ့ကြောင်းမျှား စေ့စုံစွာ ရေးမှတ်၍၊ ရုံးတော်သို့ အစီရင်ခံရမည် ဖြစ်ပေသည်။ ယခုအမှုတွင်၊ သမ္မန်စာချအပ်သူ သမ္မန်လုလင် မောင်ထွန်းကြိုင် (လိုပြ ၁) ၏ ထွက်ဆိုချက်အရသော်၊ တရားခံအိမ်သို့ တရားလို ဦးကြီးမောင်၊ မောင်အုံးခိုင်တို့နှင့် သွားရောက်၍၊ အယူခံတရားလိုအား သမ္မန်စာပေးအပ်ရာ လက်မခံ ငြင်းဆိုသဖြင့်၊ အိမ်ရှေ့သံစကာမှာ ညှပ်ထားပါသည်ဟု သာဆို၍ အစီရင်ခံစာတွင် မောင်အုံးခင်ပါကြောင်းရေးမှတ် အစီရင်ခံခြင်းမပြုလုပ်ခဲ့ကြောင်း ဝန်ခံပေသည်။ မောင်အုံးခင် (လိုပြ ၂) ၏ ထွက်ဆိုချက်အရလည်း၊ သမ္မန်စာကို သံစကာမှာ ချိတ်နှင့်ချိတ်ခဲ့ကြောင်း၊ ထိုသို့မိမိ၌ ပြုလုပ်ခဲ့ကြောင်း၊ ရုံးတွင်ကျမ်းကျိန်ချက် မပေးရပါဟု ထွက်ဆိုလေသည်။ ထို့တွက်အမှုတွင်၊ သမ္မန်စာ ချအပ်ခြင်းမှာ၊ တရားမကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၁၇ သော်၎င်း၊ ရန်ကုန်မြို့၊

စာရွက်မရိုးလက်စွဲ စာမျက်နှာ ၁၅၊ စာပိုဒ် ၂၇ ပါ လိုအပ်ချက်များ ပြည့်စုံခြင်းရှိသည်ဟု မယူဆနိုင်ပေ။ တဖန်ထိုသို့ ဥပဒေ လိုအပ်ချက်များနှင့် ကိုက်ညီစွာ ချမှတ်ခဲ့ခြင်း မရှိသည့် သမ္မန်စာကို အတည်ဖြစ်သည်ဟု ဒုံးတော်မှ မယူဆသင့်ကြောင်းကို *S.N. Gramal* v. *Bombay Steamships* (၁) တွင်၊

၁၉၆၃
ဦးကျော်ခင်
နှင့်
ဦးကြီးမောင်
ဖါ ၂။

> "Under order 5, Rule 17, the duplicate summons must be affixed to the outer door or to some other conspicuous part of the house in which the defendant resides. Merely leaving the duplicate summons on the teapoy of the defendant's residence is not complying with requirements of Order 5, Rule 17 as it cannot be said to be affixed to the teapoy."

ဟုဆိုင်း၊ *Ganeshmal Bhawarlal* v. *Kesoram Cotton Mills Ltd.* (၂) အမှုစာမျက်နှာ ၁၄ တွင်—

> "(18) The affixation of the copy on the outer door is not an idle ceremony nor it is an immaterial part of the service. Its object is to give due publicity to the act of the process-server and to impress the party that formal service is being effected. Rule 17 itself shows its importance. The report of the process-server must show the affixation, the circumstances under which it was made and the persons in whose presence it was done. The cardinal fact and important matter of Rule 17 is affixation of the copy. If Rule 17 provides for a mode of service, the affixation itself is the service or at least the most essencial part of the service.
>
> (19) The case of non-affixation of a copy of refusal to sign is not a case of an irregular service. Irregular service presupposes a service. But here there is no service under Rule 16 and 20. As there is no affixation there is also no service under Rule 17."

ဟုဆိုင်း၊ ပြဆိုထားလေသည်။

သို့ဖြစ်ရကား၊ ယခုအမှုတွင်၊ သမ္မန်စာချအပ်ခဲ့ခြင်းမှာ၊ ဥပဒေလိုအပ်ချက်များနှင့် ကိုက်ညီ၍၊ သမ္မန်စာသည်၊ အယူခံတရားခံပေါ် အတည်ဖြစ်သည်ဟု ယူဆရန်မဖြစ်နိုင်၍၊ အယူခံတရားလိုသည်၊ အမှုစွဲဆိုခဲ့သည်ကို သိရှိခဲ့ပါသည်ဟု မယူဆနိုင်သဖြင့်၊

---

(၁) အေအိုင်အာ(ရှ်)၊ ၁၉၂၉၊ ဘုံဘေ၊ စာ ၂၅၇။

(၂) အေအိုင်အာ(ရှ်)၊ ၁၉၅၂၊ ကလကတ္တား၊ စာ ၁၀။

၁၉၆၃

ဦးကျော်ငင်
နှင့်
ဦးကြီးမောင်
ပါ ၂။

ငင်းလျှောက်ထားခဲ့သည့်တိုင်း၊ ငင်းပေါ် တဘက်သတ် ချမှတ်ခဲ့သည့် ဒီကရီကို အယူခံတရားခံများ ကုန်ကျစရိတ်ကို ကျခံက ပယ်ဖျက်၍၊ တရားမျှတမှုရှိစေရန် အမှုကိုပြန်လည် စစ်ဆေးစေသင့်သည်ဟုသာ ဆိုးဖြတ်ရပေမည်။

သို့ဖြစ်၍၊ ယခုအယူခံမှုကို ခွင့်ပြု၍၊ ရန်ကုန်မြို့၊ တရားမရုံး ၁၉၆၁ ခု၊ တရားမကြီးမှုအမှတ် ၂၀၃ တွင်ချမှတ်သည့် ၁၉-၁၁-၆၂ နေ့စွဲပါ အမိန့်ကိုပယ်ဖျက်၍၊ အယူခံထရားလိုပေါ် အမှုတွင် ချမှတ်ထားသည့် တဘက်သတ် ဒီကရီကို အယူခံတရားလိုက ကုန်ကျစရိတ်ကိုကျခံက၊ ပယ်ဖျက်၍ အမှုကို ပြန်လည်စစ်ဆေးစေရန်၊ စရိတ်မရှိအမိန့် ချမှတ်ပေးလိုက်သည်။

ရာဇဇေတ်အယူခံမှု

တရားသူကြီးဦးစောဘသိန်းရှေ့တွင်။

ဦးဇော်ဝင်း (အယူခံတရားလို) †အမှတ် ၃
နှင့် မေလ ၄ ရက်။
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

လူတ်ငြိမ်းချမ်းသာခွင့်အမိန့်—တရားရုံးချုပ်တွင်အယူခံမှုမပြီးပြတ်ဘဲရှိနေခြင်းအယူခံမှုကို ပိတ်သင့်မသင့်၊ ဆက်လက်ကြားနာသင့် မသင့်။

အယူခံတရားလိုသည်၊ အောက်ရုံးကပေးထားသော အပြစ်ဒဏ်ကို မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်ရာ၊ အယူခံမှု မပြီးပြတ်မီ တော်လှန်ရေးအစိုးရက လူတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်လိုက်လေသည်။

ထိုအမိန့်အရ အယူခံတရားလိုကို ထောင်မှလွတ်လိုက်ပြီးဖြစ်၍ အမှုကို ပိတ်ရန်ဖြစ်သော်လည်း အယူခံတရားလို၏ ရှေ့နေကြီးက အမှုကိုပိတ်ထားခြင်းမပြုဘဲ၊ ဆက်လက်ကြားနာရန် လျှောက်ထားလေသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား၊ လူတ်ငြိမ်းချမ်းသာခွင့်အရ၊ တော်လှန်ရေးအစိုးရက ထောင်မှ လွှတ်လိုက်ပြီးဖြစ်၍၊ ၎င်းသည်အယူခံမှု၌၊ အယူခံတရားလိုအဖြစ်တည်ရှိနေသည်သဘောသဘာဝမရှိတော့ပါ။ ထို့ကြောင့် အယူခံမှုကို ဆက်လက်ကြားနာပြီး၊ ပေးထားသော အပြစ်ဒဏ်ကို ပြင်ဆင်ချက်အတည်ပြုလျှင်လည်း၊ ထိုအပြစ်ဒဏ်ကို ပြန်၍ကျခံခြင်းပြုနိုင်မည်မဟုတ်၊ တဖန်အပြစ်ဒဏ်ကို ပယ်ဖျက်လျှင်လည်း၊ ဤရုံးက ထောင်လွှတ်ဝါရမ်းပြင့်၊ ၎င်းအားထောင်မှလွှတ်ရန်လိုမည်မဟုတ်၊ သို့ဖြစ်၍၊ အယူခံမှုကို ဆက်လက်ကြားနာရန် မထိုက်သင့်တော့ဘဲ၊ အယူခံမှုကိုပိတ်ထားရန်သာဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးဒေးဇမောင်။

အယူခံတရားခံအတွက်။ ။ဦးတင်။

တရားသူကြီး ဦးစောဘသိန်း။ ။အယူခံတရားလို ဦးဇော်ဝင်းက၊ ၎င်းအပေါ် ရန်ကုန်မြို့၊ ပဌမအထူးတရားသူကြီး (အထွေးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအပွဲနှင့်

---

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၀၉။

† သဉ္ဇာဂ ခုနှစ်၊ ရာဇဇေတ်ကြီးမှုအမှတ် ၈၁ တွင်၊ ချမှတ်သော ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ၊ ပဌမအထူးတရားသူကြီး (အထွေးစုံစမ်းစစ်ဆေးရေးအက်ဥပဒေ) ရန်ကုန်မြို့၏ အမိန့်ကိုအယူခံမှု။

၁၉၆၃
ဦးဇော်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အထူးစုံစမ်းစစ်ဆေးရေး အက်ဥပဒေ) ရုံး၊ ၁၉၅၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၈၁ တွင်၊ ချမှတ်သော ပြစ်မှုထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို မကျေနပ်သဖြင့်၊ ဤရုံးသို့အယူခံဝင်၏။

ဤအယူခံမှု မပြီးပြတ်မီ၊ ၁၉၆၃ ခု၊ ဧပြီလ ၁ ရက် နေ့တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန်ပြီးသည့် နောက်၊ အယူခံတရားလို ဦးဇော်ဝင်းအား၊ အဆိုပါ အမိန့်အရ၊လွှတ်ငြိမ်းချမ်းသာခွင့် ပေး၍၊ သက်ဆိုင်ရာထောင်မှ လွှတ်လိုက်သည်ဟုသိရ၏။ ထို့ကြောင့်၊ ဤရုံးက၊ ဤအယူခံချက်ကို ဆက်လက်၍ စစ်ဆေးကြားနာရန် မလိုတော့ဘဲ၊ ပိတ်ထားရန် ဖြစ်၏။ သို့သော်၊ အယူခံတရားလို ဦးဇော်ဝင်း၏ ပညာရှိရွှေနေကြီးက၊ ဤအယူခံမှုကို ပိတ်ထားခြင်းမပြုဘဲ၊ ဆက်လက်၍ ကြားနာရန် လျှောက်ထား၏။

၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်၊ ထုတ်ပြန်သော လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်သည် "တရားဥပဒေကဲ့သို့၊ အာဏာတည်စေရမည်" ဟုပြဋ္ဌာန်းထားသဖြင့် ဤရုံးကအဆိုပါအမိန့်ကို၊ တရားဥပဒေကဲ့သို့၊ အသိအမှတ်ပြုရန်ဖြစ်၏။ အယူခံတရားလို၏ ပညာရှိရွှေနေကြီး လျှောက်လဲသည့်အတိုင်း၊ အယူခံတရားလိုအား၊ အောက်ရုံးက အပြစ်ပေးသဖြင့်၊ ဤရုံးသို့ အယူခံဝင်ခွင့် ရှိသည်မှာမှန်၏။ သို့သော်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို အသုံးပြု၍၊ အယူခံတရားလိုအား၊ လွှတ်ငြိမ်းချမ်းသာခွင့်ပေးပြီး၊ ထောင်မှ လွှတ်လိုက်ပြီးဖြစ်၍ ဦးဇော်ဝင်းသည် အယူခံမှုဌ် အယူခံ တရားလို အဖြစ်ဖြင့်၊ တည်ရှိနေသေးသည်ဟု ယူဆရန်မဖြစ်နိုင်ဟု ထင်မြင်၏။ အကယ်၍၊ ဤအယူခံမှုကို၊ လျှောက်ထားသည့် အတိုင်း၊ ဆက်လက်၍ စစ်ဆေးကြားနာပြီး အယူခံတရားလိုအပေါ်၊ အောက်ရုံး ချမှတ်သော ပြစ်မှုထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ် မှန်ကန်သည်ဟု ယူဆ၍၊ အတည်ပြုလျှင်လည်း၊ ၎င်းသည် ဤရုံးချမှတ်သော အမိန့်အရ၊ ထောင်ဒဏ်ကိုပြန်၍ ကျခံခြင်း ပြုနိုင်မည် မဟုတ်ပေ။ တဖန်၊ ဤရုံးက၊ အမှုကိုကြားနာပြီးနောက်၊ အယူခံတရားလိုအပေါ်၊ အောက်ရုံးချမှတ်သော ပြစ်မှုထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်ကို အတည်မပြုဘဲ၊ ပယ်ဖျက်ပြီး ၎င်းအား၊ ဤအမှုမှ လွှတ်ရန် အမိန့်ချမှတ်လျှင်လည်း၊ ဤရုံးက၊ ထောင်လွှတ်ဝါရမ်းဖြင့်၊ ၎င်းအား ထောင်မှလွှတ်ရန် လိုမည် မဟုတ်ပေ။ သို့ဖြစ်သောကြောင့်၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ အယူခံတရားလိုအား၊ လွှတ်ငြိမ်းချမ်းသာခွင့် ပေး၍ သက်ဆိုင်ရာထောင်မှ လွှတ်လိုက်ပြီးဖြစ်သဖြင့်၊ ဤရုံးက၊ ဤအယူခံမှုကို ဆက်လက်ကြားနာရန်၊ အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ မလိုအပ်တော့ဘဲ၊ ဤအယူခံမှုကို၊ ပိတ်ထားရန် ဖြစ်သည်ဟု ထင်မြင်ယူဆ၏။

၁၉၆၃

ဦးဇော်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုဘက် ပညာရှိရွှေနေကြီးက၊ အောက်ဖော်ပြပါ စီရင်ထုံး (၁) တို့ကို တင်ပြသော်လည်း၊ ဖော်ပြခဲ့သည့် အချက်နှင့် ပတ်သက်၍၊ တိုက်ရိုက်သက်ဆိုင်ခြင်း မရှိသဖြင့်၊ အသေးစိတ်ဖော်ပြရန် မလိုဟုယူဆ၏။

အထက်၌ ဖော်ပြခဲ့သည့် အကြောင်းများကြောင့်၊ ဤအယူခံမှုကို၊ လျှောက်ထားသည့် အတိုင်း၊ ဆက်လက်၍ စစ်ဆေးရန် မလိုတော့သဖြင့်၊ ပိတ်ထားရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၇ အာသံ၊ ၁၀၃၊ အင်းဒီရင်း ဒီဓေးရှင်း အလဟာဘတ်၊ အတွဲ ၁၇၂၊ အင်တယ်ပရက်ဇေးရှင်း အော့(ဖ်)စတယ်ချူ ၂ နှင့် ၁၄။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

† ၁၉၆၃ မေလ ၁၀ ရက်။

ဦးမောင်ညို (ခေါ်) အောအမ်အိုးမား (အယူခံတရားလို) လျှောက်ထားသူ

နှင့်

ပီအယ်(လ်)ကောကာစံချစ်တီးယား(ခေါ်)ဦးကာစီ(အယူခံတရားခံ) လျှောက်ထားခံရသူ *

ပစ္စည်းလွဲပြောင်းခြင်း(ကန့်သတ်ရေး)အက်ဥပဒေ—ယင်းဥပဒေကို ချိုးဖောက်သူ နိုင်ငံခြားသား—တရားရုံးများကအကူအညီမပေးနိုင်။

နိုင်ငံခြားသားတဦးသည်၊ ပစ္စည်းလွဲပြောင်းခြင်း (ကန့်သတ်ရေး) အက်ဥပဒေကို ချိုးဖောက်ပြီး အမှုပါပစ္စည်းများကို ဝယ်ယူပြီးနောက်၊ ထိုဥပဒေအရ ဆိုးကျိုးများကို အကာကွယ်ရရှိရန် ဟန်ဆောင်အဖြစ် အဆင့်ဆင့် လွဲပြောင်းခဲ့ပြီး ထိုပစ္စည်းများကို မိမိပိုင်ဆိုင်ကြောင်း ထင်ရှားစေရန် တရားစွဲဆိုခဲ့လေသည်။

စွဲဆိုသောအမှုကို အောက်ရုံးက ပလပ်၍ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။ဥပဒေကိုချိုးဖောက်ပြီး၊ မိမိပိုင်ဆိုင်ကြောင်း ထင်ရှားစေရန် တရားစွဲဆိုသည်ကို၊ တရားရုံးက လက်ခံအနိုင်ပေးရန် မဖြစ်နိုင်ချေ၊ အကယ်၍ လက်ခံအနိုင်ပေးလျှင်လည်း၊ စီးပွါးရေး အခြေအနေအရ၊ ပြည်ထောင်စုသားများ မရှေ့မပြောင်းနိုင်သည့် ပစ္စည်းများ လက်လွှတ်ကြရသည်ကို ကာကွယ်သည့် အနေဖြင့် ပြဋ္ဌာန်းထားသော အက်ဥပဒေကို ချိုးဖောက်ပြီး၊ ဝယ်ယူသည့် နိုင်ငံခြားသားများကို အားပေးကူညီရာကျပေလိမ့်မည်။

ထိုမှတပါးလည်း၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရသက်သာခွင့်မှာ၊ မူလက အီကွီတီ (Equity) ရုံးများမှပေးသော သက်သာခွင့်မျိုးဖြစ်၍၊ ထိုသို့သော သက်သာခွင့်မျိုးကို တောင်းဆိုသည့်အမှုသည် တရားလိုသည် အပြစ်ကင်းစင်ရပေမည်။ ယခုမူကား၊ အက်ဥပဒေကို ချိုးဖောက်ပြီးနောက် ထိုသို့ ချိုးဖောက်၍ရသော အခွင့်အရေးများကို ထင်ရှားစေရန်အတွက် တရားစွဲဆိုခြင်းဖြစ်သည်။

ထိုနည်းသီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ (၄၂) အရလည်း၊ **တရားရုံး၏** သဘောအတိုင်း သာလျှင်၊ ယခုတရားစွဲဆိုသော သက်သာခွင့်မျိုးကို ပေးမည်ဖြစ်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၅၀။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ တွင်၊ ပုသိမ်မြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော $\frac{\text{နိုကရို}}{\text{အမိန့်}}$ ကို $\frac{\text{အယူခံဝင်}}{\text{ပြင်ဆင်}}$ မှု။

ဆုပ္ကိုင်ခံတရားလို (လျှောက်ထားသူ) အတွက်။ ။မန္တစာ ဘာနာကျီ။
အယူခံတရားခံ (လျှောက်ထားခံရသူ) အတွက်။ ။ဦးဗသာထော်။

ပဋိပက္ခ
ဦးမောင်ဆွေ (ခေါ်)ဦး၊ အမှု၊ အိုးမဲ့ နှင့် ပီ၊ အေအော်(လ်)၊ ကော၊ ကာစီချစ်တီး ယား (ခေါ်) ဦးကဒီ။

တရားသူကြီးချုပ် ဦးဘိကြီး။ ။အယူခံ တရားလို မောင်ညို (ခေါ်) အေ၊အမ်၊ အိုမာ၏အဆိုလွှာလို၌ ဝင်းကိုဖေ ပြုရသော်၊ ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်၊ မိမိသည်ပုသိမ်မြို့ရှိ မြေနှစ်ကွက်ကို အဆောက်အဦများနှင့်တကွ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပြီးနောက်၊ နိုင်ငံခြားသား ဖြစ်သဖြင့် ကြောက်ရွံ့ထိတ်လန့်ပြီး၊ ထိုမြေကွက်များနှင့် အဆောက်အဦများကို ကိုကျော်စိန်ဆိုသူ မြန်မာတယောက်အား ရောင်းလေဟန် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခဲ့ရာမှ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်ခံယူထားသူ အယူခံ တရားခံ ပီ၊အေယ်(လ်)၊ကော၊ ကာစီချစ်တီးယား နှင့် တွေ့သဖြင့်၊ အဆိုပါ ပစ္စည်းများကို ကိုကျော်စိန်နာမည်မှ ကာစီချစ်တီးယား နာမည်သို့ လွှဲပြောင်း၍ တဖန်ရောင်းလေဟန် မှတ်ပုံတင်စာချုပ် ပြုလုပ်ခဲ့ပြန်၏။ သို့နောက်၊ ကာစီချစ်တီးယား၏ ပြုမူချက်များကြောင့်၊ အဆိုပါ ပစ္စည်းများကို ငှားကိုယ်တိုင် ပိုင်ကြောင်းဖြင့် အရေးဆိုမည်ကို စိုးရိမ်သဖြင့် တရားစွဲဆိုရပါသည်ဟု အဆိုရှိ၏။

ကာစီချစ်တီးယားက၊ အထက်ပါ အကြောင်းခြင်းရာများကို ငြင်းဆိုသည့် အပြင်၊ ဥပဒေ အချက်များ အရလည်း ထုချေလေသည်။ ပုသိမ်ခရိုင် တရားမရုံးသည်၊ ထိုဥပဒေအချက်များအနက်၊ နှစ်ချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးပြီး၊ အမှုကို ပလပ်လိုက်သဖြင့်၊ ယခုအယူခံဝင်ခြင်းဖြစ်သည်။

ပဌမအချက်မှာ၊ နိုင်ငံခြားသားဖြစ်သူ အယူခံတရားလိုသည်၊ မရွှေပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်ရေး) အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ နိုင်ငံခြားသားတဦးအား၊ မည်သည့် မရွှေပြောင်းနိုင်သည့် ပစ္စည်းကိုမျှ လွှဲပြောင်းရောင်းချခြင်းမပြုရ၊ နိုင်ငံခြားသားကလည်း ထိုပစ္စည်းကို ဝယ်ယူလက်ခံခြင်း မပြုရဟုတားမြစ်ထားပါလျက်၊ ထိုအက်ဥပဒေကို ချိုးဖောက်ပြီး ဝယ်ယူခဲ့သည်ဆိုရကား၊ ထိုပစ္စည်းကို တရားသဖြင့် မိမိပိုင်ဆိုင်သူ ဖြစ်ကြောင်း မြွက်ဟကျေညာသည့် ဒီကရီကို မရထိုက်ကြောင်းဖြစ်သည်။ မရွှေပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်ရေး) အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို နောက်ခံကားသဖွယ်ထား၍၊ အဆိုလွှာကို ဘတ်ရှ ဧလ့်လာသုံးသပ်လျှင်၊ အယူခံတရားလို၏ အဆိုမှာ အောက်ပါအတိုင်း ဖြစ်သည်ကို တွေ့ရသည်။ အယူခံတရားလိုသည်၊ ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်၊ နိုင်ငံခြားသား တဦးဖြစ်လျက်၊ မရွှေပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်ရေး) အက်ဥပဒေကို ချိုးဖောက်ပြီး၊ အဆိုပါမြေနှစ်ကွက်နှင့် အဆောက်အဦများကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့၏။ ထိုအက်ဥပဒေအရ၊ ထိုသို့ဝယ်ယူခြင်းသည်၊

၁၉၆၃

ဦးမောင်ညို (ဒေါ်)အေး အမ်၊ အိုးမား နှင့် ပီ၊ အယ်(လ်)၊ ကေ၊ ကာစီချစ်ထီးယား (ဒေါ်) ၎ ဦးကာစီ။

မူလကနဦးကပင် ပျက်ပြယ်သည်မဟုတ်။ သို့သော် ယင်းသို့ ဥပဒေကို ချိုးဖေါက် ဝယ်ယူသော နိုင်ငံခြားသားအား တရားရုံးသို့တင်၍ တရားစွဲဆိုလျှင်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရ၍၊ ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်ဖြစ်သည်။ ထိုသို့ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပြီးနောက်၊နိုင်ငံတော် သမတသည်၊ယင်းသို့ဝယ်ယူခြင်းကို ပယ်ဖျက်နိုင်သည့်အပြင်၊ နိုင်ငံပိုင်အဖြစ်လည်း သိမ်းယူနိုင်သည်။ ထိုဆိုးကျိုးများမှ ကာကွယ်စေရန်၊ အယူခံ တရားလိုသည်၊ ကိုကျော်စိန် ဆိုသူအား တကြိမ်၊ အယူခံ တရားခံအား နောက်တကြိမ်၊ ထိုပစ္စည်းများနှင့်ပတ်သက်၍ ဟန်ဆောင် အလှဲစာချုပ်များ ပြုလုပ်ခဲ့၏။ ယင်းသို့ ဟန်ဆောင် အလှဲစာချုပ်များ ပြုလုပ်သည်မှာ၊ အယူခံတရားလို မူလက ဝယ်ယူ ထားသည်ကို နိုင်ငံတော် သမတက ပယ်ဖျက်ပြီး၊ ပစ္စည်းများကို သိမ်းယူမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

အထက်ဖေါ်ပြပါအခြေအနေတွင်၊ အယူခံတရားလို၏ အဆိုကို သတ္တုချကြည့်သော် ၎င်းကမိမိသည်၊ ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်ရေး) အက်ဥပဒေကို ချိုးဖေါက် ပြီးလျှင်၊ အမှုပါပစ္စည်းများကို ဝယ်ယူခဲ့ကြောင်း၊ ယင်းသို့ ဝယ်ယူပြီးနောက်၊ ထို ဥပဒေအရ တရားစွဲဆိုခြင်း၊ ဝယ်ယူသည်ကိုဖျက်သိမ်းခြင်း၊ ပစ္စည်းကို သိမ်းယူခြင်း ဟူသော ဆိုးကျိုးများမှ အကာအကွယ် ရရှိရန်၊ ကိုကျော်စိန်အားငင်း၊ ထို့နောက် အယူခံတရားခံအားငင်း ဟန်ဆောင်အဖြစ် ထိုပစ္စည်းများကို လွှဲပြောင်းခဲ့သဖြင့်၊ ထိုပစ္စည်းများသည်၊ မိမိပိုင်ဆိုင်ကြောင်း ထင်ရှားစေရန် တရားစွဲဆိုခြင်း ဖြစ်သည်။ ယင်းကဲ့သို့ဥပဒေကို ချိုးဖေါက်ပြီး၊ ဝယ်ယူရရှိသူက မိမိပိုင်ဆိုင်ကြောင်း ထင်ရှား စေရန် တရားစွဲဆိုသည်ကို တရားရုံးက လက်ခံအနိုင်ပေးရန် မဖြစ်နိုင်ခေ။ အကယ်၍၊ လက်ခံအနိုင်ပေးလျှင်လည်း၊ စီးပွါးရေး အခြေ အနေအရ၊ ပြည်ထောင်စု သားများ မရွှေပြောင်းနိုင်သည့် ပစ္စည်းများ လက်လွှတ်ကြရသည်ကို ကာကွယ်သည့် အနေဖြင့် ပြဋ္ဌာန်းထားသော အက်ဥပဒေကို ချိုးဖေါက်ပြီး၊ ဝယ်ယူသည့် နိုင်ငံခြားသားများကို အားပေးကူညီရာ ကျပေလိမ့်မည်။

ထိုမှတပါးလည်း၊ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရသက်သာခွင့်မှာ မူလက အီကွီတီ (Equity) ရုံးများမှပေးသော သက်သာခွင့်မျိုးဖြစ်၍၊ ထိုသို့သော သက်သာခွင့်မျိုးကို တောင်းဆိုသည့် အမှုသည်တရားလိုသည်၊ အပြစ်ကင်းစင်ရပေမည်။ ယခုမူကား၊ အက်ဥပဒေကို ချိုးဖေါက်ပြီးနောက် ထိုသို့ချိုးဖေါက်၍ရသော အခွင့် အရေးများကို ထင်ရှားစေရန်အတွက် တရားစွဲဆိုခြင်းဖြစ်သည်။

အထက်ဖေါ်ပါအကြောင်းများကြောင့် တကြောင်း၊ သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရလည်း၊ တရားရုံး၏ သဘောအတိုင်းသာလျှင် ယခုတရား

စွဲဆိုသော သက်သာခွင့်မျိုးကို ပေးမည်ဖြစ်သည်တကြောင်းတို့ကြောင့် အယူခံကို ပလပ်ရပေမည်။

ဒုတိယအချက်နှင့်စပ်လျဉ်း၍ အထူးဝေဘန်ရန် မလိုတော့ပေ။ သို့သော် ခရိုင် တရားမရုံးကိုးကားသော ဦးတောနှင့် ချစ်တီးနတ်ဘမ် အမှု (၁) အဆုံးအဖြတ်ကို ချစ်တီးနတ်ဘမ်နှင့် ဦးတောအမှု (၂) တွင်၊ ပယ်ဖျက်ပြီးဖြစ်ကြောင်း ဖေါ်ပြလိုက်သည်။

အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ကျိုးဒွေနေခမှာ ငွေ ၁၀၀ ကျပ် ဖြစ်စေရမည်။

၁၉၆၃

ဦးမောင်သို့ (ခေါ်)အေ၊ အမ်၊ အိုးမာန့်နှင့် ဝီ၊အေ(လ်)၊ ကေ၊ ကာစီချန်တီးယား (ခေါ်) ဦးကာစီ။

---

(၁) ၁၉၅၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ ၃၆။

(၂) ၁၉၅၇ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာ ၅၆။

တရားမအထွေထွေအမှု

စာရားသူကြီးချုပ် ဦးအိုကြီးနှင့် ထရုံးသူကြီး ဦးစံမောင်တို့ရှေ့တွင်။

ဦးဝဲလူး (လျှောက်ထားသူ)

နှင့်

ဦးဟာမက်ကိုက် ပါ ၃ (လျှောက်ထားခံရသူများ) *

၁၉၆၃ ခု
မေလ ၆ ရက်။

မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁)၊ (၂) နှင့် (၃) လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန်က မိမိ၌မရှိသော အာဏာများကို အသုံးပြုခြင်း၊ တရားရုံးများကသာ ချမှတ်နိုင်သော အမိန့်များကို ချမှတ်ခြင်း အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ခြင်းကဲ့သို့။

လက်ထောက်ဌါးရမ်းခကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်တဦးက အိမ်အသစ် ဆောက်လိုသဖြင့် ငှင်း၏လျှောက်ထားချက်အရ၊ အိမ်ဌါးများကို ဖယ်ရှားစေရန် အမိန့်ချမှတ်ပြီး၊ အိမ်ရှင်အား ပုဒ်မ ၁၂ (၁) (ဂ) တွင် အိမ်ရှင်က ချုပ်ဆိုသည့်ခံဝန်ချုပ်မျိုးကို ချုပ်ဆို စေခဲ့သည်။

အိမ်သစ်ဆောက်ပြီးသည့်နောက်၊ ဖယ်ရှားခံရသော အိမ်ဌါးများက၊ အိမ်ရှင်သည် ခံဝန်ချုပ်ကို မလိုက်နာဟုဆိုခါ ပုဒ်မ ၃၇ (၁) အရ၊ အရေးယူရန် လျှောက်ထားရာ၊ အဆိုပါအရာရှိက အိမ်ဌါး များကို မူလအတိုင်း နေရာပြန်လည်ချထားစေရမည်ဟု အမိန့်ချမှတ်ခဲ့လေသည်။

ထိုအမိန့်ကို မကျေနပ်၍၊ အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ရန်၊ အိမ်ရှင်က တရားရုံးချုပ်သို့ လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။အမှုတခုလုံးဖြုံ့၍ကြည့်လျှင်၊ လက်ထောက်မြို့ပြဆိုင်ရာ၊ အိမ်ဌါးမြေဌါးအရာ ရှိသည်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ တွင်၊ တရားရုံးများသို့ အပ်နှင်းထားသည့် အာဏာများကို၊ မိမိတွင် အာဏာလုံးဝမရှိဘဲ၊ အသုံးပြုခါ၊ ပုဒ်မ ၁၂ (၁) (ဂ) အရ၊ ခံဝန်ချုပ်ကို၊ ချုပ်ဆိုစေခြင်း၊ ထို့နောက်၊ ထိုခံဝန်ချုပ်ပျက်ကွက်မှုကြောင့်၊ ပုဒ်မခွဲ (၃) အရ၊ တရားရုံးများကသာလျှင်၊ ချမှတ်နိုင်သည့်အမိန့်ကို၊ ချမှတ်ခြင်းများပြုခဲ့၏။ ထင်းသို့ အာဏာအလျဉ်းမရှိဘဲ၊ ချမှတ်သည့်အမိန့်ကို၊ အမှုခေါ် စာချွန်တော်အမိန့်ဖြင့်၊ ပယ်ဖျက် လိုက်ခြင်း ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဦးအေးမောင်။

လျှောက်ထား ခံရသူ အမှတ် ၃ အတွက်။ ။ဦးလှမောင် (အစိုးရရှေ့နေကြီး)။

---

* ၁၉၆၃ ခုနှစ်၊ စာရားမ အယူလျှောက်လွှာအမှတ် ၂၄။

† အမှုခေါ် စာချွန်တော်အမိန့်၊ ထုတ်ပြန်ရန် လျှောက်ထားသောလျှောက်လွှာ။

တရားသူကြီး ဦးစံမောင်။ ။ကျွန်အမှုတွင်၊ လျှောက်ထားသူ ဦးဝဲလူးက၊ လျှောက်ထားခံရသူ အမှတ် (၃) ဖြစ်သော လက်ထောက်မြို့ပြဆိုင်ရာ အိမ်ဌါနမြေဌါး အရာရှိ၏ ၁၉၆၂ ခုနှစ်၊ အထွေထွေမူ အမှတ် ၃ တွင်၊ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့စွဲဖြင့်၊ ချမှတ် ထားသည့် အမိန့်ကို အမှုခေါ် စာချွန်တော်အရ၊ ပယ်ဖျက်ရန် လျှောက်ထား လေသည်။

ဦးဝဲလူး နှင့် ဦးဟာမက်ကိုက် ပါ ၃။

အမှုအဖြစ်အပျက်ကို အဆိုပါ အမိန့်တွင်၊ အကျယ်တဝင့် ဖော်ပြပြီး ဖြစ်သဖြင့်၊ အကျဉ်းအားဖြင့်သာ ယခုဖော်ပြရန် လိုပေသည်။ လျှောက်ထားသူ ဦးဝဲလူးသည် မိတ္ထီလာမြို့ အလွှဲပြောင်ရပ်ကွက်ရှိ ဦးပိုင်အမှတ် ၇၉ (က) နှင့် (ခ) အိမ်ယာ မြေပေါ်တွင်၊ ဝါးတန်းလျှားကြီး တခုကို ဆောက်လုပ်ထားပြီးနောက်၊ လျှောက်ထား ခံရသူ အမှတ် (၁) ဦးဟာမက်ကိုက်နှင့်၊ လျှောက်ထား ခံရ သူအမှတ် (၂) ဒေါ်အေးတင် တို့အား ၂ ခန်းစီတဲလျက် ငှါးရမ်းနေထိုင်စေခဲ့၏။ ထိုနောက် ထိုတန်းလျားကြီးကို ဖျက်ပြီး အုတ်တိုက်အသစ်တခု ဆောက်လိုသဖြင့်၊ ဦးဝဲလူးသည် ဦးဟာမက်ကိုက်နှင့် ဒေါ်အေးတင်တို့အား၊ ထိုတန်းလျားမှ ဖယ်ရှားပေးရန်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဃ) အရ၊ လက်ထောက်မြို့ပြ ဆိုင်ရာ အိမ်ဌါး မြေဌါး၊ အရာရှိ (နယ်ပိုင်ဝန်ထောက်) ထံသို့၊ လျှောက်ထားလေသည်။ ဦးဝဲလူး၏ လျှောက်ထားချက်အရ၊ ထိုအရာရှိက ၎င်း၏ ၁၉၆၁ ခုနှစ်၊ အထွေထွေမူ အမှတ် ၁၁ တွင်၊ ဦးဝဲလူးအား၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (ဇ)တွင်၊ အိမ်ရှင်က ချုပ်ဆိုရသည့်စာချုပ်မျိုးကိုးချုပ်စေပြီး၊ဦးဟာမက်ကိုက်နှင့် ဒေါ်အေးတင် အား၊ ဖယ်ရှားပေးရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ ခံဝန်ချုပ်ထဲတွင်၊ ဦးဝဲလူးက မိမိ ဆောက်လုပ် လိုသော အိမ်ကို ၉ လအတွင်း ပြီးအောင် ဆောက်ပါမည်။ ယင်းသို့ ဆောက်ပြီးနောက်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အရာရှိက သင့်တော်သည် ဆိုသော၊ အိမ်လခဖြင့် ဦးဟာမက်ကိုက်နှင့် ဒေါ်အေးတင်တို့အား၊ ၂ ခန်းစီ ပြန်လည် နေရာချထား ပေးပါမည်။ အကယ်၍ စာချုပ်ပါ၊ စည်းကမ်းချက်များ ပျက်ကွက် ပါလျှင်၊ ဘဏ္ဍာတော်အပြစ် ငွေ ၂,၀၀၀ ကျပ် ဆုံးရှုံးခံပါမည်ဟူ၍ ဖော်ပြထားသည်။

ထို့နောက်၊ ဦးဟာမက်ကိုက်နှင့် ဒေါ်အေးတင်တို့သည်၊ အချင်းဖြစ် မြေပေါ်မှ ဖယ်ရှားပေးခဲ့၍၊ ဦးဝဲလူးသည်လည်း ၂၀,၀၀၀ ကျပ်တန် တိုက်တန်းလျား တခုကို၊ ထိုမြေယာပေါ်၌ ဆောက်လုပ်ခဲ့၏။ ယင်းသို့ ဆောက်လုပ်ပြီးသည့်အခါ၊ ဦးဟာမက်ကိုက်နှင့် ဒေါ်အေးတင်တို့က၊ ဦးဝဲလူးအား၊ ကတိရှိသည့်အတိုင်း၊ မိမိတို့အား ၂ ခန်းစီ ပြန်ပေးရန် ပြောကြားသည့်အခါ၊ ဦးဝဲလူးက၊ ၎င်းတို့အား၊ အိမ်လခကို မှန်မှန်ပေးပါမည်။ အိမ်ကို တဆင့် မငှါးပါ စသည့်အချက်များ ပါဝင်သည့် ၆,၀၀၀ ကျပ်တန် ခံဝန်ချုပ် ချုပ်ဆို၍ အိမ်ခန်းများ ပြန်ပေးမည်ဟု ပြောကြားလိုက်၏။ ယင်းသို့ ပြောကြား

၁၉၆၃
ဦးဝဲလူး
နှင့်
ဦးဟာမက်ကိုက်
ပါ ၃။

ခြင်းကို မကျေနပ်၍၊ ဦးဟာမက်ကိုက်နှင့် ဒေါ်အေးတင်တို့က၊ လက်ထောက်မြို့ပြဆိုင်ရာ အိမ်ဌား မြေငှါး အရာရှိထံသို့၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃၇ (၁) အရ၊ ဦးဝဲလူးအပေါ်၌ အရေးယူရန် လျှောက်ထား ခဲ့သည်။ ထိုအခါ၊ အဆိုပါ အရာရှိက ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့စွဲဖြင့်၊ ၎င်း၏ ၁၉၆၂ ခုနှစ်၊ အထွေထွေမှု အမှတ် ၃ ၌ အထက်ပါပြပါ အမိန့်ကို၊ ချမှတ်ခဲ့သည်။

ထိုအမိန့်၌ ဖော်ပြထားသည်မှာ၊ ၎င်းသည် ပုဒ်မ ၁၂ (၁) (ဇ) အရ၊ ခံဝန်ချုပ်ကို ဦးဝဲလူးအား ချုပ်ဆိုစေရန် အမိန့်ပေးနိုင်ကြောင်း။ ယင်းသို့ အမိန့်ပေးနိုင်သည့်အတိုင်း၊ အဆိုပါ ခံဝန်ချုပ်တွင် ထားရှိသည့် ကတိပျက်ကွက်မှုကြောင့်၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂ နှင့် ၃) တို့အရ၊ အမိန့် ချမှတ်နိုင်ကြောင်းပင် ဖြစ်သည်။ ၎င်းက ချမှတ်သည့် အမိန့်မှာ၊ ဦးဝဲလူးသည်၊ မိမိကတိပြုခဲ့သည့်အတိုင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (၂-၃) တို့အရ၊ ဦးဟာမက်ကိုက်နှင့် ဒေါ်အေးတင်တို့ကို၊ မူလအတိုင်း နေရာ ပြန်လည်ချထား စေရမည်ဟူ၍ပင် ဖြစ်သည်။

အမှုတခုလုံး ခြုံ၍ကြည့်လျှင်၊ လက်ထောက်မြို့ပြဆိုင်ရာ၊ အိမ်ငှါး မြေငှါး အရာရှိသည်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ တွင်၊ တရားရုံးမျှားသို့ အပ်နှင်းထားသည့်၊ အာဏာမျှားကို၊ မိမိတွင် အာဏာလုံးဝမရှိဘဲ၊ အသုံးပြုကာ ပုဒ်မ ၁၂ (၁) (ဇ) အရ၊ ခံဝန်ချုပ်ကို၊ ချုပ်ဆိုစေခြင်း၊ ထို့နောက်၊ ထိုခံဝန်ချုပ် ပျက်ကွက်မှုကြောင့်၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၃) အရ၊ တရားရုံးမျှားကသာလျှင် ချမှတ်နိုင်သည့် အမိန့်ကို ချမှတ်ခြင်းမျှား ပြုခဲ့၏။ ယင်းသို့အာဏာအလျှင်းမရှိဘဲ၊ ချမှတ်သည့် အမိန့်ကို ကျွန်ုပ်တို့သည်၊ အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်မျှားသည်၊ မိမိတို့ကုန်ကျသော တရားစရိတ်ငွေမျှားကို၊ အသီးသီး ကျခံစေရမည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထုန်းထင်ရွှေတင်။

ဦးသွင်မောင် (ပြင်ဆင်ရန်လျှောက်ထားသူ) † ၁၉၆၃
ဇွန်လ ၂၉ ရက်။
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

ရာဇဝတ်ကြီးပုဒ်မ ၄၀၃၊ ပစ္စည်းကို အလွဲသုံးစားမှု မည်သည့်အခါ၌ဖြစ်ခြင်း။

လျှောက်သူနှင့် လျှောက်ထားခံရသူတို့မှာ ဖအေတူ မအေကွဲ မောင်နှမများ ဖြစ်လေသည်။ လျှောက်ထား ခံရသူက မိမိသည် အမှုစွဲဆိုရန် လျှောက်သူအား ငွေ ၆,၀၀၀ ကျပ် ချေးပေးလိုက်ရာ၊ အမှုစွဲခြင်း မပြုဘဲ မိမိကိုယ်ကျိုးအတွက် ကွန်တရိုက်အလုပ်တွင် အသုံးပြုနေသည်ဟု စွပ်စွဲကာ၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ တရားစွဲဆိုခဲ့လေသည်။ လျှောက်သူက ငွေ ၅,၉၀၀ ကျပ် ရသည်ကို မငြင်းဘဲ၊ ငွေ ၃,၀၀၀ ကျပ်ကို ရွှေနေအား ပေးရပြီး၊ ရွှေနေ သေဆုံးသဖြင့်၊ တရားစွဲဆိုရန် ဝယ်ထား သော ခေါင်းစဉ်ကူးကို ပြန်လည် ရောင်းရသဖြင့်၊ ငွေ ၂,၃၅၀ ကျပ် ရရှိသည်ကိုလည်း ဝန်ခံလေသည်။ ယူဆအတွက် လျှောက်ထား ခံရသူမှ ခေတ္တ ငွေယူခြင်းသာ ဖြစ်သဖြင့် ရာဇဝတ်ကြောင်း ရာမမြောက်၊ တရားမမှုသာ ဖြစ်သည်ဟု ချေပလေသည်။

သို့ရာတွင် မူလ စစ်ဆေးသော ရုံးသည် လျှောက်သူအား ပုဒ်မ ၄၀၆ အရ အပြစ်ပေးပြီး၊ အယူခံ ရာတွင် အောက် အယူခံရုံးတော်က ပုဒ်မ ၄၀၃ အရ အမိန့်ချမှတ် ပြန်လေသည်။

လျှောက်သူက တရားရုံးချုပ်သို့ ပြင်ဆင်မှု လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။အောက်အယူခံရုံးတော်မှ ဖေါ်ပြခဲ့သည့်အတိုင်း လျှောက်ထားသူသည်၊ တံဆိပ်တော်ခေါင်းများ ရောင်းရငွေ ၂,၃၅၀ ကျပ်ကို လျှောက်ခံရသူ အကြိမ်ကြိမ် တောင်းဆိုသော်လည်း ပြန်လည် ပေးဆပ်ခြင်းမပြုသေးသည်မှာ မငြင်းဆိုနိုင်။ ထိုကြောင့် ထိုငွေများကို မရိုးမဖြောင့်သော သဘောနှင့် အလွဲသုံးစားပြုထားသည်ဟု ဆုံးဖြတ်ခြင်းမှာ မှန်ကန်လေသည်။

အင်၊ အင်၊ ဘကျော်ဂျီနှင့် ဘုရင်မင်းမြတ်။ အေ၊ အိုင်၊ အာ ၁၉၃၅ (ရန်ကုန်) စာမျက်နှာ ၄၅၃ ကို ရည်ညွှန်းသည်။

ထို့ပြင် အမှုမှာ တရားမမှုသာ ဖြစ်ပါသည် ဟူသော ပြဆိုချက်ကိုလည်း လက်ခံခြင်း မပြုနိုင်။ ဘုရင်မင်းမြတ်နှင့် ဘာရမ်ဂျီ အေ၊ အိုင်၊ အာ ၁၉၂၈ (ဘုံဘော) စာမျက်နှာ ၁၄၈ ကို ရည်ညွှန်းသည်။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင် ၈၃ (ခ)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၃၉ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဇေဖေါ်ဝါရီလ ၂၈ ရက်နေ့စွဲပါ၊ ပဲခူးမြို့ စက်ရွင် တရားသူကြီး၏ အမိန့်ကို ပြန်၍ ပြင်ဆင်မှု။

၁၉၆၃

ပြင်ဆင်ရန် လျှောက်ထားသူ အတွက်။ ။ဦးထွန်းမောင်။

ဦးဆွေမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ပြင်ဆင်ရန် လျှောက်ထားခံရသူ အတွက်။ ။ဦးမြန့်စိုလွိုင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ၊ ပဲခူးမြို့၊ ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမူ အမှတ် ၄၅ တွင်၊ လျှောက်ထားသူပေါ်၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ ပြစ်မှုတွေ့ရှိ၍၊ ဒဏ်ငွေ ၁,၀၀၀ ကျပ် ဆောင်ရန်နှင့် မဆောင်နိုင်က၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၉ လ ကျခံစေရမည်ဟု ပြစ်ဒဏ် စီရင်ခဲ့ခြင်းကို၊ ပဲခူးမြို့၊ စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၉ တွင် အယူခံ ဝင်ရောက်သည်တွင် လျှောက်ထားသူသည်၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၃ အရသာ ပြစ်မှု ကြေးလွန်ခြင်း ဖြစ်သည်ဟု ပြင်ဆင် သတ်မှတ်၍၊ ထိုပြစ်မှုတွက်၊ အောက်ရုံးတော်မှ ချမှတ်သည့် ဒဏ်ငွေ ၁,၀၀၀ ကျပ်၊ သို့မဟုတ် ထောင်ဒဏ် ၆ လ ကျခံစေရမည်ဟု အမိန့်ချမှတ် ပြန်သဖြင့်၊ မကျေနပ်သောကြောင့်၊ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်ပေသည်။

အမှုကြောင်းရာ လိုရင်းကို ဖော်ပြရမူ၊ လျှောက်ထားသူနှင့် လျှောက်ထား ခံရသူ ဒေါ်ခင်မြင့်တို့မှာ၊ ဖအေတူ မအေကွဲ မောင်နှမများ ဖြစ်၍ လျှောက်သူမှာ၊ ၎င်း၏ ဘခင် ကွယ်လွန်သူ ဦးဘိုးကျော့က၊ ဒုတိယ ဇနီးနှင့် ရရှိသည့် သားဖြစ်ပြီး၊ လျှောက် ခံရသူ ဒေါ်ခင်မြင့်နှင့် ညီမ မလှမြင့်တို့မှာ ဦးဘိုးကျော့၏ တတိယ ဇနီးနှင့် ရရှိသည့် ခလေးများဖြစ်၍၊ ဦးဘိုးကျော့ ပဌမ ဇနီးနှင့် ရရှိသည့် သားမှာ မောင်တင်အောင် ဖြစ်လေသည်။

ဦးဘိုးကျော့ သေဆုံးပြီးနောက်၊ ၎င်းမိုင် ရွှေပြောင်းနိုင်သည့် ပစ္စည်းများကို သားချင်း အမွေစား များအား ဝေချမ်းပြီး ဖြစ်သော်လည်း၊ မရွှေပြောင်းနိုင်သည့် ပစ္စည်းများကိုမူ၊ သားအကြီး မောင်တင်အောင်က အုပ်ထိန်းထားသည်ဆိုသည်။ ထို့တွက်၊ ၎င်းပစ္စည်းများကို ခွဲဝေရရှိရန် တိုင်ပင်ကြသည်တွင်၊ လျှောက်ထားသူ စီစဉ် တိုက်တွန်းချက်အရ၊ လျှောက်ခံရသူက၊ ညီမ မလှမြင့်ထံမှ စိန်လက်စွပ်ကို ငွေ ၆,၀၀၀ ကျပ်နှင့် ပေါင်ပြီး၊ တရားစွဲဆိုရန်နှင့် ထိုငွေတွက် ကျသင့်သည့် အတိုးကို၊ ၎င်းထို့ ညီတူ ညီမှု ကျခံရန် သဘောတူညီသည့်အတိုင်း၊ လျှောက်ခံရသူက လက်စွပ်ကို ပေါင်၍ ငွေ ၆,၀၀၀ ကျပ်ကို လျှောက်သူသို့ အမှုခင်း စွဲဆိုရန် ၁၉၅၈ ခုနှစ်ခန့်က ပေးအပ်လိုက် သည်ဆိုကြောင်း။ ထို့ခေနာက်၊ လျှောက်ထားသူက၊ အမှုစွဲဆိုခြင်းမပြု၊ ငွေကို ပြန်ပေး ရန် လျှောက်ခံရသူက တောင်းခဲ့သော်လည်း ပြန်မပေးဘဲ၊ မိမိကိုယ်ကျိုးတွက် ကွန်ထ ရိုက်အလုပ်တွင် အသုံးပြုနေသဖြင့် လျှောက်ခံရသူက၊ လျှောက်သူအား ရာဇသတ်ကြီး ပုဒ်မ ၄၀၃ အရ၊ ဦးထိုက် လျှောက်ထား စွဲဆိုခဲ့ခြင်း ဖြစ်ပေသည်။

၁၉၆၃

ဦးသုခ်မောင်နှင့် ပြည်ထောင်စုပြန်မှာနှိုင်ငံ။

လျှောက်ထားသူကမူ၊ ငွေ ၆,၀၀၀ ကျပ် တခါတည်း ရရှိသည်ကို ငြင်းဆိုပြီး၊ မိမိအား ငွေ အလိလိ ပေးခဲ့ရာ၊ ပေါင်းငွေ ၅,၉၀၀ ကျပ်သာ ရရှိကြောင်း။ ထိုငွေနှင့် အရောင်းခံရသူ ရန်ကုန်မြို့ မြေနေကွင်းအား ငါးရပ်သည့်အတွက် ငွေ ၃,၀၀၀ ကျပ် ပေးရမြဲ၊ မကြာမီ မြေနေ လေထုံသွေးသဖြင့် အရောင်းမခံရရာ၊ ဆက်လက် ရောင်းချရန် ရန်ပုံငွေသည် ငွေမလုံလောက်သဖြင့်၊ အရောင်းခံရသူ ဝယ်ထားသည့် အိမ်ဖော်ခေါင်းစက္ကူများကိုပင် ပြန်လည် ရောင်းလိုက်ရသဖြင့်၊ ငွေ ၂,၃၅၀ ကျပ် ရရှိသည်ကို ဝန်ခံပေသည်။ သို့သော် လျှောက်ထားသူက၊ လျှောက်ခံရသူအား၊ အတိုးတွက် ငွေများ အလိလိပေးခဲ့ရသေးကြောင်းနှင့် ကျန်ငွေ အနည်းငယ်တွက်ကိုမူ၊ မိမိမအားလပ်သဖြင့် စာရင်း မရှင်းနိုင်သေးခြင်းသာဖြစ်သဖြင့်၊ အငြင်းပွါးချက်မှာ၊ အယူခံတရားခံထံမှ ခေတ္တ ငွေယူခြင်းသာ ဖြစ်သဖြင့်၊ ရာဇဝတ်ကြောင်းရာ မမြောက် တရားမမူသာ ဖြစ်ပါသည်ဟု ချေပလေသည်။ သို့သော် သက်သေခံချက်များအရ၊ မူလစစ်ဆေးသည့် ရုံးတော်မှ လျှောက်ထားသူသည်၊ ငွေ ၃,၀၅၀ ကျပ် တွက် ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ ပြစ်မှုကြူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍၊ ပြစ်ဒဏ် စီရင်ခဲ့သည်ကို၊ ပဲခူးခရိုင် စက်ရှင်ရုံးတော်မှ အယူခံဝင်ရာတွင် အထက်က ဖေါ်ပြခဲ့သည့်တိုင်း၊ လျှောက်ထားသူသည်၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၃ အရသာ ပြစ်မှု ကြူးလွန်သည်ဟု ပြင်ဆင် အမိန့် ချမှတ်ခဲ့လေသည်။ သို့ပေဖြားလည်း၊ လျှောက်ထားသူက၊ ယခုပြင်ဆင်မှု တင်သွင်းရာဝယ်၊ အောက်အယူခံရုံးမှ ငွေများကို လျှောက်ထားသူ ရယူခဲ့ခြင်းမှာ၊ ယုံမှတ် အပ်နှံထားသောကြောင့် ဖြစ်သည်။ ထို့မဟုတ် ခေတ္တ ချေးငှါး ရယူခဲ့ခြင်းသာ ဖြစ်သည် ဆိုခြင်းမှာ ဒို့ဘ သံသယဖြစ်နေကြောင်း ထင်ရှားသဖြင့်၊ ထိုသံသယ အကျိုးကို လျှောက်ထားသူသည်သာ ခံစား ထိုက်သည်ဖြစ်ပြီ၊ မူပြစ်မှုကြောင်းရာအရ၊ အမှုမှာ တရားမမူသာ ဖြစ်ပါသဖြင့်၊ လျှောက်ထားသူ ဖေါ်ပြစ်မှု တွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းထို့မှာ၊ မှားယွင်း နေပါသဖြင့် ပယ်ဖျက်ပါမည့်အကြောင်း လျှောက်ထားလေသည်။

သို့ရာတွင် ယခုအမှုနှင့် ပတ်သက်၍၊ အယူခံရုံးမှ လျှောက်ထားသူပေါ်၊ ပစ္စည်းကို မရိုးမဖြောင့်သော သဘောနှင့် အလွဲသုံးစားမှု ဖြစ်သည့် ရာဇသတ်ကြီး ပုဒ်မ ၄၀၃ အရသာ ပြစ်မှု တွေ့ရှိသည်ဟု ယူဆ၍ အပြစ်ဒဏ် စီရင်ထားခဲ့ရကား၊ ထိုသို့ ပြစ်မှု တွေ့ရှိခြင်းမှာ မူပြစ်ကြောင်းရာများအရ၊ မှားယွင်း ချုတ်ချော်ခြင်း ရှိ မရှိသာ ဤရုံးတော်မှ ပြင်ဆင်သည့် ရုံး အနေနှင့် အရေးယူ သုံးသပ်ခွင့် ရှိပေတော့သည်။ ထို့တွက်ကြောင့်းအချက်နှင့် ပတ်သက်၍ ဆင်ခြင်သော်၊ အောက်အယူခံရုံးတော်မှ ဖေါ်ပြခဲ့သည့်တိုင်း၊ လျှောက်ထားသူသည်၊ လွန်ခဲ့သည့် တနှစ်ခန့်က၊ ထံဆိပ်ခတ်ခေါင်း စက္ကူများ ရောင်းရငွေ ၂,၃၅၀ ကျပ်ကို လျှောက်ခံရသူများက အကြိမ်ကြိမ် တောင်းဆိုသော်

၁၉၆၃

ဦးသုခ်မောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

လည်း၊ ပြန်လည် ပေးအပ်ခြင်း မပြုသေးကြောင်းကို မငြင်းဆိုနိုင်ရကား၊ အင်၊ အင်၊ ဘဂျော်ဂျီ နှင့် ဘုရင်မင်းမြတ် (၁) စီရင်ထုံးတွင်၊

> **"Where a person makes use of money belonging to another without the latter's consent, and contrary to the purpose for which possession thereof has been given by the latter to the former, the intention of the person so making use of that money must *prima facie* be dishonest within the meaning of S. 24."**

ပြဆိုချက်အရ၊ လျှောက်သူသည်၊ ထိုငွေများကို မရိုးမဖြောင့်သော သဘောနှင့် အလွဲသုံးစားခြင်းပြုထားသည်ဟု အယူခံရုံးတော်မှ ယူဆဆုံးဖြတ်ထားခြင်းမှာ၊ မှန်ကန်သည်ဟု လက်ခံရပေမည်။

တဖန် လျှောက်ထားသူ တွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီးက၊ လျှောက်ထားသူသည်၊ လျှောက်ခံရသူ စွဲဆိုသကဲ့သို့ ငွေ ၆,၀၀၀ ကျပ်ကို ရရှိခဲ့ခြင်း မရှိကြောင်း ထင်ရှားသည့်ပြင်၊ လျှောက်ထားသူကလည်း ငွေအချို့ အလဲလဲပြန်ပေးကြောင်း ထောက်ခံချက် ရှိသဖြင့်၊ ငွေ အပေးအယူနှင့် ပတ်သက်၍သာ အငြင်းပွါးခြင်းဖြစ်သောကြောင့် အမှုမှာ တရားမမှုသာ ဖြစ်ပါသည်ဟု ပြဆိုချက်နှင့် ပတ်သက်၍၊ ဘုရင်မင်းမြတ် နှင့် ဘာရမ်ဂျီ၊ ဂျင်ဆက်ဂျီ၊ ချဲဝါလာ (၂) အမှုတွင်၊

> **"In a case of criminal misappropriation it is sufficient if the prosecution establishes that some of the money mentioned in the charge has been misappropriated by the accused, even though it may be uncertain what is the exact amount so misappropriated."**

ဟုပြဆိုထားရကား၊ ယခုအမှုမှာ၊ လျှောက်ထားသူ ပြဆိုသကဲ့သို့ တရားမမှုသာ ဖြစ်ပါသည်ဟု သဘောတူညီ လက်ခံနိုင်ရန် မဖြစ်ပေ။ ထို့တွက်၊ ယခုပြင်ဆင်မှုတွင်၊ လျှောက်ထားသူ ကိုးကား တင်သွင်းခဲ့သည့် အချက်တို့မှာ အောက်အယူခံရုံးတော်မှ ချမှတ်ခဲ့သည့် အမိန့်သည်၊ ဥပဒေအရ မှားယွင်း ချုတ်ချော်ခြင်း ရှိနေသဖြင့်၊ ပြင်ဆင်သင့်ကြောင်း မည်သို့မျှ မတွေ့ရှိရသဖြင့်၊ ယခုလျှောက်လွှာကို ခွင့်ပြု လက်ခံနိုင်ရန် မဖြစ်သဖြင့်၊ ပယ်ရပေမည်။

ဖော်ပြပါ အကြောင်းများကြောင့်၊ ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ် လိုက်သည်။

---

(၁) အေးအိုင်းအာ(ရှ်)၊ ၁၉၃၅၊ ရန်ကုန်၊ ၈၁ ၄၅၃။

(၂) အေးအိုင်းအာ(ရှ်)၊ ၁၉၂၈၊ ဘုံဘေ၊ ၈၁ ၁၄၈။

တရားမအယူခံ

တရားသူကြီး ဦးထွန်းတင်ရွှေဘုံ။

အော်ဘင်ထရေဒင်ကုမ္ပဏီ † ၁၉၆၃
ဇွန်လ ၁၅ ရက်။
နှင့်
ယူနိုက်တက်လိုင်းနား အော့ဂျင်စီ အော့(ဖ်)ဘားမားလီမိတက် ပါ ၂ *

ရေလမ်းခရီးဖြင့် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ ပစ္စည်းများ မပေးအပ်သည့်အတွက် တရားစွဲရန် ကာလစည်းကမ်းသတ်အချိန်မည်သည့်နေ့မှစ၍ ရေတွက်ရန် သင့်ခြင်း။

တရားလိုသည်၊ သံချောင်းလုံးများကို ဟောင်ကောင်မှ မှာယူရာ၊ တရားခံ ကုမ္ပဏီပိုင်သင်္ဘောနှင့် ပို့လိုက်ရာ၊ သင်္ဘော ရောက်ရှိသော်လည်း ပစ္စည်းများကို မရရှိသဖြင့် တရားစွဲဆိုလေသည်။ အမှုဌ် ကာလစည်းကမ်းသတ် ကာလနှင့် ပတ်သက်၍ အငြင်းပွါးရာ တရားလိုများက ထိုကာလတွင် တရားခံများက ကုန်များကို ရှင်းလင်းပေးရန် စာပေး စာယူဖြင့် စေ့စပ်နေသည့် ကာလမပါဝင်ဘဲ၊ ပေးဆိုရန် အတိအလင်း ငြင်းဆိုသည့်နေ့မှသာစ၍ ရေတွက်သင့်သည်ဟု လျှောက်ထားလေသည်။

အောက်ရုံးက တရားလိုများသည် ကာလစည်းကမ်းသတ်အချိန် ကျော်လွန်မှ စွဲဆိုခြင်း ဖြစ်သည်ဟု ဆုံးဖြတ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ဥပဒေ အပိုဒ် (၃၁) အရ၊ ပစ္စည်းများကို ပေးအပ်သင့်သည့် အချိန်ဟု ဆိုရာ၌၊ သင်္ဘော ဆိပ်ကမ်းမှ ထုတ်ခါသည့်နေ့မှစ၍ ရေတွက်ရန် ဖြစ်လေသည်။ ထို့ကြောင့် အမှုကို ထိုနေ့မှတနှစ်အတွင်း စွဲဆိုရန် ဖြစ်သည်။ စာပေး စာယူ ဆက်သွယ်ခြင်းမပြတ်ခဲ့သဖြင့်၊ ကာလစည်းကမ်းသတ်အချိန် ထိခိုက်ခြင်းမရှိပါ ဟူသော လျှောက်ထားချက်ကို လက်မခံနိုင်။

Jugal Kishore v. *G.I.P. Ry. Company & another*, A.I.R. (1923) All., pp. 22 and 24 ကို ရည်ညွှန်း၍ ခွဲခြားပြသည်။

Chian Siam Line by their Local Agents Chip Hwat v. *Nay Yi Yi Store*, (1954) B.L.R., p. 270 and *East and West Steam Ship Co.* v. *S. K. Ramalingam Chettiar*, A.I.R. (1960) Supreme Court, p. 1058 ကို ရည်ညွှန်း၍ လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။ဦး ဩ။

အယူခံတရားခံအတွက်။ ။မစ္စတာ မွန်တေးရိုး။

---

* ၁၉၆၁ ခုနှစ်၊ တရားမ ပဌမအယူခံမှု အမှတ် ၆၈။

† ၁၉၅၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၅၃ တွင် ၃၀-၆-၆၁ နေ့စွဲပါ၊ ရန်ကုန်မြို့တော် ဒုတိယ တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

ဒေါင်ထရေဒင် ကုမ္ပဏီနှင့် ယူနိုက်တက် လိုင်းနားအော ကွင်စီအော့(ဇ်) ဘားမား လီမိတက် ပါ ၂။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ၊ အယူခံတရားလို အောင်ထရေဒင် ကုမ္ပဏီမှာ၊ ရန်ကုန်မြို့ တရားမရုံး၊ ၁၉၅၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၅၃ တွင်၊ တရားလိုအဖြစ်၊ အယူခံတရားခံများဖြစ်သူ သဘော်ကုမ္ပဏီနှင့် ရန်ကုန်မြို့ရှိ သဘော်ကိုယ်စားလှယ်များအပေါ်၊ တရားခံများအဖြစ် ၎င်းတို့ကုမ္ပဏီအတွက် ဟောင်ကောင်မြို့မှ၊ ၁၉၅၇ ခုနှစ်၊ မေလက၊ ၅/၁၆" × ၁၀′ − ၂၀′ အရွယ်အစားရှိ၍၊ ၆ တန်လေးသည့် သံချောင်းလုံး အထုပ် ၆၀ ကို၊ ဒုတိယ အယူခံတရားခံ သဘော်ကုမ္ပဏီပိုင် "အင်မ်၊ ဗွီ၊ ဘရာဒီဘရက်" သဘော်နှင့် တင်ပို့ခဲ့ရာ၊ ထိုသဘော်သည်၊ ရန်ကုန် ဆိပ်ကမ်းသို့ ဇွန်လတွင် ဆိုက်ကပ်၍ ပစ္စည်းများ ချခဲ့သော်လည်း၊ မိမိတို့ ပစ္စည်းများကို မရရှိသဖြင့်၊ ထိုပစ္စည်းအတွက် နစ်နာသည့် လျော်ကြေး ငွေပေါင်း ၆,၁၀၀ ကျပ် ရရှိရန် တရားစွဲဆိုခဲ့လေသည်။ ထိုသို့တရားစွဲဆိုရာတွင် အယူခံ တရားလိုများက ပြဆိုသည်မှာ သဘော်သည် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ချိန်မှစ၍၊ ပစ္စည်းများရယူနိုင်ရန် ကြိုးစားခဲ့သော်လည်း မရရှိသဖြင့်၊ ပဌမအယူခံတရားခံထံ၊ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက် နေ့က အကြောင်းကြား၍ စောင့်ဆိုင်းခဲ့ကြောင်း။ ထို့နောက် ပဌမ အယူခံ တရားခံထံမှ၊ ၁၉၅၈ ခုနှစ်၊ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ စာအရ၊အရေးယူ ဆောင်ရွက်နေကြောင်း နောက်ဆုံးစာသာ ရရှိသဖြင့်၊ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင်ရွေ့နေထံမှ ပစ္စည်း၊ သို့မဟုတ် တန်ဘိုးငွေ ၆,၁၀၀ ကျပ်ကို ပေးဆပ်ရန် တောင်းဆိုသောခါမှသာ၊ အယူခံ တရားလိုသည် စည်းကမ်းသတ် အချိန်ကျော်လွန်နေပြီဖြစ်သဖြင့် တောင်းဆိုသည့် တရားခံများက၊ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်၊ မပေးဆပ်နိုင်ကြောင်းနှင့် အယူခံငွေကိုလည်း မရထိုက်ပါဟု ပြန်ကြားသဖြင့်၊ အမှုကို စွဲဆိုရခြင်း ဖြစ်ပါသည်ဟု ဖေါ်ပြလေသည်။

အယူခံ တရားခံများက၊ ၁၉၅၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့စွဲပါ၊ ဒုတိယ အယူခံ တရားခံ ကုမ္ပဏီမှ ထုတ်ပေးခဲ့သည့် သဘော် ကုန်တင် လက်မှတ် (**Bill of Lading**) အရ၊ အယူခံတရားလို ကုမ္ပဏီအတွက်၊ မျဉ်းကြောင်းအနီ အမှတ်အသားပါ၊ သံချောင်းလုံးအထုပ် ၆၀ ကို၊ "ဘရက်ဒီဘရက်" သဘော်နှင့် ယူဆောင်လာ၍၊ ရန်ကုန် ဆိပ်ကမ်း၌၊ ၁၉၅၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် သဘော်မှ ထိုပစ္စည်းအပါအဝင် ပစ္စည်းများကို ချပေးခဲ့ကြောင်း။ သို့သော် အယူခံ တရားလိုများတို့သည်၊ မိမိတို့ တာဝန်ရှိသည့်အတိုင်း၊ ထိုပစ္စည်းများကို သဘော်မှ ချလျှင် ချခြင်း၊ သို့မဟုတ် နောက်နေ့တွင် ရယူနိုင်ရန် ပျက်ကွက်ခဲ့သည့်ပြင်၊ ကုန်မရရှိ ဖပျောက်ဆုံးနေကြောင်းကို၊ ဥပဒေအရ၊ ကုန်ပစ္စည်းများသဘော်မှ ချပြီး၊ ၃ ရက်အတွင်း၊ သဘော်ကိုယ်စားလှယ်ဖြစ်သူ ဒုတိယ အယူခံ တရားခံ ထံသို့ အကြောင်းကြား နို့ တစ်စာ မပေးပို့ခဲ့၊ ကုန်တင် လက်မှတ (**Bill of Lading**) ကိုပင်၊ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်မှ ပေးပို့ခဲ့၍၊

ဟုခု အမှုကို၊ သဘော်မှ ပစ္စည်းများချပြီး၊ ၁ နှစ်ကျော်လွန်မှ စွဲဆိုခဲ့သဖြင့်၊ ယခုအမှုမှာ ကုန်တင် လက်မှတ်ပါ၊ စည်းကမ်းအရနှင့် စည်းကမ်းသတ် ဥပဒေအရ၊ ကာလစည်းကမ်း သတ် ကျော်လွန် နေပြီ ဖြစ်သဖြင့်၊ တရားစွဲဆိုသည့်အတိုင်း ဒီကရီမရထိုက်ပါဟု၊ ချေပ ကန့်ကွက်လေသည်။

ခရုင်ရုံး အောင်ထရေဒင် ကုမ္ပဏီ နှင့် ယူနိုက်တက် လိုင်းနှင့်အော ကျင်စီအော့ (၆) ဘားမားလိမိ တက် ပါ ၂။

ထို့တွက်၊ စစ်ဆေးသည့်ရုံးမှ အောက်ပါကောက်ချက်များကို ထုတ်နုပ်ခဲ့လေသည်။

ISSUES.

1. **Is the Plaintiff firm registered under the Partnership Act ?**
2. **Is the suit barred by limitation ?**
3. **Is the suit bad for misjoinder of parties ?**
4. **Is the 1st Defendant a proper party to the suit ?**
5. **Were the goods referred to in paragraph 1 of the Plaint landed from the m.v. "Bradeverett". If so, is the Shipping Company free from all responsibility ?**
6. **Did the Plaintiffs give notice of loss or damage as required by the bill of lading?**
7. **To what relief if any is the plaintiff entitled ?**

အထက်ပါ ကောက်ချက်များနှင့် ပတ်သက်၍၊ စစ်ဆေးသူ တရားသူကြီးက၊ သက် သေခံချက်များအရ၊ ကောက်ချက် အမှတ် ၁၊ ၃၊ ၄ တို့ကို တရားလိုဖြစ်သူ အယူခံ တရားလိုအတွက် အသာပေး ဖြေဆိုသော်လည်း၊ အရေးပါ၊ အဓိက ကောက်ချက် ဖြစ်သည့်ကာလ စည်းကမ်းသတ် ကျော်လွန်ခြင်း ရှိ မရှိဆိုသည့် တတိယ ကောက်ချက် နှင့် ကျန်အခြား ကောက်ချက်တို့ကို အယူခံ တရားခံများအတွက်အသာပေး ဖြေဆို ရာဝယ်၊ အယူခံ တရားလို၏ အမှုမှာ ကာလစည်းကမ်းသတ် အချိန် ကျော်လွန်မှု စွဲဆိုခဲ့ခြင်း ဖြစ်သည့်ပြင်၊ ကုန်တင် လက်မှတ် (Bill of Lading) စည်းကမ်း သတ်အချက် ၁ အရလည်း၊ အခြင်းဖြစ် ပစ္စည်းများ သယ်ဆောင်လာသည့်သဘော်ဂက၊ ဆိပ်ကမ်းတွင် ချပေးပြီးသဖြင့်၊ ၎င်းတို့မှာ ထိုပစ္စည်းအတွက်၊ နောက်ထပ် တာဝန် မရှိတော့ကြောင်း၊ ထင်ရှားသည်ဆိုပြီး၊ အယူခံ တရားလို စွဲဆိုသည့် အမှုကို စရိတ်နှင့် တကွ ပလပ်လိုက်လေသည်။

ထို့တွက်၊ အယူခံတရားလိုက၊ ယခုအယူခံမှုကို တင်သွင်းရာဝယ်၊ စစ်ဆေးသူ ပညာရှိ တရားသူကြီးသည်၊ အရေးယူ တရားစွဲဆိုနိုင်ရန်၊ စည်းကမ်းသတ်ခွင့်ပြုသည့် တန့်စ် အချိန်ကို၊ ပစ္စည်းများကို မပေးအပ်နိုင်တော့ပါဟု အယူခံ တရားခံများက ပြန်ကြား ခဲ့သည်၊ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍သာ ရေတွက် သင့်ပါလျက်၊ ပစ္စည်း တင်ဆောင်လာသည့် သဘော်ဆိပ်ကမ်းမှ ပြန်လည် ထွက်ခွါသွားသည်၊ ၁၉၅၇ ခုနှစ်၊

၁၉၆၃

အောင်ထရင်
ကုမ္ပဏီ
နှင့်
ယူနိုက်တက်
လိုင်းနားအေ
ကျင်စီအော့(ဖ်)
ဘားမားလီမိ
စက် ပါ ၂။

ဇွန်လ ၉ ရက်နေ့မှစတင် ရေတွက်ပြီး၊ ယခုအမှုမှာ စည်းကမ်းသတ် အချိန်ကျော်လွန်နေပြီးဟု ယူဆ ဆုံးဖြတ်ခဲ့ခြင်းမှာ၊ များစွာ မှားယွင်း ချွတ်ချော်နေသည့်ပြင်၊ အယူခံတရားလိုများ စွဲဆိုသည့် အမှုမှာ၊ သဘော်ဂ က ပစ္စည်းများ ရန်ကုန် ဆိပ်ကမ်းသို့ မရောက်ရှိ လာသောကြောင့်မဟုတ်၊ အခြင်းဖြစ်ကုန်ကဲ့သို့ ထင်ရှားစွာ မှတ်သား ထားခြင်းမရှိသည့် ပစ္စည်းများအတွက်၊ ရန်ကုန် ဆိပ်ကမ်းဥပဒေ လိုအပ်ချက်အရ၊ ပစ္စည်းများကို ကုန်ချသည့် ဆိပ်ကမ်းတွင် မချဘဲ၊ ခရီးသည်များအတွက် ဆိပ်ကမ်းဌာနချခဲ့သဖြင့် သဘော်ဂကိုယ်စားလှယ်သည် မှာယူသူအား အပ်ပေးရန် တာဝန် ဝတ္တရားရှိလျက်၊ ထို့သို့ပေးအပ်ခဲ့ခြင်း မရှိသောကြောင့်၊ အယူခံတရားလိုသည်၊ ၎င်းပစ္စည်းများအတွက် နစ်နာကြေးကို၊ အယူခံ တရားခံများထံမှ ရထိုက်ပါသည်ဟုပြဆိုလေသည်။

အထက်ပါ ပြဆိုချက်များနှင့် ပတ်သက်၍၊ အယူခံ တရားလိုက၊ ပစ္စည်းများ တင်ဆောင်လာသည့် သဘော်ဂ ရန်ကုန်ဆိပ်ကမ်းသို့၊ ဇွန်လတွင် ဆိုက်ကပ်ခဲ့ပြီးမှစ၍၊ အခြင်းဖြစ်ပစ္စည်းများကို ရယူရန် ကြိုးစားခဲ့သော်လည်း မရရှိ၍၊ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်၊ ပဌမအယူခံတရားခံအား အကြောင်းကြားခဲ့သော်လည်း ပြန်စာမရ၊ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင်မှ အယူခံတရားခံထံမှ သက်သေခံ (ဒီ) စာအရ၊ပစ္စည်းများ တွေ့ရှိကြောင်း အကြောင်းကြားသဖြင့်၊ သံလုံးများကို သွားကြည့်ရာ၊ မိမိတို့မှာယူခဲ့သည့် ပစ္စည်းမဟုတ်ကြောင်း။ ကုန်တင် လက်မှတ်တွင် ဖေါ်ပြထားသည့် အတိုင်းအစားနှင့် မကိုက်ညီသည်က ပေါ်လွင်နေသဖြင့်၊ မိမိတို့ ရယူရန် ငြင်းဆိုပြီး ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့က အယူခံတရားခံထံ အကြောင်းပြန်ခဲ့ကြောင်း။ သို့သော် အယူခံတရားခံများက၊ ၎င်းတို့၏ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့စွဲပါ၊ သက်သေခံ(အီး) စာအရ၊ တွေ့ရှိသည့် သံလုံးထုပ် ၅၆ ထုပ်ကို မိမိတို့မှာယူသည့် ကုန်အစား ထုပ်ယူရန်၊ မေတ္တာရပ်ခံ ခဲ့သော်လည်း၊ မိမိတို့က ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့စွဲပါ၊ သက်သေခံ အမှတ် ၂၊ စာအရ ငြင်းဆိုလိုက်ကြောင်း။ ထို့နောက် အယူခံ တရားခံများနှင့် အခြင်းဖြစ်ပစ္စည်းများနှင့် ပတ်သက်၍၊ စာပေး စာယူများ ပြုလုပ်နေ၍၊ အယူခံ တရားခံများ တောင်းဆိုချက်အရ၊ ပစ္စည်းတင် လက်မှတ် (**Bill of Lading**) ကို၊ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့က အယူခံတရားခံများထံ ပေးပို့ခဲ့ကြောင်း။ ထို့နောက် အယူခံတရားခံများက၊ ၎င်းကိစ္စ ဖြေရှင်းရန်နှင့် ပတ်သက်၍ အရေးယူနေကြောင်းကို၊ ၁၉၅၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၄ ရက်နေ့စွဲပါ၊ သက်သေခံ အမှတ် (အင်နှံ) အရ ပေးပို့ရရှိခဲ့ပြီးနောက်၊ အကြောင်းတစုံတရာမှ မသိရသဖြင့်၊ ၁၉၅၈ ခုနှစ်၊ မေလ ၃၁ ရက်နေ့က သက်သေခံ အမှတ် ၇ စာကို၊ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၃ ရက် နေ့ နောက်ဆုံးထား၍ အကြောင်းပြန်ကြားခြင်းမရှိက၊ တရားဥပဒေ အရ အရေးယူမည် ဖြစ်ကြောင်း အကြောင်းကြားခဲ့

သော်လည်း၊ မည်သို့မျှ ပြန်ကြားခြင်း မပြုသဖြင့် ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက် နေ့တွင်၊ သက်သေခံ (အို) ရွှေနေ နို့တစ်စာ ပေးပို့လိုက်သည်တွင်မှ၊ အယူခံ တရားခံများက၊ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက် နေ့စွဲပါ၊ ရွှေနေထံမှ ပြန်စာ နို့တစ်စာ အရ၊ တန်ဘိုး တောင်းဆိုသည်ကို မပေးနိုင်။ စည်းကမ်း သတ် ကျော်လွန်နေပြီး ဖြစ်ကြောင်း အတိအလင်း ငြင်းဆိုလေသည်။ ထိုသို့ အခြင်းဖြစ် ပစ္စည်းများနှင့် ပတ် သက်၍၊ အယူခံ တရားခံများက၊ ရှင်းလင်းပေးရန် အရေးယူ ဆောင်ရွက်ဆဲဖြစ် သည်ဟု ဝန်ခံခဲ့ပြီးမှ၊ တန်ဘိုးကို လျော်ပေးရန်ကို၊ အယူခံတရားခံများက၊ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်မှ အတိအလင်း ငြင်းဆိုခဲ့သဖြင့်၊ ကာလ စည်းကမ်း သတ် အချိန်ကို ထိုနေ့မှသာ စတင် ရေတွက်သင့်ကြောင်းကို ***Jugal Kishore*** **v.** ***G.I.P.RY. Company and another*** (1) စီရင်ထုံးကိုမှီငြမ်းပြု၍၊ အလားတူအမှုမျိုး ဖြစ်ပါသည်ဟု ပြဆိုလေသည်။ သို့သော် ၎င်းစီရင်ထုံးမှာ၊ ယခုအမှုမှာကဲ့သို့၊ ရေလမ်းခရီးဖြင့် ပစ္စည်း သယ်ယူပို့ဆောင်ခြင်းနှင့် မသက်ဆိုင်။ မီးရထားနှင့်ကုန်းလမ်း သယ်ယူပို့ဆောင်ခြင်းအဘက်သာ ဖြစ်သဖြင့်၊ ခြားနားခြင်းရှိနေပေသည်။ အဘယ် ကြောင့်ဆိုသော်၊ ယခုကဲ့သို့အခြားတိုင်းတပါးမှ ရေလမ်းခရီးဖြင့်၊ မြန်မာပြည်တွင်းသို့ ပစ္စည်းမှာယူသည့် အမှုမျိုးတို့သည်၊ **Burma Carriage of Goods by Sea Act** နှင့်သာ အကြုံးဝင်ကြောင်းကို၊ ***Chian Siam Line by their Local Agents Chip Hwat*** **v.** ***Nay Yi Yi Store*** (2) စီရင်ထုံးတွင်၊ အတိအလင်း ပြဆိုထား သောကြောင့် ဖြစ်ပေသည်။ ထိုအက်ဥပဒေအပိုင်း ၃၊ စာပိုဒ် ၆ (**Article III, Clause 6**) ၏ တတိယအပိုဒ်မှာမူ၊ အောက်ပါအတိုင်း ဖြစ်လေသည်။

> **" In any event the carrier and the ship shall be discharged from all liability in respect of loss or damage unless suit is brought within one year after delivery of goods or the date when the goods should have been delivered."**

ယခုအမှုတွင်လည်း၊ အထက်ပါ ပြဋ္ဌာန်းချက်အရပင် သဘောတူညီ၍၊ ပစ္စည်းများကို သယ်ဆောင်လာခဲ့ခြင်း ဖြစ်သည်ကို၊ သက်သေခံ အမှတ် ၈၊ ကုန်တင် လက်မှတ် (**Bill of Lading**) ကျောဘက်ပါ စည်းကမ်းချက်များတွင်၊ စည်းကမ်းချက် အမှတ် ၁၉ တွင်၊ အတိအလင်း ပြဆိုထားလေသည်။ တဖန်၊ စည်းကမ်းသတ် ဥပဒေ **Article** ၃၁ အရ၊ ယင်းကဲ့သို့ အမှုမျိုးတွင်၊ အမှုစွဲဆိုရန် ခွင့်ပြုသည့် စည်းကမ်းသတ် ကာလ အပိုင်းအခြားမှာပစ္စည်းများကို ပေးအပ်သည့် နေ့မှ တန့်စ်အတွင်း ဖြစ်ရမည်ဟု ပြဆိုထားရကား၊ ထိုသို့ စွဲဆိုခွင့် ရှိသည့်စည်းကမ်းသတ် အပိုင်း အခြားဖြစ်သည့် တန့်စ် ကာလကို၊ မည်သည့် နေ့မှစတင် ရေတွက်ရမည်ကိုသာ၊ အဓိက စဉ်းစားရန် ရှိပေသည်။

ဘုရင့်ရေး
အောင်ထရေဒင်
ကုမ္ပဏီ
နှင့်
ဟူနိုက်တက်
လိုင်းနားအော
ဂျင်စီအော့ (၆)
ဘားမားလိမိ
တက် ပါ ၂။

(1) A.I.R. (1923) All., pp. 22 and 24. (2) (1954) B.L.R., p. 270.

၁၉၆၃

အောင်ထရေဒင်
ကုမ္ပဏီ
နှင့်
ယူနိုက်တက်
သိုင်းနွားအေ
ဂျင်စီအော့(စ်)
ဘားမားလိမိ
တက် ပါ ၂။

ငင်းအချက်နှင့် မတ်သက်၍ အယူခံတရားလိုအတွက်လိုက်ပါ ဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီးက၊ အခြင်းဖြစ် ပစ္စည်းများနှင့် မတ်သက်၍၊ အယူခံတရားခံများက၊ ရှင်းလင်းပေးရန် ဆောင်ရွက်ဆဲ ဖြစ်သည်ကို၊ မိမိတို့ထံ အကြောင်းကြားစေ့စပ်ခြင်း ရှိနေသဖြင့်၊ ငင်းတို့က ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် နေ့မှ ပေးဆိုရန်ကိုအတိ အလင်း ငြင်းဆိုသဖြင့်၊ ထိုရက်မှသာ ခွင့်ပြုသည့် တန့်စ်အချိန် ကာလစည်းကမ်းသတ် အပိုင်း အခြားကိုရေတွက်သင့်ပါသည်ဟု အထက်ပေါ်ပြပါ *Jugal Kishore* (1) အမှုကို ကိုးကားလျောက်ထားလေသည်။

သို့သော်၊ ယခုကဲ့သို့ (Carriage of Goods by Sea Act, Schedule Article III, Para 6, Clause 3) အကြုံးဝင်သည့် အမှုမျိုးတွင်၊ ခွင့်ပြုကာလ စည်းကမ်းသတ် အပိုင်းအခြားဖြစ်သည့် တန့်စ်သော အချိန်ကို မည်သည့်နေ့ရက်မှ စတင် ရေတွက်ရမည် ဖြစ်သည်ကို အဆက်ဆက်မှ ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးများကိုပါ ထည့်သွင်း၍၊ ကျယ်ပြန့်စွာ စဉ်းစားခဲ့သည်။ ***East and West Steam Ship Co.*** **v.** ***S. K. Ramalingam Chettiar*** (3) ၏၊ ၁၉၆၀ ခုနှစ်၊ တရားလွှတ်တော်ချုပ် စီရင်ထုံးတွင် အောက်ပါအတိုင်း ရှင်းလင်းပြဆိုဆုံးဖြတ်ခဲ့လေသည်။

> **"Whatever be the proper mode of ascertaining the date when** delivery 'ought to be made' under Art. 31 of the Limitation Act—whether that be the reasonable time for delivery **in the circumstances of the case or the date when after correspondence the carrier intimates its inability to deliver or the date of the final repudiation of the claim on a claim for compensation having been made or in the case of part delivery the date when the bulk of the consignment was delivered—the date when the goods should have been delivered for the purpose of the Third Clause of the 6th paragraph of Art. III of the Carriage of Goods by Sea Act is the date when the ship by which the goods were contracted to be carried has** left the port at which delivery was to be made." (Para 29).
>
> "The arrival at port of the vessel by which the goods have been contracted to be carried being known and the departure **being equally an ascertainable thing and the duty of the carrier being necessarily to complete the delivery before leaving the port, the date by which the delivery should have been made is already a fixed point of time and later correspondence, claims or repudiation thereof can in no way change it." (Para 28).**

(3) A.I.R. (1960) Supreme Court, p. 1058.

ထိုသို့ဆုံးဖြတ်ချက်၌ ၎င်းစီရင်ထုံး စာမျက်နှာ ၁၀၆၅ တွင်၊ တရားဝန်ကြီးမျာ်းက၊ ယခင်က ထိုစည်းကမ်းသတ်အချိန်ကို ရေတွက်ရာ၌၊ တရားခံကုမ္ပဏီကပေးအပ်ရန် နောက်ဆုံးငြင်းဆိုသည့်နေ့ရက်မှသာ၊ စတင် ယူရမည်ဟုဆုံးဖြတ်ခဲ့ခြင်းမှာ၊ မှန်ကန်သည်ဟုမဆိုနိုင်ဟု ဖော်ပြရာတွင် အောက်ပါတိုင်းအကြောင်းပြလေသည်။

၁၉၆၃
အောင်ထရေ၁၄
ကုမ္ပဏီ
နှင့်
ယူနိုက်တက်
လိုင်းနားအော
ဂျင်စီအော့ဖ်
ဘားမားလီမိ
တက် ပါ ၂။

"Most, if not all of the cases which have considered the question of the ascertainment of the date when the goods 'ought to be delivered' for the purpose of Article 31 deal with cases of transport by Railways where no date has been or can be specified in the contract for carriage. We cannot however ignore the fact that the conditions of carriage of **goods by ship** are **essentially different from contracts** of carriage of goods by Railway in one respect, *viz.*, that whereas in contracts of carriage of goods by Railways there is **ordinarily no knowledge as to by which particular train the** goods will be despatched nor is there any undertaking by the Railways as regards such trains, there is ordinarily in contracts of carriage of goods by sea a distinct arrangement that the goods will be shipped by a particular vessel."

တဖန်ဆက်လက်၍ဖော်ပြသည်မှာ—

"But whether the delivery has to be made to the consignee at the ship's side or is made on the quay side there can be little doubt that the carrier's duty is to start the delivery of goods as soon as the ship arrives at the port of destination and to complete the delivery before the ship leaves the port. In a particular case the carrier may not do his duty that cannot however alter the fact of the existence of his duty to complete the delivery between the arrival of the ship at the port and the departure of the ship from the port. If as regards any particular goods this duty remains unperformed at the time when the ship leaves the port there can be no escape from the conclusion that the point of time when the ship leaves the port is the latest point of time by which the goods should have been delivered."

ထိုမှတဆင့်၊ ယခုအမှုမှာကဲ့သို့ သဘော်ထက်ခါပြီးနောက်၊ အခြင်းဖြစ် ပစ္စည်းနှင့် ပတ်သက်၍၊ သဘော် ကုမ္ပဏီနှင့် အခြေ အတင် စာပေး စာယူ ဆက်သွယ်ခြင်း မပြတ်ခဲ့သဖြင့်၊ ကာလစည်းကမ်းသတ် အချိန်ကို ထိခိုက်ခြင်း မရှိပါဟုလည်း မယူဆ

၁၉၆၃

အောင်ထရေဒင်
ကုမ္ပဏီ
နှင့်
ယူနိုက်တက်
လိုင်းနားအေ
ဂျင်စီအော့ဖ်
အာမေးလိမိ
တက် ပါ ၂။

နိုင်ငြောင်းကို၊ အထက်ပါ စီရင်ထုံး စာမျက်နှာ ၁၀၆၇ တွင်၊ အောက်ပါ အတိုင်း ဆက်လက်ပြဆိုထားလေသည်။

"The fact that after this point of time correspondence started between the carrier and the consignee as regards the failure to deliver and at a later point of time the carrier communicates his inability to deliver cannot affect this question. Nor can the ultimate repudiation of any claim that may be made by the shipper or the consignee affect the ascertainment of the date when the goods should have been delivered. The arrival at port of the vessel by which the goods have been contracted to be carried being known and the departure being equally an ascertainable thing and the duty of the carrier being necessarily to complete the delivery before leaving the port, the date by which the delivery should have been made is already a fixed point of time and later correspondence, claims or repudiation thereof can in no way change it."

သို့ဖြစ်ရကား၊ အယူခံ တရားလိုများက၊ အယူခံ တရားခံများကို အခြေးဖြစ် ပစ္စည်းနှင့်ပတ်သက်၍၊ ရှင်းလင်းပေးရန်တာဝန်ယူအကြောင်းကြားခဲ့ပြီး၊ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင်မှ မပေးနိုင်ကြောင်း အတိအလင်း ငြင်းဆိုခြင်း ပြုခဲ့ပါသည်ဟု တင်ပြချက်တို့မှာ၊ မှန်ကန်စေကာမူ၊ ထိုအချက်မှာ အယူခံ တရားလိုတို့ အား၊ မည်သို့မျှ အထောက် အကူ မပြုနိုင်ကြောင်းမှာ၊ အထက်ပါ စီရင်ထုံးပါ ပြဆို ချက်များ အရ၊ ထင်ရှား နေပေသည်။

သို့သော်၊ မြှီရှင်နှင့် မြှီစားတို့ အာမခံသူ၏မျက်ကွယ်တွင်၊ ငှင်းသဘောမတူဘဲ၊ အမှုပြေငြိမ်းရန် သဘောတူညီရုံမျှနှင့် အာမခံသူသည် မိမိခံယူထားသော တာဝန်မှ လွတ်ကင်းသလောဟူသည့် ပြဿနာတရပ်ပေါ် ပေါက်လေသည်။ မြှီရှင်က မြှီစားအား အချိန်ပေးရန်သော်၎င်း၊ တရားစွဲဆိုခြင်းမပြုရန်သော်၎င်း၊ ကတိပြုလျှင် အာမခံသူမသို၊ သဘောမတူက ငှင်းတာဝန်ကင်းလွတ်သည်ဆိုသည့်မူကို နားလည်ဘို့မခဲယဉ်းလှပေ။ ပေါလော့ (ခ်) နှင့် မူလာဆိုသူပါရဂူကြီးများပြုသည့် ရှစ်ကြိမ်မြောက်ထုတ်

---

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၄ ခုနှစ်၊ လာဟို၊ စာ ၄၂၈။
(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၂ ခုနှစ်၊ အာလာဟာဘတ်၊ စာ ၅၀၇။
(၃) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၀ ခုနှစ်၊ ဘုံဘိုင်၊ စာ ၁၁၂။
(၄) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၁ ခုနှစ်၊ ဘုံဘိုင်၊ စာ ၅၅။
(၅) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ ပတ္တနာ၊ စာ ၃၁၃။
(၆) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၄ ခုနှစ်၊ မဒရပ်၊ စာ ၃၄၆။

၁၉၆၃
ဖေါ်ဝိန်လှ
နှင့်
ဦးဇင်တင်
ပါ ၃။

ကျမ်းတွင်၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၃၅ ကို ဝေဘန်ထုတ်၍၊ အဆိုပါမူနှင့်ပတ်သက်၍ အောက်ပါအတိုင်း မြွက်ကြားလေသည်။

"The reason of this rule appears to be that a surety has a right, immediately on the debt becoming due, to insist upon proceedings being at once taken by the creditor against the principal debtor, and any contract that would prevent the creditor from suing him would be inconsistent with that right (s. 139)."

အမှုပြေငြိမ်းခြင်းနှင့် စပ်လျဉ်း၍ကား၊ အမှုပြေငြိမ်းရန် သဘောတူခံမှုဖြင့်၊ အာမခံသူ၏ အကျိုးကိုထိခိုက်ရန် အကြောင်းရှိသည်ဟု တထစ်ချမဆိုနိုင်ပေ။ အမှုအခြင်းအရာ အဖြစ်အပျက်အပေါ် မူတည်၍ စဉ်းစားဆုံးဖြတ်ရပေမည်။ အဆိုပါ ပေါလော့(ခ်)နှင့် မူလာတို့ပြုသော ကျမ်းတွင်ပင်၊ အချိန်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖေါ်ပြထားလေသည်။

"A nominal giving of time may have the effect, in substance, of accelerating the creditor's remedy, as where having commenced an action against the principal debtor, the creditor took a recorded acknowledgment of the debt, and undertook not to enforce it before a certain day, which, however, was earlier than the time at which he could have obtained judgment in the action in the ordinary course. In such a case the surety, being manifestly not prejudiced, is not discharged."

ယင်းသို့ဖြစ်၍၊ အမှုပြေငြိမ်းရန်သဘောတူခြင်းဖြင့်၊ အာမခံသူ၏ အကျိုးကိုထိခိုက်ရန် အကြောင်းရှိ-မရှိသည်သာလျှင်၊ ပဓါနဖြစ်ပေသည်။ ရန်ကုန်တရားလွှတ်တော်ကလည်း၊ **မရန်ဗီနှင့် ရန်မာချစ်တီးယား** (၇) အမှုနှင့် **ဂျီဟာဘိုင်နှင့် ဂျာဟာမား** ဘို့သရား (၈) တို့ အမှုကို အကိုးအကားပြု၍ ဤသို့မြွက်ကြားခဲ့၏။

"Now, it is common ground that the mere entering into a compromise decree by the parties would not necessarily discharge the surety."

အပ္ပန်းနိုင်ယားနှင့် အိုင်ဆက်မက်ဓါန် (၉) တို့ အမှုကိုလည်း ကြည့်ပါ။

---

(၇) အေးအိုင်၊အာ(ရ်)၊ ၁၉၃၇ နှစ်ခု၊ ရန်ကုန်၊စာ ၄၉၉။

(၈) ၁၉၃၂ ခုနှစ်၊ အနွယစီရင်ထုံးများ ကာလကတ္တား၊အတွဲ (၅၉)၊ စာ ၁,၄၅၀။

(၉) ၁၉၂၀ ခုနှစ်၊ အန်ဒိယ စီရင်ထုံးများ ဒေရပ်၊ အတွဲ (၄၃)၊ စာ ၂၇၂။

၁၉၆၃
ဒေါ်စိန်လှ
နှင့်
ဦးငွေတင်
ပါ ၃။

ဤအမှုတွင် ဦးငွေတင်တို့နှင့် ပဏ္ဏစ်ကေဒါနာသ်တို့ အယူခံမှုကို ပြေငြိမ်းရန် သဘော တူညီကြသဖြင့်၊ အာမခံသူ ဒေါ်စိန်လှ၏ အကျိုးကို ထိခိုက်သည်ဟုမတွေ့ရချေ။ ထိခိုက်ရန်အကြောင်းလည်း မမြင်ချေ။ အမှန်အားဖြင့်ဆိုသော်၊ နောက်ဆုံး၌ ပဏ္ဏစ် ကေဒါနာသ်၏ အယူခံမှုကို တရားလွှတ်တော်က ဆုံးဖြတ်ပြီးပယ်လိုက်၏။

အာမခံစာချုပ်တွင်လည်း၊ အမှုကိုပြင်ပတွင် ပြေငြိမ်းခြင်မပြုရဟု သတ်မှတ် ပြဋ္ဌာန်းထားသည်ကို မတွေ့ရပေ။ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက ဦးငွေတင် တို့သည် ပဏ္ဏစ်ကေဒါနာသ်အပေါ်၌ ဇာရီပြုလုပ်ရာတွင် လမ်းဆုံးအောင်လိုက်ပြီး၊ မပြေ ကျန်ငွေရှိမှသာ ဒေါ်စိန်လှအပေါ်၌ ဇာရီပြုလုပ်သင့်ကြောင်းနှင့် လျှောက်လဲပြန် လေသည်။ သို့သော် အာမခံစာချုပ်တွင်၊ ယင်းကဲ့သို့သော စည်းကမ်းမပါချေ။

အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရွှေနေခမှာ ၇၅ ကျပ် ဖြစ်စေ ရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ ရှေ့မှောက်တွင်။

† ၁၉၆၃ ခြဂုတ်လ ၂၃ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

ဦးဘိုကြီး (အယူခံတရားခံ) *

တပ်မတော်က သိမ်းယူအသုံးပြုသည့်ကျစ်ကား၊ လျော်ကြေးငွေကိစ္စ၊ ပဂ္ဂလိက လုပ်ငန်းတရပ်အတွက် သိမ်းယူခြင်းမဟုတ်၊ သို့သော် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို အသုံးပြု၍ (**in the exercise of sovereign powers**) သိမ်းယူခြင်းဟုတ် **မဟုတ်၊ အစိုးရ၏** လျော်ကြေးပေးရန်တာဝန်။

အယူခံတရားခံဖြစ်သူက တရားလို၏ကျစ်ကားကို တပ်မတော်ထောက်လှမ်းရေးမှ တပ်မတော်သားတဦးက စတင်သိမ်းယူခဲ့ပြီး၊ တပ်မတော်ထဲတွင်ပင် လက်အဆင့်ဆင့်ပြောင်းခဲ့၏။ လျော်ကြေးငွေတောင်းသောအခါ လျော်ကြေးငွေအပြည့်မရသဖြင့် အစိုးရအား တရားစွဲဆိုခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။ကျစ်ကားကို မူလကပင် တပ်မတော်သားတဦးက၊ တပ်မတော်အသုံးပြုရန် သိမ်းယူခဲ့သဖြင့်၊ ပိုင်ရှင်အားပြန်လည်ပေးအပ်ခြင်း မပြုမချင်း၊ သိမ်းယူသူသည်၎င်း၊ ချွင်းချက် **မရှိလျှင်** သူ့အားရာထူးခန့်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရဘည်၎င်း တာဝန်ရှိပေမည်။

ဤအမှုတွင် ကျစ်ကားကို သိမ်းယူစဉ်၊ သူပုန်များကို တပ်မတော်က နှိမ်နင်းရန်အတွက် ဖြစ်ရကား၊ ပဂ္ဂလိကလုပ်ငန်းတရပ်အတွက် သိမ်းယူခြင်းမဟုတ်သည်မှာ ထင်ရှားပေသည်။ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို **အသုံးပြု၍** (**in the exercise of sovereign powers**) သိမ်းယူလေသလော်ဟူသည့် ပြဿနာကို ဆုံးဖြတ်ရန်မှာ မလွယ်ကူလှချေ။

သို့ရာတွင် ဤအမှုကျစ်ကားကို သိမ်းယူသော စစ်ထောက်လှမ်းရေးအဖွဲ့မှ တပ်မတော်သား**အား** တရားဥပဒေမှအပဖြစ်သော အချုပ်အခြာအာဏာကို အသုံးပြုရန် အချုပ်အခြာအာဏာပိုင်က လွှဲအပ်ထားကြောင်း သက်သေအထောက်အထားမရှိ။

The Secretary of State for India in Council **v.** ***J. Moment,*** အောက်မြန်မာပြည် **စီရင်ထုံးများ၊** အတွဲ ၇၊ စာ ၁၀။ ***Secretary of State*** **v.** ***Shiiobinda Chaudhuri,*** အေ၊အိုင်၊အာ(ရ)၊ ၁၉၃၅ ခုနှစ်၊ ကာလကတ္တား၊ စာ ၈၃၄၊ ၈၃၉ နှင့် ***P. and O. case*** (၁၈၆၁) ၅ ဘီ၊အိတ်(ချ်)၊စီ၊အာ(ရ်)၊ နောက်ဆက်တွဲ ၁ တို့ကို ရည်ညွှန်းသည်။

---

* ၁၉၆၁ ခုနှစ်၊ **တရား**မပဌမအယူခံမှုအမှတ် ၃။

† **မန္တလေးမြို့**တွင် ရုံးထိုင်သော မြန်မာနိုင်ငံ တရားရုံးချုပ်၌။

ထို့ပြင် အဆိုပါ တပ်မတော်သားက ကျစ်ကားသိမ်းရာ၌လည်း၊ သင့်တော်သော လျော်ကြေးကို ပေးမည်ဟုပြောပြီး သိမ်းလေသည်။ ထို့ပြင် တပ်မတော်ကငင်း၊ စစ်ရဲကငင်း၊ ငင်းတို့အသုံးပြုသော ကာလအပိုင်းအခြား အသီးသီးအတွက် လျော်ကြေးပေးခဲ့လေသည်။ ထို့ကြောင့် ကျစ်ကားပိုင်ရှင်က တရားစွဲဆိုနိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ရပေမည်။

၁၉၆၃
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးဘိုကြီး။

ထဖန် ဤအမှုတွင် မူလပဌမက အဆိုပါကျစ်ကားကို (အရေးပေါ်) အက်ဥပဒေအရ သိမ်းယူခဲ့ကြောင်းနှင့် အစိုးရဘက်ကချေပခံ။ သို့သော် ထိုအက်ဥပဒေမှာ ရှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မသက်ဆိုင်ကြောင်း တွေ့ရှိရသည့်အခါကျမှသာလျှင်၊ အချုပ်အခြာအာဏာကို သုံးစွဲလျက် သိမ်းယူကြောင်းနှင့် ချေပပြန်၏။ ယခုကဲ့သို့သော အမှုမျိုးတွင်၊ ထိုသို့တခုနှင့်တခု ဆန့်ကျင်သော ချေပချက်များ အထူးထောက်နိုင်မည်မဟုတ်ပေ။

***Secretary of State for India* v. *Kamachee Boye Sahaba*,** ၇ အမ်၊အိုင်၊အေ၊ စာ ၄၇၆ နှင့် ပီ၊ ဗီ၊ ရောင်းနှင့် ခူရှာ (လ်)ဒတ်(စ်)၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၉ ခုနှစ်၊ ဘုံတိုင်၊ စာ ၂၇၇—၂၉၇ တို့ကို ရည်ညွှန်းသည်။

အယူခံ တရားလိုအတွက်။ ။ဦးဘဘေ၊ အစိုးရ လွှတ်တော်ခွေ့နေကြီးက လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။မစ္စတာ၁၊ အက်၊အယ်လ်၊ ဗားမား၊ လွှတ်တော်ခွေ့နေ ကြီးက လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုပါ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ အငြင်းမထွက်ချေ။ ၁၉၄၉ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်၊ တရားလို ဦးဘိုကြီးထံမှ ငင်းပိုင်ကျစ်ကားကို ဗမာ့တပ်မတော် ထောက်လှမ်းရေးအဖွဲ့မှ မောင်ဘမောင်ဆိုသူက သိမ်းယူ၍ ယင်းသို့သိမ်းယူသည်မှာ တပ်မတော်အတွက်ဖြစ်ကြောင်း၊ သင့်တော်သော အခကြေးငွေ ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့၏။ ထိုကျစ်ကားကို ၁၉၅၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ကျမှသာလျှင် ဦးဘိုကြီးပြန်လည်ရရှိခဲ့သည်။ ၁၉၄၉ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ ၂၀ ရက်နေ့ထိ ဗမာ့တပ်မတော်မှလျော်ကြေးငွေ တနေ့လျှင် ၁၅ ကျပ်နှုန်းနှင့်၎င်း၊ ၁၉၄၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ ထိုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ထိ၊ ပြည်ထောင်စု စစ်ရဲ့ တပ်ရင်း (၈) မှ လျော်ကြေးငွေ တနေ့လျှင် ၁၅ ကျပ်နှုန်းနှင့်၎င်း ဦးဘိုကြီး ရရှိခဲ့ပြီး၊ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ထိ လျော်ကြေးငွေ တပြားတချပ်မှ မရခဲ့သဖြင့် တနေ့လျှင် ၁၅ ကျပ်နှုန်းနှင့် လျော်ကြေးငွေ ၁၄,၂၈၀ ကျပ် ရရှိရန်အတွက် ဦးဘိုကြီးက တရားစွဲဆိုလေသည်။

ထိုစဉ်က မေမြို့၌ လက်ထောက်စစ်ရဲမင်းကြီးအဖြစ်အမှုထမ်းနေသူ ဗိုလ်မှူး ဘဖေက၊ ၁၉၄၉ ခုနှစ်တွင် ရွှေဘိုမြို့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဤအမှုပါ ကျစ်ကားကို တွေ့ခဲ့ကြောင်း။ ထိုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ရွှေဘိုစစ်ရဲတပ်ရင်း (၈) သို့

၁၉၆၃

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးဘိုကြီး။

၁၉၄၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ ထိုဂျစ်ကားကို အသုံးပြုရန်ပေးထားသဖြင့် စစ်ရဲတပ်ရင်း (၈) က စစ်ဆင်မှုအတွက် အသုံးပြုနေကြောင်း။ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလလောက်တွင် မြစ်ကြီးနားမှ ရွှေဘိုမြို့သို့ ပြောင်းရွှေ့လာသော အရေးပေါ် ကချင်တပ်၌ အမှုထမ်းသည့် အရာခံဗိုလ် ပေါက်စနောအား ၎င်းစစ်တပ်၌ စစ်ဆင်ရေး အတွက် အသုံးပြုရန် ခေတ္တပေးလိုက်ရကြောင်း။ ပေါက်စနောသည် ထိုဂျစ်ကားကို ရွှေဘိုမြို့တွင် ၎င်း၏တပ်အတွက် အသုံးပြုနေသည်ကို မြင်ကြောင်း။ ထို့နောက် ပေါက်စနောသည် ဂျစ်ကားကို မြစ်ကြီးနားသို့ ပို့လိုက်ကြောင်းထွက်ဆို၏။ တရားလို ဦးဘိုကြီးက မိမိဂျစ်ကားကို ပြန်လည်မရရှိသဖြင့် ရွှေနေမှတဆင့် တရားမကျင့်ထုံး ကိုခုပဒေပုဒ်မ ၈၀ အရ အစိုးရသို့ နို့တစ်စာပေးပို့ရာတွင် တပ်မတော်အရာရှိများ အရေးယူဆောင်ရွက်ခဲ့ရာမှ ၁၉၅၂ ခုနှစ်၊ မတ်လတွင် ဗိုလ်မှူး ဘဖေသည် မြစ်ကြီးနားသို့ လူလွှတ်ပြီး၊ ဂျစ်ကားကို ပေါက်စနောထံမှ ယူခိုင်းလိုက်ရာ၊ ထိုလအတွင်းတွင် ဂျစ်ကားသည် ရွှေဘိုစစ်ရဲတပ်ရင်း (၈) သို့ ပြန်လည်ရောက်ရှိလေသည်။ ဂျစ်ကား ရောက်ရှိကြောင်း ဦးဘိုကြီးထံအကြောင်းကြားသည့်အခါ၊ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့၌ ဦးဘိုကြီး၏ ကိုယ်စားလှယ် ရွှေဘိုမြို့သို့လာရောက်၍ ဂျစ်ကားကို ယူဆောင်သွားလေသည်။ အထက်ပါ အဖြစ်အပျက်များကို တရားခံဖြစ်သူ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရထူသော သက်သေ ဗိုလ်မှူး ဘဖေ၏ ထွက်ချက်များအရ တွေ့ရှိရလေသည်။

အထက်ဖော်ပြပါ အခြေအနေတွင် တပ်မတော်ကဂင်း၊ ရွှေဘိုစစ်ရဲတပ်ရင်း (၈) ကဂင်း မိမိတို့အသီးသီး ဂျစ်ကားကို အသုံးပြုသော ကာလအပိုင်းအခြားအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်ဟု ယူဆကာ၊ တနွေ့လျှင် ၁၅ ကျပ်နှုန်းနှင့် လျော်ကြေးပေးခဲ့လေသည်။ ပေါက်စနော ဂျစ်ကားကိုယူသွားသောနေ့ နောက် ကာလအတွက်ကား၊ ၎င်းတို့မှာ လျော်ကြေးပေးရန် တာဝန်မရှိကြောင်းနှင့် ချေပ လေသည်။ အမှန်အားဖြင့်ဆိုသော်၊ ဗိုလ်မှူး ဘဖေ၏ ထွက်ချက်အရပင် ပေါက်စနော သည် ဂျစ်ကားကို မိမိကိုယ်ကျိုးအတွက် အသုံးမပြုဘဲ၊ တိုင်းပြည်၏တာဝန်ကို ထမ်းဆောင်ရာ၌ အသုံးပြုသည်ဟု ယူဆရပေမည်။ ထိုစဉ်က ပေါက်စနော အမှုထမ်း သော အရေးပေါ် ကချင်တပ်သည်၊ ကချင်သေနတ်ကိုင်တင်ရင်းအမှတ် (၁) အဖြစ်သို့ ပြောင်းသွားကြောင်း ဗိုလ်မှူး ဘဖေထွက်ဆို၏။ အဆိုပါ ဂျစ်ကားကို ပြန်လည် ရရှိသည့်အခါ၌၊ အနည်းငယ်ချို့ယွင်းသော်လည်း၊ အသုံးပြုနိုင်သေးကြောင်းနှင့် ဦးဘိုကြီး၏ဇနီး ဒေါ်ဦးအစစ်ခံ၏။ ထိုအကြောင်းအချက်အားလုံးကို ထောက်သော် ဂျစ်ကားကို လက်ရှိထား၍ အသုံးပြုသည့် ကာလအပိုင်းအခြားအတွက်၊ ပေါက်စနော သည်ဌင်း၊ ချင်းချက်မရှိလျှင် သူ့အားရာထူးခန့်ထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ

အစိုးရသည်၎င်း လျော်ကြေးပေးရန် တာဝန်ရှိသည်ဟု ဆုံးဖြတ်ရပေမည်။ အမှန်အားဖြင့်ဆိုသော်၊ မူလက တပ်မတော်သားတဦးဖြစ်သော မောင်ဘမောင်က တပ်မတော် အသုံးပြုရန် သိမ်းယူသဖြင့် ထိုကျစ်ကားပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ခြင်း မပြုမခြင်း၊ မောင်ဘမောင်သည်၎င်း၊ ချင်းချက်မရှိလျှင်၊ သူ့အားရာထူးခန့်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည်၎င်း တာဝန်ရှိပေမည်။ .

၁၉၆၃

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးဘိုကြီး။

ပညာရှိ အစိုးရရှေ့နေကြီးက အမှုပါကျစ်ကားကို တပ်မတော်အရာရှိ တဦးက သူပုန်များကို နှိမ်နင်းရာ၌ အသုံးပြုရန်အတွက် သိမ်းယူသည်ဖြစ်၍ အစိုးရ၌ လျော်ကြေးပေးရန် တာဝန်မရှိကြောင်းနှင့် လျှောက်လဲ၏။ ထိုအယူအဆသည် မူလပဌမ၌ အင်္ဂလန်ပြည်၌ စတင်ပေါ် ပေါက်ခဲ့ပြီး၊ မြန်မာပြည်လွတ်လပ်ရေးမရမီက၊ မြန်မာပြည်သို့ ရောက်ရှိလာခဲ့၏။ သို့သော် ၁၉၄၇ ခုနှစ်တွင် **Crown Proceedings Act** ခေါ် အက်ဥပဒေဖြင့်၊ ဗြိတိသျှပါလီမန်ကထိုအယူအဆကို ပြောင်းလဲလိုက်၏။ ဤအချက်နှင့် စပ်လျဉ်း၍ **Clerk and Lindsell** ပြုသော ကျမ်းတွင် အောက်ပါအတိုင်း ပါရှိလေသည်။

> "122. Crown Proceedings Act, 1947. Crown immunity in tort was brought to an end by the Crown Proceedings Act, 1947, which came into force on January 1, 1948. Section 2 (1) provides as follows: 'Subject to the provisions of this Act, the Crown shall be subject to all those liabilities in tort to which, if it were a private person of full age and capacity, it would be subject—(a) *in respect of torts committed by its servants or agents*; (b) in respect of any breach of those duties which a person owes to his servants or agents at common law by reason of being their employer; and (c) in respect of any breach of the duties attaching at common law to the ownership, occupation, possession or control of property.'"

ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၂၅ တွင်လည်း၊ မည်သို့သော အခြေအနေတွင် ပြည်ထောင်စုမြန်မာနိုင်ငံအား၊ တရားစွဲဆိုနိုင်ကြောင်းနှင့် အောက်ပါအတိုင်း ပြဋ္ဌာန်းထားလေသည်—

> "၂၂၅။ ။(၁) ပဋိညာဉ်များနှင့် စပ်လျဉ်း၍သော်၎င်း၊ တာဝန်ရှိသူများနှင့် စပ်လျဉ်း၍သော်၎င်း အကယ်၍ဤအခြေခံဥပဒေအာဏာ အတည်မဖြစ်ခဲ့သော် မြန်မာနိုင်ငံအစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ၊ တရားစွဲဆိုရန် ပေါ် ပေါက်ခဲ့လျှင် ပြည်ထောင်စုအစိုးရအား တရားစွဲဆိုနိုင်သည်။

၁၉၆၃

ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
ဦးဘိုကြီး။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းအတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်။"

ထိုအခြေခံဥပဒေ အာဏာအတည်မဖြစ်မီက၊ ***The Secretary of State for India in Council*** v. ***J. Moment*** အမှု (၁) တွင် မြန်မာပြည်သား တဦးပိုင် သော မြေပိုင်ဆိုင်ခွင့်ကို မြန်မာပြည်အစိုးရ နှောင့်ယှက်သည့်အတွက် ထိုသူကအစိုးရ အပေါ် လျော်ကြေးရရန် တရားစွဲဆိုရာ၊ ပရီဗီကောင်စီက ထိုအမှုမျိုးကို စွဲဆိုနိုင် ကြောင်းနှင့် အဆုံးအဖြတ်ပြုခဲ့လေသည်။

ထိုအမှုကို ဝေဘန်ရာ၌၊ ထိုစဉ်က တရားသူကြီးချုပ် Rankin, C.J. သည် ***Seeretary of State*** v. ***Shiiobinda Chaudhuri*** အမှု (၂) တွင် အောက်ပါ အတိုင်းမြွက်ဆို၏။

> "There the Government of Burma had an ordinary dispute with an individual about the ownership of certain landed property. It was finally decided that the property belonged to the individual, and the suit was an ordinary common law suit in tort for damages for wrongfully interfering with the plaintiff's property. The local Act had purported to say that all claims to any right over lands as against Government should be brought in the Revenue Court and not in the Civil Court. The Privy Council held that was *ultra vires* of the legislative authority of the local legislature and they held that a suit for damages for wrongful interference with the plaintiff's property would have lain against the East India Company for the reasons explained by Sir Barnes Peacock in the P. and O. case (3). Therefore the P. and O. case was finally affirmed in so far as it held that it was possible to sue the Government for tort if it was in connection with a private undertaking or undertaking not in the exercise of sovereign powers. This put an end to the doubt raised by Sir Lawrence Jenkins and Fletcher, J."

(ဤအမှုတွင် ဂျစ်ကားကို သိမ်းယူရာ၌၊ သူပုန်မျာ်းကို တပ်မတော်က နှိမ်နင်းရန် အတွက်ဖြစ်ရကား၊ ပဂ္ဂလိကလုပ်ငန်းတရပ်အတွက် သိမ်းယူခြင်းမဟုတ်သည်မှာ ထင် ရှားပေသည်။ သို့သော်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွင့်အခြာအာဏာကို အသုံး

(၁) အောက်မြန်မာပြည် စီရင်ထုံးမျာ်း၊ အတွဲ ၇၊ စာ ၁၀။
(၂) အေးအိုင်၊အာ(ရှ်)၊ ၁၉၃၂ ခုနှစ်၊ ကာလကတ္တား၊ စာ ၈၃၄။

ပြု၍ (in the exercise of sovereign powers) သိမ်းယူသလောဟူသည့် ပြဿနာကို ဆုံးဖြတ်ရန်မှာ မလွယ်ကူလှချေ။ (အထက်ဖော်ပြပါ ***P. and O.*** အမှု (၃) တွင် တရားသူကြီးချုပ်က အောက်ပါအတိုင်း မြွက်ဆိုခဲ့၏—

၁၉၆၃
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးဘိုကြီး။

> "But where an act is done, or a contract is entered into, in the exercise of powers usually called sovereign powers, by which wex mean powers which cannot be lawfully exercised except by a sovereign, or private individual delegated by a sovereign to exercise them, no action will lie."

ဤအမှုတွင်ကား၊ စစ်ထောက်လှမ်းရေးအဖွဲ့မှ မောင်ဘမောင်အား တရားဥပဒေမှ အပဖြစ်သော အချုပ်အခြာအာဏာကို အသုံးပြုရန် အချုပ်အခြာအာဏာပိုင်က လွှဲအပ်ထားကြောင်း သက်သေအထောက်အထား မရှိခဲ့ချေ။

ထို့ပြင် ***Secretary of State for India*** v. ***Kamachee Bove Sahaba*** အမှု (၄) တွင်၊ တန်ဂျိုးပြည်နယ်စော်ဘွား အမွေစား အမွေခံမကျန်ရစ်ဘဲ ကွယ်လွန်ရာတွင်၊ အခွေအိန္ဒိယကုမ္ပဏီသည် စော်ဘွားပိုင်ပစ္စည်းများကို သိမ်းသည့်အတွက်၊ ၎င်း၏ဇနီး မဒရတ်တရားလွှတ်တော်ချုပ်သို့ လျှောက်ထားသဖြင့်၊ လွှတ်တော်ချုပ်က၊ တားဝါရမ်းထုတ်သည်ကို ယင်းကုမ္ပဏီသည် ပရီဗီကောင်စီသို့ အယူခံဝင်ရာတွင်၊ ပရီဗီကောင်စီက မည်သို့ယူဆကြောင်းကို **ပီ၊ မီ၊ ရောင်း** နှင့် **ခူဂ္ဂာ(လ်)ဒတ်(စ်)** အမှု (၅) ၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်—

> "The East India Company insisted that the seizing of the property was an act of State and that the Supreme Court could not inquire into it. Lord Kingsdown delivering the judgment of their Lordships of the Privy Council quoted with approval the observations of Tindal C, J., in *Gibson* v. ***East India Co.***, (1839) 5 Bing No. C. 262; [8 L.J. (N.S.) C.P. 193], which are as follows:
>
> 'It is manifest that the East India Company have been invested with powers and privileges of a two-fold nature, perfectly distinct from each other: namely, powers to carry on trade as merchants, and (subject only to the prerogative of the Crown to be exercised by the Board of

---

(၃) (၁၈၆၁) ၅ ဘီ၊ အတ်(ချ်)၊ စီ၊အာ(ရ်)၊ နောက်ဆက်တွဲ ၁။

(၄) ၇ အမ်၊အိုင်၊အေ၊ စာ၊ ၄၇၆။

(၅) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၉ ခုနှစ်၊ ဘုံဘိုင်၊ စာ ၂၇၇—၂၉၇။

၁၉၆၂
ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
ဦးဘိုကြီး။

Commissioners for the affairs of India) power to acquire, and retain, and govern territory, to raise and maintain armed forces by sea and land, and to make peace or war with the native power of India.'

and proceeded to observe:

'That acts done in the execution of these Sovereign powers were not subject to the control of the municipal Courts, either of India or Great Britain, was sufficiently established by the cases of the *Nobob of Arcot* v. *East India Co.*, in the Court of Chancery, in the year 1793: and *East India Co.* v. *Syed Ally*, 7 M.I.A. 555: (1 Sar 867 P.C.) before the Privy Council in 1827.'

His Lordship further stated,

'The next question is, what is the real character of the acts done in this case? Was it a seizure by arbitrary power on behalf of the Crown of Great Britain, of the dominions and property of a neighbouring State, an act not affecting to justify itself on grounds of Municipal Law? or was it, in whole or in part, a possession taken by the Crown under colour of legal title of the property of the late Raja of Tanjore in trust for those who, by law, might be entitled to it on the death of the last possessor. If it were the latter, the defence set up, of course has no foundation.' "

ထို ပီ၊ ဇီ၊ ရောင်းနှင့် ခူရှာ (လ်) ဒတ် (စ်) အမှု (၅) တွင်၊ ဆက်လက်မြွက်ဆိုပြန်သည်မှာ အောက်ပါအတိုင်း ဖြစ်သည်—

"These observations of their Lordships lay down the true test as to what acts of a Sovereign cannot be questioned in his Courts. They are acts of State strictly so called—' acts not affecting to justify themselves on grounds of municipal law,' —but where the act is done under colour of legal title, it may be questioned in the municipal Courts."

ဤအမှုတွင်လည်း မူလပဋမဓ္ဌ အဆိုပါ ဂျစ်ကားကို အမိန့်နှင့်ဌီးယူခြင်း။

(အရေးပေါ်) အက်ဥပဒေအရ သိမ်းယူခဲ့ကြောင်းနှင့် အစိုးရဘက်ကချေပ၏။ သို့သော် ထိုအက်ဥပဒေမှာ ဗွေပြောင်းနိုင်သော ပစ္စည်းများနှင့် မသက်ဆိုင်ကြောင်း တွေ့ရှိရသည့်အခါကျမှသာလျှင်၊ အချုပ်အခြာအာဏာကို သုံးစွဲလျက် သိမ်းယူခဲ့

ကြောင်းနှင့် ချေပပြန်၏။ ယခုကဲ့သို့သော အမှုမျိုးတွင်၊ ထိုသို့တခုနှင့်တခု ဆန့်ကျင်သော ချေပချက်များ အရာရောက်နိုင်မည်မဟုတ်ပေ။

၁၉၆၃

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးဘိုကြီး။

ထိုမှတပါးလည်း၊ ဤအမှုတွင် မောင်ဘမောင်အား၊ ဂျစ်ကားကိုသိမ်းရန် တရားဥပဒေမှအပဖြစ်သော အချုပ်အခြာ အာဏာပေးအပ်ထားကြောင်း မပေါ်လွင်သည့်ပြင်၊ မောင်ဘမောင် ဂျစ်ကားသိမ်းယူရာ၌လည်း၊ သင့်တော်သော လျော်ကြေးပေးမည်ဟုပြောပြီး သိမ်းလေသည်။ ထိုနောက် တပ်မတော်ကဂင်း၊ စစ်ရဲတပ်ရင်း (၈) ကဂင်း မိမိတို့အသုံးပြုသော ကာလအပိုင်းအခြား အသီးသီးအတွက် လျော်ကြေးပေးခဲ့လေသည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိဖြစ်သော ကျန်ကာလအပိုင်းအခြားအတွက် လျော်ကြေးငွေ ရရှိရန် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအား၊ ဂျစ်ကားပိုင်ရှင် တရားစွဲဆိုနိုင်ခွင့်ရှိကြောင်းနှင့် အဆုံးအဖြတ်ပြုရပေမည်။

ထိုကာလအပိုင်းအခြားအတွက် လျော်ကြေးငွေမည်မျှရရှိသင့်သည်နှင့် စပ်လျဉ်း၍၊ အများအားဖြင့် မော်တော်ကားကို မြေပြင်ခရီးအတွက် ငှါးရာ၌၊ တနေ့လျှင် ၁၅ ကျပ်နှုန်းပေးရကြောင်း။ သို့သော် မော်တော်ကားပိုင်ရှင်က မောင်းသူထည့်ရသည့်ပြင်၊ မော်တော်ကားပျက်စီးချိုယွင်းလျှင် ပိုင်ရှင်ကပင် တာဝန်ယူ၍ ပြင်ရကြောင်း သက်သေထွက်ဆိုချက်များရှိသည်။ ဤအမှုပါ ဂျစ်ကားကို သိမ်းယူရာ၌ ပိုင်ရှင်က မောင်းသူမထည့်ရ။ ပျက်လျှင်ပြင်ရန် တာဝန်လည်းမရှိဖြစ်သည်။ ထိုပြင်လည်း အမှုပါ ဂျစ်ကားမှာ ကာလအတန်ကြာ အသုံးပြုခဲ့ရာတွင်၊ အနည်းနှင့်အများ ချိုယွင်းသည်မှာ သဘာဝအတိုင်းပင်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ တပြေးတည်းနှုန်း တနေ့လျှင် ၁၀ ကျပ်သတ်မှတ်ပါက သင့်တော်လောက်ပြီဟု ယူဆသည်။ ထို့ကြောင့် ထိုကာလအပိုင်းအခြားအတွက် မူလရုံးဒီကရီကိုပြင်ပြီး၊ တနေ့လျှင် ၁၀ ကျပ်နှုန်းဖြင့် လျော်ကြေးပေးဆောင်စေရန် ဆုံးဖြတ်လိုက်သည်။

အမှုသည်များသည်၊ နှစ်ဖွဲ့စရိတ်ကို အနိုင်အချုံးအလိုက်၊ အချိုးကျ ပေးဆောင်ကြရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့၌။

† ၁၉၆၃ ခု

ဇူလိုင်လ ၃၀ ရက်။

ဘီမာလန်ဒူးဂို(၍) (အယူခံတရားလို)

နှင့်

မစ္စစ်ပရိုတီမာဂို(၍) (အယူခံတရားခံ) *

တရားဥပဒေအရ၊ ရက်စက်မှု။

ဖေါက်ပြန်မှုခွင့်လွှတ်ခြင်း၊ ရက်စက်မှုကျူးလွန်ခြင်း၊ ခွင့်လွှတ်သည်ဟု မယူဆနိုင်ခြင်း။ ပဋမ ရက်စက်မှုကို ဒုတိယရက်စက်မှုက အသက်သွင်းခြင်း။

မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေနှင့် သက်ဆိုင်သည်ဟု ယူဆရမည့် အရာများ။

အထူးထိမ်းမြားရေး အက်ဥပဒေ ပုဒ်မ ၁၇ ပြဋ္ဌာန်းချက်၊ မပြဋ္ဌာန်းသည့်အချက်။

အယူခံတရားလိုသည်၊ ၁၉၅၅ ခုနှစ်၊ ကလကတ္တားမြို့တွင်၊ မိမိ၏ဇနီးဖြစ်သူ အယူခံတရားခံနှင့် ခဲတွဲနေထိုင်စဉ်အတွင်း မိမိ၏ဇနီးသည်အား ကတ်ကျေးဖြင့် အကြိမ်ပေါင်းများစွာထိုးပြီး မိမိ၏ ပယောဂကြောင့် ဇနီးသည်၏ လက်ကျိုးရ၏။ ၁၉၅၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၌ ဘောက်ထော်တွင် အတူတကွ ပေါင်းသင်းနေထိုင်စဉ်၊ အယူခံတရားလိုသည် ကိုယ်ဝန်သုံးလရှိသူ **မိမိ၏ဇနီး** အယူခံ တရားခံ၏ ဝမ်းဗိုက်ကိုခြေနှင့်ကန်၏။

ဆုံးဖြတ်ချက်။ ။မိမိ၏ဇနီးအား ကတ်ကျေးဖြင့် အကြိမ်ကြိမ်ထိုးသူ၊ အယူခံတရားလို၏ စိတ်နေစိတ်ထားသည် မည်မျှရက်စက်ကြမ်းကြုတ်သည်ကို အကဲခတ်ရန် ခဲယဉ်းလှမည်မဟုတ်ပေ။

ကိုယ်ဝန်ရှိသူကို ရိုက်ပုတ်မည်ကြိမ်းမောင်းရုံမျှဖြင့် တရားဥပဒေအရ၊ ရက်စက်မှုမြောက်သည် ဖြစ်ရကား၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုမှာ၊ အထူးဆိုဘွယ်ရာ မရှိတော့ချေ။

ကင်း နှင့် ကင်း၊ အိန္ဒိယစီရင်ထုံးများ၊ အတွဲ ၄၇၊ စာ ၅၁၊ ၅၂ ကို ရည်ညွှန်းသည်။

အကြောင်းလင်မယားနှစ်ဦးရှိရာတွင်၊ မယားက ဖေါက်ပြန်၍ လင်ကသိလျက်နှင့် လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်လျှင် အထူးသဖြင့် ကိုယ်လက်နှိုးနှောလျှင်၊ ယေဘုယျအားဖြင့် လင် ယောကျ်ားသည် မယား၏ဖေါက်ပြန်မှုကို ခွင့်လွှတ်သည်ဟု ယူဆရမည်၊ သို့သော် မိန်းမများသည် ယောကျ်ားများကဲ့သို့ အိမ်ထောင်ရေးကို အလွယ်တကူ ဖျက်သိမ်းနိုင်စွမ်း မရှိသဖြင့်၊ ယောကျ်ား များ၏ ဖေါက်ပြန်မှုကို ခွင့်မလွှတ်သော်လည်း၊ သည်းခံ၍ပေါင်းသင်းနေကြရကြောင်း၊ ထို့ပြင်လည်း ယောကျ်ားက မိမိအပေါ် ၌ ရက်စက်မှုကျူးလွန်လျှင်၊ ထိုသို့ကျူးလွန်ပြီးနောက်၊ ဆက်လက် ပေါင်းသင်း၍ နေထိုင်ကာမျှဖြင့် ကျူးလွန်မှုကို ခွင့်လွှတ်သည်ဟု တထစ်ချ ယူဆနိုင်မည်မဟုတ်။

---

* ၁၉၆၂ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၈၂။

† ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ တွင်၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့၌ တရားရုံးချုပ် (မူလဘက်ဆိုင်ရာ) ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ဟင်ဒါဆင်နှင့် ဟင်ဒါဆင်၊ ၁၉၄၄ ခုနှစ်၊ အယူခံမှုများ၊ စာ ၄၉ ကို ရည်ညွှန်းသည်။

၁၉၅၅ ခုနှစ်၊ ကလကတ္တားမြို့၌၊ ကျူးလွန်သည့်ရက်စက်မှုကို ၁၉၅၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ညဉ့်၌ ကျူးလွန်သည့် ရက်စက်မှုက ပြန်လည်အသက်သွင်းသည်ဟု ယူဆရမည်ဖြစ်သည်။

ဒူရင်နှင့်ဒူရင်၊ ၁၈၂၅ ခုနှစ်၊ (Hag. Ecc.) စာ ၇၃၃—၇၆၁။ ဘလက်မိုးနှင့်ဘလက်မိုး၊ ရန်ကုန် စီရင်ထုံးများ၊ အတွဲ ၇၊ စာ ၃၁၃။ မစ်တင်နှင့် မစ်တင်၊ ၁၁ ဗရီဗတ်ဒီဗင်းရှင်း၊ စာ ၁၄၁—၁၄၄ တို့ကို ရည်ညွှန်းသည်။

ဘီမာလန်ဒူးဂို(၍)နှင့် မစ္စစ် ဗရီတီမာဂို(၍)။

အထူးထိမ်းမြားရေး အက်ဥပဒေတွင် လင်မယားကွာရှင်းရေး၊ လင်မယားအဖြစ် မမြောက်ကြောင်းမြွက်စေရေး၊ လင်မယားနှစ်ဦး ခွဲခြားနေထိုင်စေရေး၊ လင်မယားပြန်လည်ပေါင်းသင်း နေထိုင်စေရေးတို့ကို တရားစွဲဆိုရန်အတွက် ပြဋ္ဌာန်းခြင်းမပြုသဖြင့်၊ ထိုအက်ဥပဒေပုဒ်မ ၁၇ တွင် ထိုကိစ္စရပ်များကို မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေအရ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်း ထားခြင်းဖြစ်သည်။

ယင်းသို့ဖြစ်ရာ၊ မြန်မာပြည် လင်မယားကွာရှင်းရေး ဥပဒေသည်၊ လင်မယားကွာရှင်းရေး၊ လင်မယားအဖြစ် မမြောက်ကြောင်း မြွက်ဟစေရေးအပြင်၊ လင်မယားခွဲခြားနေထိုင်စေရေးနှင့် ပြန်လည်ပေါင်းသင်းလိုမှုစွဲဆိုရေးတို့နှင့်ပါသက်ဆိုင်သည်ဟုယူဆရပေမည်။

အထူးထိမ်းမြားရေး အက်ဥပဒေပုဒ်မ ၁၇၊ ဒုတိယအပိုဒ် တွင်၊ လင်မယားကွာရှင်းရေး၊ သို့တည်း မဟုတ် လင်မယားမဖြစ်ကြောင်း မြွက်ဟစေရေး၊ တရားစွဲဆိုရာ၌ မည်သည့်အချက်များကို အခြေပြု၍ တရားစွဲဆိုနိုင်ကြောင်း ဖော်ပြထားခြင်းသာဖြစ်သည်။ လင်မယားခွဲခြားနေထိုင်စေရေး အမှုမျိုး စွဲဆိုခြင်း မပြုနိုင်ဟု ပြဋ္ဌာန်းခြင်းမပြုချေ။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ဘာဘာန်နှင့် ဒေါ်ခင်လေးတို့လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးကျော်မြင့်နှင့် ဦးမြင့်စိုးတို့ လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခု အယူခံမှုသည်၊ အယူခံ တရားခံ မစ္စစ် ပရိတီမာဂို(၍)က မိမိနှင့် ခင်ပွန်းဖြစ်သူ အယူခံတရားလို ဘီမာလန်ဒူးဂို(၍)တို့အား ရုံးကခွဲခွါနေစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိသဖြင့် ခင်ပွန်းဖြစ်သူ အယူခံဝင်ရာမှ ပေါ်ပေါက်ခဲ့လေသည်။ **အမှုအကြောင်းခြင်းရာများကို** မူလရုံး စီရင်ချက်တွင် အသေးစိတ်ဖော်ပြတော်ပြီးဖြစ်၍၊ ထပ်မံ အသေးစိတ်ဖော်ပြရန် မလိုတော့ပေ။

အယူခံတရားလိုနှင့် အယူခံ တရားခံတို့သည် ဟိန္ဒူဘာသာကိုးကွယ်သူများ ဖြစ်ကြသော်လည်း၊ အယူခံ တရားလိုသည် အယူခံတရားခံအောက် ဇာတ်နိမ့်သည့်အတွက်၊ ဟိန္ဒူဓမ္မသတ် ကျမ်းများအရ၊ တရားဝင် အကြင်လင်မယား မဖြစ်နိုင်ရကား၊ အထူး ထိမ်းမြားရေး အက်ဥပဒေသအရ ထိုအက်ဥပဒေ ခန့်အပ်သော ရန်ကုန်မြို့ ထိမ်းမြားရေးအရာရှိရွှေတွင် ထိမ်းမြားလက်ထပ်၍၊ ရန်ကုန်မြို့နှင့် မလှမ်းမကမ်း ဘောက်ထော်

၁၉၆၃

ဘီမာလန်းဦးဂို(၍)နှင့် မစ္စစ်ပရို တီမာဂို(၍)။

အရပ်၌ နေထိုင်ကြလေသည်။ သားသမီးလေးယောက် ထွန်းကားရာ အကြီးဆုံးမှာ ၁၉၄၇ ခုနှစ်တွင်၎င်း၊ အငယ်ဆုံးမှာ ၁၉၅၄ ခုနှစ်တွင်၎င်း မွေးဖွါးလေသည်။ ယင်းသို့ နေထိုင်ကြစဉ်အတွင်း လက်ထပ်၍ ၁ နှစ်၊ ၂ နှစ်မျှ ကြာပြီးနောက် ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ မတိုင်မီ အယူခံတရားခံက အယူခံတရားလိုသည် ညမိုးချုပ်မှ အိမ်သို့ အမှတ်မူးပြီး ပြန်လာ၍၊ အယူခံတရားခံအား ရိုက်နှက်လေ့ရှိကြောင်း အဆိုရှိ၏။ သို့သော် ထိုစွတ်စွဲချက်နှင့်စပ်လျဉ်း၍ အမှုသည်တို့ အပြန်အလှန်တင်ပြသော သက်သေများ၏ ထွက်ဆိုချက်များကို လေ့လာသုံးသပ်ပြီး မူလရုံးက လင်မယား ရန်ဖြစ်ကြကြောင်းသာတွေ့ရှိ၍ လင်က မယားအပေါ် ရက်စက်မှုပြုကြောင်း မတွေ့ရှိဟု ဆုံးဖြတ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်၍၊ ယခု အငြင်းမပွါးတော့ချေ။

ထိုကာလ အပိုင်းအခြားတွင် ၁၉၅၀ ခုနှစ်အတွင်း လင်မယား စကားများကြစဉ် အယူခံ တရားခံက မိမိ၏သမီးဦး ထိုအချိန်က လေးနှစ်ရွယ်မျှရှိသူ မန်ဂျူရီအား တင်ချာပုလင်းနှင့်ပေါက်ရာ တင်ချာစက်များ မျက်နှာပေါ် ကျသဖြင့် အိမ်အောက်ထပ်၌နေသူ ဒေါက်တာ ဂျွန် (ခံပြ-၄)ထံ ခေါ်ဆောင်ကုသခဲ့ရကြောင်း၊ အယူခံတရားလိုဆို၏။ အယူခံ တရားခံက မိမိလင်ယောကျ်ားနှင့် စိတ်ဆိုးသဖြင့် တင်ချာပုလင်းကို တိုက်နံရံသို့ ပစ်ရာ အနီးရှိသမီး မန်ဂျူရီအပေါ် တင်ချာစက် အနည်းငယ်ကျကြောင်း ထွက်ဆို၏။ ဒေါက်တာ ဂျွန်က မန်ဂျူရီအား ကုသစဉ် အယူခံတရားလိုက မိမိ၏ဇနီးသည် တင်ချာပုလင်းကို ပစ်ကြောင်းသာ ပြောသည်ဟု တွက်ဆို၏။ မန်ဂျူရီအား တင်ချာပုလင်းနှင့် ပေါက်သည်ဟု တိုင်ကြားဟန် မတူချေ။ တင်ချာပုလင်းနှင့် မန်ဂျူရီအား ပေါက်၍ ထိခိုက်နာကျင်စေရန် အကြောင်း တစုံတရာ မရှိချေ။ ထို့ပြင်လည်း အယူခံတရားလိုက တနေ့သ၌ မိမိလှ\ပြီး စာဖတ်နေစဉ် အယူခံတရားခံသည် တိတ်တဆိတ် နောက်မှာလာ၍ အားကစားတင်းပုတ်နှင့် ဦးခေါင်းကို ရိုက်သဖြင့် ဆရာဝန် ဦးထွန်းလှိုင် (ခံပြ-၈) ဆေးထည့်ပေးရကြောင်း ထွက်ဆိုလေသည်။ အယူခံ တရားခံကမူကား မိမိယောကျ်ား မိမိအားတင်းပုတ်နှင့် ရိုက်မည်ပြုသည်ကို ကာကွယ်သည့်အနေနှင့် ပြန်လှန်တွန်းလိုက်ရာယောကျ်ားမှာ နဖူးတွင် ဒဏ်ရာရသွားကြောင်းဖြင့် ချေပလေသည်။ ဒဏ်ရာမှာဆရာဝန် ဦးထွန်းလှိုင် ထွက်ဆိုသည့်အတိုင်း ဦးခေါင်းရှေပိုင်း၌ တွေ့ရသည်တကြောင်း၊ ဆရာဝန်ထံသို့ အယူခံတရားလို လမ်းလျှောက်သွားနိုင်သည် တကြောင်း တို့ကိုထောက်သော်၊ မူလရုံး တွေ့ရှိသည့်အတိုင်းပင် လင်မယား စကားများကြရာမှ လင်ဖြစ်သူကတင်းပုတ်နှင့်ရွယ်စဉ် မယားဖြစ်သူက တင်းပုတ်ကို လုတွန်းတွန်းသဖြင့် လင်နဖူးတွင်ဒဏ်ရာရဟန်ရှိသည်။

မည်သို့ပင်ဆိုစေ အဆိုပါအချက်နှစ်ရပ် အယူခံတရားလို ဆိုသည့်အတိုင်း မှန်သည်ထားဦး၊ ဤအမှုတွင် အယူခံတရားလိုက အယူခံ တရားခံအပေါ် ရက်စက်မှုပြုကျင့်

သည်ဆိုသော အချိန်များ၌ ဖြစ်ပွါးသော ကိစ္စရပ်များ မဟုတ်သဖြင့် အယူခံတရားလို အထောက်အထား အကိုးအကား ပြုနိုင်မည်မဟုတ်ပေ။ ရှေ့ နှင့် ရှေ့ အမှု (၁)ကို ကြည့်ပါ။

၁၉၆၃

ဘီမာလန် ဒူးဂို(၍) နှင့် မစ္စစ် ပရို တီမာဂို(၍)။

ထို့နောက် ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အယူခံ တရားလိုနှင့် အယူခံ တရားခံတို့ ကလကတ္တားမြို့ရှိ အယူခံတရားလို၏ မိဘအိမ်၌ ၎င်း၏မိခင်ကြီး အနိစ္စ ရောက်သဖြင့်၊ ဟိန္ဒူဘာသာဝင်တို့ထုံးစံအတိုင်း ဆောင်ရွက်ရန်ရှိသည့် အစီအရင်တို့ကို ဆောင်ရွက်ရန်အတွက် တည်းခိုနေကြစဉ် အယူခံတရားလိုသည် အယူခံတရားခံအား ကတ်ကျေးဖြင့် အကြိမ်ပေါင်းများစွာ ထိုးကြောင်း။ ထိုသို့ ကတ်ကျေးဖြင့် ထိုးသော ကြောင့်၊ အယူခံတရားခံ၏ ဘယ်ဘက် လက်မောင်းရိုး ကျိုးသွားကြောင်း၊ အဆိုရှိ၏။ အယူခံတရားခံ၏ အဆိုလွှာအပိုဒ် ၅ တွင် အောက်ပါအတိုင်းပါရှိ၏။

> "in or about February 1955, when your petitioner and the said B. Ghosh were on a visit to India, he stabbed your petitioner as a result of a quarrel. Her hand was fractured."

ထိုစွဲချက်ကို ချေပရာ၌ အယူခံတရားလို၏ ချေလွှာတွင် အောက်ပါအတိုင်းချေဆို၏—

> "Paragraph 5 of the petition is denied. What took place in India in February 1955 was this. This respondent strongly disapproved of petitioner's behaviour towards men and reprimanded her. There was consequently a quarrel. The incident had been forgotten and condoned; and they lived together amicably thereafter."

ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍၊ သက်သေခံရာတွင် အယူခံတရားခံက ကလကတ္တားမြို့၌ရှိစဉ် တညသ၌ အယူခံတရားလိုသည် အိပ်ခန်းအတွင်းသို့ ရောက်လာပြီး ဘယ်ဘက်လက်ဖြင့် မိမိအား ဖိထားကာညာဘက်လက်ဖြင့် ကတ်ကျေးကိုင်၍ အကြိမ်ကြိမ်ထိုးကြောင်း။ ထိုသို့ကတ်ကျေးဖြင့် အကြိမ်ကြိမ် ထိုးသဖြင့် ဘယ်ဘက် လက်မောင်းတွင် ၁၂ နေရာ၌ဝင်း၊ ကိုယ်ဘယ်ဘက် အထက်ပိုင်း၌ဝင်း ဒဏ်ရာများရကြောင်း။ ဆရာဝန် ကြည့်ရှုစစ်ဆေးသောအခါ၊ ဘယ်ဘက်လက်မောင်းဖွဲ့ကျိုးနေသည်ကို တွေ့ရကြောင်းနှင့်ထွက်ဆို၏။ အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက အဆိုလွှာ အပိုဒ် ၅ တွင်၊ကာဒ်ခကျးဖြင့် ထိုးသဖြင့် အယူခံတရားလို၏ကိုယ် ဘယ်ဘက်အထက်ပိုင်း

(၁) ၃၁ အယ်(လ်)၊ကျေ၊ပီ၊ ၃၅၊ ၁၆၄ အင်္ဂလိပ်စီရင်ထုံးများ၊ စာ ၁၀၉၆။

၁၉၆၃

ဘီမာဃန်
ဒူးဂို(ရှ်)
နှင့်
မစ္စစ် ပရီ
တီမာဂို(ရှ်) ။

တွင် ဒဏ်ရာရကြောင်း မဖော်ပြဘဲ လက်ကျိုးကြောင်းသာ ဖော်ပြထားသည်ဖြစ်ရာ၊ အယူခံတရားခံ၏ကိုယ် ဘယ်ဘက်အထက်ပိုင်းဌ ဒဏ်ရာရရှိသည် ဆိုသည်ကို ထည့်သွင်းစဉ်းစားခြင်းမပြုသင့်ကြောင်းဖြင့် လျှောက်လဲ၏။ ထိုအဆိုလွှာကို လေ့လာရာဌ၊ ယင်းသို့ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ကောက်ယူရမည်မဟုတ်ပေ။ ထိုအပိုဒ် ၅ ဌ ကတ်ကျေးဖြင့် လက်ကိုထိုးသောကြောင့် လက်ကျိုးရသည်ဟုသာမဆိုချေ။ ကတ်ကျေးဖြင့်ထိုးကြောင်း ပဌမဝါကျတွင် ဖော်ပြပြီးနောက်၊ ဒုတိယဂါကျတွင် လက်ကျိုးရကြောင်း **ဖော်ပြ** လေသည်။ပညာရှိရွှေနေကြီး လျှောက်လဲသည်မှာ **အီရှင်ချန်ဒါဆင်** နှင့် **ရှမာချန်ဘွတ်တိုး** တို့အမှု (၂)တွင် ချမှတ်သော မှုခင်းတရပ်ကို ဆုံးဖြတ်ရာဌ၊ အဆို၊ သို့တည်းမဟုတ် အချေလွှာတွင်ပါရှိသောအချက်၊ သို့တည်းမဟုတ် ၎င်းတို့အနက် တရပ်ရပ်တွင် အနွေ့ာ ကတင်သော၊သို့တည်းမဟုတ် ထိုတရပ်ရပ်နှင့် မဆန့်ကျင်ဘဲ၊ အညီဖြစ်သော အချက် ပေါ်မူတည်၍ ဆုံးဖြတ်ရမည်ဆိုသောမူ

> **" . . . . the determination in a cause should be founded upon a case either to be found in the pleadings or involved in or consistent with the case thereby made".**

ကို အကိုးအကားပြု၍ လျှောက်လဲဟန်တူသည်။ သို့သော် ထိုမူအရပင်လျှင် အယူခံ တရားခံအပေါ် ရက်စက်စွာပြုမူခြင်း ရှိမရှိကို လေ့လာရာဌ၊ ၎င်း၏ကိုယ်ပေါ်တွင် ရရှိသော ဒဏ်ရာများသည်လည်း ကတ်ကျေးဖြင့်ထိုးသည်ဆိုသော စွဲချက်တွင် အကျုံးဝင်သဖြင့် ထည့်သွင်းစဉ်းစားနိုင်ပေမည်။ မည်သို့ပင် ဆိုစေကာမူ အယူခံတရားခံ လက်ကျိုးရခြင်းသည် ၎င်းစွပ်စွဲသည့်အတိုင်း ကတ်ကျေးဖြင့် ထိုးရှိရသော ဒဏ်ရာ ဖြစ်သလော၊ သို့တည်းမဟုတ် အယူခံတရားလို ဖြေရှင်းသည့်အတိုင်း အယူခံတရားခံ အိပ်ရာနံဘေးမှို ခွေးချေပေါ်၌ တင်ထားသော သေတ္တာကြီး ဆွဲမိသဖြင့် လူရော သေတ္တာပါ လိမ့်ကျ၍ သေတ္တာပိသောကြောင့် လက်ကျိုးရသလော ဟူသည့်အချက်ကို ဆုံးဖြတ်ရာဌ၊ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁ အရ၊ မည်သည့်ထွက်ဆိုချက် ယုတ္တိတန်မတန်ကို စဉ်းစားရမည်ဖြစ်ရာ၊ ထိုဒဏ်ရာများကို ထည့်သွင်းစဉ်းစားနိုင်ပေမည်။

ထိုဒဏ်ရာများကို ဒေါက်တာ မောင်မောင်တိုတ် (လိုပြ-၅) ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ဌ ကြည့်ရှုစစ်ဆေးရာ၊ ဘယ်ဘက်လက်ကောက်ဝတ်မှ လေး လက်မအထက်တွင် အမာရွတ်တခု၊ ဘယ်ဘက်တဆောင်ဆစ်မှ နှစ်လက်မ အထက်တွင် အမာရွတ်တခု၊ ထိုနှုတိယ အမာရွတ်အနီးတဝိုက်တွင် အမာရွတ် ခုနှစ်ခု၊ ညာဘက် ရင်အစုတ်တွင် အမာရွတ်တခုနှင့် ဘယ်ဘက်နို့ တွင် အမာရွတ်နှစ်ခု တွေ့ရှိရလေသည်။

(၂) ၁၁ မိုးမာ ဗီနိုယ အဝေခံ ၇။

ထိုအမာရွတ်အားလုံး၏ အခြေအနေကို ကြည့်ရှုခြင်းအားဖြင့်၊ ၎င်းတို့မှာ တချိန်တည်း လောက်၌ ရရှိသောဒဏ်ရာများမှ ဖြစ်ပေါ်သော အမာရွတ်များ ဖြစ်ဟန်လက္ခဏာ ရှိကြောင်းနှင့် ဒေါက်တာ မောင်မောင်တိတ် ထင်မြင်ချက်ပေးလေသည်။ ၁၉၅၃ ခုနှစ် တွင် အယူခံ တရားခံအား ရေဖတ်တိုက်ပေးရသူ၊ သူနာပြုဆရာမ [အက်(စ်)၊ သာခင် (လိုပြ-၆) က၊ ထိုင်ဉက အယူခံတရားခံ၏ကိုယ်၌ အူအတက်ပေါက်၍ ခဲ့ထားရသော ဒဏ်ရာမှအပ အခြားဒဏ်ရာများ မတွေ့ရပါဟုထွက်ဆို၏။

၁၉၆၃
တီမာလန်
ဦးဂို(၌)
နှင့်
မစ္စစ် ပရို
တီမာရို(၌)။

အယူခံ တရားခံရရှိသော ဒဏ်ရာများနှင့်စပ်လျဉ်း၍၊ အယူခံတရားလိုသည် ချေလွှာ၌ တိကျစွာချေပခြင်း မပြုခဲ့ပေ။ မိမိက အယူခံ တရားခံ အခြားယောကျ်ား များနှင့် ဆက်ဆံပုံကို မနှစ်သက်သဖြင့် ကြိမ်းမောင်းရာ ရန်ဖြစ်ကြကြောင်း။ သို့သော် အယူခံတရားခံသည် ထိုသို့ရန်ဖြစ်သည်ကို ခွင့်လွှတ်ပြီး မိမိနှင့်အတူတကွ သင့်သင့် မြတ်မြတ်ပေါင်းသင်းနေကြောင်း ပေါ်ပြသည်။ အယူခံတရားခံက ၎င်းအား အရာဝတ္ထု တခုနှင့်ထိုးကြောင်း၊ လက်ကျိုးသွားကြောင်း စွဲဆိုသည်ကို ငြင်းသည်ကားမှန်၏။ သို့သော် အယူခံတရားခံ သံသေတ္တာကိုဆွဲမိသဖြင့်၊ သံသေတ္တာရောလပါလိမ့်ကျပြီး လက်မောင်းရိုး အစိပ်စိပ်အမွှာမွှာကျိုး၍ လက်မောင်းပိုး အစိပ်အပိုင်းများ အသားကို ဖေါက်ထွင်းပြီး ဒဏ်ရာများရစေသည်ဆိုသော ဖြေရှင်းချက်ကို ပေါ်ပြခြင်းမပြုခဲ့ပေ။ အမှန်အားဖြင့်ဆိုသော် ထိုအချက်နှင့် စပ်လျဉ်း၍ အယူခံတရားခံအား ပြန်လှန်မေးခွန်း မေးစဉ်တွင်၊ မေးမြန်းခြင်းမပြုခဲ့ပေ။ ထိုကြောင့် အယူခံတရားလို၏ ဖြေရှင်းချက်မှာ၊ နောက်မှ အကြံရသော ဖြေရှင်းချက်ဖြစ်သည်ဟု ယူဆရပေမည်။ စင်စစ်အားဖြင့်ကား အယူခံတရားခံရရှိသော ဒဏ်ရာများမှာ၊ ဘယ်ဘက်လက်ကောက်ဝတ် အနိမ့်ဘက်၊ ဘယ်ဘက်လက်မောင်း အပေါ်ပိုင်းဘက်၊ ရင်ဘတ် တလက်တချောက်တည်း ရရှိသည် ဖြစ်၍ သံသေတ္တာပါပြီး လက်ကျိုးသဖြင့် လက်မောင်းရိုး အပိုင်းအစိပ်များ အသားကို ဖေါက်သောကြောင့်၊ ထိုဒဏ်ရာများ မည်သည့်နည်းနှင့်မျှ ရရှိနိုင်မည်မဟုတ်ပေ။ ဤအချက်နှင့် စပ်လျဉ်း၍၊ မူလရုံးက အသေးစိပ်ဝေဖန်ပြီး အဆုံးအဖြတ်ပေးခဲ့ရာ၊ ထိုဝေဖန်ချက်များနှင့် အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ ထိုအဆုံးအဖြတ်ကို လက်ခံရမည်ဖြစ်ပေသည်။

ထို့ပြင်၊ အခင်းဖြစ်ညဉ်းတွင် အယူခံတရားခံသည် မိမိကိုယ်ကို မိမိကစ်ကျေးဖြင့် ထိုးသတ်မည်ကြံစည်သည်ကို တွေ့ရှိသဖြင့်၊ ထိုကတ်ကျေးကို သိမ်းယူထားလိုက်ရ ကြောင်း၊ အယူခံတရားလိုထွက်ဆို၏။ ထို့နောက် သုန်းကောင်အချိန်လောက်တွင် အယူခံတရားခံအခန်းမှ လိမ့်ကျသံကြားသဖြင့် သွားကြည့်ရာ၊ အယူခံတရားခံသည် ကြမ်းပေါ် တွင်လဲနေပြီး ၎င်း၏ဘယ်ဘက်လက်အနိမ့်ပိုင် ဆဲသေတ္တာကြီး ကျနေသည်ကို တွေ့ရကြောင်း ဆက်လက်ထွက်ဆိုပြန်သေး၏။ သံသေတ္တာကသည်ဆိုသည့်အချက်ကို

၁၉၆၃

ဘီမာလန် ဒူးဂို(ရှ်) နှင့် မစ္စစ် ပရို တီမာဂို(ရှ်)။

အထက်ဌာနဖေါ်ပြခဲ့သည့်အတိုင်း လက်မခံနိုင်ပေ။ အယူခံ တရားခံ ဒဏ်ရာများ ရသည်ကို၊ အယူခံတရားလိုက မငြင်းဆိုပေ။ ထိုဒဏ်ရာများမှာ ထက်သောလက်နက်ဖြင့် ထိုးခြင်းရသော ဒဏ်ရာများဖြစ်ကြောင်း ဒေါက်တာ မောင်မောင်တိတ် ထွင်ဆို၏။ ယင်းထွက်ဆိုချက်သည် အယူခံတရားခံ၏ ထွက်ဆိုချက်ကို ထောက်ခံ၏။ အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက ကလကတ္တားမြို့ဥ အယူခံတရားခံအား ကုသသော ဆရာဝန်ကြီးများကို သက်သေမထူသဖြင့်၊ အယူခံတရားခံ၏ ထွက်ဆိုချက်ကို လက်မခံသင့်ကြောင်းနှင့် လျောက်လဲ၏။ သို့သော် အယူခံတရားခံ၏ ထွက်ဆိုချက်ကို ငြင်းကိုယ်ပေါ်၌ တွေ့ရသော ဒဏ်ရာများက ထောက်ခံလျက်ရှိ၏။ ထိုမှတပါးလည်း၊ အယူခံတရားလို ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည့်အခါ သက်သေ ဒေါက်တာ ဆူဗွဲ့း (လို့ပြ-၉) အား အယူခံတရားလိုက မိမိဇနီးကို ကတ်ကျေးဖြင့် ထိုးမိကြောင်း ဝန်ခံ၏။ ဒေါက်တာ ဆူဗွဲ့းပင် အယူခံတရားခံ လက်ကျိုးသည်ကို ရန်ကုန်မြို့ဥ ဆက်လက်ကုသ၏။ ထိုဝန်ခံချက်နှင့်စပ်လျဉ်း၍ ဒေါက်တာ ဆူဗွဲ့းအား မေးမြန်းရာတွင် အစပဌမဥ် မဖြေကြားလိုကြောင်း ပြောကြား၏။ ရုံးမင်းက ဖြေကြားရန် ခွင့်ပေးသည့်အခါမှသာလျှင် ထိုသို့ဝန်ခံကြောင်း ထွက်ဆို၏။ ဒေါက်တာ ဆူဗွဲ့း ထွက်ဆိုချက်ကို မယုံကြည်စရာအကြောင်း မရှိခေ့။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ၁၉၅၅ ခုနှစ်၊ ဖေဖေါ်ဝါရီလအတွင်း အယူခံတရားခံ ကလကတ္တားမြို့ဥ ရှိသောဒဏ်ရာများ အားလုံးသည်၊ အယူခံတရားလို၏ ပယောဂကြောင့် ရရှိသည်ဟု အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည့်အခါ အယူခံတရားခံက မိမိလက်ကျိုးခြင်းနှင့်စပ်လျဉ်း၍၊ မိတ်ဆွေများအား လိမ့်ကျသဖြင့် လက်ကျိုးကြောင်းပြောသည်ကားမှန်၏။ သို့သော် အယူခံတရားခံ ဖြေရှင်းသည့်အတိုင်း ရှက်သဖြင့် အယူခံတရားလိုကြောင့် ဒဏ်ရာရကြောင်းမပြောဆိုဟုဆိုသည့် ဖြေရှင်းချက်မှာ အမှုအခြေအနေအရ ယုတ္တိမတန့်ဟု မဆိုနိုင်ပေ။ လင်မယားအတူ ပေါင်းသင်းနေထိုင်ကြသဖြင့်၊ အမှန်ကို မပြောဘဲ နေဟန်တူသည်။ မည်သည့်နည်းနှင့်မဆို လက်ကျိုးသည်ဖြစ်စေ၊ မကျိုးသည်ဖြစ်စေ မိမိဇနီးအား ကတ်ကျေးဖြင့် အကြိမ်ကြိမ်ထိုးသူ၊ အယူခံတရားလို၏ စိတ်နေစိတ်ထားသည် မည်မျှရက်စက်ကြမ်းကြုတ်သည်ကို အကဲခတ်ရန် ခဲယဉ်းလှမည်မဟုတ်ပေ။

ထိုနောက် အရေးကြီးသော အချက်တရပ်မှာ ၁၉၅၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ညတွင် အယူခံတရားလိုနှင့် ထိုစဉ်က ကိုယ်ဝန်သုံးလရှိသူ အယူခံတရားခံတို့ စကားများပြီး အယူခံတရားလိုက အယူခံတရားခံအား ထမ်းပိုက်တွင် ခြေနှင့်ကန်ကြောက်သည် ဆိုသောအချက်ဖြစ်သည်။ အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက အယူခံတရားခံ၏ အဆိုလွှာတွင် **"The said B. Ghosh hit your petitioner"** ဟုဖေါ်ပြပြီး၊

၁၉၆၃

ဘီမာလန်
ဦးဂို(ရှ်)
နှင့်
မစ္စစ် ပရို
တီမာဂို(ရှ်)။

သက်သေခံချက်တွင်မူကား၊ ခြေနှင့်ကန်သည်ဟု ဖေါ်ပြသဖြင့် သက်သေခံချက်ကို မယုံကြည်ထိုက်ကြောင်းနှင့် လျှောက်လဲ၏။ စကားအသုံးအနှုန်း မတိကျသောကြောင့် ထိုသို့သော ကွဲလွဲချက် ရှိနိုင်ပေမည်။ ထိုမှတပါး လည်း သက်သေခံ အက်ဥပဒေပုဒ်မ ၁၄၅ အရ၊ ထိုသို့ကွဲလွဲသည်ဆိုသော အချက်နှင့် ပတ်သက်၍ "အယူခံတရားခံအား ဖြေရှင်းခွင့် မပေးခဲ့သဖြင့် ထိုအချက်ကို ဤရုံးက ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။ ထို့ပြင် လျှောက်လဲပြန်သေးသည်မှာ အယူခံတရားခံသည်။ ၎င်း၏အစ်ကို ဆန်သီဂန်ဂူလီ အား၊ ထိုအကြောင်းနှင့်စပ်လျဉ်း၍ တိုင်ကြားသည် ဆိုရာ၌လည်း ဆန်သီဂန်ဂူလီ၏ ထွက်ဆိုချက်တွင် မိမိအား အယူခံတရားခံက လွန်ခဲ့သည့်ညက မိမိ၏ယောကျ်ားသည် ဝမ်းပိုက်ကို ခြေနှင့်ကန်ရန် အားထုတ်ကြောင်း၊ **"Mr. Ghosh had tried to kick her on the abdomen"** နှင့် တိုင်ကြားကြောင်း ထွက်ဆိုသည်ဖြစ်၍၊ အယူခံတရားခံ၏ ထွက်ဆိုချက်နှင့် ကွဲလွဲကြောင်း လျှောက်လဲပြန်သေး၏။ သို့သော် ဆန်သီဂန်ဂူလီက တဆက်တည်းပင် မိမိ၏နှစ်မက နာကျင်နေကြောင်းပြောဆိုသည်ဟု ထွက်ဆိုသည်ကိုထောက်သော် စကားအသုံးအနှုန်းမှာလည်း အနည်းငယ် မတိကျကြောင်းသာ ပေါ်လွင်လေသည်။

အစ်ကိုဖြစ်သူ ဆန်သီဂန်ဂူလီအား တိုင်ကြားသည့်အပြင် အခင်းဖြစ်ပြီး နောက်နေ့ညနေ ၆ နာရီခွဲလောက်တွင် အယူခံတရားခံသည် မိမိ၏ပစ္စည်းများကိုယူ၍ အိမ်မှ ထွက်ခွါမသွားမီ ယောကျ်ားကနှိပ်စက်သဖြင့် အတူမနေနိုင်တော့ကြောင်း အယူခံတရားလို၏သက်သေ မစ္စတာ ခရစ်နား (ခံပြ-၅)အား ပြောပြသေး၏။ ထိုအချက်ကို အယူခံဘရားလို၏သက်သေ လှတ်တော်ရှေ့နေကြီး မစ္စတာ ပီ၊အင်(နှ်)ဂို(ရှ်) (ခံပြ-၇) ကဆောက်ခံ၏။

အမှန်အားဖြင့်ဆိုသော် အယူခံတရားလိုသည် ထိုနေ့၌ ခါတိုင်းကဲ့သို့ နေ့ခင်း ၁ နာရီအချိန် အိမ်သို့မပြန်ဘဲ နံနက် ၁၁ နာရီအချိန် အိမ်သို့ပြန်ခဲ့၏။ ယင်းသို့ နံနက် ၁၁ နာရီအချိန် အိမ်သို့ပြန်ရသည့်အကြောင်းမှာ လွန်ခဲ့သည့်ညက အယူခံတရားခံက အိမ်မှ ထွက်ခွါသွားမည်ဟု ပြောသောကြောင့် ပြန်ရသည်ဟုဆို၏။ ထိုအချက်ကို ထောက်သော် လွန်ခဲ့သည့်ညက လင်မယားရန်ဖြစ်သည်မှာ ထင်ရှားလှ၏။ ဤအချက်ကပင် အယူခံတရားခံ၏ ထွက်ဆိုချက်များကို တစိတ်တဒေသအားဖြင့် ထောက်ခံပေ၏။

အယူခံတရားခံသည် ထိုမတ်လ ၂၂ ရက်နေ့ နံနက်တွင် စံပြသားဖွါးခန်းမှ ဒေါက်တာ ကာ(စ်)တီဂါထံ ယမန်နေ့ကမိမိရင်ဖိုသောဒဏ်ရာနှင့်စပ်လျဉ်း၍ပြသရန်သွားရာ ဒေါက်တာကာ(စ်)တီဂါကို မတွေ့ကြောင်း၊ ထို့နောက် ဒေါက်တာ ကာ(စ်)တီဂါသည် မိမိအားစမ်းသပ်ကြောင်း၊ သုံးလကြာသောအခါ သားဖျက်ကျကြောင်း ထွက်ဆို

၁၉၆၃

ဘီမာလန်
ဒုးကို့(ရှ်)
နှင့်
မစ္စစ် ဟို
တီမာဂို(ရှ်)

လေ၏။ ဒေါက်တာ ကာ(စ်)တီဂါအား သက်သေမထူသဖြင့် အယူခံတရားလို၏ ရွေ့နေကြီးကပြင်းပြင်းထန်ထန်ဝေဖန်၏။ အယူခံ တရားခံ၏ ရွေ့နေကြီးက ဒေါက်တာ ကာ(စ်) တီဂါသည် ဟိန္ဒူအမျိုးသမီးဖြစ်သဖြင့် တရားရုံးသို့ လာရောက်မည် မထင်သောကြောင့် သက်သေမထူခဲ့ပါဟု ဖြေကြား၏။ သို့သော် ဒေါက်တာ ကာ(စ်)တီဂါအား ကောင်မရှင်ဖြင့် စစ်ဆေးနိုင်ပေမည်။ ယင်းသို့ဖြစ်၍ ချို့ယွင်းချက်ရှိသည်ကားမှန်၏။ သို့သော် ငြားလည်း အယူခံတရားခံသည် မိမိ၏အစ်ကိုအား တိုင်ကြားသည့်အပြင်၊ အိမ်နီးချင်းများဖြစ်သူ မစ္စတာ ခရစ်ရှနားနှင့် အခြားသူများအားလည်း တိုင်ကြားကြောင်းမှာ ပေါ်လွင်နေ၏။ ထိုသက်သေခံချက်များနှင့် အမှုပါ အကြောင်းချင်းရာ အားလုံးကို ခြုံငုံ၍ဆန်းစစ်သော် ထိုမတ်လ ၂၁ ရက်နေ့ည၌ အယူခံတရားလိုက အယူခံတရားခံ၏ ဝမ်းပိုက်ကို ခြေနှင့်ကန်သည်ဆိုသည့် အယူခံတရားခံ၏ ထွက်ချက်ကို လက်ခံရန် အကြောင်း လုံလောက်သည်ဟု ဆိုရပေမည်။ အကြောင်းသော်ကား ကလကတ္တားမြို့၌ ပြင်းထန်သောဒဏ်ရာများ ရခဲ့သည် ဖြစ်လင့်ကစား အယူခံတရားခံသည် မိမိ၏ လင်ယောကျ်ားနှင့် ဆက်လက်ပေါင်းသင်းခဲ့၏။ ထို့နောက် လင်ယောကျ်ား၏ ဖြားယောင်း သွေးဆောင်မှုကြောင့် သော်၎င်း၊ သြဇာကို မလွန်ဆန်နိုင်သောကြောင့် သော်၎င်း စိတ္တဇဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသ ခဲ့ရာတွင် အစ်ကိုဖြစ်သူ ဆန်သီဂန်ဂူလီ တရားလွှတ်တော်သို့ ရွှေတော်သွင်း စာချွန်တော်လျှောက်တောင်းသဖြင့် ရုံးရွှေသို့ ရောက်ရှိသည့်အခါ၊ မိမိအိမ်သို့ပြန်လိုကြောင်း ပြောသဖြင့် တရားလွှတ်တော်ကပြန်ခွင့်ပြုခဲ့၏။ အယူခံတရားခံမှာ အားနဲ့သူ ပစ္စည်းမဲ့သူ မိန်းမသားဖြစ်၍ ပစ္စည်းမဲ့သည့် လင်ယောကျ်ားကို မှီခိုအားထားနေရသူ ဖြစ်သည်တကြောင်း၊ ထင်ထွက်ဆိုသည့်အတိုင်း မိမိ၏ သားသမီးများကို ငဲ့ညှာသည်တကြောင်း၊ သက်သေ ဒေါက်တာ အာနန္ဒာ (ခံပြ-၁) ထွက်ဆိုသည့်အတိုင်း ဟိန္ဒူအမျိုးသမီးများသည် သမီးမိန်းမများ၏ အိမ်ထောင်ရေးကို ငဲ့သဖြင့် မိမိအိုးအိမ်ကို ပစ်ခွါထွက်သွားလေ့မရှိသည်တကြောင်း ထို့ကြောင့် အယူခံတရားခံသည် ထိုမတ်လ ၂၁ ရက်နေ့ည၌ လင်ယောကျ်ားက ကိုယ်ထိလက်ရောက် နှိပ်စက်သဖြင့်သာ နေအိမ်မှ ထွက်ခွါခဲ့ဟန်တူသည်။ ထွက်ခွါသည့် ညနေ၌လည်း အိမ်နီးချင်းများအား မိမိယောကျ်ား နှိပ်စက်သဖြင့် အတူမနေနိုင်တော့ကြောင်း တိုင်ကြားခဲ့သေး၏။ အထက်ဖော်ပြပါ အကြောင်းများကြောင့်၎င်း၊ တိတ်တဆိတ် ထွက်ခွါလိုလျှင် ယင်းသို့တိုင်ကြားမည် မဟုတ်သောကြောင့်၎င်း ယမန်နေ့ညက ဖြစ်ပေါ်သော အကြောင်းကြောင့် ထွက်ခွါသည်ဟု ယူဆရပေမည်။

ထို့ပြင်လည်း မတ်လ ၂၂ ရက်နေ့တွင် နံနက် ၁၁ နာရီအချိန် အယူခံတရားလို အိမ်သို့ပြန်လာရာ၊ ၎င်း၏မိန်းမကို မတွေ့သဖြင့် အိမ်၌ ကလေးထိန်းနှင့် ထားခဲ့သော

၁၉၆၃

ဘီမာလန် ဒူးဂို(ရှ်) နှင့် မစ္စစ် ပရို တီမာဂို(ရှ်)။

အငယ်ဆုံး အသက် တနှစ်ခွဲငွိကလေးကို ယူဆောင်သွားပြီး ကွန်ဗင့်ကျောင်းတွင် အပ်ထားသည်ဟု ၎င်းကိုယ်တိုင်ကငန်ခံ၏။ ထိုအချင်းအရာနှင့် စပ်လျဉ်း၍ ရက်စက်မှု တရပ်အနေဖြင့် အယူခံတရားလို၏ အဆိုလွှာတွင် ဖေါ်ပြခြင်းမပြုခဲ့ချေ။ ထို့ပြင်လည်း ထိုသို့ကလေးအား ယူဆောင်သွားသောကြောင့် မိမိ၏ကျန်းမာမှုကို ထိခိုက်ကြောင်း အဆိုလွှာတွင်သော်၎င်း၊ သက်သေခံချက်တင်သော်၎င်းမပေါ်ချေ။ ထို့ကြောင့် ထိုဖြစ်ရပ်ကိုရက်စက်မှုအနေနှင့် အသုံးမပြုနိုင်ပေ။ **ရပ်ဆဲ** နှင့် **ရပ်ဆဲ** (၃) အမှုကိုကြည့်ပါ။ သို့သော်ငြားလည်း ထိုဖြစ်ရပ်သည် မတ်လ ၂၁ ရက်နေ့တွင် ကိုယ်ဝန်သုံးလရှိသူ မိမိဇနီး၏ ဝမ်းပိုက်ကို ခြေနှင့်ကန်သည့် ရက်စက်မှုကို ပိုမိုလေးနက်စေသည်ဟု ယူဆရမည်ဖြစ်သည်။ မူလရုံး စီရင်ချက်တွင် **ကင်း** နှင့် **ကင်း** (၄) အမှုကိုကိုးကား၍ ဖေါ်ပြခဲ့သည့်အတိုင်း ကိုယ်ဝန်ရှိသူကို ရိုက်ပုတ်မည် ကြိမ်းမောင်းခံမှုဖြင့် တရားဥပဒေအရ ရက်စက်မှုမြောက်သည် ဖြစ်ရကား ကိုယ်ထိလက်ရောက် ကျူးလွန်မှုမှာ အထူးဆိုဘွယ် မရှိတော့ချေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် အယူခံတရားလိုသည် အယူခံ တရားခံအား ၁၉၅၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၌ ဝမ်းပိုက်ဘဲ့ခြေနှင့်ကန်သဖြင့် ရက်စက်မှုကို ထပ်မံကျူးလွန်ပြန်သည်ဟု ဆိုးဖြတ်ရပေမည်။

၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အယူခံ တရားလိုက အယူခံတရားခံအပေါ် ရက်စက်မှု ကျူးလွန်ခဲ့သည်ဆိုနိုင်သည် ထားဘိဦး၊ ထိုနောက်၌ ၎င်းတို့နှစ်ဦး အတူတကွ အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ကြသည်ဖြစ်၍၊ ထိုရက်စက်မှုကို ခွင့်လွှတ်ပြီးဖြစ်ကြောင်း ယူဆရမည်ဟု အယူခံတရားလို၏ ပညာဉီ့ရှေ့နေကြီးကလျောက်လဲပြန်သေး၏။ အယူခံတရားခံက အယူခံတရားလို၏ ချေပလွှာကို ပြန်လည်ဖြေကြားရာတွင် မိမိသည် ထိုရက်စက်မှုကို ခွင့်မလွှတ်ခဲ့ကြောင်းနှင့် ချေပလေသည်။ အကြင်လင်မယားနှစ်ဦးရှိရာတွင် မယားကဖေါက်ပြန်၍ လင်ကသိလျက်နှင့် လင်မယားအဖြစ် ဆက်လက်ပေါင်းသင်း နေထိုင်လျှင် အထူးသဖြင့် ကိုယ်လက်နှိုးနှောမိလျှင် ယေဘုယျအားဖြင့် လင်ယောကျ်ားသည် မယား၏ဖေါက်ပြန်မှုကို ခွင့်လွှတ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း စီရင်ထုံး အမြောက်အမြားရှိ၏။ သို့သော် မိန်းမများသည် ယောကျ်ားများကဲ့သို့ အိမ်ထောင်ရေးကို အလွယ်တကူ ဖျက်သိမ်းနိုင်စွမ်း မရှိသဖြင့် ယောကျ်ားများ၏ ဖေါက်ပြန်မှုကို ခွင့်မလွှတ်သော်လည်း သည်းခံ၍ ပေါင်းသင်း နေကြရကြောင်း၊ ထို့ပြင်လည်း ယောကျ်ားက မိမိအပေါ် ၌ ရက်စက်မှုကျူးလွန်လျှင်

(၃) ၁၈၉၇ ခုနှစ်၊ အယူခံမှုမျှား၊ စာ ၃၉၅။
(၄) အိန္ဒိယစီရင်ထုံးများ၊ အထွေ ၄၇၊ စာ ၅၀-၅၂။

၁၉၆၃

ဘီမာလန်
ဒုးဂို(၍)
နှင့်
မစ္စစ် ပရို
တီမာဂို(၍) ။

ထိုသို့ကျူးလွန်ပြီးနောက်၊ ဆက်လက်ပေါင်းသင်း၍ နေထိုင်ကာမျှဖြင့် ကျူးလွန်မှုကို ခွင့်လွှတ်သည်ဟု တထစ်ချ ယူဆနိုင်မည် မဟုတ်ကြောင်းနှင့် ဟင်ဒါဆင် နှင့် ဟင်ဒါဆင် (၅) အမှုတွင် အောက်ပါအတိုင်း ဖေါ်ပြထားလေသည်။

"It has been more than once pointed out that the conclusion of condonation by an innocent wife of her husband's previous misconduct is not in all cases so strictly drawn from the fact of subsequent intercourse, for there may be instances where the innocent wife, owing to the difficulties of her situation, may have no means of immediately breaking off relations. In *Snow* v. *Snow* Dr. Lushington discusses at length whether, where a husband has been guilty of cruelty, a wife can ever maintain a suit where co-habitation was continued after the last act, and he concludes that subsequent co-habitation is not universally a bar to the wife's suit, for the reason above stated, ..."

မည်သို့ပင် ဆိုစေကာမူ ကလကတ္တားမြို့၌ ကျူးလွန်သည့် ရက်စက်မှုကို ၁၉၅၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ည၌ ကျူးလွန်သည့် ရက်စက်မှုက ပြန်လည်အသက်သွင်းသည်ဟု ယူဆရမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်က ဆာဂျေနီကော(လ်) ဆိုသူ တရားသူကြီးသည် ဒူရင် နှင့် ဒုရင် (၆) အမှုတွင် အောက်ပါအတိုင်း မြွက်ကြားခဲ့လေသည်။

"Condonation is forgiveness, with an implied condition that the injury shall not be repeated, and that the other party shall be treated with conjugal kindness; therefore on breach of the condition the right to a remedy for the former injury revives."

ထိုမြွက်ကြားချက် အဆိုင်းပင် **ဘလက်မိုး** နှင့် **ဘလက်မိုး** (၇) အမှုတွင် ရန်ကုန် တရားလွှတ်တော် စုံညီခုံရုံးက ဆုံးဖြတ်ခဲ့လေသည်၊ ထိုမျှသာမကသေး ထိုမြွက်ကြားချက်ကို အထက်ဖေါ်ပြပါ **ဟင်ဒါဆင်** နှင့် **ဟင်ဒါဆင်** (၅) အမှုတွင် စာမျက်နှာ ၅၄ ၌ အင်္ဂလန်ပြည်၊ အထက်လွှတ်တော်တရားဝန်ကြီးများက သဘောတူ လက်ခံခဲ့လေသည်။

---

(၅) ၁၉၄၄ ခုနှစ်၊ အယူခံမှုများ၊ စာ ၄၉။
(၆) ၁၈၂၅ ခုနှစ်၊ 1 Hag. Ecc., စာ ၇၃၃-၇၆၁။
(၇) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၇၊ စာ ၃၁၃။

၁၉၅၃

ဘီမာလန် ဒူးဂို(၍) နှင့် မစ္စစ် ပရီ တီမာဂို(၍)။

၁၉၅၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၌ ကျူးလွန်သော ရက်စက်မှုသည် ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလအတိုင်း ကျူးလွန်သော ရက်စက်မှုလောက် မဆိုးရွားသည်ကားမှန်၏။ သို့သော် ဒုတိယရက်စက်မှုသည် ပဌမရက်စက်မှုလောက် မဆိုးရွားစေကာမူ ၎င်းကို ပြန်လည် အသက်ဝင်စေနိုင်ကြောင်းဖြင့် **မစ်တင်** နှင့် **မစ်တင်** (၈)အမှုတွင် အဆိုးအဖြတ် ပြုခဲ့သည်မှာ သင့်လျော်မှန်ကန်သဖြင့် ဤရုံးကလည်း လိုက်နာကျင့်သုံးရပေမည်။

တဖန် အယူခံတရားလို၏ ပညာရှိ ရှေနေကြီးက ကောက်ချက် (၇)ကိုထုတ်ရာ၌ **အယူခံတရားလို၏** ချေလွှာအပိုဒ် ၁၀ ပါ ထုချေချက်ကိုမူတည်ပြီး ထုတ်သဖြင့် **အယူခံတရားခံ၏** အပြုအမူသည် အိမ်ထောင်ရေးကို ပျက်ပြယ်စေလောက်အောင် ဆိုးရွားသလော ဟူ၍သာ ကောက်ချက်ထုတ်သင့်ကြောင်း နှင့်လျော်လဲပြန်သေး၏။ ထိုကောက်ချက်တွင် အိမ်ထောင်ရေး ပျက်ပြယ်စေသည်မှာ အယုခံတရားလို၏ တာဝန်ဖြစ်သလောဟု ဓကာက်ချက် ထုတ်ထားလေသည်။ ယင်းသို့ ဖြစ်လင့်အစား ယခုစွဲဆိုသည့် အမှုမှာ မြန်မာပြည်လင်မယားကွာရှင်းရေး အက်ဥပဒေ ပုဒ်မ ၂၂ အရ လင်မယား ခွဲခြားနေထိုင်စေလိုမှု ဖြစ်ရကား ဖေါက်ပြန်မှု၊ သို့တည်းမဟုတ် ရက်စက်မှု၊ သို့တည်းမဟုတ် ပစ်ခွါမှုပေါ် ဦးသာ မူတည်၍ စွဲဆိုနိုင်ပေမည်။ ထိုကောက်ချက်တွင် ဖေါ်ပြထားသော အကြောင်းပြချက်ဖြင့် ယခုကဲ့သို့သော အမှုမျိုးကို စွဲဆိုနိုင်မည် မဟုတ်ပေ။ ထိုမှတပါးလည်း ယခုအမှုမှာရက်စက်မှုပေါ် မူတည်၍ စွဲဆိုသည်ဖြစ်ရကား၊ အထက်ဖေါ်ပြပါ **ရှော** နှင့် **ရှော** (၁)၌ ချမှတ်သောမူအရ၊ ရက်စက်မှု ပြုသည့်အချိန်၌ ခံရသူ၏ အပြုအမူကိုသာ ထည့်သွင်းစဉ်းစားနိုင်ပေမည်။ ဤအမှုတွင် တွေ့ရှိရသော ရက်စက်မှု ပြုကျင့်သည့်အကြိမ်များတွင် အယူခံတရားခံက အယူခံတရားလို အပေါ်၌ စိတ်ဆိုးလောက်အောင် အပြုအမူမျိုး ပြုလုပ်သည်ဟု မတွေ့ရပေ။

အယူခံတရားလိုအတွက် တင်ပြသော အခြားအကြောင်းခြင်းရာများကို မူလရုံး စီရင်ချက်တွင် တိကျစွာအသေးစိတ် ဝေဖန်ပြီး ဖြစ်သဖြင့် ဤရုံးက ထပ်မံဝေဖန်ခြင်း ပြုတော့မည် မဟုတ်ပေ။ အမှုအဖြစ်အပျက်အားလုံးကို ပေါင်းချုံ၍ လေ့လာသည့် အခါ၌ အယူခံတရားလိုသည် အယူခံတရားခံနှင့် ရရှိသော သားသမီးများ အပေါ်တွင် ကြင်နာသက်ညှာသလောက် အယူခံ တရားခံအပေါ်၌ စိတ်လိုက်မာန်ပါ ပြုမူတတ်ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ပြုတတ်သည့်အတိုင်းလည်း ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကလကတ္တားမြို့၌တကြိမ်၊ ၁၉၅၆ ခု၊ မတ်လ ၂၁ ရက်နေ့၌ ဘောက်ထော်နေအိမ်၌တကြိမ် အယူခံတရားခံအပေါ်၌ ရက်စက်မှုများ ကျူးလွန်ကြောင်း တွေ့ရှိရသည်။

---

(၈) ၁၁ ပရီမိတ်ဒီဗင်းရှင်း၊ စ၁ ၁၄၁-၁၄၄။

၁၉၆၃

ဘီမာဇန်
ဒူးကို(ရှ်)
နှင့်
မစ္စစ် ဟျိ
တီမာဂို(ရှ်)။

အယူခံတရားလို ပညာရှိရွှေနေကြီးက အယူခံတရားခံ စွဲဆိုသော လင်မယားခွဲခြားနေထိုင်စေရေး အမှုမျိုးကို မူလရုံးက လက်ခံစီရင်ပိုင်ခွင့် မရှိကြောင်းနှင့် လျှောက်လဲပြန်သေး၏။ အထူးထိမ်းမြားရေး အက်ဥပဒေ ပုဒ်မ ၁၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထား၏။

" 17. The Burma Divorce Act shall apply to all marriages contracted under this Act, and any such marriage may be declared null or dissolved in the manner therein provided, and for the causes therein mentioned, or on the ground that it contravenes some one or more of the conditions prescribed in clauses (1), (2), (3) or (4) of section 2 of this Act."

ယင်းသို့ ပြဋ္ဌာန်းရသည်မှာ အထူးထိမ်းမြားရေး အက်ဥပဒေတွင် လင်မယားကွာရှင်းရေး၊ လင်မယားအဖြစ် မမြောက်ကြောင်း မြွက်ဟစေရေး၊ လင်မယားနှစ်ဦးခွဲခြား နေထိုင်စေရေး၊ လင်မယားပြန်လည် ပေါင်းသင်း နေထိုင်စေရေး တို့ကို တရားစွဲဆိုရန်အတွက် ပြဋ္ဌာန်းခြင်း မပြုသဖြင့် ထိုကိစ္စရပ်များကို မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေအရဆောင်ရွက်ရမည်ဟုပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုအထူးထိမ်းမြားရေး အက်ဥပဒေ ပုဒ်မ ၁၇ ပဌမအပိုဒ်တွင် မြန်မာပြည် လင်မယား ကွာရှင်းရေး အက်ဥပဒေသည် အထူးထိမ်းမြားရေး အက်ဥပဒေအရ ပြုလုပ်သော လက်ထပ်မှုအားလုံးနှင့် သက်ဆိုင်စေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားလေသည်။ ယင်းသို့ဖြစ်ရာ မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေသည် အထက်၌ ဖေါ်ပြခဲ့သော လင်မယားကွာရှင်းရေး၊ လင်မယားအဖြစ် မမြောက်ကြောင်း မြွက်ဟစေရေးအပြင်၊ လင်မယားခွဲခြား နေထိုင်စေရေးနှင့် ပြန်လည်ပေါင်းသင်းလိုမှု စွဲဆိုရေးတို့နှင့် ပါသက်ဆိုင်သည်ဟု ယူဆရပေမည်။ ထိုပုဒ်မ ၁၇ ဒုတိယအပိုဒ်တွင် လင်မယားကွာရှင်းရေး၊ သို့တည်းမဟုတ် လင်မယားအဖြစ် မမြောက်ကြောင်း မြွက်ဟစေရေး တရားစွဲဆိုရာ၌ မည်သည့်အချက်များကို အခြေပြု၍ တရားစွဲဆိုနိုင်ကြောင်း ဖေါ်ပြထားခြင်းသာ ဖြစ်သည်။ ယခုကဲ့သို့သော လင်မယား ခွဲခြားနေထိုင်စေရေး အမှုမျိုး စွဲဆိုခြင်း မပြုနိုင်ဟု ပြဋ္ဌာန်းခြင်းမဟုတ်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရွှေနေခမှာ ၁၇၀ ဖြစ်စေရမည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင် တို့ရှေ့တွင်။

မောင်စိန်ပါ ၂ (လျှောက်ထားသူများ)
နှင့်
ဒေါ်လှငွေပါ ၃ (လျှောက်ထားခံရသူ)*

† ၁၉၆၃ ဇူလိုင်လ ၁၈ ရက်။

အိမ်နှင့်မြေဌားကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၈) အရ၊ အိမ်ခန်းများမှ ဖယ်ရှားပေးရန် ချမှတ်သော လက်ထောက်ကြီးကြပ်ရေး အရာရှိ၏အမိန့်၊ တရားရုံးများကသာ အသုံးပြုနိုင်သော အာဏာ—အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်သင့်ခြင်း။

လက်ထောက်ဌားရမ်းခ ကြီးကြပ်ရေးအရာရှိသည်၊ အိမ်ရှင်တဦးက လျှောက်ထားသည့်အတိုင်း၊ အိမ်ငှါးအား ပုဒ်မ ၁၂ (၈) အရ၊ အချင်းဖြစ်အိမ်ခန်းမှ ဖယ်ရှားရန် အမိန့်ချလိုက်သဖြင့်၊ တရားရုံး ချုပ်သို့ အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ အရ၊ အိမ်ငှါးကို နှင်ထုတ်ရန်အတွက် အမိန့်၊ သို့မဟုတ် ဒီကရီချနိုင်သော အာဏာပိုင်များမှာ တရားရုံးများသာလျှင် ဖြစ်သည်။ ဌားရမ်းခကြီးကြပ်ရေး အရာရှိများ၌သော်၎င်း၊ လက်ထောက်ဌားရမ်းခ ကြီးကြပ်ရေး အရာရှိများ၌သော်၎င်း၊ ထိုကဲ့သို့အမိန့်ဒီကရီမျိုးကို ချမှတ်ခြင်း လုံးဝမပြုနိုင်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် ချမှတ်သောအမိန့်ကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

လျှောက်ထားသူအတွက်။ ။မမစွတာ အင်၊ စီ၊ ဆင်း။

လျှောက်ထားခံရသူအတွက်။ ။ဦးတိုးမောင် (အစိုးရရှေ့နေကြီး)။

တရားသူကြီး ဦးစံမောင်။ ။ဤအမှုမှာ လျှောက်ထားသူများ ဖြစ်ကြသော မောင်စိန်နှင့် ဂျာဘက်အလီတို့က ပုသိမ်မြို့ လက်ထောက်ဌားရမ်းခ ကြီးကြပ်ရေး အရာရှိရုံး၏ ၁၉၆၃ ခုနှစ်၊ အထွေထွေမူအမှတ် ၄ တွင်၊ လက်ထောက်ဌားရမ်းခ ကြီးကြပ်ရေးအရာရှိက ၁၀-၅-၆၃ နေ့စွဲဖြင့် ချမှတ်သောအမိန့်ကို အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်သော အမှုဖြစ်သည်။ အမှုအဖြစ်အပျက် အတိုချုပ်မှာကား အောက်ပါအတိုင်းဖြစ်သည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေမူအမှတ် ၇၄။

† အမှုခေါ် စာချုပ်တော်အမိန့် ထုတ်ဆင့်ရန် လျှောက်ထားသော **လျှောက်လွှာ**။

၁၉၆၃
မောင်စိန်
ပါ ၂
နှင့်
ဒေါ်လှင်မေ
ပါ ၃။

ပုသိမ်မြို့၊ ကမ်းနားသမ်း၊ ဗလီကြီးဒေါင့်၊ အိမ်အမှတ် ၂၇ နေ၊ ယခုလျှောက်ထားခံရသူ အမှတ် (၁) ဒေါ်လှင်မေက၊ ၎င်းအိမ်အောက်ထပ် အခန်း ၂ ခန်းတွင် နေထိုင်ကြသော ယခုလျှောက်ထားသူ မောင်စိန်နှင့် ဂျာဘက်အလီတို့မှာ အိမ်လခ မှန်ကန်စွာ မပေးသည်တခကြောင်း၊ ဂျာဘက်အလီ၏သား အီဘရာဟင်သည် ခါးပြမှုနှင့် ဘမ်းဆီးရာ၌ သေနတ်နှင့်တကွ ဘမ်းမိအပြစ် ခံရဘူးသည်တကြောင်း၊ မိမိအိမ်ကို ပြုပြင်ရန် လိုအပ်၍တကြောင်း အဆိုပါ မောင်စိန်နှင့် ဂျာဘက်အလီတို့အား ဖယ်ရှားပေးရန် လက်ထောက် ဌာနမှူးခ ကြီးကြပ်ရေး အရာရှိထံသို့လျှောက်ထားလေသည်။ ထိုအရာရှိက ဒေါ်လှင်မေနှင့် ၎င်းပြသော သက်သေများကို စစ်ဆေးရာတွင် မောင်စိန်နှင့် ဂျာဘက်အလီ ထို့သည် အိမ်လခများကို မှန်ကန်စွာမပေးကြောင်းထင်ရှားသည်။ ထို့ပြင် ဂျာဘက်အလီ၏သား အီဘရာဟင်သည်လည်း ရာဇဝတ်မှုကို ကျူးလွန်ပြီးလျှင် ၎င်း၏ဘခင် နေအိမ်ခန်းတွင် သေနတ်နှင့်တကွမိ၍ ထောင်ကျခံရဘူးသည်။ ထို့ပြင် လက်သမားဆရာဦးမောင်သော်က ဒေါ်လှင်မေ၏အိမ်မှ လူများကို ဖယ်ရှားပေးမှသာလျှင် လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်ဟူ၍ ဆုံးဖြတ်ပေသည်။ ဂျာဘက်အလီသည် ကျန်းမာရေးနှင့် မညီညွတ်သော အကြောင် အလျောက်များကို ပြုလုပ်၍ မြို့နီစီပါယ်မှ တားမြစ်ခြင်း ခံရဘူးသည်ဟူ၍လည်း ဆုံးဖြတ်လေသည်။ ယင်းသို့ ဆုံးဖြတ်ပြီးလျှင် မောင်စိန်နှင့် ဂျာဘက်အလီတို့အား အိမ်ငှါးမြေငှါး ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၇)အရ၊ အချင်းဖြစ် အိမ်ခန်းများမှ ဖယ်ရှားထိုက်သည်ဟု ယူဆကာ ယင်းသို့ ဖယ်ရှားပေးရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ ထိုအမိန့်ကို လျှောက်ထားခံရသူ အမှတ် (၃)ဖြစ်သော လုံခြုံရေးနှင့် အုပ်ချုပ်မှုကောင်စီ အတွင်းရေးမှူးထံသို့ အရေးယူဆောင်ရွက်ရန် ပို့လိုက်လေသည်။

ယင်းသို့ ချမှတ်သော အမိန့်ကို ယခုလျှောက်ထားသူ မောင်စိန်နှင့် ဂျာဘက်အလီတို့က မကျေနပ်၍ ဤရုံးတော်သို့ အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ ရှေ့နေကြီးက လက်ထောက် ဌာနမှူးခ ကြီးကြပ်ရေး အရာရှိတွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနမှူးခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ အရ၊ အိမ်မှဖယ်ရှားပေးရန် ထုတ်နိုင်သော အာဏာ လုံးဝမရှိကြောင်း၊ ယင်းအာဏာမှာ တရားရုံးများ၌သာလျှင်ရှိကြောင်း၊ လျှောက်ထားလေသည်။ ထိုလျှောက်ထားချက်မှာ မှန်ကန်သည်ဟု ကျွန်ုပ်တို့ ယူဆရပေမည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနမှူးခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ မှာ ယခင် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌာနမှူးခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ နှင့် အလားတူ ပြဋ္ဌာန်းထားခသော ဥပဒေဖြစ်သည်။ ဥပမာ အိမ်ငှါးကို နှင်ထုတ်ရန်အတွက် အမိန့်၊ သို့မဟုတ် ဒီကရီချနိုင်

သော အာဏာပိုင်များမှာ တရားရုံးများသာ သျှင်ဖြစ်သည်။ ဌါးရမ်းခ ကြီးကြပ်ရေး အာဏာရှိများဥ္ဇသော်ငင်း၊ လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးအရာရှိများဥ္ဇသော်ငင်း ထိုကဲ့သို့ အမိန့် ဒီကရီမျိုးကို ချမှတ်ခြင်း လုံးဝမပြုနိုင်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ပုသိမ်မြို့၊ လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးအရာရှိရုံး၏ ၁၉၆၃ ခုနှစ်၊ အထွေထွေမှုအမှတ် ၄ တွင်၊ ၁၉၆၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲဖြင့် လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးအရာရှိက ချမှတ်သောအမိန့်ကို အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်လိုက်သည်။

"အမှုသည်များသည် ဤရုံးဥ္ဇ မိမိတို့ကျခံရန်ရှိသော တရားစရိတ်များကို မိမိတို့ အသီးသီး ကျခံစေရမည်။

၁၉၆၃
မောင်စိန်
ပါ ၂
နှင့်
မောင်လှဒွေ
ပါ ၃။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်။

† ၁၉၆၃
ဩဂုတ်လ ၂၄
ရက်။

မောင်မြသန်း (အယူခံတရားလို)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

လွှတ်ငြိမ်းချမ်းသာခွင့်၊ စာရင်းဒိုင်က စာရင်းငှါးအတွက် တိုင်တန်းခြင်း၊ လွှတ်ငြိမ်းချမ်းသာခွင့်တွင် အကျုံးဝင်မဝင်။

အောက်ခံတရားသူကြီးက၊ အယူခံတရားလိုအား၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြော်ငြာ ပြီးနောက် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ အပြစ်ပေးခဲ့သည်။ ထိုသို့အပြစ်ပေးရာတွင်၊ ထိုအမှုကို ရဲဌာနတွင် တိုင်တန်းသူမှာ သေသူ၏စာရင်းဒိုင်ဖြစ်သဖြင့်၊ စာရင်းငှါးဖြစ်သူ သေဆုံးသဖြင့် အကျိုး ထိခိုက်နစ်နာသူတဦးဖြစ်သည်ဟု ယူဆရမည်ဖြစ်၍ အယူခံတရားလိုသည်၊ လွှတ်ငြိမ်းချမ်းသာခွင့် **အပိုဒ်** (၁) အရ၊ လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် မခံစားနိုင်ကြောင်း ထင်မြင်ခဲ့၍ဖြစ်သည်။

အယူခံတရားလိုက မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။အောက်ရုံးတရားသူကြီးက စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု လက်ခံနိုင်ရန်မဖြစ်နိုင်၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ်ကြီး (၁)၊ အပိုဒ်ငယ် (၂) ပါ၊ "ကိုယ်တိုင် ထိခိုက်နစ်နာခြင်းခံရသူ"၊ ဟူသောစကားရပ်တွင် စာရင်းဒိုင်မှာ မပါဝင်နိုင်။ ထိုအပြင် နစ်နာသူ အတွက် ၎င်း၏စေခိုင်းချက်အရ၊ တိုင်တန်းခြင်းဖြစ်သည်ဟူ၍လည်း ဤအမှုတွင် မယူဆနိုင်။

ထို့ကြောင့် ယခုအမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ်ကြီး (၁)၊ အပိုဒ်ငယ် (၁) တွင် အကျုံးဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ခေး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်စောဒကမူအမှတ် ၁၄ နှင့် ဦးစန္ဒသီရိ (ခေါ်) မောင်လှဒင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှု အမှတ် ၃ တို့ကို ရည်ညွှန်း၍ လိုက်နာသည်။

အယူခံတရားလိုအတွက် ။ ။မရှိ။

အယူခံတရားခံအတွက် ။ ။ဦးဘိုးမောင် (အစိုးရရှေ့နေ)။

တရားသူကြီး ဦးထွန်းတင်။ ။ဤအယူခံမှုမှာ ပျဉ်းမနားမြို့ အထူးတရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၇ တွင်၊ ဂွေးကြီးရွာနေ အယူခံတရားလို

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇၉။

† ပုဒ်မ ၃၀၄ ရာဇသတ်အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံမှု။

၁၉၆၃
မောင်မြသန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မောင်မြသန်းအား၊ တရွာတည်းနေ စာရင်းငှါး မောင်ကြည်အား ခါးနှင့်ခုတ်လိုက်သဖြင့် သေဆုံးသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊လူသေမှု ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍ ၁၉၆၃ ခု၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခဲ့ခြင်းကိုမကျေနပ်၍ အယူခံတရားလိုက တင်သွင်းခဲ့သည့်အမှု ဖြစ်ပေသည်။

အမှုကြောင်းရာ လိုရင်းကိုဖေါ်ပြရမူ ၁၃၂၄ ခုနှစ်၊ နယုန်လဆုတ် ဂ ရက်နေ့ည ၉ နာရီ အချိန်ခန့်တွင် အယူခံတရားလိုသည် ၎င်း၏ဦးရီးများတော်သူ ဦးအောင်သိန်းနှင့် ဒေါ်စိန် (လိုပြ-၁၊ ၂) အိမ်သို့လာ၍ အိမ်ရှေ့တန်းလျားပေါ်တွင် အိပ်နေသည့် ဦးအောင်သိန်း၏ စာရင်းငှါး မောင်ကြည်အား အစောကြီး အိပ်ရမလားဆို၍ ဆဲဆိုသည်တွင် မောင်ကြည်က အယူခံတရားလိုအား မူးရင် ပြန်အိပ်ပါလားဟု ပြောသည်တွင် အယူခံတရားလိုက ကိုင်လာသောခါးနှင့် မောင်ကြည်အား ထိုးလိုက်ရာ မောင်ကြည်မှာ ၎င်းနေရာတွင်ပင် သေဆုံးသွားလေသည်။ အချင်းဖြစ်စဉ် ဦးအောင်သိန်းနှင့် ဒေါ်စိန်တို့ အနီးတွင်ရှိနေ၍ ဦးအောင်သိန်းကပင် အယူခံတရားလို လက်ထဲမှ ဓါးကို လုယူလိုက်ပြီး ရွာသူကြီးအား တိုင်တန်း၍ နောက်နေ့တွင် တပ်ကုန်းရဲဌာနာသို့ သွားရောက်၍၊ သက်သေခံအမှတ် "က" တိုင်ချက်ကို ရေးပွင့်လေသည်။ မောင်ကြည် ရရှိသည့်ဒဏ်ရာနှင့် ပတ်သက်၍ ခွဲစိတ်ကြည့်ရှုသူ ဆရာဝန် ဦးထွန်းသာ (လိုပြ-၁၀) က၊ မောင်ကြည်၏ ဘယ်ဘက်ရင်ဘတ်ပေါ်တွင် အသားကြေနေသည့် ဒဏ်ရာတခု တွေ့ရှိရာ ၎င်းဒဏ်ရာမှာ သက်သေခံဓါးရိုးနက်လက်နှင့် ထိုးရှရနိုင်သည့် ဒဏ်ရာဖြစ်ပြီး ထိုဒဏ်ရာမှာ သေစေနိုင်သည့်ဒဏ်ရာသာဖြစ်သည်ဟု ထွက်ဆိုလေသည်။

သက်သေခံချက်များအရ၊ သေဆုံးသူ ရရှိသည့်ဒဏ်ရာမှာ အယူခံတရားလိုပြုလုပ်၍ ရရှိသည့်ဒဏ်ရာ ဖြစ်ကြောင်းကို မျက်မြင်သက်သေများဖြစ်သူ ဦးအောင်သိန်း၊ ဒေါ်စိန်အပြင်၊ အိမ်နားနေ မပု (လိုပြ-၄) ကလည်း ထောက်ခံထွက်ဆို၍ ထိုသို့အခင်းဖြစ်ပြီး မကြာမီ ဦးအောင်သိန်းက သေသူအား အယူခံတရားလိုက ဓါးနှင့်ထိုးသွားကြောင်း ပြောပြပါသည်ဟု အချင်းဖြစ်သည့်နေရာသို့ ရောက်ရှိလာကြသည့် ရွာသား အောင်ဒင်နှင့် မောင်တင်တို့ကလည်း ထောက်ခံ ထွက်ဆိုကြသည့်ပြင်၊ အယူခံတရားလိုက ပြစ်မှုကျူးလွန်မိကြောင်း သက်သေခံအမှတ် "ဃ" ဖြောင့်ချက်ပင် ပေးခဲ့လေသည်။

အယူခံတရားလိုကမူ မိမိပြစ်မှု မကျူးလွန်ရပါဆို၍ ပေးခဲ့သည့်ဖြောင့်ချက်မှာမမှန်၊ ရဲအရာရှိများ ညှဉ်းပန်း၍ ပေးရပါသည်ဟု ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်း၍ အချင်းဖြစ်စဉ်က ၎င်းမှာ အခြားနေရာတွင်ရှိကြောင်း၊ သက်သေအထောက်အထား ပြသော်လည်း ထိုသက်သေများက လုံလောက်ယုတ်ရှိအောင် မည်သို့မျှ ထောက်ခံနိုင်ခြင်း

၁၉၆၃
မောင်မြသန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မရှိပေ။ ထို့အတွက် စစ်ဆေးသူ ပညာရှိ တရားသူကြီးက အယူခံတရားလိုမှာ ပြစ်မှု ကျူးလွန်သူ ဖြစ်ကြောင်းမှာ သံသယရှိစရာ မရှိဆိုရ၍ ၎င်းအပေါ် စွဲတင်ထားသည့် အတိုင်း ပုဒ်မ ၃၀၄ အရ၊ ပြစ်မှုကျူးလွန်သည်ဟု ယူဆဆုံးဖြတ်ခဲ့ခြင်းမှာ သက်သေခံ အထောက်အထားနှင့် အယူခံတရားလို၏ ဖြောင့်ဆိုချက်တို့က များစွာပေါ်လွင် ထင်ရှားနေစေသဖြင့် မှန်ကန်သည်ဟု လက်ခံရမည် ဖြစ်ပေသည်။

သို့သော် စစ်ဆေးသည့် အထူးတရားသူကြီးက အမှုတွင် ရဲဌာနဒါရိုက် တိုင်တန်းသူ ဦးအောင်သိန်းမှာ သေသူ၏ စာရင်းဒိုင် ဖြစ်သဖြင့် ၁၉၆၃ ခုနှစ်၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် ပါရှိသည့်အတိုင်း ဦးအောင်သိန်းသည် စာရင်းငှါးဖြစ်သူ သေဆုံးသဖြင့် အကျိုးထိခိုက် နစ်နာသူတဦး ဖြစ်သည်ဟု ယူဆရမည်ဖြစ်၍၊ အယူခံတရားလိုသည့် အပိုဒ် ၁ အရ၊ လုံးဝလွတ်ငြိမ်းချမ်းသာခွင့် မခံစားနိုင်။ အပိုဒ်ကြီး ၁၊ အပိုဒ်ငယ် (၂) သို့သာ အကျုံးဝင်သဖြင့် ထိုပြစ်မှုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရမည်ဟု အပြစ်ဒဏ် စီရင်ခဲ့လေသည်။

ထိုသို့စစ်ဆေးသူ အထူးတရားသူကြီးက ယူဆဆုံးဖြတ် ခဲ့ခြင်းမှာ မှန်ကန်သည်ဟု လက်ခံရန် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် အပိုဒ်ကြီး ၁၊ အပိုဒ်ငယ် (၂) ပါ "ကိုယ်တိုင် ထိခိုက်နစ်နာခြင်း ခံရသူ" ၏အဓိပ္ပါယ်ကို ရှင်းလင်းဖော်ပြရာ၌ **ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ခွေး (၁) အမှုတွင်** ၎င်းဒိုင်မှာ ထိုကဲ့သို့ ထိခိုက်နစ်နာသူတဦးအထဲ မပါဝင်သောကြောင့် ဖြစ်ပေသည်။ **တဖန် ဦးစန္ဒာသီရိ (ခေါ်) မောင်လှဒင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၂) အမှုတွင်၊** ဦးအောင်သိန်းသည် နစ်နာသူအတွက် ၎င်း၏စေခိုင်းချက်အရ၊ တိုင်တန်းခြင်း ဖြစ်ပါသည်ဟုလည်း မယူဆနိုင်သဖြင့် ယခုအမှုမှာ ၁၉၆၃ ခုနှစ်၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ်ကြီး ၁၊ အပိုဒ်ငယ်(၁)တွင် အကျုံးဝင်နေသည်ကို အစိုးရအတွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိရွှေနေကြီးက ဝန်ခံပေသည်။

ထို့ကြောင့် ၁၉၆၃ ခုနှစ်၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ မောင်မြသန်း အပေါ် ပျဉ်းမနားမြို့၊ အထူးတရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၇ တွင် ချမှတ်ခဲ့သည့် အမိန့်ကိုပယ်ဖျက်၍၊ အမှုကိုပိတ်လိုက်ပြီး အယူခံတရားလိုအား လွှတ်လိုက်သည်။

---

(၁) ၁၉၆၃ ခုနှစ်၊ ရာဇဝတ်စောဒကမူအမှတ် ၁၄။

(၂) ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၃။

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတို့ ။

မောင်ရုပ်မဲ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ဆွေ့ဝ်ာ
ဩဂုတ်လ
၂၄ ရက်။

လွှတ်ငြိမ်းချမ်းသာခွင့်၊ ကိုယ်တိုင် တိုင်တန်းခြင်းကိစ္စ။ သူကြီးကတိုင်တန်းခြင်းအာဏာဝင်မဝင်။

အောက်ရုံးတရားသူကြီးက၊ အယူခံတရားလိုအား၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် ကျေညာပြီးနောက်၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ အပြစ်ပေးခဲ့သည်။ ထိုသို့အပြစ်ပေးရာတွင် အမှုကို စဉ်ဆေးတွင် တိုင်တန်းသူမှာ ရှာသူကြီးဖြစ်သော်လည်း ထိုသို့တိုင်တန်းခြင်းမှာ သေသူ၏ ခင်ပွန်း အခြင်းဖြစ်စဉ်က စောထဲထွင် ခရီးလွန်နေသဖြင့် ၎င်းအတွက် တိုင်တန်းခြင်းဖြစ်သည်ဟု ယူဆသင့် သည်ဆိုရှိ၍ လွှတ်ငြိမ်းချမ်းသာခွင့်အပိုဒ် (၁)၊ အပိုဒ်ငယ် (၁) တွင် အကျုံးမဝင်ကြောင်း ဖူဆေ ခဲ့သည်။

အယူခံတရားလိုက တရားရုံးချုပ်သို့ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။နစ်နာခြင်းခံရသူများတွင် အကျုံးဝင်သည့်သူများတွင်၊ ရှာသူကြီး ပါဝင်ခြင်း မရှိ။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ခွေးအမှု (၁၉၆၃ ခုနှစ်၊ ရာဇဆိုင်ရာဒေကမှု ၁၄) ကို ရည်ညွှန်း၍ လိုက်နာသည်။

ထို့အပြင် နစ်နာသူ၏ ဇနီးချက်အရ၊ နစ်နာသူအတွက်၊ အရြားသူတဦးဦးက တိုင်ကြားမှုသာရ၊ တိုင်တန်းသူမှာ ထိုင်ကြားခြင်းမည်သည်ကို ဆုံးဖြတ်ရသည်ဖြစ်သည်။ ဤအမှုတွင် ရှာသူကြီးက တိုင်တန်း ခြင်းမှာ နစ်နာသူ၏ခင်ပွန်း ဦးစေချက်အရ၊ ထိုင်တန်းခြင်းမဟုတ်သဖြင့်၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် (၁)၊ အပိုဒ်ငယ် (၁) ထွင် အကျုံးဝင်နေသဖြင့်၊ အယူခံတရားလိုသည် လုံးဝလွှတ်ငြိမ်း ချမ်းသာခွင့်ကို ခံစားထိုက်ပေမည်။

ဦးစန္ဒသီရိ (ခေါ်) မောင်လှဒင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ [၁၉၆၃ ခုနှစ်၊ အထူး ရာဇဝတ်မှုအယူခံအမှတ် (၃)] ကို ရည်ညွှန်း၍ လိုက်နာဆဲ။

ယူခံတရားလိုအတွက် ။ ။မရှိ။

အယူခံတရားခံအတွက် ။ ။ဦးတိုးမောင် (အစိုးရတရားလွှဲနေရာ)။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇၆။

† ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံမှု။

၁၉၆၃
—
မောင်ရွှမ်မဲ
နှင့်
မြည်ထောင်စု
မြန်မာနိုင်ငံ။

တရားသူကြီး ဦးထွန်းတင်။ ။ဤအယူခံမှုမှာ၊ ထားဝယ်မြို့၊ ပဌမ အထူး တရားသူကြီးချုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင်၊ အယူခံ တရားလိုအား၊ မငွေခင် ဆိုသူကိုဓါးနှင့် ခုတ်၍၊ သေဆုံးသွားရခြင်း နှင့် ပတ်သက်၍၊ တရား စွဲဆိုခဲ့ရာ၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ၊ ပြစ်မှု ကျူးလွန်ကြောင်း တွေ့ရှိရ၍၊ ၁၉၆၃ ခု၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် ၁ (၂) တွင်၊ သာအကျုံးဝင် သဖြင့်၊ အလုပ်ကြမ်းနှင့် ထောင ဒဏ် ၁၀ နှစ် ကျခံစေရမည် ဟု ချမှတ်ခဲ့သည့် အမိန့်ကို မကျေနပ်၍ တင်သွင်းခဲ့သည့် အမှု ဖြစ်ပေသည်။

အမှုအကြောင်း အရာ လိုရင်းကို ဖေါ်ပြရမူ၊ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ ညနေ ၅ နာရီ အချိန်ခန့်တွင်၊ ထားဝယ်မြို့၊ ချောင်းဆုံရွာသို့ ခေတ္တ လာရောက် နေထိုင်နေသည့် မငွေခင် ဆိုသူအား၊ အယူခံ တရားသိုက၊ လမ်းပေါ်တွင် ပါလာသည့် ဓါးနှင့် ခုတ်သဖြင့်၊ မငွေခင် သည် ထိုနေရာ၌ပင် သေဆုံး သွားကြောင်းကို အခြင်း ဖြစ်သည့် နေရာ အနီးနေ မဘောင် (ခေါ်) မအေးပို (လိုပြ ၂) နှင့် မမှတ် (ခေါ်) မကြင်ငွေ (လိုပြ ၄) တို့က၊ မငွေခင်၏ ကယ်ပါ ယူပါဟု အော်သံကြား၍ လှမ်းကြည့်လိုက်စဉ်၊ မြင်တွေ့လိုက်ကြသည် ဆိုသည်။ ထို သက်သေများ ထွက်ဆိုချက် အရ၊ ဓါးနှင့် ခုတ်ပြီး၊ အယူခံ တရားလိုသည်၊ မဘောင် အိမ်ဝိုင်းသို့ ဝင်လာပြီး လုံချည် တဖျင်ဉ်းရာ၊ သက်သေခံ အမှတ် ၃ လုံချည်ကို ပေးလိုက်သည် ဆိုကြောင်း၊ ထိုအခါက အယူခံ တရားလို ကိုင်လာသည့် ဓါးနှင့် အင်္ကျီ၊ လုံချီတို့တွင် သွေးများ ပေကျံနေသည်ကို သက်သေထို့က တွေ့လိုက်ရကြောင်း။ ထို့နောက်၊ အယူခံ တရားလိုသည် မမှတ် အိမ်သို့ ရောက်လာ၍၊ သွေးများ ဆေးရန် ရေခပ်ခိုင်း သဖြင့်၊ မမှတ်က ရေတွင်းသို့ လိုက်သွားပြီး ရေခပ် ပေးရာရာ၊ အယူခံ တရားလိုက၊ သွေးများကို ဆေးကြော၍ နေယူလာသည့် လုံချီကို ဝတ်ပြီး၊ သွေးပေနေသည့် အင်္ကျီနှင့် လုံချီကိုမူ ဝှက်ခိုင်း သဖြင့် မမှတ်က ချုံထဲ သွားဝှက်ပေးရသည်ဆိုကြောင်း။

အခြင်း ဖြစ်ပြီး မကြာမီပင် မဘောင် သည်၊ သူကြီး ဦးတီး (လိုပြ ၁) ထံသွားရောက် စိုင်တန်းရာ၊ ဦးတီး သည်၊ မောင်ချစ်အေး (လိုပြ ၃) နှင့် ကာကွယ်ရေး သမားများ ခေါ်ပြီး၊ အယူခံ တရားလို အိမ်သို့ သွား၍၊ ၎င်းအား ဘမ်းဆီးပြီး၊ အခြင်း ဖြစ်နေရာသို့ သွားရောက် ကြည့်ရှုသည်တွင်၊ မငွေခင် ဓါးဒဏ်ရာ များနှင့် သေဆုံး နေသည်ကို တွေ့ရ၍ ညဘွင်းချင်းပင် ဦးတီး သည်၊ ကလိန်အောင် ရဲဌာနဝဲသို့ သွားရောက်၍ သက်သေခံ အမှတ် (က) ထိုင်ချက်ကို ရေးဖွင့် ခဲ့လေသည်။ ထို့အတူက်၊ ဌာနာအုပ် ဦးထွန်းလင်း (လိုပြ ၉) လိုက်လာ၍၊ အယူခံ တရားလို အား၊ ဘမ်းဆီးပြီး၊ သက်သေခံများကိုပါ သိမ်းဆည်းလေသည်။ မငွေခင် ၏ အလောင်း ကိုမူ၊ နောက်နေ့ နံနက် ထားဝယ်ဆေးရုံသို့ ပို့ရာ၊ ခွဲစိတ် ကြည့်ရှုသူ ဆရာဝန် ဦးသန်းခင် (လိုပြ ၈) ကာသေသူ

တွင် ဓါးဒဏ်ရာပေါင်း ၁၄ ချက် တွေ့ရှိရာ၊ ၎င်းတို့ အနက်၊ ဒဏ်ရာ ၄ ခုမှာ အမှန် သေစေမည့် ဒဏ်ရာများ ဖြစ်သည်ဟု ထွက်ဆိုလေသည်။ ထို့တွက် အယူခံ တရားလိုအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ လူသတ်မှု အရ၊ တရားစွဲဆိုခဲ့ခြင်း ဖြစ်ပေသည်။

၁၉၆၃
—
မောင်ချမ်းမဲ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အမှုဘွင်ပေါ် လွင်သည့် သက်သေခံချက်များအရ၊ သေသူအား၊ အယူခံတရားလိုက ကိုင်ဆောင်လာသည့် ဓါးနှင့် လမ်းပေါ် တွင်ခုတ်သဖြင့် သေဆုံးရကြောင်းမှာ ထင်ရှားသဖြင့်၊ ၎င်း အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ၊ စွဲချက် တင်ခဲ့လေသည်။ ထိုစွဲချက်နှင့် ပတ်သက်၍၊ အယူခံ တရားလိုက၊ မိမိမက ကျူးလွန်ရပါဟု ငြင်းကွယ်သော်လည်း၊ ကျမ်း ကျိန် အစစ်ခံသော အခါမှု၊ အခြင်း မှဖြစ်ပွါးမှီ ရက် အနည်းငယ်က ၎င်းမှာ ဖျားနာနေ၍၊ သဘို ကင်းကွာနေသဖြင့် မည်သို့ ပြုလုပ်ခဲ့မိကြောင်း မသိပါဟု ဇွတ်ဆို ပြန်လေသည်။ သို့သော်၊ ထိုစဉ်က၊ အယူခံ တရားလိုမှာ လူရူးကဲ့သို့ သတိကင်းကွာ နေကြောင်း ထောက်ခံချက် မည်သို့မျှ လုံလောက်အောင် ပြသနိုင်ခြင်း မရှိသည်နှင့် အမျှ၊ မဒင္ဂခင်မှာ၊ ၎င်းက ဓါးနှင့် ခုတ်၍ သေဆုံးရကြောင်း သက်သေခံချက်မှာ ဒိဟ သံသယ ဖြစ်စရာ မည်သို့မျှမရှိရကား၊ ၎င်း၏ ချေပချက်ကို စစ်မေးသည့် ရွှေ့တော်မှ ပယ်၍၊ အယူခံ တရားလိုသည်ဆာ ပြစ်မှု ကျူးလွန်သူ ဖြစ်သည်ဟု ယူဆဆုံးဖြတ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်မှာ သက်သေခံချက်များအရ၊ စိုးစဉ်းမျှ သံသယ ဖြစ်စရာမရှိ သဖြင့် လက်ခံအတည်ပြုရပေမည်။

သို့သော်၊ စစ်ဆေးသည့် ပညာရှိ အထူး တရားသူကြီးက၊ ယခု အမှုကို၊ ရဲဌာနတွင် တိုင်တန်းသူမှာ၊ ရွာသူကြီး ဦးတီး ဖြစ်သော်လည်း၊ ထိုသို့ တိုင်တန်းခြင်းမှာ သေသူ၏ ခင်ပွန်း၊ အခြင်း ဖြစ်စဉ်က တောထဲတွင် ခရီးလွန်နေသည့် အတွက်၊ ၁၉၆၃ ခု၊ ဇွန်ဝတ် စောဒကမှု အမှတ် ၁၄ **ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ခွေး** အမှုတွင် ရည်ညွှန်း ထားသည့် အတိုင်း၊ နစ်နာသူ ခင်ပွန်း အတွက်၊ သူကြီးက တိုင်တန်းခြင်း ဖြစ်သည်ဟု ယူဆ သင့်သည်ဆို၍၊ ၁၉၆၃ ခုနှစ်၊ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့် အပိုဒ်(၁)၊အပိုဒ်ငယ် (၁) သို့အကျုံးမဝင်၊ အပိုဒ်ငယ် (၂) နှစ် သာ သက်ဆိုင်သဖြင့်၊ အယူခံ တရားလိုသည်၊ ထိုပြစ်မှု အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခဲ့လေသည်။

သို့သော်၊ အထက်က ရည်ညွှန်း ခဲ့သည့် မောင်ခွေး အမှုတွင် တရားရုံးချုပ်မှ ထိခိုက် နစ်နာခြင်း ခံရသူများတွင် အကျုံး ဝင်သည့် သူများကို ပြဆိုရာ၌၊ ရွာသူကြီး ပါဝင်ခြင်း မရှိ။ တဖန် ထိုနစ်နာသူ အတွက်၊ အခြား တဦးဦးက တိုင်ကြားလျှင်လည်း၊ ထိုနစ်နာသူပင် တိုင်ကြားသည်ဟု ယူဆရ ပေမည် ဆိုသည့် စကားရပ်များနှင့် ပတ်သက်သည့် အဓိပ္ပါယ်ကို ဤရုံးတော် ၁၉၆၃ ခု၊ အထူး ဇွန်ဝတ အယူခံမှု အမှတ် ၃၊ **ဦးစန္ဒသီရိ(ခေါ်) မောင်လှဒင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ**

ခရိုနဲ့
မောင်ရွှမ်မဲ
နှင့်
ပြည်ဆောင်ရွက်
မြန်မာနိုင်ငံ။

အမှုတွင်၊ ထိုနစ်နာသူ အတွက်၊ ထိုနစ်နာသူ၏ စေခိုင်း ချက် အရ၊ အခြားသူ တဦးဦးက တိုင်ကြားလျှင်လည်း၊ ထိုနစ်နာသူပင် တိုင်ကြားခြင်း မည်သည်ဟု ယူဆရမည်ဟု ရှင်းလင်းထားသဖြင့်၊ ယခု အမှုတွင်၊ ရွာသူကြီး ဦးတီးက၊ တိုင်တန်း ခြင်းမှာ၊ နစ်နာသူ ဒေသူ၏ ခင်ပွန်း ခိုင်းစေချက် အရ၊ တိုင်ကြားခြင်း ဖြစ်သည်ဟု ယူဆ နိုင်မှသာ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် အပိုဒ် (၁)၊ အပိုဒ် ငယ် (၂) သို့ အကျုံးဝင်ပေမည်။ သို့သော် သက်သေ ခံချက်များ အရ၊ ရွာသူကြီး ဦးတီးက ထိုသို့ တိုင်တန်းခဲ့ကြောင်း အထောက် အထားရှိသည်ကို မတွေ့ ရှိရသဖြင့်၊ "အစိုးရ အာဏာ လိုက်ပါ ဆောင်ရွက်သည့် ပညာရှိ ဖွေဓနကြီးကလည်း ရွာသူကြီးက တိုင် တန်းခြင်းမှာ၊ ဦးစန္ဒသီရိ အမှုတွင် ပြဆို ရှင်းလင်း ထားသည့် အတိုင်း၊ သေသူ၏ ခင်ပွန်း၏ ခိုင်းစေချက်အရ၊ တိုင်ကြားခြင်း ဖြစ်ပါသည်ဟု မယူဆနိုင်ပါဟု ဝန်ခံ သဖြင့်၊ ယခု အမှုမှာ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် အပိုဒ်ကြီး (၁)၊ အပိုဒ်ငယ် (၁) တွင် အကျုံး ဝင်နေ သဖြင့်၊ အယူခံ တရားလို သည် လုံးဝ လွှတ်ငြိမ်း ချမ်းသာခွင့် ကို ခံစား ထိုက်ပေသည်။

ထို့ကြောင့်၊ အယူခံ တရားလို မောင်ရွှမ်မဲ အား၊ ဘဂ်ဂ်ဳ ခုန္ဒစ်၊ လွှတ်ငြိမ်း ချမ်းသာ ခွင့် အမိန့် အရ၊ ထင်း အငေါ် အောက်ရှိမှ ချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်၍၊ အမှုကို ပိတ်လိုက်ပြီး၊ အယူခံ တရားလို မောင်ရွှမ်မဲ အား လွှတ်လိုက်သည်။

တရားမစောဒကမှု

တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်။

ရွှေနေကြီးတဦးကိစ္စ*

*၁၉၆၃ ဇူလိုင်လ ၂ ရက်။

လွှတ်ငြိမ်းချမ်းသာခွင့် (Amnesty Order) ၏အဓိပ္ပါယ်—လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် (Free Pardon) ရရှိသည်ဟူ၍ ဆိုးဖြတ်ရန်သင့်မသင့်။

လျှောက်ထားသူသည်၊ အထက်တန်းရှေ့နေစာရင်းဘွင်၊ ဝင်းအမည်မှတ်ပုံတင်ရန် လျှောက်ထားရာ၊ ပေါ်ပေါက်လာသောပြဿနာမှာ ဝင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ၊ ထောင်ဒဏ်အပြစ်ပေးခြင်းခံရသူဖြစ်ပြီး၊ လွှတ်ငြိမ်းချမ်းသာခွင့် ကျေးဇူးသည်အခါ၌ အယူခံဝင်လျက်ရှိရာ၊ ထိုအမိန့်အရ အယူခံအမှုကို ပိတ်လိုက်ပြီး၊ ဝင်းအပေါ် ချမှတ်သောစီရင်ချက် (Conviction)ကို ပယ်ဖျက်ပြီးဖြစ်၏။ သို့ဖြစ်၍ အောက်ရုံးမှချမှတ်ခဲ့သော ပြစ်မှုစီရင်ချက်မှ လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် (Free Pardon) ရ-မရဟူသော ပြဿနာကို ဖြေဆိုရန် တရားသူကြီးနှစ်ဦးသို့ လွှဲအပ်ခြင်းဖြစ်လေသည်။

ဖြေဆိုချက်။ ။လျှောက်ထားသူအပေါ်တွင် အောက်ရုံးမှ ချမှတ်ထားသော ပြစ်မှုထင်ရှားစီရင်ချက် (Conviction) မရှိတော့သဖြင့်၊ ဝင်းသည် ပြစ်မှုကျူးလွန်သောသူ မဟုတ်တော့ဘဲ၊ သာမန်အပြစ်ကင်းမဲ့သော သူကဲ့သို့ဖြစ်နေသည်ဟု ထင်မြင်ယူဆရမည်။

နိုင်ငံတော်အစိုးရက ရာဇဝတ်ပြစ်မှုများအတွက် လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်ဟု ပြဋ္ဌာန်းထားသဖြင့် လျှောက်ထားသူသည်၊ ဝင်းအပေါ် ချမှတ်ထားသော အပြစ်ဒဏ်နှင့် ပြစ်မှုမှလုံးဝ လွှတ်ငြိမ်းချမ်းသာခွင့် (Free Pardon) ရရှိသည်ဟူ၍ ထင်မြင်ယူဆရန်ဖြစ်သည်။

အထက်တန်းရှေ့နေ ဦးခင်မောင်စိန်၏ကိစ္စ။

လျှောက်ထားသူအတွက်။ ။ဦးလှသင်း (အစိုးရရှေ့နေကြီး)။

တရားသူကြီး ဦးစောဘသိန်း။ ။ကျွန်ုပ်ရုံးသို့ ထောက်လှမ်းပေးပြန်သော ပြဿနာမှာ—

> " What is the effect of the Amnesty Orders in such cases? Does it merely mean remission of punishment, or does it have the same effect as a Free Pardon granted by a Head of State? "

ဟူ၍ ဖြစ်၏။

ကျွန်ုပ်ပြဿနာ ပေါ်ပေါက်လာရခြင်း အကြောင်းမှာ၊ လျှောက်ထားသူ ဦးဝေဖြင့်သိန်း [အီး အယ် (ထ်)] က၊ ၎င်း အား၊ အထက်တန်း ရှေ့နေ အဖြစ် ဝင်ခွင့်ပြုရန်

* ၁၉၆၃ ခုနှစ်၊ တရားမစောဒကမှု အမှတ် ၉။

၁၉၆၃

ရွှေနေကြီးတဦး ကိစ္စ။

ဤရုံး အထွေထွေ ဌာနဘက်သို့၊ လျှောက်ထားစဉ် နိုင်ငံ အစိုးရက၊ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် အရ၊ ရန်ကုန်မြို့၊ အထူး တရားသူကြီး (၁) ရုံး၊ ၁၉၅၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၈၁ နှင့် ၈၂ တို့တွင်၊ ၎င်း အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ၊ အပြစ်ပေးချ၊ ချမှတ်လိုက်သော အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်စီကို လွှတ်ငြိမ်း ချမ်းသာခွင့် ပြု၍၊ ကျခံနေရသော ထောင်မှ လွှတ်လိုက်ပြီး ဖြစ်သောကြောင့် လျှောက်ထားသူ ဦးဇော်မြင့်သိန်းသည်၊ ၎င်း အပေါ် ချမှတ်ထားသော ပြစ်မှု ထင်ရှား စီရင်ချက် (**conviction**) မှ လုံးဝ လွှတ်မြောက်သွားပြီး ဖြစ်သည်ဟု ယူဆနိုင်မည်၊ မနိုင်မည်နှင့် ပတ်သက်၍၊ ဤရုံးတရားသူကြီး နှစ်ဦးတို့က၊ ခုံရုံးသို့ အဆုံး အဖြတ် ပေးရန် လွှဲအပ်သဖြင့်၊ ဤပြဿနာ ပေါ်ပေါက်၍ လာ၏။

၁၉၆၃ ခုနှစ်၊ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် အပိုဒ် ၁ (၁) တွင်၊ "ပြည်ထောင်စု မြန်မာ နိုင်ငံ၏ နိုင်ငံသား တဦးဦး သည်၊ ဤအမိန့် ထုတ်ပြန်သည့် နေ့ရက် မတိုင်မီက .....အခြား ရာဇဝတ် ပြစ်မှုတခုခုကိုကျူးလွန် ခဲ့လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ အဆိုပါ အခြား ရာဇဝတ် ပြစ်မှုများ အတွက်၊ လုံးဝ လွှတ် ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်" ဟူ၍၊ ပြဋ္ဌာန်း ထား၏။

၁၉၆၃ ခုနှစ်၊ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် အရ၊ အမှုများ ရုတ်သိမ်းခြင်း အမိန့် တွင် "..... ၁၉၆၃ ခုနှစ်၊ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် အကျုံးဝင်သောကြောင့်၊ သက်ဆိုင်ရာ အမှုများကို၊ ပိတ်ရန် ညွှန်ကြားချက် ရသော အခါ၊ (၁၉၆၃ ခုနှစ်) လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် အရ၊ အောက်ပါခွဲးအမိန့်ကို ဖြက်၍၊ အမှုပိတ်သည်။ "**Conviction is quashed under Amnesty Order. Case is closed**" ဟူ၍ ရေးမှတ်ရန် ညွှန်ကြားဖေါ်ပြထား၏။

ဤအမိန့်တို့သည်၊ "တရား ဥပဒေကဲ့သို့ အာဏာ တည်စေရမည်" ဟူ၍၊ ပြဋ္ဌာန်း ထားသဖြင့်၊ ၎င်းတို့ကို ဥပဒေ ကဲ့သို့ပင် အသိ အမှတ်ပြု၍၊ အမှုများကို လိုက်နာ ဆုံးဖြတ်ရန် ဖြစ်၏။

လျှောက်ထားသူ ဦးဇော်မြင့်သိန်း က၊ အသူခံ ဝင်သော အမှုများကို ဤရုံးက ပိတ် ထားပြီး ဖြစ်သည့်ပြင်၊ အထက်ဖေါ်ပြပါ အမိန့် အရ၊ ၎င်း အပေါ် အောက်ရုံး ချမှတ် သော ပြစ်မှု ထင်ရှား စီရင်ချက် (**conviction**) ကို၊ ပယ်ဖျက်ပြီး ဖြစ် ကြောင်း တင်ပြသည်။

ပညာရှိ အစိုးရ ရွှေနေကြီး ဦးသုသင်း က၊ နိုင်ငံ အစိုးရ ထုတ်ပြန်သော လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် သည်၊ မြန်မာ နိုင်ငံ တိုင်းရင်း သားများနှင့် သက်ဆိုင် သည့်ပြင်၊ ရည်ရွယ်ချက်မှာ၊ သင်ပုန်းခေျ၍၊ ဘဝသစ် လူသစ် ဖြစ်ရန် ရည်ရွယ်ပြီး

ဤခြမှတ် ထားသော မူအရ၊ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့်နှင့် အကျုံးဝင်သော အမှု များကို၊ လုံးဝ လွှတ်ငြိမ်း ချမ်းသာခွင့်ပေးပြီး၊ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့်နှင့် အကျုံး မဝင်သော အမှုများတွင် အပြစ် ဒဏ်လျော့ပေါ့ပေးရန် ဖြစ်သဖြင့်၊ ဤအမှု တွင် လျှောက်ထားသူ ဦးဇော်မြင့်သိန်း သည်၊ လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့်နှင့် သက် ဆိုင်သဖြင့်၊ ၎င်းအပေါ် အောက်ရုံး ချမှတ်ထားသော ပြစ်မှုမှ လုံးဝ လွှတ်ငြိမ်း ချမ်း သာခွင့် ရှိသည်ဟု ထင်မြင် ယူဆကြောင်း လျှောက်ထား တင်ပြ၏။

၁၉၆၃

ရွှေနေကြီးတဦး ကိစ္စ။

အထက်၌ ဖော်ပြခဲ့သည့် အတိုင်း၊ လျှောက်ထားသူ ဦးဇော်မြင့်သိန်း အပေါ် အောက်ရုံး ချမှတ်ထားသော ထောင်ဒဏ်မှာ နိုင်ငံ အစိုးရက၊ လွှတ်ငြိမ်း ချမ်း သာခွင့် အမိန့် အရ၊ လွှတ်ငြိမ်း ချမ်းသာခွင့် ပေးပြီး ဖြစ်သည့်ပြင်၊ ဤရုံးကလည်း ၎င်း၏ အယူခံ မှုများတွင်၊ ၎င်းအပေါ် ချမှတ်ထားသော ပြစ်မှု ထင်ရှား စီရင်ချက် (conviction) ကို၊ ပယ်ဖျက်ပြီး၊ အမှုကို၊ ပိတ်ထားလိုက်ပြီး ဖြစ်သော ကြောင့်၊ ၎င်း အပေါ်တွင်၊ အောက်ရုံး ချမှတ်ထားသော ပြစ်မှု ထင်ရှား စီရင်ချက် (conviction) မရှိတော့ သဖြင့်၊ ၎င်းသည်၊ ပြစ်မှု ကျူးလွန်သော သူမ ဟုတ်တော့ဘဲ၊ သာမန် အပြစ် ကင်းမဲ့သော သူကဲ့သို့ ဖြစ်နေသည်ဟု ထင်မြင် ယူဆရ ပေမည်။

အထက်တန်းရှေနေ ဦးခင်မောင်စိန် ကိစ္စ (၁) တွင်၊ ယခင် တရားလွှတ်တော်က၊ ဖော်ပြသော စီရင်ထုံး၌—

> "Directly the crime of which a man has been convicted is pardoned, he is absolved not only from the punishment inflicted on him by the judge who pronounced sentence, but from all penal consequences, such as the disqualification from following his occupation."

ဟူ၍ ဆုံးဖြတ် ထားသည်ကို ဆောက်ရွလျှင်၊ "နိုင်ငံ အစိုးရက၊ ရာဇဝတ် ပြစ်မှုမျှား အတွက်၊ လုံးဝ လွှတ်ငြိမ်း ချမ်းသာခွင့် ပြုလိုက်သည်" ဟု ပြဋ္ဌာန်း ထားသဖြင့် လျှောက်ထားသူ၊ ဦးဇော်မြင့်သိန်း သည်၊ ၎င်း အပေါ် ချမှတ် ထားသော အပြစ် ဒဏ်နှင့် ပြစ်မှုမှ လုံးဝ လွှတ်ငြိမ်း ချမ်းသာခွင့် (Free Pardon) ရရှိ သည်ဟူ၍ ထင်မြင် ယူဆရန် ဖြစ်၏။

---

(၁) ၁၉၆၀ ခုနှစ်၊ တရားမစောဒကမှု အမှတ် ၁၈။

၁၉၆၃ ခု
ရွှေနေကြီးတဦး
ကိစ္စ။

သို့ ဖြစ်သောကြောင့်၊ လျှောက်ထားသူ ဦးဇော်မြင့်သိန်း သည်၊ နိုင်ငံ အစိုးရမှ ထုတ်ပြန်သော လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့် အရ၊ ၎င်း အပေါ် အောက်ချုံး ချမှတ်သော ပြစ်မှု ထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်တို့မှ လုံးဝ လွှတ်ငြိမ်း ချမ်းသာခွင့် (Free Pardon) ရရှိသည် ဟူ၍၊ ယူဆ ဆုံးဖြတ်ပြီး၊ ဤရုံးသို့ ထောက်လှမ်း မေးမြန်းသော ပြဿနာကို အထက်ပါအတိုင်းဖြေဆို လိုက်သည်။

တရားမစောဒကမှု

တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်။

လွှတ်တော်ရွေးနေကြိုး ဦးဘအုန်းကိစ္စ*

†၁၉၆၃ ဇူလိုင်လ ၂ ရက်။

ရွေးနေကြိုးများလုပ်ငန်း အက်ဥပဒေပုဒ်မ ၁၃ (၈)၊ For any other reasonable cause ဆိုသည့်စကားရပ်၊ ဒေါ်ချေးယူရာ၌ စာရွက်စာတမ်းပုံတင်ရန် လိုအပ်သော်လည်း မှတ်ပုံမတင်ခြင်း။ အကျုံးဝင် မဝင်။

ဤကိစ္စတွင် သက်ဆိုင်ရာရွေးနေကြိုးသည်၊ အခြားသူတဦးထံမှ ငွေ ၅,၀၀၀ ချေးယူရာ၌ စာချုပ်ချုပ်ဆိုသော်လည်း၊ စာချုပ်မှာ မှတ်ပုံတင်ခြင်းမရှိခဲ့ပေ။ ထိုစာချုပ်မှာ မရွေးမဲပြောင်းနိုင်သော ပစ္စည်းနှင့် မတ်သက်၍ချုပ်ဆိုထားသော စာချုပ်ဖြစ်သည်။ ဒေါ်ချေးသူက တရားစွဲသည့်အရ ထိုစာချုပ်မှာ မှတ်ပုံတင်ခြင်းမပြုလုပ်သဖြင့်၊ ပျက်ပြယ်သည်ဟု ထိုစွဲရွေးနေကြိုးက ထုချေခဲ့၍၊

ရွေးနေကြိုးများ (အား) ကောင်စီခုံရုံးက၊ အရေးယူသင့် မယူအပ်၊ စဉ်းစားရာ၊ အစောဘတွင်ဦးမှ ကျိုဘဲခြင်နေလေသည်။

တရားရုံးချုပ်သို့ စောဒကမူတင်လွှဲရာ။

ဆုံးဖြတ်ချက်။ ။ရွေးနေကြိုးများလုပ်ငန်း အက်ဥပဒေပုဒ်မ ၁၃ (၈) တွင် တရားရုံးချုပ်က for any other reasonable cause ရှိခဲ့လျှင်၊ ရွေးနေကြိုးအပါအဝင် ရွေးနေများအား လိုအပ်သလို အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဤအမှုတွင် သက်ဆိုင်ရာရွေးနေကြိုး၏ အပြုအမူသည်၊ ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မဝင် စဉ်းစားရန်လိုအပ်သည်။

အမှုတွင် ပေါ်လွင်ထင်ရှားသောအချက်မှာ သက်ဆိုင်ရာရွေးနေကြိုး ချုပ်ဆိုပေးသော စာချုပ်သည် မရွေးမပြောင်းနိုင်သော ပစ္စည်းနှင့်ပတ်သက်၍ ချုပ်ဆိုထားသော စာချုပ်ဖြစ်ပြီး၊ မှတ်ပုံတင်ခြင်းမရှိ။ ရွေးနေကြိုးသည် လုပ်သက် (ခါ) အတော်အတန်ရင့်၍ အတွေ့အကြုံများသော ရွေးနေကြိုးတယောက်ဖြစ်လေသည်။ ထို့ကြောင့် ဒေါ်ချေးယူရာတွင် သာမန်ဒွေးချွေးသူကဲ့သို့ ပြုမူရန်မသင့်ဘဲ၊ သာမန်ဒွေချေးယူသူတို့ထက် ဥပဒေပညာ ပြည့်စုံသောသူအနေနှင့် ချေးယူသောဒွေအတွက်၊ စာချုပ်တို့ လိုအပ်သလိုချုပ်ဆိုပြုမူပေးရန် လိုအပ်သည်ဟု ထင်မြင်သည်။

ရွေးနေကြိုးတယောက်သည် မည်သည့်လုပ်ငန်းကိုမဆို လုပ်ကိုင်ရာတွင် ရွေးနေကြိုး၏ ဂုဏ်သိက္ခာအပြုမှုနှင့်လျော်ညီစွာ ပြုလုပ်ဆောင်ရွက်သင့်သောကြောင့် ရွေးနေများလုပ်ငန်း အက်ဥပဒေပုဒ်မ ၁၃ (၈) တွင် for any other reasonable cause ဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားလေသည်။

ဤကိစ္စတွင် သက်ဆိုင်ရာရွေးနေကြိုးက တင်ပြသည့်အတိုင်း၊ ၎င်းကမှတ်ပုံတင်ရန် ပြောသော်လည်း ဒေါ်ချေးသူက မှတ်ပုံမတင်ဘဲနေခဲ့သော်၊ ရွေးအပေါ် ထရားစွဲဆိုသည့်အခါ၊ ၎င်းချုပ်ပေးသော

---

* ၁၉၆၂ ခုနှစ်၊ ထရားမစောဒကမှု အမှတ် ၃။

† လွှတ်တော်ရွေးနေကြိုးများကောင်စီ အက်ဥပဒေပုဒ်မ ၁၂ (၃) အရ။

၁၉၆၃
လှက်တော်
ရွှေနေကြီး
ဦးဘအုန်းကိစ္စ။

စာချုပ်သည် မှတ်ပုံတင်ထားခြင်းမရှိသဖြင့်၊ ပျက်ပြယ်သည်ဟူ၍ ထုချေရန်သင့်လျော်မည်မဟုတ်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် ရွှေနေလုပ်ငန်းဆောင်ရွက်ရာတွင် ပြုလုပ်ခြင်းမဟုတ်သော်လည်း၊ ရွှေနေကြီးတယောက်ဖြစ်နေသဖြင့်၊ လျော်ကန်သင့်မြတ်ခြင်းမဖြစ်သော အပြုအမူကို လုပ်ကိုင်ဆောင်ရွက်သဖြင့်၊ ရွှေနေများလုပ်ငန်း အက်ဥပဒေပုဒ်မ ၁၃ (စ) အရ ပြဋ္ဌာန်းထားသည့် for any other reasonable cause တွင် အကျုံးဝင်သည်ဟု ထင်မြင်ယူဆ၏။

နောင်အခါတွင်၊ ဂုဏ်သရေရှိ ရွှေနေကြီးတယောက်အနေဖြင့် ပြုလုပ်ဆောင်ရွက်ရာတွင်၊ ယခုကဲ့သို့သော စွပ်စွဲချက်များ ကင်းမဲ့အောင် ပြုလုပ်ဆောင်ရွက်သွားရန် အထူးသတိပေးလိုက်သည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ စီစီခူး။

အယူခံတရားခံအတွက်။ ။ဦးဘဖေ (၂) အစိုးရရွှေနေကြီး။

တရားသူကြီး ဦးစောဘသိန်း။ ။ရန်ကုန်မြို့၊ ရွှေနေကြီးများ (ဘား) ကောင်စီ ခုံရုံး၊ ၁၉၅၄ ခုနှစ်၊ ခုံရုံးအမှုအမှတ် ၁ တွင်၊ ခုံရုံးဥက္ကဋ္ဌ ဦးကျော်ခင်နှင့် အဖွဲ့ဝင် ဦးသိန်းဟန်တို့က ရွှေနေကြီး ဦးဘအုန်းအပေါ် တင်ထားသောစွဲချက်များ မထင်ရှားသဖြင့် အခြားမယူသင့်ကြောင်း၊ သို့သော် ရွှေနေကြီးအနေဖြင့် တရားရုံးချုပ်မှ လိုအပ်သောအခွင့်ကို ရယူခြင်းမပြုဘဲ အခြားလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သဖြင့် အခြားယူ သဘိပေးသင့်ကြောင်း အစီရင်ခံစာ တင်ပို့၍ အဖွဲ့ဝင် ဦးအေးက အဆိုပါ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးကျော်ခင်၊ ဦးသိန်းဟန်တို့နှင့် သဘောမတူ ကွဲလွဲစွာယူဆပြီး၊ ရွှေနေကြီး ဦးဘအုန်းသည် လျှောက်ထားသူ ဒေါ်စိန်ထိမ့် ငွေ ၅,၀၀၀ ကို ချေးယူ၍ လိုအပ်သောစာချုပ်ကို ပြုလုပ်၍ မပေးသည့်ပြင်၊ မှတ်ပုံတင်လည်း မပြုလုပ်သဖြင့် ရွှေနေကြီးအပြုအမူ ချို့ယွင်းချက်ရှိခြင်း လျှောက်ထားသူ ဒေါ်စိန်က ၎င်းအပေါ် တရားစွဲဆိုသည့်အခါ၊ ၎င်းက၊ ၎င်းချုပ်ဆိုထားသော စာချုပ်သည် မှတ်ပုံမတင်ထားသဖြင့်ပျက်ပြယ်သည်ဟု ထုချေခြင်း၊ တဖန် ရုံးတွင် ဒေါ်စိန်အား ငွေရင်း ၅,၀၀၀ နှင့်အတိုးငွေ ၁,၄၀၀ ပေးဆပ်သည်ဟုဆိုသော်လည်း ရွှေနေကြီးများ ကောင်စီခုံရုံးဥ အစစ်ခံသည့်အခါ အိမ်ကိုရောင်းပြီးနောက် ဒေါ်စိန်အား ကြွေးများကို ပေးဆပ်မည်ဟု ထုချေသဖြင့်၊ ၎င်းထုချေလွှာတွင် မဟုတ်မမှန်သော ထုချေချက်ကို တင်ပြခြင်း၊ မဘာသာသာအတိုးငွေ ၅ ရာ နှုန်းကိုပေးရန် အဘောတူညီခြင်းဖြင့် ရွှေနေကြီးအပြုအမူ ချို့ယွင်းခြင်း စသည်တို့ကြောင့် ၎င်းအပေါ် အရေးယူသင့်ကြောင်း အစီရင်ခံစာ တင်ပို့သည်။

ရွှေနေကြီး ဦးဘအုန်းက အထက်ပါပြဿနာတင်ပြချက်တို့ကို ငြင်းဆိုပြီး ၎င်းအပေါ် စွဲဆိုသည့် မတရားသောနည်းဖြင့် ဒေါ်စိန်ထိမ့် ငွေချေးယူခြင်း (Fraud) နှင့် ပတ်သက်၍၊ အပြစ်ပေးခြင်း မခံရသဖြင့် ၎င်းအပေါ် အရေးယူရန်မသင့်ကြောင်း စီရင်ထုံး အကိုးအကားဖြင့် လျှောက်ထား၏။

၁၉၆၃
လှတ်တော်
ရွှေနေကြီး
ဦးဘအုန်းကိစ္စ။

ရွှေနေကြီးများ ကောင်စီခုံရုံးအတွက် လိုက်ပါဆောင်ရွက်သောပညာရှိ ရွှေနေကြီးက ရွှေနေကြီး ဦးဘအုန်းတင်ပြသည့် စီရင်ထုံးများကို ထောက်ရှု၍ ဆင်ခြင်သည့်အခါ၎င်းအပေါ် အရေးယူရန် လိုမည်မဟုတ်ကြောင်း လျှောက်ထားတင်ပြ၏။

ပညာရှိ အဘိုးရရွှေနေကြီးကလည်း အစီရင်ခံစာများ၌ ဖော်ပြထားသော အချက်အလက်များကို ထောက်ရှုဆင်ခြင် စဉ်းစားသည့်အခါ၊ ရွှေနေကြီး ဦးဘအုန်းအပေါ် အရေးယူရန် မသိုအပ်ကြောင်း တရားရုံးချုပ် အခွင့်အမိန့် မရဘဲ အခြားလုပ်ငန်းများကို ဆောင်ရွက်သဖြင့် အရေးယူရန်မှာလည်း ၎င်းအပေါ် ထိုအချက်နှင့် ပတ်သက်၍၊ ရွှေနေကြီးများ ကောင်စီခုံရုံးက စွဲချက်တင်ထားခြင်း မရှိသဖြင့် အရေးယူရန် မသင့်ကြောင်း ထင်မြင်ယူဆချက်ကို တင်ပြ၏။

အဆက်ဖော်ပြပါ အခကြောင်းအရာ အချက်အလက်တို့ကို စီရင်ထုံးများနှင့် နှိုင်းယှဉ်၍ ဆင်ခြင်ရာ၊ ရွှေနေကြီး ဦးဘအုန်း အကိုးအကားပြု၍ တင်ပြသော စီရင်ထုံးတို့သည် ရွှေနေများလုပ်ငန်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၂ နှင့်ပတ်သက်၍၊ ဆုံးဖြတ်ထားသည်ကို တွေ့ရ၏။ ရွှေနေကြီး ဦးဘအုန်းအပေါ် တင်ထားသော စွဲချက်များမှာ ရာဇဝတ်မှု ကျူးလွန်၍ အပြစ်ရှိသဖြင့်၊ တင်ထားသော စွဲချက်များမဟုတ်ဘဲ၊ လျှောက်ထားသူ ဒေါ်စိန်ထံမှ ငွေခေးယူရာတွင် ပေါ်လွင်သည့် အပြုအမူများနှင့် ပတ်သက်၍ တင်ထားသော စွဲချက်များဖြစ်သဖြင့် အဆိုပါ စီရင်ထုံးတို့ကို ထည့်သွင်းစဉ်းစားရန် လျော်ကန်သင့်မြတ်မည် မဟုတ်ပေ။

ရွှေနေကြီးများလုပ်ငန်း အက်ဥပဒေ ပုဒ်မ ၁၃(စ) တွင်၊ တရားရုံးချုပ်က၊ **for any other reasonable cause** ရှိခဲ့လျှင် ရွှေနေကြီးအပါအဝင် ရွှေနေများအား လိုအပ်သလို အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

For any other reasonable cause ဆိုသော စကားနှင့် ပတ်သက်၍၊ ရွှေနေများလုပ်ငန်း အက်ဥပဒေစာအုပ် (၁၉၅၃ ခုနှစ်) (ပဉ္စမပုံနှိပ်ခြင်း) စာမျက်နှာ ၅၇ တွင်—

> **"The words 'any other reasonable cause' in sec. 13 (f), Legal Practitioners Act, are not confined to misconduct of which a practitioner is guilty in his professional capacity but embrace all causes which may afford reasonable grounds for his suspension or dismissal."**

ဟူ၍ ဖော်ပြထားသဖြင့် ရွှေနေကြီး ဦးဘအုန်းသည် ဒေါ်စိန်ထံမှ ငွေချေး၍၊ စာချုပ် ချုပ်ဆိုရာတွင် ပေါ်လွင်သောအပြုအမူသည် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မဝင် စဉ်းစားရန် လိုအပ်ပေမည်။

၁၉၆၃
လွှက်ထော်
ရွှေနေကြီး
ဦးဘအုန်းကိစ္စ။

ရွှေနေကြီး ဦးဘအုန်းသည် လျှောက်ထားသူ ဒေါ်စိန်ထံမှ ငွေ ၅,၀၀၀ ချေးယူ ပြီး စာချုပ်တခုကိုချုပ်ဆိုခဲ့၊ ပေးသည်မှာ အငြင်းပွါးဘဲ ပေါ်လွင်သော အချက်ဖြစ် ၏။ ထိုစာချုပ်တွင် မရွှေမပြောင်းနိုင်သော ပစ္စည်းကို တနည်းနည်းအားဖြင့် အာမခံ တင်သွင်းသည်မှာလည်း ပေါ်လွင်၏။ အငြင်းပွါးသော အချက်များမှာ ထိုစာချုပ် သည် အရောင်းစာချုပ် မဟုတ်ဘဲ၊ ရောင်းပေါင်စာချုပ်သာ ဖြစ်ခြင်း၊ လျှောက်ထားသူ ဒေါ်စိန်က ရွှေနေကြီ ဦးဘအုန်းအား မှတ်ပုံတင်ပေးရန် ပြုခိုင်းသော်လည်း ရွှေနေကြီး ဦးဘအုန်းက မှတ်ပုံတင်ရန်မလိုဟု ပြောဆိုခြင်း၊ ရွှေနေကြီး ဦးဘအုန်းက ဒေါ်စိန် အား၊ မှတ်ပုံတင်ရန်ဖြစ်ကြောင်းပြောဆိုသော်လည်း၊ ဒေါ်စိန်က မှတ်ပုံတင်ရန်မလိုဟု ပြောဆိုခြင်း စသည်ဘိုဖြစ်၏။ ဤအချက်များနှင့် ပတ်သက်၍၊ ရွှေနေကြီးများ ကောင်စီခုံရုံးက ဒေါ်စိန်ဖြစ်စေ၊ ရွှေနေကြီး ဦးဘအုန်းဖြစ်စေ ပေါ်လွင် ထင်ရှား အောင် သက်သေမပြနိုင်ဟု ဖေါ်ပြထား၏။ မည်သို့ပင်ဖြစ်စေ၊ ရွှေနေကြီး ဦးဘအုန်း ချုပ်ဆိုပေးသော စာချုပ်သည် မရွှေမပြောင်းနိုင်သော ပစ္စည်းနှင့် ပတ်သက်၍၊ ချုပ်ဆိုထားသော စာချုပ်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်း မရှိသည်မှာ မငြင်းနိုင်အောင် ပေါ်လွင်ထင်ရှားသည့် အချက်ဖြစ်ပေသည်။ ငွေ ၅,၀၀၀ ချေးပေးသော ဒေါ်စိန် သည်၊ သာမန်မှတ်ပုံတင်ထားခြင်းမရှိသည့် ငွေချေးသူဖြစ်၍ ငွေချေးယူသောသူမှာ ထိုစဉ်အခါ၌ လုပ်သက် "ဝါ" အတော်အတန်ရှင့်၍ ရွှေနေကြီးလုပ်ငန်းတွင် အသိအမြင် အတွေ့အကြုံများသော ရွှေနေကြီးတယောက် ဖြစ်သည်မှာ ပေါ်လွင်လျက်ရှိ၏။ ထို့ကြောင့် ရွှေနေကြီး ဦးဘအုန်းက ငွေချေးယူရာတွင် သာမန်ငွေချေးသူကဲ့သို့ ပြုမူရန်မသင့်ဘဲ၊ သာမန်ငွေချေးယူသူတို့ထက် ဥပဒေပညာ အရည်အချင်းနှင့် ပြည့်စုံ သောရွှေနေကြီး ငွေချေးသူ အနေဖြင့်ချေးယူသောငွေအတွက် စာချုပ်ကို လိုအပ် သလို ချုပ်ဆိုပြုမူပေးရန် လိုအပ်သည်ဟု ထင်မြင်ယူဆ၏။ ဥပမာ၊ ဥပဒေဝိဇ္ဇာ [ဘီ၊အယ်(လ်)] စာမေးပွဲကိုအောင်၍၊ ရွှေနေလုပ်ခွင့် အလိုရှိသော ပုဂ္ဂိုလ်တဦးသည် မကောင်းသော အကျင့် စာရိတ္တ (Moral Turpitude) ရှိလျှင်၊ ရွှေနေလုပ်ခွင့် မရနိုင်ပေ၊ ရွှေနေလုပ်ခွင့်ကိုရ၍ ရွှေနေလုပ်ငန်း ဆောင်ရွက်ရာတွင် **Moral Turpitude** မရှိအောင် လုပ်ငန်းကိုဆောင်ရွက်ရန် လိုအပ်ပေသည်။ ရွှေနေလုပ် ငန်း ဆောင်ရွက်ရာတွင် **Moral Turpitude** ရှိစေသော်သည်း၊ ရွှေနေလုပ်ငန်း မဆောင်ရွက်ဘဲ အခြားပြုဘွယ် လုပ်ငန်းများကို ဆောင်ရွက်ရာ တွင်လည်း၊ **Moral Turpitude** မရှိအောင် ဆောင်ရွက်သင့်ပေသည်။ အကြောင်းကို ဤသော် [ရွှေနေကြီးတယောက်သည် မည်သည့် လုပ်ငန်းကိုမဆို လုပ်ကိုင်ရာတွင် ရွှေနေကြီး၏ ဂုဏ်သိက္ခာ အပြုအမူနှင့် ဇလျာဉ်ညီစွာ ပြုလုပ်ဆောင်ရွက် သင့်သော ကြောင့် ဖြစ်၏။ ထိုသို့လိုအပ်သောကြောင့် ရွှေနေများလုပ်ငန်း အက်ဥပဒေ ပုဒ်မ

၁၃ (စ) တွင်၊ for any other reasonable cause ဟူ၍ထည့်သွင်းပြဋ္ဌာန်းထား ပေသည်]။

၁၉၆၃
လှတ်တော်
ရွှေနေကြီး
ဦးဘအုန်းကိစ္စ။

ဤကိစ္စတွင် ရွှေနေကြီး ဦးဘအုန်းသည် မရွှေမပြောင်းနိုင်သော ပစ္စည်းနှင့် ပတ်သက်၍၊ ပြုလုပ်သောစာချုပ်ကို မှတ်ပုံတင်ရန် လိုအပ်သည်ဟု သိရှိသူတယောက် ဖြစ်၏။ ထိုသို့သိရှိသဖြင့် ၎င်းသည် ဒေါ်စိန်အား ချုပ်ဆိုပေးသော စာချုပ်ကို မှတ်ပုံတင်ပေးရန် လိုအပ်ပေသည်။ ဒေါ်စိန်က ၎င်းတင်ပြသည့်အတိုင်း မှတ်ပုံမတင်ဘဲ ရှိခဲ့သျှင်သည်း၊ ၎င်းက မျိုးဖြောင့်သောသဘောဖြင့် မှတ်ပုံတင်မှသာ ဒေါ်စိန်ထံမှ ငွေ ၅,၀၀၀ ကိုချေးယူသင့်ပေသည်။ အကယ်၍ [၎င်းတင်ပြသည့်အတိုင်း ၎င်းကို မှတ်ပုံတင်ရန်ပြောသော်လည်း၊ ဒေါ်စိန်က မှတ်ပုံမတင်ဘဲနေ၍၊ ၎င်းက ဒေါ်စိန်ထံမှ ငွေ ၅,၀၀၀ ကိုယူခဲ့သော် ဒေါ်စိန်က ၎င်းအပေါ် တရားစွဲဆိုသည့်အခါ ၎င်းချုပ်ပေး သောစာချုပ်သည် မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ပျက်ပြယ်သည်ဟူ၍ ထုချေရန် သင့်လျော်မည် မဟုတ်ပေ။ အထူးသဖြင့် ထိုစာချုပ်ကို ၎င်းကမှတ်ပုံတင်ရန် ရွှေနေကြီး တယောက် အနေဖြင့် သိလျက်နှင့် မှတ်ပုံမတင်ဘဲနေခဲ့ပြီးမှ ထိုသို့မှတ်ပုံမတင်ဘဲ ရှိနေသော အကျိုးအခွင့်ကို ရယူသောကြောင့်ဖြစ်၏။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် ရွှေနေလုပ်ငန်း ဆောင်ရွက်ရာတွင် ပြုလုပ်ခြင်း မဟုတ်သော်လည်း၊ ၎င်းသည် ဥပဒေ ပညာနှင့် ပြည့်စုံသည့် ရွှေနေကြီးတယောက် ဖြစ်သည့်အနေဖြင့် လျော်ကန်သင့်မြတ် ခြင်းမဖြစ်သော အပြုအမူကို လုပ်ကိုင်ဆောင်ရွက်သဖြင့် ရွှေနေများလုပ်ငန်း အက်ဥပဒေ ပုဒ်မ ၁၃ (စ) အရ၊ ပြဋ္ဌာန်းထားသည့် for any other reasonable cause တွင်၊ အကျုံးဝင်သည်ဟု ထင်မြင်ယူဆ၏]။

ဤအချက်နှင့် ပတ်သက်၍၊ ရွှေနေကြီးများကောင်စီ ခုံရုံးက ရွှေနေကြီး ဦးဘအုန်း အပေါ် စွဲချက်တင်ခဲ့ပြီးဖြစ်၏။ ရွှေနေကြီး ဦးဘအုန်းကလည်း ထိုစွဲချက်နှင့် ပတ်သက်၍ ထုချေခွင့်ရရှိပြီး ထုချေခဲ့ပြီးဖြစ်၏။

ရွှေနေကြီး ဦးဘအုန်းသည် တရားရုံးချုပ်မှ လိုအပ်သော အခွင့်မရဘဲ၊ အခြား လုပ်ငန်းများကို လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍၊ ၎င်းအပေါ် ရွှေနေကြီးများ ကောင်စီ ခုံရုံးက စွဲချက်တင်ထားခြင်း မရှိသဖြင့်၊ ၎င်းကလည်း ထုချေရန် အခွင့်အရေး မရရှိ ခဲ့သေးသည့်အတွက် ထိုအချက်နှင့် ပတ်သက်၍၊ မည်သို့မျှ ထည့်သွင်းဖော်ပြခြင်း မပြုလိုပေ။

အဆက်ဖော်ပြပါ အကြောင်းများကြောင့် ရွှေနေကြီး ဦးဘအုန်း အပေါ်တွင် ရွှေနေများလုပ်ငန်း အက်ဥပဒေ ပုဒ်မ ၁၃ (စ) အရ၊ အရေးယူ၍၊ အမှုတွဲ၌ ပေါ်လွင်

၁၉၆၃

လွှတ်တော်
ဖွေနေကြီး
ဦးဘအုန်းကိစ္စ။

သည့်အကြောင်းများနှင့် ဖွေနေကြီး ဦးဘအုန်း၏ ယခင်အခါနှင့် ယခုအခါ ပြုလုပ်ဆောင်ရွက်မှုတို့ကိုထောက်ရှုပြီး၊ ၎င်းအား ဖွေနေလုပ်ငန်း ဆောင်ရွက်ခြင်းမှ ရပ်တန့်ထားရန် မသိုအပ်ဘဲ နောင်အခါတွင် ဂုဏ်သရေရှိ ဖွေနေကြီးတယောက် အနေဖြင့် ပြုလုပ် ဆောင်ရွက်ရာတွင် ယခုကဲ့သို့သော စုပ်စွဲချက်များ ကင်းမဲ့အောင် ပြုလုပ် ဆောင်ရွက်သွားရန် ၎င်းအားအထူးသတိပေးပြီး၊ ဤအမိန့်ကို ချမှတ်လိုက်သည်။

တရားမအယူခံ

တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်

သည်စတိတ်အာဂရိကားချရယ်မာကင်တင်ဘုတ် (အယူခံတရားလို)

† ၁၉၆၃
ဇူလိုင်လ
၂၂ ရက်။

နှင့်

ဦးသာထိုန်နှင့် ၂ (အယူခံတရားခံ)*

အများအတွက် သယ်ယူပို့ဆောင်သူ (Common Carriers) တုံ့ကင်းပိုင်ရှင်အသင်းသည်ဖြစ်မဖြစ်။

အယူခံတရားလိုသည်၊ တုံ့ကင်းတခုနှစ်မြှုပ်၍ ဆန်အိတ်များ ဆုံးရှုံးသဖြင့်၊ အယူခံတရားခံ တုံ့ကင်းပိုင်ရှင်များအသင်းမှ လျော်ကြေးရရန် တရားစွဲဆိုရာ၊ ထိုအသင်းက ၎င်းသည် ပို့ဆောင် သယ်ယူသူ (Common Carrier) မဟုတ်ကြောင်းထုချေသည်။

အောက်ရုံးက Common Carrier ဖြစ်သည်ဟုဖြေဆို၍၊ အယူခံတရားလို၏ အမှုကို ပလပ်လိုက်သဖြင့်၊ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။Common Carrier ဆိုသည်မှာ Carriers Act ဥပဒေပုဒ်မ ၂ အရ၊ လူတဦးတယောက်သည် လူအားလုံးတို့အတွက် ခွဲခြားခြင်းမရှိဘဲ၊ ကုန်းလမ်းခရီးဖြင့်ဖြစ်စေ၊ ရေလမ်းခရီးဖြင့်ဖြစ်စေ အခအရမ်းဖြင့် ပစ္စည်းများကို တနေရာမှ တနေရာသို့ ပို့ဆောင်သယ်ယူသူကို ဆိုလိုသည်။

၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် ၁၃၈ နှင့် ၁၉၃၃ ခုနှစ်၊ ကလကတ္တားစီရင်ထုံး အတွဲ ၆၀၊ စာမျက်နှာ ၈၂၉ တို့ကို ရည်ညွှန်းသည်။

ဤအမှုတွင်၊ ပုသိမ်မြို့ တုံ့ကင်းပိုင်ရှင်များအသင်း၏ ရည်ရွယ်ချက်ကို ကြည့်ရှုသောအခါ၊ ၎င်းတို့သည် အယူခံတရားလို၏ အဖွဲ့မှ ဆန်အိတ်များကို လိုအပ်သည့်နေရာသို့ တရားမျှတစွာ သယ်ယူ ပို့ဆောင်ရန်ဖြစ်သည်ကို တွေ့မြင်ရသည်။

ထို့ကြောင့် ၎င်းတို့သည် တဦးချင်းအနေဖြင့် မူလက Common Carriers ဖြစ်စရာ ရှိသော်လည်း အသင်းကိုဖွဲ့စည်းပြီးသည့်အခါတွင်၊ အယူခံတရားလို အဖွဲ့၏ ဆန်အိတ်များကိုသာ လိုအပ်သည့်နေရာသို့ ပို့ဆောင်ရန်ဖြစ်သည်။ အခြေအနေအရ အခြားသူ (၀၀) အခြားအဖွဲ့တို့၏ ဆန်အိတ်များကို သယ်ယူပို့ဆောင်ရန်လည်း မရှိပေ။ အခြားအဖွဲ့များ၏ ကုန်ပစ္စည်းများကို သယ်ယ

---

* ၁၉၆၁ ခုနှစ်၊ တရားမပဌမအယူခံမှု အမှတ် ၉၉။

† ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် ပုသိမ်မြို့ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ခဖြဝ
သည်စတိတ်
အာဂရိကားချ
ရယ်မာကင်တင်
ဘုတ်
နှင့်
ဦးသာထိုန့် ၂။

ပို့ဆောင်ခြင်းလည်း သက်သေခံချက်များကိုလည်း တင်ပြခြင်းမရှိ။ ၎င်းတို့သည် အယူခံတရားလို အဖွဲ့နှင့်ဆက်သွယ်၍ အခြားမည်သူနှင့်မျှ ဆက်သွယ်ခြင်းမပြုဟူ၍ ယူဆရန်ဖြစ်သည်။

သို့ဖြစ်၍ အယူခံတရားခံအသင်းသည် Common Carrier မဟုတ်ဘဲ၊ သာမန် Carriers ဖြစ်သည်ဟု ထင်မြင်ယူဆသည်။

သို့ဖြစ်၍ အောက်ရုံးစီရင်ချက်ကို ပယ်ဖျက်လိုက်သည်။

အယူခံတရားလိုအတွက်။ ။ဦးမျိုးခင်။

အယူခံတရားခံအတွက်။ ။ဦးဘကျမ်း။

တရားသူကြီး ဦးစောဘသိန်း။ ။ဤအယူခံမှုသည် ပုသိမ်မြို့၊ ခရိုင်တရားမရုံး ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ မှပေါ်ပေါက်၍လာ၏။ ထိုအမှုတွင် အယူခံတရားလို နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့က ဆန်အိတ်များကို သယ်ယူပို့ဆောင်ရန် အယူခံ တရားခံ ပုသိမ်မြို့၊ တုံကင်းပိုင်နှင်းများအသင်း ဥက္ကဋ္ဌ ဦးသာထိုန့် ကာလီဒတ်(စ်)ညီအစ်ကိုများတို့ထံမှ တုံကင်းများကို ပူးတွဲပါ ပဋိညာဉ်စာချုပ်များအရ၊ လအပိုင်းအခြား အားဖြင့်သော်၎င်း၊ နေ့အပိုင်းအခြား အားဖြင့်သော်၎င်း၊ ငှါးရမ်း ဆန်အိတ်များကို ဂိုဒေါင်များမှ ဆန်တင်သင်္ဘောပေါ်သို့ တင်ပို့ကြောင်း။ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အယူခံတရားလိုက အယူခံတရားခံတို့ထံမှ တုံကင်း စီဘီ ၁၇ ကို ပူးတွဲပါပဋိညာဉ်ကဲ့သို့သော သဘောတူညီချက်များအရ ငှါးရမ်း အယူခံတရားခံတို့က ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ၎င်းတို့၏ စီဘီ ၁၇ ကို ဂိုဒေါင်တို့သည့်အခါ ဒေယူခံတရားလိုက ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဆန်အိတ်များကို စီဘီ ၁၇ ပေါ်သို့တင်ပြီး နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်၌ မြစ်လည်ခွင်၌သော အက်(စ်)၊အက်(စ်)၊ မူနား သင်္ဘောပေါ်သို့ ဆန်အိတ်များကိုတင်ရန် ယူဆောင်သွားကာ သင်္ဘောနံဘေးတွင် ဆန်အိတ်များတင်ရန် ကပ်ထားလိုက်ကြောင်း။ သက်ဆိုင်ရာတို့က ဆန်အိတ်များကို သင်္ဘောပေါ်သို့တင်ရန် စီစဉ်၍နေကြစဉ် စီဘီ ၁၇ ထဲသို့ ရေဝင်ရာ အလုပ်သမားတို့က ရေကိုပက်ထုတ်သော်လည်း မနိုင်သဖြင့် စီဘီ ၁၇ ကိုဆန်အိတ်ပေါင်း ၁,၂၅၀ ဖြင့် ကြိုးဖြတ်ပြီး ရေထဲသို့ မြောလိုက်ရာ ၁၀ မိနစ်အတွင်း စီဘီ ၁၇ သည်ဆန်အိတ်များဖြင့် ရေထဲသို့ နစ်မြုပ်၍ သွားကြောင်း၊ အယူခံတရားခံတို့သည် ဆုံးရှုံးသော ဆန်အိတ်များအတွက် လျော်ကြေးငွေ ၃၂,၂၁၄ ကျပ် ၉ ပြားတို့ပေးရန်ဖြစ်ကြောင်း ဖော်ပြစွဲဆို၏။

အယူခံတရားခံ (၁)က၊ အယူခံတရားလိုသည် စီဘီ ၁၇ ကို အယူခံတရားခံ (၂) ထံမှ ငှင်းမှတဆင့် ငှါးရမ်းခြင်းဖြစ်ကြောင်း၊ ထိုသို့ငှါးရာတွင် ပဋိညာဉ် မပြုလုပ်ကြောင်း ပုသိမ်မြို့၊ တုံကင်းများပိုင်ရှင် အသင်းသည် Common Carriers မဟုတ်သဖြင့်

၁၉၆၃

သည်စတိတ် အာဂရိကားချ ရယ်မောကင်တင် ဘုတ် နှင့် ဦးသာထိုန်နှင့် ၂။

လျော်ကြေးပေးရန် တာဝန် မရှိကြောင်း၊ ဖေါ်ပြထုချေ၍၊ အယူခံတရားခံ (၂)က၊ ၎င်းတို့၏ စီဘီ ၁၇ ကိုတုံကင်းပိုင်ရှင်များအသင်း၌ ထည့်သွင်းထားကြောင်း၊ ထိုတုံကင်းကို နေ့အပိုင်းအခြားဖြင့် ငှါးရမ်းလိုက်သဖြင့် ပဋိညာဉ် မရှိကြောင်း ၎င်းတို့သည် Common Carriers ဖြစ်ခဲ့သော် နို့ တစ်စာကို အချိန်မှီမပေးသဖြင့် စည်းကမ်း သတ်ရက်၊ လကျော်လွန်ပြီဖြစ်ကြောင်း၊ အဆိုပါတုံကင်းကို အယူခံတရားလို၏ လူစု တို့က သယ်ယူပို့ဆောင် ပြုလုပ်သဖြင့် ၎င်းတို့၏ ပေါ့ဆမှုကြောင့်သာ ယခုကဲ့သို့ ဖြစ်ရသည့်အတွက် ၎င်းတို့မှာ တာဝန်မရှိကြောင်း ဖေါ်ပြထုချေ၏။

အောက်ရုံးက ကောက်ချက် (၁၂)ချက်ထုတ်၍၊ သက်သေများကို စစ်ဆေးပြီး၊ ကောက်ချက်အမှတ် (၅)ကို အယူခံတရားခံတို့သည် Common Carriers ဖြစ်သည်ဟု ဖြေဆို၍၊ အယူခံတရားလို၏အမှုကို စရိတ်ဖြင့် ပလပ်လိုက်သဖြင့် အယူခံ တရားလိုက မကျေနပ်၍ ဤရုံးသို့ အယူခံဝင်သည်။

ဤအယူခံမှုတွင် စဉ်းစားဆုံးဖြတ်ရန် အဓိကအချက်များမှာ (၁) အယူခံတရား ခံတို့သည် Common Carriers ဖြစ်ပါသလား။ (၂) အယူခံတရားလို စွဲဆို သော အမှုသည် စည်းကမ်းသတ်နှစ် ကျော်လွန်ပါသလားဟူ၍ ဖြစ်၏။

ဒုတိယ ဆုံးဖြတ်ရန်အချက်နှင့် ပတ်သက်၍၊ ၁၉၆၃ ခုနှစ်၊ တရားမ စောဒကမှု အမှတ် ၁ တွင်၊ "နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ သည်၊ ကာလ စည်းကမ်းသတ် အက်ဥပဒေဇယား (၁)၊ အပိုဒ် ၁၄၉ တွင်၊ အကျုံးဝင်ပါသလား" ဟူ၍ ထောက်လှမ်း မေးမြန်းသော ပြဿနာကို အထူးတရားမ ခုံရုံးက ဥပဒေ အကိုး အကားများဖြင့် "နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့သည်၊ ကာလ စည်းကမ်းသတ် အက်ဥပဒေ ဇယား (၁)၊ အပိုဒ် ၁၄၉ တွင်၊ အကျုံးဝင်ကြောင်း ဖြေဆိုပြီး ဖြစ်သည့်အတွက်၊ အယူခံတရားလိုက အယူခံတရားခံတို့အား စွဲဆိုသော အမှုသည် စည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသည်မှာ ကောင်းစွာ ပေါ်လွင်ထင်ရှား လျက်ရှိပေသည်။

ပဌမအချက်နှင့် ပတ်သက်၍၊ ဆုံးဖြတ်ရန်မှာ ပုသိမ်မြို့၊ တုံကင်းများပိုင်ရှင် အသင်းထံမှ ငှါးရမ်းသော တုံကင်းများသည် Common Carriers ဖြစ်ပါ သလား ဟူ၍ဖြစ်၏။ Common Carriers ဆိုသည်မှာ၊ Common Carriers ဥပဒေပုဒ်မ ၂ အရ၊ လူတဦးတယောက်သည် လူအားလုံးတို့အတွက် ခွဲခြားခြင်း မရှိဘဲ ကုန်းလမ်းခရီးဖြင့် ဖြစ်စေ၊ ရေလမ်းခရီးဖြင့် ဖြစ်စေ အခအရမ်းဖြင့် ပစ္စည်းများကို တနေရာမှတနေရာသို့ ပို့ဆောင်သယ်ယူလျှင် ထိုသူသည် Common Carriers ဖြစ်ပေသည်။

၁၉၆၃
သည်စတိတ်
အာဂရိကားချူ
ရယ်မာကင်တင်
ဘုတ်
နှင့်
ဦးသာထိုန့်ခ် ၂။

၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၃၀ စီရင်ထုံးတွင် စင်တေမြို့၊ ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး အဖွဲ့သည် Common Carriers ဖြစ်သည်ဟု ယခင်တရားလွှတ်တော်က ဆုံးဖြတ်ထား၏။ ထိုသို့ဆုံးဖြတ်ခြင်းမှာ—

" There is no denying of the fact that the State Agricultural Marketing Board is not the only client the Araken Carriers Syndicate has, and the latter does transportation work for every and anybody requiring their services."

ဟူ၍ ဖေါ်ပြသော သက်သေခံချက် နှိုင်းယှဉ်ကြောင့်ဖြစ်၏။

၁၉၃၃ ခုနှစ်၊ ကလကတ္တား စီရင်ထုံးအတွဲ ၆၀၊ စာမျက်နှာ ၈၂၉ တွင်—

" . . . . On those materials it is *prima facie* proved that the defendant carries on the business of a common carrier and that that is his vocation. The terms, which are binding upon him, require him and are designed to require him to give the benefit of his services to all persons who may require them, subject, of course, to his having reasonable ground in any particular case for refusal. That is his obligation under the license . . . . . There is certainly nothing to suggest that he can be carrying on his business contrary to the intention of the rules which require that the people, who carry on the business, shall carry it on for the benefit of all persons, who may require their services . . . . . "

ဟူ၍ ဖေါ်ပြဆုံးဖြတ်ချက်ချမှတ်၏။

ဤအမှုတွင် တင်ပြသည့် သက်သေခံအမှတ် (၁) မှတ်တမ်းများအရ၊ ပုသိမ်မြို့ တိုက်ငးများ ပိုင်ရှင်တို့သည် အသင်းဖွဲ့စည်းရာတွင် ဖေါ်ပြသောဥပဒေချက်မှာ—

" . . . . . to unite all C.B. owners of Bassein and to distribute and allot the works in a fair, just and equitable manners in co-operation with the State Agricultural Marketing Board. as well as to place any legitimate grievances in a strong and effective manner before the said Board . . . .

Business.—This Syndicate shall carry the works of lighterage and transport of S.A.M. Board and other sources . . . . . Banking transaction shall be run with Local Bank and treasury . . . . . "

ဟူ၍ဖြစ်၏။ အဆိုပါရည်ရွယ်ချက်မှာ ၎င်းတို့သည် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှ ဆန်အိတ်များကို လိုအပ်သည့်နေရာသို့ တရားမျှတစွာ သယ်ယူပို့ဆောင်

၁၉၆၃

သည်စကိစ္စ အာဂရိကားချု ရယ်မာကင်တင် ဘုတ် နှင့် ဦးသာထိန်နှင့် ၂။

ရန်ဖြစ်၏။ ထို့ကြောင့် ၎င်းတို့သည်တဦးချင်း အနေနှင့် မူလက **Common Carriers** ဖြစ်စရာမရှိသော်လည်း၊ အသင်းကို ဖွဲ့စည်းပြီးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံတော် ကောက်ပဲသီးနှံ ဈေးဝယ်ရေး အဖွဲ့၏ ဆန်အိတ်များကိုသာ လိုအပ်သည့်နေရာသို့ ပို့ဆောင်ရန်ဖြစ်၏။ အခြေအနေအရအားဖြင့်လည်း၊ နိုင်ငံတော် ကောက်ပဲသီးနှံဈေးဝယ်ရေးအဖွဲ့၏ ဆန်အိတ်များအပြင်၊ အခြားသူ (၀၊) အခြားအဖွဲ့တို့၏ ဆန်အိတ်များကို သယ်ယူပို့ဆောင်ရန်လည်း မရှိပေ။ ထိုမှတပါး ၎င်းတို့က နိုင်ငံတော် ကောက်ပဲသီးနှံ ဈေးဝယ်ရေးအဖွဲ့မှ ဆန်အိတ်များအပြင်၊ အခြားဌာနမှ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းကို ပြုလုပ်ကြောင်း ဖေါ်ပြသော သက်သေခံချက်များကို တင်ပြစစ်ဆေးခြင်း မပြုခဲ့ပေ။ ထို့ကြောင့် ၎င်းတို့သည် နိုင်ငံတော် ကောက်ပဲသီးနှံ ဈေးဝယ်ခရေးအဖွဲ့ တခုနှင့်သာ ဆက်သွယ်၍ ၎င်း၏ဆန်အိတ်များကို သယ်ယူပို့ဆောင်ခြင်းပြုပြီး အခြားမည်သူနှင့်မျှ ဆက်သွယ်ခြင်းမပြုဟု၍ ယူဆရန် ဖြစ်သဖြင့် ဤအမှုအကြောင်းခြင်းရာများသည် ဖေါ်ပြခဲ့သည့် ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၃၀ စီရင်ထုံးနှင့် ကလကတ္တား စီရင်ထုံးအတွဲ ၆၀၊ စာမျက်နှာ ၈၇၉ တွင်၊ ရှိသော အမှုအကြောင်းခြင်းရာများနှင့် မတူ ကွဲပြားခြားနားသည်မှာ ကောင်းစွာပေါ်လွင်လျက် ရှိပေသည်။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၃၀ စီရင်ထုံးတွင် စစ်တွေမြို့၊ ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး အဖွဲ့သည် နိုင်ငံတော် ကောက်ပဲသီးနှံဈေးဝယ်ခရေးအဖွဲ့ တခုနှင့်သာမဟုတ်ဘဲ၊ အခြားသူများနှင့်လည်း ဆက်ဆံ၍ ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းကို ပြုလုပ်ကြောင်း ပေါ်လွင်ခြင်း မရှိချေ။ သို့ဖြစ်သောကြောင့် အယူခံတရားခံတို့သည် **Common Carriers** မဟုတ်ဘဲ၊ သာမန် **Carrier** သာဖြစ်သည်ဟု ထင်မြင်ယူဆ၏။

အောက်ရုံးက ကောက်ချက်အမှတ် ၁ မှ ၆ နှင့် ၁၁ တို့ကိုသာ ဖြေဆိုပြီး၊ ကျန်ကောက်ချက်အမှတ် ၇ မှ ၁၀ နှင့် ၁၂၊ ၁၃ တို့ကို ဖြေဆိုခြင်းမပြုခဲ့သဖြင့် ယခုအမှုကို အပြီးသတ်ဆုံးဖြတ်ရန် မဖြစ်နိုင်ပေ။

သို့ဖြစ်သောကြောင့် အောက်ရုံး ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အမှုကိုတဖန် တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ၊ ပြန်လည်၍ ကျန်ကောက်ချက်များကိုဖြေဆိုပြီး ဥပဒေအရစီရင်ဆုံးဖြတ်စေရန်အတွက် မူလရုံးသို့ ပြန်လည်၍ ပေးပို့ရန် အမိန့်ချမှတ်လိုက်သည်။

ဤအယူခံမှုအတွက် တရားစရိတ်သည် အမှုအပြီးသတ် စီရင်ဆုံးဖြတ်သည့်အခါ ချမှတ်သော တရားစရိတ်ပေါ်တွင် တည်စေရမည်။

တရားမအယူခံ

တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးထွန်းတင် တို့ရှေ့တွင်

† ၁၉၆၃
ဇူလိုင်လ
၉ ရက်။

အေ၊ စီ၊ အခွန် (အယူခံတရားလို)

နှင့်

ပစ္စည်းထိန်းမင်းကြီး (အယူခံတရားခံ)*

အင်ဆော်လဝင်စီနည်းဥပဒေ ၁၅၁၊ အမြတ်တော်ကြေးငွေများ မပေးသဖြင့်၊ ဖမ်းဆီးရန်ဝါရမ်း ကာကွယ်သည့်အမိန့် (Protection Order) ထုတ်ဆင့်ပေးရန်ကိစ္စ။

အယူခံတရားလိုသည်၊ အင်ဆော်လဝင်စီ (လူမဲ့အဖြစ်) သတ်မှတ်ခြင်းခံရပြီးသူဖြစ်လေသည်။ လူမဲ့အဖြစ် လျှောက်ထားခြင်းမှာလည်း အမြတ်တော်ကြေးနှင့် အထွေထွေရောင်းခွန်တော် အပါအဝင် ကြေးမြီများ မပေးဆပ်နိုင်သဖြင့် လျှောက်ထားခြင်းဖြစ်သည်။

ၚင်းနောက် အမြတ်တော်ကြေးဌာနမှ အမြတ်တော်ကြေးမပေးသဖြင့် ဖမ်းဆီးရန် ဝါရမ်း ထုတ်သဖြင့်၊ ရန်ကုန်အင်ဆော်လဝင်စီ နည်းဥပဒေ ၁၅၁ အရ၊ ကာကွယ်သည့်အမိန့် (Protection Order) ထုတ်ဆင့်ပေးရန် လျှောက်ထားရာ၊ လူမဲ့ပိုင်ပစ္စည်းထိမ်းဝန်က ကန့်ကွက်သဖြင့် တရားရုံးချုပ်က လျှောက်လွှာကိုပယ်လိုက်သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် ပုဒ်မ ၇ (ခ) အရ၊ အယူခံတင်သွင်းရာ။

ဆုံးဖြတ်ချက်။ ။နိုင်ငံတော်အစိုးရသို့ ပေးရန်ရှိသည့် ကြေးမြီများအတွက် ကာကွယ်မိန့် နိုင်ခွင့်မရှိဟု မူလရုံးတော်မှ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ ပြဋ္ဌာန်းချက်ဖြစ်သည်။

The Collector of Akyab v. *Paw Tun U and one*, 5 Rangoon, p. 806; *L. Hok*$_e$ *Sein* v. *The Controller of Rents for the City of Rangoon and one*, (1949) B.L.R., p. 160 (S.C.) တို့ကိုရည်ညွှန်း၍ ခွဲခြားရှင်းလင်းသည်။

Aswini Kumar Pramanik Petitioner v. *Dominon of India through the Certificate Officer* တို့ကို ရည်ညွှန်း၍ ခွဲခြားရှင်းလင်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ၊ ဂျီ၊ အင်၊ ဘနာဂျီ။

အယူခံတရားခံအတွက်။ ။ဦးဟုတ်စိန်။

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၇။

† ၁၂၅၉ ခုနှစ်၊ အင်ဆော်လဝင်စီမှုအမှတ် ၅ တွင် ဤတရားရုံးချုပ် (မူလဘက်) ရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအယူခံမှုမှာ၊ရန်ကုန်မြို့၊တရားရုံးချုပ်၊ ၁၉၅၉ ခု၊ လူမဲ့ အဖြစ် ခံယူမှု (အင်ဆော်သင်္ဘောင်စီမှု) အမှတ် ၅ တွင်၊ ၁၉၅၉ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့က၊ အင်ဆော်လဝင် **(လူမဲ့အဖြစ်) သတ်မှတ်ခြင်း ခံရပြီးသူ**၊ လျှောက်ထားသူ အာမက်၊ ကာဆင် အခွန်က၊ ၁၉၆၂ ခုနှစ်၊ သြဂုတ်လ ၂၃ ရက် နေ့က၊ ၎င်း အား အမြဘ်ဘော်ကြေး ငွေနှမှ၊ အမြဘ်တော်ကြေး ငွေများ မပေးသဖြင့် ဘဏ်ဆီး အာဏာဥး ချထားခန်၊ ဝရမ်း ထုတ်ဆင့် ပါသဖြင့်၊ ရန်ကုန်မြို့၊ တရားရုံးချုပ်၊ အင်ဆော် လဝင်စီ နည်းဥပဒေ ၁၅ အရ၊ ကာကွယ်သည့် အမိန့် **(Protection order)** ထုတ်ဆင့် ပေးပါရန်၊ လျှောက်ထားသည်ကို၊ လူမဲ့ပိုင် ပစ္စည်းထိမ်းဝန်က၊ ကန့်ကွက် သဖြင့်၊ ကြားနာပြီး၊ ၁၉၆၂ ခု၊အောက်တိုဘာလ ၂၅ ရက် နေ့စွဲပါ အမိန့် အရ၊ လျှောက်သွားကို ပယ်သိုက်သဖြင့်၊ မကျနပ်၍၊ ပုဒ်မ ၇ (ခ) အရ၊ အယူခံ တင်သွင်း သည့် အမှု ဖြစ်ပေသည်။

ထိုသို့ လျှောက်ထား အယူခံ တင်သွင်းရာဝယ်၊ အယူခံ တရားလိုက ဖော်ပြသည်မှာ လူမဲ့ အဖြစ် လျှောက်ထားရခြင်းမှာ၊ အမြတ်တော်ကြေးနှင့် အထွေထွေ ရောင်းခွန် တော် အပါ အဝင် ကြွေးမြီများ မပေးဆပ်နိုင်သဖြင့် လျှောက်ထားခဲ့ခြင်း ဖြစ်ရာ၊ ရန်ကုန်မြို့၊ အင်ဆော်လဝင်စီ ဥပဒေ **ပုဒ်မ** ၂၅ မှာ၊ နိုင်ငံတော် အစိုးရသို့ **ပေးရန် ရှိသည့် ကြွေးမြီများနှင့် အခြား** ကြွေးမြီများကို ခြားနား **သတ်မှတ်ခြင်း မပြု။** ဥပဒေက ထိုသို့ နိုင်ငံတော် အစိုးရနှင့် ပတ်သက်သည့် ကြွေးမြီများ အတွက်၊ ကာကွယ် မိန့် မပေးနိုင်ဟု ပြဋ္ဌာန်းထားခြင်း မရှိ ပါသဖြင့်၊ အင်ဆော်လဝင်စီ ရုံးတော်မှ ချမှတ်ခဲ့ သည့် အမိန့်မှာ ဥပဒေ အရ၊ မှားယွင်း လာခံရန် မဖြစ်သောကြောင့် ပယ်ဖျက်ပြီး၊ လျှောက်ထားသူ တောင်းဆိုသည့် ကာကွယ်မိန့် တရပ် ချမှတ်ပေးပါရန် လျှောက်ထား လေသည်။

အယူခံ တရားခံ ဖြစ်သူ၊ လူမဲ့ပိုင် ပစ္စည်းထိန်း ဝန်ကမူ၊ ယခု အမှုတွင်၊ အမြတ် တော်ကြေး မင်းကြီးနှင့် အထွေထွေ ရောင်းခွန်တော် မင်းကြီးတို့ အားလည်း အယူခံ တရားခံများ အဖြစ် ထည့်သွင်းသင့်ကြောင်း ဖော်ပြ၍ လူမဲ့ဖြစ်သူ၊ အယူခံ တရားလိုသည်၊ ရန်ကုန် အင်ဆော်လဝင်စီ **ဥပဒေ ပုဒ်မ ၁၅ (၃)** လို အပ်ချက် အရ၊ စာချုပ်စာတမ်းများ တင်သွင်းရန်၊ ပျက်ကွက်သည့်ပြင်၊ ပစ္စည်းများ ထိန်ချန်သည့် အတွက်၊ ပစ္စည်းထိမ်းဝန်က၊ ပုဒ်မ ၁၀၃ အရ၊ အရေးယူရန်၊ ရုံးတော်သို့ လျှောက် ထားရသည့် အတွက်၊ အယူခံ တရားလိုအား၊ ပုဒ်မ ၂၅ အရ၊ ကာကွယ်မိန့် လျှောက် ထားနိုင်ရန် ထောက်ခံသည့် လက်မှတ်ကို ပေးရန် ငြင်းဆိုခဲ့ရသည် တကြောင်း၊ နိုင်ငံတော် အစိုးရသို့ ပေးရန်ရှိသည့် အမြတ်တော်ကြေး ကြွေးမြီ အတွက်လည်း ရုံးတော်မှ အယူခံ တရားလိုအား၊ လွတ်ငြိမ်းခွင့် မပြုနိုင်ပါ သဖြင့်၊ အယူခံ တရားလို

ဥ၉၆၃
အော်စီ၊အခွန် နှင့် ပစ္စည်းထိန်း မင်းကြီး။

၁၉၆၃

အေးစီ၊အခွန်နှင့် ပဋ္ဌာန်းထိန်းမင်းကြီး။

သည်။ ထိုကြွေးမြီ အတွက်၊ ကာကွယ်မိန့် မရထိုက်ပါဟု ကန့်ကွက်လေသည်။ **အထက်ပါ ကန့်ကွက်ချက် အရ၊ အမြတ်တော်နှင့် အထွေထွေ ရောင်းခွန်တော်** ကြွေးမြီများ ပေးရန် ရှိကြောင်း၊ အယူခံ တရားလိုက၊ မငြင်းဆိုနိုင်ရကား၊ ၎င်း မင်းကြီးထံ နို့တစ် ထုတ်ဆင့်ရန် လိုအပ်မည် မဟုတ်ကြောင်းကို၊ ကျွန်ုပ်တို့ ယခင်က အဆုံးအဖြတ်ပေးခဲ့လေသည်။ ရန်ကုန် အင်ဆော်လဝင်စီ ဥပဒေ ပုဒ်မ ၂၅ (၄) နှင့် တရားသွတ်တော် အင်ဆော်လဝင်စီ နည်းဥပဒေ ပုဒ်မ ၁၅၂ အရ။ ပစ္စည်းထိန်းဝန်ကား လက်မှတ် ပေးရန် ငြင်းဆိုခဲ့သည်နှင့် ပတ်သက်၍မူ၊ အယူခံ တရားလို၏ ပညာရှိ ရွှေနေကြီးက၊ ထိုလက်မှတ် ပါရှိသော်၊ လျှောက်ထား သူသည်။ ကာကွယ်မိန့်ကို ရယူခွင့် ရှိကြောင်း ယူဆ နိုင်ရုံသာ ရှိ၍၊ လက်မှတ် မရရှိက၊ ကာကွယ်မိန့်ကို မရနိုင်ဟု ဥပဒေ တားမြစ်ချက် မရှိကြောင်း၊ လျှောက်ထား၍၊ မူလ ရုံးတော်မှ ***The Collector of Akyab*** **v.** ***Paw Tun U and one*** (1) စီရင်ထုံးပေါ် မှီငြမ်း ပြုပြီး၊ အယူခံ တရားလို၏ လျှောက်လွှာကို၊ ပယ်ခဲ့ခြင်းမှာ၊ ထိုအမှုဖြစ် အကြောင်း အရာနှင့် ယခု အမှုတို့မှာ ကွာခြား နေပါသဖြင့်၊ မူလ ရုံးတော်မှ အယူခံတရားလို ကာကွယ်မိန့် တောင်းဆိုခြင်းမှာ နိုင်ငံတော် အစိုးရ အား၊ ပေးဆပ်ရန်ရှိသည့် အမြတ်တော် ကြွေးများ အတွက် ဖြစ်ရာ၊ ထိုကြွေးအတွက်၊ အင်ဆော်လဝင်စီရုံးမှ၊ လွတ်ငြိမ်း ခွင့်သော်၎င်း၊ ကာကွယ်မိန့်သော်၎င်း မပေးနိုင်ဟု ယူဆ ဆုံးဖြတ်ခြင်းမှာ၊ မှားယွင်း နေပါသည်ဟု ပြဆိုရာဝယ် ***Aswini Kumar Pramanik Petitioner*** **v.** ***Dominon of India, through the Certificate Officer*** (2) စီရင်ထုံးတွင်၊ အောက်ပါ ဖော်ပြချက်တို့ကို၊ ကိုးကားလေသည်။

> "A protection order under S. 31, Provincial Insolvency Act may apply either to all the insolvents' debts or to some of them. It draws no distinction between classes of debts, that is, debts due to the State or Corporation or Municipalities or private persons. Section 31 does not impose any obligation whatsoever on the State. Certain creditors are by law given a right in certain circumstances to have an unfortunate debtor imprisoned for failure to pay his debt. It is a form of execution recognised by the Code of Civil Procedure. The State can take advantage of these provisions and the fact that a protection order might be made is not an obligation imposed on the State. All that the section provides is that the rights of creditors to imprison a debtor may be curtailed if the

(1) 5 Rangoon, p. 806. (2) A.I.R. (1952) Calcutta, .251,p

debtor has been adjudicated insolvent. That being so, S. 31 must be held to apply to State debts."

၁၉၆၃
——
အေ၊စီ၊အခွန်နှင့် ပစ္စည်းထိန်းမင်းကြီး။

သို့သော် ၎င်းစီရင်ထုံးကို၊ သေချာစွာ လေ့လာသော် ပုဒ်မ ၃၁ နှင့် ပတ်သက်၍၊ ကာကွယ်မိန့်မှာ၊ လူမဲ့၏ ကြွေးမြီ အားလုံး၊ သို့မဟုတ် တစိတ် တဒေသ အတွက်၊ ပေးနိုင်သည်ဟုသာပါရှိ၍၊ ကြွေးမြီ အမျိုး အစား ခွဲခြားခြင်း မပြု သဖြင့်၊ကျယ်ဝန်း နေသောကြောင့်၊ နိုင်ငံတော် အဝိုးရသို့ ပေးရန် ရှိသည့် ကြွေးမြီများလည်း၊ အကျုံး ဝင်ပေ သည်ဟု ယူဆ သင့်ကြောင်း၊ သျှောက် ထားသူ၏ ပညာရှိ ရှေနေကြီး ၏ လျှောက်ထားချက်ကို လက်ခံ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ကို တွေ့ရပေ သည်၊ သို့ဖြစ်ရကား၊ ထိုကဲ့သို့ ဥပဒေ၏ အဓိပ္ပါယ်ကို ကောက်ယူခြင်းမှာ၊ ဥပဒေပါ စာသားများကို ပါဝင်သည့် အတိုင်း၊ တိကျ မှန်ကန်စွာ အဓိပ္ပါယ် ကောက်ယူခြင်း ဖြစ်သည်ဟု ယူဆနိုင်ရန် ခဲယဉ်း သဖြင့်၊ ကျွန်ုပ်တို့ သဘော တူညီလျက် ခံနိုင်စွမ်း မရှိပေ၊ အဘယ် ကြောင့် ဆိုသော်၊ ယင်းကဲ့သို့ ဥပဒေတွင်၊ ထည့်သွင်း ထားခြင်း မရှိသည့် စကားများကို၊ လိုအပ်ကြောင်း ထင်ရှား ပေါ်လွင်ခြင်း မရှိဘဲ၊ ထည့်သွင်း ကောက်ယူခြင်း မပြု သင့်ကြောင်းကို၊ ယခင် တရား လွှတ်တော်ချုပ်က၊ ***L. Hoke Sein*** **v.** ***The Controller of Rents for the City of Rangoon and one*** (3) စီရင်ထုံး စာမျက်နှာ ၁၆၄ တွင် အောက်ပါ အတိုင်း ပြဆိုထားသောကြောင့် ဖြစ်ပေသည်။

"It is a strong thing to read into an Act of Parliament words which are not there and, in the absence of clear necessity, it is a wrong thing to do."

ထို့ကြောင့်ပင်၊ မူလ ရုံးတော်မှ ရည်ညွှန်းခဲ့သည့် ***The Collector of Akyab*** **v.** ***Paw Tun U and one*** (1) စီရင်ထုံး စာမျက်နှာ ၈၁၀ တွင်

"The Crown is not reached except by express words or by necessary implication in any case where it would be ousted of an existing prerogative or interest. It is presumed that the legislature does not intend to deprive the Coown of any prerogative, right, or property unless it expresses its intention to do so in explicit terms or makes the inference irresistible."

ပြဆိုချက်သည်သာလျှင်၊ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှန်ကန်သည်ဟု၊ကျွန်ုပ်တို့ လက်ခံ ရပေမည်။ ထိုသို့ ယူဆသင့်ကြောင်းကိုလည်း၊ ယင်း စီရင်ထုံးပါ ပြဆိုချက်များ

(3) (1949) B.L.R., p. 160 (S.C.)

၁၉၆၃

အေ၊စီ၊အခွန်နှင့် ပစ္စည်းထိန်းမင်းကြီး။

သည် အနှစ် ၄၀ ခန့် ကြာမြင့် ခဲ့သော်ငြားလည်း **ယခုတိုင် နေဂက်ထပ် မည်သည့် ဖြတ်ထုံးကမှ ဖုံးလွှမ်းခြင်း၊ သို့မဟုတ် ဖြည့်စွက် ပြင်ဆင် မလိုက်နာခြင်း** မရှိခဲ့သည် ကပင်၊ ထိုဝိရင်ထုံးပါ ဆုံးဖြတ်ချက်များမှာ တိကျ မှန်ကန်ကြောင်း ပြသနေသော ကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် လူမဲ့ တယောက်သည်၊ နိုင်ငံတော် အစိုးရသို့ ပေးရန် ရှိသည့် ကြွေးမြီ များ အတွက်၊ **ကာကွယ်မိန့် ရနိုင်ခွင့် မရှိဟု**၊ မူလ ရုံးတော်မှ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေ ပြဋ္ဌာန်းချက် အရ၊ ဖြစ်သည်ဟု ကျွန်ုပ်တို့ လက်ခံ အတည်ပြုရမည် ဖြစ်သော ကြောင့်၊ ထိုအမိန့်တွင် ဝင်ရောက် စွက်ဖက်ရန် အကြောင်း မည်သို့မျှ မတွေ့ရှိရသဖြင့်၊ ယခု အယူခံမှုကို၊ ပလပ် ရပေမည်။

ဖေါ်ပြပါ အခကြောင်းများကြောင့်၊ ယခု အယူခံမှုကို၊ စရိတ်နှင့် ပလပ်လိုက် သည်။

ပညာရှိ ရွှေနေကြီး စရိတ် အဖြစ်၊ ကျပ် ၃၄ သတ်မှတ် သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

ဦးကျော်ထူး (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးအာလီ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

၁၉၆၃ †

ဇူလိုင်လ
၁၃ ရက်

ရာဇဝတ်မှုကိုပယ်ဖျက်ခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲဆိုသည့်အမှု၊ အမှုသည်အတွက် ပေးရန်ငွေကို ရှေ့နေခအဖြစ် ယူထားသောရှေ့နေ၊ ထိုပုဒ်မအရ ပြစ်မှုကျူးလွန် မလွန်။

လျှောက်ထားခံရသူသည်၊ လျှောက်ထားသူ၏အမှုသည်တဦးဖြစ်ပြီး၊ ၎င်းအတွက် ပေးရန်ငွေကို အခြားသူတဦးက လျှောက်ထားသူမှတဆင့် ပေးလိုက်ရာ၊ လျှောက်ထားသူက ၎င်းအတွက်လိုက်ပါဆောင်ရွက်သော ရှေ့နေခမျှားနှင့် ခုနှိမ်ရန် ယူထားလိုက်လေသည်။

ထိုအခါ လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ တရားစွဲဆိုရာ အောက်ရုံးက စွဲဆိုသည့်အတိုင်း အရေးယူရန် လျှောက်ထားသူအား ရုံးသို့လာရန် သမ္မာန်စာထုတ်ဆင့်လိုက်၏။

လျှောက်ထားသူက အရေးယူသောအမိန့်ကို ပယ်ဖျက်ရန် တရားရုံးချုပ်သို့ လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူက ၎င်းယူထားသောငွေကို ၎င်းလိုက်ပါဆောင်ရွက်သည့် ရှေ့နေခနှင့် ခုနှိမ်လိုက်ပြီဟု ပြောထားရာ၊ ၎င်းရသင့်ရထိုက်သည်ဟု ထင်မြင်ယူဆသော သဘောဖြင့် ယူထားခြင်းဖြစ်သည့်အတွက်၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ ပြစ်မှုကို သံသယကင်းရှင်းစွာဖြင့် ကျူးလွန်သည်ဟုမဆိုသာပေ။

Article 8 of section 167 of the Sea Customs Act read with section 9 (3) of the Foreign Exchange Regulation Act, 1947, confiscated the gold which weighed not less than 20 pounds and 9¾ ounces. The appeal to the Financial Commissioner and the application for revision to the Hon'ble Minister for Finance and Revenue being unsuccessful Daw Nyunt Nyunt, Daw Than Than and Ma Tin Win applied to the late Supreme Court for a writ of *certiorari* to quash the orders of the authorities concerned. It was held by the Supreme Court that because of the divergent stories told by Daw Nyunt Nyunt, Daw Than Than who claimed the gold to be theirs and Ma Tin Win to be their courier, and by Ma Tin Win who first said the gold belonged to her; and also in view of the applicants' failure to show satisfactorily from whom the gold was purchased the order for confiscation was justified with or without the application of section 167A relating to the burden of proof.

In our opinion, in the case of *Daw Nyunt Nyunt, Daw Than Than and Ma Tin Win* (3) section 167A of the Sea Customs Act could not be ignored as without its provisions there would be no proof that the goods had been smuggled into Burma contrary to section 9 (3) of the Foreign Exchange Regulation Act of 1947.

Now section 167A of the Sea Customs Act reads:

> "If in any prosecution or in any proceeding in respect of any goods, the importation or exportation of which has been prohibited or restricted under section 19, any question shall arise whether such goods have not been imported or whether no attempt has been made to export such goods, contrary to such prohibition or restriction, then in such case the burden of proof thereof shall be on the accused or on the person against whom the proceedings are opened."

This section makes no reference whatsoever to the manner of seizure of the goods, the importation or exportation of which had been prohibited or restricted under section

(3) Civ. Misc. Application No. 56 of 1961 of the late Supreme Court.

19 of the Act. In fact, Sea Customs Act itself recognizes the fact that goods liable to confiscation under the Act may be seized by persons other than those mentioned in section 178. For instance, goods liable to confiscation under the Sea Customs Act may be seized under section 180 by a police officer on suspicion that they have been stolen. The decision in the case of *Daw Nyunt Nyunt, Daw Than Than and Ma Tin Win* (3) also established the fact that goods liable to confiscation under the Sea Sustoms Act may be seized by excise officers. Accordingly, the argument that only such goods as are seized under section 178 of the Act on *prima facie* evidence being available to the effect that they were liable to such seizure can be the subject of proceedings to which section 167A of the Sea Customs Act would be relevant, is not acceptable.

Assuming that the seizure of the gold made by the officers of the Army, Bureau of Special Investigation and the Police Department in the case now under consideration is illegal, this fact alone will not vitiate the proceedings taken by the Collector of Customs for confiscation of the gold in question. In this connection it is only necessary to refer to a series of decisions beginning with *Queen Empress* v. *Nga Taw Aung* (4) and culminating with *Kyin Sein* (a) *Maung Shwe Mya* v. *The Finance Minister and two others* (5). These are *Mi Hauk* v. *King Emperor* (6), *Nga Po Tha and another* v. *Queen Empress* (7), *Maung San Myin* v. *King Emperor* (8) and *Aung Kim Sein* v. *The King* (9).

Where the search is illegal persons participating in the search render themselves liable for damages for trespass, but the illegality of the search does not affect the question whether the person whose place was searched

(3) Civ. Misc. Application No. 56 of 1961 of the late Supreme Court.
(4) (1893-1900) P.J.L.B. 369.
(5) (1959) B.L.R. 196 (SC)
(6) IV. L.B.R. 121.
(7) (1897-1901) I.U.B.R. 239.
(8) I.L.R. 7 Ran. 771.
(9) (1941) R.L.R. 552.

C.C. 1963

U SOE NYUNT AND ANOTHER v. THE COLLECTOR OF CUSTOMS AND TWO OTHERS.

has committed the offence if property which cannot be legally possessed is actually found in the course of the search.

Regarding section 167A of the Sea Customs Act which is analogous to section 259 of the Customs Consolidation Act of 1876, the decision in the case of *Rex* v. *Cohen* (10) is most apposite. There it was held that: "Once it is proved that a person was in possession of dutiable goods on which he has not proved that duty has been paid, he may, if he gives no explanation of his possession, be convicted of unlawful harbouring. If he gives an explanation, the jury should be told that if it either satisfies them that he did not know that the goods were uncustomed, or leaves them in doubt whether he knew, he should be acquitted."

In this connection the following observation of Lord Goddard, C.J., may be usefully quoted. The learned Chief Justice in delivering judgment of the Court of Appeal said:

> "To prove a conscious harbouring it would usually be enough to show that goods which were subject to duty were found in the possession of the accused. If they are found in his house, warehouse or other place under his control, that would establish a *prima facie* case that he knowingly harboured them, though, no doubt, he could rebut this by proving that he did not know of their presence, for instance. by showing that someone had 'dumped' them there without his knowledge or privity. Once it is proved that he knowingly harboured goods subject to duty, section 259 throws on him the onus or proving that the goods are, in fact, customed. To do this he would have to prove that the duties had actually been paid, or, at least, that they had been declared and that the customs officers, in the exercise of a discretion which, as is well known, they are allowed, had permitted the goods to enter. The latter case would probably seldom arise and could only occur in the case of a small amount of spirits, tobacco, jewellery or the like, and we need not deal further with this.

(10) (1951) 1 All. E.R. 203 at pp. 205, 206.

In a case such as the present, unless the accused is or knows the actual importer, so that a receipt for the payment of duties can be produced or first-hand evidence of payment given it would probably always be difficult, and often impossible, for him to prove actual payment. Though the powers of Customs officers are always used with discretion, it is in law possible for them to require anyone, be he trader or not, who has dutiable goods in his possession to show that duty had been paid. If the person challenged cannot prove payment, it does not follow that he must be taken to have committed the offence of what for convenience we will call unlawful harbouring. He will not be guilty unless he knew that duty had not been paid. The prosecution having proved that the accused was in possession of dutiable goods in such circumstances as would entitle a court to find that he was consciously in possession of them and the accused having failed to prove that the duty had in fact been paid, there is then, in the opinion of the court, an onus on him to give some explanation of his possession from which a jury might infer that he did not know that duty had not been paid. It must be for him to give this explanation because the facts relating thereto must be exclusively within his knowledge. There is, in fact, a shifting of the burden of proof, and in considering the amount of evidence necessary to shift the burden of proof the court has regard to the opportunities of knowledge with respect to the facts to be proved which may be possessed by the parties respectively : *see* Stephen's Digest of The Law of Evidence, 12th edition, article 104. That this applies to criminal cases no less than civil is shown by *R.* v. *Kakelo* (11).

A simple way of proving lack of knowledge is to prove that the goods were bought in the ordinary course of trade. If a man buys a box of cigars in a shop at the ordinary price, why should it be supposed that he knew they had been smuggled, if, in fact, they had been? In the course of his summing up the deputy chairman quoted a passage from a recent judgment of this court in *R.* v. *Fitzgerald* (12), in which I said:

'If a man buys something from a trader in the ordinary way (it does not matter whether it is wholesale or retail),

(11) (1923) 2 K.B. 793. (12) (1948) unrep.

C.C. 1963

U SOE NYUNT AND ANOTHER v. THE COLLECTOR OF CUSTOMS AND TWO OTHERS.

you would presume that he has bought it honestly and that the duty on it has been paid:

It would, perhaps, have been more accurate if I had said: "that he had no knowledge or reason to believe that the duty had not been paid." Having arrived thus far, it appears to the court that counsel for the Crown was right in his submission that these cases are closely analogous to those of receiving stolen goods when the evidence relied on for the prosecution is merely possession of goods recently stolen. That has always been held to be *prima facie* evidence of guilty knowledge, or in other words, to raise a presumption of guilt, so that if no explanation is given by the receiver the jury are entitled, though not compelled, to convict. On the other hand, if the explanation given either satisfies the jury or raises a doubt in their minds as to guilty knowledge, the defendant is entitled to an acquittal. A case is never proved if the sum of the evidence leaves the jury in doubt. So, in the present class of case, once it is proved that the accused was knowingly in possession of dutiable goods which he has not proved had paid duty, if he gives no explanation, he may be convicted of harbouring. If he does give an explanation, the jury should be told that if it either satisfies them that he did not know the goods were uncustomed or leaves them in doubt whether he knew, he should be acquitted.' "

Section 178A of the Indian Act which was inserted by Act 21 of 1955, two years after section 167A of the Sea Customs Act of Burma was inserted, reads:

" 178-A. (1) Where any goods to which this section applies are seized under this Act in the reasonable belief that they are smuggled goods, the burden of proving that they are not smuggled goods shall be on the person from whose possession the goods were seized.

(2) This section shall apply to gold, gold manufactures, diamonds and other precious stones, cigarettes and cosmetics and any other goods which the Central Government may, by notification in the Official Gazette, specify in this behalf."

It is noticeable that in India the burden of proof under section 178-A of the Act would only arise if the goods

in question had been seized in the reasonable belief that they were smuggled goods. The same phraseology does not appear in section 167A of the Sea Customs Act of Burma. Nevertheless, it is a fair presumption that Collectors of Customs are honest in the discharge of their duties and that they would not take out proceedings in respect of any goods the importation or exportation of which has been prohibited or restricted under section 19 of the Sea Customs Act, unless they as reasonable persons, believe that such action was necessary. But in coming to that conclusion they would not be necessarily bound by the provisions of the Evidence Act. In this connection the observations of Sinha, J. in *Shermal Jain* v. *Collector of Central Excise and Land Customs, Calcutta* (13) are most apposite. The learned Judge said:

> "The question is as to whether upon these facts, the customs authorities were entitled to come to the conclusion that the gold was contraband and that the provisions of the Land Customs Act and the Sea Customs Act and of the Foreign Exchange Regulation Act were violated. So far as the onus of proof is concerned, by a recent amendment in the Sea Customs Act (Act 21 of 1955) introducing section 178A and the Land Customs Act, (Act 35 of 1955) incorporating section 178A the onus is now upon the petitioner to prove that the gold was not contraband. Mr. Roy points out that these amendments had not come into operation at the relevant date; and therefore we have to see what the position is, without their help. There is a conflict of authorities on the point as to whether the customs authorities are an administrative body or a quasi judicial body. Even assuming that they are an administrative body having quasi judicial functions, it cannot be said that they are strictly bound by the provisions of the Indian Evidence Act. If the authorities had to prove, according to the strict provisions of the Indian Evidence Act, that particular goods, suspected to be contraband, were in fact so, then they could not succeed in most cases, and the task of controlling the

(13) A.I.R. (1956) Cal. 621 at p. 623.

C.C. 1963

U SOE NYUNT AND ANOTHER v. THE COLLECTOR OF CUSTOMS AND TWO OTHERS.

smuggling of contraband goods would become impossible. That, of course, does not mean that they can act arbitrarily or upon no evidence at all except mere suspicion. It is a matter depending on the facts of each case."

We have examined the proceedings of the Collector of Customs and we find that the Collector had deputed responsible officers to make inquiries whether the gold discs such as those seized from the applicants were ever sold in Shwebontha (formerly Mogul) Street. He found that no such gold was ever sold there. He then found out that the Chinese characters inscribed on these gold discs showed that they were manufactured in Kowloon, opposite Hongkong. Further inquiries revealed that they were never "legal tender" anywhere but were used as birthday presents and wedding gifts. These facts and the absence of any vouchers in support of the applicants' story that they bought the gold from the gold dealers in Shwebontha Street were, in our opinion, sufficient to induce a reasonable belief in the mind of the Collector of Customs that the gold was liable to seizure under article 8 of section 167 of the Sea Customs Act. The proceedings for the confiscation of the gold were justified, and the burden of proof had rightly been laid upon the applicants under section 167A of the Sea Customs Act.

In any case we are not sitting as a Court of Appeal over the decision of the Collector of Customs and of those authorities who confirmed his decision. In this connection the decision in the case of *T. C. Basappa* v. *T. Nagappa and another* (14) may be usefully quoted. There it was held that in granting a writ of *certiorari* the superior Court does not exercise the powers of an appellate Tribunal. It does not review or reweigh the evidence upon which the determination of the inferior Tribunal purports to be based. It demolishes the order which it considers to be without jurisdiction or palpably erroneous but does not substitute

(14) A.I.R. (1954) S.C. 440.

its own views for those of the inferior tribunal. [*See* also *Sewpujanrai Indrasanarai Ltd.* v. *Collector of Customs and others* (15), where the above decision was cited with approval.]

It has been argued that the provisions of the Amnesty Order of the Chairman of the Revolutionary Council dated the 1st of April 1963 are applicable and that therefore the order of the Collector of Customs should be quashed. However, assuming that the order passed against the applicants was penal in nature the applicants cannot claim to have the benefit of the Amnesty Order in view of paragraph 6 of that Order which excepts those offences involving evasion of revenue, from the operation of the Amnesty Order. But, there is clear authority for the view that the action taken by the Collector of Customs was one *in rem* against the goods seized and not *in personam* as against the applicants. [*See* the case of *Sewpujanrai Indrasanarai Ltd.* v. *Collector of Customs and others* (15) already quoted above]. There it was held that a distinction must be drawn between an action *in rem* and a proceeding *in personam* and that section 167 (8) of the Sea Customs Act contemplates a case where the offender (the smuggler, for example) is not known but the goods in respect of which the contravention has taken place are known and have been seized and that the point to note is that so far as the confiscation of the goods is concerned, it is a proceeding *in rem* and the penalty is enforced against the goods whether the offender is known or not known, the order of confiscation under section 182 of the Sea Customs Act operating directly upon the status of the property which under section 184 transfers an absolute title thereto to the Government.

For these reasons we consider that the Collector of Customs had jurisdiction in the case now under consideration for the action taken by him under section 167 (8) of

(15) A.I.R. (1958) S.C. 845.

C.C. 1963

U SOE NYUNT AND ANOTHER v. THE COLLECTOR OF CUSTOMS AND TWO OTHERS.

the Sea Customs Act, that his order was not a speaking order and that the applicants' case is not covered by the terms of the Amnesty Order of the Chairman of the Revolutionary Council. In the result the application fails and it is dismissed with no order as to costs.

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်။

ဂနီ (ခေါ်) မောင်ချစ် (ပြင်ဆင်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်လျှောက်ထားခံရသူ) *

† ၁၉၆၃ အောက်တိုဘာ ၄ ရက်။

နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄ (၂)—နိုင်ငံခြားသားဖြစ်ရန် အဘိုးအဘွားများ မြန်မာပြည်တွင် မွေးဖွါးရန်မလိုခြင်း။

ပြင်ဆင်ရန် လျှောက်ထားသူအား နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၅ (၁) အရင် တရားစွဲဆိုခဲ့ရာ၊ စစ်ဆေးသော တရားသူကြီးက၊ လျှောက်ထားသူ၏ ဘိုးဘွားတို့မှာ၊ မြန်မာပြည်တွင် မွေးဖွါးခဲ့ကြောင်း သက်သေ လုံလောက်အောင် မတွေ့ရှိရသဖြင့်၊ လျှောက်ထားသူမှာ နိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ မြန်မာနိုင်ငံသား မဖြစ်နိုင်ဟု ယူဆ၍၊ ပြစ်ဒဏ်စီရင်ခဲ့လေသည်။

ပြင်ဆင်မှုလျှောက်ထားချိုး၊ ခရိုင်စက်ရှင် တရားသူကြီးက၊ ထိုပြစ်ဒဏ်စီရင်ခြင်းကို ပယ်ဖျက်ရန် တရားရုံးချုပ်သို့ ထောက်ခံလိုက်လေသည်။

ဆုံးဖြတ်ချက်။ ။စစ်ဆေးသည့် တရားသူကြီး၏ ပြဆိုချက်မှာ ပုဒ်မ ၄ (၂) နှင့် ဆန့်ကျင်နေပေသည်။ ထိုပုဒ်မ၏ လိုအပ်ချက်မှာ၊ လျှောက်ထားသူနှင့် ၎င်းခံဘနှစ်ပါးသာ မြန်မာပြည်မှာ မွေးဖွါးကြသူများ ဖြစ်ကြောင်းလိုအပ်၍၊ ဘိုးဘွားများနှင့် ပတ်သက်၍မူ၊ ၎င်းတို့သည် မြန်မာပြည်တွင်၊ ပင်ရင်းတိုင်းပြည်အဖြစ် မျိုးဆက်မပြတ် နေထိုင်ခဲ့ကြောင်းသာလိုအပ်ပေသည်။

အမှုတွဲရှိ သက်သေခံချက်များကို လေ့လာရာ၊ လျှောက်ထားသူ၏ မိဘတို့မှာ၊ မြန်မာပြည်တွင် မွေးဖွါးခဲ့သူများ ဖြစ်သည်မှာ ထင်ရှားပြီး လျှောက်ထားသူမှာလည်း မြန်မာပြည်တွင်မွေးဖွါးခဲ့ကြောင်း တွေ့ရှိရသည့်ပြင် ၎င်း၏ဘိုးဘွားတို့မှာလည်း၊ မြန်မာပြည်တွင် နေထိုင်သေဆုံးခဲ့ကြောင်း တွေ့ရသဖြင့်၊ လျှောက်ထားသူမှာ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၄ (၂) အရ၊ မြန်မာနိုင်ငံသားတဦး ဖြစ်သည်ဟု ယူဆရပေမည်။

ပြင်ဆင်ခွန်လျှောက်ထားသူ အဘွက်။ ။ကို သ်ဘိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအဘွက်။ ။ဦးထွန်းညို။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၇ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇၅ တွင်ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဇွန်လ ၅ ရက် နေ့စွဲပါ၊ သံလျင်မြို့နယ် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၃
ဂန္ဒီ (ခေါ်)
မောင်ချစ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တရားသူကြီး ဦးထွန်းတင်။ ။ဤပြင်ဆင်မှုမှာ သံလျင်မြို့၊ မြို့နယ်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်မှုအမှတ် ၇၅ တွင် လျှောက်ထားသူ ဂန္ဒီ (ခေါ်) မောင်ချစ်အား နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅ (၁)ဃ၊ ပြစ်မှုကျူးလွန်သည်ဆို၍ ဒဏ်ငွေ ၂၅ ကျပ်ဆောင်ရန် ပြစ်ဒဏ်စီရင်ခဲ့သည်ကို လျှောက်ထားသူက မကျေနပ်၍ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၁ တွင် ပြင်ဆင်ပေးပါရန် လျှောက်ထားသည်တွင် စက်ရှင်တရားသူကြီးက လျှောက်ထားသူမှာ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေး ပုဒ်မ ၄ (၂) အရ၊ နိုင်ငံသားဖြစ်သည်မှာ ထင်ရှားပါလျက် စစ်ဆေးသည့် တရားသူကြီးက၊ **လက်ချီမီ(ပါ)ရာဘတ်** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) စီရင်ထုံးကို မှားယွင်းစွာကိုးကား၍ ပြည်ထောင်စုသား မဖြစ်နိုင်ဟု ယူဆခဲ့ခြင်းမှာ ပုဒ်မ ၄ (၂) ရည်ညွှန်းချက်များနှင့် ဆန့်ကျင်မှားယွင်းနေပါသဖြင့် လျှောက်ထားသူအပေါ် ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းကို ပယ်ဖျက်သင့်ပါသည်ဟု ထောက်ခံတင်သွင်းခဲ့သည့် အမှုဖြစ်ပေသည်။

အမှုကြောင်းရာ လိုရင်းကို ဖော်ပြရမူ သံလျင်မြို့၊ လူဝင်မှုကြီးကြပ်ရေးမှူး ဦးကျော်ဇောက ၁၉၆၃ ခု၊ မေလ ၁၈ ရက်နေ့က ကျောက်ရေတွင်းကျေးရွာတွင် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်များကို စစ်ဆေးရာလျှောက်ထားသူ ထံမှိသဖြင့် နိုင်ငံခြားသား မှတ်ပုံတင်ပုဒ်မ ၅ (၁) အရ၊ တရားစွဲဆိုပါသည်ဟု ဖော်ပြသည်။ လျှောက်ထားသူကမူ မိမိ၏ဘိုးဘွား မိဘတို့မှာ မြန်မာပြည်တွင်မွေးဖွါးး၍ အစဉ်တစိုက် နေထိုင်လာသူများဖြစ်ပြီး မိမိမှာလည်း ကျောက်ရေတွင်းတွင် မွေးဖွါးခဲ့သဖြင့် ပုဒ် ၄ (၂)အရ၊ နိုင်ငံသားဖြစ်သည့်အတိုင်း နိုင်ငံခြားသားလက်မှတ် ထားရှိရန် မလိုပါဟု ချေပလေသည်။

ထိုချေပချက်ကို ထောက်ခံရန် လျှောက်ထားသူက ၎င်း၏ဖခင်နှင့် အပါအဝင် သက်သေ ၃ ယောက် တင်ပြခဲ့ရာ လျှောက်ထားသူ၏ ဘခင်မှာ တိုင်းရင်းသားမှတ်ပုံတင် လက်မှတ် ရရှိပြီးကြောင်းနှင့် ၎င်းမှာ မြန်မာပြည်တွင် မွေးဖွါးခဲ့ကြောင်းကို မာမက်ဂန်နှင့် အသက် ၇၀ ရှိ ဦးပန်းနိုင်တို့က ထောက်ခံပေသည်။

သို့သော် စစ်ဆေးသည့် ပညာရှိတရားသူကြီးက လျှောက်ထားသူ၏ ဘိုးဘွားတို့မှာ မြန်မာပြည်တွင် **မွေးဖွါးခဲ့**ကြောင်း သက်သေလုံလောက်အောင် မတွေ့ရှိရသဖြင့် လျှောက်ထားသူမှာ နိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၄ (၂) အရ၊ မြန်မာနိုင်ငံသား မဖြစ်နိုင်ဟု ယူဆ၍ ပြစ်ဒဏ်စီရင်ခဲ့လေသည်။ ထိုကဲ့သို့ ပြဆိုချက်မှာ ပုဒ်မ ၄ (၂)

(၁) ၁၉၆၁ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာမျက်နှာ ၁၂၆။

၁၉၆၃
ဂနီ (ခေါ်)
မောင်ချစ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

နှင့် ဆန့်ကျင်နေပေသည်။ အဘယ်ကြောင့်ဆိုသော် ပုဒ်မ ၄ (၂) ၏ လိုအပ်ချက်မှာ လျှောက်ထားသူနှင့်ဂင်း၏မိဘ ၂ ပါးသာမြန်မာပြည်မှမွေးဖွါးကြသူများဖြစ်ကြောင်း လိုအပ်၍၊ ဘိုးဘွားများနှင့် ပတ်သက်၍မူ ၎င်းတို့သည် မြန်မာပြည်တွင် ပင်ရင်းတိုင်းပြည်အဖြစ် မျိုးအဆက်မပြတ် နေထိုင်နေခဲ့ကြောင်းသာ လိုအပ်ပေသည်။ ထို့အတွက် စက်ရှင်တရားသူကြီးက စစ်ဆေးသည့် ရုံးတော်မှ ရည်ညွှန်းသည့် စီရင်ထုံးကို အဓိပ္ပါယ် ကောက်ယူရာတွင် ပုဒ်မ ၄ (၂) လိုအပ်ချက်များနှင့် ဆန့်ကျင်နေသဖြင့် လျှောက်ထားသူအပေါ် ပြစ်မှုတွေ့ရှိခြင်းမှာ လက်ခံနိုင်စရာ မရှိကြောင်း ဖေါ်ပြခဲ့လေသည်။ အမှုတွဲရှိ သက်သေခံချက်များကို လေ့လာရာ၊ လျှောက်ထားသူ၏ မိဘတို့မှာ မြန်မာပြည်၊ သံလျင်မြို့၊ ကျောက်ရေတွင်းရွာတွင် မွေးဖွါးခဲ့သူများဖြစ်သည်မှာ ထင်ရှားပြီး၊ လျှောက်ထားသူမှာလည်း (ကျောက်ရေတွင်းရွာ) တွင်ပင် မွေးဖွါးခဲ့ကြောင်း ဘွဲ့ရှိရသည့်ပြင် ၎င်း၏ဘိုးဘွားတို့မှာလည်း မြန်မာပြည်တွင် နေထိုင်သေဆုံးခဲ့ကြောင်း တွေ့ရသဖြင့် လျှောက်ထားသူမှာ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု ဥပဒေ ပုဒ်မ ၄ (၂) အရ၊ မြန်မာနိုင်ငံသားတဦး ဖြစ်သည်ဟုသာ ယူဆရပေမည်။

ထို့ကြောင့် စက်ရှင်တရားသူကြီး တင်သွင်းခဲ့သည့် ထောက်ခံချက်ကို လက်ခံ၍ သံလျင်မြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၇၅ တွင်၊ လျှောက်သူ ဂနီ (ခေါ်) မောင်ချစ်အပေါ် နိုင်ငံခြားသား မှတ်ပုံတင်ဥပဒေပုဒ်မ ၅ (၁) အရ၊ ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။

လျှောက်ထားသူသို့ ဒဏ်ငွေဆောင်ပြီးက ပြန်လည်ပေးစေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးကျော်ဇံဦး ရှေ့မှောက်တွင်

† ၁၉၆၃

ကော့၊ စီ၊ ဒတ်(စ်) (အယူခံတရားလို)

နှင့်

ဦးမောင်ကြီးပါ ၅ (အယူခံတရားခံ)*

စက်တင်ဘာလ ၁၈ ရက်။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ နှင့် ၁၀၈ "tenant at will" အား နို့တစ်ပေးရန် မလိုခြင်းကိစ္စ။ ပုဒ်မ ၁၀၆ ၏ ရည်ညွှန်းချက် ငှါးရမ်းသူ၏အခွင့်အရေးကို ကာကွယ်ရန်ဖြစ်ခြင်း။ ပုဒ်မ ၁၁၆ မည်သည့်အချိန်အခါ၌ ဆက်လက်ငှါးရမ်းသူ ဖြစ်နိုင်ခြင်း။

အယူခံတရားလိုများသည် အခြေးဖြစ်မြေ ၂ ကွက်၏ ပိုင်ရှင်ဖြစ်ကြပြီး၊ ပဌမအယူခံတရားခံ အား၊ ၁၉၄၇ ခုနှစ်တွင် ၃ နှစ်စာချုပ်ဖြင့် ငှါးရမ်းခဲ့၏။ ထိုကာလကုန်ဆုံးပြီးသည့်နောက် ပဌမ အယူခံတရားခံက ပြန်မပေးဘဲ ဆက်လက်နေသဖြင့်၊ ၁၉၅၉ ခုနှစ်တွင် နှင်ထုတ်မှုစွဲခဲ့လေသည်။

ပဌမအယူခံ တရားခံက ၃ နှစ်စာချုပ်ကို ဝန်ခံသော်လည်း၊ ထို ၃ နှစ်ကာလ ကုန်ဆုံးပြီး နောက် မိမိသည်ငှါးရမ်းသူ မဟုတ်တော့ကြောင်းကို မြေကို မိမိတို့မိသားစုပိုင်သော မိမိအမည်နှင့် ကုမ္ပဏီသို့ လွှဲပေးလိုက်ကြောင်း၊ မိမိထံမှ စာချုပ်သက်တမ်း ကုန်ပြီးသည့်နောက်၊ အိမ်ငှါးခ မတောင်းနိုင်တော့ဘဲ၊ ကုမ္ပဏီထံမှဘဲ လျော်ကြေး ငွေကိုသာ တောင်းခံနိုင်ကြောင်း ထုချေ လေသည်။

အမှုကိုကြားနာသည့် အောက်ရုံးက၊ ပဌမအယူခံ တရားခံသည်၊ အဆိုပါ ၃ နှစ်ကာလ ကျော် လွန်ပြီးသည့်နောက်၊ မြေငှါးခကျန်ငွေအနက် အချို့ကို ပေးခဲ့သဖြင့် ပစ္စည်းလွှဲပြောင်းရေး၊ အက် ဥပဒေပုဒ်မ ၁၁၆ အရ ထိုအငှားခမြေကိုဆက်လက်ခံယူသူဖြစ်ရာ၊ ထိုအက်ဥပဒေပုဒ်မ ၁၀၆ အရ ၆ လ နို့တစ်ပေးသဖြင့်၊ နှင်ထုတ်လိုမှုကိုပယ်လိုက်ပြီး၊ တရားလိုများ တောင်းဆိုသည့် ငွေနှင့်ပတ်သက်၍၊ ငွေ ၆,၀၀၀ ကို ပဌမအယူခံတရားခံနှင့် အခြားအယူခံတရားခံများကပေးရန်နှင့်ပဌမအယူခံတရားခံက အတိုးငွေ ၂,၄၀၀ ထပ်လောင်းပေးရန် အမိန့်ချလေသည်။

အယူခံတရားလိုများက မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။ဤအမှုမရှုပ်ထွေးတန်ဘဲလျက် ရှုပ်ထွေးရသည်မှာ အယူခံ တရားလိုများသည် မိမိတို့ရရှိသည့်အခွင့်အရေးကို ရှင်းလင်းတိကျစွာ နားမလည်သောကြောင့်ဖြစ်သည်၊ အဆို

---

* ၁၉၆၁ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၃။

† ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် ၂၄-၃-၆၁ နေ့စွဲပါ စစ်တွေမြို့ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

လွှာများတွင်၊ ၃ နှစ်စာချုပ်ကုန်ဆုံးပြီးနောက် ပဌမအယူခံတရားခံသည်၊ "tenant at will" အဖြစ်ထားရှိသည်ဆို၏။ ထို "tenant at will" များနှင့် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၈ သည် မည်သို့မျှမသက်ဆိုင်။

၁၉၆၃
ဂျေ၊ စီ၊ အက်(စ်) နှင့် ဦးမောင်ကြီး ပါ ၅။

ဆိုလှာတွင်၊ အဆိုပါ ၃ နှစ်ကာလ နောက်တရားခံများက နေထိုင်သည့်အတွက်၊ ၎င်းတို့ "on account of arrears of rent for use and occupation of the aforesaid land" ဟူ၍ မှားယွင်းစွာပြထားသည်၊ ထိုစကားရပ်မှာ ဥပဒေက အသိအမှတ်ပြုသော စကားရပ်မျိုးမဟုတ်၊ ငှါးရမ်းခသော်လည်း ဖြစ်နိုင်သည်၊ မတရားလက်ရှိထားရန် အသုံးပြုသဖြင့် ပေးရမည့် ပေးလျော်ကြေးသော်လည်း ဖြစ်နိုင်သည်။

ထို့ပြင်အယူခံ တရားလိုများသည်၊ မလိုဘဲနှင့် မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ (၁၁) (၁)(က) အရ၊ ငှါးရမ်းခငွေတောင်းဆိုပြန်သေးသည်။

ပဌမအယူခံတရားခံက၊ ချေလွှာတွင်အဆိုပါ ၃ နှစ်ကာလ ကုန်ဆုံးပြီးနောက် အချင်းဖြစ်မြေကို အယူခံတရားလိုများထံမှ ငှါးရမ်းသူမဟုတ်တော့ကြောင်း အတိအလင်း ငြင်းဆိုထားသည်ဖြစ်ရာ၊ ၎င်းသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၆ တွင်အကြုံးဝင်သည့် ဆက်လက်ငှါးသူဖြစ်သည်ဟု မယူဆနိုင်ပေ။ ထို့ပြင်ဤသို့ချေပခဲ့သဖြင့် အမှုစစ်ဆေး ကြားနာသောရုံးက ပဌမအယူခံတရားခံသည် ငှါးရမ်းသူအဖြစ် တည်ရှိနေသေးဟု မဆုံးဖြတ်နိုင်။

အမှုကိုစစ်ဆေးရာ၌၊ ပြောဆိုချေပချက်များ (pleadings) အပေါ်၌သာ မူတည်၍ ဆုံးဖြတ်ချက်ချနိုင်သည်၊ ထိုပြောဆို ချေပချက်များတွင် မပါဝင်သော အချက်များနှင့်၊ ၎င်းတို့နှင့် ကွဲပြားခြားနားယော အချက်များပေါ်တွင် မူတည်၍ မဆုံးဖြတ်သင့်ကြောင်း စီရင်ထုံးများရှိလေသည်။

ဆူဂျဒ်အာမက်ချောင်ဒရီနှင့် ဂန်ဂါချုရန်ဂိုရ်၊ ၉ ကလကတ္တားဥကလိန့တ်(စ) စာ ၄၆၀။

အီရွှချန်ဒါဆင် နှင့် ရှမာချန်အတိုး။ မိုး(စ) အိန္ဒိယအယူခံသမား အတွဲ ၁၁၊ စာ ၇။

အေ၊အက်(စ်)၊ပီ၊အက်၊ကေ၊အာ(ရ်)၊ကရှပန်ချစ်တီးယား နှင့် အေချို့ကလင်ဂျမ်ချစ်တီးယား။ ၁၉၄၉ ခုနှစ် မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၄၆ ၊ ၅၃ ကိုရည်ညွှန်းသည်။

အမှန်အားဖြင့်ဆိုလျှင်၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါပြဋ္ဌာန်းချက်များသည် ငါးရမ်းသူ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် ဖြစ်သည်၊ တရားခံတဦးတယောက်က မိမိသည် တရားလိုထံငှါးရမ်းသူမဟုတ်ကြောင်းနှင့် ငြင်းဆိုလျှင်၊ တရားရုံးက ထိုပုဒ်မဖြင့် တရားခံအား အကာအကွယ် ပေးနိုင်မည်မဟုတ်ပေ။ အမှန်အားဖြင့်ကား ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ တွင်ပြဋ္ဌာန်းသားသည်မှာ၊ အငှါးခံရသူသည်၊ ငှါးရမ်းသည့် သက်သမ်း ကုန်ဆုံးပြီးနောက်၊ ဆက်လက်နေထိုင်သည်ကို ငှါးရမ်းသူက ငှါးရမ်းခ ဆက်ခံ၍ ဆက်လက်၍သော်၎င်း အခြားနည်းဖြင့်သော်၎င်း၊ သဘောတူကြောင်း ပေါ်လွင်လျှင် ငှါးရမ်းသူနှင့် အငှါးခံရသူတို့သည်၊ ဆက်လက်ငှါးရမ်းရန် သဘောတူသည်ဟု ယူဆရမည်ဖြစ်ကြောင်းသာ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ငှါးရမ်းခြင်းသည် နှစ်ဦးသဘောတူ ပဋိညာဉ်ပြုလုပ်သော ကိစ္စရပ်ဖြစ်သည်။

မောင်အေးဗေ နှင့် ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့ ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်က စာ ၂၂ ကိုရည်ညွှန်းသည်။

၁၉၆၃
ကျေ၊ စီ၊ ဒတ်(စ်)
နှင့်
ဦးမောင်ကြီး
ပါ ၅။

ယင်းသို့ဖြစ်ရာ၊ အယူခံတရားလိုများသည် အခင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း အဆိုပြုသည်ကို အယူခံတရားခံများ မငြင်းကွယ်သဖြင့် အယူခံတရားလိုများ မြေလက်ရောင်း ရရန်အတွက် ဒီကရီ ချမှတ်နိုင်ပေမည်။

အဗ္ဗဒုဂနီ နှင့် မူစမတ်ဘတ်အနီ။ အိန္ဒိယစီရင်ထုံးများ၊ အာလဟာဘတ်အတွဲ ၂၅ စာ ၂၅၆ ကို ရည်ညွှန်းသည်။

ထို့ကြောင့် အောက်ရုံး၏ အမိန့်ကိုပယ်ဖျက်လိုက်သည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာဦးဘဟန်။

အယူခံတရားခံများအတွက်။ ။ဦးစိန်ဟုတ်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအမှုပါ စစ်ဘေးမြို့ရှိ မြေနှစ်ကွက်ကို အယူခံတရားလိုများပိုင်ကြောင်း အယူခံ တရားခံများ ငန်ခံကြ၏။ ထိုမြေများကို အယူခံတရားလိုများထံမှ ပဌမအယူခံ တရားခံ ဦးမောင်ကြီး ၁၉၄၇ ခုနှစ်၊ မတိုင်မီက ငှါးပြီး မြေပေါ်တွင် ဆန်စက်တည်ခဲ့ရာမှ ၁၉၄၇ ခုနှစ်တွင် ထိုမြေကို မှတ်ပုံတင်စာချုပ်ဖြင့် တနှစ်လျှင် ငှါးရမ်းခငွေ ၂,၀၀၀ နှင့် ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သုံးနှစ်တိတိ ငှါးရမ်းခဲ့၏။ သုံးနှစ်ကာလအပိုင်းအခြား ကုန်ဆုံးသည့်အခါ ဦးမောင်ကြီးသည် ထိုမြေကို ပြန်လည်မပေးအပ်ဘဲ ဆက်လက် စက်လည်သဖြင့် ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့၌ အယူခံတရားလိုများက ၎င်းအပေါ် နှင်ထုတ်သိမ်းယူ တရားစွဲကြသည်။ ဦးမောင်ကြီးက အခင်းဖြစ်မြေကို ပိုင်ခွင့် တရားလိုများထံမှ သုံးနှစ်ငှါးရမ်းခဲ့ခြင်း ဝန်ခံ၏။ သို့သော် ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထိုမြေကို မိမိတို့ မိသားစု ဦးမောင်ကြီး အင်ကုမ္ပဏီ အမည်ဖြင့် ဖွဲ့စည်းသောအစုစပ်သို့ ဆန်စက်လုပ်ငန်း လုပ်ကိုင်ရန်အတွက် ပေးအပ်သိုက်သဖြင့် ထိုနေ့မှစ၍ ထိုမြေကို မိမိသက်လွတ်ခဲ့ကြောင်း။ သုံးနှစ်အငှါးစာချုပ် သက်တမ်းကုန်ဆုံးပြီးနောက်၊ ထိုမြေကို ငှါးရမ်းခြင်း မပြုတော့ကြောင်း။ ထို့ကြောင့် အယူခံ တရားလိုများသည် ထိုစာချုပ်သက်တမ်းကုန်ဆုံးပြီးနောက်အတွင်း၌ ငှါးရမ်းခ တောင်းဆိုခြင်း မပြုနိုင်။ မြေကိုလက်ရှိထား၍ အသုံးပြုသည့်အတွက် လျော်ကြေးငွေကိုသာသျှင် ကုမ္ပဏီမှ တောင်းဆိုနိုင်တော့ကြောင်းနှင့် ချေပ၏။ တရားလိုများ၏ အဆိုလွှာတွင် ဖေါ်ပြသည့်ငွေ ၇,၁၁၁ ကို မိမိပေးရကြောင်း ဦးမောင်ကြီး ဝန်ခံ၏။ သို့သော် ယင်းသို့ပေးသည်မှာ မြေခအဖြစ် ပေးသည်မဟုတ်၊ မြေကို ဦးမောင်ကြီး အင်ကုမ္ပဏီ လက်ရှိထား၍ အသုံးပြုခဲ့သဖြင့် ထိုကုမ္ပဏီအတွက် လျော်ကြေးငွေ ပေးခြင်းမျှသာ ဖြစ်ကြောင်းနှင့် ဆက်လက်ချေပ၏။

ထိုသို့ ဦးမောင်ကြီးချေလွှာ တင်သွင်းပြီးနောက်၊ အယူခံ တရားလိုတို့သည် ခရိုင်တရားမရုံး၏ အခွင့်အမိန့်နှင့် အဆိုလွှာကိုပြင်၍ ဒုတိယ အဆိုလွှာကို တင်သွင်း၏။

ထိုအဆိုလွှာတွင် မူလအဆိုလွှာပါ အရေးကြီးသည့် အချက်အားလုံးကို ဖော်ပြပြီး၊ ဦးမောင်ကြီးနှင့် အစုစပ် လုပ်ငန်း လုပ်ကိုင်သည် ဆိုသူများကို တရားခံများအဖြစ် ထည့်သွင်းစွဲဆို၍ ဦးမောင်ကြီးနှင့်တကွ အစုဝင်အားလုံး အခင်းဖြစ်မြေမှ ထွက်ခွါ ဖယ်ရှားစေရန်နှင့် ၎င်းတို့အားလုံးက ငွေ ၁၂,၀၉၄ ကျပ် ၃၉ ပြားကို ငှါးရမ်းခ အနေဖြင့်ဖြစ်စေ၊ မြေကိုလက်ရှိထား၍ အသုံးပြုသည့်အတွက် လျော်ကြေးငွေ အနေဖြင့်ဖြစ်စေ၊ သုံးနှစ်အငှါးစာချုပ်ပါ စည်းကမ်းများကို ချိုးဖောက်ခဲ့သဖြင့် နစ်နာသည့် အကွက် လျော်ကြေးငွေ အနေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုသက်သာခွင့် အရာရာကို စုပေါင်းတောင်းဆိုသည့် အနေဖြင့်ဖြစ်စေ ပေးဆောင်စေရန် စွဲဆိုလေသည်။ ဦးမောင်ကြီးနှင့် အခြား အယူခံတရားခံများသည် ယခင်က ဦးမောင်ကြီး ချေပခဲ့သည့် အတိုင်းပင် အရေးကြီးသော အချက်များနှင့် စပ်လျဉ်း၍ ချေပကြ၍ အခင်းဖြစ်မြေကို ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဦးမောင်ကြီးက အခြားတရားခံများ အားသက်ရှိထားခွင့် ပြုခဲ့ကြောင်း ဖော်ပြလေသည်။ ခရိုင်တရားမရုံးသည် ကောက်ချက် မြောက်မြားစွာဆုတ်ပြီး အဖြေပေး၍၊ သုံးနှစ်စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် ဦးမောင်ကြီးသည် မြေငှါးခ မပြကျန်ငွေအနက် ငွေ ၇,၀၀၀ ပေးသဖြင့် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၆ အရဖြင့် ထိုငှါးမြေကို ဆက်လက်ခံယူသူ ဖြစ်ရာ၊ ထိုအက်ဥပဒေ ပုဒ်မ ၁၀၆ အရ၊ ခြောက်လနို့တစ်စာ မပေးသဖြင့် နှင်ထုတ်လို့မှုကို မစွဲနိုင် ဟုပယ်သိုက်ပြီး တရားလိုများ တောင်းဆိုသည့် ငွေနှင့်ပတ်သက်၍ ဦးမောင်ကြီးနှင့် အခြား တရားခံများက ငွေ ၆,၀၀၀ ပေးစေရန်နှင့် ထိုငွေပေါ်တွင် ဦးမောင်ကြီးက အတိုးငွေ ၂,၄၀၀ ထပ်လောင်းပေးစေရန် အမိန့်ဒီကရီ ချမှတ်လိုက်သည်။

အယူခံ တရားလိုများဘက်ကလည်း အယူခံ တရားခံများအား မြေမှနှင်ထုတ်စေရန်နှင့် တောင်းဆိုသည့်အတိုင်း ငွေ ၁၂,၀၉၄ ကျပ် ၃၉ ပြားရရှိရန် အယူခံဝင်၍ အယူခံ တရားခံဘက်ကသည်း မူလအဆိုလွှာအရ၊ နယ်ပိုင်တရားမရုံး၌ ဤအမှုကို စွဲဆိုရမည် ဖြစ်ကြောင်းနှင့် မိမိတို့ကန့်ကွက်သည့်အခါ အယူခံ တရားလိုများသည် ပြင်ဆင်သည့် အဆိုလွှာကို မတင်သွင်းထိုက်ဘဲ တင်သွင်းခဲ့သည်ကို ခရိုင်တရားမရုံးမှားယွင်း လက်ခံခဲ့ကြောင်း။ ထိုရုံးက မိမိတို့အား ငွေ ၆,၀၀၀ ပေးစေရန်နှင့် ဦးမောင်ကြီး တဦးတည်းက အတိုးငွေ ၂,၄၀၀ ထပ်လောင်းပေးစေရန် အမိန့်ချမှတ်သည်မှာလည်း မှားယွင်းကြောင်းနှင့် တန်ပြန်ကန့်ကွက်လွှာ တင်သွင်းလေသည်။

ထိုအချက်များကို ဝေဘန် ဆုံးဖြတ်ခြင်းမပြုမီ ဖော်ပြလိုသည်မှာ ပြင်ဆင်သည့် အဆိုလွှာအရ၊ အယူခံတရားလိုများသည် ဦးမောင်ကြီးမှအပ ဖြစ်သော အယူခံ တရားခံများအားလည်း မိမိတို့ပိုင်မြေမှ ထွက်ခွါစေလိုမှုတရားစွဲဆိုသော်လည်း၊ ထို

၁၉၆၃ ကျေ၊ စီ၊ ၁၈၈(စ်) နှင့် ဦးမောင်ကြီး ပါ ၅။

၁၉၆၃
ဂျူ၊ စီ၊ ဒတ်(စ်) နှင့် ဦးမောင်ကြီး ပါ ၅။

စွဲဆိုချက်နှင့် ပတ်သက်၍ အဆိုလွှာအပေါ်တွင်ငင်း၊ အယူခံလွှာ ပေါ်တွင်ငင်း ရုံးခွန်တော် မဆောင်ခဲ့သဖြင့် ရုံးခွန်တော် အက်ဥပဒေ ပုဒ်မ ၂၀ အရ၊ လိုအပ်သော ရုံးခွန်တော်ကို ဤရုံးက ထမ်းဆောင်စေခဲ့သည့်အတိုင်း အယူခံ တရားလိုများ ထမ်းဆောင်ခဲ့ပြီးဖြစ်ရာ၊ ထိုစွဲဆိုချက်နှင့် ပတ်သက်၍ စဉ်းစားဆုံးဖြတ်နိုင်ပြီဖြစ်သည်။ **ဗလမ်အာလ် အမ်မာလ်** နှင့် **ဒိုင်သီလင် ဂန်မူဒါးလီးယား** အမှု (၁) ကိုကြည့်ပါ။

အယူခံ တရားလိုတို့မူလ အဆိုလွှာဖြင့် စွဲဆိုသောအမှုကို ခရိုင်တရားမရုံး စီရင်ပိုင်ခွင့်မရှိဆိုသော စောဒနာချက်နှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ကိုမ ဥပဒေ ပုဒ်မ ၁၅ အရ၊ အမှုတိုင်းကို ကြားနာစစ်ဆေးပိုင်ခွင့်ရှိသည့် အနိမ့်ဆုံးရုံး၌ စွဲဆိုရမည်ဟု ပြဋ္ဌာန်း ထားသည်ကားမှန်၏။ သို့သော် ထိုပြဋ္ဌာန်းချက် ရည်ရွယ်ရင်းမှာ အထက်ရုံးများ၌ အမှုသေးအဖဲ့များနှင့် ပြည့်နှက်နေမည်ကို စိုးရိမ်၍ဖြစ်သည်။ အထက်ရုံးသည် အောက်ရုံးထက် တရားစီရင်ရေး အာဏာစက် ကျယ်ပြန့်သည်ဖြစ်ရာ၊ သာမန်အားဖြင့် ဆိုလျှင် အောက်ရုံး၌ စွဲဆိုနိုင်သော အမှုကို အထက်ရုံး၌လည်း စွဲဆိုနိုင်ပေမည်၊ အဆိုလွှာကို ပြင်ခွင့်မပေးသင့်ဟူသော အချက်ကိုလည်း လက်ခံရန် အကြောင်းမမြင်ချေ။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဒုတိယ အဆိုလွှာတွင်ပါရှိသည့် အရေးကြီးသော အချက်များသည် မူလအဆိုလွှာတွင် ပါရှိသည့် အချက်များအတိုင်းပင်ဖြစ်သည်။ တရားခံများ ဖြည့်သွင်းခြင်းနှင့် ငွေရရှိရန် တောင်းဆိုခြင်းသာလျှင် ပိုမိုလာလေသည်။

ဤအမှု မရှုပ်ထွေးတန်ဘဲလျက် ရှုပ်ထွေးရသည်မှာ အယူခံ တရားလိုများသည်၊ မိမိတို့ ရရှိထိုက်သည့် အခွင့်အရေးကို ရှင်းလင်းတိကျစွာ နားမလည်သောကြောင့် ဖြစ်သည်။ အဆိုလွှာများတွင် သုံးနှစ်စာချုပ် သက်တမ်း ကုန်ဆုံးပြီးနောက်၊ ဦးမောင်ကြီးသည် အခင်းဖြစ်မြေကို "**tenant at will**" အဖြစ် လက်ဝှိထားခဲ့သည်ဟုဆို၏။ ပါရုပ္ပမူလပြုသော ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေကျမ်း စတုတ္ထမြောက် ထုတ်တွင် ထိုအက်ဥပဒေ ပုဒ်မ ၁၀၈ ကိုဝေဖန်ရာ၌ "**The section has no application to a tenancy at will, for a tenancy at will is not a lease as defined in the Act**" ဟု ဖော်ပြထားလေသည်။ ထိုကျမ်းစာမျက်နှာ ၅၉၉ ၌လည်း "**A tenancy at will is determinable at the will either of the landlord or of the tenant**" ဟု ဆိုပြန်လေသည်။ ယင်းသို့ဖြစ်ရာ၊ အယူခံတရားလိုများသည် မိမိတို့ အဆိုလွှာများ၌ ဦးမောင်ကြီးသည် သုံးနှစ်စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက်၊ ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေအရ မြေငှါးများအဖြစ် နေထိုင်သည်ဟု ဝန်ခံရာမရောက်ဟု ယူဆရပေမည်။ ထိုသို့နေထိုင်သည်ဆိုသည့် ကာလအပိုင်းအခြားအတွက် စုစုပေါင်းငွေ ၇,၀၀၀ ရခဲ့သည် ဆိုရာ၌

(၁) ၁၉၀၂ ခုနှစ်၊ အိန္ဒိယစီရင်ထုံးများ မဒရပ်၊ အတွဲ ၂၅၊ စာ ၃၈၀။

၁၉၆၃

လည်း၊ ထိုသို့ရရှိသည်မှာ **"on account of arrears of rent for use and occupation of the aforesaid land"** ရသည်ဟု ဆိုထားပြန်ရာ ထိုစကားရပ်မှာ၊ တရားဥပဒေအသိအမှတ်ပြုသော စကားရပ်မျိုးမဟုတ်တန်ရာ၊ ငှါးရမ်းခသော်လည်း ဖြစ်နိုင်သည်။ မတရားလက်ရှိထား၍ အသုံးပြုသဖြင့်ပေးရမည့် လျော်ကြေးသော်လည်း ဖြစ်နိုင်သည်။ မတရားလက်ရှိထား၍အသုံးပြုသဖြင့် ငှါးရမ်းခမဟုတ်ဆိုနိုင်ပေ။ ထို့ပြင် လည်း ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ ဘဏ္ဍာရေးနှင့် အခွန်တော်အမိန့် ကြော်ငြာစာအမှတ် ၃၀၁ အရ၊ ဆန်စက်များနှင့် ၎င်းတို့နှင့်သက်ဆိုင်ရာအရပ်ရပ်ကို (ဆန်စက်တည်ရာမြေသည်း အပါအဝင် ဖြစ်ရမည်) ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့် ပြုထားသည်ကို သတိမမူမိသဖြင့် အယူခံ တရားလိုများသည် တရားမစွဲမီ ထိုအက်ဥပဒေ ပုဒ်မ ၁၁ (၁)၊ (က)နှင့် ကိုက်ညီစေရန် အသို့ငှါ၊ ဦးမောင်ကြီးထံသို့ ငှါးရမ်းခ မပြေကျန်ငွေ တောင်းဆိုပြန်သေး၏။ ယင်းအမှားမှား အယွင်းယွင်း ပြုလုပ်ခဲ့သဖြင့် အဆိုလွှာများသည် မှင်းလင်းတိကျ သင့်သလောက် ရှင်းလင်းတိကျခြင်း မရှိချေ။ သို့သော် အဆိုလွှာများကို သတ္ထုခ္ဆုကြည့်လျှင် သုံးနှစ်စာချုပ် သတ်တန်းကုန်ဆုံးပြီးနောက် ဦးမောင်ကြီးသည် အခင်းဖြစ်မြေကို မြေငှါးအဖြစ် ဆက်လက်အသုံးပြုကြောင်း ဆိုလိုသည်ဟု မယူဆသင့်ပေ။ အခြားအယူခံတရားခံများနှင့် စပ်လျဉ်း၍မူကား၊ ၎င်းတို့သည် အခင်းဖြစ်မြေပေါ်သို့ ကျူးကျော်သူများသာ ဖြစ်ကြောင်း ပြင်ဆင်သည့် အဆိုလွှာတွင် အတိအလင်းဖော်ပြလေသည်။ အယူခံ တရားခံများကလည်း သုံးနှစ် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက်၊ အခင်းဖြစ်မြေကို မငှါးရမ်းတော့ကြောင်း။ သို့ဖြစ်၍ ဦးမောင်ကြီးငွေ ၇,၀၀၀ ပေးသည်မှာ ငှါးရမ်းခမဟုတ်၊ လျော်ကြေးငွေသာ ဖြစ်ကြောင်း။ ထို့ပြင် ဦးမောင်ကြီးကလည်း ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ မိမိအခင်းဖြစ်မြေကို လက်ရှိမထားတော့ဘဲ ဦးမောင်ကြီးအင် ကုမ္ပဏီသို့ ပေးအပ်လိုက်ကြောင်း။ ငွေ ၇,၀၀၀ ပေးသည်မှာလည်း မိမိကိုယ်တိုင်အတွက်မဟုတ်၊ ဦးမောင်ကြီးအင် ကုမ္ပဏီအတွက် ပေးကြောင်း ဖော်ပြလေသည်။

ယင်းသည့် အခြေအနေတွင် ဦးမောင်ကြီးက သုံးနှစ်စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက်၊ အဆိုပါမြေကို အယူခံ ဟာရားလိုများထံမှ ငှါးရမ်းသူ မဟုတ်တော့ကြောင်းနှင့် အတိအလင်း ငြင်းဆိုသည်ဖြစ်ရာ၊ ဦးမောင်ကြီးသည် ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၁၆ တွင် အကျုံးဝင်သည့် ဆက်လက်ငှါးရမ်းသူ ဖြစ်သည်ဟု မယူဆနိုင်ပေ။ ယခုအမှုနှင့် အလားတူ သော **ဆူဂျဒ်အာမက် ချောင်ဒရီ** နှင့် **ဂဂါချရန်ဂိုရှ** အမှု (၂)တွင်၊ တရားလိုက တရားခံအား မြေတကွက်မှ ထွက်ခွါစေရန် တရားစွဲဆို

ဥပဒေ၊ စီး၊ ဒတ်(စ်) နှင့် ဦးမောင်ကြီး၊ ပါ ၅။

(၂) ၉ ကာလတ္တားဒီကလိနုတ်(စ) စာ ၄၆၀။

၁၉၆၃
ဂျေ၊ စီ၊
ဒတ်(စ်)
နှင့်
ဦးမောင်ကြီး
ပါ ၅ ။

သည်တွင် အဆို၊ အချေခ်ဳ မည်သည့်ဘက်ကမျ ထိုမြေကို ငှါးရမ်းခဲ့ကြောင်း မဆိုဘဲ လျက်၊ အောက်အယူခံရုံးက တရားခံအား ထွက်ခွါရန် လုံလောက်သော နို့တစ်စာ မပေးခဲ့ဟု ယူဆ၍ အမှုကိုပလပ်လိုက်ရာ တရားလွှတ်တော်က အောက်ပါအတိုင်း အဆုံးအဖြတ်ပြု၏။

> "The suit ought to have been decreed. The Lower Appellate Court could not make for the Defendant a case which was different from and inconsistent with that set up by him."

ယခုအမှုတွင်လည်း ဦးမောင်ကြီးက မိမိသည် အဆင်းဖြစ်မြေကို ဦးမောင်ကြီးအင်ကူမွကီသို့ ပေးအပ်ပြီး စွန့်လွှတ်ခဲ့ကြောင်း၊ စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက်၊ အယူခံတရားလိုတို့ထံမှ ငှါးရမ်းသူ မဟုတ်တော့ကြောင်းဖြင့် ခေျလွှာမျှားတွင် ခေျပခဲ့သည်ဖြစ်ရာကား၊ ခရိုင်တရားမရုံးက ဦးမောင်ကြီးသည် ငှါးရမ်းသူအဖြစ် တည်ရှိနေသေးသည်ဟူ၍ မဆုံးဖြတ်နိုင်ပေ။ **အီရှင်ချန်ဒါဆင်** နှင့် **ရှမာချန်အုတိုး** အမှု(၃) ၌၊ ပရီဗီကောင်စီက အောက်ပါအတိုင်း မြွက်ကြားခဲ့၏။

> "The determination in a cause should be founded upon a case either to be found in the pleadings or involved in or consistent with the case thereby made."

ထိုနည်းတူပင် **အေ၊ အက်(စ်)၊ ပီ၊ အက်(စ်)၊ ကေ၊ အာ(ရ်) ကရုပန်၊ ချစ်တီးယား၊** နှင့် **အေချိုကာလင်ဂမ်ချစ်တီးယား၊** အမှု (၄)တွင်၊ တရားလွှတ်တော်ချုပ်က အောက်ပါအတုိင်း မြွက်ဆိုခဲ့၏။

> "We agree that a party should be allowed to win or loss only on a case as set out in his pleadings. It is not the function of a trial or an Appellate Court to make out a case different from the one as set out by a party in his pleadings and decide the suit thereon."

(အမှန်အားဖြင့်ဆိုလျှင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၆ ပါပြဋ္ဌာန်းချက်များသည် ငှါးရမ်းသူ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက်ဖြစ်သည်။ တရားခံတဦးတယောက်က မိမိသည် တရားလိုထံမှ ငှါးရမ်းသူမဟုတ်ကြောင်းနှင့် ငြင်းဆိုလျှင် တရားရုံးက ထိုပုဒ်မဖြင့် တရားခံအား အကာအကွယ်ပေးနိုင်မည် မဟုတ်ပေ။ အမှန်အားဖြင့်ကား ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၆ တွင် ပြဋ္ဌာန်းထားသည်မှာ အငှါးခံယူသူသည် ငှါးရမ်းသည့်သက်ဘမ်း ကုန်ဆုံးပြီးနောက်၊ ဆက်လက်နေထိုင်သည်

(၃) မိုး(စ) အိန္ဒိယအယူခံမျှား အတွဲ ၁၁၊ စာ ၇။

(၄) ၁၉၄၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးမျှား၊ တရားလွှတ်တော်ချုပ် စာ ၄၆၊ ၅၃။

ကို အဌါးချထားသူက ဌါးချမ်းခ လက်ခံ၍သော်ငုံး၊ အခြားနည်းဖြင့်သော်ငုံး အဘောဘူကြောင်း ပေါ်လွင်လျှင် အဌါးချထားသူနှင့် အဌါးခံယူသူတို့သည် ဆက်လက်ဌါးရမ်းရန် သဘောတူသည်ဟု ယူဆရမည်ဖြစ်ကြောင်းသာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဌါးရမ်းခြင်းသည် နှစ်ဦးသဘောတူ ပဋိညာဉ်ပြုလုပ်သော ကိစ္စတရပ်ဖြစ်သည်။) **မောင်အေးဖေ** နှင့် **ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့**အမှု (၅)ကို ကြည့်ပါ။ (ယင်းသို့ဖြစ်ရာ၊ အယူခံတရားလိုများသည် အခင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း အဆိုပြုသည်ကို အယူခံတရားခံများ မငြင်းကွယ်သဖြင့် အယူခံတရားလိုများ မြေလက်ပျောက်ရရန်အတွက် ဒီကရီချမှတ်နိုင်ပေမည်)။ **အမ္ဘဒ္ဒဂနီ** နှင့် **မူစမတ်ဘတ်အနီ** အမှု (၆) နှင့် **ဘဒ္ဒလမက္ခန်း** နှင့် **ဒါလူးအမှု** (၇) တို့ကိုကြည့်ပါ။

၁၉၆၃
ဂျေ၊ စီ၊ ဒတ်(စ်) နှင့် ဦးမောင်ကြီး ပါ၅။

အယူခံတရားလိုများ တောင်းဆိုသော ငွေနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ပညာရှိ ရှေ့နေကြီးက သုံးနှစ်အဌါးစာချုပ်မှာ မှတ်ပုံတင်စာချုပ် ဖြစ်သဖြင့် ၎င်းတို့သည် ခြောက်နှစ်အတွက် ငွေရနိုင်ကြောင်းနှင့် လျှောက်လဲ၏။ သို့သော် ထိုစာချုပ်အရ၊ ကျသင့်သော ဌါးရမ်းခကို စာချုပ်နှစ် မကုန်ဆုံးမီကပင် ပေးပြီးဖြစ်သည်။ ယခု ပေးဆောင်ရမည့်ငွေမှာ ၁၉၅၀ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ သတ်မှတ်ရမည် ဖြစ်သော လျော်ကြေးငွေဖြစ်သည်။ ထိုလျော်ကြေးငွေမှာ အဆိုပါ မှတ်ပုံတင်စာချုပ် အရ၊ တောင်းဆိုနိုင်မည်မဟုတ်၊ လက်ရှိထားသဖြင့်သာ တောင်းဆိုနိုင်ပေမည်။ ဤဖြစ်၍တရားမစွဲမီ သုံးနှစ်အတွက်သာ လျော်ကြေးငွေ ရနိုင်ပေမည်။ လျော်ကြေးငွေ သတ်မှတ်ရာ၌လည်း ယခင်က ဌါးရမ်းခဲ့သည့် နှုန်းထားအတိုင်း ဖြစ်သင့်ပေသည်။ ဦးမောင်ကြီးက မိမိသည် အခင်းဖြစ်မြေကို ဦးမောင်ကြီးအင် ကုမ္ပဏီသို့ ပေးအပ်လိုက်သည် ဆိုသော်ငြားလည်း ၎င်းကိုယ်တိုင်ပင် ထိုကုမ္ပဏီတွင် အစုဝင်တဦးအနေဖြင့် ဆန့်စက်လုပ်ငန်း လုပ်ကိုင်ကြောင်း။ မိမိပိုင်စက်လည်း ထိုမြေပေါ်တွင် တည်ရှိကြောင်း ပေါ်လွင်၏။ ကျန်တရားခံများကလည်း ၎င်းတို့ချေလွှာတွင် တရားမစွဲမီ သုံးနှစ်အတွက် တရားလိုများ လျော်ကြေးတောင်ဆိုနိုင်ကြောင်း ဝန်ခံ၏။ တရားခံတရားလိုများ၏ ပညာရှိ ရှေ့နေကြီးက မှတ်ပုံတင်စာချုပ်ပါ စည်းကမ်းများကို ဦးမောင်ကြီး ချိုးဖောက်သည့်အတွက် ဌါးရမ်းခနှစ်ဆနှင့် တူညီသော လျော်ကြေးငွေ ပေးဆောင်ရမည်ဟု အရေးဆိုသည့် အချက်နှင့် စပ်လျဉ်း၍ ထိုပဋိညာဉ် ပျက်ကွက်သည်များ နောက်အကျဆုံး ၁၉၅၀ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့ကဖြစ်၍ ထိုစဉ်ကပင် တရားစွဲဆိုခွင့် ပေါ်ခဲ့ရာ

(၅) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ် စာ ၂၂။
(၆) အိန္ဒိယစီရင်ထုံးများ၊ အာလာဟာဘတ် အတွဲ ၂၅၊ စာ ၂၅၆။
(၇) အိန္ဒိယစီရင်ထုံးများ အာလာဟာဘတ် အတွဲ ၂၅၊ စာ ၄၉၀။

၁၉၆၃ ကျေး စီ၊ ဒတ်(စ်) နှင့် ဦးမောင်ကြီး ပါ ၅။

၁၉၅၅ ခုနှစ်တွင်တရားစွဲသည့်အခါ၌ ထိုတောင်းဆိုချက်မှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်လေပြီ။

ဌါးရမ်းခအပေါ် တောင်းဆိုသည့် အတိုးငွေနှင့် စပ်လျဉ်း၍လည်း သုံးနှစ်စာချုပ် အရ၊ ကျသင့်သော ဌါးရမ်းခ ပေးဆောင်ရန် ပျက်ကွက်မှုသာလျှင်အတိုးငွေ တောင်းဆို နိုင်သည်ဟု စာချုပ်တွင် ပြဋ္ဌာန်းထားရာ ထိုဌါးရမ်းခကို မပျက်မကွက် ပေးဆောင်ပြီး ဖြစ်သဖြင့် အတိုးငွေ မတောင်းဆိုနိုင်တော့ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ခရိုင်တရားမရုံး၏ အမိန့်ဒီကရီကို ပယ်ဖျက်ပြီး၊ အယူခံ တရားခံများသည် အခင်းဖြစ်မြေမှ ဤအမိန့်ဒီကရီ ချမှတ်သည့် နေ့မှ သုံးလအတွင်း ထွက်ခွါဖယ်ရှားစေရန်နှင့် အယူခံတရားလိုအား လျော်ကြေးငွေ ၆၀၀၀ ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

အမှုသည်များသည် ရုံးနှစ်ရုံး တရားစရိတ်ကို အနိုင်အရှုံးအလိုက် အချိုးကျ ကျခံစေရမည်။ အယူခံတရားလိုများ နဝေတိမ်တောင်ဖြစ်၍သာ ဤအမှုကျမှ ကြန့် ကြာရသည်။ အယူခံတရားခံများ၏ ချေပချက်များမှာ ရှင်းရှင်းလင်းလင်းရှိ၏။ တရားမ ကျင့်ထုံး ကိုဒဥပဒေ ပုဒ်မ ၃၅ (က) အရ၊ တရားလိုများအား တရားစရိတ် ပေးရန် စီရင်ခြင်းမျှ အကြောင်းမရှိချေ။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့မှောက်တွင်

ဒေါ်စောရွှင်ပါ ၅ (အယူခံတရားလိုများ)

နှင့်

ခွါကီးယာဘွတ်ပါ ၃၆ (အယူခံတရားခံများ)*

† ၁၉၆၃ စက်တင်ဘာလ ၂၀ ရက်။

သက်သေခံ ဥပဒေပုဒ်မ ၁၁၀ ပစ္စည်းလက်ရောက်ရှိသူ ပိုင်ရှင်မဟုတ်ကြောင်း တင်ပြရန်၊ စွတ်စွဲသူ အပေါ်၌ တာဝန်ရှိခြင်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၄၁ ပိုင်ရှင်ထင်ရသူထံမှ ပစ္စည်းဝယ်ခြင်းကိစ္စ—ဝယ်သူက စုံစမ်းမေးမြန်းရှင်းဝယ်ခြင်း ပိုင်ဆိုင်ခွင့်ရှိမရှိ။

အယူခံတရားလို ၁ သည်၊ အယူခံတရားလို ၂ မှ ၅ တို့အား အချင်းဖြစ်မြေကွက်ကို ၁၉၅၆ ခုနှစ်၊ ၌၊ ရောင်းခဲ့သူဖြစ်သည်။ အယူခံတရားလို ၁ သည် အချင်းဖြစ်မြေကွက်နှင့် မြေပေါ်ရှိအိမ်ကို ၁၉၄၈ ခုနှစ်၌ ခွါဆေးအင်း ဆိုသူထံမှ ၎င်းသည် ထိုပစ္စည်းတို့ကို တဦးတည်းပိုင်သည်ဟု ဆိုခဲ့ခြင်းကြောင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အယူခံတရားခံ ၁ နှင့် ကျန်အယူခံတရားခံ ၃၅ ဦးတို့သည် တရုပ်အမျိုးသားများဖြစ်ကြပြီး အဆိုပါမြေမှာ မိမိတို့၏ ဘုံအသင်းက ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြွက်ဟကျေညာစေရန်နှင့် မြေကို၊ လက်ရောက်ရရန် တရားစွဲလေသည်။ ၎င်းတို့၏အဆိုအရ၊ ၁၉၃၈ ခုနှစ်တွင် အယူခံတရားခံ ၁ အပါဝင် အဆိုပါ ခွါဆေးအင်းနှင့် အခြားသူ ၂ ဦး၊ ပေါင်း ၄ ဦးထူသည်၊ ထိုဘုံအသင်းလူကြီးများအဖြစ် ဘုံအသင်းအတွက် မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ခဲ့ကြောင်းဆိုသည်။ အဆိုပါ ခွါဆေးအင်းသည် မူလ အိမ်မီးလောင်ပြီးနေဒက် အချင်းဖြစ်မြေပေါ်တွင် တဲအိမ်ဆောက်လုပ်၍ နေထိုင်သူသာဖြစ်ကြောင်း၊ ပိုင်ဆိုင်သူမဟုတ်၍၊ ရောင်းရန်ပေါင်ရန် အခွင့်မရှိကြောင်းဆိုသည်။

အယူခံတရားလို ၁ က မိမိသည် ထိုမြေကို ဘုံအိမ်အသင်းပိုင်ကြောင်း လုံးဝမသိ သဘောရိုးဖြင့် စုံစမ်းမေးမြန်းခြင်း ပြုလုပ်၍ ကာလတန်ဘိုးပေးပြီး ဝယ်ယူကြောင်းချေပထည်။

မူလရုံးက အယူခံတရားခံများ စွဲဆိုသည့်အတိုင်း၊ အနိုင်ဒီကရီချမှတ်လိုက်သဖြင့် အယူခံတရားလိုများက တရားရုံးချုပ်သို့အယူခံဝင်ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေသည်၊ ခွါဆေးအင်း လက်ရှိဖြစ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒအတန်ကြာမြင့်ခဲ့ရာ၊ ၎င်းမပိုင်ကြောင်း ဘုံအိမ်အသင်းသာလျှင် ပိုင်ကြောင်း ထင်ရှားပြရန်တာဝန်မှာ သက်သေခံ ဥပဒေပုဒ်မ ၁၁၀ ၏ပြဋ္ဌာန်းချက်အရဆိုလျှင် အယူခံတရားခံများ၏ ကြီးလေးသော တာဝန်ဖြစ်လေသည်။ သို့ပင်ဖြစ်လင့်ကစား၊ အယူခံတရားခံများသည် မည်မည် ရရ သက်သေတင်

---

* ၁၉၆၂ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၁၉။

† ၁၉၅၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲပါ၊ ပဲခူးမြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃
ဒေါ်စောရွှင်
ပါ ၅
နှင့်
ခွါကီးယားဘွတ်
ပါ ၃၆။

ပြခြင်းမရှိ စင်စစ်အားဖြင့်ကား၊ ၎င်းတို့တင်ပြသော သက်သေခံချက်များသည်၊ တရားမဝင်သော သက်သေခံချက်များသာ ဖြစ်သည်။

ဘုံအသင်းအတွက် မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ခဲ့သည်ဆိုသော်လည်း၊ သက်သေခံပုဒ်မ ၉၁ အရ ထိုမှတ်ပုံတင်စာချုပ်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေပုဒ်မ ၆၃ အရ ခွင့်ပြုသည့် သက်သေခံချက်ကို၊ တင်ပြခြင်းမရှိ။ စာချုပ်ပြောက်ဆုံးသည်ဟု ပြောခဲ့၏။ ထိုစာချုပ် ပျောက်ဆုံးကြောင်း၊ သက်သေထင်ရှားပြနိုင်မှသာ သက်သေခံ အက်ဥပဒေပုဒ်မ ၆၃ အရ သက်သေတင်ပြခွင့်ရှိသည်။ သက်သေတင်ပြချက်မရှိသဖြင့်၊ အဆိုပါပုဒ်မအရ၊ သက်သေတင်ပြနိုင်ခွင့် မရှိဟု ဆုံးဖြတ်ရပေမည်။

အကယ်၍၊ ထိုပုဒ်မ ၆၃ အရသက်သေတင်ပြနိုင်သည် ဆိုဘိဦး၊ တင်ပြသော သက်သေခံချက်မှာ တရားဝင်သော သက်သေခံချက်မျိုး မဟုတ်။ သက်သေခံအက်ဥပဒေ ပုဒ်မ ၆၃(၅)အရဆိုလျှင်၊ စာချုပ်ကို ကိုယ်တိုင်ဘတ်ရှုသူက၊ မိမိဘတ်ရှုခဲ့သည်ကို မှတ်မိသရွေ့ နှုတ်ဖြင့် ပြန်ဆိုသက်သေခံရမည်ဖြစ်သည်။

မမိ နှင့် ကာလန်ဒါအမ်မာ၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၅၊ စာ ၁၈။ ကိုရည်ညွှန်းသည်။

ယခုအမှုတွင်ကား၊ ထိုသို့လည်းသက်သေ မခံနိုင်သည်ဖြစ်၍၊ ဘုံအသင်းအတွက် လူကြီး ၄ ဦး အနေဖြင့် ဝယ်ခဲ့ကြောင်း ဥပဒေအရ လိုအပ်သည့် ခိုင်လုံသော သက်သေ အထောက်အထားမရှိကြောင်း ငြင်းချက်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။

ထိုပြင်လည်း၊ အယူခံတရားလို ၁ သည်၎င်း၊ ကျန်အယူခံ တရားခံတို့သည်၎င်း၊ အချင်းမြေကို သဘောရိုးနှင့်၊ တန်ရာတန်ဘိုးပေးပြီး ဝယ်ယူခဲ့ကြောင်း ချေပချက်နှင့် စပ်လျဉ်း၍ ထောက်ခံသော သက်သေခံချက်များရှိသည်။ အယူခံတရားလို ၁ သည်၊ ခွါဆေးအင်းထံမှ ဝယ်ရာ၌၊ မြေရာဇဝင်အရဆိုလျှင်၊ ၎င်း၏အမည်ဖြင့် တည်ရှိကြောင်း ပေါ်လွင်သည်။ သက်ဆိုင်ရာ မြူနီစီပါယ်ရုံးမှ၊ အခွန်တော်စာရေးအားလည်း မေးမြန်း စုံစမ်းခဲ့သည်။ အခြားသူများအားလည်း စုံစမ်းစေခဲ့သည်။ တဖန်ကျန်အယူခံ တရားလိုများ၏ ကိုယ်စားလှယ်ကလည်း အယူခံတရားလို ၁ ထံမှ မဝယ်ယူမီ၊ လယ်ဝန်ရုံးမှ၊ တိုက်စာရေးအား သွားရောက်မေးမြန်းပြီး မြေရာဇဝင်အရ၊ အယူခံတရားလို ၁ ပိုင်ဆိုင်ကြောင်း သိခဲ့သည်။ ယင်းသို့ဖြစ်၍၊ ဤအခြေအနေတွင်၊ ပရိဗီကောင်စီက မျှမှတ်သောမူအရရင်း၊ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၄၁ တွင်ပါရှိသောမူအရရင်းတို့၊ ထိုသို့ဝယ်ယူခြင်းကို တကယ်ပိုင်ဆိုင်သည်ဆိုသူက ( )ပယ်ဖျက်ခြင်းမပြုနိုင်။

ရမ်ကူမ ဘကွန်ဒူး နှင့် မက်ကွင်း။ ဆောက်သာလမ်းအတွဲ ၁၈ ဝီကလီရိုပို်တာ၊ စာ ၁၆၆။

မောင်ကြိုင်နှင့် ပီ၊အယ် (လ်)၊တီ၊အေ၊အာ(ရ်)၊ချစ်တီးယားဖမ်း။ အိန္ဒိယစီရင်ထုံးများရန်ကုန်၊ အတွဲ ၆ စာ ၆၄၁။

ပီ၊အယ်(လ်)၊ တီ၊အေ၊အာ(ရ်) ချစ်တီးယားဖမ်းနှင့် မောင်ကြိုင်။အိန္ဒိယစီရင်ထုံးများ ရန်ကုန်၊ အတွဲ ၇၊ စာ ၂၇၆ တို့ကိုရည်ညွှန်းသည်။

ထို့ကြောင့် အမိန့်ဒီကရီကို မယ်ဖျက်လိုက်သည်။

အယူခံတရားလိုများအတွက်။ ။ဦးမွန်စံလှိုင်။

အယူခံတရားခံများအတွက်။ ။ဦးထွန်းမောင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် သက်သေခံ စာချုပ်စာတမ်းများနှင့် နှစ်ဦးနှစ်ဘက် အပြင်းမပွါးသော သက်ဒေ ခံချက်များအရ ပေါ်လွင်သည်မှာ၊ ပဲခူးမြို့ စျေးကြီးအနီး၊ ၁၈ လမ်းရှိ အခင်းဖြစ် အိမ်ရာမြေပေါ်တွင် ဂျပန်များ မြန်မာပြည်တွင်း သို့ ချဉ်းနင်းဝင်ရောက်ခြင်း မပြုမီက အိမ်တဆောင် တည်ရှိခဲ့ရာ၊ ထိုအိမ်သည် ဂျပန်ခေတ်တွင် မီးသင့်လောင်ကျွမ်းခဲ့၏။ စစ်ပြီး၍ မဟာမိတ်တပ်များ ပြန်လည် ဝင်ရောက်သည့်အခါ၊ ခွါဆေးအင်း (ခ) ဦးရွှေရင်သည်၊ ပဲခူးမြို့နှစ်စီပါယ် ကော်မိတီ၏ အခွင့်အမိန့်နှင့် ထိုမြေပေါ်၌ တဲအိမ်ဆောက်လုပ်နေထိုင်၏။ ထိုသို့ နေစဉ်အတွင်း ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့၌ ခွါဆေးအင်းသည် ထိုမြေနှင့်အိမ်ကို မိမိတဦးတည်းပိုင် ပစ္စည်းဆိုကာ ဒေါ်စောရွှင်သို့ မှတ်ပုံတင်စာချုပ်ဖြင့် အာဘိုးငွေ ၂,၅၀၀ နှင့် ရောင်းချလိုက်၏။ ထိုနေ့မှာပင်ငင်းတို့နှစ်ဦးသည် ထိုပစ္စည်းကို ၆ လအတွင်း ရောင်းသူက ပြန်ဝယ်နိုင်ခွင့်ရှိကြောင်း သဘောတူ စာချုပ်ချုပ်ဆိုကြ၏။ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ ကျရောက်ကာလ၊ ဒေါ်စောရွှင်သည် ထိုမြေကို (အိမ်မပါ) မှတ်ပုံတင်စာချုပ်ဖြင့် မောင်ကြည်ဟိုး၊ မခင်ကြည်နှင့်မခင်လှမြင့်တို့အား ငွေ ၁၀,၀၀၀ နှင့် အပြီးအပိုင် ရောင်းချလိုက်၏။ ထို့နောက် အယူခံတရားခံ ခွါကီးယာဘွတ့် အပါအဝင် တရုပ်အမျိုးသား ၃၅ ဦးတို့သည် အဆိုပါမြေမှာ မိမိတို့၏ဘုံအသင်း ဖြစ်သော ချေယောင်တောင် အသင်းပိုင်ဖြစ်ကြောင်း မြွက်ဟကျေညာစေခန်နှင့် မြေကို လက်ရောက်ရရန် တရားစွဲလေသည်။ မူလရုံးက စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်လိုက်သဖြင့်၊ ဒေါ်စောရွှင်နှင့် ၎င်းထံမှ ဝယ်ယူသူများတို့သည် မြေပေါ်ရှိအိမ်ကို ပိုင်ဆိုင်သူ တော်ခင်ချုံနှင့်အတူ ယခုအယူခံဝင်ကြခြင်းဖြစ်သည်။

အဆိုပါအိမ်ကို စစ်ပြီးခေတ်တွင် ခွါဆေးအင်း အခင်းဖြစ်မြေပေါ်တွင် ဆောက်သော တဲအိမ်ကို ဖျက်ပြီးမှ တော်ခင်ချုံ ဆောက်ဟန်တူသည်။ ယင်းအိမ်သည် ဤအမှုပါ ပစ္စည်းမဟုတ်ကြောင်း၊ မြေယာကွက်နှင့်သာလျှင် ယခုအခင်းဖြစ်ကြောင်း နှစ်ဦးနှစ်ဘက် သဘောတူညီကြ၏။

ခွါကီးယာဘွတ်တို့၏ အဆိုမှာ၊ ၁၉၂၅ ခုနှစ်တွင် ပဲခူးမြို့၌၎င်း၊ပဲခူးမြို့အနီးတဝိုက်၌၎င်း နေထိုင်ကြသော ခွါမျိုးဖြစ်သည့် တရုပ်အမျိုးသားများ ၃၀ ခန့်သည်၊ ချေယောင်တောင် ဘုံအိမ်အသင်းကို စတင်တည်ထောင်ကြသည်။ ထိုအသင်းမှာ ထိုဒေသ၌ မိုဘင်းနေထိုင်ကြသော ခွါမျိုးဖြစ်သော တရုပ်အမျိုးသားတိုင်း မဝင်မနေရ အသင်းမဟုတ်။ မိမိတို့သဘောအတိုင်း အသင်းဝင်လိုသူမှ ဝင်ကြသည်။ အသင်း၏ ရည်ရွယ်ချက်မှာ အခြားသော တရုပ်ဘုံအသင်းများ၏ ရည်ရွယ်ချက်နည်းတူ၊ အသင်းဝင်တို့၏ သာရေး၊ နာရေး စသည်တို့၌ တဦးနှင့်တဦး ကူညီစောင့်မရှောက် ဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် ခွါကီးယာဘွတ်၊ ချန်ဘွန်လျောင်၊ ခွါဆေးအင်း

၁၉၆၃
ဒေါ်စောရွှင်
ပါ ၅
နှင့်
ခွါကီးယာဘွတ်
ပါ ၃၆။

၁၉၆၃
ဒေါ်စောရွှင်
ပါ ၅
နှင့်
ခွါကီးယာဘွတ်
ပါ ခု၆။

နှင့် ကွာဆင်တင် (ယခုကွယ်လွန်သူ) တို့သည်၊ ဘုံအိမ်အသင်း လူကြီးများအဖြစ် အခင်းဖြစ် မြေနှင့် ထိုစဉ်က မြေပေါ်ရှိအိမ်ကို အသင်းသားတဦးဖြစ်သူ ခွါဘွန်တိတ်နှင့် ၈နိုး မစိန်ခင်တို့ထံမှ အဘို့ငွေ ၁,၅၀၀ နှင့် မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့သည်ဆို၏။ ထိုအိမ် မီးလောင်ပြီးနောက်၊ ခွါဆေးအင်းသည် ထိုမြေပေါ်၌ တဲအိမ်ဆောက်လုပ် နေထိုင်ပြီး၊ ၁၉၄၈ ခုနှစ်တွင် မြေနှင့်အိမ်ကို ဒေါ်စောရွှင်သို့ ပေါင်ကြောင်း၊ ဒေါ်စော ရွှင်က တဖန် မောင်ကြည်ဟိုး-မခင်ကြည်နှင့် မခင်လှမြင့်တို့အား မြေကို ရောင်းချလိုက် ကြောင်း၊ ခွါကီးယာဘွတ်တို့ အဆိုပြု၍၊ ယင်းသို့ ခွါဆေးအင်း ပေါင်နှံသည်မှာ အခွင့်အာဏာမရှိဘဲ ပေါင်နှံသဖြင့် တရားမဝင်ကြောင်းဖြင့် အထက်ပါအတိုင်း တရား စွဲဆို၏။ ဒေါ်စောရွှင်က အခင်းဖြစ်မြေမှာ ခွါဆေးအင်းပိုင်သဖြင့် မိမိ ၎ ဘို့ငွေ ၂,၅၀၀ နှင့် ဝယ်ယူခဲ့ကြောင်းဖြင့် ချေပ၏။ မောင်ကြည်ဟိုးတို့ကလည်း မိမိတို့သည်၊ အခင်းဖြစ်မြေကို ချေယောင်တောင် ဘုံအိမ်အသင်းပိုင်ကြောင်း လုံးဝမသိ၊ သဘော ရိုးဖြင့် ထိုမြေကို ကာလတန်ဘိုးပေးပြီး ဝယ်ယူခဲ့ကြောင်းနှင့် ချေပကြ၏။

အသက်၌ ဒေါ်ပြခဲ့သည့်အတိုင်း အခင်းဖြစ် မြေကွက်သည် ခွါဆေးအင်း လက်ရှိ ဖြစ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ အတန်ပင် ကြာမြင့်ခဲ့သည်ဖြစ်၍၊ ထိုမြေကို ခွါဆေးအင်း မပိုင်ကြောင်း မိမိတို့၏ ဘုံအိမ်အသင်းသာလျှင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှား ပြရန် တာဝန်မှာ ဘုံအိမ်အသင်းသားများ၏ ကြီးလေးသောတာဝန်ဖြစ်ပေသည်။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၀ အရမှာ အောက်ပါအတိုင်းဖြစ်သည်။

> **" 110. When the question is whether any person is owner of anything of which he is shown to be in possession, the burden of proving that he is not the owner is on the person who affirms that he is not the owner."**

ခွါဆေးအင်းသည် နှစ်ပေါင်းများစွာ အခင်းဖြစ်မြေကို လက်ရှိထားခဲ့သည် ဖြစ် သောကြောင့်၊ ဘုံအိမ်အသင်းသားတို့ အပေါ်၌ ကျရောက်သော သက်သေပြရန် တာဝန်မှာ ကြီးလေးလှပေသည်။ သို့ပင် ဖြစ်လင့်ကစား၊ ဘုံအိမ် အသင်းသားများ သည် သက်သေ မည်မည်ရရ တင်ပြခြင်းမပြုခဲ့သည်ကို တွေ့ရှိရသည်။ စင်စစ်အားဖြင့် ကား၊ ၎င်းတို့ တင်ပြသော သက်သေခံချက်များသည် တရားမဝင်သော သက်သေခံ ချက်များသာ ဖြစ်လေသည်။ ခွါဘွန်တိတ်နှင့် မစိန်ခင်တို့ထံမှ အခင်းဖြစ်မြေနှင့် မြေပေါ်ရှိ အိမ်ကို ငွေ ၁,၅၀၀ နှင့် မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့သည်ဆိုရကား၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၁ အရ၊ ထိုမှတ်ပုံတင် စာချုပ်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေ ပုဒ်မ ၆၁ အရ ခွင့်ပြုသည့် သက်သေခံချက်ကိုသာလျှင် တင်ပြနိုင်ပေ မည်။ ထို မှတ်ပုံတင်စာချုပ်ကို ခွါကီးယာဘွတ် သိမ်းထားရာ၊ ဂျပန်စစ်တပ်များ ဝင်ခါနီး တရုပ်ပြည်သို့ ထွက်ပြေးစဉ် လမ်းမှာ ပျောက်ဆုံးသည်ဟု ၎င်းဆို၏။

မည်သို့ မည်ပုံ ပျောက်ဆုံးသည်၊ အခြားပစ္စည်းများလည်း ဆုံးရှုံးခဲ့သည် စသည်နှင့် ပတ်သက်၍ သက်သေခံချက် မရှိခဲ့ချေ။ ထိုစာချုပ်ပျောက်ဆုံးကြောင်း သက်သေထင်ရှား ပြနိုင်မှသာလျှင်၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၃ အရ သက်သေတင်ပြခွင့် ရှိပေသည်။ ယခုမူကား စာချုပ်ရှိကြောင်း၊ ထိုစာချုပ်ပျောက်ကြောင်း၊ သက်သေထင်ရှား မရှိသဖြင့်၊ အဆိုပါ အက်ဥပဒေပုဒ်မ ၆၃ အရ သက်သေတင်ပြနိုင်ခွင့် မရှိဟု ဆုံးဖြတ်ရပေမည်။

၁၉၆၃
ဒေါ်စောရွှင် ပါ ၂ နှင့် ခွါကီးယာဘွတ် ပါ ၃။

[အကယ်၍ ထိုပုဒ်မ ၆၃ အရ သက်သေတင်ပြနိုင်သည် ဆိုဘိဦး၊ တင်ပြသော သက်သေခံချက်မှာ တရားဝင်သော သက်သေခံချက်မျိုး မဟုတ်ပေ။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၃(၅) အရဆိုလျှင်၊ စာချုပ်ကို ကိုယ်တိုင်ဘတ်ရှုသူက မိမိဘတ်ရှုခဲ့သည်ကို မှတ်မိသည်ရှေ့ နူတ်ဖြင့် ပြန်ဆို သက်သေခံရမည်ဖြစ်သည်။] **မဖိနှင့် ကာလန် ဒါအမ်မာ**တို့အမှု (၁) ကို ကြည့်ပါ။ [ယခုအမှုတွင်ကား၊ သက်သေတဦးတယောက်ကမျှ ထိုစာချုပ်ကို ဘတ်ရှုခဲ့ကြောင်း အစစ်မခံချေ။ ထို့ပြင်လည်း ၎င်းတို့သည် တရုပ်အမျိုးသားများ ဖြစ်သဖြင့်၊ မြန်မာစာကို ဘတ်နိုင်ကောင်းမှ ဘတ်နိုင်ပေမည်။ စာချုပ်ရေးသူ ဆိုသူကိုလည်း သက်သေမထူခဲ့ချေ။ ပဲခူးမှတ်ပုံတင်ရုံးရှိ စာရင်းစာအုပ် စသည်တို့မှာ ဂျပန်ခေတ်က ပျက်စီးပျောက်ဆုံးခဲ့ပြီဖြစ်၍၊ အကယ်တန်ဆို ထိုရုံးစာရင်း စာအုပ်တွင် မိတ္တူကို ရေးကူးထားခဲ့သည် ဆိုစေဦး၊ မိတ္တူရရှိရန် မမျှော်လင့်နိုင်တော့ပေ။ ထိုအကြောင်းများကြောင့်၊ အဆိုပါ ဘုံအသင်းအတွက် ဘုံသူကြီး ၄ ဦးအမည်ဖြင့် စယ်သူခဲ့ကြောင်း ဥပဒေအရ လိုအပ်သည့် ခိုင်လုံသော အထောက်အထား မရှိဆိုသည့် အဆိုလွှာ ငြင်းချက် မှန်ကန်သည်ဟု ယူဆရပေမည်။

ယင်းသို့ ပိုင်ဆိုင်ကြောင်း တိုက်ရိုက် သက်သေခံချက် မရှိငြားသော်လည်း ဘုံအသင်းသည် အဆိုပါမြေကို လက်ရှိထားခြင်းဖြင့်သော်ငင်း၊ **အခြားနည်းများဖြင့်** သော်ငင်း၊ သွယ်ဝိုက်သောနည်းဖြင့် သက်သေထင်ရှား ပြနိုင်သလောဟူသည့် အချက်နှင့် စပ်လျဉ်း၍၊ ၁၉၂၅ ခုနှစ်က ချယောင်တောင်ဘုံအသင်းကိုတည်ထောင်ခဲ့သည်ဟု **ခွါကီးယာဘွတ်**နှင့် အခြားတရားလိုများ ထွက်ဆိုကြသည်မှာဟုတ်မှန်တန်ရာသည်၊ သို့သော် ထိုအသင်းကို စည်းကမ်းတကျ ဖွဲ့စည်းထားဟန်မတူ။ စာရင်းအင်းများ ထားခဲ့ဟန်မတူ။ ရံပုံငွေ မည်ရွေမည်မျှရှိသည်၊ ဤအမှုပါမြေနှင့် ထိုစဉ်က မြေပေါ်ရှိ အိမ်ကို ဝယ်နိုင်သည့် အခြေ ရှိ-မရှိကိုလည်း မသိရချေ။ အသင်းမည်ကာမတ္တမျှသာ ဖြစ်ဟန်တူသည်။ ထို့ပြင်လည်း ထိုအိမ်၌ ဘုံအသင်းဌာန ရှိ-မရှိ ဆိုသည့် အချက်နှင့် စပ်လျဉ်း၍၊ ၁၉၃၈ ခုနှစ်တွင် ထိုအိမ်နှင့်မြေကို ဝယ်ယူပြီးနောက်၊ အိမ်အပေါ်ထပ်ကို ဘုံအိမ်အသင်းဌာနအဖြစ် အသုံးပြု၍၊ အောက်ထပ်ကို ဦးစွမ်လင်းနှင့်ဇနီး ဒေါ်ကျင်စိန်

(၁) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၅၊ စာ ၁၈။

၁၉၆၃
ဒေါ်စောရွှင်
ပါ ၅
နှင့်
ခွါကီးယာဘွတ်
ပါ ၃၆။

တို့အား အငှါး ချထားကြောင်း ခွါကီးယာဘွတ်၊ ခွါဘွန်လျောင်နှင့် ဒေါ်ကျင်စိန်တို့က ထုတ်ဆိုကြသော်လည်း၊ ခွါဘွန်လျောင်ကပင် ဆက်လက်ထွက်ဆိုသည်မှာ ဂျပန်ခေတ်က အခြေအနေ အတည်တကျမရှိ၍၊ အသင်းမှာ ဆိုင်းဘုတ်မရှိတော့ကြောင်း။ အသင်းဌာနဟူ၍လည်း အတည်တကျ မရှိတော့ကြောင်း ဝန်ခံ၏။ အိမ်ကို မီးမလောင်မီက၊ အခြေအနေကို ပြောဆိုဟန်တူသည်။ မောင်ကြည်ဟိုးတို့ထွေသော ရပ်ရွာသူကြီးများဖြစ်သူ ဦးလုံးနှင့် ဦးကျော်ညွန့်တို့ကလည်း၊ အခင်းဖြစ်မြေပေါ်၌ အိမ်၌ တရားလို ဘုံအိမ်အသင်း ဆိုင်းဘုတ်ချိတ်ဆွဲထားသည်ကို မမြင်ဘူးကြောင်း။ အိမ်သည် ဘုံအိမ်အသင်းဌာန မဟုတ်ကြောင်း ထွက်ဆိုကြ၏။ သက်သေခံချက် အားလုံးကို ဇဝဖန်ပေါင်းခြုံ သုံးသပ်သော်၊ အဆိုပါမြေပေါ်ရှိ အိမ်အဆက်ဆက်၌ ဘုံအိမ်အသင်းဌာန ထားရှိကြောင်း မပေါ်လွင် မထင်ရှားချေ။ ထိုမျှသာမကသေး၊ အဆိုပါမြေနှင့် မြေပေါ်ရှိ အိမ်အဆက်ဆက်အတွက်အသင်းအတွက်ဝယ်ယူသူ ၄ ဦးနာမည်ဖြင့် အိမ်ခွန်၊ မြေခွန် စည်းကြပ်ကြောင်း သက်သေခံ စိုးစဉ်းမျှမရှိချေ။ ဤအမှုနှင့် သက်ဆိုင်ရာ ကာလတလျောက်လုံးတွင် ထိုမြေကို ခွါဆေးအင်း လက်ရှိထား၍ ကိုယ်တိုင် နေသည့်အခါနေပြီး အခြားသူများအား အငှါးချထားသည့်အခါ အငှါးချထားခဲ့ဟန်တူသည်။ ဂျပန်မဝင်မီက အိန္ဒိယအမျိုးသားတယောက် ထိုအိမ်အပေါ် ထပ်၌ နေ၍၊ အောက်ထပ်၌ ဆီဆိုင်ဖွင့်ထားသည်ကို မြင်ကြောင်း ဦးလုံးထွက်ဆို၏။ စစ်ပြီးခေတ်တွင် ခွါဆေးအင်းပင် ထိုမြေပေါ်၌ တဲအိမ်ဆောက်လုပ်ပြီး နေထိုင်၍၊ ယင်းသို့နေစဉ် တော်ခင်ချို့သည် ထိုမြေပေါ်၌ အိမ်ဆောက်ပြီး ခွါဆေးအင်းနှင့် အတူနေထိုင်ကြ၏။ ထိုစဉ်က မြေခွန်ကို ခွါဆေးအင်းနာမည်ဖြင့် စည်းကြပ်၏။ ခွါဆေးအင်းအား မည်သည့်ဘက်ကမျှ သက်သေမထူ။ သို့သော် ဘုံအိမ်အသင်းသားများသည် လက်မဲ့ဖြစ်သဖြင့် သက်သေထင်ရှား ပြရန်မှာ ၎င်းတို့၏တာဝန်သာ ဖြစ်ပေသည်။ ထိုအကြောင်း အားလုံးကို ထောက်သော်၊ အဆိုပါမြေကို တရားလို ဘုံအိမ်အသင်းပိုင်သည်ဟု ယူဆရန် လွန်စွာမှပင် ခဲယဉ်းလေသည်။

စင်စစ်အားဖြင့်ကား အထက်ပါအချက်နှင့် စပ်လျဉ်း၍၊ ခွါဘွန်တိတ်၊ဒေါ်စိန်ခင်း ဒေါ်ကျင်စိန်နှင့် ဦးဘတင့်တို့၏ သက်သေခံချက်များကို တရားလိုဘုံအသင်းသားများအထောက်အထား အကိုးအကား ပြုသော်လည်း၊ ခွါဘွန်တိတ်က မှတ်ပုံတင်စာချုပ်ဖြင့် အဆိုပါမြေကို ဝယ်ယူခဲ့ကြောင်း ထွက်ဆိုရာတွင်ထိုမှတ်ပုံတင်စာချုပ်ကို တရားလို အသင်းသားများ မတင်ပြကြချေ။ ထိုစာချုပ် ပျောက်ဆုံးပျက်စီးကြောင်းလည်း သက်သေထွက်ဆိုချက် မရှိချေ။ ဒေါ်ကျင်စိန်နှင့် ၎င်း၏ခင်ပွန်းကွယ်လွန်သူ ဦးစွန်လင်းတို့ ၂ စုံစလုံးကရှိသည့်အိမ် အောက်ထပ်တွင် နေထိုင်ပြီး၊ ဘုံအိမ်သို့အိမ်လခပေးရသည်ဟု ဆိုရာ၊ ၎င်း၏ခင်ပွန်း ဦးစွန်းလင်းက ပြောပြ၍သာ သိကြောင်းဝန်ခံ၏။ ခွါဘွန်တိတ်

(ခ)ကိုတဲယားနှင့် ဇနီး မစိန်ခင်တို့ထံမှ ထိုစဉ်က မြေခွန် ကောက်ခံခဲ့သည် ဆိုသော ဦးဘတင့်ထွက်ဆိုချက် ရှိသေး၏။ ဦးဘတင့်က ခွါဘွန်တိတ်တို့ထံ မြေခွန်နှင့်စပ်လျဉ်း၍ နို့တစ်စာ ပေးဘူးကြောင်း သက်သေခံတင်ပြသော စာအိတ်ခွံ ၂ ခုမှာ ထိုနို့တစ်စာများ ထည့်သွင်းပေးပို့သော စာအိပ်များ၏ အခွံများဖြစ်ကြောင်း ထွက်ဆို၏။ ထိုနို့တစ်စာများကို ၁၉၃၆ ခုနှစ်နှင့် ၁၉၃၇ ခုနှစ်တွင် ပေးပို့သည်ဟုဆို၏။ သို့သော် နို့တစ်စာကို သိမ်းဆည်းထားခြင်းမပြုဘဲ၊ဆုတ်ပြီးစာအိတ်ခွံကိုသာ သက်သေခံအဖြစ် တင်ပြသည်မှာ စဉ်းစားဘွယ်ရာဖြစ်သည်။

၁၉၆၃

ဒေါ်စောရှင် ပါ ၅ နှင့် ခွါကီးယာဘွတ် ပါ ၃၆။

ထို့ပြင်လည်း ဒေါ်စောရှင်သည်ငင်း၊မောင်ကြည်ဟိုးတို့သည်ငင်းအခင်းဖြစ်မြေကို သဘောချိုးနှင့် တန်ထုတန်ဘိုးပေးပြီး ဝယ်ယူခဲ့ကြောင်း ချေပချက်နှင့်စပ်လျဉ်း၍ ထိုမြေမှာ အသင်း၏ နာမည်ဖြင့်ငင်း၊ အသင်း၏ကိုယ်စား ဝယ်ယူသည်ဆိုသော အသင်းသူကြီး ၄ ဦးတို့၏ နာမည်ဖြင့်ငင်း ထားရှိခဲ့ဟန်မတူခေ။ ခွါကီးယာဘွတ်နှင့် ခွါဘွန်လျောင် အသင်းလူကြီး ၂ ဦးက စစ်ပြီးခေတ်တွင်၊ မြေခွန်ကို မည်သူ့နာမည်နှင့် စည်းကြပ်ကြောင်းမသိ။ စုံစမ်းခြင်းလည်း မပြုခဲ့ကြောင်း ဝန်ခံကြ၏။ ငင်းတို့ မြေခွန် ထမ်းဆောင်ခြင်း မပြုခဲ့သည်မှာ ထင်ရှား၏။ မြေထုဇဝင်အရဆိုလျှင် ဒေါ်စောရှင် ဝယ်ယူသည့်အခါ၌၊ ထိုမြေမှာ ခွါဆေးအင်း(ခ) ဦးရွှေရင် နာမည်နှင့် ဖြစ်ကြောင်း ပေါ်လွင်၏။ ဒေါ်စောရှင်က ပဲခူးမြို့ မြွနီစီပါယ်ရုံးမှအခွန်ကောက်ခံသော စာရေးကြီး မောင်သောင်းရွှေအားမေးမြန်းကြည့်ရာ၊ အခင်းဖြစ်မြေမှာခွါဆေးအင်းပိုင်ကြောင်း ပြောပြသည်ကို ယုံကြည်သည်တကြောင်း၊ကျန်းမာရေး အင်စပိတ်တော် မောင်အုန်းကြည်အားလည်း လယ်ဝန်ရုံးနှင့်မြွနီစီပါယ်ရုံးများသို့ သွားရောက် စုံစမ်းခိုင်းပြီးနောက်၊ မောင်အုန်းကြည်က မြေနှင့်အိမ်သည်ဦးရွှေရင်ပိုင်ကြောင်း ပြောဆိုသည် တကြောင်းတို့ကြောင့် မိမိဝယ်ယူလိုက်ကြောင်း။ ထို့နောက် မြွနီစီပါယ်ခွန်ကို ခွါဆေးအင်း နာမည်နှင့်ပင် ဆက်လက် ကောက်ခံသဖြင့်၊ မိမိသည်အခင်းဖြစ်မြေကို မိမိနာမည်သို့ လွှဲပြောင်းရန် လျှောက်ထားခဲ့ရကြောင်း ထွက်ဆို၏။ မောင်ကြည်ဟိုး တို့၏ ကိုယ်စားလှယ်အဖြစ်လိုက်ပါဆောင်ရွက်သူ မောင်ကြီးစိန်ကလည်း ဒေါ်စောရှင် ထံမှ အခင်းဖြစ်မြေကို မဝယ်ယူမီ လယ်ဝန်ရုံးမှ တိုက်စာရေး ဦးထွန်းစိန် (ယခု ကွယ်လွန်သူ) အား သွားရောက်မေးမြန်းရာ၊ ဦးထွန်းစိန်က မြေထုဇဝင်ကို ကြည့်ပြီးနောက်၊ အခင်းဖြစ်မြေကို မည်သူပိုင်ဆိုင်ကြောင်း ပြောပြသဖြင့် မောင်ကြည်ဟိုးတို့အား ဝယ်ယူစေခဲ့ကြောင်း အစစ်ခံခဲ့၏။ ယင်းသို့ဖြစ်၍ ဤအမှုတွင် ပေါ်ပေါက်သည့် အခြေအနေတွင် **ရမ်ကူမာကွန်ဒူးနှင့် မက်ကွင်း**တို့ အမှု(၂)တွင် ပရီဗီကောင်စီ ချမှတ်

(၂) ဆောက်သာလမ်း အတွဲ ၁၈၊ ဝီကလီရီပို့တာ၊ စာ ၁၆၆။

၁၉၆၃

ဒေါ်စောရွှင်
ပါ ၅
နှင့်
ခွဲကီးယာဘွတ်
ပါ ၃။

သော မူအတိုင်း လိုက်နာကျင့်သုံးသင့်ပေသည်။ ထိုမူမှာအောက်ပါအတိုင်းဖြစ်သည်။

". . . It is a principle of natural equity, which must be universally applicable, that where one man allows another to hold himself out as the owner of an estate, and a third person purchases it, for value from the apparent owner in the belief that he is the real owner, the man who so allows the other to hold himself out shall not be permitted to recover upon his secret title, unless he can overthrow that of the purchaser by showing, either that he had direct notice, or something which amounts to constructive notice, of the real title, or that there existed circumstances which ought to have put him upon an enquiry, that, if prosecuted, would have lead to a discovery of it."

ထိုမူနှင့် အညီပင်လျှင် ပစ္စည်းသွဲ့ပြောင်းရေး အက်ဥပဒေ ပုဒ်မ ၄၁ ကို ပြဋ္ဌာန်းခဲ့လေသည်။ **မောင်ကြိုင်နှင့် ပီအယ်(လ်)ထီးအေးအာ(ရ်)၊ ချစ်တီးယားဖမ်း** အမ (၃)နှင့် **ပီအယ်(လ်)ထီးအေးအာ(ရ်)၊ ချစ်တီးယားဖမ်းနှင့် မောင်ကြိုင်** တို့အမှု (၄)ဥပမာလည်း၊ ဤမူအတိုင်းပင် အဆုံးအဖြတ်ပြုခဲ့လေသည်။

အထက် ဖော်ပြပါ အကြောင်းမျှားကြောင့် မူလရုံး၏ အမိန့်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ဤရုံးရွေ့ နေခမျာ ငွေ ၁၇၀ ဖြစ်စေရမည်။

---

(၃) အိန္ဒိယစီရင်ထုံးမျှား ရန်ကုန်၊ အတွဲ ၆၊ စာ ၄၃။
(၄) အိန္ဒိယဗီရင်ထုံးမျှား ရန်ကုန်၊ အတွဲ ၇၆၊ စာ ၂၇၆။

တရားမ အယူခံ။

တရားသူကြီးချုပ် ဦးဘကြီး၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ ရှေ့မှောက်တွင်။

ဒေါ်လှရွှေ(ခေါ်) မစ္စစ် ချန်ချင်လျောင် (အယူခံတရားလို)

နှင့်

မစ္စစ် အိုင်ရစ် မောင်စိန်ပါ ၉ (အယူခံတရားခံများ)*

† ၁၉၆၃ စက်တင်ဘာလ ၁၃ ရက်။

ပဋိညာဉ်စာချုပ် ကိုယ်ပိုင်အခွင့်အရေးတို့ကိုမှားယွင်းစွာ နားလည်၍ စာချုပ်ချုပ်ဆိုခြင်း အတူတူ မှားယွင်းချက် (common mistake) ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀-၂၁ စာချုပ်ပျက်ပြယ်ခြင်း၊ တရုပ်ထုံးစံ ဥပဒေအရမှားယွင်း အမွေစား အမွေခံစာချုပ်ချုပ်ဆိုခြင်း၊ အချင်းအရာနှင့် ပတ်သက်သော မှားယွင်းချက် စာချုပ်ချုပ်ဆိုရာတွင် အပေးအယူရှိမရှိကိစ္စ။

အယူခံတရားလိုသည်၊ ကွယ်လွန်သူ ချန်ချင်လျောင်ဆိုသူ၏ ဇနီးဖြစ်ပြီး ၎င်းချန်ချင်လျောင်အာဒုံ၏ဦးလေးတဦး၏ ဇနီးဖြစ်သူ မစ္စစ်မာဂရက်ချောပိုင်ဆိုသူက ထိုဦးလေးသေဆုံးပြီး ၁၁ ရက်အကြာတွင် (၁၉၂၅ ခုနှစ်) ၌၊ တရုပ်ထုံးစံ ဥပဒေအရ မိမိခင်ပွန်း၏ အမွေစားသားအဖြစ် စာချုပ်ဖြင့် မွေးစားခဲ့လေသည်။ ၎င်းနောက် ၎င်းတို့ ၂ ဦးသည် မသင့်မတင့်ဖြစ်ကြပြီး ပဋိပက္ခကို စေ့စပ်သည့်အနေနှင့် ၁၉၃၆ ခုနှစ်၌ စာချုပ် ၃ ခုကို တပြိုင်တည်း ချုပ်ဆိုကြသည်။ ပဌမစာချုပ်အရ လက်ရောက်ရသော ပစ္စည်းများကို အညီအမျှခွဲဝေယူကြ၍၊ ဒုတိယစာချုပ်ဖြင့် မခွဲဝေဘဲ ထားသောသည့်ပစ္စည်းများနှင့် ပတ်သက်၍ နောင်အခါတွင် မည်သို့ခွဲဝေယူရန် သဘောတူခဲ့ကြသည်။ တတိယစာချုပ်အရ အထက်ဖော်ပြပါ မွေးစားသောစာချုပ်ကို ပယ်ဖျက်ခဲ့သည်။

၎င်းနောက် ၁၉၃၈ ခုနှစ်တွင် ချန်ချင်လျောင်သေဆုံးပြီး ၎င်း၏ဇနီး အယူခံတရားလိုသည် ၎င်း၏အမွေခံအဖြစ် ကျန်ရစ်၏။

၁၉၄၃ ခုနှစ်၊ မစ္စစ် မာဂရက်ချောပိုင် သေဆုံးခဲ့သည်၊ ၎င်း၏အမွေခံအဖြစ် ၎င်း၏ညီမများဖြစ်ကြသော အယူခံတရားခံများ ကျန်ရစ်ခဲ့လေသည်။

ထိုနောက် အမွေများကို ခွဲဝေယူကြသောအခါ အယူခံတရားခံများသည် အချင်းဖြစ်မြေကို ရရှိကြသည်။ ၎င်းမြေအနက် အချို့အဝက်ကို ရောင်းလိုက်ပြန်ရာ အယူခံတရားလိုက ၁၉၃၆ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ဒုတိယစာချုပ်ကို အကိုးအကားပြုပြီး ရောင်းရငွေအနက် တဝက်နှင့်ကျန်ရှိသော မြေအနက် တဝက်ကို လက်ရောက်ရလိုမှုနှင့် တရားစွဲဆိုခဲ့သည်၊ မူလရုံးသည် ၎င်းပဌမအယူခံခုံရုံးသည်

---

* ၁၉၆၂ ခုနှစ်၊ အခွင့်ထူးတရားမ အယူခံအမှတ် ၁။

† ၁၉၅၉ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၉ တွင် ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့စွဲပါ ထရားလွှတ်တော် အယူခံဘက်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

ဒေါ်လှရွှေ (ခေါ်) မစွစ် ချန်ချင်လျောင် နှင့် မစွစ် အိုင်ရစ် မောင်စံန် ပါ ၉။

ငင်းအမှုကို ပယ်လိုက်ရာ ပြည်ထောင်စု တရားစီရင်ရေးပုဒ်မ ၆ အရ တရားရုံးချုပ်က အယူခံကို ကြားနာခြင်းဖြစ်လေသည်။

အယူခံတွင် အယူခံတရားခံများဘက်မှ အဓိကခုခံချက်များမှာ—

(၁) မာဂရက်ချောပိုင်က ငင်း၏ခင်ပွန်းသေဆုံးပြီးသည့်နောက်တရုပ်ထုံးစံဥပဒေအရ ငင်း၏ အမွေစားသားအဖြစ် ချန်ချင်လျောင်အား မွေးစားခြင်းသည် တရားမဝင်ကြောင်း။

(၂) မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့ အထက်ဖော်ပြပါ ဒုတိယစာချုပ် ချုပ်ဆိုရာ၌ မာဂရက်ချောပိုင်က မိမိပိုင်ဆိုင်ခွင့်များကို မှားယွင်းစွာ နားလည်ပြီး ချုပ်ဆိုခဲ့သဖြင့် ထိုစာချုပ်မှာ တရားမဝင်ကြောင်း။

(၃) ငင်းနောက် အမွေခွဲစာချုပ်ကို ချုပ်ဆိုရာ၌ အယူခံတရားလိုသည် ပဌမနှင့် ဒုတိယ တရားခံတို့ ရရှိသော အမွေစုနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်းတို့ဖြစ်လေသည်။

ဆုံးဖြတ်ချက်။ ။ပဌမအချက်နှင့် ပတ်သက်သော အဓိကမူမှာ ပဋိညာဉ်စာချုပ်ကို ချုပ်ဆို ကြသော သူတို့သည်၊ မိမိတို့၏ သက်ဆိုင်ရာ ကိုယ်ပိုင်အခွင့်အရေး အသီးသီးတို့ကို မှားယွင်းစွာ နားလည်ပြီး၊ စာချုပ်ချုပ်ဆိုကြပါက၊ ထိုစာချုပ်ကို အတူတူမှားယွင်းချက် (common mistake) ဖြင့် ချုပ်ဆိုခြင်းဖြစ်သဖြင့်၊ တရားရုံးများက ပယ်ဖျက်နိုင်သည်။

Copper v. *Phibbs*, (1867) The Law Reports, Vol. II, pp. 149, 170 ကို ရည်ညွှန်း၍လိုက်နာသည်။

ထိုမူသည်၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်ဖြစ်၍၊ ဤရုံး ကလည်း လိုက်နာကျင့်သုံးရပေမည်၊ ထိုမူကို အိန္ဒိယပြည်တွင်သာမက၊ အင်္ဂလန်ပြည်ရှိ တရားလွှတ် တော်များကလည်း လိုက်နာကျင့်သုံးကြောင်း သာဓကများရှိသည်။

Copper v. *Phibbs*, (1867) The Law Reports, Vol. II, p. 170 တို့ကိုထပ်မံရည်ညွှန်းသည်။

Beauchamp v. *Winn*, 6, *ibid.* 233; *Butler* v. *Fairclough*, (1917) V.L.R. 175 (Can.); *Jones* v. *Clifford*, 3 Ch. D. 779; *Bingham* v. *Bingham*, 1 Ves. 126; *Jones* v. *Clifford*, 3 Ch. D. 792, 5 L.J. Ch. 809, See *Debenham* v. *Sawbridge* (1901), 2 Ch. at p. 109; *Lansdowne* v. *Lansdowne*, Mose. 364, cit. 2 J and W 205 တို့ကိုရည်ညွှန်းသည်။

ထို့ပြင်လည်း တရုပ်ထုံးစံဥပဒေကို မြန်မာနိုင်ငံတွင် တရားရုံးများ အသုံးပြု၍ မှုခင်းများ စီရင် ဆုံးဖြတ်ခဲ့သော်လည်း၊ အမှန်အားဖြင့်ဆိုလျှင်၊ ထိုဥပဒေသည် မြန်မာပြည်တွင် တည်ရှိလျက်ရှိသော ဥပဒေဟု မခေါ်ဆိုနိုင်ပေ။ ဤအချက်ကို အယူခံတရားလို၏ ပညာရှိရှေ့နေကြီးကလည်း ဝန်ခံ၏၊ သို့ဖြစ်ရကား ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၁ ၌ မြန်မာပြည်တွင် တည်လျက်မရှိသော ဥပဒေနှင့် စပ်လျဉ်း၍ မှားယွင်းလျင် အကြောင်းချင်းရာနှင့် စပ်လျဉ်း၍၊ မှားယွင်းသည်ဟု ယူဆရမည် ဖြစ်ကြောင်းနှင့် ပြဋ္ဌာန်းထားသည်ဖြစ်ရာ၊ ဤအမှုတွင် မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့သည် သေသူ ချန်ချောပိုင်၏ အမွေပုံပစ္စည်းနှင့် ပတ်သက်၍၊ တရုပ်ထုံးစံ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆကြရသည်မှာ၊ အကြောင်းချင်းရာနှင့် စပ်လျဉ်း၍ မှားယွင်းကြသည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

၁၉၂၅ ခုနှစ်၌၊ တရုပ်ထုံးစံဥပဒေသည် ချန်ချောပိုင်၏ အမွေကို မည်သူကခံယူထိုက်သည်နှင့် စပ်လျဉ်း၍ သက်ဆိုင်သည်ဟု ယူဆကြသည်မှာ အမှန်ကိုမသိသဖြင့်၊ သံသယမကင်း အငြင်းပွါးမှု ရှိကြခြင်းဖြစ်သည်။ စင်စစ်အားဖြင့်ကား ၁၉၃၉ ခုနှစ်တွင် ပရိဗီကောင်စီကသာမန်အားဖြင့်ဆိုလျှင်၊ မြန်မာပြည်၌ အမြဲနေထိုင်သော ဗုဒ္ဓဘာသာ တရုပ်လူမျိုး၏ ၊အမွေကို ဗုဒ္ဓဘာသာမဟုတ်သောသူ ခံယူရမည်ဟူသော အဆုံးအဖြတ်သည်၊ ဥပဒေကို မြွက်ဟကျေညာသည်ဖြစ်၍၊ နောက်ကြောင်းပြန် အကျိုးသက်ရောက်သည်ဟု ယူဆရပေမည်၊ ထို့ကြောင့် ချန်ချောပိုင် ကွယ်လွန်သည့်အခါ၌ပင်၊ မာဂရက်ချောပိုင်က ချန်ချင်လျောင်အား၊ ချန်ချောပိုင်၏ မွေးစားသေသားအဖြစ် စာချုပ်ချုပ်ဆိုသည့်အခါ၌ပင်၊ အထက်ဖော်ပြပါ စာချုပ် ၃ ခုချုပ်ဆိုသည့် အခါ၌ပင်း ချန်ချောပိုင်၏ အမွေနှင့်သက်ဆိုင်သော ဥပဒေမှာ ဗုဒ္ဓဘာသာမဟုတ်ဖြစ်သည်ဟု မှတ်ယူရပေမည်၊ ယင်းသို့ဖြစ်ရာ မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့ မြန်မာပြည်၌ တည်လျက်မရှိသော တရုပ်ထုံးစံဥပဒေနှင့် ပတ်သက်၍ မှားယွင်းသည်မှာ အကြောင်းချင်းရာနှင့် ပတ်သက်၍ မှားယွင်းသည်ဟု ယူဆရပေမည်။

၁၉၆၃

ဒေါ်လှမ္မေ (ခေါ်) မစ္စစ် ချန်ချင်လျောင် နှင့် မစ္စစ် အိုင်ရစ် မောင်စိန် ပါ ၉။

မလ္လေစင်နှင့် စူစူချောင်။ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ ၅၄၈ ကိုရည်ညွှန်းသည်။

အဗ္ဗဒူအစစ်ခန်ဆဟစ်နှင့် အပရာဆွာမိနိုက်ကာ။ အိန္ဒိယအယူခံများအတွဲ ၃၁၊ စာ ၁ ကို ရည်ညွှန်း၍ ခဲ့ခြားရှင်းလင်းသည် ။

ထို့ကြောင့် အဆိုပါ ဒုတိယစာချုပ်မှာလည်း ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ အရရင်း၊ ပုဒ်မ ၂၁ အရရင်း၊ ပျက်ပြယ်သည်ဟု ယူဆရပေမည်ဖြစ်သည်။

အယူခံတရားလို အခြေပြု၍ တရားစွဲဆိုသော အဆိုပါ ဒုတိယစာချုပ်မှာ ပျက်ပြယ်သည်ဟု ဆုံးဖြတ်ပြီး ဖြစ်သဖြင့်၊ ထိုစာချုပ်နှင့် စပ်လျဉ်း၍ မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့ စာချုပ်ကို ချုပ်ဆိုရာတွင် အပေးအယူမရှိဆိုသည့် ပြဿနာမပေါ် ပေါက်တော့ချေ။

အမှန်အားဖြင့်ဆိုလျှင်၊ တရားဥပဒေအရ၊ ချန်ချင်လျောင်သည် ချန်ချောပိုင်၏ အမွေပစ္စည်းတွင်၊ စိုးစိမ်မျှ ရရန်အခွင့်အရေး မရှိချေ၊ မှားယွင်း၍သာ မိမိပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်မြင်ခဲ့ခြင်းဖြစ်သည်၊ ချန်ချင်လျောင်၏ တောင်းဆိုချက်သည် အခြေအမြစ်လုံးဝမရှိချေ။

ဘာလရာမနှင့် ဘာဒူဒီဘာ၊ အော၊ အိုင်၊ အာ (ရ)၊ ၁၉၄၈ ပရီဗီကောင်စီ၊ စာ ၇ ကို ရည်ညွှန်း၍ ခဲ့ခြားရှင်းလင်းသည်။

အထက်ပါ အကြောင်းများကြောင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ကယူခံတရားလိုအတွက်။ ။ဦးကျော်မြင့် နှင့် မစ္စတာအာဘာစူး။

အယူခံတရားခံ (၁) အတွက်။ ။ဦးစိန်ဟုတ်။

(၂) အတွက်။ ။ဦးမောင်မောင်။

(၃) အတွက်။ ။ဦးဘဆွေ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် အငြင်းမပွါးသော အကြောင်းချင်းရာများမှာ ချန်မာဖီဆိုသူ တရုပ်အမျိုးသားနှင့် ဒေါ်မြဆိုသူ မြန်မာအမျိုးသမီး

၁၉၆၃

ဒေါ်လှရွှေ (ခေါ်) မစွစ် ချန်ချင်လျောင် နှင့် မစွစ် အိုင်ရစ် မောင်စိန် ပါ ၉။

တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ၊ သားသုံးယောက် ချန်ချော်လိုင်၊ ချန်ချောခိုင်၊ ချန်ချောပိုင်တို့နှင့် သမီးများ ရရှိကြလေသည်။ ၁၉၂၀ ခုနှစ်တွင် ချန်မာဗီ ကွယ်လွန်ရာ၊ ၎င်းထားခဲ့သော သေတမ်းစာအရ၊ ၎င်း၏သားသုံးယောက်သည် အမွေပစ္စည်း အမြောက်အများကို ဆက်ခံပိုင်ဆိုင်ကြ၏။ ၁၉၂၅ ခုနှစ်တွင် ချန်ချောလှိုင် သေဆုံးပြီးနောက်၊ ၎င်း၏အမွေခံများနှင့် ချန်ချောခိုင်၊ ချန်ချောပိုင်တို့သည်၊ ထိုအမွေပစ္စည်းအနက် အားလုံးလိုလိုပင် ခွဲဝေယူကြ၍၊ မရွှေမပြောင်း နိုင်သောပစ္စည်းအချို့ကို နောင်ကာလ၌ ခွဲဝေယူရန် သဘောတူညီ ချန်လှုပ်ထားခဲ့ကြ၏။ ၁၉၃၃ ခုနှစ်တွင် ချန်ချောပိုင် သေဆုံး၍၊ ၁၁ ရက်မျှအကြာတွင် ၎င်း၏ဇနီး မာဂရက်ချောပိုင်သည် ချန်ချောခိုင်၏သား ချန်ချိန်လျောင်အား ချန်ချောပိုင်၏သားအဖြစ် စာချုပ်ဖြင့် မွေးစား၏။ ထိုစာချုပ် ချုပ်ဆိုသည့် နေ့မှာပင် မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့သည်၊ ချန်ချောပိုင်ထားခဲ့သော အမွေပစ္စည်းများကို မာဂရက်ချောပိုင်၏ တသက်တာတွင် ၎င်းသုံးစွဲနိုင်ကြောင်းဖြင့် သဘောတူစာချုပ် ချုပ်ဆိုကြ၏။ ထို့နောက်၊ ချန်ချင်လျောင်သည် ထိုပစ္စည်းများအနက် ဘီးအိုးစီး အစုရှယ်ယာများကို မိမိသဘောအတိုင်း ထုခွဲရောင်းချ သုံးစွဲလိုက်သဖြင့် မာဂရက်ချောပိုင်နှင့် မသင့်မတင့်ရှိကြရာ၊ ထိုပဋိပက္ခကို ဖြန်ဖြေစေ့စပ်သည့်အနေနှင့် ၎င်းတို့ ၁၉၃၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် စာချုပ်သုံးခု ချုပ်ဆိုကြ၏။ ပထမစာချုပ်ဖြင့် ချန်ချောပိုင် ထားခဲ့သော အမွေပစ္စည်းများ အနက်မှ မာဂရက်ချောပိုင် လက်ဆောက်ရရှိသော ပစ္စည်းများကို မာဂရက် ချောပိုင်နှင့် ချန်ချင်လျောင်တို့အညီအမျှခွဲဝေယူကြ၍၊ ဒုတိယစာချုပ်ဖြင့် အထက်၌ ဖော်ပြခဲ့သည့် ချန်ချောပိုင်တို့ ညီအကို သုံးဦးပိုင် မခွဲဝေဘဲ ထားသည့် ပစ္စည်းများနှင့် စပ်လျဉ်း၍၊ ချန်ချောပိုင်၏ဝေစုမှ ရရှိသော ငှါးရမ်းခနှင့် အမြတ်အစွန်းကို မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့ တဝက်စီခွဲဝေယူရန်နှင့် ထိုပစ္စည်းကို အမွေဆိုင်များ ခွဲဝေသည့် အခါ၌၊ ချန်ချောပိုင်၏ ဝေစုမှ တဝက်ကို ချန်ချင်လျောင်အား ခွဲဝေပေးရန် သဘောတူညီကြလေသည်။ တတိယစာချုပ်မှာ ချန်ချင်လျောင်အား မာဂရက်ချောပိုင်က ကွယ်လွန်သူ ၎င်း၏ခင်ပွန်း၏ မွေးစားသားအဖြစ် မွေးစားချုပ်ဆိုသော စာချုပ်ကို ပယ်ဖျက်လိုက်၏။

ချန်ချင်လျောင်သည် ၁၉၃၈ ခုနှစ်တွင် ကွယ်လွန်သဖြင့်၊ ၎င်း၏ဇနီး အယူခံတရားလို ဒေါ်လှရွှေသာလျှင် အမွေခံအဖြစ် ကျန်ရစ်၏၊ မာဂရက်ချောပိုင်သည် ၁၉၄၃ ခုနှစ်တွင် ကွယ်လွန်၍၊ ယခု ပထမအယူခံတရားခံ မစွစ် အိုင်ရစ် စ မောင်စိန်နှင့် ဒုတိယအယူခံတရားခံ မစွစ်ဘယ်လာအော(ရ)တို့က ၎င်း၏ညီမများအဖြစ် အမွေခံယူကြသည်။

၁၉၆၃

ဒေါ်လှမ္မေ (ဇခါ) ဗစ္စစ် ချန်ချင်လျောင် နှင့် မစ္စစ် အိုင်ရစ်. မောင်စိန် ပါ ၉။

ချန်ချောပိုင်တို့ ညီအစ်ကို သုံးဦး သေဆုံးပြီးနောက်၊ အယူခံတရားလို အပါအဝင်၊ ၎င်းတို့၏ အမွေစားများ အထက်ဖော်ပြပါ ချန်မာဖီထားခဲ့သည့် မခွဲဝေရသေးသော ပစ္စည်းများကို ခွဲဝေယူကြရာ၊ ပထမနှင့်ဒုတိယ အယူခံတရားခံတို့သည်၊ အယူခံတရားလို၏ အဆိုလွှာတွင် ဖော်ပြထားသောမြေ ၄ ကေကျော်ကို ချန်ချောပိုင်၏ ဝေစုအဖြစ် ရရှိကြသည် ထိုမြေအနက် အချို့အဝက်ကို ၎င်းတို့က အယူခံတရားခံ အမှတ် ၃ မှ အမှတ် ၉ သို့ ရောင်းချလိုက်သည်တွင် အယူခံတရားလိုက ဖော်ပြခဲ့သော ဒုတိယ စာချုပ်ကို အကိုးအကားပြုပြီး ရောင်းရင်းအနက် ငွေတစ်ဒေါ်နှင့် ကျန်ရှိမြေအနက် တဂက်ကို လက်ရောက်ရလိုမှု တရားစွဲလေသည်။ မူလရုံးသည်၎င်း၊ ပထမအယူခံရုံးသည်၎င်း ထိုစွဲဆိုမှုကို ပယ်လိုက်သဖြင့် ဖြည်ထောင်စု မြန်မာနိုင်ငံ တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အာဏာထူးဖြင့် ယခု အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားခံ အမှတ် ၃ မှ အမှတ် ၉ အနက် အယူခံတရားခံ အမှတ် ၅ သာလျှင် ဤအယူခံမှုကို ခုခံသည်။ သို့သော် အယူခံတရားလို၏ မူလစွဲဆိုချေနေကြီးက အထက်ဖော်ပြပါ အခွဲခွဲဝေသော စာချုပ် (သက်သေခံ အမှတ် ၂) တွင်၊ အယူခံတရားခံ အမှတ် ၁ နှင့် အမှတ် ၂ တို့အား ခွဲဝေပေးသော ပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် မရှိတော့ကြောင်းနှင့် အယူခံတရားလို သဘောတူ ဝန်ခံထားသဖြင့်၊ အယူခံတရားခံ အမှတ် ၅ အပေါ်၌ စောဒနာခြင်း မပြုလိုတော့ကြောင်းနှင့် လျှောက်ထား၏။ ယင်းသို့ဖြစ်ရကား၊ အယူခံတရားခံအမှတ် ၁ နှင့် ၂ မှအပ အခြားအယူခံတရားခံ များနှင့်စပ်လျဉ်း၍ ဤအယူခံမှုကို ပယ်ရမည် ဖြစ်သည်။

အယူခံတရားခံ အမှတ် ၁ နှင့် ၂ တို့က အဓိကအားဖြင့် ခုခံသည်မှာ၊ ချန်ချောပိုင် သည်၎င်း၊ မာဂရက်ချောပိုင်သည်၎င်း၊ တရုပ်မြန်မာ ကပြား ဗုဒ္ဓဘာသာဝင်များ ဖြစ်သဖြင့်၊ ချန်ချောပိုင် သေဆုံးပြီးနောက်တရုပ်ထုံးစံ ဥပဒေအရ၊ ၎င်း၏မွေးစားသား အဖြစ် ချန်ချင်လျောင်အား မွေးစားသည်မှာ တရားမဝင်ကြောင်း၊ မာဂရက်ချောပိုင် နှင့် ချန်ချင်လျောင်တို့ အထက်ဖော်ပြပါ ဒုတိယစာချုပ် ချုပ်ဆိုရခြင်းသည်၊ မာဂရက် ချောပိုင်၏ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ မှားယွင်းပြီး ချုပ်ဆိုခဲ့သောကြောင့် ထိုစာချုပ်မှာ တရားမဝင် အတည်မဖြစ်ကြောင်း။ ထို့ပြင်လည်း အမွေခွဲဝေသည့် စာချုပ် သက်သေခံ အမှတ် ၂ တွင်၊ အယူခံတရားလိုဘည် ပထမနှင့် ဒုတိယ အယူခံတရားခံတို့ ရရှိသော အမွေစုနှင့် စပ်လျဉ်း၍၊ မိမိမည်သို့မျှမသက်ဆိုင်တော့ကြောင်း။ ထိုသူများ သာလျှင် ပိုင်ဆိုင်သည်ဖြစ်ကြောင်း ဝန်ခံစွန့်လွှတ်ခဲ့သည် ဖြစ်သဖြင့်၊ အယူခံတရားလို သည် ယခုအမှုကို စွဲဆိုခြင်းမပြုနိုင်တော့ကြောင်းဖြင့် ချေပလေသည်။

ပထမအချက်နှင့် စပ်လျဉ်း၍၊ မူလရုံးသည်၎င်း၊ ပထမအယူခံရုံးသည်၎င်း၊ စီရင်ထုံး မြောက်မြားစွာကို၊ ကိုးကားပြီး ဥပဒေ အချက်အလက်များကို ဝေဖန်ခဲ့ရာ

၁၉၆၃

ဒေါ်လှမ္မေ (ခေါ်) မစ္စစ် ချန်ချင်လျောင် နှင့် မစ္စစ် အိုင်ရစ် မောင်စိန် ၅ ။

ထိုစီရင်ထုံးများကို ကျွန်ုပ်တို့ လေ့လာသုံးသပ်ပြီးနောက်၊ ထိုရုံးများ၏ ဆုံးဖြတ်ချက်များနှင့် သဘောကဲ့လွဲရန် အကြောင်းမမြင်သည်ကို တွေ့ရလေသည်။ အဓိကစီရင်ထုံးမှာ *Cooper* နှင့် ***Phibbs*** (၁) အမှုတွင် ချမှတ်သော စီရင်ထုံးဖြစ်သည်။ ထိုစီရင်ထုံးတွင် အောက်ပါမှုကို ချမှတ်ခဲ့လေသည်။

> ". . . It is said, 'Ignorantia puris now excusat.' But in that maxim the word 'jus' is used in the sense of denoting general law, the ordinary law of the country. But when the word 'jus' is used in the sense of denoting a private right, that maxim has no application. Private right of ownership is a matter of fact; it may be the result also of matter of law; but if parties contract under a mutual mistake and misapprehension as to their relative and respective rights, the result is, that that agreement is liable to be set aside as having proceeded upon a common mistake."

ထိုမှုသည် ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်ဖြစ်၍၊ ဤရုံးကလည်း လိုက်နာကျင့်သုံးရပေမည်။ မူလရုံးနှင့် ပထမအယူခံရုံး စီရင်ချက်များတွင်၊ ထိုမှုကို အဓိန္ဓိယပြည်ရှိ တရားလွှတ်တော်များက လိုက်နာကျင့်သုံးကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထိုစီရင်ထုံးများကို ယခုထပ်မံဖော်ပြရန် လိုတော့မည်မထင်ပေ။ အင်္ဂလန်ပြည်တွင်လည်း ယခုအမှုတွင်ပေါ် ပေါက်သည့်အခြေအနေမျိုးဘွင် ထိုမှုအတိုင်းပင် လိုက်နာကျင့်သုံး ဆုံးဖြတ်ခဲ့ကြောင်းသာဓကများကို၊ Kerr on Fraud and Mistake, Sixth Edition, စာမျက်နှာ ၅၇၀ တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

> "If an agreement be entered into between two parties in mutual mistake as to their relative and respective rights, either of them is entitled to have it set aside (2). Where, for instance, a party entered into an agreement with another to take a lease of what in fact was his own property, both parties being under a common mistake as to their respective rights, the transaction was set aside (3). So, also, where a man had sold another an estate which in truth belonged to him, and the conveyance was completed, the Court reseinded

---

(1) (1867) The Law Reports, Vo. II, pp. 149, 170.

(2) *Cooper* v. *Phibbs*, .L.R. 2 H.L. 149; *Beauchamp* v. *Winn*, 6 *ibid.* 233; *Butler* v. *Fairclough*, (1917) V.L.R. 175 (Can.).

(3) *Cooper* v. *Phibbs*, supra; *Jones* v. *Clifford*, 3 Ch. D. 779, 45 L.J. Ch. 809.

the transaction, and ordered the purchase-moneys to be refunded (4). So also where the second of three brothers having died, the eldest, who had entered upon his deceased brother's share, agreed to divide it with his youngest brother upon the representation of a third party whom the two brothers had consulted, that, as land could not ascend, the youngest brother was heir to the second, and executed a conveyance accordingly, the Court relieved the eldest brother against the instrument (5).

၁၉၆၃

ခေါ်လှည်ရွှေ (ခေါ်) မစွန်း ချန်ချင်လျောင် နှင့် မစွန်း ကိုင်ရစ် မောင်စိန် ပါ ၉။

(တို့ပြင်လည်း တရုပ်ထုံးစံဥပဒေကို မြန်မာနိုင်ငံတွင် တရားရုံးများ အသုံးပြု၍ မူခင်းများ စီရင်ဆုံးဖြတ်ခဲ့သော်လည်း၊ အမှန်အားဖြင့်ဆိုလျှင်၊ ထိုဥပဒေသည်မြန်မာပြည်တွင် တည်လျက်ရှိသောဥပဒေဟု မခေါ်ဆိုနိုင်ပေ။ ဤအချက်ကိုအယူခံတရားလို၏ ပညာရှိ ရွှေနေကြီးကလည်း ဝန်ခံ၏။ ယင်းသို့ဖြစ်ရကား၊ ဟဋ္ဌဉာဉ် အက်ဥပဒေ ပုဒ်မ ၂၁ ၌ မြန်မာပြည်တွင် တည်လျက်မရှိသောဥပဒေနှင့် စပ်လျဉ်း၍ မှားယွင်းလျှင် အကြောင်းချင်းရာနှင့် စပ်လျဉ်း၍ မှားယွင်းသည်ဟု ယူဆရမည်ဖြစ်ကြောင်းနှင့် ပြဋ္ဌာန်းဆားသည်ဖြစ်ရာ၊ ဤအမှုတွင်မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့သည် သေသူ ချန်ချောပိုင်၏အမွေပုံပစ္စည်းနှင့် ပတ်သက်၍ တရုပ်ထုံးစံ ဥပဒေအရပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆကြသည်မှာ၊ အကြောင်းချင်းရာနှင့် စပ်လျဉ်း၍ မှားယွင်းကြသည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။)

ထိုအချက်နှင့်ပတ်သက်၍၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့သည်၊ မှားယွင်းသည်မဟုတ်။ ယုံမှားသံသယ မကင်းသဖြင့် အငြင်းပွါးခြင်းမျှသာ ဖြစ်သည်ဟု လျောက်လဲ၏။ သို့သော် တရုပ်ထုံးစံဥပဒေသည်၊ ချန်ချောပိုင်၏ အမွေကို မည်သူခံယူထိုက်သည်နှင့် စပ်လျဉ်း၍ ဆက်ဆိုင်သည်ဟု ယူဆကြသည်မှာ၊ အမှန်ကိုမသိသဖြင့် သံသယမကင်း အငြင်းပွါးမှု ရှိကြခြင်းဖြစ်သည်။ စင်စစ်အားဖြင့်ကား ၁၉၃၉ ခုနှစ်တွင်၊ **တန်မဇ္ဈစင်**နှင့် **ခရူဇေချောင်** (၆) တို့အမှုတွင်၊ ပရီဗီကောင်စီက **သာမန်အားဖြင့်ဆိုလျှင်** (မြန်မာပြည်၌အမြဲနေထိုင်သော ဗုဒ္ဓဘာသာ တရုပ်လူမျိုး၏အမွေကို၊ ဗုဒ္ဓဘာသာ ခမ္မသတ်အတိုင်း ခံယူရမည်ဟူသော အဆုံးအဖြတ်သည်၊ ဥပဒေကိုမြှက်ဟကျေညာသည်ဖြစ်၍၊ နောက်ကြောင်းပြန်အကျိုးသက်ရောက်သည်ဟု ယူဆရပေမည်။ ထို့ကြောင့် ချန်ချောပိုင်ကွယ်လွန်သည့်အခါ၌ ၎င်း၊ မာဂရက်ချောပိုင်က ချန်ချင်လျောင်အား၊ ချန်ချောပိုင်၏ မွေးစားသား

(4) ***Bingham*** v. ***Bingham***, 1 Ves. 126; ***Jones*** v. ***Clifford***, 3 Ch. D. 792, 5 L. J. Ch. 809; see ***Debenham*** v. ***Sawbridge***, (1901) 2 Ch. at p. 109.

(5) ***Lansdowne*** v. ***Lansdowne***, Mose. 364, cit. 2 J. and W. 205.

(၆) ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ ၈၁ ၅၄၀။

၁၉၆၃
ဒေါ်လှရွှေ (ခေါ်) မစ္စစ် ချန်ချင်လျောင် နှင့် မစ္စစ် အိုင်ရစ် မောင်စိန် မ၂ ၌။

အဖြစ် စာချုပ် ချုပ်ဆိုသည့်အခါ၌ငင်း၊ အထက်ဖေါ်ပြပါစာချုပ် ၃ ခု ခုချုပ်ဆိုသည့်အခါ၌ငင်း၊ ချန်ချောပိုင်၏ အမွေနှင့်သက်ဆိုင်သော ဥပဒေမှာ ဗုဒ္ဓဘာသာ စမ္မသတ် ဖြစ်သည်ဟု မှတ်ယူရပေမည်။ ယင်းသို့ဖြစ်ရာမာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့ မြန်မာပြည်၌ တည်လျက်မရှိသောတချိမ်ထွဲစံ ဥပဒေနှင့်ပတ်သက်၍ မှားယွင်းသည်မှာ အကြောင်းချင်းရာနှင့် ပတ်သက်၍ မှားယွင်းသည်ဟု ယူဆရပေမည်။)

အထက်ဖေါ်ပြပါ မှားယွင်းခြင်းနှစ်ရပ်နှင့်ပတ်သက်၍၊ အယူခံတရားလို၏ ပညာရှိ ရွှေ နေကြီးက စီရင်ထုံး အမြောက်အမြား တင်ပြ၏။ သို့သော် ထိုစီရင်ထုံးများမှာ ဤအမှုပါ အဖြစ်အပျက်နှင့် ဆက်စပ်၍ မရနိုင်ချေ။ အနီးစပ်ဆုံး စီရင်ထုံးသည်၊ **အဗ္ဗဒူအဇစ်ခံဆဟစ်** နှင့် **အပယာဆွာမိနိုက်ကာ** (၇) အမှုဖြစ်သည်။ သို့သော် ထို စီရင်ထုံးမှာ ဥပဒေအချက်အလက်နှင့် စပ်လျဉ်း၍ မှားယွင်းကြောင်းမပေါ်လွင်ချေ။ ဟန္ဒူထုံးစံ ဥပဒေနှင့်စပ်လျဉ်း၍ တရားရုံးများ၏ အယူအဆ ပြောင်းလဲခြင်းနှင့်သာ ဖြစ်သည်။ ထိုဟိန္ဒူထုံးစံ ဥပဒေမှာ အိန္ဒိယပြည်၌အတည်ဖြစ်သော ဥပဒေဖြစ်သည်။ ယခုအမှုတွင်ကား၊ မြန်မာပြည်တွင် အတည်မဖြစ်သော တရုပ်ထုံးစံဥပဒေနှင့် ပတ်သက်၍ မှားယွင်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၀ အရငင်း၊ ပုဒ်မ ၂၁ အရငင်း၊ အဆိုပါ ဒုတိယစာချုပ်မှာ ပျက်ပြယ်သည်ဟု ယူဆရမည်ဖြစ်သည်။

(အယူခံတရားလို အခြေပြု၍ တရားစွဲဆိုသော အဆိုပါ ဒုတိယစာချုပ်မှာ ပျက်ပြယ်သည်ဟု ဆုံးဖြတ်ပြီးဖြစ်သဖြင့်၊ ထိုစာချုပ်နှင့်စပ်လျဉ်း၍ မာဂရက်ချောပိုင်နှင့် ချန်ချင်လျောင်တို့ ထိုစာချုပ်ကို ချုပ်ဆိုထုတွင် အပေးအယူ ရှိ၊မရှိဆိုသည့် ပြဿနာ မပေါ် ပေါက်တော့ချေ။) အယူခံတရားလို၏ပညာရှိရွှေနေကြီးက ထိုသူနှစ်ဦးသည်၊ အမွေ ပစ္စည်းနှင့် ပတ်သက်၍ အငြင်းပွါးကြသည်ကို ပြေငြိမ်းသည့် အနေဖြင့် အဆိုပါ စာချုပ်ကို ချုပ်ဆိုကြသည် ဖြစ်ရကား၊ ချန်ချင်လျောင်က မိမိ၏တောင်းဆိုချက်ကို စွန့်လွှတ်သည်ဖြစ်၍၊ ယင်းသို့စွန့်လွှတ်သည်မှာမိမိဘက်ကအပေးရှိကြောင်းနှင့်လျောက်လဲ ပြန်သေး၏။ (အမှန်အားဖြင့်ဆိုလျှင် တရားဥပဒေအရ ချန်ချင်လျောင်သည် ချန်ချောပိုင်၏ အမွေပစ္စည်းတွင် စိုးစဉ်းမျှရရန် အခွင့်အရေးမရှိချေ။ မှားယွင်း၍သာ မိမိပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်မြင်ခဲ့ခြင်း ဖြစ်သည်။ ချန်ချင်လျောင်၏ တောင်းဆို ချက်သည် အခြေအမြစ် လုံးဝမရှိချေ။) အမွေပစ္စည်းနှင့် ပတ်သက်၍ ပြေငြိမ်းရာ၌ အပေးအယူ ရှိ၊မရှိ ဆိုသည့် ပြဿနာကို **ဘာလရာမနှင့် ဘာစူဒေဗါ** (၈) အမှုတွင် အဆုံးအဖြတ် ပြုသည်ကို တွေ့ရှိရသည်။

---

(၇) အိန္ဒိယအဗျူခံများ၊ အတွဲ ၃၀၊ စာ ၁။

(၈) အေ၊အိုင်၊အာရ်၊ ၁၉၄၈၊ ပရီဗီကောင်စီ စာ ၇။

ထိုအဆုံးအဖြတ်တွင် ပရီဗီကောင်စီက ဓအာက်ပါအတိုင်း မြွက်ကြားသည်။

၁၉၆၃

ဒေါ်လှဖွေ (ခေါ်) မစ္စစ် ချန်ချင်လျောင် နှင့် မစ္စစ် အိုင်ရစ် မောင်စိန် ပါ ၉။

"There remains the question whether any consideration moved from the respondent to support the agreement. This depends upon whether the respondent had a *bona fide* claim to the property which was the subject of the agreement of compromise."

ထိုအမှုတွင်အယူခံတရားခံသည်၊ သေသူအမွေရှင်၏တူအရင်းဖြစ်သည်။ သေသူက ၎င်းနှင့် ကွယ်လွန်သူ ခင်ပွန်းတို့၏သားအဖြစ် မွေးစားသော အယူခံတရားလိုနှင့် အယူခံတရားခံတို့ သေသူ၏နာမည်ဖြင့် ရှိသော ပစ္စည်းနှင့်ပတ်သက်၍ အချင်းဖြစ်ကြသည်။ သေသူသည် မိမိ၏သေတမ်းစာတွင် တူဖြစ်သူ အယူခံတရားခံအား၊ မိမိပိုင် ပစ္စည်းများကို ပေးခဲ့သည်။ ယင်းသို့ပေးရာ သေသူ၏ပစ္စည်းနှင့် ပတ်သက်၍ အယူခံတရားလိုနှင့် အယူခံတရားခံနှစ်ဦးစလုံးပင်ပိုင်ဆိုင်ခွင့်ရှိကြောင်းပြောဆိုနိုင်ကြပေမည်။ ထို့ကြောင့် ၎င်းတို့ပြောငြင်းကြသည်မှာ အပေးအယူရှိသည်ဟု ပရီဗီကောင်စီ ဆုံးဖြတ်ခဲ့လေသည်။ ဤသို့အမှုပါ အဖြစ်အပျက်များနှင့် လုံးဝမတူချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးရှေ့နေခမှာ အယူခံတရားခံ အမှတ် ၁ နှင့် ၂ တို့အတွက် ၁၅၀ ဖြစ်၍၊ အယူခံတရားခံ အမှတ် ၅ အတွက် ငွေ ၁၅၀ ဖြစ်စေရမည်။

အထွေထွေအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးထွန်းဖေ ရွှေတွင်

† အမှု ၂
—
စက်တင်ဘာ ၁၃ ရက်။

ဒေါ်သန်းကြည်ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးဘဆင်ပါ ၄ (အယူခံတရားခံများ)*

လူမဲ့အဖြစ် ပြဋ္ဌာန်းခြင်းကိစ္စ၊ အကြွေးဆပ်ခြင်းမှ ရပ်ဆိုင်းရာ မည်သည့်အခါ၌ မြောက်ခြင်း၊ လူမဲ့ဖြစ်စေသည့် ကိစ္စကို ကိုယ်တိုင်မပြုသူ၊ လူမဲ့အဖြစ် မပြဋ္ဌာန်းနိုင်ခြင်း၊ လူမဲ့အဖြစ်ပြဋ္ဌာန်းရာ၌ လိုအပ်သော သက်ဆိုင်အထောက်အထား။

ဆန်စက်တခု၏ အစုဝင်များဖြစ်ကြသည်ဆို၍ အယူခံတရားလို ၂ ဦးနှင့် အခြားသူနှစ်ဦးထို အား၊ မြို့ရွာများဖြစ်သော အယူခံတရားခံများ၏လျှောက်ထားချက်အရလူမဲ့များအဖြစ် ပြဋ္ဌာန်းခြင်း ခံရလေသည်။

အယူခံတရားလို ၂ ဦးက ထိုအမိန့်ကို မကျေနပ်၍ အယူခံဝင်သော်လည်း၊ ကျန် ၂ ဦးက အယူခံမဝင်။

ဆုံးဖြတ်ချက်။ ။အယူခံမဝင်သော အစုဝင်တဦးဖြစ်သည့် မြို့စား ကိုကြွင်ဟိုးသည် မြို့ရွာ အယူခံတရားခံများကတင်ထိုသော ကြွေးကို ပေးဆပ်ရန် တောင်းဆိုသောအခါ မိမိ၌ရှိသောပစ္စည်းများနှင့် အကြေအလည် မပေးဆပ်နိုင်ကြောင်း၊ ကြွေးမြီများကို အချိုးကျ ရရှိရန်မိမိ၏ ပစ္စည်းများကိုပေးဆပ်မည်ဖြစ်ကြောင်း၊ ကြွေးများကို ပေးဆပ်ခြင်းမှ ရပ်ဆိုင်းရမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုခြင်းသည်၊ ကြွေးဆပ်ခြင်းမှ ရပ်ဆိုင်းရာမြောက်သည်။ သို့အတွက် ပြောသူ ကိုကြွင်ဟိုးအား လူမဲ့အဖြစ်ပြဋ္ဌာန်းသည်မှာ မှန်ကန်သည်ဟု ယူဆရမည်။

လာဒါရမ် နှင့် လူရင်ချွန်လက်(ချ်)မန်၊ အေးအိုင်၊အာ(ရ်)၊ ၁၉၃၃ လဟိုး စာမျက်နှာ ၃၁၉၊ နှင့် ရာမာဆွာမိချစ်တီးယား နှင့် မူသူသယ်လူးဆွာမိချစ်တီးယား၊ ၁၉၂၈ ခုနှစ်၊ (၁၀၉) အိုင်၊အီး၊ စာမျက်နှာ ၈၃၊ ၈၄ နှင့် ကလိုနှင့် ဆင်နရယ်၊ ၁၉၀၅ ခုနှစ်စီရင်ထုံးများ (အယူခံမှုများ)စာမျက်နှာ ၄၄၂၊၄၄၇။ ဂို(ရ်)မွတ်ဆင် နှင့် ရမ်ဒစ်တာမာ၊ ၁၉၂၈ ခုနှစ်၊ (၁၁၂) အိုင်၊စီ၊ စာမျက်နှာ ၁၃၂ တို့ကိုရည်ညွှန်းသည်။

အယူခံတရားခံ(၁)နှင့်ပတ်သက်၍ကား ၎င်းသည် ကိုကြွင်ဟိုးက မြို့ရွာများအား ပြောကြားသည့်အခါ၌ ရန်ကုန်မြို့တွင် ဆေးရုံတက်ကုသနေဆဲဖြစ်သဖြင့် ၎င်းအားလူမဲ့အဖြစ် ပြဋ္ဌာန်းခြင်းမပြုနိုင်။

---

* ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၂၁။

† ၁၉၆၂ ခုနှစ်၊ အင်ဆော်လင်စီမှုအမှတ် ၂ တွင် ဟသံတခရိုင် တရားမ တရားသူကြီးချုပ်တော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

အဗ္ဘန္တရဆင်္ကားနှင့် ဗို၊ အီး၊ အေ၊ အာ(ရ်)၊ အမ်၊ ချစ်တီးယားဖမ်း ရန်ကုန်စီရင်ထုံးများ အတွဲ ၁၀၊ စာမျက်နှာ ၂၁၅—၂၁၇ ရည်ညွှန်းဖော်ပြသင့်သည်။

၁၉၆၂

ဒေါ်သန်းကြည် ပါ ၂ နှင့် ဦးဘဆင် ပါ ၄။

အယူခံတရားခံ (၂) နှင့်ပတ်သက်၍ လျော်ကြေးလွှဲပြောင်းသည်မှာ ၎င်းသည် အစုစပ်ဝင်မဟုတ်သော ကြောင့် လူမဲ့အဖြစ်ပြဋ္ဌာန်းရန် မသင့်ကြောင်း ဖြစ်သည်။ အယူခံတရားခံများက ၎င်းသည် လေးပုံတစ်ပုံဆိုင်ကြောင်း ထွက်ဆို၏။ မည်ကဲ့သို့သိရှိရခြင်းဖြစ်သည်ကို ဖော်ပြခြင်းမပြု။ သူတဦးတယောက်အား လူမဲ့အဖြစ် ပြဋ္ဌာန်းရန် လျော်ထားရာ၌ ဤမျှသော သက်သေခံဖြင့် လူမဲ့အဖြစ် ပြုနိုင်မည်မဟုတ်။ ဤအမှုမျိုး၌၊ လျော်ထားသူအပေါ်တွင် သက်သေထင်ရှားပြရန် တာဝန်မှာ ကြီးလေးသည်ဟု ယူဆရမည်ဖြစ်သည်။

အမ်၊ အက်(စ်)၊ အမ်၊ အမ်၊ ချစ်တီးယားဖမ်းနှင့် ပီ၊ မွတ်ဒါလီယား အိန္ဒိယပြည် စီရင်ထုံးများ၊ (ရန်ကုန်အတွဲ ၁၁) စာမျက်နှာ ၆၉။

အယူခံတရားလိုများအတွက်။ ။ဦးအေးမောင်။

အယူခံတရားခံ (၁) အတွက်။ ။ဦးအုံးမောင်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။လျော်ထားခံရသူ အမှတ် (၁) မြို့ရှင် ဦးဘဆင်က၊ ဟသံ်ဘခရိုင် တရားမရုံး၊ အင်ဆော်လဝင်စီမှုအမှတ် ၂/၅၈ တွင် မိမိ၏ မြို့စားများ ဖြစ်သည်ဆိုသော ကိုကြင်ဟိုး၊ မောင်ကြင်စုမ်၊ ဒေါ်သန်းကြည်နှင့် မောင်ဘိုးတိတ်တို့အား လူမဲ့များအဖြစ် ပြဋ္ဌာန်းစေရန် လျော်ထားလေသည်။ အကြောင်းပြချက်မှာ ၎င်းတို့သည်၊ ဟသံ်ဘခရိုင်၊ ကနောင်မြို့ရှိ ဟွာဆင်အမည်ဖြင့် ဆန်စပါးလုပ်ငန်း လုပ်ကိုင်သော ဆန်စက်ကို အစုစပ်များအဖြစ် ပိုင်ကြပြီး၊ မိမိထံမှ ဆန်ရောင်းချရန် ကတိဖြင့် ငွေပေါင်း ၃၊၁၅၀ လက်ခံယူခဲ့ကြောင်း။ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် မိမိနှင့်အခြားဆန်ဝယ်သူများ၊ ဆန်စက်ကိုအုပ်ချုပ်သူအဖြစ် ဆောင်ရွက်နေသူ အစုဝင် ကိုကြင်ဟိုးထံသွားရောက်၍ ဆန်ကိုသော်၎င်း၊ ဆန်ဘိုးငွေကို သော်၎င်း ပေးအပ်ရန် တောင်းဆိုရာ၊ ကိုကြင်ဟိုးက အခြားအစုဝင်များဖြစ်သူ မောင်ကြင်စုမ်နှင့် မောင်ဘိုးတိတ်တို့ ရွေ့မျောက်၍၊ မိမိသည် ဆန်ကိုလည်းမအပ်နိုင်၊ ငွေကိုလည်း မပေးဆပ်နိုင်တော့ကြောင်း။ မိမိတင်ပြသောစာရင်းတွင် ပါရှိသည့် မြို့ရှင်အားလုံးအား ပေးဆပ်ရန်ရှိသော ကြွေးများအတွက် မိမိအစုစပ် လုပ်ကိုင်နေသော ဆန်စက်နှင့် မိမိပိုင်တိုက်နှစ်လုံးကို ရောင်းချ၍ ရရှိသည့်ငွေကို မြို့ရှင်များ ဝေခြမ်းယူရန် ပြောသည်ဟုဆိုသော အချက်ပင် ဖြစ်သည်။ ဤအကြောင်းပြချက်ကို ဦးဘဆင်၏ သက်သေခံချက်နှင့် ၎င်းတင်ပြသော သက်သေများ၏ သက်သေခံချက်များတွင် ပေါ်လွင်ထင်ရှားလေသည်။ အယူခံတရားခံများက ကိုယ်တိုင်လည်း သက်သေမခံ၊ သက်သေကာပြခြင်းလည်း မပြုခဲ့ချေ။ မူလရုံးက ထိုသက်သေခံချက်များကို လက်ခံပြီး အယူခံတရားခံ လေးဦးစလုံးအား လူမဲ့များအဖြစ် ပြဋ္ဌာန်းလိုက်လေသည်။ ယခု

၁၉၆၂

ဒေါ်သန်းကြည် ပါ ၂ နှင့် ဦးဘဆင် ပါ ၄။

အယူခံမှုတွင် ဒေါ်သန်းကြည်နှင့် ၎င်း၏သား မောင်ဘိုးတိတ်တို့က၊ ထိုအမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုတို့၏ ပညာရှိရွှေနေကြီးက၊ အချက်သုံးချက်ကို ပခါနထား၍ လျှောက်လဲလေသည်။ ပဌမအချက်မှာ ကိုကြွင်ဟိုးသည်၊ ဦးဘဆင်အား အထက်ဖော်ပြပါအတိုင်း မိမိပိုင် ပစ္စည်းများကို မြီရှင်များ ခွဲဝေယူရန်အတွက် ပေးအပ်မည်ဟု ပြောဆိုရာ၌၊ တင်ရှိသောကြေးမြီများကို ပေးဆပ်ရန်အတွက် အစီအစဉ် ပြုလုပ်ခြင်း မျှသာ ဖြစ်ကြောင်း။ ထိုကြေးမြီများကို ပေးဆပ်ခြင်းမှ ရပ်ဆိုင်းသည် မမည်ကြောင်း နှင့် လျှောက်လဲခြင်း ဖြစ်သည်။ ပညာရှိရွှေနေကြီး အကိုးအကားပြုသော **လာဒါရမ်နှင့် လူရင်ချုန်လက်(ခ၅)မန်** အမှု (၁) တွင်မြီစားက မြီရှင်များအား ဖိတ်ခေါ်ပြီး၊ မိမိပိုင် ပစ္စည်းကို လက်ခံ၍ ရောင်းချပြီး ရရှိငွေကို ခွဲဝေယူရန် ပြောဆိုရုံမျှဖြင့် ကြွေးဆပ်ခြင်းမှ ရပ်ဆိုင်းရာ မရောက်ဟု ဆုံးဖြတ်လေသည်။ ထိုအမှုကို တရားသူကြီး တဦးတည်း ဆုံးဖြတ်ခဲ့လေသည်။ တရားသူကြီးသည် အင်္ဂလန်ပြည်၌ ဆုံးဖြတ်သော အမှုတခုနှင့် အိန္ဒိယပြည်၌ ဆုံးဖြတ်သော အမှုနှစ်ခုကို ကိုးကားပြီး၊ ထိုစီရင်ထုံးများအရဆိုလျှင် ကြွေးဆပ်ခြင်းမှ ရပ်ဆိုင်းသည်ဟူသော စကားရပ်ကို တိကျ ကျဉ်းမြောင်းစွာ အဓိပ္ပါယ် ကောက်ယူရမည်ဟု ပါရှိသည်ဆိုကာ၊ အထက်၌ ဖော်ပြသော မြီစားတင်ပြသည့် အစီအစဉ်သည် ကြွေးဆပ်ခြင်းမှ ရပ်ဆိုင်းခြင်းမမြောက်ဟု အဆုံးအဖြတ်ပြုလေသည်။ သို့သော် အယူခံတရားခံများ၏ ပညာရှိရွှေနေကြီး တင်ပြသော **ရာမာဆွာမီ ချစ်တီးယား နှင့် မူသူသယ်လူးဆွာမီချစ်တီးယား** (၂) တို့အမှုတွင် မြီစားသည် ၎င်း၏မြီရှင်အချို့က ကြွေးဆပ်ရန် တောင်းဆိုသည့် အခါ၌ မိမိ၏ ပစ္စည်းများနှင့် သက်ဆိုင်သော **စာချုပ်စာတမ်းများ**ကို အခြားသူ တဦးအား အပ်နှံ၍ ထိုပစ္စည်းများကို ရောင်းချပြီး၊ မိမိတင်သည့်ကြွေးများကို ပေးဆပ်ရန် မှာကြားထား ကြောင်းပြောခြင်းသည် ကြွေးဆပ်ခြင်းမှ ရပ်ဆိုင်းရာ မြောက်သည်ဟု ဆုံးဖြတ်ခဲ့လေသည်။ထိုအမှုတွင် ခုံရုံးတရားသူကြီးများသည် အောက်ပါအတိုင်းမှတ်ဆိုကြလေသည်။

> **"In the case before us though all the creditors might not have been present there is no doubt that what was discussed at the meeting was the payment of all the creditors and the impression that was left on their minds was that the appellants were unable to pay debts and would suspend payment of debts unless this offer of discharge of all the debts by the sale of the properties is accepted."**

---

(၁) အောအိုင်၊အာ(ရှိ)၊ ၁၉၃၃၊ လဟိုး၊ စာ ၃၁၉။

(၂) ၁၉၂၈ ခုနှစ်၊ (၁၀၉)၊ အိုင်၊စီ၊ စာ ၈၃-၈၄။

ထိုနည်းအတိုင်းပင် **ကလို** နှင့် **ဆင်နရယ်** (၃)အမှုတွင် အင်္ဂလန်ပြည် အထက်လွှတ်တော် တရားသူကြီး Lord Macnaghten သည် ယခု ကိစ္စရပ်မျိုးကို ဆုံးဖြတ်ရာ၌ အောက်ပါအတိုင်း မြွက်ဆိုခဲ့လေသည်။

၁၉၆၂ ခေါ်ဆန်းကြည် ပါ ၂ နှင့် ဦးဘဆင် ပါ ၄။

> "The question is what effect would the communication have on the minds of the persons to whom it is addressed. That is the test as laid down in this House. It is only a matter of common sense, as A. L. Smith, L.J. observed. All that is required is that a communication proceeding from the debtor, made seriously, should give the creditors or any of the creditors to understand from the state of circumstances as disclosed at the time that the debtor has suspended or that he is about to suspend payment. If it comes to this—I borrow the illustration from the judgement of Fry, L.J. in In re *Lamb* (4), which was referred to by Lord Selborne in *Crook* v. *Morley* (5)—that the debtor has said in effect, 'I am in a position at the present moment in which it is impossible for me to go on paying my creditors who may apply to me in the ordinary course of trade, and if I pay the first who apply there will be nothing left for the rest,' that is an intimation that he will either immediately suspend payment of that he is 'about to suspend payment' as soon as he reaches the end of his resources."

အထက်ပေါ်ပြပါ မြွက်ကြားချက်များကို နောက်ခံထား၍ ယခု အမှုပါ အကြောင်းချင်းရာများကို လေ့လာသုံးသပ်သော်၊ မြီစား ကိုကြောင်ဟိုးသည်၊ မြီရှင်များက တင်ရှိသော ကြွေးကို ပေးဆပ်ရန် တောင်းဆိုသည့် အခါ၌၊ မိမိ၌ရှိသော ပစ္စည်းများဖြင့် မိမိ၏မြီရှင်များအားလုံးကို အပြေအလည်မပေးဆပ်နိုင်ကြောင်း။ တောင်းဆိုသည့် ငွေကိုလည်း ပေးဆပ်ရန် အင်အားမရှိကြောင်း။ ထို့ကြောင့် မြီရှင်အားလုံး မိမိတို့ရရန် ရှိသော ကြွေးမြီများကို အချိုးကြရရှိရန်အတွက် မိမိ၏ပစ္စည်းများကို ပေးအပ်မည် ဖြစ်ကြောင်း။ မိမိမှာမူကား၊ ပေးရန်ရှိသော ကြွေးများကို ပေးဆပ်ခြင်းမှ ရပ်ဆိုင်းထားရသည် ဖြစ်ကြောင်း။ နောင်ကာလ၌လည်းဆက်လက်ရပ်ဆိုင်းရမည် ဖြစ်ကြောင်း အစိပ်ပါယ်ရောက်သည်ဟု ယူဆရမည်ဖြစ်သည်။ ထိုကဲ့သို့ ကြွေးမဆပ်နိုင်ကြောင်း မြီရှင်များအား ပြောကြားပြီး၊ မြီရှင်အားလုံးနှင့် အစီအစဉ်ပြုလုပ်မည်ဟု မြွက်ကြား

---

(၃) ၁၉၀၅ ခုနှစ်၊ စီရင်ထုံးများ (အယူခံမှုများ)၊ စာ ၄၄၂-၄၄၇။

(၄) ၁၉၀၅ ခုနှစ်၊ စီရင်ထုံးများ (အယူခံမှုများ)၊ စာ ၄၄၇။ 4 Moor. 25.

(၅) ၁၉၀၅ ခုနှစ်၊ စီရင်ထုံးများ၊ အယူခံမှုများ၊ စာ ၁၀၉၁၊ A.C. 316.

၁၉၆၂
ဒေါ်သန်းကြည်
ပါ ၂
နှင့်
ဦးဘဆင် ပါ ၄။

ပြောဆိုခြင်းသည် ကြေးဆပ်ခြင်းမှ ရပ်ဆိုင်းရာမြောက်သည်ဟု ကို(ရှ်)မွတ်ဆင် နှင့် ရမ်ဒစ်တာမာ အမှု (၆)တွင် ဆုံးဖြတ်ခဲ့လေသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ကိုကြင်ဟိုး အား လူမဲ့အဖြစ် ပြဋ္ဌာန်းသည်မှာ မှန်ကန်သည်ဟု ယူဆရပေမည်။ အမှန်အားဖြင့်ဆိုသော် ကိုကြင်ဟိုးသည် ယင်းသို့ပြဋ္ဌာန်းသည်ကို အယူခံဝင်ခြင်းမပြုခဲ့ပေ။

ဒေါ်သန်းကြည်နှင့် ကိုဘိုးတိတ်တို့၏ ပညာရှိရှေ့နေကြီးတင်ပြသော ဒုတိယအချက်မှာ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ ကိုကြင်ဟိုးက မြို့ရှင်များအား ပြောကြားသည့်အခါ၌ ဒေါ်သန်းကြည်သည် ရန်ကုန်မြို့တွင် ဆေးရုံတက်၍ ဆေးကုသနေရကြောင်း၊ ဦးဘဆင်ကိုယ်တိုင်ကပင် ဝန်ခံသည် ဖြစ်သဖြင့်၊ ဒေါ်သန်းကြည်အား လူမဲ့အဖြစ် ပြဋ္ဌာန်းခြင်း မပြုနိုင်ကြောင်းနှင့် လျှောက်ထားခြင်း ဖြစ်သည်။ ဤအချက်ကို လက်ခံရမည် ဖြစ်သည်။ **အမ္မဒ္ဒူဆတ္တားနှင့် ဗီဒီအီးအေအော(ရှ်)၊အမ်၊ ချစ်တီးယားဖမ်း** အမှု (၇)တွင် အောက်ပါအတိုင်း မြွက်ကြားခဲ့လေသည်။

> **" It is a fundamental principle of insolvency law that a person is not to be adjudicated insolvent except for an act of insolvency which he has personally committed, or which has been committed by his agent under such circumstances that it must be taken that the act of insolvency by the agent has been expressly or impliedly authorized by the principal against whom an order of adjudication is sought."**

ထိုမူကို ဤရုံးကလည်း လိုက်နာကျင့်သုံးရမည်ဖြစ်သည်။

ထို့ကြောင့်၊ အယူခံတရားလို ဒေါ်သန်းကြည်အား လူမဲ့အဖြစ် ပြဋ္ဌာန်းခြင်းသည် မှားယွင်းသည်ဟု ယူဆရပေမည်။

ဒေါ်သန်းကြည်တို့၏ ပညာရှိရှေ့နေကြီး တင်ပြသည့် တတိယအချက်မှာ၊ အယူခံစာရွက်လို ကိုဘိုးတိတ်သည် အယူခံတရားခံ ဦးဘဆင်အား ဆန့်ကျင်သော ဟ္ဘဆင် ကုမ္ပဏီတွင်အစုစပ်အဖြစ် မပါဝင်သောကြောင့် ၎င်းအား လူမဲ့အဖြစ် ပြဋ္ဌာန်းခြင်း မပြုသင့်ကြောင်းနှင့် လျှောက်လဲခြင်းဖြစ်သည်။ အယူခံတရားခံ ဦးဘဆင်က ထို ဟ္ဘဆင်ကုမ္ပဏီတွင် ဒေါ်သန်းကြည်နှင့် မောင်ဘိုးတိတ်တို့ ၃ ဦး ဆိုင်ကြောင်း ထွက်ဆို၏။ မည်ကဲ့သို့ သိရှိရသည်ကို ဖေါ်ပြခြင်းမပြုချေ။ သူတဦးတယောက်အား လူမဲ့အဖြစ်ပြဋ္ဌာန်းရန် လျှောက်ထားရာ၌ ဤမျှသောသက်သေခံဖြင့် လူမဲ့အဖြစ် ပြဋ္ဌာန်း

---

(၆) ၁၉၂၈ ခုနှစ်၊ (၁၁၂) အိုင်းစီ၊ စာ ၁၃၂။

(၇) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၁၀၊ စာ ၂၁၅—၂၁၇။

ခြင်းပြုနိုင်မည်မဟုတ်ပေ။ ဤအမှုမျိုးတွင်လျှောက်ထားသူအပေါ်၌ သက်သေထင်ရှား ပြရန် တာဝန်မှာ ကြီးလေးသည်ဟု ယူဆရမည် ဖြစ်သည်။ [**အမ်၊အက်(စ်)၊အမ်၊ အမ်၊ချစ်တီးယားဖမ်း** နှင့် **ပီ၊မွတ်ဒါလီယား** တို့ အမှု(၇)ကို ကြည့်ပါ။] ထို့ကြောင့် မောင်ဘိုးတိတ်အား လူမွဲအဖြစ် ပြဋ္ဌာန်းခဲ့သည်မှာလည်း မှားယွင်းသည်ဟု ဆုံးဖြတ် ရမည်ဖြစ်သည်။

၁၉၆၂

ဒေါ်သန်းကြည် ပါ ၂ နှင့် ဦးဘဆင် ပါ ၄။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဒေါ်သန်းကြည်နှင့် သားမောင်ဘိုး တိတ်ဘို့အား လူမွဲများအဖြစ်ပြဋ္ဌာန်းသည့်အမိန့်ကို စရိတ်နှင့်တကွပယ်ဖျက်လိုက်သည်။

ဤရုံးရွှေနေခမှာ ၈၅ ဖြစ်စေရမည်။

(၇) အိန္ဒိယပြည်စီရင်ထုံးများ၊ (ရန်ကုန်အတွဲ ၁၁)၊ စာ ၉၆။

တရားမမှု

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင် ရှေ့မှောက်တွင်

† ၁၉၆၃

အောက်တိုဘာ လ ၂၅ ရက်။

ဒေါ်သိန်းရွှင် (လျှောက်ထားသူ)
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ ဗဟိုမြေယာကော်မိတီရုံး ပါ ၃ (လျှောက်ထားခံရသူများ)*

သီးစားချထားရေး အက်ဥပဒေ (၁၉၆၃ ခုနှစ်) ပုဒ်မ (၇) နှင့် (၈) ဗဟိုမြေယာကော်မိတီ၏အမိန့်များကို အမှုခေါ်စာချုန်တော်ဖြင့် ပယ်ဖျက်ခြင်းကိစ္စ၊ တရားရုံးချုပ်၌ အာဏာရှိ မရှိ။

လျှောက်ထားသူသည်၊ နိုင်ငံတော် တော်လှန်ရေးအစိုးရ ဗဟိုမြေယာ ကော်မိတီ၏ အမိန့်ကို မကျေနပ်၍၊ အမှုခေါ်စာချုန်တော်ဖြင့် ထိုအမိန့်ကို ပယ်ဖျက်ရန်၊ တရားရုံးချုပ်သို့ လျှောက်ထားခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ (၈)ပါ ပြဋ္ဌာန်းချက်တွင် "ဤဥပဒေနှင့် အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ ချမှတ်သည့် အမိန့်ကို မည်သည့်တရားမရုံး၊ သို့တည်းမဟုတ် အခွန်တော်ရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရ" ဟု ပြဋ္ဌာန်းထား၍၊ အဆိုပါအမိန့်သည် ထိုဥပဒေနှင့်ဖြစ်စေ၊ နည်းဥပဒေနှင့်ဖြစ်စေမကိုက်ညီလျှင်၊ ထိုအမိန့်ကို တရားရုံးချုပ်က အမှုခေါ်စာချုန်တော်ဖြင့် ပယ်ဖျက်ခွင့်ရှိ မရှိဆိုသည့် အချက်ပေါ် ပေါက်လာသည်။

"နှင့်အညီ" ဟူသောစကားရပ်မှာ၊ မည်သို့သောအဓိပ္ပါယ် သက်ရောက်သည်ကို စဉ်းစားရန် လိုသည်။ ဤကိစ္စနှင့်ပတ်သက်၍ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေပုဒ်မ ၂ (၂)တွင် "ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူခြင်းနှင့် စပ်လျဉ်း၍ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့် အာဏာပိုင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်စေရမည်" ဟုအတိအလင်း ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရသည်။ သာမန်အားဖြင့်ဆိုလျှင် ဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူမှုသည် တရားရုံးများ၏ တာဝန်ဖြစ်ပေသည်။ သို့သော် အဆိုပါဥပဒေတွင် ထိုတာဝန်ကို အစိုးရကခန့်ထားသည့် အာဏာပိုင်အား လွှဲအပ်ထားလေသည်။ ထို့ပြင်လည်း သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၅ တွင်၊ ကျေးရွာမြေယာကော်မိတီ၊ မြို့နယ် မြေယာကော်မတီတို့၏ ဆုံး

---

* ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၁၂၉။

† ပြည်ထောင်စုမြန်မာနိုင်ငံ ဗဟိုမြေယာ ကော်မိတီရုံးသီးစားချထားရေးဆိုင်ရာ အယူခံမှုအမှတ် ၄၊ ၆၃ တွင် ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့စွဲဖြင့် ချမှတ်သောဆုံးဖြတ်ချက်ကိုပယ်ဖျက်ရန် အမှုခေါ်စာချုန်တော် လျှောက်ထားခြင်း။

ဖြတ်ချက်ကို ဗဟိုမြေယာကော်မိတီထံ အယူခံနိုင်ခွင့် ပြုပြီးလျှင်၊ ဗဟိုမြေယာကော်မိတီ၏ ဆုံးဖြတ်ချက်သည်အပြီးအပြတ် အတည်ဖြစ်စေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထား၏။

ထို့ကြောင့်၊ အဆိုပါဥပဒေနှင့် နည်းဥပဒေများကို ဖြုံပေါင်းလေ့လာသော်၊ ယခုခေတ်သမယ၌ တောင်သူလယ်သမားများ၏လုပ်ငန်းအစုမ်းကုန်အကျိုးရှိစေရန်ကို ရည်မျော်ပြီး၊ ၎င်းတို့၏ လုပ်ငန်းတွင် အနှောက်အယှက် မရှိစေရန် ဥပဒေဖြင့် အာမူအညီပေးထားသည်ဟု ယူဆရန် အကြောင်းရှိလေသည်။

လျှောက်လွှာကိုပယ်လိုက်သည်။

လျှောက်ထားသူအတွက်။ ။ဦးဘသန်း (၃)။

လျှောက်ထားခံရသူ ၁ နှင့် ၂ အတွက်။ ။ဦးချစ်။

၁၉၆၃

ဒေါ်သန်းရွှင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဗဟိုမြေယာ ကော်မိတီဝင်း ပါ ၃။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအခင်းဖြစ်မြေမှာ၊ ဒေးဒရဲမြို့အပိုင်၊ ချောင်းဖျားကျေးရွာ၊ ကွင်းအမှတ် ၂၅၂၊ ဦးပိုင်အမှတ် ၁(ခ)၊ မြေချိန်ရေိယာ ၅.၁၆ ရှိလယ်မြေဖြစ်သည်။ ထိုလယ်မြေကို ပိုင်ရှင်ဖြစ်သည့် ယခုလျှောက်ထားသူ ဒေါ်သိန်းရွှင်နှင့် ၎င်း၏သီးစားလျှောက်ထားခံရသူ အမှတ် ၃ မောင်ခင်မောင်တို့ ၁၉၆၂-၆၃ ခုနှစ်အတွင်း လုပ်ကိုင်ရန်အတွက် လျှောက်ထားရာ နောက်ဆုံး၌ ရောဝတီတိုင်း၊ သီးစားချထားရေးကော်မိတီက ဒေါ်သိန်းရွှင် အား ချထားသိုက်၏။ ယင်းသို့ချထားသည့်အမိန့်ကို အမှုခေါ် စာချုန်တော်ဖြင့်ပယ်ဖျက်ရန် မောင်ခင်မောင် သည် တရားရုံးချုပ် တရားမအထွေထွေလျှောက်လွှာအမှတ် ၁၂၂/၆၂ တွင် လျှောက်ထားသော်လည်းမအောင်မြင်ခဲ့ချေ။ တရားရုံးချုပ်၏ အမိန့်ကို ၁၉၆၃ ခုနှစ်၊ ဖြေ့လ ၁၃ ရက်နေ့၌ချမှတ်ခဲ့သည်။

ထို့နောက် ၁၉၆၃ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဒေးဒရဲမြို့နယ်၊ ချောင်းဖျားကျေးရွာမြေယာကော်မိတီက၊ ဒေါ်သိန်းရွှင်နှင့် မောင်ခင်မောင်တို့ ရသင့်ရထိုက်သည့် အခွင့်အရေးများကိုလေ့လာသုံးသပ်ပြီးနောက်၊ အခင်းဖြစ်မြေကို မောင်ခင်မောင်အား ချထားသိုက်၏။ ဒေါ်သိန်းရွှင် မကျေနပ်သဖြင့် ရောဝတီတိုင်း၊ မြေယာကော်မိတီထံ အယူခံဝင်သည်တွင်၊ တိုင်းကော်မိတီက ကျေးရွာကော်မိတီ၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင် အခင်းဖြစ်မြေကို ဒေါ်သိန်းရွှင်အား ချထားသိုက်သည်။ မောင်ခင်မောင်၏ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗဟိုမြေယာကော်မိတီထံ အယူခံဝင်ပြန်ရာ၊ ဗဟိုမြေယာကော်မိတီက တိုင်းကော်မိတီ၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင် ထိုမြေကို မောင်ခင်မောင်အား ချထားလိုက်၏။ ထိုသို့ချထားသည့် အမိန့်ကို အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ရန် ဒေါ်သိန်းရွှင် ယခုလျှောက်ထားခြင်းဖြစ်သည်။

ခင်ဖေခု
နော် ဆိန်းရွှင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
ဗဟိုမြေယာ
ကော်မိတီရုံး
ပါ ၃။

၁၉၆၁-၆၄ ခုနှစ်အတွက် သီးစားချထားရန်ကိစ္စ ပေါ်ပေါက်သည့် အခါ၌ ၁၉၆၁ ခုနှစ် သီးစားချထားရေးဥပဒေသည်၎င်း၊ ၁၉၆၁ ခုနှစ် သီးစားချထားရေး နည်းဥပဒေများသည်၎င်း အတည်ဖြစ်ပြီးလေပြီ။ ယင်းသို့ဖြစ်ရကား၊ မြေယာကော်မိတီ အသီးသီးသည်၊ ထိုဥပဒေအရ အဆုံးအဖြတ်ပြုခဲ့ကြလေသည်။

၁၉၆၁ ခုနှစ် သီးစားချထားရေးဥပဒေအပိုဒ် ၇ တွင် ထိုဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှါ၊ ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းကို နည်းဥပဒေများအရ ခန့်အပ်ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်း၍ သီးစားချထားရေး နည်းဥပဒေအပိုဒ် ၃ အရ၊ မြေယာကော်မိတီအသီးသီး အစိုးရဖွဲ့စည်းခဲ့လေသည်။ အဆိုပါ ဥပဒေပုဒ်မ ၈ မှာ အောက်ပါအတိုင်းဖြစ်သည်။

> "၈။ ။ပုဒ်မ ၇ အရ၊ အာဏာလွှဲအပ်ခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်တဦးဦး၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုက ဤဥပဒေနှင့် အညီဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့် အညီဖြစ်စေ ချမှတ်သည့်အမိန့်ကို မည်သည့် တရားမရုံး၊ သို့တည်းမဟုတ် အခွန်ရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့် မရှိစေရ။ ထိုအမိန့်ကိုအယူခံ ဝင်လိုက ဤဥပဒေအရ ပြုသည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အဖွဲ့အစည်း တခုခုတွင်သာ အယူခံဝင်နိုင်သည်။"

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များတွင် "ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့် အညီဖြစ်စေ ချမှတ်သည့် အမိန့်ကို မည်သည့်တရားမရုံး၊ သို့တည်းမဟုတ် အခွန်ရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရ" ဟုပြဋ္ဌာန်းထား၍၊ အဆိုပါ အမိန့်သည် ဥပဒေနှင့်ဖြစ်စေ၊ နည်းဥပဒေနှင့်ဖြစ်စေ မကိုက်ညီလျှင် ထိုအမိန့်ကို ဤရုံးက အမှုခေါ်စာချုပ်တော်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်ခွင့် ရှိ၊ မရှိဆိုသည့်အချက်နှင့် စပ်လျဉ်း၍၊ လျှောက်ထားသူ ဒေါ်သိန်းရွှင်၏ ပညာရှိရွှေနေကြီးနှင့် မြန်မာနိုင်ငံ လက်ထောက် ရွှေနေချုပ်တို့၏ ဝေဖန်လျှောက်လဲချက်များကို ကြားနာ ရသည်။ "နှင့်အညီ" ဟူသော စကားရပ်မှာ မည်သို့သော အဓိပ္ပါယ်သက်ရောက်သည်ကို စဉ်းစားရန်လိုအပ်ပေလိမ့်မည်။ ဤကိစ္စနှင့်ပတ်သက်၍ ၁၉၆၁ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၂(၂)တွင် "ဤဥပဒေပါစကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ဤကိစ္စအလို့ငှါ အစိုးရက ခန့်ထားသည့် အာဏာပိုင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်" ဟုအတိအလင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ သာမန်အားဖြင့်ဆိုလျှင် ဥပဒေပါစကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူမှုသည် တရားရုံးများ၏ တာဝန်ဖြစ်ပေသည်။ သို့သော် အဆိုပါ ဥပဒေတွင် ထိုဘာဝန်ကို အစိုးရက ခန့်ထားသည့် အာဏာပိုင်အား လွှဲအပ်ထားလေ

သည်။ ထို့ပြင်လည်း သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၅ တွင် ကျေးရွာမြေယာကော်မီတီ၊ မြို့နယ်မြေယာကော်မီတီတို့၏ ဆုံးဖြတ်ချက်ကို ဗဟိုမြေယာကော်မတီထံ အယူခံနိုင်ခွင့်ပြုပြီးလျှင် ဗဟိုမြေယာကော်မီတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထား၏။

၁၉၆၃ ခေါ် သိန်းရွှင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဗဟိုမြေယာ ကော်မီတီရုံး ပါ ၃။

အထက်ပြောပြပါ အချက်များကို နှလုံးမူ၍ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေနှင့် နည်းဥပဒေများကို ခြုံငုံပေါင်းချလေ့လာသော်၊ ယခုခေတ်သမယတွင် တောင်သူ လယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းကို အင်တိုက် အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာ၌ အစွမ်းကုန်အကျိုးရှိစေရန်ကို ရည်မြော်ပြီး ၎င်းတို့၏ လုပ်ငန်းတွင် အနှောက်အယှက်မရှိစေရန် ဥပဒေဖြင့် အကူအညီပေးထားသည်ဟုယူဆရန် အကြောင်းရှိလေသည်။

ထို့ကြောင့် ယခုလျှောက်လွှာကို ပယ်လိုက်သည်။ အမှုသည်များသည် မိမိတို့စာရုးစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည်ဖြစ်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေမျောက်တွင်

† ၁၉၆၃
စက်တင်ဘာလ
၇ ရက်။

ဒေါ်အေးမှင် (လျှောက်ထားသူ)
နှင့်
ဦးအောင်သိန်း (လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က) တရားသူကြီးအား ကျယ်ဝန်းသည့် အာဏာပေးထားခြင်း၊ ထိုအာဏာကို အသုံးပြုရာ၌ တရားမျှတမှုရှိရန်လိုခြင်း (discretion to be exercised judicially) တရားမျှတစွာမပြုက ပယ်ဖျက်နိုင်ခြင်း။

ပြင်ဆင်လျှောက်ထားသူ၏သားဦးကျော်စိုးကံမှ၊ လျှောက်ထားခံရသူသည်၊ အခင်းဖြစ်ဘတ်(စ်)ကားကို ဝယ်ယူခဲ့၏။ ထိုနေ့တွင်ပင် လျှောက်ထားသူနှင့် လျှောက်ထားသူ၏သားကို ကျပ်ငွေ ၆၀၀ ဖြင့်ငှါးရမ်းခဲ့၏။ ထို့နောက် ၎င်းတို့သည် ငှါးခ မပေးသည်သာမက၊ ဘတ်(စ်)ကား၏ မှတ်ပုံတင် လက်မှတ်မှာပျောက်ဆုံးဟန်ဖြင့်၊ မှတ်ပုံတင်စာအုပ်အသစ် ရရန် ကြိုးစားသည်ဆိုကာ၊ လျှောက်ထားခံရသူက၊ ရာဇသတ်ပုဒ်မကြီး ၄၂၀ ဖြင့်တရားစွဲဆိုခဲ့၏။

အမှုစစ်ဆေးသည့်ရုံးက လျှောက်ထားခံရသူ ဦးအောင်သိန်းမှာ စာချုပ်အရ ပိုင်ရှင်ဖြစ်သည်ဆိုပြီး၊ ကားကိုငှါးအား အမှုအတောအတွင်း ပေးခဲ့၏။

သို့သော် လျှောက်ထားသူက ထိုအမိန့်ကို မကျေနပ်၍ စက်ရှင်တရားသူကြီးထံ ပြင်ဆင်မှု လျှောက်ထားရာ စက်ရှင်တရားသူကြီးက လျှောက်ထားခံရသူမှာ ကားပိုင်ရှင်ဖြစ်သည် ဆိုစေဦး၊ အငှါးစာချုပ်အရ လျှောက်ထားသူနှင့် သားအား ငှါးရမ်းထားပြီး၊ ၎င်းတို့ထံမှကားကိုသိမ်းခြင်း ဖြစ်သဖြင့် ၎င်းတို့အား ပြန်ပေးသင့်ကြောင်း ထောက်ခံချက်ပေးလေသည်။

ထိုထောက်ခံချက်ကို တရားရုံးချုပ်က စဉ်းစားရာ၊

ဆုံးဖြတ်ချက်။ ။ယခုအမှု၌ လျှောက်ထားသူမှာ အချင်းဖြစ် ဘတ်(စ်)ကားကို ငှါးရမ်းပိုင်ဆိုင်သူသာဖြစ်ပြီး၊ ရာဇဝတ်မကင်းသည့် ပြုမူချက် တခုခုအရ၊ လက်ရှိရယူထားသည်ဟု မည်သို့မျှ မဆိုနိုင်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က)အရ၊ အာဏာမှာကျယ်ဝန်းလှ သော်လည်း၊ ထိုအာဏာကို တရားမျှတစွာ အသုံးပြုရမည် (**discretion should not be exercised arbitrarily but on sound judicial principles**)။

လူတဦးတယောက် တရားဝင်ပိုင်ဆိုင်နေသည့် ပစ္စည်းကို ၎င်းပစ္စည်းနှင့်ပတ်သက်၍ လျှောက်ထားသူမှာပြစ်မှုရှိ မရှိ မစစ်ဆေး မဆုံးဖြတ်ရသေးမီ၊ ပစ္စည်းလက်မဲ့ဖြစ်သူတဦးအား ပိုင်ရှင်ဖြစ်သည့်

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁၀ (ခ)။

† ၁၉၆၃၊ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၁ တွင် ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ယံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီး ရုံးတော်၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

ဆိုစေဦး ပြန်လည်ပေးအပ်ခြင်းမှာ တရားမျှတခြင်း ရှိသည်ဟု ယူဆရန်ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းပြန်လည်၍ လက်ရှိရယူလိုက၊ ပိုင်ရှင်ဖြစ်လင့်ကစား၊ တရားမလမ်းကြောင်းအရသာ၊ တရားစွဲဆိုရယူရန် ရှိသောကြောင့်ဖြစ်ပေသည်။

ထို့ကြောင့် စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံလိုက်သည်။

၁၉၆၃
ဒေါ်အေးမှင်
နှင့်
ဦးအောင်သိန်း။

လျှောက်ထားသူအတွက်။ ။ပညာရှိရွှေနေကြီး ဦးအေးမောင်။
လျှောက်ထားခံရသူအတွက်။ ။ဦးပိမြမောင်။

တရားသူကြီး ဦးထွန်းတင်။ ။ဤပြင်ဆင်မှုအလှဘမှာ၊ ရန်ကုန်မြို့၊ ဒဿမ ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၅၅ မှ သက်သေခံ ပစ္စည်းဖြစ်သည့်၊ ဘတ်(စ်)ကားအမှတ် ၁၃၇၇ ကို၊ အမှုစစ်ဆေးသည့်အတောအဘင်း ထိန်းသိမ်းထားရန်၊ တရားလိုဖြစ်သူ လျှောက်ထားခံရသူ ဦးအောင်သိန်းအား ပေးလိုက်သည့် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို မကျေနပ်၍၊ တရားခံဖြစ်သူ လျှောက်ထားသူဒေါ်အေးမှင်က၊ ရန်ကုန်မြို့ စက်ရှင်တရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၁ တွင်၊ ပြင်ဆင်ပေးပါရန် လျှောက်ထားသည်တွင်၊ စက်ရှင်တရားသူကြီးက၊ ထိုရာဇဝတ် တရားသူကြီး၏ အမိန့်မှာ ဥပဒေအရ လက်ခံနိုင်ရန် မရှိသဖြင့်၊ ပယ်ဖျက်၍လျှောက်ထားသူသို့သာ ဘတ်(စ်)ကားကို ပြန်လည်ပေးသင့်ကြောင်း ထောက်ခံချက်နှင့် တင်ပို့ခဲ့သည့် အလှဘဖြစ်ပေသည်။

ဤနေရာ၌ အမှုတွဲတွင် ပေါ်လွင်သည့်အမှု ကြောင်းခြင်းရာ လိုရင်းကို ဖော်ပြရန် လိုအပ်သည့်အတိုင်း၊ တင်သွင်းခဲ့သည့် စာချုပ်စာတမ်း များအရ တွေ့ရှိရသည်မှာ၊ အခင်းဖြစ် ဘတ်(စ်)ကားကို လျှောက်ထားခံရသူ ဦးအောင်သိန်းက ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် အဘိုးငွေ ၂၀,၀၀၀ နှင့်ပိုင်ရှင်လျှောက်သူ၏သား ဦးကျော်စိုးထံမှ ဝယ်ယူလိုက်ပြီး၊ ထိုနေ့တွင်ပင် ဘတ်(စ်)ကားကို ဦးကျော်စိုးနှင့် ၎င်း၏ မိခင် လျှောက်ထားသူ ဒေါ်အေးမှင်တို့အား၊ တလလျှင်အခကျပ် ၆၀၀ နှင့် ငှါးရမ်းလိုက်ကြောင်း။ ထို့နောက် လျှောက်ထားသူများက ငှါးခငွေကို မပေးသည်သာမက ၎င်းဘတ်(စ်)ကား၏ မှတ်ပုံတင်လက်မှတ်မှာ ပျောက်ဆုံးသွားလေဟန်ဖြင့် မှတ်ပုံတင်စာအုပ် အသစ်ရရှိရန် ကြိုးစားသည်ဆိုသည်။ ထို့တွက် လျှောက်ထားသူနှင့်သား ဦးကျော်စိုးပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ တရားစွဲဆိုခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့်အမှုကို စစ်ဆေးသည့် ရုံးမှ သက်သေခံ ဘတ်(စ်)ကားကို ဘမ်းဆီးခဲ့ရာတွင်၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူ နှစ်ဦးစလုံးပင် ထိုကားကို အမှုစစ်ဆေးနေစဉ်အတွင်း၊ ၎င်းတို့ထံလုံလောက်သည့်အာမခံပေးက ပြန်ပေးထားရန်လျှောက်ထားသည်တွင် ရုံးတော်မှလျှောက်ထားခံရသူ၊ ဦးအောင်သိန်းမှာ စာချုပ်အရ

၁၉၆၂
ဒေါ်အေးမုင်
နှင့်
ဦးအောင်သိန်း။

ပိုင်ရှင်ဖြစ်ကြောင်း ပေါ်လွင်နေသဖြင့် ၎င်းသည်သာ ထိန်းသိမ်းထားသင့်သည် ယူဆ၍ ဦးအောင်သိန်းသို့ ပြန်ပေးလိုက်လေသည်။ သို့သော် လျှောက်ထားသူက ထို အဓိန္ဓကိုမကျေနပ်၍ စက်ရှင်ရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာဝယ်၊ စက်ရှင်တရားသူကြီးက ဦးအောင်သိန်းမှာ၊ ကားပိုင်ရှင်ဖြစ်သည် ဆိုစေဦး၊ အငှါးစာချုပ်အရ ကားကို လျှောက်ထားသူနှင့် သားသို့ ငှါးရမ်းထားသည့် အတိုင်း ပေးအပ်ထားကြောင်းမှာ ပေါ်လွင်နေရကား **ဦးဘလွိုင်** နှင့် **ဘလာဘတ်(စ်)ဆိုဒါနီ** အမှု(၁)၊ စီရင်ထုံးပါ ရည်ညွှန်းချက်အရ၊ ကားမှာလျှောက်ထားသူထံမှ သိမ်းဆည်း သွားခြင်း ဖြစ်သဖြင့် ၎င်းသို့သာ ဖြစ်ရိုးစဉ်လာအရ ပြန်ပေးသင့်ကြောင်း၊ သို့မဟုတ်ပါက လျှောက်ထားခံရသူသည် ကားကိုလက်ရှိရနိုင်ရန် ဥပဒေအရ တရားမကြောင်းဖြင့် တရားစွဲဆိုခြင်း မရှိဘဲလျက် ရယူရန်ခွင့်ပြုရာ ရောက်နေသောကြောင့် ဖြစ်ပေသည်ဟု ပြဆိုလေသည်။ သို့သော် လျှောက်ခံရသူတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရှေ့နေကြီးက **ချန်နာဆန်မာ** နှင့် **ဆန်ကရာက** အမှု (၂) စီရင်ထုံး၌ သက်သေခံပစ္စည်းကို နောက်ဆုံးလက်ရှိ ပိုင်ဆိုင်သူထံ ပေးအပ်သင့်သည်ဆိုရာ၌ ထိုသူမှာ သူခိုးသော်၎င်း၊ ခါးပြော်၎င်း ဖြစ်နေလျှင်၊ ၎င်းတို့ထံမှပစ္စည်းကို သိမ်းဆည်းခဲ့သော် ငြားလည်း၊ ၎င်းတို့သို့ ပြန်လည် ပေးရန်မသင့်ဟု ပြဆိုထားချက်ကို ကိုးကား၍၊ စက်ရှင်တရားသူကြီး ထောက်ခံသည့် အတိုင်း လျှောက်ထားသူထံမှ ကားကိုသိမ်းဆည်းခဲ့သဖြင့် ၎င်းသို့ ပြန်လည်ပေးသင့် ကြောင်း မယူဆသင့်ပါဟု ပြဆိုပေသည်။ သို့ရာတွင်ယခုအမှု၌ လျှောက်ထားသူမှာ သက်သေခံ ဘတ်(စ်)ကားကို၊ စာချုပ်စာတမ်းနှင့် ငှါးရမ်း ပိုင်ဆိုင်သူသာ ဖြစ်ပြီး ရာဇဝတ်မကင်းသည့် ပြုမူချက်တခုခုအရ၊ လက်ရှိ ရယူထားသည်ဟု မည်သို့မျှ မဆိုနိုင်သဖြင့် ထိုစီရင်ထုံးပါ ပြဆိုချက်မှာ မည်သို့မျှ အကျုံးမဝင်ဖေ။ တဖန်အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရှေ့နေကြီးက မူလရုံးမှ ဘတ်(စ်)ကားကို လျှောက်ထားခံရသူအား ပေးအပ်ခဲ့သည့် အမိန့်မှာ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၁၇ (က) အရ ချမှတ်ခဲ့သဖြင့် ထိုပုဒ်မ၏ ခွင့်ပြုအာဏာမှာလည်း ကျယ်ဝန်းလှသဖြင့် ရုံးတော်မ သက်သေခံ ပစ္စည်းကို လျှောက်ခံရသူသည်သာ ထိန်းသိမ်း ထားထိုက်သည်ဟု ယူဆခဲ့ပါက ထိုယူဆချက်မှာ ဥပဒေအရ မှားယွင်းချက်ချော်ခြင်း ဖြစ်နေသည်ဟု မဆိုနိုင်ပါဟု ပြဆိုပေသည်။ သို့ပေငြားလည်း ထိုကဲ့သို့ ကျယ်ဝန်းသည့် အခွင့်အာဏာ မျှားကို အသုံးပြုရွက်ဆောင်ရာဝယ် တဘက်သတ် မဖြစ်စေဘဲ၊ တရားမျှတမှု ရှိသည့် အမိန့်မျိုး ဖြစ်စေရမည် (**discretion should not be exercised arbitrarily but on sound judicial principles**) ဟု စီရင်ထုံး အများတွင်ပင်ပြဆို ထားခဲ့ရကား၊ ယခုကဲ့သို့ လျှောက်ခံရသူအား ကားကို ပြန်လည်

(1) 14 Rgn., p. 633. (2) (1948) B.L.R., p. 84.

ထိန်းသိမ်းဆားရန် ပေးအပ်ခဲ့ခြင်းမှာ အာဏာကို တရားမျှတစွာ အသုံးပြုဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေသလား ဆိုသည်ကို စဉ်းစားရပေမည်။

၁၉၆၃

ဒေါ်အေးရွှင်
နှင့်
ဦးအောင်သိန်း၊

ဒုတိယ အယူခံတရားလွှမ်းခြုံသော ပြဿနာမှာ ဘတ်(စ်) ကားမှာ လျှောက်ထားသူလက်ဝယ်မှ သိမ်းဆည်းခဲ့ခြင်းနှင့် လျှောက်ထားသူသည် ထိုကားကို စာချုပ်စာတမ်းအရ ငှါးရမ်းခဲ့၍ တရားဝင်သာနည်းနှင့် မိမိလက်ဝယ်ထားရှိခြင်း ဖြစ်ကြောင်းမှာ မငြင်းဆိုနိုင်ရကား၊ ထိုသို့ လူတဦးတယောက် တရားဝင်ပိုင်ဆိုင်နေသည့် ပစ္စည်းကို ၎င်းပစ္စည်းနှင့် ပတ်သက်၍ လျှောက်ထားသူမှာ ပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ မစစ်ဆေးမဆုံးဖြတ်ရသေးမီ ပစ္စည်းလက်မဲ့ဖြစ်သူတဦးအား ပိုင်ရှင်ဖြစ်သည်ဆိုစေဦး ပြန်လည်ပေးအပ်ခြင်းမှာ တရားမျှတမှုရှိသည်ဟု မည်သို့မျှ ယူဆရန်ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းပြန်လည်၍ လက်ရှိပိုင်ရှင်ဖြစ်လာ့ကစား တရားမလမ်းကြောင်း အရသာတခုခုဆို ရယူရန်ရှိသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် စက်ရှင်တရားသူကြီး တင်သွင်းခဲ့သည့် ထောက်ခံချက်ကို လက်ခံ၍ ရန်ကုန်မြို့၊ ဒဿမရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၂ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၅၅ တွင် သက်သေခံ ဘတ်(စ်) ကားအမှတ် ခဂ၇၈ ကိုလျှောက်ခံရသူအား ပေးအပ်သည့်၊ ၁၉၆၃ ခုနှစ်၊ မေလ ၇ ရက် နေ့စွဲပါ အမိန့်ကိုပယ်ဖျက်၍ ထိုဘတ်(စ်)ကားကို လျှောက်ထားသူသို့ လုံလောက်သည့် အာမခံခပေးပါက ပြန်လည်အပ်စေရန် အမိန့်တရပ် ချမှတ်ပေးလိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု။

တရားသူကြီး ဦးထွန်းတင် ရွှေတွင်။

† ၁၉၆၃

စက်တင်ဘာ ၁၂ ရက်။

မစ္စတာ စီ၊ အာ (ရ်)၊ မန်းနီးကွန်း (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ကရမ်ချန်းပါ ၃ (ပြင်ဆင်ရန် လျှောက်ထားခံရသူများ) *

တရားရှင်လွှတ်သည့်အမှု၊ မည်သည့် အခါ၌ ပယ်ဖျက်သင့်ခြင်း။

လျှောက်ထားသူသည်၊ လျှောက်ထားခံရသူများ အပေါ် ဦးတိုက်လျှောက်ထားသည့် အတိုင်း ရှင်းတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ မူလရုံးကစစ်ဆေးမှုပြုခဲ့ပြီး၊ စွဲချက်တင်နိုင်ရန် သက်သေ အထောက်အထား မတွေ့ရှိသဖြင့်၊ တရားရှင်လွှတ်လိုက်လေသည်။

ထိုအမိန့်ကို မကျေနပ်၍ စက်ရှင်ရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း ပလပလိုက်သဖြင့်၊ တရားရုံးချုပ်သို့ ထပ်မံပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။သက်သေခံချက်များကို၊ လေ့လာသောအခါ၊ လျှောက်ထားသူ၏ ပြဆို ချက်များကို လက်ခံရန်ခဲယဉ်းသည်။

တဖန်ယခုကဲ့သို့ တရားရှင်လွှတ်သည့် အမှုမျိုးတွင်၊ တရားသူကြီး၏ အမိန့်သည် ဆီလျော်ခြင်း၊ သို့မဟုတ် အကျိုးအကြောင်း မဆက်စပ်ခြင်း (foolish or perverse) မဖြစ်လျှင် ပယ်ဖျက်ရန် မသင့်။ ထပ်မံ၍စစ်ဆေးရန် အထူး ကောင်းမွန်သောအကြောင်း၊ သို့မဟုတ် အထူး စဉ်းစားရန် အကြောင်းမရှိလျှင်၊ မပြုလုပ်သင့်။

Diwan Singh and others Emperor, A.I.R. (1933) Lahore 561, ရည်ညွှန်းသည်။

ယခုအမှုတွင် ထပ်မံစစ်ဆေးရန် အကြောင်းမရှိ၍ ပြင်ဆင်မှုကို ပယ်လိုက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဂျီ၊ ဒီ၊ ဝီလှိုက်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးအောင်မင်း ၁။

တရားသူကြီး ဦးထွန်းတင်။ ။ဤပြင်ဆင်မှုမှာ ရန်ကုန်မြို့၊ အင်္ဂမရာဘက်ရာဇဝတ် တရားသူကြီးရုံး ၁၉၆၀ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅ တွင် လျှောက်ထားသူ မန်းနီးကွန်း က ဦးတိုက်လျှောက်ထားသည့်အတိုင်း လျှောက်ထားခံရသူ ၃ ဦးအပေါ် ရာဇသတ်ကြီး

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၈ (ခ)။

† ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅ တွင်ချမှတ်သော ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ အင်္ဂမရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

ပုဒ်မ ၃၀၂ အရ စုံစမ်းမှုပြုခဲ့ပြီး သက်သေများ ထွက်ဆိုချက်အရ လျှောက်ခံရသူများအပေါ် စွဲချက်တင်နိုင်ရန် မည်သို့မျှ မတွေ့ရှိရဟုဆိုပြီး တရားရှင် လွှတ်လိုက်သည့် အမိန့်ကို မကြေနပ်၍ လျှောက်ထားသူက ဟံသာဝတီနှင့် ရန်ကုန် စက်ရှင်တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ တွင် ပြင်ဆင်မှု တင်သွင်းခဲ့သော်လည်း အောင်မြင်ခြင်းမရှိ၊ ပယ်လိုက်သည်ဖြစ်၍ ယခုတဖန် ဤရုံးတော်သို့ ထပ်မံ တင်သွင်းသည့် အမှုဖြစ်လေသည်။

၁၉၆၃

မစ္စတာ စီး အာ(ရှ်)၊ မန်းနီးကွန်း နှင့် ကရမ်ချန်း ပါ ၃

အမှုကြောင်းရာ လိုရင်းကို ဖော်ပြရမူ လျှောက်ထားသူက ရန်ကုန်မြို့ မဂိုလ်လမ်း အိမ်အမှတ် ၂၅၂ ၏ အခန်းအမှတ် ၅ မှာ မိမိ၏ ဝိဇယ ရောင်းဝယ်ရေး အမည်ဖြင့် ဆိုင်ဖွင့်ထားသော အခမ်းဖြစ်၍ ၎င်းဆိုင်ခန်းတွင် မူတူးကရပန်ဆိုသူအား အစောင့်အဖြစ် ထားရှိကြောင်း လျှောက်ထားခံရသူ ကရမ်ချန်းမှာ မိတ်ဆွေဖြစ်၍ ၎င်းအား ထိုအခမ်းတွင် နေထိုင်စေရန် ခွင့်ပြုခဲ့ကြောင်း၊ သို့သော် ၁၉၅၉ ခု၊ မတ်လတွင် လျှောက်ထားခံရသူ ကရမ်ချန်းအား ထိုအခန်းမှ ဖယ်ရှားပေးရန် တောင်းဆိုခဲ့သော်လည်း ကရမ်ချန်က လိုက်နာခြင်းမပြုဘဲ ၁၉၅၉ ခု၊ မတ်လ ၁၅ ရက်နေ့နံနက် ၈ နာရီ အချိန်ခန့်တွင် မိမိ၏သူငှါး မူတူးကရပန်အား၊ လျှောက်ထားခံရသူ ၃ ဦးကရိက်နှက်၍ အိမ်ပေါ်မှ တွန်းချလိုက်ပြီး မိမိပိုင်ဘီဒိုနှင့်ကာစတိုးရီးယား ဆေးပုလင်း အဘိုး ၃,၀၀၀ ခန့်ကိုပါ ယူဆောင်သွားသဖြင့် မိမိက ရဲဌာနာတွင် တိုင်တန်းခဲ့သော်လည်း ရုံးတော်တွင် တရားစွဲဆိုရန် ညွှန်ကြားသဖြင့် တရားစွဲရပါသည်ဟု ဖော်ပြလေသည်။

သို့သော် အမှုကို စုံစမ်းစစ်ဆေးသောအခါ အရေးကြီးသော သက်သေ မူတူးကရပန်ဆိုသူမှာ ရှာပေမတွေ့တော့ဟု ဆို၍ လျှောက်ထားသူက ပလဲနီအပ်ပါးနှင့် ပရီယာဆာမိ (လိုပြ ၂ နှင့် ၃)တို့ကို ပြသခဲ့ရာ ၎င်းသက်သေနှစ်ဦးက မူတူးကရပန် လေ့ခါးမှ လိမ့်ကျလာသည်ကို တွေ့ပြီးနောက် ဘီဒိုတံုးကို ကူလီများခေါ်လာသည်ကို တွေ့လိုက်ရပါသည်ဟု ထွက်ဆို၏။

သို့သော် ထိုသို့ ဖြစ်ပျက်သည်နှင့် ပတ်သက်၍ ရဲဌာနာတွင် တိုင်တန်း၍ ရေးမှတ်ထားသည့် နေ့စဉ်မှတ်တမ်းအရ တွေ့ရှိရသည်မှာ လျှောက်ထားခံရသူ ကရမ်ချန်ကလည်း ၎င်းအခန်းမှာ မိမိငှါးရမ်းနေထိုင်သည့် အခန်းဟု အငြင်းပွါးပြီး မူတူးကရပန်နှင့် အချင်းများ၍ ရိုက်နှက်လိုက်သည်ဟုသာ ပြဆိုသဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၂၃ အရ ရေးမှတ်ထားသည်ကို တွေ့ရှိရပြီး ပစ္စည်းများ သယ်ဆောင်သွားကြောင်း ဖော်ပြထားသည်ကို မတွေ့ရှိရသဖြင့် လျှောက်ထားသူ၏ စွပ်စွဲချက်များမှာ ပေါ်လွင်ခြင်းမရှိဆိုပြီး မူလရုံးတော်မှ လျှောက်ထားခံရသူများအား၊ တရားရှင်လွှတ်လိုက်လေသည်။

ပြင်ဆင်မှုကို သုံးသပ်သည့် စက်ရှင်ရုံးတော်မှမူ အချင်းဖြစ်သည့်အခန်းမှာ ယခင်က ဇကေးရီးယားဆိုသူ ငှါးရမ်းနေထိုင်ခဲ့၍ လျှောက်ထားသူ၏ ပြဆိုချက်အရ ထိုအခန်း

၁၉၆၃

မစ္စတာ စီ၊ အာ(ရ)၊ မန်းနီးကွန်းနှင့် ကရမ်ချန်းပါ၊ ဒု။

ကို မိမိ ၁၉၄၉ ခုနှစ်ကစ၍ အသုံးပြုခဲ့ပြီး လျှောက်ထားခံရသူ ကချမ်ချန်းကိုလည်း လျှောက်ထားသူကဟင် နေထိုင်ခွင့် ပေးခဲ့ကြောင်း တွေ့ရသည်။ လျှောက်ထားခံရသူ အတွက် မေးမြန်းချက်များ အရဆိုသော် မူလအိမ်ဦးဖြစ်သူ ဇကေးရီးယား ထွက်သွားပြီးနောက် ၎င်းကသာ အိမ်ဦးအဖြစ် နေထိုင်လာပြီး လျှောက်ထားသူအား ဆိုင်းဘုတ် ချိတ်ဆွဲခွင့်သာ အခွင့်ပြုခဲ့ခြင်း ဖြစ်သည်ဟု ဆိုသို့သော်လည်း၊ လျှောက်ထားသူ ပြဆို ချက် အရပင် ၎င်းနှင့် လျှောက်ထားခံရသူ ကချမ်ချန်းတို့သည် ထိုအခန်းတွင် ၁၉၄၉ ခု နှစ်ခန့်က အတူနေထိုင်၍ မူတူးကချပန်ဆိုသူမှာလည်း ၎င်းတို့ နှစ်ဦးစုံ၏ အစေ အပါးဖြစ်သည်မှာ ထင်ရှားကြောင်း။

သို့ဖြစ်ရကား၊ လျှောက်ထားသူ၏ စွပ်စွဲချက်များနှင့် ပတ်သက်၍ မူတူးကရပန်ကို မစစ်ဆေးနိုင်သဖြင့် ပလဲနီအပ်ပါးနှင့် ပရီယာဒေါမိ ဆိုသူတို့အား စစ်ဆေးခဲ့ရာတွင် ၎င်းတို့၏ အစစ်ခံချက်များကို ဆင်ခြင်သော် အခြေခံ ယုတ္တိရှိသည်ဟု မဆိုနိုင်ကြောင်း မှာ ရင်ဒုနာတွင် ရေးမှတ်ထားသည့် နေ့စဉ်မှတ်ဘာမ်းက ၎င်းတို့၏ အစစ်ခံချက်ကို မည်သို့မျှ ထောက်ခံခြင်းမရှိသည်ကို တွေ့ရသဖြင့် စက်ရှင်ရုံးတော်မှ မူလရုံးတော်မှ ချမှတ်ခဲ့သည့် အမိန့်တွင် ဝင်ရောက်စွက်ဖက်သင့်ကြောင်း အကြောင်းမတွေ့ရှိရဆိုပြီး လျှောက်ထားသူ၏ ပြင်ဆင်မှုအလှာကို ပယ်ပိုက်လေသည်။

ထို့ကြောင့် လျှောက်ထားသူက **ဤရုံးသို့** ပြင်ဆင်မှု ထပ်မံတင်သွင်းခဲ့ရာတွင် အချင်းဖြစ်အခန်းမှာ လျှောက်ထားသူ ငှါးရမ်နေထိုင်လာသည့် အနေးဖြစ်ကြောင်း ထင်ရှား၍ လျှောက်ထားခံရသူ **ကချမ်ချန်းအား** မိမိက ဧတ္တနေထိုင်ရန် ခွင့်ပြုထားပြီး နောက်၊ အခန်းမှ ဖယ်ရှားရန် တောင်းဆိုခဲ့ပါလျက် လျှောက်ထားခံရသူသည်၊ အနေးမှ ဖယ်ရှားပေးရန် ငြင်းဆိုနေခြင်းမှာ **ရာဇဝတ်ကြီး** ပုဒ်မ ၄၄၁၊ ဒုတိယပိုင်း၏ ရည်ညွှန်း ချက်နှင့် ကိုက်ညီနေသဖြင့် လျှောက်ထားခံရသူ ကချမ်ချန်သည် ပုဒ်မ ၄၄၇ အရ ပြစ်မှုကျူးလွန်သူတဦးဖြစ်သည်မှာ ထင်ရှားပါလျက် ၎င်းအား အမှုမှ ကရာရှင် လွှတ်ခဲ့ခြင်းမှာ ဥပဒေအရ များစွာ မှားယွင်းနေပါသဖြင့် ပြင်ဆင်ပြီး စွဲချက်တင် စစ်ဆေး စေသင့်ပါသည်ဟု ပြဆိုပေသည်။

သို့သော် သက်သေခံချက်များကို လေ့လာသောအခါ လျှောက်ထားသူက လျှောက်ထားခံရသူအား၊ အခန်းမှ ဖယ်ရှားပေးရန် ဆောင်ရွက်ခြင်း ရှိသည်ဟုမတွေ့ရ၊ အထောက် အထားအဖြစ် နို့တစ်စာ ပေးခဲ့ကြောင်းလည်း မပြောဆို နိုင်သည့်ပြင် လျှောက်ခံရသူသည် လျှောက်ထားသူအား၊ တာမင်အနေနှင့် အယူက်ဖြစ်စေလိုသည့် သဘောနှင့် ဆက်လက်နေထိုင်ကြောင်း ယူဆရန်လည်း မည်သည့် လုံလောက်သည့် အထောက်အထား မပြဆိုနိုင်ရကား၊ လျှောက်ထားသူ၏ ပြဆိုချက်ကို လက်ခံရန် ခဲယဉ်းပေသည်။

တဖန်၊ ယခုကဲ့သို့ တရားရှင်လွှတ်ခဲ့သည့် အမှုမျိုးမှ တရားခံအပေါ် အမှုကို ဆက်လက် စစ်ဆေးရန် လျှောက်ထားတောင်းဆိုသည့် အမှုမျိုးတွင် ရုံးတော်မှ လိုက်နာသင့်သည့် အချက်များကို ***Diwan Singh and others*** v. ***Emperor*** (1) စီရင်ထုံးတွင် အောက်ပါအတိုင်း ပြဆိုထားခဲ့လေသည်။

၁၉၆၃

မစ္စတာ စီ၊ အာ(ရ)၊ မန်းနီးကွန်း နှင့် ကရမချန်း ပါ ၃။

"Generally speaking further inquiry after discharge is improper unless the order of discharge was perverse or foolish or was based upon a record of evidence which was obviously incomplete. In determining whether the order of the Magistrate discharging the accused was 'foolish or perverse,' it ought not to be sufficient to pick out holes in his judgment on matters of detail, but what is to be seen is whether taking a broad view of material points requiring decision in the case, and on consideration of the whole of the evidence, the order could have been passed by a judge, fairly and impartially dealing with the case. Further inquiry should be undertaken only in exceptional cases and for good reasons shown. The order of the Magistrate may not commend itself to the District Magistrate, the Magistrate may or may not have attached too much importance to the discrepancies and too little to the probabilities, but unless the order can be said to the perverse or foolish, it will not be interfered with.

Further inquiry should not be held merely because the revisional Court thinks that 'in the interests of justice' it is necessary to do so."

အဆက်ပါပြဆိုချက်များမှာ မှန်ကန်လေးစားသင့်သဖြင့် လက်ခံရမည် ဖြစ်သည့် အတိုင်း ထိုပြဆိုချက်များကို နှလုံးမူ၍ ယခုအမှုကို ဆင်ခြင်သော် လျှောက်ထားသူက အမှုကို လက်ခံ၍ ထပ်မံစစ်ဆေးရန် လုံလောက်သည့် အကြောင်းရှိပါသည်ဟု မည်သို့မျှ မပေါ်လွင်အောင် ပြသနိုင်ခြင်း မရှိရကာ၊ ဤပြဿနာမှုကို ခွင့်ပြုရန် အကြောင်းမည်သို့မျှ မတွေ့ရှိရပေ။

ဖော်ပြပါ ကြောင်းများကြောင့် ဤပြင်ဆင်မှုကို ပလပ်သိုက်သည်။

(1) A.I.R. (1933) Lahore 561.

တရားမ အယူခံ

တရားသူကြီးချုပ်၊ ဦးဘိုကြီးနှင့် တရားသူကြီး၊ ဦးစောဘသိန်းရွှေတွင်။

† ၁၉၆၃

ဩဂုတ်လ ၁၂ ရက်။

မပန်းစီ(ခေါ်)ဒေါ်ရင်ရင် (အယူခံတရားလို)

နှင့်

မလှရင်ပါ ၆ (အယူခံတရားခံများ) *

မိသားစုပြေငြိမ်းမှု (Family Settlement) အမှုတွင် တရားခံသည် သေဆုံး၍ သက်ဆိုင်သူ တို့ကရုံးပြင်ပတွင် ကြေအေးကြပြီး ပစ္စည်းများကိုခွဲဝေလက်ခံရန် ဒီကရီချမှတ်စေခဲ့ခြင်း တရားဝင်မဝင် မိသားစုပြေငြိမ်းမှု ဖန်တီးသည့် သဘော ပဏာမ ဒီကရီနှင့် အပြီးသတ် ဒီကရီကိစ္စ တရားမကျင့်ထုံးအမိန့် ၂၃ နည်း၂ပဒေ ၃ မိတ္တူမှန်ကိစ္စ သက်သေခံဥပဒေပုဒ်မ ၇၆ လက မှတ်ထိုးသော်လည်း နေ့စွဲမထည့်ခြင်း မှတ်ပုံတင်နည်း၃ပဒေ ၅၅ ဒီကရီ စာရွက်တခုစီအပေါ် တွင် မှတ်ချက် မရေးခြင်း မှတ်ပုံတင်ခြင်း မပျက်ပြယ် တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၂ အပိုဒ် ၁၅၊ မူလရုံးလက်ခံပြီးသည့် သက်သေခံ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၆၊ အယူခံရုံးက ဆက်လက် လက်ခံခြင်းကိစ္စ။

အယူခံတရားခံ (တရားလို) များသည် ဒေါ်ရင်ဆိုသူ၏ အမွေစား အမွေခံ များအနေနှင့်၊ ၎င်း ဒေါ်ရင်၏ အဒေါ်ဖြစ်သူနှင့် အခြားတဦးအား အချင်းဖြစ်တိုက်အိမ်မှ ထွက်ခွာစေလိုမှုနှင့် ဒေါ်ရင်ပိုင်ဆိုင်ကြောင်း မြွက်ဟ ကျေညာလိုမှုအတွက် တရားခံများအဖြစ် တရားစွဲဆိုခဲ့လေသည်။

မူလရုံးက စွဲဆိုသည့်အတိုင်းအနိုင်ဒီကရီ ချပေးခဲ့၏။

မူလရုံးတွင် အယူခံတရားခံ(တရားလို) များသည်၊ အယူခံတရားလို (တရားခံ) စွဲဆိုခဲ့သည့် မန္တလေးခရိုင် တရားမရုံး တရားမကြီးအမှုအမှတ် ၉/၃၇ တွင်သက်ဆိုင်သူများ ကြေအေးကြပြီး၊ အားလုံးသဘောတူညီချက်အရ တရားရုံးက ချမှတ်ခဲ့သည် အခိန်ဒီကရီ၏ မိတ္တူကိုအထူးအားကိုး အားထားပြုခဲ့ရာ၊ ထိုမိတ္တူကိုလည်း မူလရုံးကသက်သေခံအဖြစ် လက်ခံခဲ့လေသည်။

တရားရုံးချုပ်သို့ အယူခံတရားလိုက အယူခံဝင်ရာ၌ အဓိကအားဖြင့် တင်ပြသော အချက်များမှာ—

(၁) သက်သေခံ မိတ္တူသည် မိတ္တူမှန်မဟုတ်၊ မိတ္တူမှန်၏ မိတ္တူသာဖြစ်၍ လက်မခံသင့်ခြင်း၊

---

* မန္တလေးမြို့တွင် ရုံးထိုင်သော မြန်မာနိုင်ငံတရားရုံးချုပ်၌။ ၁၉၆၁ ခုနှစ်၊ တရားမ ပဌမ အယူခံအမှုအမှတ် ၇။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင်၊ ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နေ့စွဲပါ၊ မန္တလေးမြို့၊ ခရိုင်တရားမတရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

(၂) သက်သေခံ မိတ္ထူကို မိတ္ထူအမှန်အဖြစ် ဝန်ခံလက်မှတ်ရေးထိုးရာ၌ သက်သေတဦးက လက်မှတ်ထိုးသည့် နေ့စွဲမထည့်သဖြင့် မိတ္ထူမှန်မဖြစ်ခြင်း၊

၁၉၆၃

မဟန်းစီ (ခေါ်) ဒေါ်ရင်ရင် နှင့် မောရှင် ပါ ၆။

(၃) မှတ်ပုံတင်အရာရှိသည် ဒီကရီကို မှတ်ပုံတင်ရာ၌ ဒီကရီစာရွက်တခုစီ အပေါ်တွင် မှတ်ချက်မရေးသဖြင့် သက်သေခံ မိတ္ထူကိုလက်မခံ သင့်ခြင်း၊

(၄) အမှုပါ ဒီကရီသည်၊ ပစ္စည်းခွဲဝေသည့် ဒီကရီဖြစ်သဖြင့် လိုအပ်သော တံဆိပ်တော်ခွန်ကို မဆောင်ခဲ့သဖြင့် ၎င်းကိုအသိအမှတ်မပြုနိုင်ခြင်း၊

(၅) အမှုပါ ဒီကရီသည် ပဏာမ ဒီကရီသာဖြစ်ခြင်း၊

(၆) မန္တလေးခရိုင် တရားမရုံးသည်၊ အမှုပါ ဒီကရီကို ခွဲမှတ်ရာ၌၊ အာဏာကို ကျော်လွန်ပြီးခွဲမှတ်ခြင်း

စွဲဖြစ်လေသည်။

ဆုံးဖြတ်ချက်။ ။(၁) သက်ဆိုင်ရာ သက်သေခံချက်များကို သေချာစွာ လေ့လာ သုံးသပ်ရာ၌၊ သက်သေခံ မိတ္ထူသည်မူလ ဒီကရီ၏ မိတ္ထူမှန်ဖြစ်ပြီး၊ မိတ္ထူမှားထားသော စာတမ်းမဟုတ်ကြောင်းထင်ရှားသည်။

(၂) သက်သေခံမိတ္ထူကို မိတ္ထူမှန်အဖြစ် ဝန်ခံလက်မှတ်ရေးထိုးရာ၌၊ သက်သေ တဦးသည် နေ့စွဲမသည့်ခဲ့သော်လည်း၊ ၎င်းအတွက်ကြောင့် မိတ္ထူမှန် ဖြစ်သည်ဟုမဆိုနိုင်။ သက်သေခံဥပဒေပုဒ်မ ၇၆ တွင် သာဓကသားသေပုံစံ (Form) ကိုကိုးစွတိုင်း၌ လိုက်နာရန်မလို။ ထို့ကြောင့် သက်သေခံမိတ္ထူကို အမှုပါဒီကရီ၏ မိတ္ထူမှန် အစစ်ဖြစ်သည်ဟု ယူဆရပေမည်။

(၃) မှတ်ပုံတင်အရာရှိသည် ဒီကရီကို မှတ်ပုံတင်ရာ၌၊ မှတ်ပုံတင်နည်းဥပဒေ ၅ ပါပြဋ္ဌာန်းချက်များကို လိုက်နာပြီး ဒီကရီ စာရွက်တခုစီအပေါ်တွင် မှတ်ချက်မရေးသည်မှာ မှန်သော်လည်း၊ အဆိုပါဒီကရီအရ အကျိုးခံစားခွင့် ရှိသူတဦးဖြစ်သော ဒေါ်ရင်ကိုယ်တိုင် မှတ်ပုံတင်သွင်းခဲ့သည်ဖြစ်ရကား၊ မှတ်ပုံတင်အရာရှိ၏ ချို့ယွင်းချက်ကြောင့် ဒေါ်ရင်အား နစ်နာမှုမရှိစေအပ်။

အက်(စ်)၊ အမ်၊အေ၊အာ(ရ်)၊ ချစ်တီး ဖမ်း နှင့် ကိုတိတ် အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ ရန်ကုန်၊ စာမျက်နှာ ၁၇၆ ကိုကိုးကားသည်။

ထို့ကြောင့် မှတ်ပုံတင်ခြင်း ပျက်ပြယ်သည်ဟူ၍ငင်း၊ ထိုဒီကရီမှာ သံသယရှိဘွယ်ရာ ဖြစ်သည်ဟူ၍သော်ငင်း မယူဆသင့်ပေ။

(၄) အမှုပါဒီကရီသည် ပစ္စည်းခွဲစေသည့် ဒီကရီဖြစ်ရကား၊ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၂၂၊ အပိုဒ် ၁၅ အရ၊ တံဆိပ်တော်ခွန် မဆောင်ခဲ့သဖြင့်၊ ထိုဒီကရီကို အသိအမှတ်မပြုနိုင်ကြောင်းဖြင့် လျှောက်လဲသော်လည်း၊ ဤအမှုတွင်ပေါ်သည့် ပြဿနာမှာ ဒီကရီနှင့်ပတ်သက်၍ မဟုတ်ဘဲ၊ ဒီကရီ၏ မိတ္ထူမှန်ကို သက်သေခံအဖြစ် လက်ခံနိုင်သလောဟူသည့် ပြဿနာကို ဆုံးဖြတ်ရန်သာ ဖြစ်လေသည်။

ဒီလဲ(တ်)(ဂ်)ရေး နှင့် တေဘာဒေဝီ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ လာဟိုစာမျက်နှာ ၂၄၉ ကို ခွဲခြားရှင်းလင်းသည်။

မောင်အတူ နှင့် မသက်စု၊ ရန်ကုန်စီရင်ထုံးမျှားအဘွဲ့ ၅၊ စာမျက်နှာ ၇၈၅ ကိုရည်ညွှန်းသည်။

၁၉၆၃

မပန်းစီ (ခေါ်)
ဒေါ်ရင်ရင်
နှင့်
မလှရင် ပါ ၆။

မည်သို့ပင်ဖြစ်စေ၊ သက်သေခံ မိတ္တူကိုမူလရုံးက သက်သေခံအဖြစ် လက်ခံပြီး ဖြစ်သည့်အတွက်၊ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များအရ၊ အယူခံရုံးကလည်း ဆက်လက် လက်ခံရမည်ဖြစ်လေသည်။

မောင်ဘိုးထူ နှင့် မမကြီး ရန်ကုန်စီရင်ထုံးများ အတွဲ ၄၊ စာမျက်နှာ ၃၆၃ နှင့် မည္ဆန့် နှင့် မောင်စံမြ ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၆၊ စာမျက်နှာ ၅၂၀ ကိုရည်ညွှန်းသည်။

(၅) အမှုပါဒီကရီသည် ပဏာမ ဒီကရီသာဖြစ်သဖြင့်၊ အမှုသည်များ မည်သည့်အခွင့်အရေးကို မျှ အပြီးအပိုင် မရရှိသေးဟူ၍ လျောက်လဲသော်လည်း၊ ထိုဒီကရီကို အမှုသည်အားလုံး၏ သဘော တူညီချက်ဖြင့် ချမှတ်ခြင်းဖြစ်ရကား တရားမကျင့်ထုံး (၂၃) နည်းဥပဒေ (၃) အရ၊ ချမှတ်သည်ဟု ယူဆရပေမည်။ ထိုဒီကရီအရလည်း စာရင်းယူရန်ကိစ္စ မည်သို့မှ မပေါ်ပေါက်၊ ထိုဒီကရီအရလည်း ပစ္စည်းများကို ခွဲဝေပေးအပ်ပြီးဖြစ်သည်။ အမိန့် (၂၃) နည်းဥပဒေ (၃)သည် ပဏာမ ဒီကရီ နှင့် အပြီးသတ် ဒီကရီလိုသည်ဟုမဆို၊ သို့ဖြစ်၍အမှုပါ ဒီကရီသည် အပြီးသတ်ဒီကရီဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

(၆) မန္တလေးခရိုင်တရားမရုံးသည် မိမိတွင်ရှိသည့် အာဏာကို ကျော်လွန်ပြီး အမိန့်ဒီကရီ ချမှတ်သဖြင့် ထိုဒီကရီမှာ တရားမဂင် အတည်မဖြစ်နိုင်ပါဟူ၍ စောဒနာပြီး၊ အမွေဆက်ခံမှု ဥပဒေ ပုဒ်မ ၂၁၁-၂၁၂ နှင့် ၂၃၂ ပါပြဋ္ဌာန်းချက်များကို ကိုးကားခဲ့သည်။ သို့သော် ယခုအမှုသည် သာမန်အမှုမျိုးမဟုတ်၊ တရားရုံးက နှစ်ဘက်စစ်ဆေးကြားနာပြီး အမိန့်ဒီကရီ ချခဲ့သည်မဟုတ်။ ထိုအမှုတွင် တရားခံနှင့် ၎င်းစီမံခန့်ခွဲခွင့် လက်မှတ်ရခဲ့သောကွယ်လွန်သူပုဂ္ဂိုလ်တို့၏ ပစ္စည်းအားလုံးကို ခွဲဝေကြရန် ရုံးပြင်ပတွင် အညီအညွတ် သဘောတူကြပြီးတရားရုံးက သဘောတူပြေငြိမ်းသည့် အမိန့်ဒီကရီကို ချမှတ်လိုက်ခြင်းဖြစ်သည်။

ထိုပြင်အဆိုပါ အမှု၏ အမှုတွဲပျက်စီးခဲ့သဖြင့် ထိုအမှုတွင် တရားလိုသည် မည်သည့်အနေနှင့် တရားစွဲခဲ့သည်ကို အသေအချာ မသိနိုင်ချေ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သေသူ(၂) ဦးပိုင်ပစ္စည်းများ ဖြစ်သည်ဟု ယုံကြည်လက်ခံပြီး မိသားစုပြေငြိမ်မှု (Family Settlement) ကိုဖန်တီးသည့် အနေဖြင့် ခွဲဝေယူကြရန် သဘောတူညီဟန်ဖြစ်သဖြင့် ၎င်းဖန်တီးမှုမျိုးကို တရားရုံးများက အားပေးလိုက်လျော လက်ခံ အတည်ပြုလေ့ရှိကြသည်။ အမွေဆိုင်များ၏ ကျေနပ်မှုသာလျှင် ပဓါနဖြစ်သည်။

မကျော် နှင့် ဒေါ်ကြေး၌ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန် စာမျက်နှာ ၃၅၅ ကို ရည်ညွှန်းသည်။

ထို့ပြင် အဆိုပါအမှုတွင် တင်သွင်းသော အဆိုလွှာ မရှိတော့သဖြင့်၊ မည်သည့် အကြောင်း အချက်ကြောင့် စီရင်ပိုင်ခွင့် အာဏာမရှိကြောင်း ဆုံးဖြတ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် အထက် ဖော်ပြပါ မိသားစု ပြေငြိမ်းမှုအရ ချမှတ်သည့် ဒီကရီကို လက်ခံရပေမည်။ ထိုဒီကရီအရ အခင်းဖြစ် တိုက်နှင့် မြေကို ဒေါ်ရင်သို့ လက်ရောက်ပေးအပ်လိုက်ခြင်းဖြစ်သည်။

အယူခံတရားလိုအတွက် ။ ။မစ္စတာ ဗားမား၊ မစ္စာတာ ဘို(စ်) နှင့် ဦးဖသာထော်။

အယူခံ တရားခံ အတွက် ။ ။ဦးလှညွှန့်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အယူခံ တရားခံ မလှရင် ပါ ၆ ဦးတို့က၊ အခင်းဖြစ် မန္တလေးမြို့ရှိ တိုက်အိမ်နှင့် မြေသည်၊ ကွယ်လွန်သူ ဒေါ်ရင် (ခေါ်) မစွစ် ဘီ၊ ပါစယ် ပိုင်ကြောင်း၊ ဒေါ်ရင် ကွယ်လွန်ပြီးနောက်မိမိတို့သည်၊ ဒေါ်ရင်၏ အမွေကို ဆက်ခံခဲ့ကြောင်း၊ မစွစ် အယ်(လ်)၊ စတီဗင်ဆင် နှင့် ဆရာဝန် အမ်၊အေမ်၊ ချော်ဟန် တို့သည်၊ မိမိတို့၏ အခွင့် အမိန့် တစုံတရာ မရရှိဘဲ၊ ထိုတိုက်အိမ်တွင်ဝင် ရောက်နေထိုင်ကြကြောင်းဖြင့်၊ ထိုတိုက်အိမ်နှင့်မြေသည်၊ ဒေါ်ရင် (ခေါ်) မစွစ် ဘီ၊ ပါစယ် ပိုင်ကြောင်း မြွက်ဟ ကြေညာစေလိုမှု၊ တရားခံ များးအား၊ ထိုတိုက်အိမ်မှ ထွက်ခွါဖယ်ရှားစေလိုမှုနှင့် အခြား သက်သာခွင့်များ ရယူလို့ တရားစွဲဆိုခဲ့လေသည်။ အမှုအတောအဘွင်း၊ မစွစ် အယ်(လ်)၊ စတီဗင်ဆင် သေဆုံးသဖြင့်၊ မပန်းစီ (ခေါ်) ဒေါ်ရင်ရင် အား၊ ၎င်း၏ တရားဝင် ကိုယ်စားသွယ် အဖြစ် အမှုတွင် ထည့်သွင်းခဲ့သည်။ ဒုတိယ တရားခံ ဒေါက်တာ ချော်ဟန်သည်လည်း၊ အခင်းဖြစ်တိုက်အိမ်မှ ဖယ်ရှားခဲ့လေသည်။ မန္တလေးမြို့ ခရိုင် တရားမ ရုံးသည်၊ မသ့ရင် စွဲဆိုသည့် အတိုင်း မစွစ် အယ်(လ်)၊ စတီ ဗင်ဆင် (သေ) ၎င်း၏ တရားဝင် ကိုယ်စားလှယ် မပန်းစီ အပေါ် အနိုင် ဒီကရီ ချမှတ် လိုက်သဖြင့် မပန်းစီ ယခု အယူခံ ဝင်ခြင်း ဖြစ်သည်။

အမှု အကြောင်း ချင်းရာ အတိုချုပ်မှာ၊ ခရာစ် ယာန် ဘာသာဝင် ဖြစ်သူ မစွစ် ဂျေ၊အေ၊ဝက်(စ်) သေဆုံးသည့်အခါ၊ ၎င်း၏တူဖြစ်သူ မစွတာ ဘီ၊ ပါစယ် သည်၊ ၎င်း ပြုလုပ် ထားခဲ့သော သေတမ်းစာ အရ၊ ပစ္စည်းများကို အုပ်ချုပ် စီမံ ခန့်ခွဲခွင့် လက်မှတ် သျှောက်တော်း ရယူပြီး၊ ထိုပစ္စည်းများကို မိမိကိုယ်ကျိုး အတွက် အသုံး ပြုသဖြင့်၊ မစွစ် ဂျေ၊ အေ၊ ဝက်(စ်) ၏ ညီမ တဦး ဖြစ်သူ မစွစ် အယ်(လ်)၊ စတီဗင် ဆင် သည်၊ မစွတာ ပါစယ် အပေါ် တရားစွဲဆိုလေသည်၊ ထိုသို့ တရား စွဲဆို ပြီး နောက် မစွတာ ဘီ၊ ပါစယ်သည်၊ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ဆင်း၍၊ ရွှေနေကြီး များနှင့် တိုင်ပင်ပြီး များမကြာမီ အဆိပ်သောက်၍ မိမိကိုယ်ကို မိမိ အဆုံး စီရင်လိုက် ၏။ ယင်နောက် မစွစ် ဂျေ၊ အေ၊ ဝက်(စ်) ၏ ညီမများ ဖြစ်သူ မစွစ် စတီဗင်ဆင်၊ မစွစ် အန်၊ အေ၊ ပါစယ် (ဘီ၊ ပါစယ်၏ မိခင်) နှင့် ၎င်းတို့၏ ဆွေမျိုးများ တိုင်ပင် ပြီး၊ အထက် ဖေါ်ပြ ပါ အမှုကို ရုံးပြင်ပတွင် ကြေအေး ကြေလေသည်။ သက်ဆိုင်ရာ အမှုဘွဲ့မှာ ပျက်စီးခဲ့ သဖြင့်၊ မလှရင်တို့က ထိုအမှုတွင် ဆွေမျိုး အားလုံး သဘော တူညီချက် အရ၊ ချမှတ်သော ဒီကရီ မိတ္တူ ဆိုသည့် စာတမ်း တစောင်ကို ရုံးသို့ တင်သွင်းလေသည်။

အထက်၌ ဖေါ်ပြခဲ့သည့် အတိုင်း၊ မစွစ် အယ်(လ်)၊ စတီဗင်ဆင် က မစွတာ ပါစယ် အပေါ် တရား စွဲဆိုသည်ကိုငင်း၊ ထိုစွဲဆိုသည့် မန္တလေးမြို့ ခရိုင် တရားမရုံး တရားမကြီး အမှု အမှတ် ၉/၃၇ တွင် သက်ဆိုင်သူများ ကြေအေးကြပြီး၊ အားလုံး

ဒေါ်ရင်ရင် နှင့် မလှရင် ပါ ၆။ — မပန်းစီ (ခေါ်)

၁၉၆၃

မပန်းစီ (ခေါ်)
ဒေါ်ရင်ရင်
နှင့်
မလှရင် ပါ ၆။

သဘော တူညီချက် အရ၊ တရားခံက အမိန့် ဒီကရီ ချမှတ်သည်ကိုငင်း၊ အယူခံ တရားလို၏ ပညာရှိ ရှေ့နေကြီးများ မငြင်းကြချေ။ သို့သော် ပညာရှိ ရှေ့နေကြီးများက၊ မလှရင်တို့ တင်သွင်းသော ဒီကရီ မိတ္တူ သက်သေခံ အမှတ် "က" ကို လက်မခံရန် အကြောင်း အမျိုးမျိုး တင်ပြလေသည်။

ပဌမ အကြောင်း ပြချက်မှာ၊ ထိုသက်သေခံ အမှတ် "က" သည်၊ မူလ ဒီကရီ၏ မိတ္တူမှန် မဟုတ်၊ မိတ္တူမှန်၏ မိတ္တူသာ ဖြစ်သောကြောင့် တရားရုံးက လက်မခံ နိုင်ကြောင်း ဖြစ်သည်။ သို့သော် ထိုအမိန့် ဒီကရီ ချမှတ်စဉ်က၊ မန္တလေးမြို့၊ ခရိုင် တရားမရုံးတွင် ရုံးအုပ် စာရေးကြီးအဖြစ် အမှုထမ်းခဲ့သူ ဦးဘ (လိုပြ-၁) နှင့် လက်ရေးတို စာခရေး အဖြစ် အမှုထမ်းခဲ့သူ မစ္စတာ ဂျေ၊ မဲ ဒူဂဲ(လ်) (ခံပြ-၂) တို့၏ ထွက်ဆိုချက်များကို သေချာစွာ သေ့လော သုံးသပ်ရာ၌ သက်သေခံ အမှတ် "က" သည်၊ မူလ ဒီကရီ၏ မိတ္တူမှန် ဖြစ်ပြီး၊ မိတ္တူမှ တဆင့် မိတ္တူ ကူးသော စာတမ်း မဟုတ်ကြောင်း ထင်ရှားလေသည်။ ထိုသက်သေများသည်။ မည်သည့် ဘက်ကိုမျှ မဘာရာ သိုက်၍၊ သက်သေခံရန်အကြောင်း မမြင်ခဲ့ချေ။ ၎င်းဘို့ သက်သေ ခံသည်ကို တွေ့မြင် ကြားနာ ရသော တရားသူကြီးက၊ ၎င်းဘို့၏ ထွက်ဆိုချက်များကို လက်ခံခဲ့သည်။ ဤအယူခံ ရုံးကလည်း လက်ခံရမည်သာ ဖြစ်သည်။ ထို့ပြင် ဒီကယ်၍၊ မိတ္တူမှ တဆင့်ကူးလျှင်၊ ယခုတွေ့ရသော မိတ္တူမှန် ဖြစ်ကြောင်း ဝန်ခံချက် အပြင် ယခင်က မိတ္တူမှန် ဖြစ်ကြောင်း ဝန်ခံချက်ကိုလည်းခရားကူး ထားသည်ကို တွေ့ရပေ မည်။

ဒုတိယ အချက်မှာ ထိုသက်သေခံ အမှတ် "က" ကို မိတ္တူမှန် အဖြစ် ဝန်ခံ လက်မှတ်ရေးသား ရာ၌၊ သက်သေ ဦးဘ သည်၊ လက်မှတ် ထိုးသည့် နေ့စွဲမထည့် သဖြင့်၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၇၆ အရနှင့် မကိုက်ညီကြောင်း တင်ပြလေသည်။ ဦးဘ နေ့စွဲ မထည့်သည်ကား မှန်၏။ သို့သော် နေ့စွဲ မထည့်ရုံမျှနှင့် သက်သေခံ အမှတ် "က" မိတ္တူမှန် မဖြစ်ဟု မဆိုနိုင်ပေ။ ဝုဒ်ရော့ဖ် နှင့် အမီယာ အလီတို့ ပြုသော ဆယ်ကြိမ်မြောက် ထုတ် သက်သေခံ အက်ဥပဒေ ကျမ်း စာမျက်နှာ ၈၈၆ တွင် သက်သေခံ အက်ဥပဒေ ပုဒ်မ ၇၆ ပါ ပြဋ္ဌာန်း ချက်များကို ဝေဖန်ရာ၌၊ အောက်ပါ အတိုင်း မြွက်ဆိုသေသည်။

> " In section 76 a particular form of certificate is prescribed, but that form is not necessary in every case. All that is required by the section is that it must be a true copy of the original and there must be something to denote that it was so . . ."

၁၉၆၃

မောန်းစီ (ခေါ်) ဒေါ်ရင်ရင် နှင့် မလှရင် ပါ ၆။

သက်သေခံ အမှတ် "က" တွင် ရုံးအုပ် စာရေးကြီး ဦးဘက နှစ်နေရာ၌ မိတ္တူမှန် ဖြစ်ကြောင်း ဝန်ခံ လက်မှတ် ရေးထိုးခဲ့သည့်ပြင် တရားရုံး၌လည်း ထပ်လောင်း၍၊ ကျမ်းကျိန် အစစ်ခံခဲ့သေ သည်။ ထို့ကြောင့် သက်သေခံ အမှတ် "က" သည် တရားမကြီး အမှု အမှတ် ၉/၁၇ တွင် ချမှတ်သော အမိန့် ဒီကရီ၏ မိတ္တူမှန် အစစ် ဖြစ်သည်ဟု ယူဆရပေမည်။

တတိယ အချက်မှာ မှတ်ပုံတင် အဆာရှိသည် ဒီကရီကို မှတ်ပုံတင်ရုံ၌ မှတ်ပုံတင် နည်းဥပဒေ ၅၅ ပါ ပြဋ္ဌာန်း ချက်များ ကို လိုက်နာပြီး၊ ဒီကရီ စာရွက်တခုစီ အပေါ် တွင် လိုအပ်သော မှတ်ချက်များ မခေးဘဲ၊ ပဌမ စာရွက်နှင့် နောက်ဆုံး စာရွက် အပေါ်၌သာ ယင်းသို့ မှတ်ချက်ရေး သဖြင့် ထိုသက်သေခံ အမှတ် "က" ကို လက်မခံ ထိုက်ကြောင်းနှင့် လျောက်လဲ ပြန်သေး၏။ သို့သော် အဆိုပါ ဒီကရီ အရ၊ အကျိုး ခံစားခွင့်ရှိသူ တဦးဖြစ်သော ဒေါ်ရင် (ခေါ်) မစွစ် ဘီ၊ ပါစ်ယ် ကိုယ်ဘိုင်မူလ ဒီကရီကို မှတ်ပုံတင်ရန်အတွက်၊ မှတ်ပုံတင် အဆာရှိက တင်သွင်းခဲ့သည် ဖြစ်ရကား၊ မှတ်ပုံတင် အဆာရှိ၏ ချို့ယွင်းချက်ကြောင့် ဒေါ်ရင်အား၊ နှစ်နာမှု မရှိစေအပ်ပေ။ **အက်(စ်)၊အမ်၊ အေ၊ အာ(ရ်)၊ ချစ်တီး ဖမ်းနှင့် ကိုတိတ်** (၁) တို့ အမှုဘွင် အောက်ပါ အတိုင်း ဆုံးဖြတ်သေသည်။

> "Where a document is presented by a person duly authorised to present it, who thus initiates the jurisdiction of the Registering Officer, and who does all that he is required to do under the Act and is guilty of no shortcoming thereunder, it would be contrary to the scheme of the Act, and it could not have been the intention of the Legislature that he should be punished for any error or defect in the procedure of the Registering Officer subsequent to the presentation. If the Registering Officer committed an error, it must be held to be an error in the procedure to be cured by Section 87 of the Act."

ထို့ကြောင့် မှတ်ပုံတင်အဆာရှိ မူလဒီကရီစာရွက်တိုင်းတွင် လိုအပ်သည့်မှတ်ချက် မခေးမိခြုံမျှနှင့် မှတ်ပုံတင်ခြင်း ပျက်ပြယ်သည်ဟူ၍သော်ငင်း၊ ထိုဒီကရီမှာ သံသယ ရှိဘွယ်ဆုဖြစ်သည်ဟူ၍သော်ငင်း၊ မယူဆသင့်ပေ။ ထို့ပြင်လည်း၊ မိတ္တူမှန်ကို ပြုလုပ် ထုတ်ပေးနိုင်ခွင့်ရှိသည့် ထိုစဉ်က ရုံးအုပ်စာရေးကြီးဖြစ်သူ ဦးဘကိုယ်တိုင် သက်သေခံ အမှတ် "က" သည် မူလဒီကရီ၏ မိတ္တူမှန်ဖြစ်ကြောင်း ကျမ်းကျိန်ထွက်ဆိုခဲ့သေ သည်။

---

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၃ ဗုန္နစ်၊ရန်ကုန်၊ ၁၀ ၁၇၆။

၁၉၆၃

မန်းစီ (ခေါ်)
ဒေါ်ရင်ရင်
နှင့်
မလှရင် ပါ ၆။

စတုတ္ထအချက်အဖြစ် တင်ပြသည်မှာ၊ ထိုဒီကရီသည် ပစ္စည်းခွဲဝေသည့် ဒီကရီ ဖြစ်ရကား၊ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၂၊ အပိုဒ် ၁၅ အရ၊ တံဆိပ်တော်ခွန် မဆောင်ခဲ့သဖြင့်၊ ထိုဒီကရီကို အသိအမှတ် မပြုနိုင်ကြောင်းဖြင့် လျှောက်လဲ၍၊ **ဒီလဲတင်ဂ်**ရေးနှင့် **တေဘာဒေဝီ** အမှု (၂) ကို အကိုးအကားပြု၏။ သို့သော် ထိုအမှုတွင် တံဆိပ်တော်ခွန်မဆောင်းဆောင်သဖြင့် ဒီကရီကို ဇာရီလုပ်မည် မဟုတ်ကြောင်းသာ ဆုံးဖြတ်သည်။ ယခုအမှုတွင်ကား၊ ယင်းကဲ့သို့မဟုတ်၊ ဒီကရီ၏ မိတ္တူမှန်ကို သက်သေအဖြစ် လက်ခံနိုင် သဘောတူသည့် ပြဿနာကိုစဉ်းစား ဆုံးဖြတ်ရမည်ဖြစ်သည်။ ဤအချက်နှင့် စပ်လျဉ်း၍ အယူခံတရားခံများ၏ ပညာရှိရှေ့နေကြီးက၊ **မောင်ဘတူနှင့် မသက်စု** တို့အမှု (၃) ကိုကိုးကားပြီး၊ ယခုအမှုတွင်၊ ဒီကရီပစ္စည်းများကို စုပေါင်းပိုင်ဆိုင်သက်ရှိဖြစ်သူများက မိမိတို့ အသီးသီးပိုင်ထိုက်ခွင့်များကို ခွဲခြားရယူခြင်း မဟုတ်သဖြင့်၊ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၂၊ အပိုဒ် ၁၅ တွင် အကျုံးမဝင်ကြောင်းဖြင့် လျှောက်လဲ၏။ မည်သို့ပင်ဆိုစေ၊ သက်သေခံအမှတ် "က" ကို မူလရုံးက သက်သေခံအဖြစ် လက်ခံပြီးဖြစ်သည့်အတွက်၊ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များအရ၊ အယူခံရုံးကလည်း ဆက်လက်လက်ခံရမည်ဖြစ်ပေသည်။ **မောင်ဘိုးထူး**နှင့် **မမကြီး**အမှု (၄) နှင့် **မညွှန့်**နှင့် **မောင်စံမြို့** (၅) အမှုတို့ကို ကြည့်ပါ။

ပဉ္စမအချက်အနေဖြင့် တင်ပြလျှောက်လဲသည်မှာ၊ အမှုပါ ဒီကရီသည် ပဏာမဒီကရီသာဖြစ်သဖြင့်၊ အမှုသည်များ မည်သည့်အခွင့်အရေးကိုမျှ အပြီးအပိုင်မရရှိသေးကြောင်းဖြစ်သည်။ သို့သော်၊ ထိုဒီကရီကို အမှုသည်များအားလုံး၏ သဘောတူညီချက်ဖြင့် ချမှတ်ခြင်းဖြစ်ရကား၊ တရားမကျင့်ထုံးအမိန့် ၂၃ နည်းဥပဒေ ၃ အရ၊ ချမှတ်သည်ဟု ယူဆရပေမည်။ ထိုဒီကရီအရလည်း စာရင်းယူရန်ရှင်းရန်ကိစ္စ မည်သို့မျှ၊ မပေါ်ပေါက်ခဲ့ချေ။ မည်သူမည်သည့်ပစ္စည်းရကြောင်း တိတိကျကျဖော်ပြပြီး၊ ယင်းသို့ တိကျစွာ ဖော်ပြသည့်အတိုင်းပင်၊ ခရိုင်တရားမရုံးက ဘီလစ် ဦးဘသာ (လိုပြ-၂) အား ပစ္စည်းထိန်းခန့်အပ်၍ ခွဲဝေပေးစေရာ၊ ပစ္စည်းထိန်းကလည်း ရသင့်ရထိုက်ခွင့်ရှိသူများအား ဒီကရီအတိုင်း ခွဲဝေပေးအပ်၍၊ ၎င်းတို့အားသီးသီးရရှိကြောင်း ဝန်ခံချက်

---

(၂) အော်အိုင်၊အာရ် (၁၉၃၂)ခုနှစ်၊ လာဟိုး၊ စာ ၂၄၉။

(၃) ရန်ကုန်ဗီရင်ထုံးများ အတွဲ ၅၊ စာ ၇၀၅။

(၄) ရန်ကုန်စီရင်ထုံးများ အတွဲ ၄၊ စာ ၃၆၃။

(၅) ရန်ကုန်ဗီရင်ထုံးများ အတွဲ ၆၊ စာ ၅၉၀။

နှင့်တကွ၊ တရားရုံးသို့ အစီရင်ခံခဲ့လေသည်။ **အာမက်မီးဇာဘက်နှင့်အာလာဟာဘတ် ဘဏ်တိုက်** အမှု (၆) တွင် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့၏။

၁၉၆၃

မပန်းစီ (ဧရိ)
ဒေါ်ရင်ရင်
နှင့်
မလှရင် ပါ ၆။

> "Order 23 Rule 3 does not contemplate the necessity of two decrees *i.e.* a preliminary and a final, but only of one decree."

ဤအဆုံးအဖြတ်သည် မှန်ကန်သည်ဖြစ်၍ လက်ခံပြီး၊ ယခုအမှုပါ ဒီကရီသည် အပြီးသတ် ဒီကရီဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

ဆဋ္ဌမဘင်ပြချက်မှာ၊ အဆိုပါ တရားမကြီးမှုအမှတ် ၉/၃၇ မပြီးပြတ်မီ အတော အတွင်း၊ မစ္စတာ ဘီ၊ ပါစယ် သေဆုံးသောကြောင့်၊ မစ္စစ် ဂျေ၊ အေ၊ ဝက်(စ်) ၏ အခွန်ပေးဆပ်သူကို ထိန်းသိမ်းသူနှင့်ဘဝသို့ဖြင့်၊ အမှုမှာ ရပ်စဲသွားသည်တကြောင်း၊ မစ္စစ် ဂျေ၊ အေ၊ ဝက်(စ်) ထားခဲ့သော သေတမ်းစာအတိုင်း မသိုက်နာဘဲ၊ မဆမဲမြင်ပြီး၍ ဆောင်ရွက်ခဲ့သည်ဟုကြောင်းတို့ကြောင့်၊ မန္တလေးခရိုင် တရားမရုံးသည် မိမိတွင် ရှိသည့်အာဏာကို ကျော်လွန်ပြီး အဓိန္ဓဒီကရီချမှတ်သဖြင့် ထိုဒီကရီမှာ တရားမဝင် အတည်မဖြစ်နိုင်ပါဟုသော ဧရာဒနာခြင်းဖြစ်သည်။ ဤအချက်နှင့် စပ်လျဉ်း၍ အမေ ဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၁-၂၁၂ နှင့် ၂၃၂ ပါ ပြဋ္ဌာန်းချက်များကို ထိုပညာရှိ ရှေ့နေကြီးက အကိုးအကားပြုသည်။ သို့သော် ယခုအမှုသည် သာမန်အမှုမျိုးမဟုတ် တရားရုံးက နှစ်ဦးနှစ်ဘက် စစ်ဆေးကြားနာပြီး အဓိန္ဓဒီကရီချမှတ်သော အမှုမျိုး မဟုတ်သဖြင့် ထိုကိစ္စသည်ကို သက်ဆိုင်ခြင်းမရှိပေမည်။ မစ္စစ် ဂျေ၊ အေ၊ ဝက်(စ်) နှင့် မစ္စတာ ဘီ၊ ပါစယ် တို့၏ ဆွေမျိုးသားချင်းဘို့သည်၊ ထိုကွယ်လွန်သူများ ပိုင်ဆိုင်သည်ဆိုသော ပစ္စည်း များအားလုံးကို ခွဲဝေသုံးကြရန် ရုံးပြင်ပတွင် အပြီအပြတ် သဘောတူကြပြီး၊ ယင်းသို့သဘောတူသည့်အဆိုင်း၊ တရားရုံးသို့ သျှောက်ထားရာ၊ တရားရုံးက သဘောတူ ပြေငြိမ်းသည့် အဓိန္ဓဒီကရီ ချမှတ်လိုက်ခြင်းဖြစ်သည်။ အဓိန္ဓအားဖြင့်ဆိုလျှင်၊ အယူခံ တရားလိုတင်သွင်းသော သက်သေခံအမှတ် (၁) သည်၊ မစ္စစ် ဂျေ၊ အေ၊ ဝက်(စ်) ထားခဲ့သော သေတမ်းစာ၏မိတ္တူမှန် မဟုတ်သဖြင့်၊ တရားမဝင်ဖြစ်ရာ၊ မည်သို့သော သေတမ်းစာမျိုး ထားခဲ့သည်ကိုမူလ် မသိနိုင်ခြေ။ ထို့ပြင်လည်း၊ အဆိုပါ တရားမမှု အမှတ် ၉/၃၇ အမှုဘွဲ့ပယ်ကိစ္စခံခဲ့သဖြင့်၊ ထိုအမှုတွင် မစ္စစ် အဲ (လ်) စတီဗင်ဆင် မည်သို့ သော အခြေခံပြချက်များဖြင့် တရားစွဲဆိုသည်ကိုမသိနိုင်တော့ပေ။ ဒီကရီမိတ္တူမှန် သက်သေခံအမှတ် "က" တွင် "**Claim for declaration, administration and accounts**" ဟူ၍ ဖော်ပြထားသည်ကားမှန်၏။ သို့သော် မစ္စတာ ဘီ၊ ပါစယ် သည်၊ "မစ္စစ် ဂျေ၊ အေ၊ ဝက်(စ်) ၏ ပစ္စည်းများကို အသုံးစားပြုသဖြင့်၊ မစ္စစ်

(၆) အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၆ အောက်(စ်)၊ စာ ၃၀၅။

၁၉၆၃

မပန်းစီ (ခေါ်)
ဒေါ်ရင်ရင်
နှင့်
မလှရင် ပါ ၆။

အဲ(လ်)စတီဗင်ဆင်သည် မစ္စတာ ဘီ၊ ပါစယ်အပေါ်၌ သေတမ်းစာအရ အုပ်ချုပ်စီမံခန့်ခွဲခွင့်ရသူအဖြစ်သာမက၊ ကိုယ်တိုင်အဖြစ်လည်း တရားစွဲဆိုသည် မစွဲဆိုသည်ကို မသိနိုင်ချေ။ သက်သေခံအမှတ် "က" ဒီကရီမိတ္တူတွင် ဒီကရီပါပစ္စည်းများသည် မစ္စစ် ဂျေ၊ အေ၊ ဝက်(စ်) သော်ဂင်း၊ မစ္စတာ ဘီ၊ ပါစယ် သော်ဂင်း၊ ပိုင်သည့်ပစ္စည်းများဖြစ်သည်ဟု ဖေါ်ပြထားရာ၊ ဂင်းတို့အနက် မည်သူသည် မည်သည့်ပစ္စည်းကို ပိုင်ကြောင်းကို ပစ္စည်းအားလုံးနှင့် စပ်လျဉ်း၍ ခွဲခြားသိကျဟန်မတူချေ။ အယူခံတရားလိုက မစ္စတာ ဘီ၊ ပါစယ် အုပ်ချုပ်စီမံခန့်ခွဲခွင့်ရသော ပစ္စည်းများသည် ထိုဒီကရီတွင်ပါရှိသော ပစ္စည်းများပင် ဖြစ်ကြောင်းနှင့် ထွက်ဆိုချေ။ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း မစ္စစ် ဂျေ၊ အေ၊ ဝက်(စ်) နှင့် ဂင်း၏ တူမ မစ္စတာ ဘီ၊ ပါစယ်၏ နီးစပ်ရာဆွေမျိုးသားချင်းများသည် အဆိုပါ ပစ္စည်းများ သေသူနှစ်ဦးပိုင် ပစ္စည်းများဖြစ်သည်ဟု ယုံကြည်လက်ခံပြီး မိသားစု ပြေငြိမ်းမှု (Family Settlement) ကို ဖန်တီးသည့်အနေဖြင့် ခွဲဝေရယူကြရန် သဘောတူညီကြဟန်ရှိသည်။ ယင်းသို့ မိသားစုပြေငြိမ်းမှု ဖန်တီးသည်ကို တရားရုံးများက အားပေးလိုက်လျောလက်ခံအတည်ပြုလေ့ရှိကြလေသည်။

စင်စစ်အားဖြင့်၊ သေတမ်းစာ အရ၊ သေသူ၏ အမွေကို အုပ်ချုပ် စီမံ ခန့်ခွဲသူ သော်ဂင်း၊ အမွေထိန်းစာ ရသဖြင့် အုပ်ချုပ် စီမံခန့်ခွဲသူ သော်ဂင်း၊ ယောဘုယျ အားဖြင့် သေသူရရန်ရှိသော ကြွေးမြီကို တောင်းခံ ရယူ၍၊ ပေးဆပ်ရန် ရှိသော ကြွေးမြီကို ပေးဆပ်၍၊ လက်ရှိ ကျန်သော ပစ္စည်းကို သက်ဆိုင်သူတို့အား၊ ခွဲဝေပေးအပ်ရမည်ဖြစ်သည်။ ယင်းသို့ ပြုလုပ်မည့် အစား သက်ဆိုင်သူများကတ မိသားစုပြေငြိမ်းမှု ဖန်တီးသည့်အနေဖြင့် သေသူ၏ ပစ္စည်း ကိုခွဲဝေလက်ခံလျှင်၊ ထိုသို့ ပြုမူချက်သည် တရား မဝင် အတည် မဖြစ်ဟု ဆိုရန် ခဲယဉ်းပေမည်။ အမွေ ဆိုင်သူများ၏ ကျေနပ်မှုသာလျှင် ပဓါန ဖြစ်သည်။ **မကျော့နှင့် ဒေါ်ကြေးဥ** တို့အမှု (၇) တွင် အောက်ပါ အတိုင်း ဆုံးဖြတ်လေသည်။

> **"When a family arrangement has been entered into or acquiesced in by all the persons interested in the family property, and has been carried into effect, then none of the persons who consented thereto may thereafter be heard to repudiate that arrangement or to set up that it is not binding in law."**

ထို အဆုံး အဖြတ်သည်၊ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများ ဖြစ်သော အမှုသည်များနှင့် ပတ်သက်၍ ချမှတ်သော ဆုံးဖြတ်ချက် ဖြစ်သည်။ သို့သော် ထိုမှုကို အင်္ဂလန်

(၇) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၅ ရန်ကုန်၊ စာ ၃၅၅။

ပြည်၌ ၎င်း၊ အိန္ဒိယ ပြည်၌၎င်း၊ လိုက်နာ ကျင့်သုံး သည်ကို စီရင်ထုံးမှာပင် ဖေါ်ပြ ထားလေ သည်။

၁၉၆၃

မပန်းစီ (ခေါ်) ဒေါ်ရင်ရင် နှင့် မလှရင် ပါ [၆။

မန္တလေး ခရိုင် တရားမရုံးသည်၊ မည်သည့် နည်းနှင့်မျှ အဆိုပါ အမိန့် ဒီကရီကို ချမှာ် ပိုင်ခွင့် မရှိကြောင်းနှင့် အယူခံ တရားလို၏ ပညာရှိ ရှေ့နေကြီး ထပ်လောင်း လျောက်လဲ ပြန်သေး၏။ သို့သော် မူလ ရုံး တွေ့ရှိသည့် အတိုင်း၊ သာမန် အားဖြင့် ခရိုင် တရားမရုံးသည် မစ္စစ် အယ်(လ်)၊ စတီဗင်ဆင် စွဲဆိုသော အမှုကို လက်ခံ စစ် ဆေးနိုင်ပေသည်။ အမှုတွင် တင်သွင်းသော အဆိုလွှာ မရှိတော့ သဖြင့် မည်သည့် အကြောင်း အချက်ကြောင့် စီရင်ပိုင်ခွင့် အာဏာ မရှိကြောင်း ဆုံးဖြတ်ရန် မဖြစ်နိုင် ချေ။ ထို့ကြောင့် အထက်ဖေါ်ပြပါ မိသားစု ပြေငြိမ်းမှု အရ၊ ချမှတ်သည့် ဒီကရီကို လက်ခံရပေမည်။

ထိုဒီကရီနှင့် စပ်လျဉ်း၍၊ နိဂုံးချုပ် အားဖြင့် အယူခံ တရားခံများသည်၊ သေသူ ဒေါ်ရင်၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်ကြောင်း၊ ဖေါ်ပြ ထားသဖြင့်၊ ၎င်းတို့ ကိုယ်တိုင် အတွက် တရားမစွဲကြောင်းဖြင့် လျောက်ထားခြင်း ဖြစ်၏။ သို့ရာတွင် အဆိုလွှာ အပိုဒ် ၁၁ ၌၎င်း၊ သက်သာခွင့်တောင်းရာ၌၎င်း၊ အယူခံ တရားခံတို့သည်၊ အခင်းဖြစ်တိုက်အိမ်ကို ဒေါ်ရင် ပိုင်ကြောင်း ဒေါ်ရင် ကွယ်လွန် ပြီးနောက် ထိုတိုက် အိမ်ကို မိမိတို့ အမွေ ရကြောင်း မြွက်ဟ ကျေညာ စေရန် စွဲဆိုခြင်း ဖြစ်သည်။ ထို့ပြင်လည်း၊ တရားလို တဦး ဖြစ်သူ မမြမေက၊ ဒေါ်ရင်၏ အမွေစား အမွေခံ အဖြစ် ပစ္စည်းကိုပိုင်ထိုက်သည်ဟုဘာရားစွဲဆိုခြင်းဖြစ်ကြောင်းထွက်ဆိုလေသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ မန္တလေးမြို့ ခရိုင် တရားမရုံး တရား မကြီး မှု အမှတ် ၉/၃၇ တွင် ချမှတ်သော အမိန့် ဒီကရီသည်၊ တရားဝင် အတည် ဖြစ် သော အမိန့် ဒီကရီ ဖြစ်ကြောင်း ထိုဒီကရီအရ ပစ္စည်းထိန်းက အခင်းဖြစ် တိုက်အိမ် နှင့် မြေကို ဒေါ်ရင်သို့ လက်ဆောက် ပေးအပ်လိုက်ကြောင်း အမွေ သက်ဆိုင်သူ အသီး သီးသည်၊ မိမိတို့ ရသင့် ရထိုက်သော ပစ္စည်းများကို ပစ္စည်းထိန်း ထံမှ ရရှိခဲ့ကြောင်း ဆုံးဖြတ်ရပေမည်။

အခြား ကောက်ချက်များနှင့် စပ်လျဉ်း၍ အယူခံ တရားလို၏ ပညာရှိ ရှေ့နေကြီး လေးလေးနက်နက် မဝေဘန်တော့ချေ။ ဒေါ်ရင်သည်၊ ဗုဒ္ဓဘာသာ မြန်မာ လူမျိုး ဖြစ်ပြီး အယူခံ တရားခံ မလှရင် အား၊ ငယ်စဉ်ကပင် မွေးစား ခဲ့ကြောင်း၊ ဒေါ်ရင်ပိုင် စိန်ရွှေ လက်ဝတ် လက်စားများကို ဒေါ်ရင်နှင့် အတူ မလှရင် ဝတ်ဆင်ခဲ့ကြောင်း ဒေါ်ရင်က မလှရင် အား၊ သားသမီး သဘွယ်၊ ဆက်ဆံကြောင်းကို ဒေါ်ရင်၏ အမွေ ကို ဆက်ခံ ထိုက်သူ တူ၊ တူမ များ ဖြစ်သည့် အခြား အယူခံ တရားခံများက ထောက်ခံ ထွက်ဆိုကြသည်ကို မူလရုံး လက်ခံခဲ့၏။ ဤအယူခံ ရုံးကလည်း လက်မခံရန် လုံလောက်

၁၉၆၃

မပန်းစီ (ခေါ်)
စအိ ရင်ရင်
နှင့်
မလှရင်၊ ပါ ၆။

သော အကြောင်း မမြင်ခဲ့ချေ။ မလှရင် သည်၊ မစ္စတာ ဘီ၊ ပါစယ်နှင့် သားသီးရ၏။ သို့သော် ထို အကြောင်း အချက် တခုကြောင့်၊ အထက်ဖေါ်ပြပါ သက်သေခံချက် များ ပျက်ပြယ်သည်ဟု မယူဆနိုင်၊ ကံမကောင်း သဖြင့် ဖျက်ဆီး ခံရဟန် တူသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ အယူခံ တရားခံ မလှရင်၊ မောင်ခင်မောင်၊ မောင်တင်၊ မောင်ရွှေနှင့် မမြလေးတို့ ရင့်သော အနိုင် ဒီကရီကို အတည် ပြုပြီး၊ ၎င်းဘိုနှင့် စပ်လျဉ်း၍၊ အယူခံကို နှစ်ရုံး စရိတ်နှင့် ပယ်လိုက်သည်။ ဤရုံး ရွှေနေ ခမှာ ငွေ ၃၄၀ ကျပ် ဖြစ်စေရမည်။

အယူခံ တရားခံ ဦးသာဒွန်း သည်၊ ဒေါ်ရင်၏ ညီမ တဦး ဖြစ်သူ ဒေါ်နှင်း၏ ခင်ပွန်း ဖြစ်သည်။ ၎င်း၏ ပညာရှိ ရွှေနေကြီးက ၎င်းအား မှားယွင်းပြီး တရားဝင် တဦး အဖြစ် ထည့်သွင်းခဲ့မိကြောင်း ဝန်ခံသည်။ ထို့ကြောင့်၊ ဦးသာဒွန်း ရရှိသော ဒီကရီကို နှစ်ရုံး စရိတ်နှင့် ပယ်ဖျက်လိုက်သည်။ ဤရုံးရွှေနေခမှာ ငွေ ၃၄၀ ဖြစ် စေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ရှေ့တွင်

မက်ဆားရဲမ်ချန်ဒရာဟာဒူးဝါး (အယူခံတရားလို) †

နှင့်

မက်ဆား ချမ်စိန် (အယူခံတရားခံ)*

၁၉၆၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်။

ငွေထုတ်ခွင့်လက်မှတ် (Pay Order)၊ ငွေလွှဲစာချုပ် (Bill of Exchange) ဖြစ် မဖြစ် ထိုငွေထုတ်ခွင့် လက်မှတ်အတွက် ထုတ်ပေးရသောငွေ ပြန်လည်ရရှိရန် တရားစွဲနိုင် မစွဲနိုင်။

၁၉၄၉ ခုနှစ်တွင်၊ နိုင်ငံတော် ကောက်ပဲသီးနှံဈေးဝယ်ရေးအဖွဲ့၏ ပြည်ခရိုင်တွင်၊ အဝယ်တော်တဦးဖြစ်သော အယူခံတရားခံ (၂) သည်၊ ဆန်စက်ပိုင်ရှင်တဦးဖြစ်သော အယူခံတရားခံ (၃) ထံမှ ဝယ်ယူသောဆန်များအတွက်၊ ငွေထုတ်ခွင့်လက်မှတ် (Pay Order) ကို အယူခံတရားခံ (၁) အား ထုတ်ပေးခဲ့သည်။ ထိုငွေထုတ်လက်မှတ်နှင့် အယူခံ တရားခံ (၂) ၏ ရန်ကုန်မြို့ရှိ အလုပ်တိုက်တွင် ငွေထုတ်ရန်ကြိုးပမ်းသော်လည်း ငွေမရသဖြင့်၊ အယူခံတရားခံ (၁) သည် ထိုငွေထုတ်ခွင့်လက်မှတ်ကို အယူခံတရားလိုတို့အား ရောင်းလိုက်လေသည်။

ထိုသို့ရောင်းရာ၌၊ အယူခံတရားခံ (၃) လည်း ပါလာ၍၊ ထိုလက်မှတ်ကျောပေါ်တွင် အယူခံတရားခံ (၃) က လက်မှတ်ထိုးပြီး၊ အယူခံတရားခံ (၁) ကလည်း ငင်းတို့အစုစပ် နာမည်၏ တံဆိပ်ကို ရိုက်လိုက်လေသည်။

ထိုသို့ဝယ်ယူပြီးနောက်၊ အယူခံတရားလိုများက၊ ထိုလက်မှတ်အရ ကျသင့်သောငွေကို အယူခံတရားခံ (၂) ထံမှ ထပ်မံတောင်းဆိုရာ၊ မရသဖြင့်၊ နောက်ဆုံး အယူခံတရားခံများအပေါ် တရားစွဲဆို ခဲ့ရလေသည်။

မူလရုံးက ထိုလက်မှတ်သည် ငွေလွှဲစာချုပ် (Bill of Exchange) ဖြစ်သည်ဟု ယူဆပြီး၊ အယူခံတရားခံ (၁) နှင့် (၂) တို့အပေါ် အမိန့် ဒီကရီ ချမှတ်ပြီး အယူခံတရားခံ (၃) အား အမှုမှ ပလပ်လိုက်လေသည်။

အယူခံတရားခံ (၁) နှင့် (၂) တို့ကအယူခံဝင်ကြရာ၊ ပဌမအယူခံရုံးက အဆိုပါ ငွေထုတ်လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတရပ်ဖြစ်သည်ဟု ဆိုနိုင်စေကာမူ၊ ထိုစာချုပ်ကို အယူခံတရားခံ (၁) က တရားလိုအား လွှဲပြောင်းသည်မှာ၊ တရားဝင်သော လွှဲပြောင်းခြင်းမဟုတ်ဟု ယူဆကာ၊ အယူခံတရားလိုတို့၏ အမှုကို လုံးဝပယ်လိုက်၏။

---

* ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇ နှင့် ၈။

† ၁၉၅၆ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄ နှင့် ၅ တွင် ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့စွဲပါ တရားလွှတ်တော် အယူခံဌာနရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

မက်ဆား ရမ်ချန် ဒရာဟာဒူးဝါး နှင့် မက်ဆား ချမ်ဗိန်။

အယူခံတရားလိုများက ထိုအမိန့်ကို မကျေနပ်၍၊ အယူခံတရားခံများအပေါ် သို့တရားရုံးချုပ်တွင် အယူခံဝင်ပြန်ရာ—

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် အဓိကအားဖြင့် စဉ်းစားရန်အချက်မှာ၊ အထက်ဖော်ပြပါ ငွေထုတ်ခွင့်လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေတွင် အကျုံးဝင်သလောဟူသည့် အချက်ပင်ဖြစ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၃ အရဆိုလျှင်၊ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းဆိုသည်မှာ၊ ကတိစာချုပ် (**Promissory Note**)၊ သို့တည်းမဟုတ်ငွေလွှဲစာချုပ် (**Bill of Exchange**)၊ သို့တည်းမဟုတ်ချက်လက်မှတ် (**Cheque**) ကို ဆိုလိုသည်ဟု အတိအလင်း ပြဋ္ဌာန်းထား၏။

ယခုအမှုပါ ငွေထုတ်ခွင့်လက်မှတ်မှာ (**Pay Order**) ဟု ခေါင်းစဉ်တပ်ထား၏။ ကတိစာချုပ်သော်၎င်း၊ ချက်လက်မှတ်သော်၎င်း မဟုတ်သည်မှာ ထင်ရှားလှ၏။ ငွေလွှဲစာချုပ်ဖြစ် မဖြစ်ကို စဉ်းစားရာ၌၊ တံဆိပ်ခေါင်း အက်ဥပဒေအရ ငွေလွှဲစာချုပ်တွင် သတ်မှတ်သော တံဆိပ်ခေါင်း ကပ်နှိပ်ရမည်ဖြစ်သော်လည်း အဆိုပါ ငွေထုတ်ခွင့် လက်မှတ်မှာ တံဆိပ်ခေါင်းမပါချေ။

အမှန်အားဖြင့်ဆိုလျှင် အယူခံတရားခံ (၂) အပါအဝင်ဖြစ်သော ပြည်ခရိုင်ရှိ ဆန်အဝယ်တော်ကိုယ်စားလှယ်တို့သည် ထိုခရိုင်၌ ငွေမပြည့်စုံလာသဖြင့်၊ ငွေထုတ်မဝယ်နိုင်သောကြောင့်၊ ဆန်ရောင်းသူများအား အမှုပါလက်မှတ်များကို ထုတ်ပေးရန် စီစဉ်ဟန်တူသည်။ ထိုကဲ့သို့သော လက်မှတ်များကို လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများနည်းတူ၊ တလက်မှတလက်သို့ လွှဲပြောင်းစေရန်အတွက် ထုတ်ပေးဟန်မတူ။

ထို့ပြင် မကြာမီပင်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က၊ အဝယ်တော်စုံနှစ်ကို ဖျက်သိမ်းခဲ့ရာ၊ ထိုငွေထုတ်ခွင့် လက်မှတ်များထုတ်ပေးသည့်စုံနှစ်မှာ၊ ပြည်ခရိုင်၌သာအခိုက်အတန့် အားဖြင့် အသုံးပြုခဲ့ကြဟန်တူသည်။ ကုန်သည်လောကတွင် ကုန်သည်အများက လက်ခံပြီးနှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အသုံးပြုသော စုံနှစ်မျိုးမဟုတ်ချေ။ ထိုအကြောင်းများကြောင့်၊ ဤအမှုပါ ငွေထုတ်ခွင့်လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေတွင် အကျုံးဝင်သော စာချုပ်တ ရပ် ဖြစ်သည်ဟု မဆိုနိုင်ပေ။

ယင်းသို့ဖြစ်ရကား၊ ထိုစာချုပ်ကို လွှဲပြောင်းရာ၌ တရားမဝင်ဆိုသည့် ပြဿနာမပေါ်တော့ချေ။

အယူခံတရားလိုတို့သည်၊ ထိုငွေထုတ်ခွင့်လက်မှတ်အတွက်၊ မိမိတို့ပေးသောငွေကို ပြန်လည်ရရှိနိုင်သလောဟူသည့် အချက်ကို စဉ်းစားရာ၌၊ ၎င်းက အယူခံတရားခံ (၁) အား ငွေထုတ်ပေးရ သည်ကို ခိုင်လုံစွာ ပြနိုင်ခဲ့သဖြင့်၊ ထိုငွေကို ၎င်းတို့ ပြန်လည်ရရှိသင့်ပေသည်။

အကယ်၍ အဆိုပါ ငွေထုတ်ခွင့် လက်မှတ်သည်၊ လွှဲပြောင်းနိုင်သော စာချုပ်တ ရပ်ဖြစ်သည်ဆိုစေထားဘိဦး။ ယခုအမှုဌာနေပါ ပေါက်သည့် အခြေအနေတွင်၊ အယူခံတရားလိုတို့သည်၊ မိမိတို့ထုတ်ပေးခဲ့သော ငွေကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။

မောင်ချစ်နှင့် ရှိရှန်အန်အမ်ကရင်ကူးမား၊ ၁၉၃၄ ခုနှစ်၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန် အတွဲ ၁၂ စာ ၅၀၀ ကို ရည်ညွှန်းသည်။

ထို့ကြောင့်၊ ပဌမအယူခံရုံး၏ အမိန့်နှင့် ဒီကရီကိုပယ်ဖျက်ပြီး၊ အယူခံ တရားခံ (၁) က၊ တရားလိုများ စွဲဆိုသည့်အတိုင်း ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့်နှင့် ဦးအေးမောင်။

အယူခံတရားခံမျှားအတွက်။ ။၁။ ဦးဘဆွေ။

၁၉၆၃

မက်ဆားရမ်ချန်
ဒရာဟာဒွေးဝါး
နှင့်
မက်ဆား
ချမ်စိန်။

၂။ မစ္စတာ စူးရမား။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။၁၉၄၉ ခုနှစ်တွင် ပြည်ခရိုင်၌ မက်ဆားမောင်သိန်းဘရားသားကုမ္ပဏီလီမိတက်သည် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ အဖွဲ့ဝင်တော်များအဖြစ် မှော်ဇာဆန်စက်ပိုင်ရှင် ဦးလှအောင်ဆိုသူထံမှ ဆန်အိတ်ရေ ၅၅၀ ဝယ်ယူပြီး ကျသင့်ငွေ ၁၂,၆၀၄ ကျပ် ၆ ပဲ အတွက်ငွေထုတ်ခွင့်လက်မှတ် (Pay Order) ကို မက်ဆားချမ်စိန်အစုစပ်နာမည်ဖြင့် ထုတ်ပေးခဲ့၏။ ဤအချက်နှင့် စပ်လျဉ်း၍ အငြင်းမထွက်ချေ။ ထို့နောက် ပေါ်ပေါက်သော အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ အငြင်းထွက်ခဲ့သော်လည်း သက်သေခံချက်အားလုံးကို လေ့လာသုံးသပ်ရာ၌ မူလရုံး တွေ့ရှိသည့်အတိုင်း ထိုငွေထုတ်ခွင့် လက်မှတ်ကို ပြည်မြို့ရှိ ချမ်စိန်အစုစပ်ဆိုင်သို့ ပေးအပ်သည်တွင် ၎င်းတို့က ရန်ကုန်မြို့ရှိ အစုစပ်ဆိုင်ခွဲသို့ ရန်ကုန်မြို့၌ မက်ဆား မောင်သိန်းဘရားသားကုမ္ပဏီလီမိတက်ထံမှ ငွေတောင်းခံယူရန် ပေးပို့လိုက်၏။ ရန်ကုန်မြို့ရှိ ချမ်စိန်အစုစပ်ဆိုင်ခွဲက ထိုငွေထုတ်ခွင့် လက်မှတ် ကျောဘက်တွင် ရန်ကုန်ဆိုင်တံဆိပ်ခတ်ပြီး မက်ဆားမောင်သိန်းဘရားသားကုမ္ပဏီ လီမိတက်ထံမှ ငွေတောင်းခံရာ ငွေမရသဖြင့် တိုတံဆိပ်ကို ဖျက်ပြီး ပြည်မြို့ရှိ ချမ်စိန် အစုစပ်သို့ ပြန်လည်ပေးပို့လိုက်၏။ ထို့နောက် ပြည်မြို့ရှိ ချမ်စိန်အစုစပ်မှ တရုပ်အမျိုးသား တဃောက်သည် ထိုငွေထုတ်ခွင့်လက်မှတ်နှင့် အယူခံတရားလိုများ ဖြစ်သူ မက်ဆားရမ်ချန်ဒရာဟာဒွေးဝါးတို့၏ ဆိုင်သို့ သွားရောက်ပြီး ထိုလက်မှတ်ကို ရောင်းရာ အယူခံတရားလိုတို့က ကျသင့်ငွေကို ထုတ်ပေးလိုက်၏။ ထိုတရုပ်အမျိုးသားနှင့်အတူ ဦးအောင်သန်းဆိုသူလည်း လိုက်ပါ၍ ဦးအောင်သန်းက ထိုငွေထုတ်ခွင့်လက်မှတ် ကျောပေါ်တွင် ထိုလက်မှတ်ပါ ငွေကို ပြည်မြို့ ရွှေဘာဘူသို့ ထုတ်ပေးလိုက်ပါဟု ရေးသားပြီးလျှင်၊ ထိုတရုပ်အမျိုးသားသည် ပြည်မြို့ ချမ်စိန်အစုစပ်၏ နာမည်တံဆိပ်ကို ထိုစာတမ်းအောက်၌ ရိုက်နှိပ်၏။ ပြည်မြို့ ရွှေဘာဘူဆိုသည်မှာ ယခုအယူခံ တရားလိုများပင် ဖြစ်သည်ဟု သက်သေပေါ်လွင်၏။ ထိုငွေထုတ်ခွင့် လက်မှတ်အရ ကျသင့်သော ငွေကို အယူခံတရားလိုများက မက်ဆား မောင်သိန်းဘရားသားကုမ္ပဏီ လီမိတက်ထံမှ တောင်းခံရာ မရသဖြင့်၊ နို့တစ်စာများ ပေးပို့ပြီးလျှင်၊ အယူခံ တရားလိုများသည် မူလ၌ ချမ်စိန်အစုစပ်နှင့် မက်ဆား မောင်သိန်းဘရားသားကုမ္ပဏီ လီမိတက်တို့အပေါ်၌ တရားစွဲဆိုခဲ့၏။ ထို့နောက် ဦးအောင်သန်းကိုပါ တရားခံအဖြစ် ထည့်သွင်းစွဲဆိုခဲ့၏။

ခရစ်ဝဲ

မက်ဆား ရုပ်ခြုံနှင့် ဒရာဟာဒူးစ်ပါး နှင့် မက်ဆား ချမ်စ်စ်နှင့်။

မူလရုံးက အဆိုပါဒေတုတ်ခွင့် လက်မှတ်သည် လွဲပြောင်းနိုင်သော စာချုပ် စာတန်းများ အက်ဥပဒေ ပုဒ်မ ၅ တွင် အကျုံးဝင်သည့် ငွေလွှဲ စာချုပ် (Bill of Exchange) ဖြစ်သည်ဟု ယူဆ၍ ထိုစာချုပ်ကို ချမ်စ်နှင့်အစုစပ်က အယူခံတရားလို များသို့ လွဲပြောင်းသည်ဟု ယူဆကာ ချမ်စ်နှင့် အစုစပ်အပေါ် ၌ဝင်း၊ မက်ဆားမောင်သိန်းဘရားသား ကုမ္ပဏီ လီမိတက်အပေါ် ၌ဝင်း အတိုးနှင့် တကွ ဒုစုပေါင်း ငွေ ၁၄,၉၆၇ ကျပ် ၆၅ ပြားပေးဆောင်စေရန် အမိန့်ဒီကရီချမှတ်လိုက်၏။ ဦးအောင်သန်း အပေါ် ၌မူကား အမှုကို ပလပ်လိုက်၏။

ထိုအမိန့် ဒီကရီကို မကျေနပ်သဖြင့်၊ မက်ဆားမောင်သိန်းဘရားသားကုမ္ပဏီ လီမိတက်သည်၊ တရားသွတ်တော် ပဌမအယူခံမှု အမှတ် ၄/၅၆ ၌ဝင်း၊ မက်ဆား ချမ်စ်နှင့် အစုစပ်သည် ထိုရုံး ပဌမအယူခံမှု အမှတ် ၆/၅၆ ၌ဝင်း၊ အသီးသီး အယူခံကြလေသည်။ အယူခံတရားလိုတို့သည်၊ ဦးအောင်သန်း အပေါ် ၌ အယူခံမဝင်ခဲ့ကြချေ။

တရားသွတ်တော် ပဌမအယူခံရုံးက အဆိုပါဒေတုတ်ခွင့် လက်မှတ်သည် လွဲပြောင်းနိုင်သော စာချုပ် စာတမ်းတရပ် ဖြစ်သည်ဟု ဆိုနိုင်စေကာမူ ထိုစာချုပ်ကို ချမ်စ်နှင့်အစုစပ်က လွဲပြောင်းသည်မှာ တရားဝင်သော လွဲပြောင်းခြင်း မဟုတ်ဟု ယူဆကာ အယူခံများကို လက်ခံပြီးလျှင်၊ အယူခံတရားလိုများ စွဲဆိုသည့်အမှုကို လုံးဝပယ်လိုက်၏။

ထိုအမိန့် ဒီကရီကို မကျေနပ်သဖြင့် အယူခံ တရားလိုများသည် ချမ်စ်နှင့် အစုစပ် အပေါ် ၌ဝင်း၊ မက်ဆား မောင်သိန်းဘရားသား ကုမ္ပဏီ လီမိတက် အပေါ် ၌ဝင်း၊ ဦးအောင်သန်း အပေါ် ၌ဝင်း တရားသွတ်တော်ချုပ် အယူခံမှု အမှတ် ၇/၆၀ နှင့် ၈/၆၀ တွင်၊ အယူခံဝင်လေသည်။ အယူခံမှု ၂ မှု အဘယ်ကြောင့်တင်သွင်းသည်ကိုနားမလည်နိုင်အောင် ရှိလေသည်။ ထိုအယူခံမှု ၂ မှုတွင် အယူခံဝင်ခြင်းချက်များသည်ဝင်း၊ ဘောင်းဆိုသည့် သက်သာခွင့်များသည်ဝင်း ထပ်တူ ထပ်မျှပင် ဖြစ်လေသည်။ ယခုကဲ့သို့ အယူခံမှု ၂ မှုတင်သွင်းသည်မှာ ပဌမအယူခံရုံးတွင် ချမ်စ်နှင့် အစုစပ်နှင့် မက်ဆား မောင်သိန်းဘရားသားကုမ္ပဏီ လီမိတက်တို့က အယူခံမှု အသီးသီးတင်သွင်းခဲ့ကြသောကြောင့် ဖြစ်ဟန်တူသည်။

ဤအမှုတွင် အဓိကအားဖြင့် စဉ်းစားရန်အချက်မှာ အထက်ပေါ်ပြုပါဒေတုတ်ခွင့် လက်မှတ်သည် လွဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေတွင် အကျုံးဝင်သလော ဟူသည့်အချက်ပင်ဖြစ်သည်။ လွဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၁၃ အရဆိုလျှင် လွဲပြောင်းနိုင်သော စာချုပ်စာတန်း ဆိုသည်မှာ ကတိစာချုပ် (Promissory Note)၊ သို့တည်းမဟုတ် ငွေလွှဲစာချုပ် (Bill of Exchange)၊ သို့တည်းမဟုတ် ချက်လက်မှတ် (Cheque) ကိုဆိုသို့သည်ဟု အတိ

၁၉၆၃

မက်ဆား ရမ်ချွန် ဒရူဟာဒူးဝါး နှင့် မက်ဆား ချမစ်ဒန်။

အသင်း ပြဋ္ဌာန်းထား၏။ ယခုအမှုပါ ဌေးထုတ်ခွင့် လက်မှတ်မှာ (Pay Order)ဟု ခေါင်းစဉ်တပ်ထား၏။ ကတိစာချုပ်သော်၎င်း၊ ချက်လက်မှတ်သော်၎င်း မဟုတ်သည်မှာ ထင်ရှားလှ၏။ ငွေလွှဲစာချုပ်ဖြစ် မဖြစ်ကို စဉ်းစားရာ၌ တံဆိပ်ခေါင်း အက်ဥပဒေအရ ငွေလွှဲစာချုပ်တွင် သတ်မှတ်သော တံဆိပ်ခေါင်း ကပ်နှိပ်ရမည်ဖြစ်သော်လည်း အဆိုပါ ဌေးထုတ်ခွင့်လက်မှတ်မှာ တံဆိပ်ခေါင်း မပါချေ။ အမှန်အားဖြင့်ဆိုလျှင် မက်ဆား မောင်သိန်းဘရားသား ကုမ္ပဏီလီမိတက်မှ ဦးသိန်းနှင့် Burmese Agencies မှ ဦးဘအေးတို့၏ ထွက်ချက်များအရ ပေါ်လွင်သည်မှာ ထိုစဉ်အခါက နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏အဝယ်တော် ကိုယ်စားလှယ်များသည် ပြည်ခရိုင်တွင် ယင်းအဖွဲ့အတွက် ဆန်ဝယ်ရာ၌၊ မူလပဌမတွင် မိမိတို့က ငွေထုတ်ပြီး ဝယ်၍၊ ဆန်များကိုအဖွဲ့သို့ သွင်းနိုင်ခဲ့ခဿဲလည်း နောက်ပိုင်းတွင် ငွေရေးကြေးရေး မပြည့်စုံသဖြင့် ငွေထုတ် မဝယ်နိုင်သောကြောင့် ငွေထုတ်ခွင့် လက်မှတ်များကို ဆန်ရောင်းသူများအား ထုတ်ပေးသည့် အစီအစဉ်ကို တီထွင်ကြ၏။ ယင်းသို့တီထွင်ရာ၌ ငွေထုတ်ခွင့်လက်မှတ်များ ထုတ်ပေးရသည်မှာ ငွေမလွယ်သောကြောင့် နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့မှ ငွေချေသည့်အခါကျမှသာလျှင် ငွေပေးချေရန် အတွက်ဖြစ်ဟန်တူသည်။ ထိုကဲ့သို့သော လက်မှတ်မျိုးကိုချက်လက်မှတ်၊ ကတိစာချုပ်စသည့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ နည်းတူတလက်မှ တလက်သို့ လွှဲပြောင်းစေရန်အတွက် ထုတ်ပေးဟန်မတူချေ။ အကြောင်းသော်ကား ထိုလက်မှတ်မျိုးထုတ်ပေးသည်မှာ ငွေမလွယ်သဖြင့် ယာယီအားဖြင့် ထုတ်ပေးရသောကြောင့် ဖြစ်သည်။ ဝင်စစ်အားဖြင့်ကား နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့က များမကြာခဏပင် အဝယ်တော် ကိုယ်စားလှယ်များ ခန့်အပ်ခြင်း မပြုတော့ဘဲ အဖွဲ့ကိုယ်ဘိုင်ပင် ဆန်ဝယ်ယူသည့်လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ကြ၏။ ထို့ကြောင့်ထိုငွေထုတ်ခွင့် လက်မှတ်များထုတ်ပေးသည့်စံနစ်မှာ ပြည်ခရိုင်၌သာ အခိုက်အတန့်အားဖြင့် အသုံးပြုခဲ့ကြဟန်တူသည်။ ကုန်သည်လောကတွင် ကုန်သည်အများက လက်ခံပြီး နှစ်ပရိဏ္ဍေဒကြာမြင့်စွာ အသုံးပြုသော စံနစ်မျိုးမဟုတ်ချေ။ တရားရုံးများကလည်း၊ ဤစံနစ်မျိုးကို အသိအမှတ် မပြုခဲ့ကြချေ။ ထိုအကြောင်းများကြောင့် ဤအမှုပါ ဌေးထုတ်ခွင့် လက်မှတ်သည် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေတွင် အကျုံးဝင်သော စာချုပ်တရပ်ဖြစ်သည်ဟု မဆိုနိုင်ပေ။ ဧ ကြိမ်မြောက်ထုတ် ဘာရှိန်နှင့် အဒီဂါတို့ပြုသော လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ကျမ်းတွင် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များကိုဝေဖန်ရာ၌ အောက်ပါအတိုင်းတွေ့ရှိရသည်။

"Though promissory notes, bills of exchange and cheques are the only instruments specifically dealt with by the Act

၁၉၆၃
|——
မက်ဆား ရမ်ချန်
ဒရာဟာဒူးဝါး
နှင့်
မက်ဆား
ချမ်စိန်။

as appears from the preamble, there may be other kinds of instruments to which the Courts in India will have to extend the privilege of negotiability. The branch of the law from which such instruments derive their authority is the law merchant, which is not a permanently fixed and stereo-typed body of law, but the accumulated product of merchantile customs to which sanction has been from time to time given by decisions of Courts."

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအမှုပါ ငွေထုတ်ခွင့်လက်မှတ်သည်. လွဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေတွင် အကျုံးဝင်သော စာချုပ်မဟုတ်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။ ယင်းသို့ ဖြစ်ရကားထိုစာချုပ်ကိုလွဲပြောင်းရာ၌ တရားဝင် မဝင်ဆိုသည့် ပြဿနာ မပေါ်တော့ချေ။

အယူခံ တရားလိုတို့သည် ထိုငွေထုတ်ခွင့် လက်မှတ်အတွက် မိမိတို့ပေးသောငွေကို ပြန်လည်ရရှိနိုင်သလော ဟူသည့်အချက်နှင့်စပ်လျဉ်း၍ ၎င်းတို့သည် မိမိတို့၏ အဆိုလွှာတွင် အဆိုပါငွေထုတ်ခွင့် လက်မှတ်အပေါ် ၌သာ မူတည်၍ စွဲဆိုခြင်းမဟုတ်၊ မိမိတို့ထုတ်ပေးသောငွေကို ပြန်လည်ရရှိရန်အတွက်လည်း စွဲဆိုခြင်းဖြစ်သည်။ မူလရုံးက ထိုငွေကို ထုတ်ပေးရကြောင်း သက်သေ အထင်အရှားရှိသည်ဟု ဆုံးဖြတ်ခဲ့၏။ ပဌမ အယူခံရုံးကလည်း ယင်းသို့ ငွေထုတ်ပေးခြင်း တွေ့ရှိ၏။ သို့သော် အယူခံတရားလိုတို့၏ ပညာရှိရွှေနေကြီးက ထုတ်ပေးရသည့် ငွေအတွက် တရားစွဲဆိုနိုင်ကြောင်းဖြင့် လျှောက်လဲခြင်းမပြုကြောင်း ဖော်ပြပြီးလျှင် ကာလစည်းကမ်းသပ်အတွင်း ကျရောက်ပါက၊ အယူခံ တရားလိုတို့သည် ထိုငွေကို ပြန်လည်ရရှိရန်အတွက် တရားစွဲဆိုနိုင်ကြောင်းဖော်ပြလေသည်။ အယူခံတရားလိုတို့၏ ပညာရှိ ရွှေနေကြီးက မိမိသည်၊ ပဌမအယူခံရုံး၌ အယူခံတရားလိုတို့ ထုတ်ပေးသောငွေကို ပြန်လည် ရရှိရန်အတွက် လျှောက်လဲခဲ့ကြောင်း ပြောကြား၍၊ ပဌမ အယူခံရုံးက ထိုအချက်ကို မေ့လျော့ဟန် တူကြောင်းနှင့်လည်း ထပ်လောင်း၍ လျှောက်လဲ၏၊ အယူခံ တရားလိုတို့က ငွေထုတ်ပေးရသည်ကို သက်သေအထောက်အထား ခိုင်လုံစွာ တင်ပြခဲ့သဖြင့် ထိုငွေကို ၎င်းတို့ ပြန်လည် ရရှိသင့်ပေသည်။ ထိုသက်သေများ၏ ထွက်ဆိုချက်အရ ငွေကိုလက်ခံယူသူမှာ မက်ဆားချမ်စိန်အစုစပ်မှ တရုပ်အမျိုးသားတယောက် ဖြစ်ကြောင်းပေါ် လွင်၏။ ထိုတရုပ်အမျိုးသား၏ နာမည်နှင့် ၎င်းသည် ထိုအစုစပ်တွင် အစုဝင်၊ သို့တည်းမဟုတ် မန်နေဂျာဖြစ်သည်ကို သက်သေများမသိချေ။ သို့ရာတွင် ထိုတရုပ်အမျိုးသားသည် အယူခံတရားလို ဆိုင်နှင့်ဆက်သွယ်၍ အလုပ်လုပ်သူဖြစ်သဖြင့် ၎င်းအားမှတ်မိကြ၏။ ထို့ပြင်လည်း ချမ်စိန်အစုစပ်နာမည်တံဆိပ်ကို ယူဆောင်ခဲ့ပြီး ချမ်စိန် အစုစပ်နာမည်

ဖြင့် ထုတ်ပေးထားသော ငွေထုတ်ခွင့် လက်မှတ်ကိုအယူခံ တရားလိုထံပေးသွင်း၍ ငွေထုတ်ယူပြီးသျှင် ထိုတံဆိပ်ကို လက်မှတ်ကျောပေါ်တွင် ခတ်နှိပ်၏။ ထို့ကြောင့် ထိုတရုပ်အမျိုးသားသည် ငွေထုတ်ရန်အတွက် မက်ဆားချမ်စိန် အစုစပ်၏ ကိုယ်စားလှယ်ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

၁၉၆၃

မက်ဆား ရမ်ချန် ဒရာဘာဒူးဝါး နှင့် မက်ဆား ချမ်စိန်။

အကယ်၍ အဆိုပါငွေထုတ်ခွင့် လက်မှတ်သည် လွဲပြောင်းနိုင်သော စာချုပ်တရပ်ဖြစ်သည်ဆိုစေထားဘိဦး ယခုအမှုဌ ပေါ်ပေါက်သည့် အခြေအနေတွင်အယူခံတရားလိုတို့သည် မိမိတို့ ထုတ်ပေးခဲ့သောငွေကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။ **မောင်ချစ်နှင့် ရှိရွန်အန့်အမ်ကရင်ကူးမား** အမှု (၁) ကိုကြည့်ပါ။

ထို့ကြောင့် ပဌမအယူခံရှုံး၏အမိန့်နှင့် ဒီကရီကိုပယ်ဖျက်ပြီးလျှင်မက်ဆားချမ်စိန် အစုစပ်က အယူခံတရားလိုများအား စွဲဆိုသော ငွေ ၁၄,၉၆၇ ကျပ် ၆၅ ပြားကို ၃ ရုံးဘရားစရိတ်နှင့်တကွပေးဆောင်စေရန်အမိန့်ချမှတ်လိုက်သည်။ ဤရုံးရှေ့နေခမျာ ၁၅၀ ဖြစ်စေရမည်။

မက်ဆား မောင်သိန်းဘရားသား ကုမ္ပဏီလီမိတက် အပေါ်၌ စွဲဆိုသော အယူခံမှုကို ၃ ရုံးတရားစရိတ်နှင့်တကွပယ်လိုက်သည်။ ဤရုံးရှေ့နေခမျာ ၁၅၀ ဖြစ်စေရမည်။ ထိုကုမ္ပဏီသည် ယခုဖျက်သိမ်းပြီး ဖြစ်သဖြင့် ၎င်း၏ စာရင်းရှင်းရန် ခန့်အပ်ခြင်းခံရသူများက တရားစရိတ်ကို ရရှိစေရမည်။

ဦးအောင်သန်းသည် ဤအမှုတွင် ခုခံခြင်းမပြုသဖြင့် ၎င်းနှင့်ပတ်သက်၍တရားစရိတ်အမိန့် ချမှတ်မည်မဟုတ်ပေ။

အယူခံအမှု ၂ မှု တင်သွင်းသော်လည်း အယူခံမှုတမှုအတွက်သာလျှင် တရားစရိတ်ချမှတ်လိုက်သည်။

(၁) ၁၉၃၄ ၊ အိန္ဒိယခရိုင်ထုံးများ၊ ရန်ကုန်အတွဲ ၁၂၊ စာ ၅၁၀။

တရားမအယူခံ

တရားသူကြီး၊ ဦးစောဘသိန်း ရှေ့မှောက်တွင်

† ၁၉၆၃
အောက်တိုဘာ
လ ၁၉ ရက်။

မိတ္တစားသုံးသူ သမဝါယမအသင်း လိမိတက်၊ ၎င်း၏အတွင်းရေးမှူး ဦးကျော်မြင့် (အယူခံတရားလို)

နှင့်

ကိုမူဆာ (အယူခံတရားခံ)*

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ။ "ရိုးဖြောင့်သောသဘော" နှင့် "အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘော" အဓိပ္ပါယ်အယူအဆများ။

အယူခံတရားလိုသည်၊ အယူခံတရားခံအပေါ် အခြင်းဖြစ်အိမ်မှ နှင်ထုတ်ရန် တရားစွဲဆိုရာ၌ အချင်းဖြစ်အိမ်သည်၊ ပျက်စီးယိုယွင်းကောင်းနှမ်းနေပြီး၊ အရေးကြီးသော ပုံသဏ္ဌာန်ပြောင်းလဲသည့် ပြုပြင်မှုများ ပြုလုပ်ရန်အတွက်၊ ရိုးသားဖြောင့်မတ်သော သဘောဖြင့် လိုကြောင်းပြဆိုခဲ့သည်။

အောက်မူလရုံးက တရားစွဲဆိုသည့်အတိုင်း၊ ဒီကရီချမှတ်ပေးလိုက်ရာ အယူခံဝင်ရာတွင် အောက်အယူခံရုံးက ဒီကရီကို ပယ်ဖျက်လိုက်လေသည်။

သို့ဖြစ်၍ တရားလိုများက တရားရုံးချုပ်သို့ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်မှာ အယူခံတရားလိုသည်၊ အယူခံတရားခံထံမှအရေးကြီးသော ပုံသဏ္ဌာန်ပြောင်းလဲသည့်ပြုပြင်မှုများကို ပြုလုပ်ရန်အတွက်၊ အကြောင်းအားလျော်စွာ၊ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုပါသလားဟူသော အချက်ဖြစ်သည်။

"ရိုးဖြောင့်သောသဘော" နှင့် "အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘော" ဟူသော စကားရပ်တို့၏ အဓိပ္ပါယ်များကို စီရင်ထုံးများတို့တွင် ရှင်းလင်းစွာ ဖော်ပြထားပြီးဖြစ်သည်။

၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် ၁၄၊၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် ၁၆၊ ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော်ချုပ် ၁၅၆ နှင့် ၁၉၆၂ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၁၊ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၂၅၇ နှင့် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၈၄ တို့ကို ရည်ညွှန်းသည်။

ဤအမှုတွင် အချင်းဖြစ်အိမ်သည်၊ အိမ်အခိုင်းပေါက်ပြုပြီး သေးနုံ့ရုံအကာအခြို့နေရာ၌၊ ပျက်စီး၍ သွပ်ပြားများဖြင့် ဖါထေးရပြီး၊ တမံတလင်းများမှာ ပေါက်ကွဲသဖြင့်၊ အရေးကြီးသည့် ပုံသဏ္ဌာန်ပြောင်းလဲသော ပြုပြင်မှုများကို ပြုလုပ်ရန် လိုအပ်သည်မှာ ပေါ်လွင်သည်ဟု ယူဆသည်။ ထို့ပြင် သက်ဆိုင်ရာ မြို့နိုစီပါယ်အဖွဲ့ကလည်း အယူခံတရားလိုအား ပြောင်းလဲပြုပြင်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သော အခွင့်အမိန့်ကို ပေးခဲ့ပြီးဖြစ်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၈၆။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၂ တွင်၊ ပုသိမ်မြို့ အနောက်ပိုင်းမြို့နယ် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

မိတ္ထီစားသုံးသူ သမဝါယမ အသင်း လီမိတက်၊ ၎င်း၏ အတွင်းရေးမှူး ဦးကျော်မြင့် နှင့် ကိုမူဆာ။

အောက်အယူခံရုံးက၊ ဤအမှုတွင် အယူခံတရားလို တင်ပြသော အိမ်ပုံစံအရ လူနေအိမ် ဆောက်လုပ်ရန်မဟုတ်ဘဲ၊ ကုန်ပစ္စည်းရောင်းရန်အတွက် အဆောက်အဦကိုသာ ဆောက်လုပ်ရန် ဖြစ်သဖြင့်၊ တရားခံအား အချင်းဖြစ်အိမ်ခန်းမှ နှင်ထုတ်ရန် စိတ်ထားဖြင့်၊ ပြုလုပ်ခြင်းဖြစ်၍ ရိုးဖြောင့်သော သဘောဖြင့်၊ အိမ်ကိုပြုပြင်ရန် မဟုတ်ကြောင်း ယူဆဆုံးဖြတ်ထားချက်မှာ ဥပဒေပြဋ္ဌာန်းချက်အရ မဟုတ်သဖြင့် မှားယွင်းသည်ဟု ယူဆရန်ဖြစ်သည်။

၁၉၅၀ ခု၊ မြန်မာနိုင်ငံ တရားလွှတ်တော် ဥဂ၆ နှင့် ၁၉၅၂ ခု၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၈၀ တို့ကို ရည်ညွှန်း၍ လိုက်နာသည်။

၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၈၄ ကို ရည်ညွှန်း၍ ခွဲခြားရှင်းလင်းသည်။

မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ၁၂ (၁) (၈) တွင် အဆောက်အဦကိုသာ ဖေါ်ပြ၍ ပြုပြင်ဆောက်လုပ်ရာတွင် မည်သည့်အဆောက်အဦ ဖြစ်ရမည်ဟု ဖေါ်ပြထားခြင်းမရှိသည်မှာ ပေါ်လွင်သည်။ ထို့ကြောင့် အိမ်ပုံစံတွင် အရောင်းအဝယ် အဆောက်အဦ ပြုလုပ်ရန်ပါကာမျှဖြင့်၊ အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုခြင်း မဟုတ်ဟူ၍ ဆုံးဖြတ်ရန် မသင့်ဟု ထင်မြင်သည်။

ထို့ကြောင့် အောက်အယူခံရုံး၏ စီရင်ချက်ကို ပယ်ဖျက်လိုက်သည်။

အယူခံတရားလိုအတွက်။ ။ဦးအောင်မင်း (၁)။

အယူခံတရားခံအတွက်။ ။ဦးဘတင်နှင့် မစ္စတာ အင်၊ စီ၊ ဆင်း။

တရားသူကြီး ဦးစောဘသိန်း။ ။ပုသိမ်အနောက်ပိုင်း မြို့နယ် တရားမ တရားသူကြီးရုံး၊ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၂ ဟူ၍၊ တရားလို သမဝါယမအသင်း လီမိတက်က တရားခံ ကိုမူဆာအပေါ် အခြင်းဖြစ်အိမ်ခန်းမှ ထွက်ခွါ၍သွားရန် စွဲဆိုသည်။ ဆိုလွှာတွင်၊ တရားလိုက အခြင်းဖြစ် မြေနှင့်အိမ်ကို ပိုင်ဖွင့်ထံမှ ရေစစ်တြီမှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ကြောင်း။ အဆိုပါ အိမ်သည် ပျက်စီးယိုယွင်း ဟောင်းနွမ်းနေသဖြင့်၊ အရေးကြီးသော ပုံသဏ္ဌာန် ပြောင်းလဲသည့် ပြုပြင်မှုများကို ပြုလုပ်ရန်အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုကြောင်း တရားခံအား အကြောင်းကြား နို့တစ်စာပေးသော်လည်း၊ ထွက်ခွါ၍မသွားသဖြင့် တရားစွဲဆိုခဲ့ကြောင်း ဖေါ်ပြသည်။ တရားခံက တရားလိုဲ့ဆိုချက်တို့ကို ငြင်းဆို၍ တရားလိုသည် အခြင်းဖြစ်အိမ်ကို ရိုးဖြောင့်သော သဘောဖြင့် အကြောင်းအားလျော်စွာ ရယူလိုခြင်းမဟုတ်ကြောင်း ဖေါ်ပြထုခြေသည်။

အောက်မူလရုံးက လိုအပ်သော ကောက်ချက်များကို ထုတ်၍၊ သက်သေများကို စစ်ဆေးပြီး၊ တရားလိုစွဲဆိုသည့်အတိုင်း အမိန့်ဒီကရီချမှတ်လိုက်ရာ၊ တရားခံ ကိုမူဆာက မကျေနပ်၍ ပုသိမ်မြို့ရာဘက် ခရိုင်တရားမ တရားသူကြီးရုံးသို့ အယူခံဝင်သည်။ ပညာရှိ ခရိုင် တရားမ တရားသူကြီးက အောက်မူလရုံးချမှတ်သော စီရင်ချက်နှင့် ဒီကရီကို

၁၉၆၃

မိတ္တစားသုံးသူ သမဝါယမ အသင်း လိမိ တက်၊ ၎င်း၏ အတွင်းရေးမှူး၊ ဦးကျော်မြင့် နှင့် ကိုမူဆာ။

ပယ်ဖျက်ပြီး၊ တရားလို စွဲဆိုသောအမှုကို ပလပ်လိုက်ရာ၊ တရားလိုက မကျေနပ်၍ ဤရုံးသို့ အယူခံဝင်သည်။

ဤအယူခံမှုတွင် စဉ်းစားဆုံးဖြတ်ရန် အဓိကအချက်မှာ "အယူခံတရားလို သမဝါယမအသင်း လိမိတက်သည်၊ အခြင်းဖြစ် အိမ်ခန်းကို အယူခံတရားခံ ကိုမူဆာထံမှ အရေးကြီးသော ပုံသဏ္ဌာန် ပြောင်းလဲသည့် ပြုပြင်မှုများကို ပြုလုပ်ရန်အတွက် **အကြောင်းအားလျော်စွာ၊ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုပါသလား**" ဟူ၍ ဖြစ်သည်။

ဤအမှုသည် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဇ) အရ၊ စွဲဆိုသော အမှုဖြစ်သဖြင့် တရားလိုက ၎င်းသည် အခြင်းဖြစ် အိမ်ခန်းကို အရေးကြီးသော ပုံသဏ္ဌာန် ပြောင်းလဲသည့် ပြုပြင်မှုများကို ပြုလုပ်ရန်အတွက် **အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့်** ရယူလိုကြောင်း သက်သေတင်ပြရန် တာဝန်ရှိပေသည်။ "**ရိုးဖြောင့်သောသဘော**"ဆိုသော စကား၏ အဓိပ္ပါယ်ကို၊ **(၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၄)**၊ **(၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၆)**၊ **(၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော်ချုပ် ၁၅)** နှင့် **(၁၉၆၂ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၁)** စီရင်ထုံးတို့တွင်၊ ရှင်းလင်းစွာ အကျယ်တဝင့်ဖော်ပြထားသည်။ တဖန်၊ "**အကြောင်းအားလျော်စွာ၊ ရိုးဖြောင့်သော သဘော**" ဆိုသော စကား၏ အဓိပ္ပါယ်နှင့် ပက်သက်၍၊ **(၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၂၅၇)** နှင့် **(၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် ၈၄) စီရင်ထုံးတို့တွင်** ရှင်းလင်းဖော်ပြထားသည်။ ၎င်းစကားတို့၏ အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ဖော်ပြရမည်ဆိုသော်၊ တရားလိုသည် အခြင်းဖြစ် အိမ်ခန်းကို တရားခံထံမှ လိမ်လည်လှည့်ဖြားခြင်းမပြုဘဲ၊ ရိုးဖြောင့်သော သဘောဖြင့် အကြောင်းလုံလောက်စွာဖြင့် အရေးကြီးသော ပုံသဏ္ဌာန် ပြောင်းလဲသည့် ပြုပြင်မှုများကို ပြုလုပ်ရန် အတွက် ရယူလိုရန် ဖြစ်သည်။

ဤအမှုတွင် အောက် မူလရုံး ဖော်ပြသည့်အတိုင်း၊ အခြင်းဖြစ်အိမ်သည် အိမ်အမိုး ပေါက်ပြဲပြီး၊ ဘေးနံရံအကာအဝှိုနေရာ၌ ပျက်စီး၍၊ သွပ်ပြားများဖြင့် ဖါထေးရပြီး၊ တမံသလင်းများမှာ ပေါက်ကွဲသဖြင့်၊ အရေးကြီးသည့် ပုံသဏ္ဌာန် ပြောင်းလဲသော ပြုပြင်မှုများကို ပြုလုပ်ရန် လိုအပ်သည်မှာ ပေါ်လွင်သည်ဟု ယူဆသည်။ ဤထင်မြင်ယူဆချက်ကို မာမက်ဟူစိန် (လိုပြ-၅)က၊ အခြင်းဖြစ်အိမ်သည် ဟောင်းနွမ်း ဆွေးမြေ့နေပြီဖြစ်ကြောင်း ထွက်ဆိုပြီး၊ ဦးအဟုတ် (လိုပြ-၆)က၊ အခြင်းဖြစ်အိမ် အဆောက်အဦမှာ အမိုးအကာ တမံသလင်း၊ မီးဖိုဆောင် စသည်တို့ ပျက်စီးနေကြောင်း အစစ်ခံပြီး အေးရာဌာန (ခံပြ-၁)နှင့် ကေးနာရား (ခံပြ-၃)တို့က အခြင်းဖြစ်

၁၉၆၃

မိတ္တစားသုံးသူ သမဝါယမ အသင်း လိမိတက်၊ ၎င်း၏ အတွင်းရေးမှူး၊ ဦးကျော်မြင့် နှင့် ကိုမူဆာ။

အိမ် အမိုးအကာ မီးဖိုဆောင်နှင့် တမံသလင်းများ မကောင်းကြောင်း ထုတ်ဆို၍ လုံလောက်စွာ ထောက်ခံကြသည်။ ထို့ပြင်၊ ဤလိုအပ်သော ပြုပြင်မှုများကို ပြုပြင်ရန် အတွက်၊ အယူခံတရားလို သမဝါယမအသင်း လိမိတက်က ခွင့်ပြုဆုံးဖြတ်ထားပြီး ဖြစ်သည့်ပြင်၊ ပုသိမ်မြို့၊ မြူနီစီပါလိတီအဖွဲ့ကလည်း အယူခံတရားလိုအား၊ ပြုပြင်ပြောင်းလဲ မှုများ ပြုလုပ်ရန်အတွက် လိုအပ်သော အခွင့်အမိန့်ကို ပေးခဲ့ပြီးဖြစ်သည်။

အယူခံတရားခံက အယူခံတရားလိုတင်ပြချက်တို့ကို၊ မဟုတ်မမှန်ဟု ငြင်းဆို၍၊ သက်သေတင်ပြ စစ်ဆေးသော်လည်း၊ ၎င်း၏သက်သေတို့ကအယူခံတရားလို၏သက်သေ အစစ်ခံချက်တို့ကို ပျက်ပြယ်အောင် ပြုလုပ်နိုင်စွမ်း မရှိသည့်အတွက်၊ ၎င်း၏ ခုခံ ကာကွယ်ချက်ကို လက်မခံနိုင်သဖြင့်၊ ပယ်ရချေမည်။

အောက်အယူခံရုံးက၊ ဤအမှုတွင် အယူခံတရားလို တင်ပြသော အိမ်ပုံစံအရ လူနေအိမ်ဆောက်လုပ်ရန်မဟုတ်ဘဲ ကုန်ပစ္စည်းရောင်းရန်အတွက် အဆောက်အဦကို သာ ဆောက်လုပ်ရန် ဖြစ်သဖြင့်၊ တရားခံအား အခြင်းဖြစ်အိမ်ခန်းမှ နှင်ထုတ်ရန် စိတ်ထားဖြင့် ပြုလုပ်ခြင်းဖြစ်၍ ရိုးဖြောင့်သော သဘောဖြင့်၊ အိမ်ကို ပြုပြင်ရန် မဟုတ်ကြောင်း ယူဆဆုံးဖြတ်ထားသည်မှာ ဥပဒေပြဋ္ဌာန်းချက်အရ မဟုတ်သဖြင့် မှားယွင်းသည်ဟု ယူဆရန်ဖြစ်သည်။ **(၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၃၄၆)** နှင့် **(၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၁၈၀)** စီရင်ထုံးတို့တွင်၊ ဆောက်လုပ်ရမည့် အဆောက်အဦမှာ လူနေအိမ်ဖြစ်ရမည်ဟု မဆိုလိုဘဲ၊ အရောင်း အဝယ်အဆောက်အဦလည်း ဖြစ်နိုင်ကြောင်း ဆုံးဖြတ်ထားသည်။ မြို့ပြဆိုင်ရာ ဌာန ချမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဇ)တွင်၊ အဆောက်အဦဆိုသည်မှာ လူနေအိမ်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် အရောင်းအဝယ် အဆောက်အဦး လည်း ဖြစ်နိုင်သည်ဟု ယူဆနိုင်ပေမည်။ အောက်အယူခံရုံးက၊ **(၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားလွှတ်တော် ၈၅)** စီရင်ထုံးတွင်၊ ဖေါ်ပြထားသည့် အဆောက်အဦမှာ လူနေအိမ်ဖြစ်ခဲ့လျှင် လူနေအိမ် ဆောက်လုပ်ရန် ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်ကို အကိုးအကားပြု၍ ဆုံးဖြတ်ချက် ချမှတ်သည်။ သို့သော် ထိုအမှုတွင် ညွှန်ကြား ဖေါ်ပြဆုံးဖြတ်ဆားသော အဆောက်အဦးမှာ ထိုအမှုတွင်ရှိသော အမှုအကြောင်း ခြင်းရာများအရ၊ ညွှန်ကြားဖေါ်ပြ ဆုံးဖြတ်ဆားခြင်းဖြစ်၍၊ ထိုအမှုအကြောင်း ခြင်းရာများနှင့် ဤအမှုအကြောင်းခြင်းရာများ ထပ်တူထပ်မျှ ဖြစ်သည်ဟု မဆိုသာ သဖြင့်၊ ဤအမှုကို စီရင်ထုံးအရ ဆုံးဖြတ်ရန်မသင့်ဘဲ အထက်ဖေါ်ပြခဲ့သည့် စီရင်ထုံး များအရ၊ ဆုံးဖြတ်ရန် ဖြစ်ပေသည်။ မြို့ပြဆိုင်ရာ ဌာနချမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(ဇ)တွင်လည်း၊ **အဆောက်အဦ**ကိုသာ ဖေါ်ပြ၍၊ ပြုပြင်ဆောက်လုပ် ရာတွင်၊ မည်သည့် အဆောက်အဦ ဖြစ်ရမည်ဟု ဖေါ်ပြထားခြင်း မရှိသည်မှာ

၁၉၆၃

မိတ္တစားသုံးသူ သမဝါယမ အသင်း လီမိတက်၊ ဂင်း၏ အတွင်းရေးမှူး၊ ဦးကျော်မြင့် နှင့် ကိုမူဆာ။

ပေါ်လွင်သည်။ ထို့ကြောင့် အိမ်ပုံစံတွင် အရောင်းအဝယ် အဆောက်အဦ ပြုလုပ်ရန် ပါကာမျှဖြင့် (တရားလိုသည် အခြင်းဖြစ် အိမ်ခန်းကို ပြုပြင်ဆောက်လုပ်ရန် အကြောင်း အားလျော်စွာ ရှိုးဖြောင့်သော သဘောဖြင့် ရယူလိုခြင်း မဟုတ်ဟူ၍ ဆုံးဖြတ်ရန် မသင့်ဟု ထင်မြင်သည်)။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ အောက်အယူခံရုံးချမှတ်သော စီရင်ချက်နှင့် ဒီကရီကိုအတည်မပြုနိုင်သဖြင့်၊ ဤအယူခံကိုခွင့်ပြု၍၊ **စရိတ်ဖြင့်** ပယ်ဖျက်ပြီး အောက်မူလရုံးချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ပြန်လည်၍ အတည်ပြုရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးရွှေနေခမှာ ၅၁ ဖြစ်စေရမည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

မောင်စိန်မောင်ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူများ)

နှင့်

ဒေါ်ပု (ပြင်ဆင်ရန် လျှောက်ထားခံရသူများ)*

† ၁၉၆၃ အောက်တိုဘာ လ ၁၉ ရက်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅၊ ငြိမ်ဝပ်ပိပြားရေး ထိခိုက်သဖြင့် ထုတ်ဆင့်သည့်အမိန့်၊ ထိုပုဒ်မ၏ လိုအပ်ချက်များ၊ မည်သည့်အခါ၌ တရားသူကြီးသည် ဆက်လက်ဆောင်ရွက်ခွင့် မရှိခြင်း။

ဤအမှုတွင် လျှောက်ထားခံရသူက လျှောက်ထားသူများသည် မိမိ၏မြေပေါ်တွင် အခမဲ့ ဝင်ရောက်ကျူးကျော်လုပ်ကိုင်သဖြင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄-၁၄၅ အရ အရေးယူရန် လျှောက်ထားသည်ကို၊ ရာဇဝတ်တရားသူကြီးက ၎င်းတို့တောင်းသည့်အတိုင်း အမိန့်ထုတ်ပေးခဲ့လေသည်။

စက်ရှင်တရားသူကြီးထံသို့ ပြင်ဆင်မှုဝင်ကြရာ၊ အောက်ရုံးတရားသူကြီး၏ အမိန့်မှာ ကျင့်ထုံးပုဒ်မ ၁၄၅ ၏ လိုအပ်ချက်များနှင့် ဆန့်ကျင်နေ၍၊ ပယ်ဖျက်ရန် တရားရုံးချုပ်သို့ ထောက်ခံခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။အမှုတွဲကို လေ့လာကြည့်ရှုသည့်အခါ၌၊ ရာဇဝတ်တရားသူကြီးသည်၊ ကျင့်ထုံးပုဒ်မ ၁၄၅ (၁) ၏ လိုအပ်ချက်များ ဖြစ်သည့်လျှောက်လွှာအရ ငြိမ်ဝပ်ပိပြားရေး ထိခိုက်ရန် အကြောင်း တွေ့ရှိရသည်ဟုဆိုင်း၊ ထိုသို့ဖြစ်ပျက်နိုင်သည့် အကြောင်းများ တွေ့ရှိရသည်ဟုဆိုင်း၊ မှတ်တမ်းတွင် ပဏာမအမိန့် ရေးမှတ်ထားခဲ့ခြင်းမရှိ။ ထိုအမိန့်မိတ္တူကို၊ ပုဒ်မ ၁၄၅ (၃) အရ၊ သက်ဆိုင်သူများဆီ ပေးပို့၍၊ အခြင်းဖြစ်သည့်မြေနှင့် ပတ်သက်၍၊ မည်သည့်နေရက်တွင် လာရောက်ထုချေရှင်းလင်းရမည်ဟု ဆင့်ဆိုခဲ့ခြင်းလည်းမရှိဘဲ၊ ပုဒ်မ ၁၄၅ (၄) အရ စုံစမ်းမှုကိုသာ ဆက်လက်ပြုလုပ်၍၊ အမိန့်ချမှတ်လိုက်လေသည်။ ထို့ကြောင့် ရာဇဝတ်တရားသူကြီး၏ ဆောင်ရွက်ချက်မှာ၊ ကျင့်ထုံး ပုဒ်မ ၁၄၅ (၁) ဤအချက်များနှင့် မပြည့်စုံသဖြင့်၊ ၎င်းမှာ လျှောက်လွှာနှင့် ပတ်သက်၍၊ ပုဒ်မ ၁၄၅ အရ ဆက်လက်ဆောင်ရွက်နိုင်ခွင့် (jurisdiction) မရှိပါဟု ယူဆရမည်ဖြစ်ပေသည်။

အိန့်တိန်လျှောင် နှင့် ဦးကျော်ထူး။ **(1960) B.L.R. (S.C.) 461, referred to.**

သို့ဖြစ်ရကား၊ ရာဇဝတ်တရားသူကြီးသည် အချင်းဖြစ်မြေနှင့်ပတ်သက်၍၊ ပုဒ်မ ၁၄၅၊ အပိုဒ် (၄) အရသော်၎င်း၊ အပိုဒ် (၆) အရသော်၎င်း၊ အမိန့်ချမှတ်ရန် အခွင့်အရေးမရှိသဖြင့်၊ အမှုတွင်

---

* ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄၁ (ခ)။

† ၁၉၆၁ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၃၂ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်ဒန္တစ်ပါ၊ ပျော်ဘွယ်မြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၃

မောင်စိန်မောင်
ပါ ၂
နှင့်
ဒေါ်ပု။

အချင်းဖြစ်မြေကို၊ လျှောကထားခံရသူသာ လက်ရှိပိုင်ဆိုင်၊ လက်ရှိဖြစ်ထိုက်သူဟု ပြဋ္ဌာန်းသည့် အဓိန့် ချမှတ်ပေးခဲ့ခြင်းမှာ၊ ဥပဒေအရ မှားယွင်းထုတ်ဆင့်ခဲ့သည့် အဓိန့်သာဖြစ်ပြီး၊ လက်ခံရန် မဖြစ်သဖြင့်၊ ပယ်ဖျက်ရန် စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံသင့်သည်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးတိုးမောင် (အစိုးရရှေ့နေ)

တရားသူကြီး ဦးထွန်းတင်။ ။ဤပြင်ဆင်မှု အလွှာမှာ ပျော်ဘွယ်မြို့၊ ၁ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၁ ခု၊ ရာဇဝတ် သေးမှု အမှတ် ၃၂ တွင်၊ လျှောက်ထားခံရသူက၊ ပျော်ဘွယ် အပိုင်၊ ဆယ်ရွာကွင်း နံပါတ် ၃၆၃၊ ဦးပိုင် အမှတ် ၈၆-က မှာ ငှင်းပိုင် မြေဖြစ်၍၊ ထိုမြေပေါ်တွင် လျှောက်ထား သူများက အတင်း အဓမ္မ ဝင်ရောက် ကျူးကျော် လုပ်ကိုင်နေ ပါသဖြင့်၊ ငြိမ်ဝပ် ပိပြားရေး ထိခိုက် စရာ ရှိသဖြင့်၊ ကျင့်ထုံး ပုဒ်မ ၁၄၄၊ ၁၄၅ အရ၊ အရေးယူ ပါရန် ဦးတိုက် လျှောက်ထားခဲ့သည့် အတိုင်း ရုံးဘော်မှ နှစ်ဘက် ကြားနာပြီးမြေကို လျှောက်ထားခံရသူသာလက်ရှိ ပိုင်ဆိုင်၊လက်ရှိ ဖြစ်ထိုက်သူ ဖြစ်သည်ဟု ပြဋ္ဌာန်းသည့် အဓိန့် တရပ် ချမှတ်ပေးခဲ့သည်ကို၊ လျှောက်ထားသူများက မကျေနပ်၍၊ ပျဉ်းမနားမြို့ စက်ရှင် တရား သူကြီးရုံး ၁၉၆၃ ခု ရာဇဝတ် ပြင်ဆင်မှု အမှတ် ၇၅ တွင် ပြင်ဆင် ပေးပါရန် လျှောက်ထားရာ၊ စက်ရှင် တရား သူကြီးက၊ ထိုအဓိန့်မှာ ဥပဒေ အရ၊ ထုတ်ဆင့် နိုင်သည့် အဓိန့် မဟုတ် ကျင့်ထုံး ပုဒ်မ ၁၄၅ လိုအပ်ချက်များနှင့်လည်း ဆန့်ကျင်နေသဖြင့်၊ ပယ်ဖျက်သင့်ကြောင်း ထောက်ခံ တင်သွင်းခဲ့သည့် အလွှာ ဖြစ်ပေသည်။

လျှောက်ထားခံရသူ လျှောက်ထားသည့် အတိုင်း၊ ပုဒ်မ ၁၄၅ အရ၊ အရေး ယူခဲ့သည့်၊ ၁ ရာဘက် ရာဇဝတ် တရား သူကြီး၏ ၃၂/၆၁ အမှုတွဲကို လေ့လာရာ၊ အမှု ရရှိခဲ့သည့်၊ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ နေ့စဉ် မှတ်တမ်း သက်ဆိုင်သည့် အပိုင်းမှာ အောက်ပါ အတိုင်း ရေးသား ထားသည်ကို တွေ့ရသည်။

"လျှောက်သူတရားလိုလာသည်၊ ငှင်းအတွက် ရှေ့နေ ဦးဘိုးထွန်း ကိုယ်စား လှယ် စာတင်သည်။

လျှောက်ခံရသူ အား၊ တရားလို၏ လျှောက်ထားချက် အရ၊ အဘယ့်ကြောင့် ကျင့်ထုံး ပုဒ်မ ၁၄၅ အရ၊ တားမြစ်ချက် အမိန့် မထုတ်ပေးသင့်ကြောင်း နှင့် အဓိကြောင်းပြရန် နို့တစ်စာ ထုတ်ဆင့် ပါရန်။

နို့တစ်စာပြန်ရန် ချိန်း။"

သို့ဖြစ်ရကား၊ ရာဘက် ရာဇဝတ် တရား သူကြီးသည်၊ ကျင့်ထုံး ပုဒ်မ ၁၄၅ (၁)၏ လိုအပ်ချက်များ ဖြစ်သည့်၊ လျှောက်လွှာ အရ၊ ငြိမ်ဝပ် ပိပြားရေးကို ထိခိုက်ရန် အကြောင်းရှိသည်ဟုဆိုင်း၊ ထိုသို့ ဖြစ်ပျက် နိုင်သည့် အကြောင်းများ တွေ့ရှိရသည်ဟု

၁၉၆၃

မောင်စိန်မောင် ပါ ၂ နှင့် ဒေါ်ပု။

ခြင်း၊ မှတ်တမ်းတင် ပဏာမ အမိန့် ရေးမှတ် ထားခဲ့ခြင်း မရှိ [ထိုအမိန့် မိတ္တူကို ပုဒ်မ ၁၄၅ (၃) အရ၊ သက်ဆိုင်သူများထံ ပေးပို့၍၊ အခြင်း ဖြစ်သည့် မြေနှင့် ပတ်သက်၍၊ မည်သည့် နေ့ရက်တွင် လာရောက် ထုချေ ရှင်းလင်းရမည်ဟု ဆင့်ဆိုခဲ့ခြင်း လည်း မရှိဘဲ၊ ပုဒ်မ ၁၄၅ (၄) အရ၊ စုံစမ်းမှုကိုသာ ဆက်လက် ပြုလုပ်၍၊ အမိန့် ချမှတ် လိုက်လေ သည်။ ထို့ကြောင့် (၁ ရာဘက်) ရာဇဝတ် တရား သူကြီး၏ ဆောင်ရွက် ချက်မှာ ကျင့်ထုံး ပုဒ်မ ၁၄၅ (၁) လိုအပ်ချက်များ မပြည့် စုံသဖြင့်] **အိန်တိန်လျောင် နှင့် ဦးကျော်ထူး ပါ ၃ (1)** စီရင်ထုံးတွင် ပြဆိုချက်များ အရ၊ ၎င်းမှာ လျှောက်လွှာနှင့် ပတ်သက်၍၊ ပုဒ်မ ၁၄၅ အရ၊ ဆက်လက်ဆောင်ရွက်နိုင်ခွင့် (Jurisdiction) မရှိပါ ဟုသာ ယူဆရမည် ဖြစ်ပေ သည်။ [သို့ဖြစ်ရကား၊ ရာဘက် ရာဇဝတ် တရားသူကြီးသည်။ အခြင်းဖြစ် မြေနှင့် ပတ်သက်၍၊ ပုဒ်မ ၁၄၅၊ အပိုဒ် (၄) အရ သော်၎င်း၊ အပိုဒ် (၆) အရ သော်၎င်း၊ အမိန့် ချမှတ်ရန် အခွင့် အရေး မရှိသဖြင့်၊ အမှုတွင် အခြင်း ဖြစ်မြေကို၊ လျှောက်ထား ခံရသူသာ လက်ရှိ ပိုင်ဆိုင်၊လက်ရှိ ဖြစ်ထိုက်သူဟု ပြဋ္ဌာန်းသည့် အမိန့် ချမှတ် ပေးခဲ့ခြင်းမှာ၊ ဥပဒေအရ၊ မှားယွင်းထုတ်ဆင့်ခဲ့သည့် အမိန့်သာဖြစ်ပြီး၊ လက်ခံရန်မဖြစ် သဖြင့်၊ ပယ်ဖျက်ရန် စက်ရှင် တရားသူကြီး၏ထောက်ခံချက်ကို လက်ခံသင့်ကြောင်း] အစိုးရ အတွက်၊ လိုက် ပါဆောင်ရွက်သည့်၊ ပညာရှိ ရွှေနေကြီးက ဝန်ခံ ပေသည်။

ထိုပြဆိုချက်ကို ကျွန်ုပ် သဘောတူညီ သဖြင့်၊ စက်ရှင် တရား သူကြီး၏ ထောက် ခံချက်ကို လက်ခံ၍၊ ပျော်ဘွယ်မြို့၊ ၁ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၁ ခု၊ ရာဇဝတ်သေးမှု အမှတ် ၃၂ တွင် ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က၊ ကျင့်ထုံး ပုဒ်မ ၁၄၅ အရ၊ ချမှတ် ခဲ့သည့် အမိန့်ကို၊ ပယ်ဖျက်လိုက်သည်။

(1) (1960) B.L.R. (S.C.) 461.

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

† ၁၉၆၃ မောင်လှမြင့် (ပြင်ဆင်ရန်လျှောက်ထားသူ)

စက်တင်ဘာလ ၂၇ ရက်။ နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးမြင့်သိန်း) (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် ၁ (၂)—နစ်နာခြင်းခံရသူ—ပုဂ္ဂလိကပိုင်ပစ္စည်း—မည်သည့် အခါ၌ ဖြစ်ခြင်း။

လျှောက်ထားသူသည်၊ ဆိပ်ကမ်းနယ်မြေဒေသ အလုပ်သမားစောင့်ရှောက်ရေး ကော်မီတီ၏ ဥက္ကဋ္ဌကိုင်ဖြစ်ပြီး၊ ၎င်းကော်မီတီ၏ ဥက္ကဋ္ဌကို အလွဲသုံးစားလုပ်သည်ဆို၍၊ ကော်မီတီဥက္ကဋ္ဌ၏ တိုင်တန်းချက်အရ၊ တရားစွဲဆိုခံနေရစဉ်၊ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ပေါ်ထွက်လာရာ၊ ထိုအမိန့်နှင့် အကျုံးဝင်ကြောင်း ရုံးတော်အား လျှောက်ထားခဲ့သည်။

သို့ရာတွင် စစ်ဆေးသည့် တရားသူကြီးက လျှောက်လွှာကို ခွင့်မပြုဘဲ၊ အမှုကိုဆက်လက်စစ်စေခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းရာ။

ဆုံးဖြတ်ချက်။ ။အလွဲသုံးစားပြုလုပ်ခဲ့သည်ဆိုသည့်ဥဒေမျာ်းမှာ ဆိပ်ကမ်းအလုပ်သမား စောင့်ရှောက်ရေးအတွက် ကောက်ခံခဲ့သည့်ဥဒေမျာ်းဖြစ်သည့်အတိုင်းထိုအဖွဲ့၏ ပုဂ္ဂလိကပိုင် ပစ္စည်းဖြစ်သည်။

ထို့ပြင် တိုင်တန်းသူဖြစ်သော ကော်မီတီဥက္ကဋ္ဌသည် အစိုးရအရာရှိဖြစ်သော်လည်း၊ အဖွဲ့တွင် ပါဝင်သည့် နစ်နာသည့် လုပ်သားများကိုယ်စား မိမိ၏ရာထူးအရ တိုင်တန်းခြင်းသာဖြစ်သည်။

ထိုကြောင့်၊ လွှတ်ငြိမ်းချမ်းသာခွင့် အပိုဒ် ၁ တွင် အကျုံးမဝင်။

လျှောက်လွှာကို ပယ်လိုက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးတင့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးဘသန်း (၂) (အစိုးရရွှေနေကြီး)။

တရားသူကြီး ဦးထွန်းတင်။ ။ဤပြင်ဆင်မှုမှာ ရန်ကုန်မြို့၊ ထီးတန်းဆိပ်ကမ်းနယ်မြေဒေသအလုပ်သမားစောင့်ရှောက်ရေးကော်မီတီ ဥက္ကဋ္ဌဖြစ်သူလျှောက်ထားသူ မောင်လှမြင့်သည်၊ စာရင်းကိုင်ဖြစ်သူ ဦးလှရွှေနှင့် လက်ထောက် စာရင်းကိုင် မောင်

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၄ (ခ)။

† လျှောက်ထားသူက၊ ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၁၈ အရ၊ တရားစွဲဆိုထားသော ရန်ကုန်မြို့ အဋ္ဌမရာဘက်ရာဇဝတ်တရားသူကြီးရုံး ရာဇဝတ်ကြီးမှု အမှတ် ၉၄၀/၆၁ အမှုတခုလုံးကို ဖျက်သိမ်းပေးပါရန် တင်သွင်းသော ပြင်ဆင်မှုလျှောက်လွှာ။

၁၉၆၃

မောင်လှမြင့် နှင့် မြည်ထောင်စု မြန်မာနိုင်ငံ။

ကျေးငြိမ်းတို့နှင့် ပူးပေါင်း၍ ဒေပေါင်း ၇,၅၆၆ ကျပ် ၈၀ ပြားကို အလဲသုံးစား လုပ်ထားပါသည်ဆို၍ ကော်မီတီဥက္ကဋ္ဌ ဦးမြင့်သိန်း၏ တိုင်တန်းချက်အရ၊ လျှောက်ထားသူအပေါ် ရန်ကုန်မြို့၊ (၈)ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၁ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၉၄၀ တွင် တရားစွဲဆိုခဲ့ရာ အမှုကိုစစ်ဆေးနေဆဲ ၁၃-၅-၆၃ နေ့က လျှောက်ထားသူက ၎င်းအမှုမှာ ၁၉၆၃ ခု၊ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် ၁ တွင်အကျုံးဝင်သဖြင့် လျှောက်ထားသူအား ထိုအမိန့်အရ အကျိုးခံစားခွင့်ဖြစ်သည့် အမှုကိုပိတ်ပြီး လွှတ်ပေးခြင်းပြုရန် လျှောက်ဆားခဲ့သည်ကို စစ်ဆေးသည့် ပညာရှိ တရားသူကြီးက ၎င်းအမှုမှာ ထိုအမိန့်နှင့် အကျုံးမဝင် လွှတ်ငြိမ်းချမ်းသာခွင့် စီစစ်ရေးအဖွဲ့မှပင် အမှုကိုစီစစ်ပြီး၊ ဆက်လက်စစ်ဆေးရန် ညွှန်ကြားခဲ့သဖြင့် လျှောက်လွှာကို ခွင့်မပြုနိုင်ဆိုပြီး ပယ်ခဲ့သည့်အမိန့်ကို မကျေနပ်၍ လျှောက်ထားသူက တင်သွင်းခဲ့သည့် အမှုဖြစ်ပေသည်။

လျှောက်ထားသူက ဖေါ်ပြသည်မှာ ဒေများကို အလဲသုံးစား ပြုလုပ်သည်ဆိုသည်မှာ တရားလိုဘက်မှ ပြဆိုချက်အရပင် ၁၉၆၃ ခု၊ လွှတ်ငြိမ်းချမ်းသာခွင့် မထုတ်ပြန်မီ ဧပြီလအရင်က ဖြစ်ပျက်ပါသည်ဆိုသည်တကြောင်း၊ အရေးယူ တိုင်တန်းသူမှာ အစိုးရအာဏာရှိတဦး ဖြစ်သဖြင့် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် ၁ (၂)တွင် ရည်ညွှန်းထားသည့် ထိခိုက်နစ်နာခြင်း ခံရသူမဟုတ်သဖြင့် အမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် ၁ သို့သာ အကျုံးဝင်ပါသည်ဟု ပြဆိုလေသည်။

သို့သော် အမှုတွဲကို လေ့လာသောအခါ အလဲသုံးစား ပြုလုပ်ခဲ့သည်ဆိုသည့် ဒေများမှာ ဆိပ်ကမ်းအလုပ်သမားများ ဧစာင့်ရှောက်ရေးအတွက် ကောက်ခံခဲ့သည့် ဒေများ ဖြစ်သည့်အတိုင်း၊ ထိုအဖွဲ့၏ ပုဂ္ဂလိကပိုင်ပစ္စည်း ဖြစ်သည်တကြောင်း၊ ကော်မီတီဥက္ကဋ္ဌဖြစ်သူ ဦးမြင့်သိန်းက တိုင်တန်းခဲ့ခြင်းမှာလည်းအဖွဲ့တွင် ပါဝင်သည့် နစ်နာသည့် လုပ်သားများ ကိုယ်စားသာ မိခိ၏ရာထူးအရ တိုင်တန်းအရေးယူခဲ့ကြောင်း ပေါ်လွင်နေရကား၊ ဤအမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် ၁ အပိုဒ်ငယ် (၂) နှင့်သာ သက်ဆိုင်နေသည်မှာထင်ရှားပေသည်။ ထို့ကြောင့်သာ လွှတ်ငြိမ်းချင်းသာခွင့် စီစစ်ရေးအဖွဲ့မှလည်း ယခုအမှုမှာ လွှတ်ငြိမ်းချင်းသာခွင့်အမိန့်အပိုဒ် ၁ နှင့်အကျုံးမဝင်သဖြင့် ဆက်လက်စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ပေမည်။

သို့ဖြစ်ရကား၊ ဤပြင်ဆင်မှုအသွဘကို ခွင့်ပြုရန် လျှောက်ထားသူ တင်သွင်းဖေါ်ပြခဲ့သည့် ပြဆိုချက်မှာ မှန်ကန်လက်ခံနိုင်စရာ ရှိသည်ဟု မဆိုနိုင်သဖြင့် လျှောက်လွှာကို ပယ်လိုက်သည်။

အမှုကို မူလစစ်ဆေးသည့် အောက်ရုံးတော်မှ ဆက်လက်စစ်ဆေးရန်သာဖြစ်သည်။

ရာဇဝတ်အယူခံ

တရားသူကြီး ဦးစံမောင်၊ တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးမောင်မောင် တို့ရှေ့တွင်

† ၁၉၆၃

စက်တာ်ဘာလ ၂၆ ရက်။

မောင်သာလှ (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် (လျှောက်ထားခံရသူ)*

လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်၊ ရာဇသတ်ကြီးပုဒ်မ ၃၉၆ နှင့် ၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၃ အရ၊ သေဒဏ်ပေးခြင်းခံရသူ အကျုံးဝင် မဝင်။

အယူခံတရားလိုသည် သောင်းကျန်းသူများနှင့် ပူးပေါင်းပြီး ရဲကင်း ၃ ကင်းကို တိုက်ခိုက်ခဲ့ခြင်းကြောင့်၊ အပြန်အလှန်ပစ်ခတ်ရင်း ရဲသား ၄ ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သဖြင့်၊ ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၃၉၆ နှင့် အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၃ အရ၊ သေဒဏ်အပြစ်ပေးခြင်းခံရလေသည်။

တရားရုံးချုပ် ခုံအဖွဲ့ကလည်း သေဒဏ်ကို ၁၉၆၃ ခု၊ မတ်လ ၁၈ ရက်နေ့တွင် အတည်ပြုခဲ့ရာ၊ ၎င်းနောက်မှ လွှတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်လေသည်။

တရားခံက အထူးအယူခံခွင့် တောင်းဆိုရာတွင်၊ လွှတ်ငြိမ်းချမ်းသာခွင့်နှင့် အကျုံးဝင် မဝင် ဟူသော အချက်ပေါ် ပေါက်လာရာ—

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုကိုယ်တိုင် သေသူ ၄ ဦးအား သတ်သည်ဟူ၍ စွပ်စွဲချက်လည်းမရှိ၊ အမှုတွဲ၌လည်း မပေါ်လွင်။ ထို့ကြောင့် ၎င်းကျူးလွန်သောအမှုမှာ လူသတ်မှုလည်းမဟုတ်၊ သူတဦးအား ထိခိုက်နစ်နာစေသည့် အမှုလည်းမဟုတ်၊ ပဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာစေသည့်အမှုလည်းမဟုတ်။ ၎င်းကြောင့် ၎င်းကျူးလွန်သော အမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်စာ အပိုဒ် ၁၊ စာပိုဒ်ခွဲ (၁) တွင် အကျုံးဝင်သဖြင့် လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် ရထိုက်သည်။

လျှောက်ထားသူအတွက်။ ။မရှိ။

လျှောက်ထားခံရသူအတွက်။ ။ဦးဘကြိုင် (အစိုးရရှေ့နေ)။

တရားသူကြီး ဦးစံမောင်။ ။စစ်တွေမြို့၊ ပဌမ အထူးတရားသူကြီးရုံး၏ ၁၉၆၂ ခု၊ ရာဇဝတ်မှုအမှတ် ၃ တွင် တရားခံဖြစ်သူ မောင်သာလှ အပေါ်၊ ရာဇသတ်ကြီး အက်ဥပဒေ ပုဒ်မ ၃၉၆ အရင်း၊ ၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၃

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာအမှတ် ၄၃။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ရန်ကုန်မြို့၊ နိုင်ငံတော် တရားမျုံးချုပ်၏၊ ရာဇဝတ်အယူခံမှုအမှတ် ၆၁/၆၃ တွင်၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ အထူးအယူခံခွင့်ရရန် လျှောက်ထားသောလျှောက်လွှာ။

အရင်း၊ အပြစ်ပေးစီရင်ထိုက်သော ပြစ်မှုကျူးလွန်သည်ဟု သေဒဏ်အပြစ် ပေးလိုက်ခြင်းကို မောင်သာလှက မကျေနပ်၍ အယူခံဝင်ရာ အယူခံကို ဤရုံးတော်က ၁၉၆၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၆၁ တွင်၊ ပယ်လိုက်ပြီး သေဒဏ်ကို အတည်ပြုခြင်းကြောင့် မောင်သာလှက မကျေနပ်၍ အထူးအယူခံဝင်ခွင့် တောင်းခဲ့လေသည်။ အမှုအဖြစ်အပျက် အဘိုချုပ်မှာကား အောက်ပါအတိုင်းဖြစ်သည်။

၁၉၆၃ ခုနှစ် မေလ ၁၃ ရက်နေ့ ညနေ ၅ နာရီခန့်တွင် ပုဏ္ဏားကျွန်း ရဲဌာနအုပ်ချုပ်ရေးမှူး ဦးဘသောင်းနှင့် ကွန်စတေဘယ် ဦးဘသိန်းတို့ ပုဏ္ဏားကျွန်းရှိ ဘုရားပွဲတော်ကို ကြည့်ရှုရန် ရောက်ရှိလာကြသည်။ ထိုအခါ ဦးဘသောင်းက ဦးဘသိန်းအား

၁၉၆၃

မောင်သာလှ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သည့်နေ့မှာ ၁၉၆၃ ခု၊ မတ်လ ၁၈ ရက်နေ့ဖြစ်၍ ယင်းသို့စီရင်ချက် ချမှတ်ပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် ထုတ်ပြန်ခဲ့လေသည်။ ယင်းသို့ထုတ်ပြန်သော လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်၌

"ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံသား တဦးဦးသည် အောက်တွင်ဖော်ပြသော ရာဇဝတ်ပြစ်မှုများမှအပ၊ အခြားရာဇဝတ်ပြစ်မှု တခုခုကို ကျူးလွန်ခဲ့လျှင် လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်။"

ဟူ၍ ဖော်ပြထား၏၊ လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် မရသော ပြစ်မှုများမှာ—

(က) လူသတ်မှု၊ မုဒိမ်းမှု၊

(ခ) သူတဦးအား၊ ထိခိုက်နစ်နာစေမှု၊ သို့တည်းမဟုတ် ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာစေသည့်ပြစ်မှု

တို့ဖြစ်သည်။

ယခုအထူးအယူခံခွင့်တောင်းသော အယူခံတရားလို မောင်သာလှ ကျူးလွန်ခဲ့သောပြစ်မှုမှာ သောင်းကျန်းသူ ၄၀ ကျော်ခန့်နှင့် ပူးပေါင်းပြီး ရဲကင်းကို တိုက်ခိုက်ရာဝယ် တဦးနှင့်တဦး ပစ်ခတ်ရင်း ရဲသား ၄ ဦးကျဆုံးခဲ့ခြင်းနှင့် ရဲကင်းတွင် ထားရှိသော စတင်းသေနတ်၊ ရိုင်ဖယ်သေနတ်၊ ယမ်းတောင့် စသည်တို့ကို ယူယူသွားခြင်း၊ ထို့ပြင် ရဲကင်းကိုစောင့်သော ရဲသားများအား လက်နက်ချရန် တိုက်တွန်းနှိုးဆော်ခြင်းများဖြစ်သည်။

အယူခံတရားလို မောင်သာလှ ကိုယ်တိုင်က သေသူ ၄ ဦးအား သတ်သည်ဟူ၍ စွဲချက်သည်းမရှိ၊ အမှုတွဲ၌သည်း မပေါ်လွင်ချေ၊ ထို့ကြောင့် အယူခံတရားလို မောင်သာလှ ကျူးလွန်သောအမှုမှာ လူသတ်မှုလည်းမဟုတ်၊ သူတဦးအား ထိခိုက်နစ်နာစေသည့် အမှုလည်းမဟုတ်၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာစေသည့် အမှုလည်းမဟုတ်သည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ထို့ကြောင့် အယူခံတရားလို မောင်သာလှ ကျူးလွန်ခဲ့သောအမှုမှာ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် စာပိုဒ် ၁၊ စာပိုဒ်ခွဲ (၁) တွင် အကျုံးဝင်သဖြင့် လုံးဝလွှတ်ငြိမ်းချမ်းသာခွင့် ရထိုက်သည်ဟူ၍ ကျွန်ုပ်တို့ယူဆသည်။ ယင်းသို့ ယူဆသည့်အတိုင်း အယူခံတရားလို မောင်သာလှအပေါ် ရာဇသတ်ပုဒ်မ ၃၀၇ အရငင်း၊ အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၃ အရငင်း၊ ပေးထားသော သေဒဏ်ကို ၁၉၆၃ ခုနှစ်၊ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ ပယ်ဖျက်လိုက်သည်။

ယင်းသို့ ပယ်ဖျက်လိုက်သည့်အတိုင်း အယူခံတရားလို မောင်သာလှကို ယခု အမှုနှင့် စပ်လျဉ်း၍ လွှတ်ရန်ကျွန်ုပ်တို့ အမိန့်ချမှတ်လိုက်သည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင် ရှေ့မှောက်တွင်

မိုဟာမက် အိဘရာဟင် စလေဘိုင် (အယူခံတရားလို)

နှင့်

မြန်မာနိုင်ငံ လူဝင်မှု ကြီးကြပ်ရေးဝန် (အယူခံတရားခံ)*

† ၁၉၆၃ ခုနှစ် ဧပြီလ ၁၉ ရက်။

နိုင်ငံခြားသား—မြန်မာပြည်၌ အမြဲနေထိုင်ရန်အတွက် အရည်အချင်းရှိသော်လည်း ပြည်နှင်ဒဏ် ပေးခံရခြင်း—သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ တရားစွဲနိုင်ခွင့် ရှိမရှိ။

အယူခံတရားလိုသည် ၁၉၃၀ ခုနှစ်၌ မြန်မာပြည်သို့ ရောက်ရှိလာပြီး အိန္ဒိယပြည်သို့ ခေတ္တခရီးမျှ ပြန်သည်အပြင် မြန်မာပြည်တွင် အမြဲနေထိုင်ခဲ့၍၊ မြန်မာပြည်တွင် အမြဲနေထိုင်ရန် ပြည်နေအရည်အချင်းရှိသဖြင့်၊ ယင်းသို့ အရည်အချင်းရှိကြောင်း မြို့ကဟကျေညာစေရန်၊ တရားရုံးချုပ် မူလဘက်ဆိုင်ရာရုံးတွင် တရားစွဲဆိုခဲ့သည်။

ထိုရုံးတွင် မအောင်မြင်၍၊ အယူခံဝင်ပြန်ရာ။

ဆုံးဖြတ်ချက်။ ။နိုင်ငံခြားသားဖြစ်သူ အယူခံတရားလိုသည်၊ ဦးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ (၄၂) ၏ ပြဋ္ဌာန်းချက်များတွင်၊ အကျုံးဝင်မဝင်ကို စီစစ်ရာ၌၊ ၎င်းသည် မြန်မာပြည်တွင် အမြဲနေထိုင်ရန် အခွင့်အရေးရှိသလောဟူသည့် ပြဿနာကို ဆုံးဖြတ်ရမည်။ အပြည်ပြည်ဆိုင်ရာ တရားဥပဒေအရ၊ ဤကိစ္စနှင့် ပတ်သက်သည့်မူများ၊ နိုင်ငံခြားသားတဦးအား လက်ခံစောင့်ရှောက်ထားသော နိုင်ငံတခုသည် ထိုလက်ခံစောင့်ရှောက်မှုကို ပယ်သိမ်း၍၊ ၎င်း၏တိုင်းပြည်သို့ ပြန်လည် ပို့ဆောင်ရှိသည်။

ကြည်ချန်ယောက်နှင့် လူဝင်မှုကြီးကြပ်ရေးဝန်။ ၁၉၅၁ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာ ၁၉၇ ကို ရည်ညွှန်းခဲ့သည်။

ထို့ကြောင့် အယူခံတရားလိုသည်၊ မြန်မာပြည်၌ အမြဲတန်းနေထိုင်ရန် အခွင့်အရေးရှိကြောင်း၊ တရားရုံးဆိုခြင်းမပြုနိုင်ဟု ဆုံးဖြတ်ရပေမည်။ ထို့ကြောင့် ၎င်းသည်၊ အမြဲနေထိုင်ရန် ပြည်နေအရည်အချင်းနှင့် ပြည့်စုံသည် မပြည့်စုံသည်ဆိုသည့် ပြဿနာမှာ မပေါ် ပေါက်တော့ချေ။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့်။

အယူခံတရားခံအတွက်။ ။ဦးဘဖေ။

---

* ၁၉၆၃ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၁၈။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၅ တွင် တရားလွှတ်တော်မူလဘက်ရုံးတော်၏ ချမှတ်သောအမိန့် အယူခံဝင်မှု။

၁၉၆၃

မိုဟာမက်အီဘရာဟင် စလေဘိုင် နှင့် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဝန်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံတရားလို၊မိုဟာမက်အီဘရာဟင်စလေဘိုင်သည်၊ နိုင်ငံခြားသားဖြစ်သည်။ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌၊ ၎င်းသည်၊ ထိုနှစ် မတ်လ ၂၃ ရက်နေ့ကို နောက်ဆုံးထား၍ မြန်မာပြည်မှထွက်ခွာသွားရန်၊ လူဝင်မှုကြီးကြပ်ရေးဝန်ထံမှ အမှာစာရ၏။ ယင်းသို့အမှာစာရသည်ကို ပြည်နှင်ဒဏ်အမိန့် ထုတ်သည်ဟုလဲမှားထင်ကာ၊ တရားလွှတ်တော်ချုပ်သို့ အမှုခေါ်စာချွန်တော်ဖြင့် ပယ်ဖျက်ရန်အတွက် အကြိမ်ကြိမ်လျှောက်ထားခဲ့၏။ သို့သော် မအောင်မြင်ချေ။ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ကျရောက်ကာလ၊ ထိုကြီးကြပ်ရေးဝန်သည်၊ ယခုအယူခံတရားလိုအားမြန်မာပြည်မှထွက်ခွါသွားရန် အမိန့်ပေးလိုက်၏။ ထိုအမိန့်ကို မနာခံသဖြင့်၊လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁) အရတရားစွဲဆိုရာ၊တရားရုံးက အယူခံတရားလိုအားပြစ်မထင်ရှားဗီရင်၍ ငွေဒဏ်ဆောင်စေရန် အမိန့်ချမှတ်လိုက်သည်။ အယူခံတရားလိုသည်၊ ထိုအမိန့်ကိုပြင်ဆင်ရန်အတွက် ဟံသာဝတီစက်ရှင်ရုံးသို့ လျှောက်သည့်အပြင်၊ တရားရုံးချုပ်၊ မူလဘက်ဆိုင်ရာတရားရုံး၌လည်း သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုလေသည်။ အယူခံတရားလို ယင်းသို့တရားစွဲဆိုရာ၌ အကြောင်းပြချက်မှာ၊ မိမိသည်၊ ၁၉၅၀ ခုနှစ်တွင် မြန်မာပြည်သို့ရောက်ရှိလာပြီး၊ အိန္ဒိယပြည်သို့ ခေတ္တခရီးမျှပြန်သည့်အချိန်မျှးမှအပ၊ မြန်မာပြည်တွင် အမြဲတစေနေထိုင်ခဲ့ကြောင်း။ ထို့ကြောင့်၊ မြန်မာပြည်တွင် အမြဲနေထိုင်ရန်အတွက် ပြည်နေအရည်အချင်းရှိသည်ဖြစ်၍၊ ယင်းသို့အရည်အချင်းရှိကြောင်း မြွက်ဟကျေညာစေရန် တရားစွဲဆိုခြင်းဖြစ်သည်။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ကို၊ ဤအမှုနှင့်သက်ဆိုင်သမျှ ဖော်ပြရသော်၊ အောက်ပါအတိုင်းဖြစ်သည်။

> "42. Any Person entitled to any legal character, or to any right as to any property, may institute a suit against any person denying, or interested to deny, his title to such character or right, and the Court may in its discretion make therein a declaration that he so entitled, and the plaintiff need not in such suit ask for any further relief."
>
> Discretion of Court as to declaration of status or right.

အထက်ပါပြဋ္ဌာန်းချက်များတွင်၊ယခုအယူခံတရားလို အကျုံးဝင်မဝင်ကို စီစစ်ဆုံဖြတ်၍၊ နိုင်ငံခြားသားဖြစ်သူ အယူခံတရားလိုသည်၊ မြန်မာပြည်တွင် အမြဲနေထိုင်ရန် အခွင့်အရေးရှိသလော၊ဟူသည့်ပြဿနာကို အဆုံးအဖြတ်ပြုရပေမည်။ ဤအချက်နှင့်စပ်လျဉ်း

၁၉၆၃

မိုဟာမက်
[အီဘရာဟင်
စလေဘိုင်
နှင့်
မြန်မာနိုင်ငံ
လူဝင်မှုကြီးကြပ်
ရေးဝန်။

၍ ကြည်ချန်ယောက် နှင့် လူဝင်မှုကြီးကြပ်ရေးဝန်တို့အမှု (၁) တွင်၊ အောက်ပါ အတိုင်း အဆုံးအဖြတ်ပြုခဲ့၏။

> "Every country which extends its hospitality to an alien can withdraw it and send him back to his own country. Every Power has the right to refuse to permit an alien to enter the State and, if it permits an alien to enter, to annex what conditions it pleases to such permission and expel or deport him from the State at pleasure. This principle is propounded and followed by English and American Courts and is in conformity with the practice of every sovereign State."

အဆိုပါမူမှာ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့်ကိုက်ညီလေသည်။ ယင်းသို့ဖြစ်ရာ၊ အယူခံတရားလိုသည်၊ နိုင်ငံခြားသားဖြစ်သည့်အားလျော်စွာ၊ မြန်မာပြည်၌ အမြဲနေထိုင်ရန် အခွင့်အရေးရှိကြောင်းနှင့် တရားစွဲဆိုခြင်းမပြုနိုင်ဟု ဆုံးဖြတ်ရပေမည်။ ထို့ကြောင့်ငင်းသည်၊ အမြဲနေထိုင်ရန် ပြည်နေအရည်အချင်းနှင့် ပြည်စုံသည်မပြည့်စုံသည် ဆိုသည့်ပြဿနာမှာ မပေါ်ပေါက်တော့ချေ။

အယူခံကိုစရိတ်မရှိပယ်လိုက်သည်။

(၁) ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးမျှားတရားလွှတ်တော်ချုပ်စာ၊ ၁၉၇။

တရားမအယူခံ

တရားသူကြီးချုပ်၊ ဦးဆိုကြီး၊ တရားသူကြီး၊ ဦးထွန်းတင်တို့ ရှေ့မှောက်တွင်။

† ၁၉၆၃

စက်တင်ဘာ ၁၄ ရက်။

ဦးသိန်းပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးဘသန်း ပါ ၂ (အယူခံတရားခံများ)*

ပစ္စည်းထိန်းလက်ရှိဖြစ်သောအိမ်ခန်း တရားရုံး၏အမိန့် ဒီကရီအရ ထိုအခန်းမှ နှင်နိုင်မနိုင် ပစ္စည်းထိန်းသည် ရုံးတော်အရာရှိဖြစ်ခြင်း၊ ၎င်း၏ပိုင်ဆိုင်ခွင့်မှာ ရုံးတော်၏ ပိုင်ဆိုင်ခွင့် (*Custodia legis*) ဖြစ်ခြင်း။

အယူခံတရားခံများသည် အခင်းဖြစ်အိမ်နှင့် ပတ်သက်၍ အယူခံတရားလိုများအပေါ် တရားစွဲဆိုခဲ့ရာ၊ ၎င်းတို့၏တောင်းဆိုချက်အရ၊ ရုံးကထိုအိမ်နှင့် ပတ်သက်၍ ပစ္စည်းထိန်းမင်းကြီးအား ပစ္စည်းထိန်းခန့်ခဲ့သည်။ ၎င်းနောက် နှစ်ဘက်သဘောတူ ဒီကရီချမှတ်ပေးခဲ့သည်။ ၎င်းဒီကရီအရ အယူခံတရားလိုများက အချင်းဖြစ်အိမ်ကို လက်ရောက်ပေးအပ်ရန်ဖြစ်သည်။

အယူခံတရားခံများက ဒီကရီကို ဇာရီပြုလုပ်သောအခါ အယူခံတရားလိုများက မိမိတို့ဆံပင်ညှပ်ဆိုင်ဖွင့်ထားသော အခန်းမှ ဖယ်ရှားမပေးလိုဘဲ၊ ထိုအခန်းမှာ ပစ္စည်းထိန်းလက်အတွင်းဖြစ်၍၊ ၎င်းတို့သည် ပစ္စည်းထိန်း၏ အိမ်ငှါးများဖြစ်သဖြင့်၊ ထိုအခန်းမှ အယူခံတရားခံများက နှင်ရန်အခွင့်မရှိကြောင်း ကန့်ကွက်ခဲ့လေသည်။

သို့သော် အောက်ရုံးက ထိုအခန်းကို အယူခံတရားခံများ လက်ရောက်ရမည်ဖြစ်၍၊ အပ်ဝါရမ်းထုတ်ရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မကြေနပ်၍ အယူခံဝင်ရာ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုများသည် ရုံးမှခန့်ထားသည့် ပစ္စည်းထိန်းအရာရှိအား အိမ်ခပေးနေရုံမျှဖြင့်၊ ၎င်း၏အိမ်ငှါးများ ဖြစ်ပါသည်ဆိုသည့် ပြဿနာကို လက်မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းထိန်းမှာ၊ ရုံးတော်မှ အရာရှိသာဖြစ်ပြီး ၎င်း၏ပိုင်ဆိုင်ခွင့်မှာ ရုံးတော်၏ပိုင်ဆိုင်ခွင့် (Custodia legis) ဖြစ်သည့်အတိုင်း၊ အချင်းဖြစ်ပစ္စည်းကို ငှါးရမ်းခွင့် မရှိရကာ၊ ရသင့်သည့် အိမ်ခများကို ၎င်းက သိမ်းယူထိန်းသိမ်းထားရုံနှင့် အိမ်ငှါးမဖြစ်နိုင်ကြောင်းမှာ မငြင်းနိုင်သော့ကြောင့်ဖြစ်ပေသည်။

Jacob v. *Subramonia Iyer*, A.I.R. (1960) Kerela 212, ကိုခွဲခြား ရှင်းလင်းပြသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၇။

† ၁၉၆၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၇၉၈ တွင် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ချမှတ်သော ရန်ကုန်မြို့မ တရားမရုံး၊ ရာဘက်တရားသူကြီးချုပ်၏အမိန့်ကို အယူခံမှု။

P.L.I. Kast Chettyar (a) U Kasi and another v. *Ko Maung Sein and another*, B.L.R. (1960) (H.C.), p. 501 ကိုရည်ညွှန်းသည်။

၁၉၆၃

ဦးသိန်း ပါ ၂ နှင့် ဦးဘသန်း ပါ ၂။

တဖန်ယခုအမှုတွင် ပစ္စည်းထိန်းခန့်အပ်ခဲ့ပြီးနောက်မှ၊ အမှုကြီးကို နှစ်ဦးနှစ်ဘက် ကြေကြေရာ တွင်၊ စာရားရှုံးဖြစ်သူ အယူခံတရားလိုများတို့က၊ အချင်းဖြစ်အိမ်ကို အယူခံတရားခံများသို့ လက် ရောက် အပ်ပေးရန် သဘောတူညီခဲ့သည့်အတိုင်း၊ ဒီကရီကို ကျော်လွန်၍ အခွင့်အရေးမရှိနိုင်။

ဘိုဖြစ်၍ အယူခံကို ပယ်လိုက်သည်။

အယူခံတရားလိုများအတွက် ။ ။ဦးတင်မောင်။

အယူခံတရားခံများအတွက် ။ ။ဦးအောင်မင်း (၂)။

တရားသူကြီး ဦးထွန်းတင်။ ။ဤအယူခံမှုမှာ၊ ယခင်တရားလွှတ်တော် ၁၉၆၀ ခု နှစ်၊ တရားမကြီးမှုအမှတ် ၃၁ မှ ပေါ်ပေါက်လာသည့်၊ ရန်ကုန်မြို့မ တရားမရုံး ၁၉၆၂ ခု ဇာရီမှုအမှတ် ၇၉၇ တွင် ချမှတ်ခဲ့သည့် ၁၉၆၃ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့ စွဲပါအမိန့်ကို မကြေနပ်၍ တင်သွင်းခဲ့သည့်အမှုဖြစ်ပေသည်။

တရားလွှတ်တော်၏ ၁၉၆၀ ခု၊ တရားမကြီးမှုအမှတ် ၃၁ တွင် အယူခံတရားခံ များဖြစ်သူ ဦးဘသန်းနှင့် ဒေါ်အမာရင်တို့က၊ အယူခံတရားလိုများဖြစ်သူ ဦးသိန်းနှင့် ဒေါ်ပုဘို့အပေါ် အချင်းဖြစ် အထက်ပုဇ္ဈန်တောင်ရွိန္နစ်ထပ်အိမ်တလုံး၊ ငွေ ၃,၄၇၇ ကျပ် ၅၆ ပြားနှင့် ၎င်းအိမ်အတွက်၊ ပစ္စည်းထိန်းခန့်အပ်ပေးပါရန် တရားစွဲဆိုခဲ့ရာ ၁၉၆၀ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ရုံးတော်မှ အချင်းဖြစ်အိမ်နှင့်ပတ်သက်၍ ပစ္စည်းထိန်း မင်းကြီးအား ယာယီပစ္စည်းထိန်းခန့်အပ်ခဲ့ပြီး၊ ၁၉၆၀ ခု၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အတည်ပြုလိုက်လေသည်။ ထို့နောက် ၁၉၆၁ ခု၊ အောက်တိုဘာလ ၆ ရက်နေ့တွင် နှစ်ဦးနှစ်ဘက်တင်သွင်းသည့် ကြေအေးလွှာအရ၊ ဒီကရီချမှတ်ပေးခဲ့ရာ၊ အချင်းဖြစ် အိမ်ကို တရားခံများဖြစ်သူ အယူခံတရားလိုထို့က၊ အယူခံတရားခံများသို့ လက်ရောက် ပေးအပ်ရန်ကိုလည်း သဘောတူညီသည့်အတိုင်း ဒီကရီတွင်ပါဝင်လေသည်။

အထက်ပါသဘောတူညီသည့်ဒီကရီအရ၊ တရားနိုင်များဖြစ်သူ အယူခံတရားခံများ က အိမ်ကိုလက်ရောက်အပ်ပေးရန် ရုံးတော်သို့လျှောက်ထားသည့်အတိုင်း ၁၉၆၂ ခုနှစ်၊ ဇာရီမှုအမှတ် ၇၉၇ ကိုဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ တရားရှုံးများဖြစ်သူ အယူခံတရားလိုတို့က မိမိတို့ဆံပင်ညှပ်ဆိုင်ဖွင့်၍ နေထိုင်နေသည့် အိမ်၏တောင်ဘက် အောက်ခန်းမှာ ရုံး တော်မှ ခန့်အပ်ခဲ့သည့်ပစ္စည်းထိန်းမင်းကြီးလက်ရှိဖြစ်၍ မိမိတို့သည် အိမ်ခများကို မှန်ကန်စွာပေးသွင်း၍ ပစ္စည်းထိန်း၏အိမ်ငှါးအဖြစ် နေထိုင်နေခြင်းဖြစ်သဖြင့် အယူခံ အယူခံတရားခံများက ၎င်းတို့အားထိုအိမ်ခန်းမှနှင်ရန်၊ အခွင့်အရေးမရှိပါဟု အဓိက

၁၉၆၃
ဦးသိန်း ပါ ၂
နှင့်
ဦးဘသန်း ပါ ၂။

ဖေါ်ပြကန့်ကွက်လေသည်။ သို့သော် ရုံးတော်မှ Jacob ဗ. Subramonia Iyer (1) စီရင်ထုံးပေါ်မှီငြမ်းပြု၍ ပစ္စည်းထိန်းမင်းကြီး၏ ပိုင်ဆိုင်ခွင့်မှာ ခန့်အပ်ခဲ့သည့် ရုံးကိုယ်စား ပိုင်ဆိုင်ခြင်းသာဖြစ်ပြီး၊ အချင်းဖြစ်ပစ္စည်းတွင် ပစ္စည်းထိန်းမင်းကြီးမှာ မည်သည့်ပိုင်ဆိုင်ခွင့်မျှမရှိ၊ အမှုသည်များအတွက်အုပ်ထိန်းသူသာဖြစ်သဖြင့်၊ ၎င်းက ထို ပစ္စည်းကို အိမ်ငှါးမြေငှါးအဖြစ် အိမ်ငှါးရမ်းခြင်းမပြုနိုင်သဖြင့်၊ အယူခံတရားလိုများမှာ ပစ္စည်းထိန်းမင်းကြီး၏အိမ်ငှါးဖြစ်သည်ဆိုခြင်းကို လက်မခံနိုင်ပါဆို၍ အယူခံတရားလိုများသည် မိမိတို့သဘောတူညီခဲ့သည့်အတိုင်း အခွင့်ဖြစ်အိမ်ခန်းကို အယူခံတရားခံများသို့ လက်ရောက်အပ်ပေးရန် အယူခံတရားခံများ တောင်းဆိုချက်ကိုခွင့်ပြု၍ အပ်ဝါရမ်းထုတ်ရန် အမိန့်ချမှတ်ခဲ့လေသည်။

ထို့အတွက်အယူခံတရားလိုများက၊ ယခုအယူခံမှုကိုဘင်သွင်းရာဝယ်၊ မူလရုံးတွင် ပြဆိုခဲ့သည့်အတိုင်းပင် အချင်းဖြစ်အိမ်မှာ ပစ္စည်းထိန်းမင်းကြီးလက်တွင်ရှိ၍ အယူခံတရားလိုများမှာ ကျသင့်သည့်အိမ်ခမျာကို ပစ္စည်းထိန်းမင်းကြီးသို့ပေးသွင်း၍ ပစ္စည်းထိန်းအရာရှိ၏ အိမ်ငှါးများအဖြစ်သာ နေထိုင်နေကြသဖြင့် ထိုအိမ်ခန်းကို တရားနိုင်မှုဖြစ်သူ အယူခံတရားခံများသို့ အပ်ခွင့်မရှိပါဟု ချေပချက်ကို ရုံးတော်မှသဘောတူညီလက်ခံခြင်းမပြုသည်မှာ များစွာမှုမှားယွင်းနေသဖြင့် ထိုအမိန့်ကို ပယ်ဖျက်သင့်ကြောင်းလျှောက်ထားလေသည်။

အထက်ပါပြဆိုချက်နှင့်ပတ်သက်၍ အယူခံတရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရွေနေကြီးက၊ ***P.L.I. Kasi Chettyar (a) U Kasi and another*** v. ***Ko Maung Sein and another*** (2) စီရင်ထုံးတွင် အောက်ပါရည်ညွှန်းချက်ကို၊ ကိုးကားလေသည်။

> "The suit by the appellants for ejectement of the first respondent Ko Maung Sein from a room in the house of which the second respondent, the Bailiff of the District Court of Bassein has been appointed Reciver is clearly not maintainable in law."

သို့သော် ထိုအမှုဖြစ် ကြောင်းခြင်းရာမှာ၊ ယခုအမှုနှင့်များစွာကွာခြားနေသည်ကို ကျွန်ုပ်တို့တွေ့ရပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုရည်ညွှန်းသည့်အမှုတွင် တရားစွဲဆိုခြင်းခံရသူသည် တရားဖက်မဟုတ်၊ အပြင်လူဖြစ်ပြီး၊ အမှုမှာစစ်ဆေးဆဲဖြစ်၍ ယခုအမှုမှာကဲ့သို့ တရားရှုံးဖြစ်သူ အယူခံတရားလိုများက အိမ်ခန်းကိုလက်ရောက်အပ်ပေးရန်သဘောတူညီခဲ့သည့်အတိုင်း ဒီကရီချမှတ်ပေးထားခဲ့ခြင်းမရှိသောကြောင့် ဖြစ်ပေသည်။ အမှန်မှာ ထိုစီရင်ထုံးတွင်လည်း၊ ယခင်တရားလွှတ်တော်ချုပ်မှ ***C.K.***

(1) A.I.R. (1960) Kerela 212. (2) B.L.R. (1960) (H.C.), p. 501

Chin v. *Hajee Ebrahin Mohamed Seedat* (3) စီရင်ထုံးတွင် ပစ္စည်းထိန်းဖြစ်သူ၏အခွင့် အရေးများနှင့်ပတ်သက်၍ အောက်ပါဖြေဆိုချက်များကိုပင် ရည်ညွှန်းထားသောကြောင့်ဖြစ်ပေသည်။

၁၉၆၃

ဦးသိန်း ပါ ၂ နှင့် ဦးဘဆန်း ပါ ၂။

> "The Receiver appointed under Order 40 of the Code of Civil Procedure has no vested interest in the property over which he is appointed Receiver. He is an officer of the Court on whom the Court exercises real control. For example, Order 40, Rule 4 (*c*) enables the Court to deal which the assessment of loss due to wilful default or gross negligence of a Receiver without the necessity of a separate suit. As an officer of Court who has no interest in the property, he can exercise only such powers as have been expressly granted by the Court and does so subject to the control of the Court."

သို့ဖြစ်ရကား၊ အထက်ပါစီရင်ထုံးများတွင် ချမှတ်ခဲ့သည့်မူအရ၊ မူလရုံးတော်မှ ရည်ညွှန်းခဲ့သည့်အတိုင်း (အယူခံတရားလိုများသည် ရုံးမှခန့်အပ်ထားသည့်ပစ္စည်းထိန်းအာဆိုအား အိမ်ခပေးနေရုံမျှဖြင့် ၎င်း၏အိမ်ငှါးများဖြစ်ပါသည် ဆိုသည့်ပြဆိုချက်ကို ကျွန်ုပ်တို့လက်မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းထိန်းမှာ ရုံးတော်မှအရာရှိသာဖြစ်ပြီး ၎င်း၏ပိုင်ဆိုင်ခွင့်များ ရုံးတော်၏ပိုင်ဆိုင်ခွင့် (Custodia legis) ဖြစ်သည့်အတိုင်း အချင်းဖြစ်ပစ္စည်းကို ငှါးရမ်းခွင့်မရှိရကား၊ ရသင့်သည့် အိမ်ခများကို ၎င်းကသိမ်းယူဆိုန်းသိမ်းထားရုံနှင့် အိမ်ငှါးမဖြစ်နိုင်ကြောင်းမှာ မငြင်းဆိုနိုင်သောကြောင့်ဖြစ်ပေသည်။)

(တဖန်ယခုအမှုတွင် ပစ္စည်းထိန်းခန့်အပ်ခဲ့ပြီးနောက်မှ၊ အမှုကြီးကို နှစ်ဦးနှစ်ဘက်ကြေအေးကြရာတွင်တရားရှုံးဖြစ်သူအယူခံတရားလိုများတို့က၊ အချင်းဖြစ်အိမ်ကိုအယူခံတရားခံများသို့ လက်ရောက်အပ်ပေးရန် သဘောတူညီခဲ့သည့်အတိုင်း၊ ဒီကရီတွင် ထည့်သွင်းချမှတ်ပေးခဲ့ပြီးဖြစ်ရာ၊ ပစ္စည်းထိန်းမှာ ထိုဒီကရီကို ကျော်လွန်၍ အခွင့်အရေးမရှိနိုင်။) အခွင့်အရေးရှိပါသည်ဟုလည်း အယူခံတရားလိုများက မည်သည့်အထောက်အထားမျှပြသနိုင်ခြင်းမရှိပေ။

သို့ဖြစ်ရကား အောက်ရုံးမှ ၁၉၆၃ ခုနှစ်၊ ဇာရီမှုအမှတ် ၇၉၈ တွင် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ချမှတ်ပေးခဲ့သည့်အမိန့်မှာ ဥပဒေအရမည်သို့မျှ မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည်ဟု ကျွန်ုပ်တို့မတွေ့ရှိရကား၊ ယခုအယူခံမှုကို ခွင့်ပြုနိုင်ရန် အကြောင်းမရှိသဖြင့် စရိတ်နှင့်တကွပလပ်လိုက်သည်။

ပညာရှိရွှေနေကြီး စရိတ်အဖြစ် ၅၁ ကျပ် သတ်မှတ်သည်။

(3) B.L.R (1959) (S.C.) p. 53.

တရားမအယူခံမှု။

တရားသူကြီးချုပ် ဦးဘိုကြီး တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးကျော်ဇံဦးထို့ရွှေတွင်

† ၁၉၆၃

စက်တင်ဘာလ ၇ ရက်။

ဦးရွှေ (အယူခံတရားလို)

နှင့်

ဦ ဘပု ပါ ၄ (အယူခံတရားခံများ)*

ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၄ (၂)နှင့် ၄ (၄) တရားမဝင်သောအသင်း-—**အသင်းသားများ၏၊** တာဝန်၊ အသင်းသားတဦးက အသင်းနှင့် အခြားအသင်းသားများအား တရားစွဲခြင်းကိစ္စ။

အယူခံတရားလိုသည်၊ ကသာမြို့သစ်တိုက်၊ ကားပိုင်ရှင်များအသင်းဝင် တဦးဖြစ်ပြီး၊ ၎င်းအသင်းဥက္ကဋ္ဌနှင့် အသင်း၏ အမှုဆောင် လူကြီးများအား အသင်းက ကာဇွါးရမ်းခဲ့သဖြင့် အသင်းကပေးရန် ငွေကို တရားစွဲဆိုခဲ့လေသည်။

မူလရုံးက အယူခံတရားခံအပေါ် ဒီဂရီ ချပေးခဲ့၏။ ပဌမအယူခံရုံးနှင့် ဒုတိယအယူခံရုံးတို့က ဒီဂရီကို အတည်ပြုခဲ့သော်လည်း၊ ပြည်ထောင်စု တရားစီရင်ရေးပုဒ်မ ၂၀ အရ၊ အယူခံဝင်ရှုံးထိုအမှုကို စရိတ်နှင့်တကွပလပ်ခဲ့လေသည်။

ထိုသို့အမှုကို ပလပ်လိုက်ရာ၌၊ တရားဝန်ကြီးများက အယူခံတရားခံများ တည်ဆောက်ခဲ့သည့် သစ်တိုက် ကားပိုင်ရှင်များအသင်းသည်၊ ကုမ္ပဏီဥပဒေပုဒ်မ ၄ (၂)တွင် ပြဆိုရည်ညွှန်းထားသည့် အတိုင်း၊ အသင်းအနေအဖြစ်ဖြင့် အလုပ်အကိုင်ပြုလုပ် ရွက်ဆောင်နေခြင်းများ ရှိသည်ကိုမတွေ့ရ။ ထို့ပြင် ပုဒ်မ ၄ (၂) နှင့် (၄) အကျုံးဝင်သည့်၊ **အသင်းကပေးဆပ်ရန်** ရှိသည့်**အကြွေးဟု** မည်သို့မှ မယူဆနိုင်။ တဖန်ပဋိဉာဏ် အက်ဥပဒေပုဒ်မ ၄၃ အရဆင်ခြင်မှုလည်း **သက်သေခံချက်များအရ** အသင်းဝင်များဖြစ်သည့် အယူခံတရားခံတို့က ပေးရန်ရှိသည့်ငွေကို တဦးစီ **သီးခြား**တာဝန်အနေနှင့် ပေးပါမည်ဟု မည်သည့်အခါကမျှ ဝန်မခံခဲ့၍ ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ရှိသည်ဟု မဆိုနိုင်ဟု ပြဆို၍ ပလပ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုက၊ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ၊အခွင့်ထူးမှုတင်သွင်းရာ၊ **ဆုံးဖြတ်ချက်။** ။အယူခံတရားလိုအတွက် ဆောင်ရွက်သည့်ရှေ့နေကြီးက ကုမ္ပဏီ ပုဒ်မ ၄(၂)၊ တွင် အကျုံးအမြတ်ရရှိရန် ပါဝင်သည့် စကားမှာ၊ အသင်းအတွက် အကျုံးအမြတ်ရရှိရန်သာမဟုတ် **အသင်း**ဝင် အသင်းသားတို့ဘို့ အမြတ်အစွန်းရရှိရန် ဆောင်ရွက်ပေးခြင်းလည်း အကဲ့ျုံးဝင်သဖြင့် ထိုအသင်း၏ အသင်းဝင်များ ဖြစ်သူ အယူခံတရားခံတို့သည် ပုဒ်မ ၄(၄)အရ ပေးရန်တာဝန်ရှိကြောင်း ထင်ရှားသည်ဟုဆိုသည်။ သို့သော် ထိုပြဆိုချက်ကို လက်ခံရန်ခဲယဉ်းသည်။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလို တင်သွင်းခဲ့သည့် စွဲဆိုလွှာနှင့် နို့တစ်စာများအရ တောင်းဆိုသည့်

---

* ၁၉၆၃ ခုနှစ်၊ အခွင့်ထူး တရားမအယူခံမှုအမှတ် ၃ ။

† ၁၉၅၉ ခုနှစ် အထူးတရားမအယူခံမှု အမှတ် ၅ တွင် ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၂၁ရက် နွေ့ဦးမန္တလေးမြို့ရုံးထိုင်သော ယခင်တရားလွှတ်တော် ရုံးတော်၏ ချမှတ်သောဒီဂရီကို အယူခံဝင်မှု။

ငွေမှာ အသင်းကပေးရန်တာဝန်ယူခဲ့ခြင်း၊ ထိုအသင်းတွင် အယူခံတရားလို အပါအဝင်အသင်းသား ၂၀ ကျော်ပါဝင်နေ၍ မှတ်ပုံမတင်ထားခြင်းမှာ မငြင်းဆိုနိုင်ရကား၊ ထိုသို့တရားမဝင်သည့် အသင်းမှ ရရန်ရှိသည့်ငွေကို အသင်းသား တဦးသည် တရားစွဲဆိုတောင်းခံခွင့် မရှိသောကြောင့် ဖြစ်သည်။

၁၉၆၃
ဦးရွှေနှင့် ဦးဘပု ပါ ၂။

Badri Prasad v. *Nagarmal and others*, A.I.R. (1959) Supreme Court, p. 559; *Madan Gopal and others* v. *Shewal Dass*, A.I.R. (1943) Lahore, p. 884 တို့ကိုရည်ညွှန်း၍ လိုက်နာသည်။

သို့ဖြစ်ရကား အယူခံတရားလိုသည်၊ ထိုတရားမဝင်သည့် အသင်းဝင်တဦး ယခုထက်တိုင် ဆက်လက်တည်ရှိ နေသေးရကား အထူးအယူခံချုံးတော်မှ ဖေါ်ပြထားသကဲ့သို့ အယူခံတရားလိုသည် ထိုအသင်းမှ အသင်းဝင်တဦးအနေနှင့် မရပ်စဲသမျှ ကာလ မိမိရရန်ရှိသည်ဆိုသည့်ငွေကို အသင်းသား များအပေါ် တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၈ အရပင်၊ တရားစွဲဆိုနိုင်ခြင်း ရှိမရှိဆိုသည်ကို လေးနက်စွာ စဉ်းစားရန် လိုအပ်မည်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည်ပင် တရားလို အပြင်၊ တရားခံလည်း ဖြစ်နေပေမည် ဖြစ်သောကြောင့်ပေတည်း။ သို့ပေါ်ပြားလည်း ၎င်းအချက်မှာ၊ ယခုအယူခံခွင့်ကို ဆုံးဖြတ်ရန်နှင့်ပတ်သက်၍ လိုအပ်ခြင်းမရှိသဖြင့် မည်သို့မျှ အဆုံးအဖြတ် မပေး။

အယူခံတရားလိုအထွက်။ ။ရွှေနေကြီး မစ္စတာ အာရ်ချော်ဘီ။

အယူခံဘရားခံများအတွက်။ ။ရွှေနေကြီး ဦးဘိုးသာ။

တရားသူကြီး ဦးထွန်းတင် ။ဤပြည်ထောင်စု တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆ အရ၊ ခွင့်ပြုတင်သွင်းခဲ့သည့် အထူးအယူခံမှုမှာ ကသာမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ ၁၉၅၈ ခုနှစ်၊ တရားမမှုအမှတ် ၁ တွင် အယူခံတရားလို ဦးရွှေက ကသာမြို့၊ သစ်ဘိုက်ကားပိုင်ရှင်များအသင်း ဥက္ကဋ္ဌနှင့် အသင်း၏ အမှုဆောင်လူကြီးများဖြစ်သူ အယူခံဘရားခံတို့အပေါ် မိမိပိုင်ကားကို အသင်းမှ ဆုံးဖြတ်သည့်အတိုင်း အသင်းဝင် တဦးအခန့်နှင့် ခွဲခေသိုက်ခုန် သဘောတူညီ ငှါးရမ်းခဲ့ရသဖြင့် အသင်းမှပေးရန်ရှိသည့် အခငွေ ၁,၉၁၀ ရရှိရန် တရားစွဲဆိုသည့်အတိုင်း အယူခံတရားခံတို့အပေါ် ဒီကရီရရှိသည်ကို ပဌမအယူခံချုံးဖြစ်သည့် ကသာခရိုင်၊ တရားမတရားသူကြီးရုံး ၁၉၅၈ ခု၊ တရားမအယူခံမှုအမှတ် ၁၁ နှင့် ဒုတိယ အယူခံချုံးဖြစ်သည့် မန္တလေးမြို့ရုံးထိုင် တရားသူကြီးချုပ် ၁၉၅၉ ခု၊ တရားမဒုတိယ အယူခံမှုအမှတ် ၃၈ တို့က အတည်ပြုခဲ့သော်လည်း ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ ပုဒ်မ ၂၀ အရ၊ အထူးအယူခံဝင်ရောဝယ် မန္တလေးရုံးထိုင် တရားသူတော်တော် ၁၉၅၉ ခု၊ အထူးအယူခံမှုအမှတ် ၅ တွင်ပယ်ဖျက်ပြီး အယူခံတရားလို စွဲဆိုခဲ့သည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်ကို **မကျေနပ်၍**တင်သွင်းခဲ့သည့် အမှုဖြစ်ပေသည်။

၁၉၆၃

ဦးရွှေနှင့် ဦးဘပု ပါ ၂။

တရားလိုဖြစ်သူ အယူခံတရားလို၏ စွဲဆိုလွှာအရမူ၊ ၁၉၅၆ ခုနှစ် ဆန်းလောက်တွင် အချို့သော အသင်းဝင်တို့၏ ကားများကို စစ်ဘက်မှ အသုံးပြုရန် ချေထမ်းရန် စိုင်းပြင်းသဖြင့် အသင်းသားများ မနစ်နာစေရန် အသင်းသားများ သဘောတူညီချက်အရ မိမိ၏ကားကို ချေထမ်းတာဝန် အသင်းအတွက် ယူစေရန်၊ ထိုသို့တာဝန်ယူရသည့်အတွက် အသင်းကနစ်နာကြေးအဖြစ် ကားတဦးတွက် ချေးလိုက်ရသည့် ၁ လ တွက်ငွေ ၇၅ ပေးရန်တာဝန်ယူကြောင်း၊အထက်ပါသဘောတူညီချက်အရ၊၆-၁-၅၆ နေ့မှစ၍ ၃၁-၃-၅၆ နေ့တိုင် ၃ လနှင့် ၂၆ ရက်တွက် ချေဝန်ထမ်းခဲ့ရသဖြင့် အသင်းမှ ငွေ ၂,၁၅၀ ပေးရန်ရှိရာ တရားလိုက အသင်းဝင်တဦး အနေနှင့် မိမိအစုအတွက် တလ ၃၅ ပေးရန်ရှိသည့်အတိုင်း ၃ လတွက်ငွေ ၂၁၀ ကိုခုနှိမ်မူ၊ ငွေ ၁,၉၄၀ အသင်းမှ ရရန်ရှိသည့်ဘိုင်း တောင်းဆိုခဲ့သော်လည်း မရရှိသဖြင့် အသင်း၏ဥက္ကဋ္ဌနှင့်အမှုဆောင် လူကြီးများဖြစ်သူ အယူခံတရားခံတို့အား တရားစွဲဆိုရပါသည်ဟု ပြဆိုလေသည်။

ထိုစွဲဆိုချက်နှင့် ပတ်သက်၍ ဦးဘဝေမှအပ၊ အခြားအယူခံ တရားခံများက အယူခံတရားလိုမှာ အသင်းဝင်တဦး ဖြစ်သည်ဆိုခြင်းကို ဝန်ခံသော်လည်းအသင်းမှာ တရားဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိ၊ အယူခံတရားလို စွဲဆိုသည့်ဘိုင်း ချေခငွေကို မိမိတို့က ပေးရန်တာဝန်မယူခဲ့၊ ပေးဆပ်ပါမည်ဟုလည်း ဝန်မခံခဲ့သဖြင့် ၎င်းတို့ပေါ် တရားစွဲဆိုရန် အကြောင်းမရှိပါဟု ချေပလေသည်။ အယူခံတရားခံ ဦးဘဝေမှာမူ စွဲဆိုချက်ပါ ပြဆိုချက်တို့ကိုဝန်ခံ၍ မိမိကားမှာလည်း ချေဝန် ထမ်းခဲ့ရသဖြင့် အသင်းမှ ချေခငွေများ ရရန်ရှိကြောင်း ဖေါ်ပြလေသည်။ ထိုအဆိုနှင့် ချေလွှာများပေါ် မူတည်၍ စစ်ဆေးသည့် ရုံးတော်မှ လိုအပ်သည့် ကောက်ချက်များကို ထုတ်နုတ်ခဲ့ရာ အရေးကြီးသည့်ကောက်ချက်မှာ အမှတ် (၃) ဖြစ်သည့် အောက်ပါ ကောက်ချက်ဖြစ်ပေသည်။

> "(၃) တရားလို၏အဆို (၄)အရ၊ တရားလို၏ကားကို စစ်ဘက်တွင် အစဉ်အမြဲ အသုံးပြုစေခြင်းကြောင့် လစဉ် တလလျှင် ကားတစီးအတွက်ငွေ ၇၅ ကို တရားလိုသို့ပေးရန် ၁၊၂၊၃ နှင့် ၅ တရားခံတို့က တာဝန်ယူ၍ ကတိပြုကြသလား။"

အထက်ပါ ကောက်ချက်နှင့် ပတ်သက်၍ သက်သေခံချက်များအရ မူလရုံးမှ တရားလို၏ကားကို စစ်ဘက်တွင် အသုံးပြုစေခြင်းကြောင့် လစဉ်တလ ကားတစီးအတွက်ငွေ ၇၅ ကိုတရားလိုသို့ပေးရန်၊ ၁၊၂၊၃၊၅ အယူခံတရားခံတို့က တာဝန်ယူကြသည်ဟု တရားလိုဖြစ်သူ အယူခံတရားလိုတွက် အသာပေး ဖြေဆိုခဲ့သည်ကို ယခုမ

အယူခံရုံးဖြစ်သည့် ခရိုင်တရားမရုံးမှ သဘောတူညီ၍ ဒုတိယအယူခံရုံး တရား ၁၉၆၃
လွှတ်တော် တရားဝန်ကြီး ဦးခအောင်ခိုင်ကလည်း အမှုတွင် ပေါ်လွင်သည့် အချက်များ ဦးရွှေ
အရ၊ တဦးတယောက်သော အားသူခံ တရားခံများက မော်တော်ကားခင်ငေကို အသင်းက နှင့်
မပေးက၊ ငင်းတို့တာဝန်ယူ ပေးဆပ်ပါမည်ဟု ကတိခံဝန် ပြုခဲ့ခြင်းမရှိ ဆိုသည်မှာ ဦးဘမူ ပါ ၂။
မှန်သည်ဆိုစေဦး၊ အယူခံတရားခံများ တည်ထောင်ခဲ့သည့် ကသာမို့၊ သစ်တိုက်ကား ပိုင်ရှင်များ အသင်းမှာ ကုမ္ပဏီအက်ဥပဒေ ပုဒ်မ ၄ (၂)အရ မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ငင်းအသင်းဝင် အသင်းသားများမှာ ၂၀ ထက် ကျော်နေရကား ပုဒ်မ ၄ (၄)အရ ထိုဘာရားမဝင်သည့် အသင်းဝင်များသည် အသင်းအလုပ်တွက် ပေးဆပ်ရန် ရှိသည့် ကြေးမြိမျများကို ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ရှိစေရမည်ဟု ဆိုထားသည့်ပြင် ယခင်တရားသွတ်တော် ၁၉၅၇ ခု၊ တရားမပဌမ အယူခံမှုအမှတ် ၈ တွင် ထိုသို့မှတ်ပုံ မတင်သွင်းသည့် အသင်းဝင်များသည် အသင်းကြေးမြိမျများတွက် တဦးတည်း အနေနှင့် သော်၎င်း၊ ပူးတွဲ၍သော်၎င်း ပေးဆပ်ရန် တာဝန်ရှိသည်ဟု ပြဆိုခဲ့သဖြင့် အယူခံ တရားခံများက မိမိတို့ပေါ်၊ တဦးချင်းအနေနှင့် စွဲဆိုသည့် အခငေကို ပေးဆပ်ရန် တာဝန်မရှိပါဆိုသည်ကို လက်မခံနိုင်။ တဖန် အယူခံတရားခံများက အယူခံတရားလိုက အယူခံတရားခံများပေါ် အသင်း၏ကိုယ်စား တရားစွဲဆိုခဲ့ခြင်းမှာ တရားမကျင့်ထုံး အမိန့် ၁ နည်း၉ပဒေ ၈ အရ၊ လိုအပ်သည့် ရုံးတော်၏ ခွင့်ပြုချက်မရရှိသဖြင့် အမှုကို မစွဲဆိုနိုင်ပါဆိုသည် နှင့်ပတ်သက်၍လည်း ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၎၃ အရထိုသို့ စွဲဆိုနိုင်ကြောင်း ခွင့်ပြုထားသဖြင့် အယူခံတရားလိုသည် အမှုကို တင်သွင်းခဲ့သည့် အတိုင်းစွဲဆိုနိုင်သည်ဟု ဆုံးဖြတ်၍ အမှုတွင် အယူခံတရားလိုအတွက် ချမှတ်ပေးခဲ့သည့် ဒီကရီကို လက်ခံအတည်ပြု၍ အယူခံတရားခံများ၏ အယူခံကို ပယ်လိုက်လေသည်။

သို့သော် တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ အရ၊ အထူးအယူခံ တင်သွင်းသော အခါ၊ တရားဝန်ကြီး ဦးစံမောင်နှင့် ဦးမြင့်ထူးတို့က အယူခံတရားခံများ တည်ထောင် ခဲ့သည့် သစ်တိုက်ကား ပိုင်ရှင်များအသင်းသည် ကုမ္ပဏီဥပဒေ ပုဒ်မ ၄ (၂)တွင် ပြဆိုရည်ညွှန်းထားသည့်အတိုင်း အသင်းအနေဖြင့် အလုပ်အကိုင် ပြုလုပ်ဆောင်ရွက် နေခြင်းရှိသည်ကို မတွေ့ရှိရ။ အသင်းကငေ ၇၅၀ ကောက်ခံပေးမည် ဆိုသည်မှာလည်း အယူခံတရားလိုတွင် မိမိကား ချေသိုက်ရသဖြင့် အလုပ်အကိုင်တွင် နစ်နာသည့်အတွက် စစ်ဘပ်မှုရရှိသည့် ချေသခငေ ၇၅၀ အပြင် အသင်းမှနစ်နာကြေးအဖြစ် ပေးရန်သာ ဖြစ်သဖြင့် ပုဒ်မ ၄ (၂)၊ (၄) တွင် အကြုံးဝင်သည့်အသင်းက ပေးဆပ်ရန်ရှိသည့် အကြေးဟု မည်သို့မျှ မယူဆနိုင်။ တဖန် ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၎၃ အရ၊ ဆင်ခြင် မှုလည်း သက်ဆိုသခံချက်များအရ အသင်းဝင်များဖြစ်သည့် အယူခံတရားခံတို့က ထိုငေ ၇၅၀ ကိုတဦးစီ သီးခြားတာဝန်အနေနှင့် ပေးပါမည်ဟု မည်သည့်အခါကမျှ ဝန်မခံခဲ့။

[၁၉၆၃
ဦးရွှေနှင့် ဦးဘပု ပါ ၂။

အသင်းကသာ ပေးရန်တာဝန်ရှိရကား အယူခံဘရားခံများသည် အသင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်များ ဖြစ်သော်ငြားလည်း ပုဒ်မ ၄၃ တွင်ရည်ညွှန်းသည့်အတိုင်း ကိုယ်တိုင် ပေးဆပ်ရန် တာဝန်ရှိသည်ဟု မယူဆနိုင်။ တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၈ အရ၊ စွဲဆိုခဲ့ပါ၌မူ စွဲဆိုနိုင်ခွင့် ရှိပေလိမ့်မည်ဟု အထောက်အထားပြဆို၍ အယူခံ တရားခံများ၏ အယူခံကိုခွင့်ပြု၍ မူလရုံးမှ ချမှတ်ခဲ့သည့် ဒီကရီကို ပယ်ဖျက်လိုက လေသည်။

ထို့ကြောင့် အယူခံတရားလိုက ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ၊ ဤအခွင့်ထူး အယူခံမှုကို တင်သွင်းရာဝယ် ကသာမြို့ သစ်တိုက်ကားပိုင်ရှင်များ အသင်းမှာ အသင်းသား ၂၀ ကျော်လွန်၍ အသင်းသားများ၏ အကျိုးအတွက် တည်ထောင်သဖြင့် မှတ်ပုံမတင်ထား၍ ကုမ္ပဏီဥပဒေပုဒ်မ ၄ (၂)နှင့် ဆန့်ကျင်နေပေ ငြားသော်လည်း ၎င်းအသင်း၀င် အသင်း၏ အမှုဆောင်များဖြစ်သည့် အယူခံတရားခံ တို့သည် သက်ဆိုင်သည့် အသင်းအစည်းအဝေး တက်ရောက်၍ အယူခံတရားလို၏ ကားကို ချေဝန်ထမ်းရသည့်အတွက် အခင်ငွေပေးရန် သဘောတူညီခဲ့ကြသူများ ဖြစ်သဖြင့် ပုဒ်မ ၄ (၄)အရ၊ တဦးချင်းအနေနှင့် ပေးဆပ်ရန် တာဝန်ရှိသည်မှာ ထင်ရှားကြောင်း။ ထို့ပြင် ၎င်းအသင်းမှာ မှတ်ပုံမတင်ထားသဖြင့် အသင်း၀င် အသင်း သားများ ဦးရေမှာ အတည်အကျမရှိသဖြင့် အသင်းမှာ ဥပဒေအရ မခိုင်မြဲ၍ တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၈ နှင့်လည်း အကျိုးမဝင်သဖြင့်အထူးအယူခံခုံရုံးမှ ချမှတ်ခဲ့သည့် အမိန့်မှာ တရားဥပဒေအရ လက်ခံနိုင်စရာမရှိ၍ ပယ်ဖျက်သင့်ကြောင်း ဖော်ပြလေသည်။

ကုမ္ပဏီ အက်ဥပဒေပုဒ်မ ၄ (၂)နှင့် (၄) တို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

"(2) No company, association or partnership consisting of more than twenty persons shall be formed for the purpose of carrying on any other business that has for its object the acquisition of gain by the company, association or partnership, or by the individual members thereof, unless it is registered as a company under this Act.

(3) * * * *

(4) Every member or a company, association or partnership carrying on business in contravention of this section shall be personally liable for all liabilities incurred in such business."

သို့ဖြစ်ရကား၊ အထက်ပါ ပြဆိုချက်များနှင့် ပတ်သက်၍၊ အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရွှေနေကြီးက ကုမ္ပဏီပုဒ်မ ၄ (၂)တွင် အကျိုးအမြတ်

ရရှိရန်နှိပ် ပါဒီသည်စကားမှာ တန်ပိုင် နှင့် ဘိုဟိန်း (၁) စီရင်ထုံးတွင် ပြဆိုထားသကဲ့သို့အသင်းဘက် အကျိုးအမြတ်ရရှိရန်သာမဟုတ် အသင်းဝင် အသင်းဖွဲ့ဘို့အတို့ အမြတ်အစွန်းရရှိရန် ဆောင်ရွက်ပေးခြင်း လည်းအကြုံးဝင်သည်ဟု ပြဆိုထားသည့်ပြင် In re *Pandstow Total Loss and Collision Assurance Association* (2) :—

၁၉၆၃
ဦးမရှိ နှင့် ဦးဘပု ပါ ၂။

> "Held, that although the business of the association had not for its object the acquisition of gain by the association, it had for its object the acquisition of gain by individual members; that is it consisted of more than twenty members and was not registered, its formation was forbidden by the Companies Act, 1862, s. 4; that the Court, therefore could not recoginise it as having any legal existence, and that the order for winding must be discharged."

ဟု ပြဆိုထားသဖြင့် ထိုအသင်း၏ အသင်းဝင်များဖြစ်သူ အယူခံတရားခံတို့သည် ပုဒ်မ ၄ (၄)အရ၊ အသင်းမှ အယူခံတရားလိုသို့ ပေးရန်တာဝန်ယူခဲ့သည့် ကားချေလိုက်ခကို တည်းခြင်းအနေနှင့် ပေးဆပ်ရန် တာဝန်ရှိသူများဖြစ်ကြောင်း ထင်ရှားသည်ဟုပြဆိုသေသည်။ သို့သော် ထိုပြဆိုချက်ကို ကျွန်ုပ်တို့ သဘောတူညီလက်ခံရန် ခဲယဉ်းပေသည်။ အဘယ့်ကြောင့်ဆိုသော် အယူခံတရားလို တင်သွင်းခဲ့သည့် စွဲဆိုလွှာနှင့် အမှုမစွဲမီပေးခဲ့သည့် သက်သေခံအမှတ် "၁" နို့ တစ်စာမျှားအရ၊ တောင်းဆိုသည့် အခင်္ဂမှာ အသင်းကပေးရန် တာဝန်ယူခဲ့ခြင်း၊ ထိုအသင်းတွင် အယူခံတရားလို အပါအဝင်အသင်းသား ၂၀ ကျော်ပါဝင်နေ၍ မှတ်ပုံတင်ထားခြင်း မရှိသည်မှာမငြင်းနိုင်ရကား၊ ထိုသို့ တရားမဝင်သည့်အသင်းမှ ရရန်ရှိသည့်ငွေကို အသင်းသားတဦးသည် တရားစွဲဆိုတောင်းခံခွင့် မရှိပါဟု, *Badri Prasad* v. *Nagarmal and others* (၃) စီရင်ထုံးတွင်—

> "Where an association of more than twenty persons is formed in contravention of s. 11 (2) of the Companies Act and a claim is made by some members of such illegal association against another member on the footing that the association should be treated as legal in order to give rise to a liability to render accounts in respect of the transactions of the association such a claim is clearly untenable, where a plaintiff comes to court on allegations which on the face

(1) I.L.R. (1932), (10) Rangoon, p. 490. (2) 20 Chancery A.I.R., p. 137.
(3) A.I.R. (1959), Supreme Court, p. 559,

ခုဒိုဝ
— —
ဦးဆွေ
နှင့်
ဦးဘပု ပါ ၂။

of them show that the contract of partnership on which he sues is illegal the only course for the courts to pursue is to say that he is not entitled to any relief on the allegations made as the courts cannot adjudicate in respect of contracts which the law declares to be illegal."

ပြဆိုထားသည့်ပြင် *Madan Gopal and others* v. *Shewal Dass* (၄) အမှုတွင်—

"Lastly, although a suit by a third party against the members of an illegal assocation is maintainable in certain circumstances, it has been held that it would not be maintainable if the plaintiff knew of the illegal character of the association and was himself a participes criminis."

ဟုပြဆိုထားသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရကား အယူခံတရားလိုသည် ထို မတရားအသင်းဝင် တဦးအဖြစ် ယခုထက်တိုင် ဆက်လက်တည်ရှိနေသေးရကား အထူး အယူခံထိုးတော်မှ ဖေါ်ပြထားသကဲ့သို့ အယူခံတရားလိုသည် ထိုအသင်းမှ အသင်းဝင် တဦးအနေနှင့် မရပ်စဲသမျှကာလ မိမိရရှိရှိသည်ဆိုသည့် (ချောလိုက်ခ) ငွေကို အသင်းသားများပေါ် တရားမကျင့်ထုံးအမိန့် ၁၊ နည်းဥပဒေ ဂ အရပင် တရားစွဲခွင့် နှိုင်ခြင်းရှိ မရှိဆိုသည်ကို သေးနက်စွာစဉ်းစားရန် လိုအပ်မည် ဖြစ်ပေသည်။ အဘယ် ကြောင့်ဆိုသော် ၎င်းသည်ပင် တရားလိုအပြင် တရားခံလည်း ဖြစ်နေပေမည် ဖြစ်သော ကြောင့်ပေတည်း။ သို့ပေငြားလည်း ၎င်းအချက်မှာ ယခုအယူခံမှုကို ဆုံးဖြတ်ရန်နှင့် ပတ်သက်၍ လိုအပ်ခြင်းမရှိသဖြင့် (ကျန်ပ်တို့) မည်သို့မျှအဆုံးအဖြတ်မပေး(လိုပေ)။

အထက်ကဖေါ်ပြပါအကြောင်းများကြောင့်အထူးအယူခံ ရုံးတော်မှ ချမှတ်ခဲ့သည့် အမိန့်မှာ ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်း ရှိနေပါသည်ဟု ကျန်ပ်တို့ မည်သို့မျှ မတွေ့ရှိရကား ၎င်းအခွင့်ထူး အယူခံမှုကို ခွင့်ပြုရန်အကြောင်း မတွေ့ရှိသဖြင့် စရိတ်နှင့် ဝကို့ ပလပ်လိုက်သည်။

ပညာဒီပဆရာဇာ စရိတ်အဖြစ် ရွှေဒင်္ဂါး ၅ ပြား သတ်မှတ်သည်။

(4) A.I.R. (1943) Lahore, p. 884.

တရားမ အထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးထွန်းတင် တို့ရှေ့တွင်

ဦးသာညွန့် ပါ ၁၇၇ (လျှောက်ထားသူများ)

နှင့်

ဦးဘိုးမြင့် ပါ ၁၇၇ နှင့် ဘဏ္ဍာရေး နှင့် အခွန်တော်ဝန်ကြီး၊ ဘဏ္ဍာတော်မင်းကြီး (လျှောက်ထားခံရသူများ)*

†၁၉၆၃ ခု စက်တင်ဘာလ ၁၄ ရက်။

အမှုခေါ် စာချုပ်တော် အဓိုးရမြေကို နယ်နိမိတ်သတ်မှတ်ခြင်းကိစ္စ၊ အထက်ပြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေ ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကို အယူခံဝင်နိုင် မဝင်နိုင် တရားစီရင်ရေး ဆိုင်ရာ အမိန့်မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်ခြင်း အမှုခေါ် စာချုပ်အော်ထုတ်သင့် မသင့်။

ဤအမှုသည် ရောဝတီမြစ်တွင်ပေါ်ထွန်းသော ကျွန်းမြေ နယ်နိမိတ် သတ်မှတ်ရာမှ ပေါ်ပေါက်ခဲ့၍၊ ဘဏ္ဍာတော်မင်းကြီး အသီးသီးသို့ပင် အကြိမ်ကြိမ်ရောက်ခဲ့၏။ နောက်ဆုံးယခု လျှောက်ထားသူ ၁၇၇ ဦးတို့သည်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနသို့ အယူခံဝင်ခဲ့၏။ ထိုဌာနက ဝင်ရောက် စုံစမ်းခြင်း မပြုသဖြင့် အမှုခေါ် စာချုပ်တော်ဖြင့်၊ အမိန့်အသီးသီးကို ပယ်ဖျက်ရန်လျှောက်ထား ခြင်းဖြစ်သည်။

အမှုခေါ် စာချုပ်တော် လျှောက်လွှာ ကြားနာရာတွင် ပေါ်ပေါက်သော အဓိက ဥပဒေကိစ္စ နှစ်ရပ်မှာ ဘဏ္ဍာရေးဌာနသို့ အယူခံဝင်ခွင့်ရှိ မရှိနှင့်၊ ဖျက်ရန်ကြံရွယ်သော အမိန့်များမှာ တရား စီရင်ရေးဆိုင်ရာ အမိန့်များ ဟုတ်မဟုတ်ပင်ဖြစ်လေသည်။

ဆုံးဖြတ်ချက်။ ။ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကို ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနသို့ အယူခံဝင်နိုင်ကြောင်း၊ အထက်မြန်မာပြည်၊ မြေနှင့် အခွန်တော် ဥပဒေတွင် ပြဋ္ဌာန်းထားသည်ကိုမတွေ့ရချေ။ ထိုဥပဒေပုဒ်မ ၁၀(၃) အရလည်း အယူခံခွင့်ရှိသည်ဟု မဆိုနိုင်။ ထို့ဥပဒေမှုပ်မ (၁၀)၊ ပြဋ္ဌာန်းချက်များကို ပုဒ်မ (၈)ပါ ပြဋ္ဌာန်းချက်များနှင့် တွဲ၍ ဘတ်လွှဲလေ့လာရမည်ဖြစ်သည်။ ထိုပုဒ်မ (၈)ထွင် ဘဏ္ဍာတော်မင်းကြီး၏အမိန့်ကို အစိုးရသို့ အယူခံဝင်နိုင်ကြောင်း ပြဋ္ဌာန်းချက် မရှိချေ။ အယူခံဝင်ခွင့်ဆိုသည်မှာ အက်ဥပဒေကဖြစ်စေ၊ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်သော ဥပဒေကဖြစ်စေ ပေးမှသာလျှင် ရှိနိုင်ပေသည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၁၀၆။

† ဘဏ္ဍာတော်နှင့် အခွန်တော်ဝန်ကြီး၏ စာအမှတ် ၁၃၅။ ဘယ ၆၀ (၁၉၁၅/၆၂)တွင် ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့စွဲပါ အမိန့်ကို အမှုခေါ် စာချုပ်တော်ထုတ်ဆင့်ပို့ရန် လျှောက်ထားခြင်း။

၁၉၆၃

ဦးသာညွန့် ပါ ၁၇၇ နှင့် ဦးဘိုးမြင့် ပါ ၁၇၇ နှင့် ဘဏ္ဍာရေးနှင့်အခွန်တော်မန်ကြီး၊ ဘဏ္ဍာတော်မင်းကြီး။

မိနက်ရှိ နှင့် စူဘရာမာနီးယား။ အိန္ဒိယစီရင်ထုံးများ၊ မဒရပ်အတွဲ ၁၁၊ စာ ၂၆၊ ၃၄ ။ကို ကိုးကားဖော်ပြသည်။

ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနသည်၊ လျှောက်ထားသူများအား ဖြစ်စေ၊ ၎င်းတို့၏ရှေ့နေကြီး အား ဖြစ်စေ၊ လျှောက်ထားခွင့်မပေးခဲ့ဆိုသည့် အချက်မှာ အခြေအမြစ်မရှိ။ အကြောင်းသော်ကား၊ ထိုဌာနသို့အယူခံခွင့်မရှိသဖြင့် လျှောက်ထားသူများ တင်သွင်းသည်မှာ အသနားခံလွှာ မျှသာ ဖြစ်လေသည်။

အခင်းဖြစ်မြေသည်၊ အထက်မြန်မာပြည်မြေနှင့်အခွန်တော်ဥပဒေပုဒ်မ ၂၃ (၈) အရ အစိုးရပိုင် မြေဖြစ်သည်။ အပိုင်ဂရန်စာချုပ်ဖြင့်သော်၎င်း၊ အငှါးဂရန် စာချုပ်ဖြင့်သော်၎င်း၊ လိုင်စင်ဖြင့် ရစေသော်၎င်း၊ အစိုးရကချထားသော မြေမျိုးမဟုတ်။ ထိုမြေမှ အဆိုပါ ဥပဒေပုဒ်မ ၂၅(ဃ)အရ ကောလိတ္တော်အရာရှိက လျှောက်ထားသူများကို မြေမှနှင်ထုတ်နိုင်သည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ရိုနိုမီယာသည်၊ အခင်းဖြစ်မြေပေါ်တွင် အိမ်ဆောက်လုပ်နေထိုင်ခဲ့ကြောင်း သက်သေထင်ရှားရှိ၏။ သို့သော် ၎င်းသည် အစိုးရထံမှ ဂရုံမရရှိခဲ့။ မြေလက်ရှိထားပိုင်ခွင့် (**Landholder's Right**) မျှပင် မရရှိခဲ့ချေ။ ထိုမြေပေါ်၌ နေစဉ် ရိုနိုမီယာသည်၊ ကျသင့်သော အခွန်တော်များကို ပေးဆောင်ခဲ့ဟန်တူသည်။ သို့သော် ယင်းသို့ပေးဆောင်ရုံမျှဖြင့် ရိုနိုမီယာ မည်သည့်အခွင့်အရေးမျှ ရနိုင်မည်မဟုတ်ပေ။ ၎င်းသည် မြေပေါ်တွင် စကွာတာအဖြစ် နေခဲ့ကြောင်းကို စကိုနာဘီဘီ၏ ပညာရှိရွှေနေကြီးက ဝန်ခံ၏။ သက်သေခံအမှတ် (ခ) အခင်းဖြစ် မြေဆိုင်ရာ မြေစာရင်းအရလည်း ထင်ရှား၏။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည့်အခါ၊ ရိုနိုမီယာနှင့် စကီနာဘီဘီ အပါအဝင် မိသားစုတို့သည်၊ အခြားဒေသများသို့ ထွက်ခွါ ဖယ်ရှားကြပြီး၊ စစ်ပြေးစဉ်ပင် ရိုနိုမီယာ သေဆုံး၏။ စကီနာဘီဘီလည်း အခင်းဖြစ် မြေပေါ်သို့ ပြန်ရောက်နေထိုင်ခြင်းမပြု။ ထိုအတောအတွင်းတွင် အခြားသူများ ထိုမြေပေါ်တွင် နေထိုင်ကြပြီး၊ နောက်ဆုံး၌ အယူခံတရားခံများသည် ထိုမြေပေါ်တွင် အိမ်ဆောက်နေထိုင်သော စီ၊ အေး၊ ကာကာ ဆိုသူထံမှ ၎င်း၏အိမ်ကိုဝယ်ယူပြီးလျှင်၊ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေး အဖွဲ့သို့ မိမိအား အငှါးဂရုံထုတ်ပေးပါရန် လျှောက်ထားသည်တွင်၊ အဖွဲ့က ၎င်းအား အငှါးဂရုံထုတ်ပေးလိုက်၏။

အထက်ဖော်ပြပါ အခြေအနေတွင် စကီနာဘီဘီ၌ အခင်းဖြစ်မြေနှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမျှ ရှိနိုင်မည်မဟုတ်ပေ။ အောက်မြန်မာပြည် မြို့ပြနှင့်ကျေးရွာ မြေများ အက်ဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင်၊ မြေလက်ရှိထားပိုင်ခွင့် ရှိသူပင်လျှင်၊ ၂ နှစ်တာ ဆက်လက်၍ မိမိလက်ရှိထားသည့်မြေကို စွန့်လွှတ်ခဲ့လျှင်၊ ထိုသူ၏မြေနှင့် စပ်လျဉ်းသည့် အခွင့်အရေးမှာ ကုန်ဆုံးပေမည်။ ရိုနိုမီယာသည် မြေလက်ရှိထားပိုင်ခွင့်ရှိသူမဟုတ်။ မြေပေါ်၌ စကွာတာအဖြစ် နေထိုင်ပြီး အခွန်ထမ်းဆောင်သူသာဖြစ်သည်။ ၎င်းသည်မြေမှ ထွက်ခွါစွန့်လွှတ်ခဲ့သည်ဖြစ်သဖြင့်၊ ၎င်း၌ မည်သည့်အခွင့်အရေးမျှ မရှိနိုင်ပေ။ ထို့ပြင်လည်း အထက်ဖော်ပြပါ အက်ဥပဒေ

၁၉၆၃

စံမီနာဘီဘီ (ခေါ်) မသေးသေး နှင့် ကိုထွန်းရင် ပါ ၂။

ပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့တွင် သတ်မှတ်ထားသည့် မြေနှင့်ဆိုင်ရာ အခွင့်အရေးများမှ အပ အခြားအခွင့်အရေးများကို မည်သူမျှ အစိုးရနှင့် ဆန့်ကျင်၍ မရရှိစေရဟု ပြဋ္ဌာန်းထားခလသည်။ ရိုနိုမီယာဥ္စ ထိုပုဒ်မများတွင် သတ်မှတ်ထားသည့် အခွင့်အရေး တစုံတရာမရှိခဲ့ချေ။ ယင်းသို့ဖြစ်ရကား အယူခံ တရားလိုများသို့ အငှါးရမ်းထုတ်မပေးမီ စကီနာဘီဘီအား ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့က၊ နို့တစ်စာထုတ်၍ ကန့်ကွက်ရန် အခွင့်အရေးပေးခြင်း မပြုပါဟူသော လျှောက်လဲချက်သည်၊ အခြေအမြစ် မရှိတော့ပေ။

ထို့ပြင်လည်း ယခုကဲ့သို့ အငှါးရမ်းထုတ်ပေးသည့် ကိစ္စမျိုးတွင်၊ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့မှ၊ အခွန်တော် အရာရှိများက ဆုံးဖြတ်ရမည်ဖြစ်သဖြင့်၊ အထက်ဖော်ပြပါ အက်ဥပဒေပုဒ်မ ၄၁ (က) ပါ ပြဋ္ဌာန်းချက်များအရ၊ တရားမရုံးများက၊ ဤကိစ္စမျိုးတွင် ဝင်ရောက်ဆုံးဖြတ်ပိုင်ခွင့် မရှိဟု ယူဆရမည်ဖြစ်သည်။

ထို့ကြောင့်၊ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ၅၁ ကျပ် ဖြစ်စေရမည်။

တရားမပြင်ဆင်မှု

ထရားသူကြီးချုပ် ဦးဘိုကြီး ရှေတွင်

† ၁၉၆၃ ဒီဇင်ဘာလ ၂၆ ရက်။

ဒေါ်ချစ်ခင် (သေသူ၊ ဦးဘိုးဒေါင်း၏ တရားဝင်ကိုယ်စားလှယ်) (လျှောက်ထားသူများ)

နှင့်

ဒေါ်လှမေ ပါ ၂ (လျှောက်ထားခံရသူများ)*

တရားဝင်ကိုယ်စားလှယ် ထည့်သွင်းရန် လျှောက်ထားသည့်ကိစ္စ။ မူလတရားခံကကြားဖြတ်အမိန့် တခုကို **စောဒကဝင်နေစဉ် သေဆုံးခြင်း။ မူလရုံး၌အမှုတွဲမရှိခြင်း။ တရားလိုများလျှောက်** ထားရန် တာဝန်မရှိ။

မူလရုံး၏ ကြားဖြတ်အမိန့်တခုနှင့် ပတ်သက်၍ တရားခံသည် တရားလွှတ်တော်တွင်စောဒက ဝင်နေစဉ်အတွင်း၊ ၎င်းသည် ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် သေဆုံးခဲ့၏။

တရားရုံးချုပ်သည် ထိုစောဒကမှုကို ပယ်ပြီးသည့်နောက် မူလရုံးသည် ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်အမှုတွဲကိုပြန်လည်ရရှိရာ၊ ၁၉၆၂ ခုနှစ်၊ ဇွန် လ ၁၄ ရက်နေ့တွင်တရားလိုများအား အကြောင်းကြားလိုက်၏၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် တရားလိုတို့သည်ကွယ်လွန်သူ တရားခံ၏ တရားဝင်ကိုယ်စားလှယ်များကို အမှုတွင်ထည့်သွင်းရန် လျှောက်ထားရာ၊ မူလရုံးက ခွင့်ပြုခဲ့သည်။

ထိုအမိန့်ကို မကျေနပ်၍ စောဒကဝင်ရာ၊

ဆုံးဖြတ်ချက်။ ။ယခုကဲ့သို့သော အမိန့်မျိုးကိုစောဒကဝင်နိုင်သည်ထားဘိဦး၊ တရားလွှတ် တော်သို့ မူလတရားခံက စောဒကဝင်သည့် အချိန်အတွင်း၊ မူလရုံး၌အမှုတွဲမရှိ။ ထိုရုံးကလည်း မည်သို့မျှ ဆောင်ရွက်ခြင်းမပြုနိုင်သည်ဖြစ်ရကား၊ ထိုရုံး၌ မူလတရားခံ၏ တရားဝင်ကိုယ်စား လှယ်များကို အမှုသည်အဖြစ် ထည့်သွင်းရန် လျှောက်ထားခြင်းမပြုနိုင်ပေ။

ဗင်ကပ်နာဆီမန်ရဲဒီနှင့် ကွန်ဒါရဲဒီ။ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၁ ခု၊ ဟိုက်ဒရာဘတ်၊ စာမျက်နှာ ၅၅ ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးမွန်ဘိုးချို။

လျှောက်ထားခံရသူအတွက်။ ။ဦးအေးမောင်။

---

* ၁၉၆၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၅။

† ၁၉၅၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇ တွင် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့စွဲပါ၊ **အင်းစိန်မြို့၊ မြို့နယ်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။**

၁၉၆၃

ဒေါ်ချစ်ခင် (သေသူ၊ ဦးဘိုးဒေါင်း၏ တရားဝင်ကိုယ်စားလည်) နှင့် ဒေါ်လှမေ ပါ ၂။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအမှုတွင်မူလကဒေါ်လှမေသည် ဦးဘိုးဒေါင်းအား၊ အခင်းဖြစ်မြေကို လက်ရောက်ရလိုမှုတရားစွဲဆိုလေသည်။ အမှုအတောအတွင်း ဒေါ်လှမသည်၊ အခင်းဖြစ်မြေကိုမောင်တင်ရွှေသို့နှာမည်လွှဲပြောင်းပြီး မောင်တင်ရွှေအား မိမိနှင့်အတူ တရားလိုအဖြစ် ပါဝင်ဆောင်ရွက်ရန်အတွက် လျှောက်ထားရာ၊ အင်းစိန်မြို့နယ်ဘရားမရုံးက အခွင့်ပြုလိုက်သည်။ ယင်းသို့ အခွင့်ပြုသည့်အမိန့်ကို မကျေနပ်သဖြင့်၊ ဦးဘိုးဒေါင်း တရားလွှတ်တော်သို့ စောဒကဝင်ခဲ့၏။ စောဒကမှု မပြီးပြတ်မီအတွင်း ဦးဘိုးဒေါင်းသည် ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့၌ကွယ်လွန်အနိစ္စရောက်၏။ ထို့နောက် တရားရုံးချုပ်သည် စောဒကမှုကို ပယ်လိုက်ရာ အမှုတွဲကို မြို့နယ်တရားမရုံးတွင် ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့၌ပြန်လည်ရရှိ၍ ထိုလ ၁၄ ရက်နေ့တွင် ဒေါ်လှမေနှင့် မောင်တင်ရွှေတို့အား တရားမရုံးက အကြောင်းကြားလိုက်၏။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင်ဒေါ်လှမေနှင့် မောင်တင်ရွှေတို့က ဦးဘိုးဒေါင်း၏ တရားဝင် ကိုယ်စားလှယ်များကို၊ ဦးဘိုးဒေါင်းကိုယ်စား အမှုသည်များအဖြစ် အမှုတွင် ထည့်သွင်းရန်တရားမကျင့်ထုံးအမိန့် ၂၂ နည်းဥပဒေ ၄ အရ လျှောက်ထားရာ၊ မြို့နယ်တရားမရုံးကလျှောက်ထားသည့်အတိုင်း ခွင့်ပြုလိုက်သည်။ ထိုအမိန့်ကို ပြင်ဆင်ရန်အတွက် ဦးဘိုးဒေါင်း၏ တရားဝင် ကိုယ်စားလှယ်တဦးဖြစ်သူ ဒေါ်ချစ်ခင် ယခု စောဒကဝင်ခြင်းဖြစ်သည်။

ယခုကဲ့သို့သော အမိန့်မျိုးကို တရားမကျင့်ထုံးပုဒ်မ ၁၁၅ အရ၊ စောဒကဝင်နိုင်မဝင်နိုင်ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ ပညာရှိရှေ့နေကြီးများ လျှောက်လဲခြင်းမပြုခဲ့ကြချေ။ အကယ်၍ စောဒကဝင်နိုင်သည်ထားဘိဦး၊ တရားလွှတ်တော်သို့ စောဒကဝင်သည့်အခါနိုင်အတွင်းတွင်၊ မြို့နယ်တရားမရုံး၌ အမှုတွဲမရှိ။ ထိုရုံးကလည်း မည်သို့မျှ ဆောင်ရွက်ခြင်း မပြုနိုင်သည် ဖြစ်ရကား၊ ထိုရုံး၌ ဦးဘိုးဒေါင်း၏ တရားဝင်ကိုယ်စားလှယ်များကို အမှုသည်များအဖြစ် ထည့်သွင်းရန် လျှောက်ထားခြင်း မပြုနိုင်ပေ။

အမှုတွဲကို မြို့နယ်တရားမရုံး၌ တရားလွှတ်တော်မှ ပြန်လည် ရရှိပြီးနောက်၊ ဒေါ်လှမေနှင့် မောင်တင်ရွှေတို့အား အကြောင်းကြားပြီး မျှားမကြာမီ၊ ၎င်းတို့က ဦးဘိုးဒေါင်း၏ တရားဝင်ကိုယ်စားလှယ်များကို အမှုသည်များအဖြစ် ထည့်သွင်းရန် လျှောက်ထားကြလေသည်။ ဤအမှု အကြောင်းချင်းရာများသည်၊ **မင်းပ်နာဆီမန် ရဲဒီနှင့် ကွန်ဒါရဲဒီ** (၁) အမှုပါ အကြောင်းခြင်းရာများနှင့် ထပ်တူထပ်မျှလိုပင်ဖြစ်သည်။ ထိုအမှုတွင်လည်း မူလရုံး၏ ကြားဖြတ်အမိန့်ကို တရားခံများ စောဒကဝင်နေသည့် ကာလအတွင်း၊ တရားမမှုသည် မူလရုံးတွင် ရှိနေသေးသည်ဟု မဆိုနိုင်ပေ။

---

(၁) အေးဆိုင်၊အာ(ရ်)၊ ၁၉၅၁ ခု၊ ဟိုက်ဒရာဘတ်၊ စာ ၅၅၅။

၁၉၆၃

ဒေါ်ချစ်ခင် (သေသူ၊ ဦးဘိုးဒေါင်း၏ တရားဝင်ကိုယ်စားလည်) နှင့် ဒေါ်လှမေ ပါ ၂။

ထို့ကြောင့်၊ ထိုအတောအတွင်းတွင် မူလခုံးဌာ သေသူ၏တရားဝင် ကိုယ်စားလှယ်များကို၊ အမှုတွင်ထည့်သွင်းရန် ပြဿနာ မပေါ်ပေါက်ဟု ဆုံးဖြတ်ခဲ့လေသည်။ ဤအမှုတွင်လည်း ထိုနည်းအတိုင်းပင်။ စောဒကမှု တရားလွှတ်တော်တွင် ရှိနေစဉ် အာဘင်း မြို့နယ်တရားမရုံးတွင် သေသူတရားခံ ဦးဘိုးဒေါင်း၏ တရားဝင်ကိုယ်စားလှယ်များကို အမှုတွင်ထည့်သွင်းရန် မဖြစ်နိုင်ပေ။

ထို့ကြောင့်၊ အမှုကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးခွေနေခမှာ ၃၄ ကျပ် ဖြစ်စေရမည်။

တရားမအယူခံမှု

ထရုးသူကြီးချုပ် ဦးဘိုကြီး ရွှေတွင်

ဒေါ်စံမယ် ပါ ၃ (အယူခံတရားလိုများ)

နှင့်

ဒေါ်စိန်မေ ပါ ၂ (အယူခံတရားခံများ)*

†၁၉၆၃

ဒီဇင်ဘာလ ၁၄ ရက်။

ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၁၁။ မြေငှါးခမပေးရုံနှင့် မြေငှါးအဖြစ်ရပ်စဲသည်ဟု ပြဋ္ဌာန်းချက်မရှိ။ သက်သေခံဥပဒေပုဒ်မ ၁၀၉ ငှါးရမ်းခြင်းပျက်ပြယ်ကြောင်း ပြရန်တာဝန်။

ဆုံးဖြတ်ချက်။ ။မြေငှါးတဦးသည်၊ မြေငှါးခမပေးရုံမျှဖြင့်၊ မြေငှါးမဟုတ်တော့ဟုမဆိုနိုင်။

မြေငှါးအဖြစ် ရပ်စဲသည်မှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၁ ပါ အကြောင်းတခုခုကြောင့်သာ ဖြစ်နိုင်ပေသည်။ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များတွင် မြေငှါးခမပေးရုံမျှနှင့် မြေငှါးအဖြစ် ရပ်စဲသည်ဟု ပြဋ္ဌာန်းချက်မရှိ။

သက်သေခံ ဥပဒေပုဒ်မ ၁၀၉ အရဆိုလျှင်မြေရှင်နှင့်မြေငှါးဖြစ်ကြောင်း ပေါ်လွင်က၊ ငှါးရင်းခြင်း ပျက်ပြယ်ပြီးဖြစ်ကြောင်းကို အဆိုပြုသူက သက်သေတင်ပြရန် တာဝန်ရှိပေသည်။

ရမ်ကိုလာမွန်ဒါ နှင့် အပွဓူကာဖူး။ အိန္ဒိယစီရင်ထုံးများ၊ ကာလကတ္တား အတွဲ ၄၄၊ စာမျက်နှာ ၃၁၄ နှင့်။

မောင်စံပြည့် နှင့် မောင်ထွန်း။ ၁၀၉၇။ ၉၀၁ အထက်မြန်မာပြည် စီရင်ထုံးများအတွဲ ၂၊ စာမျက်နှာ ၄၁၄ ကို ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။ ဦးအေးမောင်။

အယူခံတရားခံများအတွက်။ ။ဦးစံမြင့်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှုများကို တပြိုင်နက်တည်း ကြားနာခဲ့သည်တကြောင်း၊ အခင်းဖြစ် မြေတကွက်တည်းနှင့်သာ စပ်လျဉ်းသည် တကြောင်း တို့ကြောင့်၊ ဤအမိန့်တရပ်ဖြင့်ပင် အဆုံးအဖြတ် ပြုရပေမည်။

အောက်ရုံး ၂ ရုံးက အခင်းဖြစ်မြေကို စီ-အိပ် (ချ) မာမက်အိစမာအင်ထံမှ အယူခံတရားခံ ဒေါ်စိန်မေနှင့်သား မောင်ကျော်စိန်တို့ မှတ်ပုံတင်စာချုပ်ဖြင့်ဝယ်ယူခဲ့ကြောင်း တွေ့ရှိသည်ကို အယူခံတရားလိုများ၏ ပညာရှိရွှေနေကြီးက မငြင်းဆိုတော့ချေ။ အယူခံ

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅ နှင့် ၆။

† ၁၉၆၂ ခုနှစ်၊ ထရုးမအယူခံမှုအမှတ် ၇ နှင့် ၈ တို့၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၅ ရက်နေ့စွဲပါ၊ ပဲခူးမြို့၊ ရာဓာက်ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

ဒေါ်စံမယ် ပါ ၃ နှင့် ဒေါ်စိန်မေ ပါ ၂ ။

တရားလို ဒေါ်စံမယ်သည် အခင်းဖြစ်မြေပေါ်တွင် စီး၊ အိပ် (၁၅)၊ မာမက်အီစမန်၏ ဖခင် အီဘရာဟင်၏ လက်ထက်ကပင် အခင်းဖြစ်မြေပေါ်တွင် နေထိုင်ခဲ့ရာ၊ အယူခံ တရားလို မောင်ခင်မောင်နှင့် မအမာတို့သည် ဒေါ်စံမယ်၏ အခွင့်နှင့် ထိုအိမ်၏ အဖိတွင် နေထိုင်ခဲ့ကြ၏။ ဒေါ်စိန်မေတို့၏ သက်သေ ဦးကရင်၏ ထွက်ချက်အရလည်း၊ ဒေါ်စံမယ်တင်ပြသော မြေငှါးခ ပြေစာများနှင့် သက်သေထွက်ချက်အရလည်း၊ ဒေါ်စံမယ်သည် မူလပိုင်ရှင် အီဘရာဟင်ထံမှ အခင်းဖြစ်မြေကို အငှါးခံယူပြီး၊ လွန်ခဲ့သည့် ၁၂ နှစ်လောက်က စတင်နေထိုင်ခဲ့ရာ၊ ယခုထက်တိုင် နေထိုင်ကြောင်း ပေါ်လွင်၏။ အောက်ရုံး ၂ ရုံးကလည်း ဒေါ်စံမယ်သည် အခင်းဖြစ်မြေပေါ်တွင် မြေငှါးအဖြစ် နေထိုင်ခဲ့ကြောင်း တွေ့ရှိကြသည်။ သို့သော် မြေငှါးခ မခပးသည်မှာ ဒေါ်စံမယ်၏ ထွက်ဆိုချက်အရ ၅ နှစ်မျှရှိပြီဟု တွေ့ရှိကာ ဒေါ်စံမယ်သည် မြေငှါးမဟုတ်တော့ကြောင်း အဆုံးအဖြတ် ပြုကြလေသည်။ ဤအဆုံးအဖြတ်မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ **မြေငှါးအဖြစ်** ရပ်စဲသည်မှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၁ ပါ အကြောင်းတခုခုကြောင့် သာ ဖြစ်နိုင်ပေသည်။ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များတွင် မြေငှါးခမပေးဆုံမျှနှင့် မြေငှါး အဖြစ်ရပ်စဲသည်ဟု ပြဋ္ဌာန်းချက်မရှိချေ။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၉ အရ ဆိုလျှင် မြေရှင်နှင့် မြေငှါးဖြစ်ကြောင်း ပေါ်လွင်က ငှါးရမ်းခြင်း ပျက်ပြယ်ပြီ ဖြစ်ကြောင်း အဆိုပြုသူက သက်သေတင်ပြရန် တာဝန်ရှိပေသည်။ နှစ်ပေါင်းများစွာ မြေငှါးခခပးရန် ပျက်ကွက်ရုံမျှဖြင့် မြေငှါးခြင်း ရပ်စဲပြီဖြစ်ကြောင်း မယူဆနိုင်ကြောင်း ဖြင့် **ရမ်ကိုလာမန်ဒါ** နှင့် **အပ္ပဒူကာဖူး** (၁) အမှုတွင် အဆုံးအဖြတ် ပြုခဲ့လေသည်။ ထိုမူအတိုင်းပင် **မောင်စံပြည့်** နှင့် **မောင်ထွန်း** (၂) အမှုတွင် အဆုံးအဖြတ်ပြုခဲ့လေသည်။

ယင်းသို့ဖြစ်ရာ ဒေါ်စံမယ်သည် မြေငှါးအဖြစ် နေထိုင်လျက်ရှိသည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။ မောင်ခင်မောင်နှင့် မအမာတို့သည် ဒေါ်စံမယ်၏ အခွင့်အမိန့်အရ ထိုမြေပေါ်တွင်နေထိုင်သူများဖြစ်သည်။ ထို့ကြောင့်၊ ၎င်းတို့အသီးသီးအား ကျူးကျော်သူများအဖြစ် တရားမစွဲနိုင်ပေ။

ထို့ကြောင့်၊ အောက်ရုံး ၂ ရုံး၏ အမိန့်နှင့် ဒီကရီများကို စရိတ်နှင့်တကွ ပမာဏဖျက် လိုက်သည်။ ဤရုံးရွှေနေခမှာ အမှုလျှင် ၅၁ ကျပ် ဖြစ်စေရမည်။

---

(၁) အိန္ဒိယစီရင်ထုံးများ၊ ကာလကတ္တား အတွဲ ၄၊ စာ ၃၁၄။
(၂) ၁၈၉၇၊ ၉၀၁ အထက်မြန်မာပြည်စီရင်ထုံးများ အတွဲ ၂၊ စာ ၄၁၄။

တရားမအယူခံမှု

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

ဒေါ်စိန်ဖြူ (အယူခံတရားလို)

နှင့်

မောင်တင်မြင့် (အယူခံတရားခံ)*

† ၁၉၆၃
ဒီဇင်ဘာလ
၁၄ ရက်။

ခွဲချမ်းဝေငှသောအမှု (Partition Suit) အမွေဆိုင်အချို့မှ ပစ္စည်းဝယ်ယူခြင်း။ တရားစွဲနိုင်မစွဲနိုင်။ အမွေဆိုင်အားလုံးအား ထည့်သွင်းရန်လိုအပ်ခြင်း။

အယူခံတရားခံသည် အချင်းဖြစ်မြေနှင့်အိမ်ကို မူလပိုင်ဆိုင်သူများ၏ သားသမီး ၅ ဦးအနက်၊ ၄ ဦးနှင့် ၎င်းတို့၏ အမွေခံများထံမှ စာချုပ် ၂ ခုဖြင့် ဝယ်ယူခဲ့၏။

ထိုနောက် အယူခံတရားခံသည်မိမိဝယ်ယူရရှိသည့် အမွေဆိုင် သားသမီး ၄ ဦးတို့၏အစုများကိုးရုံးတော်က ခွဲချမ်းဝေငှသော (Partition Suit) ဖြင့်၊ ခွဲချမ်းဝေငှပေးရန်၊ အယူခံတရားလိုဖြစ်သူ ကျန်နေသေးသည်အမွေဆိုင် တဦးအပေါ် တရားစွဲဆိုခဲ့သည်။

မူလရုံးသည်၎င်း၊ အောက်အယူခံရုံးသည်၎င်း စွဲဆိုသည့်အတိုင်း ဒီကရီချပေးလိုက်လေသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံသည်၊ အမွေဆိုင်အယူခံတရားလိုထံမှ၊ အချင်းဖြစ်အမွေဆိုင် အိမ်နှင့်အိမ်ယာမြေကို၊ ယခုစွဲဆိုသကဲ့သို့၊ ခွဲချမ်းဝေငှသော (Partition Suit) အမှုဖြင့်၊ ၎င်းငယူရရှိသည့် အစုများကို၊ ဝေငှရှိပေးရန် တရားစွဲဆိုခြင်းပြုနိုင်သည်။

စီ၊ တီ၊ အာ (ရ)၊ အမ်၊ အေ၊ စိုမာစွန်ဒရမ်ချစ်တီး နှင့် မောင်ရွှေညွန့်။ အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ဂ၊ စာမျက်နှာ ၄၉၇။

ဘိုးမောင်နှင့် အောင်ဒင်။ ဘားမားလောဂျာနယ်၊ အတွဲ ၁၊ စာမျက်နှာ ၂၆။

ရဲလုမလေးချစ်တီးနှင့် စလေနီပါစာချစ်တီး။ မဒရတ်စီရင်ထုံး၊ အတွဲ ၂၉၊ စာမျက်နှာ ၂၉၄။

မသာအေး ပါ ၅ နှင့် မောင်အိစမ်အင်။ ၁၉၆၂ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၄ ကို ရည်ညွှန်းသည်။

သို့သော် အယူခံတရားခံသည် ထိုသို့စွဲဆိုရာတွင် အမွေဆိုင်အားလုံးကိုထည့်သွင်းစွဲဆိုခြင်းမပြုဘဲ၊ တယောက်ကိုသာ ထည့်သွင်း၍ တရားစွဲဆိုသဖြင့်၊ ၎င်းစွဲဆိုသော အမှုကို လက်ခံ၍ အတည်ပြုရန် မဖြစ်နိုင်။

အမှုကို ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄၀။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ မြောင်းမြမြို့၊ နယ်ပိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃ အယူခံတရားလိုအတွက်။ ။ဦးဖသာထော်။

ဒေါ်စိန်ဖြူ နှင့် မောင်တင်မြင့်။ အယူခံတရားခံအတွက်။ ။ဦးထွန်းစိန်။

တရားသူကြီး ဦးစောဘသိန်း။ ။အယူခံ တရားလို ဒေါ်စိန်ဖြူ က၊ ၎င်းအပေါ် အောက်မူလရုံးနှင့် ဇအောက်အယူခံရုံးတို့ ချမှတ်သော စီရင်ချက်နှင့် ဒီကရီကိုမကျေနပ်၍ ဤရုံးသို့အယူခံဝင်သည်။

အချင်းဖြစ်အိမ်နှင့် အိမ်ယာမြေကို၊ကွယ်လွန်သူ ဦးဘိုးချက်နှင့် ဒေါ်လှငိုင်းတို့ပိုင်၍၊၎င်းတို့သေဆုံးသည့်အခါ၊ ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်စိန်ခင်၊ ဒေါ်စိန်ဖြူ၊ ဒေါ်အေးတင်၊ ကိုမောင်မောင် နှင့် ဒေါ်ကြွယ်တို့ပိုင်ဆိုင်ကြသည်။ ဒေါ်အေးတင်သေဆုံး၍၊ သမီး မအေးသိန်းနှင့် မသန်းမြင့်တို့ ကျန်ရစ်ပြီး၊ ဒေါ်ကြွယ်သေဆုံး၍၊ သမီး မစန်းမြင့်နှင့် မစန်းဝင်းတို့ ကျန်ရစ်ကြသည်၊ ကိုမောင်မောင်မှာ ယခုတိုင် ပျောက်ဆုံးနေသည်ဖြင့်၊ ၎င်းတို့ သားသမီးများ ကျန်ရစ်ခြင်းမရှိပေ။ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်၊ မအေးသိန်းနှင့် မသန်းမြင့်တို့က၊ အချင်းဖြစ်အိမ်နှင့် အိမ်ယာခြံတွင်၊ ၎င်းတို့ပိုင်ဆိုင်သည့်အစုများကို၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့်၊ အယူခံတရားခံ မောင်တင်မြင့်အား ရောင်းချလိုက်သည်။ တဖန်၊ ၁၉၅၆ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့တွင်၊ ဒေါ်စိန်ခင်က၊ ၎င်း၏အတွက်နှင့် ပျောက်ဆုံးနေသူ ကိုမောင်မောင်၏အတွက်ပါ၊ မစန်းမြင့်က ၎င်း၏ အတွက်နှင့် အလျဉ်မဖော်သေးသည့် ညီမငယ် မစန်းဝင်းအတွက်ပါ၊ အချင်းဖြစ်အိမ်နှင့် အိမ်ယာမြေတွင်၊ ၎င်းတို့ပိုင်ဆိုင်ကြသည့် အစုများကို၊ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဖြင့်၊ အယူခံတရားခံ မောင်တင်မြင့်အား၊ ရောင်းချကြသည်။

အချင်းဖြစ်အိမ်နှင့် အိမ်ယာမြေသည် အမွေဆိုင်ပစ္စည်းဖြစ်၍၊ ရောင်းချကြသူ၊ မအေးသိန်း၊ မသန်းမြင့်၊ ဒေါ်စိန်ခင်၊ ကိုမောင်မောင်၊ မစန်းမြင့်နှင့် မစန်းဝင်းတို့ပိုင်ဆိုင်ကြသော်သည်း၊ ၎င်းတို့ပိုင်ဆိုင်ကြသည့် အစုများကို၊ (၎င်းပိုင်ဆိုင်သည့် အစုကို ရောင်းချခြင်းမပြုသော အမွေဆိုင်) အယူခံတရားလို ဒေါ်စိန်ဖြူနှင့်ရုံးတော်က စီမံအုပ်ချုပ်၍ ခွဲခြမ်းဝေငှပေးသော အမွေမှု (Administration Suit) ဖြင့်၊ ခွဲခြမ်းဝေခြင်း မပြုရသေးသဖြင့်၊ ရောင်းချသူ မအေးသိန်း၊ မသန်းမြင့်၊ ဒေါ်စိန်ခင်၊ ကိုမောင်မောင်၊ မစန်းမြင့်နှင့် မစန်းဝင်းတို့၏ အစုမည်မျှရှိသည်၊ မည်သူကမည်သည့် အစိတ်အပိုင်းကိုရမည်၊ မည်သည့်နေရာတွင် ရမည် စသည်ကို၊ ခွဲခြား၍ မသိရသေးသည်မှာ ပေါ်လွင်လျက်ရှိပေသည်။

ဤအမှုတွင်၊ အယူခံတရားခံ မောင်တင်မြင့်က၊အချင်းဖြစ်အိမ်နှင့် အိမ်ယာမြေမှ ၎င်းဝယ်ယူရရှိသည့် အမွေဆိုင် ၄ ဦးတို့၏ အစုများကို၊ ရုံးတော်က၊ ခွဲခြမ်းဝေငှသော

(Partition Suit) ဖြင့်၊ ခွဲခြမ်းဝေငှပေးရန်၊ အယူခံတရားလို ဒေါ်စိန်ဖြူ အား၊ တရားစွဲဆိုသည်။ အောက်မှူလရုံးက၊ အယူခံတရားခံ မောင်တင်မြင့် စွဲဆိုသည့် အတိုင်း၊ အမိန့်ဒီကရီချမှတ်လိုက်သည်။ အောက်အယူခံရုံးကလည်း၊ မူလရုံးချမှတ် သော စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။

ဒေါ်စိန်ဖြူ နှင့် မောင်တင်မြင့်။

ဤအယူခံမှုတွင်၊ နှစ်ဦး နှစ်ဘက်သော အမှုသည်များတို့၏ ပညာရှိရွေးနေကြီး များ လျှောက်ထားချက်အရ၊ စဉ်းစားဆုံးဖြတ်ရန်၊ အဓိကအချက်မှာ "အမွေဆိုင်တို့ အား၊ ရုံးတော်က၊ စီမံအုပ်ချုပ်၍၊ ခွဲခြမ်းဝေငှပေးသော (Administration Suit) အမွေမှုဖြင့်၊ အချင်းဖြစ် အမွေဆိုင်အိမ်နှင့် အိမ်ယာမြေကို၊ ခွဲခြမ်းဝေငှ၍ မပေးမီ၊ အမွေဆိုင်အချို၏အစုများကို၊ ဝယ်ယူရရှိသော အယူခံတရားခံ မောင်တင်မြင့် က (၎င်း၏အစုကို ရောင်းချခြင်းမပြုသော) အမွေဆိုင် အယူခံတရားလို ဒေါ်စိန်ဖြူ ထံမှ၊ အချင်းဖြစ်အမွေအိမ်နှင့် အိမ်ယာမြေကို၊ ခွဲခြမ်းစိတ်ဖြာ၍၊ ၎င်းဝယ်ယူရရှိသည့် အစုများကိုဝေငှပေးရန်၊ ခွဲခြမ်းဝေငှပေးသော (Partition Suit) အမှုဖြင့်၊ တရားစွဲဆိုနိုင်ပါသလား" ဟူ၍ဖြစ်သည်။

စီ၊ တီ၊ အာ၊(ရ်) အမ်၊ အေ၊ စိုဟာစွန်ဒရမ်ချစ်တီး နှင့် မောင်ရွှေညွန့် (၁) စီရင်ထုံးတွင်၊

> "The purchaser of the share cannot however enforce his claim against any specific portion of the estate until the share has been ascertained and separated by division of that estate."

ဟူ၍ဆုံးဖြတ်ထားသည်။ ဤစီရင်ထုံးကို ဘတ်ရှ လေ့လာသည့်အခါ၊ တရားလိုက တရားခံသည် အချင်းဖြစ်အိမ်နှင့် အိမ်ယာ မြေပေါ်မှ ထွက်ခွါ၍သွားရန်နှင့် လက် ရောက်ပေးအပ်ရန် စွဲဆိုသည်ကိုတွေ့ရသဖြင့်၊ ဤအမှုတွင်ရှိသော အမှုအကြောင်းချင်း ရာနှင့် ယခုစီရင်ဆုံးဖြတ်ရမည့် အမှုအကြောင်းချင်းရာများ ထပ်တူထပ်မျှဖြစ်သည်ဟု မဆိုသာပေ။

ဘိုးမောင် နှင့်အောင်ဒင် (၂) စီရင်ထုံးတွင်၊

> "A 'partition' in the legal sense could be effected only between persons who have an interest in the property partitioned as being co-owners with the others who took part in the transaction."

ဟူ၍ဆုံးဖြတ်ထားသည်။

---

(၁) အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ဂ၊ စာမျက်နှာ ၄၇၉။

(၂) ဘ ၊မားလောဂျာနယ်၊ အတွဲ ၁၊ စာမျက်နှာ ၂ ၆။

၁၉၆၃
ဒေါ်စိန်ဖြူ
နှင့်
မောင်တင်မြင့်။

ရဲလုမလေးချစ်တီး နှင့် စလေနီပါစာချစ်တီး (၃) စီရင်ထုံးတွင်၊

"The only right acquired by the Court sale against the second defendant was a right to effectuate the sale by a suit for partition of the joint property of the co-parceners and the **delivery to the plaintiffs of what might be allotted to the share of the second defendant at the partition.**"

ဟူ၍ဆုံးဖြတ်ထားသည်။

ဤစီရင်ထုံးများကို မှီငြမ်းပြု၍၊ စုံညီခုံရုံးတော်က၊ **မသာအေးပါ ၅ နှင့် မောင်အီ စမံအင်** (၄) အမှုတွင်၊

"အယူခံတရားခံက၊ ထိုမြေကွက်အားလုံးကို၊ ပိုင်ဆိုင်ရယူရန်၊ တရားမစွဲနိုင်ပေ။ မိမိရထိုက်သည့်အစုကို၊ ခွဲချမ်းငေဖန်ပေးရန်သာ စွဲဆိုရမည်ဖြစ်ပေသည်။

အယူခံတရားခံသည် မိမိပိုင်ဆိုင်ခွင့်ရှိသည့် အစုကို ရယူလိုမှု၊ အထက်ကရည်ညွှန်းသည့် စီရင်ထုံးများတွင်၊ ပြဆိုထားသကဲ့သို့၊ ပိုင်ဆိုင်ခွင့် ရှိသူများအားလုံးကိုထည့်သွင်း၍၊ မိမိအစုကို ခွဲခွဲချမ်းငေဖန်ပေးရန်၊ စွဲဆိုရန်သာ ရှိပေသည်။"

ဟူ၍ဆုံးဖြတ်ချက်ချမှတ်သည်။

ဖေါ်ပြပါ စီရင်ထုံးများအရ၊ အယူခံတရားခံ မောင်တင်မြင့် သည်အမွေဆိုင်အယူခံတရားလို ဒေါ်စိန်ဖြူထံမှ၊ အချင်းဖြစ် အမွေဆိုင် အိမ်နှင့် အိမ်ယာမြေကို၊ ယခုစွဲဆိုသကဲ့သို့၊ ခွဲချမ်းဝေငှသော (Partition Suit) အမှုဖြင့်၊ ၎င်းဝယ်ယူရရှိသည့်အစုများကို ၊ဝေငှ၍ပေးရန်၊ တရားစွဲဆိုခြင်း ပြုနိုင်သည်ဟူ၍အယူခံမှုတွင် ဆုံးဖြတ်ရန် ပြဿနာကို ဖြေဆိုရပေမည်။

သို့သော် အယူခံတရားခံ မောင်တင်မြင့်သည်၊ထိုသို့စွဲဆိုရာတွင်၊အမွေဆိုင်အားလုံးကို ထည့်သွင်း၍ စွဲဆိုခြင်းမပြုဘဲ၊ အမွေဆိုင်အယူခံ တရားလို ဒေါ်စိန်ဖြူတယောက်ကိုသာ ထည့်သွင်း၍တရားစွဲဆိုသဖြင့်၊ ဖေါ်ပြခဲ့သည့် စီရင်ထုံးဆုံးဖြတ်ထားချက်များနှင့် ဆန့်ကျင်လျက် ရှိနေသည့်အတွက်၊ ၎းစွဲဆိုသော အမှုကိုလက်ခံ၍ အတည်ပြုရန် မဖြစ်နိုင်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ မူလရုံး နှင့် အောက်အယူခံ ရုံးတို့ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို အတည်မပြုနိုင်သဖြင့်၊ အမှုကြောင်းအချင်းရာ

(၃) မတ်ဒရတ်စီရင်ထုံး၊ အတွဲ ၂၉၊ စာမျက်နှာ ၂၉၄။
(၄) ၁၉၆၂ ခုနှစ်၊ အခွင့်ထူးတရားမ အယူခံအမှတ် ၄၊

များအရ၊ စရိတ်မရှိသဖြင့်၊ ပယ်ဖျက်ရန်နှင့် အောက်ရုံးက အမှုကို တဖန် ဖေါ်ပြခဲ့ သည့် ဆုံးဖြတ်ထားချက်နှင့် စီရင်ထုံးများအရ၊ ပြန်လည်၍ စစ်ဆေးစေရန်၊ အမှုသည် တို့အား၊ ဆိုလွှာနှင့် ချေလွှာတို့ကို ပြင်ဆင်ရန်လိုက၊ ပြင်ဆင်ခွင့်ပြုရန်၊ သက်သေများ ပြသလိုက ခွင့်ပြုရန် နှင့် ဥပဒေလိုအပ်သည့်အတိုင်း လိုက်နာစီရင်ဆုံးဖြတ်ရန်၊ အမိန့် ချမှတ်လိုကသည်။

၁၉၆၃

ခေါ်စန်ဖြူ နှင့် မောင်ထင်မြင့်။

တရားမအမှု

တရားသူကြီး ဦးမောင်မောင် ရွှေတွင်

ဒေါ်အုန်းခင် (တရားလို)

နှင့်

ဒေါ်လှ (တရားခံ)*

၁၉၆၃
နိုဝင်ဘာလ
၁၂ ရက်။

ပစ္စည်းထိန်းဝန်ခန့်ထားခြင်းကိစ္စ—တရားခံကလက်ရှိဖြစ်၍ တရားလိုကလက်မဲ့ဖြစ်နေခြင်း—**ခန့်လျှင်** တရားခံအား နစ်နာနိုင်စေသည့်အချက်—အမွေမှုတွင် ခန့်အပ်က ပို၍ကြန့်ကြာနိုင်ခြင်း။

တရားလိုသည်၊ တရားခံနှင့် မယားပြိုင်ဖြစ်သည်ဟုဆိုကာ ကွယ်လွန်သူ၏ အမွေကို ခွဲဝေခံစားခွင့် အတွက် တရားစွဲဆိုသည်။ တရားလို၏အဆိုအရ၊ အားလုံးသော ပစ္စည်းတို့သည် တရားခံ၏ လက်ဝယ်ဘို့ ရောက်ရှိနေပြီး မိမိမှာ လက်မဲ့ဖြစ်နေရာ၊ ထိုပစ္စည်းများ ထိန်းသိမ်းရန် ပစ္စည်းထိန်းခန့်ရန် လျှောက်ထား၏။

ဆုံးဖြတ်ချက်။ ။ပစ္စည်းထိန်းဝန် မခန့်အပ်ခဲ့လျှင်၊ တရားလိုအား နစ်နာနိုင်စေသော်လည်း၊ ခန့်အပ်ပြန်လျှင်လည်း၊ တရားလိုကိုယ်တိုင်က ကွယ်လွန်သူ၏ တရားဝင်ဇနီးဖြစ်သည်ဟု ဝန်ခံထားသော တရားခံတွင်၊ နစ်နာဘွယ်ရာရှိသည်။ တရားခံ၏လက်ဝယ်ရှိပစ္စည်းများကို ပစ္စည်းထိန်းဝန်အား ထိန်းသိမ်းထားရှိစေခဲ့လျှင်၊ ပစ္စည်းများသည်၊ ပျောက်ပျက်ခြင်းမရှိမည် မှန်သော်လည်း၊ တရားခံအဘို့ လက်ရှိမှ လက်မဲ့ဘဝသို့ ရောက်ရှိသွားမည်။

ဤအခြေအနေမျိုးတွင်၊ သာမန်အားဖြင့် ပစ္စည်းထိန်းဝန် ခန့်အပ်ရန်မသင့်။ ခန့်အပ်လျှင် တရားခံအား ပိုနစ်နာစေလိမ့်မည်။

Mai Bu v. *Mai Oh Gyi* I.L.R.S. Ran. p. 70 ကို ရည်ညွှန်းသည်။

ထို့ပြင် ဤအမှုတွင် တရားလိုသည် တရားဝင်မယားပြိုင်ဖြစ်ကြောင်းကို တရားခံက လုံးဝငြင်းဆိုသည်။ တရားလို၏သားသမီးများသည် ကွယ်လွန်သူ ဦးဘဟန်၏ ကလေးများ ဖြစ်သည်ဟု ဆုံးဖြတ်နိုင်စေဦး၊ ထိုအချက်သည် တရားလိုမှာ တရားဝင်ဇနီးဖြစ်ကြောင်းကို ထင်ရှားစေသည့်အချက် မဟုတ်။

မလှမင်း နှင့် မောင်လှဦး 1936, A.I.R. Ran. p. 464 ကို ရည်ညွှန်းသည်။

အမွေမှုတမျှဆိုလျှင် (၁၀) နှစ်ကြာမည်ဟူသော အယူအဆများကို ပယ်ဖျက်ရန်လိုပြီ။ အမှန်အားဖြင့် ပစ္စည်းထိန်းဝန် ခန့်ထားခြင်းဖြင့်၊ အမှုကိုပို၍ပင် ကြာစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော်၊ ထိုကဲ့သို့ခန့်ထားလျှင်၊ တရားလိုသည် စိတ်အေးလက်အေးနှင့် အမှုပြီးစီးရန်အတွက်၊ ဝိရိယစိုက်ထုတ်ခြင်းမပြုရန်များသည်။

ထို့ကြောင့် ပစ္စည်းထိန်း ခန့်အပ်ခြင်းမပြု။

* ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆။

တရားလိုအတွက်။ ။ဦးလှထွန်းဖြူ။

တရားခံအတွက်။ ။ဦးဘသန်း (၁)။

၁၉၆၃
ဒေါ်အုံးခင်
နှင့်
ဒေါ်လှ။

တရားသူကြီး ဦးမောင်မောင်။ ။တရားလို ဒေါ်အုံးခင်သည်၊ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့က ကွယ်လွန်သွားသော ဦးဘဟန်ဆိုသူ၏ တရားဝင်ဇနီးဖြစ်သည်ဟုဆိုကာ၊ တရားခံ ဒေါ်လှနှင့် တရားဝင်မယားပြိုင်ခြင်းအတူတူ အဖြစ်ဖြင့် ဦးဘဟန်၏ အမွေမျှားကို ခွဲဝေခံစားခွင့်အတွက် တရားစွဲဆိုသည်။ ဒေါ်အုံးခင်၏ အဆိုအရ၊ ဦးဘဟန်နှင့် ၎င်းသည် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီးနောက်၊ ကလေး ၂ ယောက်ထွန်းကားခဲ့ကြသည်။ ဦးဘဟန် ကွယ်လွန်သွားပြီးနောက် တရားခံ ဒေါ်လှက ဦးဘဟန်ပိုင် စိန်ရွှေပစ္စည်းများ၊ အိမ်ယာနှင့် ဆန်စက်များ စသည့် အားလုံးတို့ကို၊ ၎င်း၏လက်ဝယ်သို့ ရောက်ရှိအောင် ဖန်တီးခဲ့သည်။ ထို့ကြောင့် တရားလို ဒေါ်အုံးခင်သည် လက်မဲ့ဖြစ်နေပါသည်ဟု ဆိုသည်။ အဆိုလွှာနှင့်အတူ တင်သွင်းသောဇယားတွင် အိမ်ယာ၊ ဆန်စက်၊ စိန်ရွှေလက်ဝတ်လက်စား စုစုပေါင်း ၆ သိန်းနီးပါးခန့် စာရင်းပြသည်။ ၎င်းပစ္စည်းများ အားလုံးတို့သည် တရားခံ၏ လက်ဝယ်၌ရှိသဖြင့် အမှုအတောအတွင်း ထုခွဲပျောက်ပျက်ကုန်မည်ကို စိုးရိမ်ရပါသည်။ ထို့ကြောင့် ပစ္စည်းထိန်းဝန်အား အဆိုပါပစ္စည်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားပါရန်၊ အမိန့်ချမှတ်ပါဟူ၍ လျှောက်လွှာတစောင်ကို ကျမ်းကျိန်ချက်နှင့်အတူ တရားလိုက တင်သွင်းသည်။

တရားလို၏ အဆိုအရပင် ဦးဘဟန် ကွယ်လွန်သွားခဲ့သည်မှာ ၄ နှစ်ခန့်မျှကြာမှ ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။ ထို့ပြင် တရားလိုနှင့် တရားခံတို့မှာ တခါန်က ဦးဘဟန်၏ တရားဝင် ဇနီးများအဖြစ်ဖြင့်၊ ဦးဘဟန်၏ ပစ္စည်းများတို့ကို အတူခံစား စံစားခဲ့ကြရသည်ဟူ၍ဆိုသည်။ ယခုအခါ၌ အားလုံးသောပစ္စည်းတို့သည်၊ တရားခံ၏လက်ဝယ်သို့ ရောက်ရှိနေပြီး မိမိမှာမူ လုံးဝလက်မဲ့ ဖြစ်နေပါသည်ဟူ၍ တရားလိုကဆိုသည်။ ထိုကဲ့သို့ အဆိုပြုချက်များအရ၊ ပစ္စည်းထိန်းဝန်ခန့်အပ်၍ တရားခံ၏ လက်ဝယ်၌ရှိသည့် ပစ္စည်းများအားလုံးကို ထိန်းသိမ်းစေရန် သင့်-မသင့် ဆိုသောကိစ္စမှာ လေးလေးနက်နက် ချင့်ချိန်စဉ်းစားစရာ ကိစ္စတရပ်ဖြစ်သည်။ ဤကဲ့သို့အမှုမျိုးတွင် လွယ်လွယ်ကူကူနှင့် တဖက်ကိုမကြားနာဘဲ၊ ပစ္စည်းထိန်းဝန် ခန့်ထားပေးခြင်းဖြင့် တရားလိုက အမှုကို နှစ်ပေါင်းများစွာ ကြာအောင် ဆွဲ၍နေကာ၊ အမှုမှာ ၉ နှစ် ၁၀ နှစ် ဆိုသလို ကြန့်ကြာသည်များကိုလည်း တွေ့ရသည်။ ထို့ကြောင့် ပစ္စည်းထိန်းဝန် ခန့်ထားရန် လျှောက်လွှာပေါ်တွင် ရှေးက လုပ်ရှိးလုပ်စဉ်ကဲ့သို့ ယာယီအားဖြင့် ပစ္စည်းထိန်းဝန် ခန့်ထားပြီးနောက်၊ တရားခံအား နို့တစ်စာ ထုတ်ခြင်းကိုမပြုဘဲ

၁၉၆၃
—
ဒေါ်အုံးခင်
နှင့်
ဒေါ်လှ။

တရားလိုနှင့် တရားခံတို့၏ ပညာရှိရွှေနေကြီးများကို ကြားနာ၍၊ အဆိုလွှာ၊ ချေလွှာနှင့် နှစ်ဘက် ကျမ်းကျိန်လွှာတို့ကို စစ်ဆေးခဲ့သည်။

တရားခံ၏ ချေလွှာတွင် တရားလိုသည် တရားဝင်ဇနီး မဟုတ်ခဲ့ပါဟူ၍ ဆိုသည်။ ထို့ကြောင့် တရားလိုသည် ဦးဘဟန်၏ အမွေအနှစ်တို့ကို ခံစားခွဲဝေယူနိုင်ခွင့်မရှိဟူ၍ ဆိုသည်။ တရားလို၏ ပညာရှိရွှေနေကြီး ဦးလှထွန်းဖြူကမူ၊ ဦးဘဟန်နှင့် တရားလိုတို့ သည်၊ ဘဏ်တိုက်၌ ပူးတွဲ၍ စာရင်းထားရှိခဲ့ကြောင်း၊ ၎င်းအပြင် တရားလို၏ သားသမီးနှစ်ယောက်၏ မွေးဖွါးကြောင်းလက်မှတ်တွင်လည်း၊ ဖခင်ဖြစ်သူမှာ ဦးဘဟန် ဟူ၍ ပြထားကြောင်း။ ထိုအကြောင်းများကြောင့် တရားလိုသည် ဦးဘဟန်၏ တရားဝင်ဇနီး ဖြစ်ခဲ့သည်မှာ ထင်ရှားပါသည်။ ထို့ကြောင့် ဤအမှုကို စွဲဆိုပိုင်ခွင့် ရှိသည်မှာလည်း ထင်ရှားပါသည်။ တရားခံ၏လက်ဝယ်၌ မရွှေမပြောင်းနိုင်သော ပစ္စည်းများသာမက၊ မော်တော်ဘုတ်နှင့် စိန်ရွှေလက်ဝတ်လက်စား စသည့် လွယ်လွယ် နှင့် ရောင်းချထုခွဲနိုင်သည့် ပစ္စည်းများလည်း ရှိနေသဖြင့် အကယ်၍ အမှုကို ၉ နှစ် ၁၀ နှစ်ကြာအောင် စစ်ဆေးရလျှင် ပစ္စည်းထိန်းဝန်အား အမှုစစ်ဆေးနေသည့် အတောအတွင်း၌ ပစ္စည်းများကို ထိန်းသိမ်းရန် မခန့်အပ်ပါလျှင် အမှုပြီးဆုံးသွား သည့်အခါ၌၊ တရားလိုတွင် ခံစားခွဲဝေစရာ မည်သည့်ပစ္စည်းမျှ ကျန်ရှိတော့မည် မဟုတ် ပါ ဟူ၍ လျှောက်လဲသည်။

တရားခံ၏ ပညာရှိရွှေနေကြီး ဦးဘသန်း (၁) ကမူကား၊ တရားလိုသည် ဦးဘဟန် ၏ တရားဝင်ဇနီး ဖြစ်ခဲ့ကြောင်းမှာ မထင်ရှားပါ၊ ဦးဘဟန် ကွယ်လွန်သွားခဲ့ပြီး နောက်၊ ၄ နှစ်ခန့်ကြာမှ တရားစွဲဆိုခြင်းကိုလည်း ထည့်သွင်း၍စဉ်းစားသင့်ပါသည်။ တရားဝင် စင်ပြိုင်ဇနီး ဖြစ်ခဲ့ကြလျှင် တရားလို၌ လုံးဝလက်မဲ့ဖြစ်နေပြီး၊ တရားခံ၌ သာ လုံးဝလက်ရှိဖြစ်နေသည်မှာလည်း၊ စဉ်းစားစရာတရပ် ဖြစ်ပါသည်။ တရားခံ လက်ဝယ်၌ရှိသော ပစ္စည်းများမှာလည်း မရွှေမပြောင်းနိုင်သော ဆန့်စက်နှင့်အိမ်ယာ စသည့်ပစ္စည်းများသာ ဖြစ်ပါသည်။ ဥပဒေအရလည်း၊ ဤပစ္စည်းများကို တရားစွဲဆို သည့် အတောအတွင်း၌ ကင်းကင်းလွတ်လွတ် လွှဲပြောင်းပေးနိုင်မည်မဟုတ်ပါ။ မည်သူ ကမှလည်း လွှဲပြောင်းဝယ်ယူကြမည် မဟုတ်ပါ။ ထို့ကြောင့် ပစ္စည်းထိန်းဝန် ခန့်အပ်ရန် မလိုပါဟူ၍ လျှောက်လဲသည်။

ယခုအခြေအနေ၌ အဆိုလွှာ၊ ချေလွှာနှင့် ကျမ်းကျိန်ချက်တို့တွင် တင်ပြသော အချက်အလက်တို့ကို ပစ္စည်းထိန်း ခန့်အပ်သင့်-မသင့်ဟူသည့် ကိစ္စနှင့်ပတ်သက်၍သာ စဉ်းစားရပေမည်။ အမှုသွား အမှုလာ အချက်အလက်များနှင့် ပတ်သက်၍ နက်နက်နဲနဲ စဉ်းစားဆုံဖြတ်ရန် မသင့်သေး။ အမှုကိုလည်း စတင်၍ မစစ်ဆေးရသေး၊ သက်သေ များကိုလည်း မကြားနာရသေး၍၊ ဤအမှုနှင့်ပတ်သက်သော အမှန်-အမှားကို ယခု

အခြေအနေက ကြိုတင်၍စဉ်းစားဆုံးဖြတ်ရန် မသင့်ချေ။ယခုစဉ်းစားရန်မှာ ပစ္စည်းထိန်းဝန် ခန့်ထားခဲ့သော် နှစ်ဦးနှစ်ဖက်၏အကျိုးအပြစ် မည်သို့ရှိမည်နည်း။ တဖက်ဖက် နစ်နာခြင်းများကို မည်ကဲ့သို့ တရားမျှတစေရန်အတွက် ချိန်ဆပေးနိုင်မည်နည်းဟူသည့် အချက်ဘို့ပင်ဖြစ်သည်။ ပစ္စည်းထိန်းဝန် မခန့်အပ်ခဲ့လျှင် တရားလိုအား နစ်နာနိုင်စွေ့သော်လည်း၊ ခန့်အပ်ပြန်လျှင်လည်း တရားလိုကိုယ်တိုင်က ကွယ်လွန်သူ၏ တရားဝင်ဇနီးဖြစ်ပါသည်ဟူ၍ ဝန်ခံထားသော တရားခံ ဒေါ်လှတင် နစ်နာဘွယ်ရာရှိသည်။ တရားခံ၏ လက်ဝယ်ရှိ ပစ္စည်းများကို ပစ္စည်းထိန်းဝန်အား ထိန်းသိမ်းထားရှိစေခဲ့လျှင် ပစ္စည်းများသည် ပျောက်ပျက်ခြင်း မရှိမည်မှန်သော်လည်း၊ တရားခံ ဒေါ်လှအဘို့ရာမှာ လက်ရှိမှ လက်မဲ့ဘဝသို့ ရောက်ရှိသွားမည်။ အလွန်ဆုံး ၎င်းအဘို့ရမည်မှာ ၎င်းနှင့် ၎င်း၏မှီခိုနေထိုင်သူများအတွက် လစဉ် စားစရိတ် ရုံးသို့လျောက်ထား၍ ခွင့်ပြုမှ ရမည်သာဖြစ်သည်။

ဤအခြေအနေမျိုးတွင် သာမန်အားဖြင့်၊ ပစ္စည်းထိန်းဝန်ခန့်အပ်ရန် မသင့်ဟူ၍ ယူဆသည်။ခန့်အပ်ခဲ့လျှင် တရားခံအား ပို၍နစ်နာစေလိမ့်မည်။ မယ်ဘု နှင့် မယ်အိုကြီး (၁) တွင်၊ အမှုသွဲ့ အမှုလာအချက်အလက်တို့မှာ ဤအမှုနှင့် ဆင်တူယုံမျှသာဖြစ်သော်လည်း၊ ၎င်းအမှုတွင် ပစ္စည်းထိန်းဝန် ခန့်အပ်ခြင်းနှင့် ပတ်သက်၍ ချမှတ်ထားသော စီရင်ထုံး၏မူသည်၊ ဤအမှုတွင်လည်း လမ်းညွှန်အဖြစ်ဖြင့် အသုံးဝင်သည်။ ထိုအမှုတွင် ပစ္စည်းများကို ပူးတဲ့ပိုင်ဆိုင်ခဲ့သူတို့သည်၊ မသင့်မြတ်ကြ၍ ခွဲခွါပြီးနောက် တဦးကဘဦးအပေါ် ခွဲဝေခံစားခွင့် စွဲဆိုသောအခါ၌ တရားလိုသည် ပစ္စည်းများ၏ တဝက်ကိုသာ ပိုင်ဆိုင်ခွင့် ရှိပါသည်ဟူ၍ အတိအလင်း မြွက်ဆိုထားပြီး၊ အမှန်မှာမူ ပစ္စည်းများ၏ ၄ ပုံ ၁ ပုံခန့်မျှသာ ပိုင်ဆိုင်ခွင့် ရှိပေလိမ့်မည်ဟူ၍ တွေ့ရှိရသောအခါ၊ ပစ္စည်းများကို လက်ဝယ်ရှိသူတို့၏ ပိုင်ဆိုင်ခွင့်ကို ဖျက်သိမ်းပြီး၊ ပစ္စည်းထိန်းဝန် ခန့်အပ်ခြင်းမှာ မသင့်လျော်ဟူ၍ ဆုံးဖြတ်ထားသည်။ ဤအမှုတွင်လည်း တရားလိုသည် အလွန်ဆုံး ပစ္စည်းများ၏ တဝက်ဝေစုကိုသာ ရထိုက်မည်ဖြစ်သည်။ တရားခံသည် တရားဝင် ဇနီးဖြစ်ခဲ့ကြောင်း၊ တရားလိုကိုယ်တိုင်က ဝန်ခံသော်လည်း၊ တရားလိုသည် တရားဝင် မယားပြိုင် ဖြစ်ကြောင်းကိုမူကား၊ တရားခံက လုံးဝ ငြင်းဆိုသည်။ တရားလို၏ သားသမီးများသည်၊ ဦးဘဟန်နှင့် ရရှိခဲ့သော သားသမီး ဖြစ်သည်ဟူ၍ ယခုအချိန်၌ မွေးဖွါးလက်မှတ်များကို ကြည့်၍ဆုံးဖြတ်နိုင်စေဦး၊ ထိုအချက်သည် တရားလိုအား တရားဝင်ဇနီး ဖြစ်ခဲ့ကြောင်းကို ထင်ရှားစေသည့် အချက် မဟုတ်ပေ။ မလှမင်းနှင့်မောင်လှဦး ပါ ၂ (၂)၏အမှုတွင်တရားဝင်ဇနီးဖြစ်ကြောင်းကို တိတိကျကျ သက်သေထူဘို့လိုကြောင်း။ ယောကျ်ားဖြစ်သူသည်ကလေး၏ ဖခင်ဖြစ်ကြောင်း ထင်

၁၉၆၃ ဒေါ်အုံးခင်နှင့် ဒေါ်လှ။

(1) Rangoon series, I.L.R. Vol. ,V p. 70. (2) 1936 A.I.R. Ran. p. 464.

၁၉၆၃
ခေါ်ဆုံးခင်
နှင့်
ခေါ်လှ။

ရှားသော်လည်း၊ မိခင်ဖြစ်သူသည် ၎င်းယောကျ်ား၏ တရားဝင် ဇနီးဖြစ်ခဲ့ကြောင်းမှာ သီးခြား ထင်ထင်ရှားရှား ပြသရမည့်ကိစ္စဖြစ်ကြောင်းတို့ကို ဆုံးဖြတ်ထုံးပြုထားသည်ကိုလည်း တွေ့ရသည်။

ပညာရှိရွှေနေကြီး ဦးထွန်းလှဖြူက ဤအမှုမှာ ၉ နှစ် ၁၀ နှစ်ကြာနိုင်ပါသည်ဟူ၍ဆိုသည်။ သို့ရာတွင် ရွှေနေကြီးများနှင့် နှစ်ဦးနှစ်ဘက် အမှုသည်များက ဝိရိယစိုက်ထုတ်ကြလျှင် အမှုကို ၄၊၅၊၆ လအတွင်းအပြီး စစ်ဆေးဆုံးဖြတ်စီရင်နိုင်သည်။ အမွေအမှုတမှုဆိုလျှင် ၁၀ နှစ်ကြာရမည်ဟူသော အယူအဆများကို ပယ်ဖျက်ရန် လိုပြီ။ အမှန်အားဖြင့် ပစ္စည်းထိန်းဝန်ခန့်ထားခြင်းဖြင့် အမှုကို ပို၍ပင် ကြာစေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ခန့်ထားလျှင်၊ တရားလိုသည် စိတ်အေးလက်အေးနှင့် အမှုပြီးစီးရန်အတွက် ဝိရိယစိုက်ထုတ်ခြင်း မပြုတော့ဘို့က များပေလိမ့်မည်။

အထက်ပါ အကြောင်းများကြောင့် ပစ္စည်းထိန်းဝန် ခန့်အပ်ခြင်းမပြု၊ သို့ရာတွင် တရားလိုမှာလည်း နစ်နာစေခြင်းမရှိရအောင် အမှုအတောအတွင်း လက်ဝတ်လက်စား အမွေအနှစ် ပစ္စည်းများတို့ကို ထုခွဲရောင်းချခြင်း မပြုဘဲ၊ ထိန်းသိမ်းထားပါမည်။ အကယ်၍ တရားလိုက မိမိသည် တရားဝင်ဇနီး ဖြစ်ခဲ့ကြောင်းကို ထင်ရှားစွာပြသ၍ ပဏာမ ဒီကရီရရှိခဲ့လျှင် ထိုပစ္စည်းတို့ကို တိကျမှန်ကန်စွာ စာရင်းတင်ပြပါမည်။ ရုံးကချမှတ်သည့်အတိုင်း၊ တရားလို၏ ဝေစုကိုလည်း ပေးပါမည်ဟူ၍ အာမခံတင်သွင်းထားနိုင်မည်လောဟူ၍ ရွှေနေကြီးဦးဘသန်း (၁) အားမေးခဲ့သည်။ ဦးဘသန်း (၁) က၊ ထိုကဲ့သို့အာမခံကို တင်သွင်းပါမည်၊ ပစ္စည်းဇယားတွင် တင်ပြထားသော ၆ သိန်းဘိုးမျှ ပစ္စည်းတို့သည်လည်း၊ အမှန်အားဖြင့် မရှိပါ။ စိန်ရွှေစသည်တို့လည်း မရှိပါ။ မရွှေမပြောင်းနိုင်သော ပစ္စည်းများမှာလည်း၊ အမှုတွင် အထက်၌ ဖော်ပြပြီး သကဲ့သို့ လွဲပြောင်းလို့လည်း မရပါ။ ထို့ကြောင့် တရားခံက ၃ သောင်းတန် အာမခံကို တင်သွင်းလျှင် လုံလောက်ပါလိမ့်မည်။ ရုံးက ထိုကဲ့သို့ အမိန့်ချမှတ်လျှင် လက်ခံပါမည်ဟု ပြောဆိုသည်။

တရားလို ကိုယ်တိုင်က အကြမ်းအားဖြင့် ၎င်းရထိုက်သော ဝေစုသည် ၅၂,၅၀၀ ဖြစ်ပါသည်ဟူ၍ သတ်မှတ်ပြီး ခေါင်းကပ်၍ တရားစွဲဆိုသည့် အမှုဖြစ်သည်။ ထို့ကြောင့် ၃၀,၀၀၀ တန်အာမခံနှင့်ဆိုလျှင် မျှတလိမ့်မည်ဟူ၍ ကျွန်ုပ်ယူဆသည်။ တရားခံသည် ယခုမှ တလအတွင်း အထက်တွင် ဖော်ပြခဲ့သော ခံဝန်ချက်တို့ဖြင့် ၃၀,၀၀၀ တန်သည်ဟူ၍ မူလဘက်ဆိုင်ရာ အတွင်းဝန်က ကြေနပ်လက်ခံသည့် အာမခံကို၊ ဤရုံးသို့ တင်သွင်းစေရမည်။

တရားမအယူခံ

တရားသူကြီး ဦးစောဘသိန်း ရှေ့တွင်

ပရိတန်ကော့ (အယူခံတရားလို) †

နှင့်

ဒီလစ်(ပ်)ဆင်း (အယူခံတရားခံ)*

၁၉၆၃ နိုဝင်ဘာလ ၁၈ ရက်။

ဟိန္ဒူဘာသာဝင်ကစဲ့သော မယားခေါ် လိုမှု— အိန္ဒိယပြည် အက်ဥပဒေကိုမြန်မာပြည်တွင်ထည့်သွင်း စဉ်းစားခြင်းပြုနိုင် မပြုနိုင်။

အယူခံတရားခံသည်၊ အယူခံတရားလိုအား၊ မိမိမယားအဖြစ် ပြန်လည်ပေါင်းသင်းရန် အမှု စွဲဆိုခဲ့ရာ၊ အောက်ရုံးက၎င်း၊ အောက်အယူခံရုံးက၎င်း၊ စွဲဆိုသည့်အတိုင်း ဒီကရီချပေးခဲ့လေသည်။

တရားရုံးချုပ်သို့ အယူခံဝင်ရာ၊ ဆုံးဖြတ်ရန်အဓိကပြဿနာမှာ၊ အိန္ဒိယနိုင်ငံတွင် ၁၉၄၆ ခုနှစ်၊ ဥပဒေတခုအရ ဟိန္ဒူဘာသာဝင် လင်ယောကျ်ားက၊ ဒုတိယမိန်းမယူခဲ့သော်၊ ၎င်း၏ဟိန္ဒူဘာသာဝင် မိန်းမက ပေါင်းသင်းခြင်း မပြုလိုဟု ငြင်းဆိုနိုင်ရာ၊ မြန်မာနိုင်ငံတွင် ထိုအက်ဥပဒေကို ဟိန္ဒူဘာသာ တရားဥပဒေ၌ ထည့်သွင်းစဉ်းစားနိုင်မည်၊ **မနိုင်မည်ဟူသော** ပြဿနာပင်ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော ဟိန္ဒူဘာသာဝင်တို့သည်၊ အဆိုပါ အိန္ဒိယနိုင်ငံ အက်ဥပဒေ၏ ပြဋ္ဌာန်းချက်ကို၊ မြန်မာနိုင်ငံတွင် နေထိုင်ကြစဉ်၊ ခံစားခွင့်ရှိနိုင်မည် မဟုတ်။ ယခင်ရှိရင်းစွဲ ဟိန္ဒူဘာသာတရား ဥပဒေအရသာ ၎င်းတို့၏အမှုကို စီရင်ဆုံးဖြတ်ရပေမည်။

ရမာဒါကီးအော နှင့် **ရတ္တီးပါအာဟိရ်**။ ၁၉၅၈ ခုနှစ်၊ [မြန်မာနိုင်ငံတရားလွှတ်တော် ၁၁ ကို ရည်ညွှန်း၍ လိုက်နာခြင်းမပြု။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် **အမ်၊ ဗို၊ဂန်းဒီးရာ** ပါ ၃။ ၁၉၆၀ ခုနှစ်၊ ရာဇဝတ် အသေးအဖဲ့လျှောက်လွှာအမှတ် ၁၈ ကို ရည်ညွှန်း၍ လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။**မစ္စတာ ပီ၊ ကေ၊ ဘူ(စ်)**။

အယူခံတရားခံအတွက်။ ။**မစ္စတာ ကေ၊ စီ၊ ဆင်း**။

တရားသူကြီး ဦးစောဘသိန်း။ ။မန္တလေးမြို့၊ နယ်ပိုင် တရားမရုံး၊ ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇ တွင်၊ တရားလိုဒီလစ်(ပ်)ဆင်းက၊ ၎င်း၏ဇနီးဖြစ်သူ တရားခံ ပရိတန်ကော့အား ၎င်းနှင့်ပြန်လည်၍ ပေါင်းသင်းရန် ခေါ်လိုမှုစွဲဆိုရာတွင်၊ ဖော်ပြ

● ၁၉၆၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂။

† ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၀ တွင်၊ မန္တလေးမြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

ပရီတန်ကော့ နှင့် ဒီလစ်(ပ်) ဆင်း။

သော အကြောင်းပြချက်တို့မှာ ၎င်းနှင့် ပရီတန်ကော့သည် တရားဝင်လင်မယားဖြစ်ကြောင်း၊ ၎င်းတို့သည်၊ ၎င်း၏ဘခင်အိမ်၌ နေထိုင်ကြစဉ်၊ ပရီတန်ကော့သည်၊ တနေ့တွင် ၎င်း၏မိဘများနှင့် နေထိုင်ရန်ထုတ်သွားကြောင်း။ ၎င်းကပရီတန်ကော့အား၊ မေမြို့သို့ခေါ်၍ ၎င်းနှင့်အတူပြန်၍ ပေါင်းသင်းနေထိုင်ရန် ပြောဆိုသော်လည်း ၎င်းကနားမထောင်ဘဲ၊ မိဘအိမ်၌ နေထိုင်လျက်ရှိကြောင်း၊ ပရီတန်ကော့သည် ဟိန္ဒူဘာသာဝင် တရားဥပဒေအရ၊ ၎င်းနှင့်အတူ နေထိုင်ပေါင်းသင်းရန် ဖြစ်ကြောင်းစသည်တို့ဖြစ်သည်။

တရားခံ ပရီတန်ကော့က၊ ခေါလ္လာတွင် ၎င်းနှင့်တရားလိုတို့သည် အကြောင်တရားဝင်လင်မယားဖြစ် သည်မှာ မှန်ကြောင်း။ ၎င်းတို့သည် တရားလို၏ မိဘအိမ်၌နေထိုင်ကြစဉ်၊ ၎င်း၏မိဘက ၎င်း၏ရှေ့တွင် ၎င်းအား (ပရီတန်ကော့)နှင့်ချရာ၊ ၎င်းက ထိုသို့နှိပ်စက်ခြင်းမှ ကာကွယ်ခြင်းမပြုလုပ်နိုင်ကြောင်း။ ၎င်းသည် (ပရီတန်ကော့)တရားလိုနှင့်အတူ ပေါင်းသင်းနေထိုင်ရန်၊ အလိုရှိသည့် အလျောက်၊ ၎င်းအား အိမ်တဆောင် မီးတပြောင်နှင့် ထားပေးရန်ပြောဆို၍ မေမြို့သို့ လိုက်သွားသော်လည်း၊ ကတိရှိသည့်အတိုင်း မထားဘဲရှိနေကြောင်း။ တရားလိုသည် ၎င်းအပေါ်မှာ ချမှတ်ထားသော စားစရိတ်ပေးရန်အမိန့် ပျက်ပြယ်ခြင်းဖြစ်စေရန် ရည်ရွယ်၍ ဤအမှုကိုစွဲဆိုခြင်းဖြစ်သဖြင့်၊ သဘောရိုးဖြင့် စွဲဆိုခြင်း မဟုတ်ကြောင်းစသည်ဖြင့် ဖေါ်ပြထုတ်ချေသည်။

တရားလိုက၊ ၎င်းသည် တရားခံအား၊ အိမ်တဆောင် မီးတပြောင်ဖြင့် ထား၍ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်မည် ဖြစ်ကြောင်း ပြန်လည်၍ ခွင်းလင်းဖေါ်ပြသည်။

အောက် မူလရုံးက၊ လိုအပ်သော ကောက်ချက်များကို ထုတ်၍၊ သက်သေများကို စစ်ဆေးပြီး။ တရားလိုစွဲဆိုသည့် အတိုင်း၊ အမိန့်ဒီကရီ ချမှတ်လိုက်ရာ၊ တရားခံ ပရီတန်ကော့ မကျေနပ်၍၊ မန္တလေးမြို့၊ ခရိုင်တရားမရုံးသို့ အယူခံဝင်သော်လည်း မအောင်မြင်သဖြင့်၊ ဤရုံးသို့ ဒုတိယအကြိမ် အယူခံဝင်သည်။

ဤအယူခံမှုတွင်၊ စဉ်းစားဆင်ခြင်၍ ဆုံးဖြတ်ရန်၊ လိုအပ်သော အဓိကအချက်တို့မှာ—

(၁) ဟိန္ဒူဘာသာ တရားဥပဒေနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၌ ပြုလုပ်သော အက်ဥပဒေသည် မြန်မာနိုင်ငံ၌ နေထိုင်သော ဟိန္ဒူဘာသာဝင်တို့အပေါ် အတည်ဖြစ်သည်ဟု ယူဆနိုင်ပါသလား။

(၂) တရားလို ဒီလစ်(ပ်)ဆင်းသည် ဤအမှုကို ၎င်းအပေါ် ချမှတ်ထားသော စားစရိတ်ပေးရန်အမိန့် ပျက်ပြယ်ခြင်း ဖြစ်ရန် ရည်ရွယ်၍ မရိုးမဖြောင့်သော သဘောဖြင့်၊ စွဲဆိုခြင်း ဖြစ်ပါသလားဟူ၍ ဖြစ်ပါသည်။

၁၉၆၃

ပရိတန်ကော့ နှင့် ဒီလစ်(ဝ်) ဆင်း။

ပဌမအခန်းက်နှင့် ပတ်သက်၍၊ ဟိန္နူ ဘာသာဝင်တို့အတွက်၊ အလွန်အရေးကြီးသဖြင့်၊ အချိန်ယူ၍ လေ့လာဆင်ခြင်စဉ်းစားခဲ့သည်။ မြန်မာနိုင်ငံ၌ နေထိုင်ကြသော ဟိန္နူဘာသာဝင်တို့သည် လင်ခန်း မယားခန်း နှင့်ပတ်သက်၍ အမှုဖြစ်ပေါ်ခဲ့သော်၊ ထိုသို့သောအမှုကို၊ ဟိန္နူဘာသာ တရားဥပဒေအရ၊ ဆုံးဖြတ်ရမည်ဟု ယခင်အက်ဥပဒေက ပြဋ္ဌာန်းထားလျက်ရှိပေသည်။ အဆိုပါ ဟိန္နူဘာသာ တရားဥပဒေသည် အိန္ဒိယ နိုင်ငံ၌ရှိသော ဟိန္နူဘာသာ တရားဥပဒေ ဖြစ်သည်မှာလည်း ပေါ်လွင်သည်။ သို့သော်၊ ဟိန္နူဘာသာတရား ဥပဒေပါရဂူတို့က၊ ယခင်ရှိရင်းစဲ့ တရားဥပဒေကို၊ ပြင်ဆင်သင့်သော နေရာများ၌ အိန္ဒိယနိုင်ငံပါလီမန်တွင်၊ တင်သွင်း၍ပြင်ဆင်ကြသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ခွဲခွါခြင်းမပြုမီ၊ ၁၉၃၆ ခုနှစ်တွင်၊ ဂိုလပ်ချန်ဒရာ ဆာကားစပ်ဆထရီ စီရင်ရေးသားသော ဟိန္နူဘာသာ တရားဥပဒေစာအုပ် စာမျက်နှာ ၁၇၉ တွင် သော်၎င်း။ ၁၉၅၉ ခုနှစ်တွင်၊ ဒီ၊အက်ဖ်၊ မူလာ စီရင်ရေးသားသော ဟိန္နူဘာသာ တရားဥပဒေစာအုပ် စာမျက်နှာ ၆၂၀၊ အပိုဒ် ၄၄၄ တွင်သော်၎င်း၊ ဟိန္နူ ဘာသာဝင် လင်ယောကျ်ားက၊ ဒုတိယမိန်းမယူခဲ့လျှင်၊ဟိန္နူဘာသာဝင်မိန်းမက အဆိုပါ လင်ယောကျ်ားနှင့် နေထိုင်ပေါင်းသင်းခြင်း မပြုလိုဟု ငြင်းဆန်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိသည်ကိုတွေ့ရသည်။

သို့သော်၊ ၁၉၄၆ ခုနှစ်၊ အိန္ဒိယနိုင်ငံအက်ဥပဒေအမှတ် ၁၉ တွင်၊ ဟိန္နူဘာသာဝင် လင်ယောကျ်ားက၊ ဒုတိယမိန်းမယူခဲ့သော်၊ ၎င်း၏ ဟိန္နူဘာသာဝင် မိန်းမက၊ ၎င်းနှင့်အတူ နေထိုင်ပေါင်းသင်းခြင်း မပြုလိုဟု ငြင်းဆန်နိုင်ကြောင်း ပြဋ္ဌာန်းထားလျက် ရှိပေသည်။ အိန္ဒိယနိုင်ငံတွင်၊ ထိုအက်ဥပဒေကို ဟိန္နူဘာသာတရားဥပဒေစာအုပ်၌ ထည့်သွင်း၍ထားသဖြင့်၊ မြန်မာနိုင်ငံတွင်၊ ထိုအက်ဥပဒေကို၊ ဟိန္နူဘာသာတရားဥပဒေ၌ ထည့်သွင်း၍ စဉ်းစားနိုင်မည် မနိုင်မည်နှင့် ပတ်သက်သော ပြဿနာပေါ်ပေါက်၍လာသည်။

မြန်မာဗုဒ္ဓဘာသာ တရားဥပဒေတွင်၊ မွေးစားခြင်းနှင့် အခြားဘာသာ ဝင်များနှင့် လက်ထပ်ထိမ်းမြားခြင်းတို့ကို၊ အက်ဥပဒေများဖြင့် ပြုလုပ်တားပြီးဖြစ်၍၊ ထိုပြဿနာများနှင့် ပတ်သက်၍ ထိုအက်ဥပဒေများကို၊ မြန်မာဗုဒ္ဓဘာသာ တရားဥပဒေကဲ့သို့၊ စဉ်းစားဆုံးဖြတ်လျက်ရှိကြသည်။

ရမာဒါကီးဒေဘု နှင့် ရတ္တီးပါအာဟီရ (၁) စီရင်ထုံးတွင် ယင်တရားလွှတ်တော်တရားဝန်ကြီး ဦးအောင်ခိုင်က၊ ဟိန္နူဘာသာ တရားဥပဒေနှင့်ပတ်သက်၍၊ အိန္ဒိယနိုင်ငံ ပါလီမန်လွှတ်တော်သည် လိုအပ်သလို အက်ဥပဒေများဖြင့်၊ ပြုပြင်နိုင်ကြောင်း။

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားလွှတ်တော် ၁၁။

၁၉၆၃

ပရိတန်ကော့ နှင့် ဒီလစ်(ဝ်) ဆင်း ၅

ဟန္ဒူဘာသာဝင်တို့သည် ထိုအက်ဥပဒေများကို၊ လိုက်နာရန် ဖြစ်ကြောင်း ဆုံးဖြတ်ထားသော်လည်း၊ **ပြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **အမ်ဗီဂန်းဒီးရားပါ** ၃ (၂) စီရင်ထုံးတွင် အထက်ဖော်ပြပါ စီရင်ထုံးကို လိုက်နာခြင်းမပြုဘဲ၊ ဆန့်ကျင်၍ စီရင်ဆုံးဖြတ်ထားသည်။

ထို့ကြောင့်၊ မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော ဟိန္ဒူဘာသာဝင်တို့သည် အိန္ဒိယနိုင်ငံ အက်ဥပဒေအမှတ် ၁၉ ပြဋ္ဌာန်းထားချက်ကို၊ မြန်မာနိုင်ငံတွင် နေထိုင်ကြစဉ်၊ ခံစားခွင့်ရှိနိုင်မည်မဟုတ်ပေ။ ယခင်ရှိရင်းစွဲ ဟိန္ဒူဘာသာတရား ဥပဒေအရသာ၊ ၎င်းကို၏ အမှုကိုစီရင်ဆုံးဖြတ်ရပေမည်။ အကယ်၍ ၎င်းတို့က၊ အိန္ဒိယနိုင်ငံ၌ ပြဋ္ဌာန်း ထားသော အက်ဥပဒေအရ၊ ၎င်းတို့၏အမှုအခင်းများကို၊ စီရင်ဆုံးဖြတ်စေလိုလျှင်၊ ၎င်းတို့ကလိုအပ်သလို ဆောင်ရွက်ရန်သာဖြစ်သည်။

ဒုတိယအချက်နှင့် ပတ်သက်၍၊ မူလစီရင် ရေးသားသော ဟိန္ဒူဘာသာ တရားဥပဒေအပိုဒ် ၄၄၄ (၂)တွင် လင်ယောကျ်ားက ၎င်း၏ မိန်းမအား၊ စွန့်ပစ်၍ ထောက်ပံ့ခြင်း မပြုဘဲ၊ လျစ်လျူရှုပြီး၊ သဘောရိုးဖြင့်၊ တရားစွဲဆိုခြင်း မပြုသော်၊ ၎င်း၏မိန်းမက ၎င်းစွဲဆိုသော မယားခေါ်လိုမှုကို၊ ဒီကရီ ချပေးရန်မသင့်ကြောင်း။ အကယ်၍ ဒီကရီချပေးလျှင်၊ မည်ကဲ့သို့ ချပေးသင့်ကြောင်း၊ ရုံးတော်က စဉ်းစားနိုင်ရန်၊ သက်သေတင်ပြခွင့် ပြုရန်လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည်။

အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီး တင်ပြသည့် စီရင်ထုံးများအနက်၊ အသက်ဆိုင်ဆုံး ဖြစ်သော **စီရင်ထုံးမှာ ဘိုင်ဂျီဗို့ နှင့် နာဆင်းလာလ်ဘိုင်** (၃) စီရင်ထုံးဖြစ်သည်။ ထိုစီရင်ထုံးတွင် လင်ယောကျ်ားက မယားခေါ် လိုမှုစွဲဆိုသည့်အခါ၊ မယားဖြစ်သူက၊ နှိပ်စက်ညှဉ်းပန်းခြင်းကို၊ သက်သေ မပြသော်လည်း၊ ၎င်းကစွဲဆိုသည့် အတိုင်း၊ ဒီကရီရနိုင်မည် မဟုတ်ကြောင်း ဆုံးဖြတ်ထားသည်။ တနည်းအားဖြင့် ဆိုသော်၊ ရုံးတော်က၊ မယားခေါ် လိုမှုတွင်၊ အမိန့်ဒီကရီ ချမှတ်ခြင်းမပြုမီ၊ မိန်းမဖြစ်သူက၊ လင်ယောကျ်ားနှင့် ပြန်၍ ပေါင်းသင်း နေထိုင်လျှင်၊ နှိပ်စက်ညှဉ်းပန်းခြင်းခံရရန်၊ အကြောင်းရှိ မရှိ စဉ်းစား၍၊ ထိုသို့သော အကြောင်းမရှိမှသာလျှင် လင်ယောကျ်ား စွဲဆိုသည့်အတိုင်း၊ အမိန့်ဒီကရီ ချမှတ်ပေးရန်၊ ဆုံးဖြတ်ထားသည်။ (ဂိုလပ်ဖ် ချန်ဒရာဆာကား ဆပ်ဆထရီရေး ၁၉၃၆ ဟိန္ဒူဘာသာ တရားဥပဒေ စာအုပ် စာမျက်နှာ ၁၇၉ အောက်ပိုင်းကို ကြည့်ပါ။)

ဤအမှုတွင်မူလရုံးကအယူခံတရားခံ၏မိခင်နှင့်နှမများတို့သည်အယူခံတရားလိုအား အယူခံတရားခံ၏ရှေ့တွင် အိမ်မှန့်ခချခြင်းမပြုကြောင်း။ သို့သော် ၎င်၏မိခင်နှင့်နှမ

(၂) ၁၉၆၀ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့လျှောက်လွှာအမှတ် ၁၈။

(၃) ဘုံဘိုင်စီရင်ထုံး၊ အတွဲ ၅၁၊ စာမျက်နှာ ၃၂၉။

၁၉၆၃
ပရိတန်ကော့
နှင့်
ဒီလစ်(ပ်)
ဆင်း။

တို့သည် အယူခံတရားလိုအား တင်ပြသည့်အတိုင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းမပြုသော်ငြား လည်း၊ ၎င်းတို့တယောက်နှင့်တယောက် မသင့်မြတ်ဟု ထင်မြင်ကြောင်း။ အကယ်၍ နှိပ်စက်ညှဉ်းပန်းသည်ဟု ဆိုလျှင်လည်း၊ အိမ်မှတဆောင် မီးတပြောင်ဖြင့်ထားလျှင် ထိုပြဿနာ ပေါ်ပေါက်မည် မဟုတ်ကြောင်း။ အယူခံတရားခံက၊ ကွာလိုသည်ဟု နို့တစ်စာပေးသော်လည်း၊ လူကြီးများ၌တွင်၊ ၎င်းကကွာရှင်းရန် ဆုံးဖြတ်ခြင်းမပြုဟု ထင်မြင်ကြောင်း။ အယူခံတရားလိုသည် အယူခံတရားခံ မယား ခေါ်လိုမှု စွဲဆိုသည်ကို၊ မငြင်းနိုင်ဟု ယူဆကြောင်း။ အယူခံတရားခံက၊ အယူခံတရားလိုအား၊ အိမ်တဆောင် မီးတပြောင်ဖြင့်ထားရန်၊ အိမ်ကိုပင် ငှါးရမ်းထားပြီးဖြစ်၍၊ ဤအမှုတွင် အယူခံတရားလိုအား၊ သဘောရိုးဖြင့် ခေါ်ဆိုခြင်း ဖြစ်သည်ဟု ထင်မြင်ကြောင်း ယူဆဆုံးဖြတ်ပြီး၊ အယူခံတရားခံ စွဲဆိုသည့်အတိုင်း၊ အမိန့်ဒီကရီ ချမှတ်လိုက်သည်။

အောက်အယူခံ ရုံးကလည်း၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီး တင်ပြသည့် အယူခံအကြောင်းပြချက်များနှင့် အမှုအကြောင်းချင်းရာ သက်သေခံချက်များကို ဘတ်ရှုလေ့လာဆင်ခြင် စဉ်းစားပြီး၊ အောက်မှုလရုံး ဆုံးဖြတ်သကဲ့သို့ပင်၊ သဘော တူညီစွာ ယဆဆုံးဖြတ်ထားကာ၊ အယူခံကို ပလပ်ခဲ့သည်။

ဤကဲ့သို့ အောက်ရုံးနှစ်ရုံးက၊ အမှုအကြောင်းချင်းရာ သက်သေခံချက်များနှင့် ပတ်သက်၍၊ သဘောတူညီစွာယူဆဆုံးဖြတ်ထားသည်ကို၊ ဤရုံးက၊ ဒုတိယအယူခံမှုတင်၊ အောက်ရုံး ဆုံးဖြတ်ထားခြင်းသည် မဟုတ်မမှန် မတရားဖြစ်မှုသာလျှင်၊ ဝင်ရောက်စွက်ဖက်နိုင်မည်ဖြစ်သည်။ သို့မဟုတ်လျှင်၊ မည်သို့မျှ ဝင်ရောက်စွက်ဖက် နိုင်မည်မဟုတ်ပေ။

အယူခံတရားလို၏ ပညာရှိရွှေနေကြီးက၊ အယူခံ တရားခံစွဲဆိုသော အမှုသည် သဘောရိုးဖြင့် မဟုတ်ကြောင်း ပေါ်လွင်ရန် ဖော်ပြထားသော အချက်တို့မှာ အယူခံ တရားခံသည် ၎င်း၏မိန်မနှင့် ကလေးတို့ကို၊ ဆယ်နှစ်တိုင် လျစ်လျူရှု၍ ထောက်ပံ့ခြင်းမပြုခဲ့ကြောင်း။ အယူခံတရားခံသည် ဤအမှုကို ၎င်းအပေါ် စား စရိတ်ပေးရန်၊ အမိန့်ချမှတ်ပြီးမှသာ စွဲဆိုခြင်း ဖြစ်ကြောင်း။ အယူခံတရားခံသည် အိန္ဒိယနိုင်ငံ၌ ရှိသော မိန်းမကို မြန်မာနိုင်ငံသို့ ခေါ်ခွင့်မရမှသာ၊ စားစရိတ်မပေးရန်၊ ဤအမှုကို စွဲဆိုခြင်းဖြစ်ကြောင်း စသည်တို့ဖြစ်သည်။

ဤအချက်တိုကို၊ အောက်မှုလရုံးနှင့် အောက်အယူခံ ရုံးတို့က၊ အထက်၌ဖော်ပြခဲ့သည့်အတိုင်း၊ ထောက်ရှု ဆင်ခြင်စဉ်းစားခဲ့ပြီး ဖြစ်သည်။ ထိုသို့ဆင်ခြင်စဉ်းစားခဲ့ခြင်း မှန်သည် မမှန်သည်နှင့် ပတ်သက်၍၊ ထပ်မံပြီး လေ့လာဆင်ခြင် စဉ်းစားရာ၊ အမှုအကြောင်းချင်းရာ သက်သေခံချက်များအရ၊ အောက်ရုံးနှင့် အောက်အယူခံရုံးတို့ ယူဆဆုံးဖြတ်ထားခြင်းသည် မှားယွင်း ချွတ်ချော်၊ မတော်မတရား ဖြစ်သည်ဟု

၁၉၆၃
—
ပရိထန်ကေ့
နှင့်
ဒီလစ် (ပ်)
ဆင်း။

မဆိုသာသည့်ပြင်။ အယူခံတရားလိုသည် အယူခံတရားခံနှင့် မသင့်မြတ်၍ ခိုက်ရန်ဒေါသဖြစ်ကြောင်းနှင့် အယူခံတရားလိုသည် အယူခံတရားခံနှင့် ပြန်၍နေထိုင်ပေါင်းသင်းလျှင်၊ အယူခံကရားခံက၊ ၎င်းအားမသနားမညှာ ရက်စက်စွာနှိပ်စက် ညှဉ်းပန်းခြင်း ပြုမည်ဖြစ်ကြောင်း၊ အမှုတွဲ၌ ပေါ်လွင်ခြင်း မရှိသဖြင့်၊ ဤရုံးက ဒုတိယအယူခံမှုတွင် ဝင်ရောက်စွက်ဖက်ရန် မသင့်ဟု ထင်မြင်ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ အောက်ရုံး နှစ်ရုံး ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို၊ ဝင်ရောက်စွက်ဘက်ရန်၊ အကြောင်းမရှိသဖြင့် အတည်ပြု၍၊ ဤအယူခံကို စရိတ်ဖြင့်ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

လျှတ်တော် ရှေနေကြီးခမှာ ၅၀ ဖြစ်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့တွင်

ဘီ၊အမ်၊အာဇင် (ခေါ်) ဦးဘကလေး (အယူခံတရားလို)

နှင့်

ဦးသန်းမြင့် (အယူခံတရားခံ)*

† ၁၉၆၃ ဒီဇင်ဘာလ ၂၁ ရက်။

ပစ္စည်း လွဲပြောင်းရေး အက်ဥပဒေ—ငှါးထားသောခြံမြေပေါ်တွင် ခြံရှင်က အဆောက်အဦများ ဆောက်ရန် အခြားသူများအား ငှါးခွင့်ရှိမရှိ—မူလခြံငှါးကမြေခကို မပေးဘဲနေနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွဲ ပြောင်းရေးအက်ဥပဒေအရ၊ ခြံရှင်ကမိမိမိငှါးရမ်းခဲ့သော ခြံမြေတွင် အဆောက်အဦများ ဆောက်လုပ်ပြီး၊ အခြားသူများအား ငှါးရမ်းခဲ့သည်မှာ၊ မူလခြံငှါး၏ အေးချမ်းစွာလက်ရှိ ထားပိုင်ခွင့်ကို နှောက်ယှက်ရာရောက်သည်။

ထို့ကြောင့် မူလခြံငှါးသည် မိမိ၏အခွင့်အရေး တစိတ်တဒေသကို ဆုံးရှုံးသဖြင့်၊ ထိုသို့ဆုံးရှုံးပြီးနောက်၊ ကျသင့်သောမြေခကို မပေးဆောင်ဘဲ နေနိုင်ပေမည်။

ဆူးရက်(ခ်)် ချန်ဒရာဆမားဒါးနှင့် မသူရာနတ်(သ်)၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၅ ခုနှစ်၊ (ကာလကတ္တား) စာ ၁၁၇။

ဂျဂတ်နရိန်း နှင့် တူစီချမာ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၆ ခုနှစ်၊ (ပတ္တနာ)၊ စာ ၅၁၃။

မဟာမက်အလီနှင့်ကရမ်အလီ၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၃ ခုနှစ်၊ (ကာလကတ္တား)စာ ၁၃၄ ကို ရည်ညွှန်းခဲ့လိုက်နာသည်။

အယူခံယရားလို့အတွက်။ ။ဦးဘတင်။

အယူခံတရားခံအတွက်။ ။မစ္စတာ အင်၊အာ(ရ်)၊ မဇွန်းဒါး။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံ တရားလို ဘီ၊အင်၊အာဇင် (ခေါ်) ဦးဘကလေးသည်၊ အယူခံတရားခံ ဦးသန်းမြင့်သို့ အင်းစိန်မြို့နယ်၊ ဘောက်ထော် ရပ်ကွက် သစ်နှံးကျွန်းလမ်း၊ အမှတ် ၈၀ ရှိ အိမ်နှင့် ဥပစာကို ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့၌ အငှါးချထားလိုက်၏။ အငှါးစာချုပ်မှာ သက်သေခံအမှတ် "က" ဖြစ်သည်။ ထိုစာချုပ်အရ၊ တလလျှင် ငွေ ၁၀၀ နှင့် တနှစ်အငှါးချထားခဲ့သော်လည်း

---

* ၁၉၆၃ ခုနှစ်၊ တရားမဒုတိယအယူခံမှု ၂၃။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂ တွင်၊ အင်းစိန်မြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃

ဘီ၊အမ်၊အာဇင် (ခေါ်) ဦးဘကလေး နှင့် ဦးသန်းမြင့်။

ဦးသန်းမြင့် ဆက်လက်နေထိုင်သည်ကို ဦးဘကလေးလည်း သဘောတူခဲ့၏။ ဤရုံးတွင် လျှောက်လဲရာ၌ နှစ်ဦးနှစ်ဘက်သော ပညာရှိရှေ့နေကြီးများကလည်း၊ ထိုပဋိညာဉ်စာချုပ်ကို အကိုးအကားပြု၍ လျှောက်လဲကြ၏။ ထို့ကြောင့် တနှစ်ကုန်ဆုံးသော်လည်း၊ ထိုပဋိညာဉ်စာချုပ် စည်းကမ်းများအရပင်၊ နှစ်ဦးနှစ်ဘက် သဘောတူဆက်လက် ဆောင်ရွက်ခဲ့ကြဟန် တူသည်။ ပဌမနှစ်ကုန်ဆုံးသည့်နောက်၊ ဌားရမ်းခကို တလလျှင် ငွေ ၁၀၀ မှ ၁၂၅ သို့သဘောတူ တိုးမြှင့်လိုက်၏။ ဦးသန်းမြင့်သည် ဌားရမ်းခကို ဆက်လက်ပေးဆောင်ခဲ့ရာ၊ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၁၉၆၁ ခုနှစ်၊ မေလအထိ ကျသင့်သော ဌားရမ်းခများကို ဆက်လက်ပေးဆောင်ခြင်း မပြုခဲ့ချေ။ ထို့ကြောင့် ဦးဘကလေးက ဦးသန်းမြင့်အား အခင်းဖြစ်အိမ်နှင့် မြေမှ ထွက်ခွါဖယ်ရှားစေရန် တရားစွဲဆိုခဲ့၏။

မူလရုံးသည်ငင်း၊ ပဌမအယူခံရုံးသည်ငင်း၊ အငြားစာချုပ်အရမှာ ဦးသန်းမြင့်သည်၊ ဦးဘကလေးထံမှ အခင်းဖြစ်အိမ်နှင့် ထိုအိမ်တည်ရှိရာ ခြံမြေကိုပါ ငှါးရမ်းသည်ဟု တွေ့ရှိကြ၏။ ထို့ပြင်လည်း၊ ဦးဘကလေးသည် ခြံမြေတခုလုံးကို အငှါးချထားခဲ့သော်လည်း၊ ထိုမြေ တစိတ်တဒေသတွင် အဆောက်အဦများ ဆောက်လုပ်ပြီး အခြားလူများအား အငှါးချထားခဲ့သောကြောင့် ဦးသန်းမြင့် ချေပသည့်အတိုင်း ၎င်းမှာ ငှါးရမ်းခ ဆက်လက်ပေးရန် တာဝန်မရှိကြောင်းနှင့် ဆုံးဖြတ်ကြလေသည်။

ဦးဘကလေးက အခင်းဖြစ် ခြံမြေပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ပြီး အခြားသူများအား အငှါးချထားသည်ဆိုသည်ကို မငြင်းတော့ချေ။ သို့သော် ဦးသန်းမြင့်အား ချထားသည်မှာ ခြံမြေတခုလုံးမဟုတ်၊ အငှါးချထားသည့် အိမ်နှင့် အိမ်၏ လက်ျာဘက်ရှိ မြေလွတ်တခုပေါ်တွင် ရုပ်ရှင်ရိုက်ကူးရန် စတူဒီယိုနှင့် ရုပ်ရှင် အလုပ်သမားများ နေထိုင်ရန် တန်းလျား ဆောက်လုပ်ရန်အတွက်သာ ငှါးရမ်းပါသည်ဟု အဆိုပြု၏။ ယင်းသို့ အဆိုပြုသည်ကို ဤရုံးကလည်း လက်မခံနိုင်ချေ။ အကြောင်းသော်ကား၊ အဆိုပါစာချုပ် ပဌမအပိုဒ်တွင် ဦးဘကလေးက ခြံမြေနှင့် ၎င်းခြံအတွင်းရှိ အိမ်အောက်ထပ်တပြင်လုံးကို ဦးသန်းမြင့်အား ငှါးရမ်းသည်ဟု အတိအလင်း ဖော်ပြထား၏။ ထို့နောက် ထိုအိမ်လက်ျာဘက်ရှိ မြေကွက်ပေါ်တွင် စတူဒီယိုနှင့် အလုပ်သမား တန်းလျားဆောက်ရန် အခွင့်ပြုခြင်းမျှသာ ဖြစ်သည်။ ယင်းသို့ အခွင့်ပြုကြောင်းကို စာချုပ်မှာပင် အတိအလင်း ဖော်ပြထား၏။ ထိုသို့ အခွင့်ပြုသည်မှာ ဦးသန်းမြင့်က အဆိုပါ ခြံနှင့်မြေကို ငှါးရမ်းရာ၌၊ ရုပ်ရှင်ရိုက်ကူးရန်အတွက် ငှါးရမ်းသည်ဖြစ်သဖြင့်၊ စတူဒီယိုနှင့် အလုပ်သမားတန်းလျား ဆောက်လုပ်ရန် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၈ (က) အရ၊ ဦးဘကလေးထံမှ အခွင့်ခံယူရမည်ဖြစ်သဖြင့် ဦးဘကလေးက အခွင့်ပြုကြောင်းကို စာချုပ်တွင် ထည့်သွင်းခဲ့ဟန်တူသည်။

၁၉၆၃

ဘီ၊အမ်၊အာဇင် (ခေါ်) ဦးကကလေး နှင့် ဦးသန်းမြင့်။

ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေအရ၊ ဦးဘကလေးက ဦးသန်းမြင့်သို့ ငှါးရမ်းခဲ့သော ခြံမြေတွင် အဆောက်အဦများ ဆောက်လုပ်ပြီး အခြားသူများအား ငှားရမ်းခဲ့သည်မှာဦးသန်းမြင့်၏ အေးချမ်းစွာ လက်ရှိထားပိုင်ခွင့်ကို နှောင့်ယှက်ရာရောက်လေသည်။ ဦးသန်းမြင့်သည် ခြံမြေတခုလုံးနှင့် အိမ်အောက်ထပ်ကို လက်ရှိထားပိုင်ခွင့်ရှိသည်။ထို့ကြောင့် ဦးသန်းမြင့်၏ အခွင့်အရေးတစိတ်တဒေသ ဆုံးရှုံးသဖြင့် ဦးသန်းမြင့်သည် ထိုသို့ ဆုံးရှုံးပြီးနောက် ကျသင့်သောမြေခကို မပေးဆောင်ဘဲ နေနိုင်ပေမည်။ **ဆူးရက်(ချ်)ချန်ဒရာဆမားပါးနှင့် မသူရာနတ်(သ်) (၁)၊ ဂျဂတ်နရိန်း နှင့် တူစီချမား (၂) နှင့် မဟာမက်အလီနှင့် ကရမ်အလီ(၃)** တို့တွင်၊ ဤမူအတိုင်းပင်အဆုံးအဖြတ်ပြုခဲ့ကြလေသည်။

ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိင် သဖြင့်၊ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးရွှေနေခမှာ ငွေ ၅၁ ကျပ် ဖြစ်စေရမည်။

(၁) အေ၊ အိုင်၊ အာ (ရှိ)၊ ၁၉၃၅ ခုနှစ်၊ (ကာလကတ္တား) စာ ၁၁၀၇။
(၂) အေ၊ အိုင်၊ အာ (ရှိ)၊ ၁၉၂၆ ခုနှစ်၊ (ပတ္တနာ) စာ ၅၁၃။
(၃) အေ၊ အိုင်၊ အာ (ရှိ)၊ ၁၉၃၅ ခုနှစ်၊ (ကာလကတ္တား) စာ ၁၃၄။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

† ၁၉၆၃

နိဝဘ်၁လ ၂၃ ရက်။

မငွေငြိမ်း (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

မောင်ချစ်ပုံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ) *

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၂ (၁) မူလရုံးက ချမှတ်သောအမိန့်ကို စက်ရှင်ရုံးက မပယ်ဖျက်နိုင်—ပုဒ်မ ၅၂၂ (၃) ၏သဘော—ပုဒ်မ ၄၃၉ အရ ပယ်ဖျက်ရန်အာဏာမရှိ—ပုဒ်မ ၄၃၈ အရ ထောက်ခံတင်ပို့ရန်သာရှိခြင်း။

လျှောက်ထားသူက လျှောက်ထားခံရသူ အပေါ် ဝင်ရောက်ကျူးကျော်သည်ဆိုပြီး တရားစွဲဆို ခဲ့ရာ၊ ပြစ်ဒဏ်စီရင်ခြင်းခံရပြီး၊ ရာဇသတ်ပုဒ်မ ၅၂၂ (၁) အရ မြေကိုလျှောက်ထားသူအား ပြန်ပေးရန် မူလက အမိန့်ချမှတ်ခဲ့လေသည်။

စက်ရှင်ရုံးက ပြစ်ဒဏ်ကို အတည်ပြုသော်လည်း၊ ကျင့်ထုံးပုဒ်မ ၅၂၂ (၁) အရ ချမှတ်သည့် အမိန့်ကိုပယ်ဖျက်လိုက်ရာ၊ ဤပြင်ဆင်မှုတွင် အဓိကဘင်ပြသောအချက်မှာ စက်ရှင်ရုံးသည် ထို အမိန့်ကို ပယ်ဖျက်ရန် အာဏာမရှိခြင်းပင် ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၂ (၃) တွင် "an order under this section *may be made*" ဟုသာ ပြဆိုထားသဖြင့်၊ ၎င်းအပိုဒ် နှင့် အပိုဒ် (၁) တို့ကို ခြုံကြည့်မူ၊ အယူခံ၊ သို့မဟုတ်ပြင်ဆင်သည့်ရုံးက၊ မူလရုံးမှ ထိုအမိန့်မျိုးကို မချမှတ်ခဲ့မူ၊ ထိုနှုံးများမှ ချမှတ်သင့်သည်ဟု ယူဆကချမှတ်ပေးနိုင်သည့် အခွင့်အာဏာသာပေးထား၍၊ ထိုအမိန့်မျိုးကို ပယ်ဖျက်နိုင်သည်ဟု မဆိုပေ။

ထို့အတူက်၊ အယူခံရုံး၊ သို့မဟုတ်ပြင်ဆင်သည့်ရုံးက၊ ထိုသို့ပုဒ်မ ၅၂၂ (၃) အရပယ်ဖျက်နိုင်စွမ်းမရှိမူ၊ ပြင်ဆင်သည့်စက်ရှင်တရားရုံးက၊ ထိုအမိန့်ကို ပယ်ဖျက်သင့်သည်ဟုယူဆပါက၊ ကျင့်ထုံးပုဒ်မ ၄၃၈ အရ၊ ဤရုံးသို့ထောက်ခံတင်ပို့ရန်သာ ရှိပေသည်။ ၎င်းနှုံးတွင်ကျင့်ထုံးပုဒ်မ ၄၃၉ အရ အာဏာမရှိသဖြင့် အပြီးအပိုင်အမိန့်ချမှတ် ပေးနိုင်သည့် အခွင့်အရေးမရှိ။

ထို့ကြောင့်ပြင်ဆင်လွှာကို ခွင့်ပြုလိုက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးဘဆွေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးလှဖေ(၂)။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄၅ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂ တွင်ချမှတ်သော ၁၉၆၃ ခုနှစ်၊ ဇွန်လ ၁၇ ရက် နေ့စွဲပါ ပြည်မြို့၊ စက်ရှင်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၃
မင္းငြိမ်း
နှင့်
မောင်ချစ်ပုံ။

တရားသူကြီး ဦးထွန်းတင်။ ။ဤပြင်ဆင်မှုမှာ၊ ပေါင်းတည်မြို့၊ ၁-ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခု၊ ရာဇဝတ်မှုအမှတ် ၆၇ တွင်၊ လျှောက်ထားသူ မင္ဂေငြိမ်း၊ သဲကုန်းမြို့၊ မိမိလက်ရှိပိုင်ဆိုင်သည့် မြေကွက်တကွက်ပေါ်၊ လျှောက်ထား ခံရသူ မောင်ချစ်ပုံက အတင်းဝင်ရောက် ကျူးကျော်သည်ဆို၍၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၇၊ ၄၂၇၊ ၃၂၄/၁၁၁ အရ၊တရားစွဲဆိုခဲ့သည်တွင်၊ မောင်ချစ်ပုံသည်၊ ထိုပုဒ်မများ အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍၊ ပြစ်ဒဏ်စီရင်ပြီး၊ အချင်းဖြစ်မြေကို လျှောက်သူ မင္ဂေငြိမ်းသို့၊ ကျင့်ထုံးပုဒ်မ ၅၂၂ (၁) အရ၊ ပြန်ပေးစေရန် အမိန့်ချမှတ်လေသည်။ ထိုအမိန့်ကို မကျေနပ်၍၊ လျှောက်ခံရသူ မောင်ချစ်ပုံက၊ ပြည်မြို့၊ စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၂ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂ တွင် လျှောက်ထားခဲ့သော်လည်း၊ စက်ရှင်တရားသူကြီးကမောင်ချစ်ပုံအပေါ် ပုဒ်မ ၄၄၇၊ ၄၂၇၊ ၃၂၄/၁၁၁ အရ ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းတို့မှာ မှန်ကန်သည်ဟု အတည်ပြုသော်လည်း၊ အချင်းဖြစ်မြေကို လျှောက်သူသို့ ပြန်ပေးစေဆိုသည့် အမိန့်မှာမူ၊ ကျင့်ထုံးပုဒ်မ ၅၂၂ (၁) လိုအပ်ချက်များနှင့် မညီညွတ်ဆိုပြီး၊ ၎င်းအမိန့်ကို ပယ်ဖျက်လိုက်လေသည်။ ထိုသို့ကျင့်ထုံးပုဒ်မ ၅၂၂ (၁) အရ၊ မူလရုံးမှ အချင်းဖြစ်မြေကို လျှောက်သူကို ပြန်လည်ပေးအပ်စေရမည်ဆိုသည့် အမိန့်ကို၊ စက်ရှင်ရုံးတော်မှ ပြင်ဆင်မှုတွင် ပယ်ဖျက်လိုက်ခြင်းမှာ၊ ထိုရုံးတော်၌ ဥပဒေအရ ပြုလုပ်ဆောင်ရွက်နိုင်သည့် အာဏာမရှိသဖြင့်၊ မှားယွင်းနေပါသည်ဟု လျှောက်ထားသူက အဓိကတင်ပြ၍ ပြင်ဆင်ပေးရန် ယခုလျှောက်ထားတင်သွင်းခဲ့ခြင်း ဖြစ်ပေသည်။

သက်ဆိုင်သည့် ကျင့်ထုံးပုဒ်မ ၅၂၂ ကို ဖော်ပြရမူ၊ အောက်ပါအတိုင်း ဖြင့်ပေသည်။

"522 (1) Whenever a person is convicted of an offence attended by criminal force or show of force or by criminal intimidation and it appears to the Court that by such force or show of force or criminal intimidation any person has been dispossessed of any immoveable property, the Court may, if it thinks fit, when convicting such person or at any time within one month from the date of the conviction, order the person dispossessed to be restored to the possession of the same.

(2) * * * *

(3) An order under this section may be made by any Court appeal, confirmation, reference or revision."

၁၉၆၃

မငွေငြိမ်း နှင့် မောင်ချစ်ပုံ။

ယခုအမှု၏ ကြောင်းချင်းရာများအရ၊ ပုဒ်မ ၅၂၂၊ အပိုဒ် (၃) နှင့်သာသက်ဆိုင်ရန်ရှိရကား၊ ထိုအပိုဒ် (၃) အရ၊ အယူခံ၊သို့မဟုတ် ပြင်ဆင်သည့်ရုံးမှ ပုဒ်မ ၅၂၂ (၁)အရ ချမှတ်ပေးခဲ့သည့် အမိန့်ကို ပယ်ဖျက်နိုင်သည့် အာဏာရှိသည်ဟု ယူဆနိုင်မူ၊ စက်ရှင် တရားသူကြီးချမှတ်ခဲ့သည့် အမိန့်မှာ၊ ဥပဒေအရ မှန်ကန်သည်ဟု လက်ခံရပေမည်၊ သို့သော်၊ အပိုဒ် (၃) တွင် "**an order under this section *may be made***" ဟုသာဖြေဆိုထားသဖြင့်၊ ၎င်းအပိုဒ်နှင့် အပိုဒ် (၁) တို့ကိုဖြုံ့၍ကြည့်မူ၊ အယူခံ၊သို့မဟုတ် ပြင်ဆင်သည့်ရုံးက၊ မူလရုံးမှ ထိုအမိန့်မျိုးကိုမချမှတ်ခဲ့မူ၊ ထိုရုံးများမှ ချမှတ်သင့်သည်ဟု ယူဆက ချမှတ်ပေးနိုင်သည့် အခွင့်အာဏာသာ ပေးထား၍၊ ထိုအမိန့်မျိုးကို ပယ်ဖျက်နိုင်သည်ဟုမဆိုပေ။ လျှောက်ခံရသူအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးကလည်း၊ အပိုဒ် (၃) အရ အယူခံ၊ သို့မဟုတ် ပြင်ဆင်သည့်ရုံးများမှ၊ ပုဒ်မ ၅၂၂ (၁) အရ ချမှတ်ထားသည့် **အမိန့်ကို ပယ်ဖျက်နိုင်သည့် အခွင့်အရေး ရှိကြောင်း** မည်သည့်သာကေ၊ စီရင်ထုံးများမှ ပြသနိုင်စွမ်း မရှိပါဟု ဝန်ခံပေသည်။

ထို့အတွက်၊ အယူခံရုံး၊ သို့မဟုတ် ပြင်ဆင်သည့်ရုံးက၊ ထိုပုဒ်မ ၅၂၂ (၃) အရ၊ ပယ်ဖျက်နိုင်စွမ်းမရှိမူ၊ ပြင်ဆင်သည့် စက်ရှင်တရားရုံးက၊ ထိုအမိန့်ကို ပယ်ဖျက်သင့်သည်ဟု ယူဆပါက၊ ကျင့်ထုံးပုဒ်မ ၄၃၈ အရ၊ ဤရုံးသို့ ထောက်ခံတင်ပို့ရန်သာ ရှိပေသည်။ ၎င်းရုံးတွင် ကျင့်ထုံးပုဒ်မ ၄၃၉ အရ၊ အာဏာမရှိသဖြင့် အပြီးအပိုင် အမိန့်ချမှတ်ပေးနိုင်သည့် အခွင့်အရေးမရှိ ကြောင်းကို လျှောက်ခံရသူအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးကလည်း၊ သဘောတူညီပေသည်။ ဖော်ပြပါ အကြောင်းများကြောင့် စက်ရှင် တရားသူကြီးက၊ မူလရုံးမှ ကျင့်ထုံးပုဒ်မ ၅၂၂ (၁) အရ ချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်မှာ ဥပဒေအရ မှားယွင်းနေကြောင်း ပေါ်လွင်သဖြင့် လက်ခံနိုင်ရန် မဖြစ်ပေ။

ထို့ကြောင့်၊ ယခုပြင်ဆင်မှုအလွှာကို ခွင့်ပြုပြီး၊ ပြည်မြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂ တွင်၊ ကျင့်ထုံးပုဒ်မ ၅၂၂ (၁) အရ၊ ပေါင်းတည်မြို့၊ ၁-ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်မှုအမှတ် ၆၇ တွင် ချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

တရားမ အယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

မမြကြင် (အယူခံတရားလို)

နှင့်

မအေးတင် ပါ ၂ (အယူခံတရားခံ)*

† ၁၉၆၃

ဒီဇင်ဘာလ ၁၄ ရက်။

အမွေပစ္စည်းကို တရားရုံးက အုပ်ချုပ်စီမံခန့်ခွဲရန် စွဲဆိုသည့်အမှု—ကာလစည်းကမ်းသတ်ဥပဒေ ဇယား (၁)၊ အပိုဒ် ၁၂၃ နှင့် ဆိုင်မဆိုင်—အမွေဆိုင် ညီအမလေးဦးအနက် တယောက် သေဆုံးခြင်း—အိမ်ခဲ့နေခြင်း—အောက်ညီမရထိုက်ခြင်း။

အမွေဆိုင်များ ဖြစ်ကြသော အယူခံ တရားခံများသည်၊ အခြားအမွေဆိုင် တဦးဖြစ်သော အယူခံတရားလိုအပေါ်၊ လွန်ခဲ့သည့် အနှစ် ၃၀ ခန့်က သေဆုံးခဲ့သည့် ၎င်းတို့၏ ဖခင်ပိုင်အချင်းဖြစ် မြေနှင့်ပတ်သက်၍၊ တရားရုံးကအုပ်ချုပ်စီမံခန့်ခွဲရန် တရားစွဲဆိုခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။အမွေပုံပစ္စည်းကို၊ အမွေကို ထိန်းထားသည့် စီမံအုပ်ချုပ်ပိုင်ခွင့် ရှိသူ ထံမှ ရသင့်ရထိုက်သော အမွေစုကို စွဲဆိုသည့်အမှုမျိုးနှင့်သာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမ ဇယားအပိုဒ် ၁၂၃ က သက်ဆိုင်သည်။

မိုဟာမက်ချူတူးနှင့် အဗ္ဗဒူဟာမစ်ခန်၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၁၀၊ စာမျက်နှာ ၈၂ ကို ရည်ညွှန်းသည်။

ယခုအမှုတွင်အမွေ ဆိုင်တဦးဖြစ်သူ အယူခံတရားလိုက အမွေပုံပစ္စည်းကိုလက်ရှိထားသည်ဖြစ်ရာ၊ သာမန်အားဖြင့် ဆိုလျှင် ၎င်းသည်၊ ထိုပစ္စည်းကိုအမွေဆိုင်အားလုံးအတွက် လက်ရှိထားသည်ဟု ယူဆ ရမည်ဖြစ်သည်။

မဖတီမာ နှင့် မိုမင်းဘီဘီ၊ အိန္ဒိယ စီရင်ထုံးများ၊ ရန်ကုန်အတွဲ ၇၊ စာမျက်နှာ ၁၆၄ ကို ရည်ညွှန်းသည်။

အယူခံတရားလိုသည် အခြားအမွေဆိုင်များအား ဆန့်ကျင်၍ အချင်းဖြစ်မြေကို လက်ရှိထားခဲ့ကြောင်း သက်သေ အထင်အရှား မရှိသောကြောင့်၊ ယခုအမှုကု စွဲဆိုရာ၌ကာလစည်းကမ်းသတ် အတွင်းကျရောက်သည်ဟု ဆုံးဖြတ်ရမည် ဖြစ်သည်။

ဆက်လက်ဆုံးဖြတ်ချက်။ ။အမွေဆိုင်များ ဖြစ်ကြသူ ညီအမ ၄ ဦးတို့သည် အိမ်ခဲ့၍ နေကြသူများ ဖြစ်ရာ၊ ၎င်းတို့အနက် တဦးသေဆုံးရာ၌၊ သေဆုံးသူ၏အောက်၊ ညီမတဦးတည်းသာ ၎င်း၏ အမွေကိုရထိုက်သည်။ ကျန်ညီမ သုံးဦးလုံးက ညီတူညီမျှ ခွဲဝေယူရန်မဟုတ်။

မောင်ဘ နှင့် မယ်အိုကြီး၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၁၀၊ စာမျက်နှာ ၁၆၂ ကို ရည်ညွှန်း၍ ခဲခြားရှင်းလင်းပြသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၃၀။

† ၁၉၆၂ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၁ ပီ တွင်၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၁၄ ရက် ချမှတ်ခဲ့ပါ၊ ပြည်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ခုမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၃ အယူခံတရားလိုအတွက်။ ။ဦးဘသန်း (၁)။

မြို့ကြင်
နှင့်
မအေးတင်
ပါ ၂။ အယူခံတရားခံအတွက်။ ။ဦးသက်ဒေ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများ ဖြင့်သော ဦးရွှေအုံးနှင့်ဇနီး ဒေါ်ငွေစိန်တို့တွင်၊ သမီး ၄ ယောက်ရှိရာ၊ ၎င်းတို့မှာ ကြီးစဉ်ငယ်လိုက် မမြကြင်၊ မအေးတင်၊ မခွေးမနှင့် မသန်းကြည်တို့ အသီးသီးဖြစ်သည်။ ဒေါ်ငွေစိန်သည် ဦးရွှေအုံးအလျင် သေဆုံး၍ ဦးရွှေအုံးသေဆုံးသောအခါ သမီး ၄ ယောက်နှင့် အခင်းဖြစ်ခြင်းမြေကျန်ရှိရစ်၏။ ထို့နောက် မခွေးမ သေဆုံး၏။ မအေးတင်နှင့် မသန်းကြည်တို့က မမြကြင်အပေါ် ဦးရွှေအုံး၏ အမွေကို တရားရုံးက အုပ်ချုပ်စီမံခန့်ခွဲချန် တရားစွဲဆို လေသည်။ ယင်းသို့စွဲဆိုရာ၌ မသန်းကြည်သည် မခွေးမ၏ ညီမဖြစ်သဖြင့်၊ မခွေးမ၏ ဝေစုကို ရရှိထိုက်ကြောင်း။ ထို့ကြောင့် မအေးတင်နှင့် မသန်းကြည်တို့သည် အမွေပုံ ပစ္စည်းအနက် လေးပုံသုံးပုံရရှိထိုက်ကြောင်း အဆိုပြု၏။ မမြကြင်ချေပရာ၌ မိမိနှင့် ခင်ပွန်း မောင်သန့်တို့သည်၊ ဦးရွှေအုံး အခင်းဖြစ်မြေကို ငွေစုငွေချေး သမဝါယမ အသင်းထံ ငွေ ၅၀၀ ကျပ်နှင့် အပေါင်ထားခဲ့ရာ၊ ဦးရွှေအုံးအသက်ရှင်စဉ်ပင် အသင်းက ထိုငွေကို ပေးဆပ်ရန် တောင်းခံသည့်အခါ၌၊ ထိုချေးငွေကို အပြေအလည် ပေးဆပ် ခဲ့ကြောင်း။ ယင်းသို့ပေးဆပ်သည့်အချိန်မှစ၍ လက်ရှိပိုင်ဆိုင် အကျိုးခံစားခဲ့ကြောင်း။ ဦးရွှေအုံး ကွယ်လွန်သည်မှာ အနှစ် ၃၀ မျှခန့်ပြီဖြစ်သောကြောင့်၊ အမှုကို တရားမစွဲဆို နိုင်တော့ကြောင်းဖြင့် ချေပ၏။

မူလရုံးက သက်သေခံချက်များအပေါ် တွင် မှုတည်၍ အခင်းဖြစ်ခြံမြေကို ဦးရွှေအုံး သမဝါယမအသင်းထံ ငွေ ၅၀၀ ကျပ်နှင့် ပေါင်နှံခဲ့ကြောင်း၊ ထိုမြေကို မောင်သန့်က ရွေးနုတ်ပြီးနောက် ဦးရွှေအုံးသည် ထိုမြေကို မောင်သန့်အား အပြီးအပိုင် လွှဲအပ် ကြောင်းတွေ့ရှိပြီး၊ အမှုကိုပလပ်လိုက်သည်။ မအေးတင်နှင့် မသန်းကြည်တို့ အယူခံ ဝင်ရာ၌ ခရိုင်တရားမရုံးက၊ ဦးရွှေအုံး သမဝါယမအသင်းထံ အခင်းဖြစ်မြေကို ငွေ ၅၀၀ ကျပ်နှင့် ပေါင်နှံသည်ဆိုသည်ကိုငင်း၊ ထိုအပေါင်ကို မောင်သန့်က ရွေးနုတ်သည် ဆိုသည်ကိုငင်း လက်ခံ၏။ သို့သော် ထိုအပေါင်ကို မောင်သန့်ရွေးသည့်အတွက်၊ ဦးရွှေအုံးက မောင်သန့်အား အပြီးအပိုင် မှတ်ပုံတင်စာချုပ်ဖြင့် လွှဲအပ်သည်ဆိုသည်ကို လက်မခံဘဲ၊ မအေးတင်တို့ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ရန် အမိန့်ချမှတ်လိုက်သည်။

အောက်ရုံး ၂ ရုံးစလုံးကပင် အခင်းဖြစ်မြေကို ဦးရွှေအုံးက သမဝါယမအသင်းထံ ငွေ ၅၀၀ ကျပ်နှင့် ပေါင်ကြောင်း မောင်သန့်က ထိုအပေါင်ကို ရွေးကြောင်းတွေ့ရှိ သဖြင့်၊ ဤရုံးက ဝင်ရောက်စွက်ဖက်မည် မဟုတ်ပေ။

ဦးရွှေအုံးက မောင်သန့်အား အခင်းဖြစ်မြေကို အပိုင်ပြောင်းလဲပေးသလော ဟူသည့်အချက်နှင့် စပ်လျဉ်း၍၊ မူလရုံးနှင့် ပဌမအယူခံရုံးတို့ သဘောတူကွဲလွဲကြ၏။ သို့သော် ဤအမှုပါ သက်သေခံချက် အားလုံးကို၊ ထောက်မူသော် အပိုင်လဲပြောင်းသည်ဆိုသည့်အချက်ကို ပဌမအယူခံရုံး လက်မခံသည်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။ ယင်းသို့ လဲပြောင်းကြောင်းကို မမြကြင်၏ ချေလွှာမှာပင် ဖော်ပြခြင်းမပြုခဲ့ပေ။ ၎င်း၏ပညာရှိ ရှေနေကြီးကလည်း ယင်းသို့ လဲပြောင်းကြောင်းကို မထောက်ခံနိုင်ပေ။

မမြကြင်၏ ပညာရှိရှေနေကြီးက၊ ဦးရွှေအုံးသည် အနှစ် ၃၀ ကျော်လောက်က ကွယ်လွန်ခဲ့သည်ဖြစ်ရာ မအေးတင်နှင့် မသန်းကြည်တို့ ယခုအမှုကို တရားမဝဲနိုင်တော့ကြောင်းနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေ ပဌမဇယား အပိုဒ် ၁၂ ကို ကိုးကား၏။ ထိုအပိုဒ် ၁၂ ပါ ပြဋ္ဌာန်းချက်မှာ ဤအမှုမျိုးနှင့်မသက်ဆိုင်ကြောင်း။ အမွေပုံပစ္စည်းကို အမွေထိန်းထားသည့် စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသူထံမှ ရသင့်ရထိုက်သော အမွေစုကို စွဲဆိုသည့်အမှုမျိုးနှင့်သာ ဆိုင်ကြောင်းကို၊ **မိုဟာမက်ချူတူးနှင့် အဗ္ဒုလ္လာဟာမစ်ခန်** (၁) အမှုတွင် အဆုံးအဖြတ်ပြုခဲ့သည်မှာ မှန်ကန်သည်ဖြစ်၍၊ ဤရုံးကလည်း လက်ခံရပေမည်။ ယခုအမှုတွင် အမွေဆိုင်တဦးဖြစ်သူ မမြကြင်က အမွေပုံပစ္စည်းကို လက်ရှိထားသည်ဖြစ်ရာ၊ သာမန်အားဖြင့်ဆိုလျှင် မမြကြင်သည် ထိုပစ္စည်းကို အမွေဆိုင်အားလုံးအတွက် လက်ရှိထားသည်ဟု ယူဆရမည်ဖြစ်သည်။ **မဖတီမာ** နှင့် **မိုမင်းဘီဘီ** (၂) အမှုကိုကြည့်ပါ။ ဤအမှုပါ အကြောင်းချင်းရာများကို လေ့လာသုံးသပ်ရာ၌၊ မမြကြင်သည် အခြားအမွေဆိုင်များအား ဆန့်ကျင်၍ အခင်းဖြစ်မြေကို လက်ရှိထားခဲ့ကြောင်း သက်သေအထင်အရှား မပေါ်ရမေ့။ ထို့ကြောင့် ဤအမှုကို တရားစွဲဆိုရာ၌ ကာလစည်းကမ်းသတ်အတွင်း ကျရောက်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

မမြကြင်၏ ပညာရှိရှေနေကြီးက၊ အခင်းဖြစ်မြေသည် မောင်သန့်၏နာမည်နှင့် ရှိသဖြင့် ထိုမြေကို မောင်သန့်ပိုင်သည်ဟု ယူဆသင့်ကြောင်းနှင့် လျှောက်လဲ၏။ မြေစာရင်းတွင် မောင်သန့်နာမည်ပေါ်သည့်အချက်တခုကြောင့်သာ ၎င်းပိုင်သည်ဟု မဆိုနိုင်ပေ။ ဤပြင်လည်း မမြကြင်တင်ပြသော အခြားသက်သေခံ ဦးပိုင်မှတ်ပုံတင်စာရင်းမှ ကောက်နုတ်ချက်တွင် ၁၉၃၇ ခုနှစ်က၊ ထိုမြေမှာ မမြကြင်၏နာမည်နှင့် ရှိကြောင်း ထင်ရှား၏။ မောင်သန့်နာမည်နှင့် ထွက်ပေါ်လာသည်မှာ ၁၉၄၈-၄၉ ခုနှစ်ကစတင်၍ဖြစ်သည်။ မမြကြင်သည် သမီးအကြီးဆုံးဖြစ်သည်တကြောင်း၊ ၎င်းနှင့် ခင်ပွန်း မောင်သန့်တို့က ဦးရွှေအုံးပေါင်ထားခဲ့သည်ကို ရွေးခဲ့သည်တကြောင်းတို့ကြောင့်၊ မမြကြင်နာမည်သို့ လဲပြောင်းခဲ့ဟန်တူသည်။ ယင်းသို့ လဲပြောင်းစဉ်က

(၁) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန် အတွဲ ၁၀၊ စာ ၈၂။
(၂) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန် အတွဲ ၇၊ စာ ၁၆၄။

၁၉၆၃
မမြကြင်နှင့် မအေးတင်
ပါ ၂။

မအေးတင်သည် အိမ်ထောင်ကဲ့ဖြစ်သဖြင့်၊ အရွယ်မရောက်သူ မခွေးမနှင့် မသန်းကြည်သာလျှင် မမြကြင်နှင့်အတူနေထိုင်ကြ၏။ ထိုကြောင့် အခင်းဖြစ်မြေသည် မောင်သန့်နာမည်နှင့်ရှိသည့် အကြောင်းတခုတည်းကြောင့်၊ ထိုမြေကို မောင်သန့်ပိုင်သည်ဟု မဆိုနိုင်ပေ။

မမြကြင်၏ ပညာရှိရွှေ နေကြီးက ဆက်လက်လျှောက်လဲသည်မှာ အခင်းဖြစ်မြေကို မအေးတင်၊ မသန်းကြည်၊ မမြကြင် ညီအစ်မသုံးဦး ညီတူညီမျှ ခွဲဝေယူထိုက်ကြောင်း ဖြစ်သည်။ **မောင်ဘ** နှင့် **မယ်အိုကြီး** (၃) အမှုကို အကိုးအကားပြုသည်။ သို့သော် ထိုအမှုတွင် ညီအစ်ကိုမောင်နှမများအနက် သေဆုံးသူမှာ အိမ်ထောင်မပြုသဖြင့် ၎င်း၏ပစ္စည်းကို ညီအစ်ကိုမောင်နှမများ ညီတူညီမျှ ခွဲဝေယူကြမည်ဟု ဆုံးဖြတ်ခဲ့၏။ ယခုအမှုတွင်ကား ဦးရွှေအုံး မသေမီကပင် မအေးတင်အိမ်ခွဲ၍နေခဲ့၏။ ဦးရွှေအုံးကွယ်လွန်ပြီးနောက်၊ မမြကြင်၊ မခွေးမနှင့် မသန်းကြည်တို့ တအိမ်တည်းနေကြ၏။ ထို့နောက် **မခွေးမနှင့် မသန်းကြည်တို့ အသီးသီး အိမ်ထောင်ပြု၍ ခွဲခွါနေကြ၏။ မနုကျယ်** အတွဲ ၁၀၊ အပိုဒ် ၁၈ တွင်အောက်ပါအတိုင်းပါရှိ၏။

"၁၈။ မိဘနှစ်ပါးသေပြီးနောက်၊ သားသမီး၊ အသီးသီးနေရာတွင် အမွေမဆက်ဆံရာသော တရားတပါး။

မိဘနှစ်ပါး သေပြီးနောက်၊ သားသမီး အသီးသီး နေရာတွင် အမွေမဆက်ဆံရာသော တရားကပါးဟူသည်ကား၊ ထိုပေါက်ဘော်တို့သည်၊ အသီးအခြားနေရာသေ၍ အမွေခံသားသမီး၊ လင်မယားမဖွဲ့လျှင်၊ အစ်ကို၊ အစ်မတို့သို့ အမွေမဆက်ဆံစေနှင့်။ သေသူအောက် ညီ၊ ညီမတို့သာ ခံစားစေသည်ကိုရည်၍၊ အမွေကို မဆက်ဆံစေနှင့် ဆိုသတည်း။

မခွေးမ သေဆုံးရာတွင် လင်ယောကျ်ားဖြစ်စေ၊ သားသမီးဖြစ်စေ ကျန်ရစ်သည်ဟု မပေါ်လွင်ချေ။ ထို့ကြောင့်၊ ပဌမအယူခံရှုံး ဆုံးဖြတ်သည့်အတိုင်း မခွေးမ၏ အမွေကို ၎င်း၏ညီမ မသန်းကြည်သာလျှင် ရထိုက်ပေသည်။ ထို့ကြောင့် အမွေပစ္စည်းတွင် မမြကြင်နှင့် မအေးတင်တို့သည် ၄ ပုံ ၁ ပုံစီရထိုက်၍၊ မသန်းကြည်သည် ၂ ပုံ ၁ ပုံ ရထိုက်သည်ဟု ဆုံးဖြတ်သည်။

ပဌမအယူခံရှုံးသည် ဦးရွှေအုံး၏ အမွေကို အုပ်ချုပ်စီမံ ခန့်ခွဲရန် အမိန့်ချမှတ်သော်လည်း၊ ပဏာမ ဒီကရီရေးဆွဲရာ၌ တရားမကျင့်ထုံး နောက်ဆက်တွဲ ၁၁ ပုံစံအမှတ် ၁၇ နှင့်အညီ ရေးဆွဲခြင်းမပြုခဲ့ပေ။ ဤချုံးက လိုအပ်သလို ရေးဆွဲရမည်ဖြစ်သည်။

(၃) အိန္ဒိယစီရင်ထုံးမျှား၊ ရန်ကုန် အတွဲ ၁၀၊ စာ ၁၆၂။

၁၉၆၃

မြေကြင်
နှင့်
မအေးတင်
ပါ ၂။

မောင်သန်နှင့် မမြကြင်တို့ ဦးလွှေအုံး၏ အပေါင်ကို ငွေ ၅၀၀ ကျပ်နှင့် လွှေးနုတ်ခဲ့သည်ဆိုသည့် အချက်နှင့်စပ်လျဉ်း၍၊ မမြကြင်သည် အပြီးသတ် ဒီကရီမချမီအရေးဆိုခွင့်ရှိစေရမည်။

အထက်ပါ ပြင်ဆင်ချက်မှတပါး၊ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ကျိုက်ခုံးခွေနေခမှာ ၅၁ ကျပ်ဖြစ်စေရမည်။

တရားမပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်း၏ ရှေ့တွင်

† ၁၉၆၃
ဒီဇင်ဘာလ
၂၀ ရက်။

မတင်ကြည် (လျှောက်ထားသူ)
နှင့်
ကိုဘဒန် ပါ ၃ (လျှောက်ထားခံရသူများ)*

တရားမကျင့်ထုံး ဥပဒေ အမိန့် (၇)၊ နည်း (၁၁) (၈)....ဆိုလျှင်ကို နောက်ထပ်ရုံးခွန်ငွေပေးသဖြင့် ပယ်ခြင်း—ဆိုလျှင်ကို ပြင်ဆင်ရန်လျှောက်လျှာ—ပဋမစဉ်းစားသင့် မသင့်။

အောက်ရုံးက၊ လျှောက်ထားသူအား၊ ရုံးခွန်တော် နောက်ထပ်ပေးရန် အမိန့်ချမှတ်ခဲ့သော်လည်း မပေးနိုင်သဖြင့် မိမိတောင်းဆိုသည့် အခွင့်အရေးကို ပြင်ဆင်သည့် ဆိုလျှင်တခုကို တင်သွင်းခဲ့၏။

အောက်ရုံးက၊ ထိုပြင်ထားသောဆိုလျှင်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြုဘဲ၊ နောက်ထပ်ရုံးခွန်တော်ကို မပေးသောကြောင့် ဆိုလျှင်ဘာခုလုံးကိုတရားမကျင့်ထုံးဥပဒေအမိန့် (၇)၊နည်း (၁၁) (၈) အရ ပလပ်လိုက်သည်။

ထိုအမိန့်ကို ပြင်ဆင်ရန် တရားရုံးချုပ်သို့ လျှောက်ထားရာ၊

ဆုံးဖြတ်ချက်။ ။ဆိုလျှင်ပြင်ဆင်ရန်နှင့် ရုံးခွန်တော် ပေးဆောင်ရန်တို့သည် တခြားစီပြုစ်၍ ရုံးတော်က သီးခြားပြီးအမိန့်ချမှတ်ရန် လိုအပ်သည်။

ဆိုလျှင်ကို ပြင်ဆင်ခွင့် ပြုမည်မပြုမည်ကို ပဋမဆုံးဖြတ်ချက်ချမှတ်ပြီးမှသာ၊ ရုံးခွန်တော် ပေးဆောင်ရန်နှင့် ပတ်သက်၍ အမိန့်ချမှတ်ရန် ဖြစ်သည်။

ရမ်ပရဆတ် နှင့် ဘီမန်၊ အလဟာဘတ်စီရင်ထုံး အတွဲ ၂၇၊ စာမျက်နှာ ၁၅၁။

ဒက်ဂျင်ပူဒီရာမကရပ်ရှနားရက်ဒီ နှင့် ဒက်ဂျင်ပဒီဗွီးရာရက်ဒီ။ အေ၊ အိုင်၊ အာရ်၊ ၁၉၄၆ခုနှစ်၊ မဒရတ် စာမျက်မျက်နှာ ၁၁၂။

တီ၊ အာ (ရ်)၊ ဂိုဇွင်ဒရာဂျာမူဒလီယာ နှင့် တီ၊စာရမ္ဘ ါနာမူဒလီယာ။ အေ၊ အိုင်၊ အာ (ရ်) ၁၉၄၉ ခုနှစ်၊ မဒရတ် စာမျက်နှာ ၆၄၀ တို့ကို ရည်ညွှန်း၍ လိုက်နာသည်။

လျှောက်ထားသူအတွက်။ ။မစ္စတာအင်၊ စီဆင်း။

လျှောက်ထားခံရသူအတွက်။ ။ဦးမောင်မောင်ခင်။

---

* ၁၉၆၂ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၇၃။

† ၁၉၅၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ ပုသိမ်မြို့ရာဘက် ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

၁၉၆၃
မတင်ကြည်
နှင့်
ကိုဘဒန်
ပါ ၃။

တရားသူကြီး ဦးစောဘသိန်း။ ။လျှောက်ထားသူ မတင်ကြည်က၊ ပုသိမ်မြို့ရာဘက်ခရိုင်တရားမရုံးတွင်၊ လျှောက်ထားခံရသူ ကိုဘဒန်နှင့် ကိုထားဝေတို့အပေါ်၊ အချင်းဖြစ်အိမ်ယာမြေနှင့် အိမ်တို့ကို ရလိုကြောင်း တရားစွဲဆိုသည်။

အမှုအဝေါအတွင်း၊ ပဌမလျှောက်ထားခံရသူ ကိုဘဒန်က၊ အချင်းဖြစ် အိမ်ကို အခြားသောသူအား ရောင်းချလိုက်သဖြင့်၊ အိမ်ဝယ်သူက အိမ်ကိုဖျက်၍၊ ယူဆောင်သွားသည်။လျှောက်ထားခံရသူက တဖန်၊ အချင်းဖြစ်အိမ်ယာမြေကို၊ လျှောက်ထားခံရသူ ဒေါ်စောခင်အား ရောင်းချလိုက်ပြန်ရာ၊ မြေဝယ်သူ ဒေါ်စောခင်က၊ ထိုမြေပေါ်၌ အိမ်သစ်ဆောက်၍ နေထိုင်သည်။

လျှောက်ထားသူ မတင်ကြည်က၊ ၎င်းဘဲဆိုထားသည့်အမှု ရှုတ်သွေးပွေလီလာသဖြင့်၊ တတ်နိုင်သမျှ ရှင်းလင်းရန်၊ ၎င်း၏ခွေးနေ အကြံပေးခေါ်အရ၊ ဒေါ်စောခင်အား၊ အမှုသည်အဖြစ် ထည့်သွင်း၍၊ ၎င်းဆောက်လုပ်ထားသော အိမ်သစ်ကိုပါ၊ လက်ရောက်ရလိုကြောင်းဖြင့်၊ ဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားသည်ကို၊ ရုံးတော်က ခွင့်ပြုလိုက်ရာ၊ လျှောက်ထားခံရသူတို့က လျှောက်ထားသူသည် အိမ်သစ်အတွက် ရုံးခွန်တော်ကို၊ အိမ်သစ်တန်ဘိုးအပေါ် ပေးဆောင်ရန်ဖြစ်ကြောင်း။ မပေးဆောင်ခဲ့သော်၊ ဆုလွှာကို ပလပ်ရန်ဖြစ်ကြောင်း လျှောက်ထားတင်ပြကြသည်။ ရုံးတော်က ထိုသို့တင်ပြသည်ကို လက်ခံ၍၊ လျှောက်ထားသူသည် နောက်ထပ်ရုံးခွန်တော်ကို ပေးဆောင်ရန်၊ အမိန့်ချမှတ်သိုက်ပြီးနောက်၊ ရုံးခွန်တော်ကို ပေးဆောင်ရန် အမှုကို တကြိမ်ပြီးတကြိမ် ၃ ကြိမ် ချိန်းဆိုပေးလုက်သည်။ လျှောက်ထားသူသည် နောက်ဆုံးချိန်းဆိုသည့်နေ့မတိုင်မီ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင်၊လိုအပ်သော ရုံးခွန်တော်ကို ပေးဆောင်နိုင်စွမ်းမရှိသဖြင့်၊ ဘော်ပြထားသည့် ရသင့်ရထိုက်သမျှ အခွင့်အရေးကိုသာ ခွင့်ပြုချမှတ်ပေးရန် တောင်းဆိုချက်ဖြင့်၊ ပြင်ထားသောဆိုလွှာကို ခွင့်ပြုလက်ခံရန် လျှောက်ထားသည်။

လျှောက်ထားခံရသူဟို့က၊ လျှောက်ထားသူသည်၊ နောက်ထပ်ရုံးခွန်တော်ကိုမပေးဆောင်လိုသဖြင့် လွဲရှောင်လိုသော သဘောဖြင့်၊ ဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်၍၊ ခွင့်ပြုရန်မသင့်ကြောင်းနှင့် ရုံးခွန်တော် မပေးဆောင်သဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် (၇)၊ နည်း (၁၁) (ဂ) အရ၊ ဆိုလွှာကို ပလပ်ရန် ဖြစ်ကြောင်း တင်ပြလျှောက်ထားကြသည်။ ရုံးတော်က၊ နောက်ထပ်တင်သွင်းသော ပြင်ထားသည့် ဆုလွှာနှင့် ပတ်သက်၍ မည်သို့မျှ အမိန့်ချမှတ်ခြင်း မပြုဘဲ၊ နောက်ထပ် ရုံးခွန်တော် မပေးဆောင်သဖြင့်၊ ဆိုလွှာကို ဘော်ပြ ပါ၊ ဥပဒေအရ၊ ပလပ်လိုက်ကြောင်း အမိန့်

၁၉၆၃
မတင်ကြည်
နှင့်
ကိုဘဒန်
ပါ ၃။

ချမှတ်လိုက်ရာ၊ လျှောက်ထားသူက မကျေနပ်၍ ဤရုံးသို့ အောက်ရုံးချမှတ်သော အမိန့်ကို၊ ပြင်ဆင်ပေးရန်လျှောက်ထားသည်။

ဤအမှုတွင်၊ အဓိကချွတ်ယွင်းချက်မှာ အောက်ရုံးက၊ နောက်ထပ်တင်သွင်းသည့် ဆိုလွှာပြင်ဆင်ခွင့်ပြုရန် လျှောက်လွှာပေါ်တွင် လိုအပ်သည့်အမိန့် ချမှတ်ခြင်းမပြုဘဲ၊ ပြင်ဆင်ခွင့်ပြုထားသည့် ဆိုလွှာကို၊ ရုံးခွန်တော် မပေးဆောင်ရုံမျှဖြင့် ပလပ်လုံက်ခြင်း ဖြစ်သည်။

ရမ်ပရဆတ် နှင့် ဘီမန် (၁) စီရင်ထုံးတွင်—

"When a plaintiff in the initial stage of the litigation abandons a portion of his claim, he is not compellable to pay Court-fee in respect of the portion abandoned under penalty of having the whole of his suit dismissed. . . ."

ဟူ၍ ဆုံးဖြတ်ထားသည့်ပြင်၊ **ဒက်ဂျင်ပူဒီရာမကရပ်ရှနားရက်ဒီ** နှင့် **ဒက်ဂျင်ပူဒီဗီဒီးရာရက်ဒီ** (၂) စီရင်ထုံးတွင်

"Under order 23, Rule 1, a plaintiff has a right to relinquish part of his claim in order to bring it within the Court-fee paid. Neither permission of the Court nor an application for amendment of the plaint is necessary for the purpose. If the plaintiff abandons part of his claim, he has only to intimate the fact to the Court and the Court has only to note it on the plaint. . . ."

ဟူ၍ ဆုံးဖြတ်ထားသဖြင့်၊ လျှောက်ထားသူ (တရားလို) သည် ၎င်း၏ရသင့်ရထိုက်သည့် အခွင့်အရေး တစိတ်တဒေသကို၊ ရုံးခွန်တော်အတွင်း ကျရောက်ရန်၊ စွန့်လွှတ်နိုင်သည်မှာ ကောင်းစွာပေါ်လွင်သည်။

တီ၊ အာ (ရှ်) ကိုဗွင်ဒရာဂျာမူဒလီယာ နှင့် **တီ၊ စာရဗ္ဘနာမူဒလီယာ (၃)** ထုံးတွင်—

"The Court has sufficient power in appropriating cases to permit amendment of pleading and this power can be exercised till the plaint is actually rejected. The circumstances that the amendment of the plaint is sought only after the

(၁) အလဟာဘတ် စီရင်ထုံး အတွဲ ၂၇၊ စာမျက်နှာ ၁၅၁။
(၂) အေ၊ အိုင်၊ အာ (ရှ်)၊ (၁၉၆၄) ခုနှစ်၊ မဒရတ် စာမျက်နှာ ၁၂၆။
(၃) အေ၊ အိုင်၊ အာ (ရှ်)၊ (၁၉၄၉) မဒရတ် စာမျက်နှာ ၆၄၀။

၁၉၆၃

မတင်ကြည်
နှင့်
ကိုဘဒန်
ပါ ၃။

demand for deficit Court-fee had been made cannot stand in the way of the amendment being allowed if it is otherwise proper. . . ."

ဟူ၍ ဆုံးဖြတ်ချက်ချမှတ်သဖြင့်၊ ဆိုလွှာပြင်ဆင်ရန်နှင့် ရုံးခွန်တောင်ပေးဆောင်ရန် တို့သည် တခြားစီဖြစ်၍၊ ရုံးတော်ကသီးခြားပြီး အမိန့်ချမှတ်ရန် လိုအပ်ပေသည်။ စင်စစ်အားဖြင့်၊ ဆိုလွှာကို ပြင်ဆင်ရန် ခွင့်ပြုမည် မပြုမည်ကို ပဌမ ဆုံးဖြတ်ချက် ချမှတ်၍ ဆိုလွှာပြင်ဆင်ရန်ကို ခွင့်ပြုမှသာ၊ ရုံးခွန်တောင်ပေးဆောင်ရန်နှင့် ပတ်သက်၍ အမိန့်ချမှတ်ရန်ဖြစ်ပေသည်။

အထက်ဘော်ပြပါ၊ အကြောင်းမျှားနှင့် စီရင်ထုံးမျှားအရ၊ အောက်ရုံးချမှတ်သော အမိန့်ကို အတည်ပြုရန်မဖြစ်နိုင်သဖြင့်၊ စရိတ်ဖြင့် ပယ်ဖျက်ရုန် အမှုကို အောက်ရုံးသို့ ပြန်ပို့၍၊ အောက်ရုံးက လျှောက်ထားသူ နောက်ဆုံးတင်သွင်းသည့် ဆိုလွှာပြင်ဆင် ခြင်းကို၊ ခွင့်ပြုရန် မပြုရန်နှင့် စပ်လျဉ်း၍ **တိကျစွာဆုံးဖြတ်ချမှတ်ရန်**။ ထို့နောက် **ရုံးခွန်တောင်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်** ရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးလွှဲနေကြီးခမှာ ၅၁ ကျပ်ဖြစ်စေရမည်။

တရားမ အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

† ၁၉၆၃

ဒီဇင်ဘာလ ၂၀ ရက်။

မသိန်းညွန့် (အယူခံတရားလို)

နှင့်

ဒေါ်ဖွါးသန့် ပါ၂ (အယူခံတရားခံများ) *

အမွေခံတဦး လက်ရောက်ရလိုမှု မစွဲသင့်ခြင်း၊ မိမိအစုကို ခွဲဝေပေးစေမှု၊ သို့မဟုတ် အုပ်ထိန်းခွဲဝေပေးစေလိုမှု (Administration Suit) သာ စွဲသင့်ခြင်း။

အယူခံဘရားလိုသည် အချင်းဖြစ်မြေ၏ မူလပိုင်ရှင်၏ အဆွေခံဦးသာ ဖြစ်သော်လည်း၊ ထိုမြေကို လက်ရောက်ရလိုမှု တရားစွဲဆိုခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။တရားလိုဖြစ်သူ အယူခံတရားလိုသည်၊ အချင်းဖြစ်မြေနှင့် ပတ်သက်၍ မိမိ၏အစုကို ခွဲခြမ်းဝေပေးရန်သော်၎င်း၊ အမွေကြောင်းလျှောက် အုပ်ထိန်းခွဲဝေ ပေးစေလိုမှု (Administration Suit) သာ စွဲဆိုခွင့်ရှိပြီး၊ ယခုကဲ့သို့ အချင်း ဖြစ်မြေကို လုံးဝလက်ရောက် အပ်ပေးရယူလိုမှု မစွဲဆိုနိုင်ပေ။

Essafally Alibhai v ***Abdeali Gulm Hussain*** 45 Bombay p. 75 ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက် ။ဦးမောင်မောင်ခင်။

အယူခံတရားခံများအတွက် ။မင်္ဂတာ မဇ္ဈန်းဒါး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအယူခံမှု၏ ဖြစ်ကြောင်းချင်းရာများကို၊ ယခင် ၁၉၆၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင်၊ တရားမကျင့်ထုံးအမိန့် ၄၀၊ နည်းဥပဒေ ၂၅ အရ၊ မူလရုံးသို့ ပြန်လည်စစ်ဆေးရန်၊ ချမှတ်ပေးခဲ့သည့် အမိန့်တွင် အသေးစိတ် ပေါ်ပြပြီးဖြစ်၍၊ ထိုအခန့်နှင့် ဆက်စပ်ဘတ်ဥရန်ဖြစ်ပေသည်။ အထက်ပါ အမိန့်တွင်၊ မူလစစ်ဆေးသည့်ရုံးမှ အောက်ပါကောက်ချက် ၃ ခုနှင့် ပတ်သက်၍၊ နှစ်ဦးနှစ်ဘက်

---

* ၁၉၆၁ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၃၇။

† ၁၉၆၀ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇ တွင် ၂၉-၄-၆၁ နေ့စွဲပါ၊ ပျဉ်းမနားမြို့ ရုံးထိုင်ရမည်းသင်းခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

သက်သေများကို စစ်ဆေးပြီး၊ ကောက်ချက်များပေါ် ထင်မြင်ယူဆချက်များကို ပြန်လည်ပေးပို့ရန် ရည်ညွှန်းခဲ့သည်။

၁၉၆၃

မသိန်းညွန့် နှင့် ဒေါ်ဖွါးသန့် ပါ ၂။

ISSUES

(*a*) Was U Po Sai or U Kyaw Nyar the original owner of the suit Land?

(*b*) Who were the heirs of the suit land at the time of U Kyaw Nyar's death?

(*c*) Can the plaintiff appellant file this suit in the present form?

ကိုအဓိန္ဓအရ၊ မူလစစ်ဆေးသည့်ရုံးမှ သက်သေများရယူ၍၊ ကောက်ချက်အမှတ် (အ) နှင့် ပတ်သက်၍၊ အချင်းဖြစ်ရုံးမြေ၏မူလပိုင်ရှင်မှာ ဦးဘိုးဆယ်ဖြစ်သည်ဟုဆိုရင်း၊ ကောက်ချက်အမှတ် (ဘ) ပေါ် အယူခံတရားခံ မဒွါးသန့်၊ ဦးဘိုးဆယ်၏ နောက်ဇနီး ဒုတိယအယူခံဘရားခံ ဒေါ်လှမယ်နှင့် ၎င်းတို့၏သမီး၊ ယခုသေဆုံးသွားသူ မစိန်းရင်သည်၊ ဦးကျော်ငြာသေသည့် အချိန်တွင် အမွေစားအမွေခံများ ဖြစ်သည်ဟုဆိုရင်း၊ ကောက်ချက်အမှတ် (စ) နှင့်ပတ်သက်၍၊ အယူခံတရားလိုသည် တဦးတည်းသော အမွေစား အခံခံ မဟုတ်သဖြင့်၊ အမွေကြောင်းအလျောက် အုပ်ထိန်းခွဲဝေပေးစေလိုမှုသာ ဖွဲ့ဆိုရမည်ဖြစ်ပြီး၊ ယခုကဲ့သို့ အချင်းဖြစ်မြေကို လက်ရောက်အပ်ပေး ထွက်ခွါသွားစေမှု မစွဲဆိုနိုင်ပါဟု ထင်မြင်ချက်များ ပေးခဲ့လေသည်။

အဆက်ပါ ထင်မြင်ချက်နှင့် ပတ်သက်၍ ပုံမှုရှင်းလင်းစေရန် အယူခံတရားလိုနှင့် အယူခံဘရားခံများ၏ အဆက်အနွယ်ကို ဖေါ်ပြရမူ၊ မဟာမေဒင်ဘာသာ ကိုးကွယ်သူ ဦးဘိုးဆယ်မှာ၊ ရှေးဦးစွာ ဒေါ်နှစ်နှင့် အိမ်ထောင်ကျ၍၊ ဦးကျော်ငြာဆိုသည့် သားတယောက် ရရှိလေသည်။ အချင်းဖြစ်မြေကို ဒေါ်နှစ်က အမွေရရှိခဲ့ပြီး၊ ဒေါ်နှစ်မှာ ဦးဘိုးဆယ်အရင် သေဆုံးသွားလေသည်။ ထို့နောက် ဦးဘိုးဆယ်သည် ဒုတိယအယူခံတရားခံဖြစ်သူ ဒေါ်လှမယ်နှင့် အိမ်ထောင်ကျ၍၊ သမီး မစိန်းရင်ရရှိခဲ့ရာ၊ မစိန်းရင်မှာ သားသမီး ၆ ယောက် ကျန်ရစ်ပြီး ၃ နှစ်ခန့်က သေဆုံးခဲ့လေသည်။

ဦးကျော်ငြာမှာ ရှေးဦးစွာ ဒေါ်မုန်းနှင့် အိမ်ထောင်ကျပြီး၊ အယူခံတရားလို မသိန်းညွန့် တဦးတည်း ရရှိလေသည်။ ဒေါ်မုန်း မသေဆုံးမီ၊ ဦးကျော်ငြာသည်၊ ပဌမအယူခံတရားခံ ဒေါ်ဖွါးသန့်နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းရာ၊ သားသမီးမရရှိပေ။ သို့သော် ဦးကျော်ငြာနှင့် ဒေါ်မုန်းတို့မှာ သေဆုံးကုန်ပြီဖြစ်၍ ဒေါ်ဖွါးသန့် တယောက်သာ ကျန်ခဲ့လေသည်။

၁၉၆၃

မသိန်းညွန့်
နှင့်
ဒေါ်ဖွါးသန့်
ပါ ၂။

ထို့ကြောင့် အချင်းဖြစ်မြေကို ဒေါ်နှစ်သေဆုံးသောအခါ၊ ဦးဘိုးဆယ်က အမွေဆက်ခံရရှိခဲ့သဖြင့်၊ ဦးဘိုးဆယ်သေဆုံးသောအခါ၊ ထိုမြေတွင် ၎င်း၏ဒုတိယဇနီး ဒေါ်လှမေ (ဒုတိယအယူခံတရားခံ) သေဆုံးသူ ဦးကျော်ငြာ၏ဇနီး ဒေါ်ဖွါးသန့်၊ (ပဌမအယူခံတရားခံ) ဦးဘိုးဆယ်နှင့် ဒေါ်လှမေတို့ ရရှိသည့်၊ သေဆုံးသူ မစိန်းရင်၏ အမွေစား အမွေခံများတို့နှင့် အယူခံတရားလိုသည်၊ **မဟာမေဒင် ဥပဒေအရ၊ အမွေခံစားခွင့်** ရှိလာသည်ဆိုသည်ကို၊ အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိချွေနေကြီးက မငြင်းဆိုနိုင် ဝန်ခံပေသည်။

သို့ဖြစ်ရကား၊ **Essafally Alibhai v. Abdeali Gulam Hussain** (1) စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း တရားလိုဖြစ်သူ အယူခံတရားလိုသည် အချင်းဖြစ်မြေနှင့်ပတ်သက်၍၊ **မိမိ၏**အစုကိုခွဲခြမ်းဝေပေးရန်သော်၎င်း၊ အမွေကြောင်း လျှောက်အုပ်ထိန်းခွဲဝေပေးစေလိုမှု **(Administration Suit)** သာစွဲဆိုခွင့်ရှိပြီး၊ ယခုကဲ့သို့ အချင်းဖြစ်မြေကို လုံးဝလက်ရောက်အပ်ပေးရလိုမှု မစွဲဆိုနိုင်ပေ။ **အမှန်မှာ** အယူခံတရားလို၏ အစုမှာ သီးခြားဝေဖန်သိရှိနိုင်ရန် ခဲယဉ်းသောကြောင့်၊ အထက်ရည်ညွှန်းပါ စီရင်ထုံးအရ အမွေကြောင်းအလျှောက် အုပ်ထိန်းခွဲဝေပေးရန်သာ စွဲဆိုသင့်သည်ဟု ဆိုရပေမည်။ မည်သို့ပင် ဖြစ်စေ၊ ယခုအမှုတွင် အယူခံတရားလိုက မြေတခုလုံးကို လက်ရောက်ရရှိရန် စွဲဆိုခဲ့သဖြင့်၊ မဟာမေဒင် ဥပဒေအရ အချင်းဖြစ်မြေတွင် အခြားအမွေစား အမွေခံများ အစုရခွင့်ရှိကြသေးသဖြင့်၊ ယခုကဲ့သို့ စွဲဆိုနိုင်ခွင့်မရှိရကား၊ ၎င်းတင်သွင်းခဲ့သည့် အယူခံလွှာကို ပလပ်ရမည်သာဖြစ်ပေသည်။

ဖေါ်ပြပါအကြောင်းများကြောင့်၊ ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

(1) 45 Bombay p. 75.

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစောဘသိန်း ရွှေတွင်။

မောင်စန်းအောင် (ပြင်ဆင်ရန် လျှောက်ထားသူ)
နှင့်
မကြည်ကြည်ဝေ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်။

မြန်မာဗုဒ္ဓဘာသာတရားဥပဒေ—လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန် သဘောတူညီမှုဆန္ဒ (Consent) သည်အဓိကပဓါနအချက်ဟုတ်မဟုတ်—လင်မယားအဖြစ်ပေါင်းသင်းစပ်ယှက်မှု (Consummation) ပါလိုအပ်မလိုအပ်။

ဆုံးဖြတ်ချက်။ ။ဓမ္မသတ်ကျမ်းများမှ မှတ်စုမှတ်ရာများ၊ မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ စာအုပ်နှင့် စီရင်ဆုံးများအရ၊ **အရွယ်ရောက်သည့် ယောကျ်ားနှင့်မိန်းမတို့သည်တရားဝင်အကြင် လင်မယားဖြစ်ကြရန်၊ ၎င်းတို့သင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန်၊ နှစ်ဦးသဘောတူညီမှုဆန္ဒ** (Consent) သည် အဓိကပဓါန အချက်ကြီးဖြစ်သည်မှာ ကောင်းစွာပေါ်လွင်သည်။

မအေးနှင့် မောင်စန္ဒ၊ ဘီ၊ အယ်(လ်) အာ(ရ်) အတွဲ ၃၊ စာမျက်နှာ ၈။

မသိန်းတင် နှင့် မောင်ဘိုးသုံ၊ အေ၊ အိုင်၊ အာ(ရ်) ၁၉၃၀၊ ရန်ကုန်၊ စာမျက်နှာ ၂၁၀။

မိမယ် နှင့် မိဇ္ဈမ၊ ၁၉၁၀-၁၃၊ အထက်မြန်မာပြည်စီရင်ထုံး- ၁၁၁ (ပရိဗီကောင်စီ)။

မအေးမယ် နှင့် မကြည်ကြည်၊ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး လွှတ်တော်စာမျက်နှာ ၆၂၅ ကိုရည်ညွှန်းသည်။

သို့သော် ၁၉၃၀ ခုနှစ်မှ စတင်ချမှတ်ခဲ့သော စီရင်ထုံးအချို့တွင် အဆိုပါသဘောတူညီမှုဆန္ဒ (Consent)ရှိရန်လိုအပ်သည့်အပြင်၊ လင်မယားအဖြစ်ပေါင်းသင်းစပ်ယှက်မှု(Consummation) ပါ လိုအပ်ကြောင်းဆုံးဖြတ်ထားသည်။

မလှမယ် နှင့် မောင်လှဘော်၊ ရန်ကုန်စီရင်ထုံးအတွဲ ၈၊ စာမျက်နှာ ၄၂၅။

မောင်ထွန်းအောင် နှင့် မအေးကြည်၊ ရန်ကုန်စီရင်ထုံးအတွဲ၊ ၁၄၊ စာမျက်နှာ ၂၁၅။

မကျင်မြ နှင့် မောင်စစ်ဟန်၊ ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာမျက်နှာ ၁၀၃။

မောင်မောင် နှင့် မစိန်ကြည်၊ ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာမျက်နှာ ၅၆၂ နှင့်

ဦးလှအောင် နှင့် ဒေါ်အမာ၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၃၉(ခ) တို့ကိုရည်ညွှန်းသည်။

---

* မန္တလေးမြို့တွင်ရုံးထိုင်သော မြန်မာနိုင်ငံတရားရုံးချုပ်၌၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၂၀(ခ)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၉ တွင်၊ ချမှတ်သော ၁၉၆၃ ခုနှစ်ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲပါ ကသာမြို့၊ စက်ရွင်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၃
—
မောင်စန်း
အောင်
နှင့်
မကြည်ကြည်
ဝေ။

ယခုခေတ်အခါ သမယတွင်၊ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတို့ ထိမ်းမြားလက်ထပ်ရေး ပြောင်းလဲ၍လာသဖြင့် ထိုစီရင်ထုံးများ၏ ဆုံးဖြတ်ချက်ကို ပြန်လည်၍ သုံးသပ်ရန်လိုအပ်ပြီဟု ထင်မြင်သည်။

အဆိုပါစီရင်ထုံးများက မှီငြမ်းပြုသည် **ဦးဂေါင်းသခင်မကျမ်း** တွင်လည်း၊ ယောကျ်ားနှင့်မိန်း တို့သည် တရားဝင်လင်မယား ဖြစ်ကြရန်၊ ၎င်းတို့လင်မယားအဖြစ် မေါင်းဆင်း စပ်ယှက်မှုလိုအပ် သည်ဟူ၍ တိုက်ရိုက်တိကျစွာပြဋ္ဌာန်းထားခြင်းမရှိ။

ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ ထိမ်းမြားလက်ထပ်ရေးအရ၊ အရွယ်ရောက်သည့် ယောကျ်ားနှင့်မိန်းမတို့သည်၊ လူသိနတ်ကြား အမြဲတစေ၊ မေါင်းဆင်းနေထိုင်ရန်၊ သဘောတူညီမှု ဆန္ဒ (Consent) ရှိရန်သာလိုအပ်ပြီး၊ လင်မယားအဖြစ် မေါင်းဆင်း စပ်ယှက်မှု (Consummation) မလိုအပ်ဟူ၍ ဆုံးဖြတ်ဖြေဆိုသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးလှညွှန့်နှင့်ဦးတင်မောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးမြစိန်။

တရားသူကြီး ဦးစောဘသိန်း။ ။ကောလင်းမြို့၊ နယ်ပိုင် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ် အဒသးအဖွဲ့မှ အမှတ် ၄၉ တွင်၊ လျှောက်ထားသူ မောင်စန်းအောင် က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၈ (၁) အရ၊ လျှောက်ထားခံရသူ မကြည်ကြည်ဝေ အားစားစရိတ် တလလျှင် ၃၅ ကျပ်၊ ၎င်း၏ကလေး အား၊ စားစရိတ် တလလျှင် ၂၅ ကျပ် ပေးစေရန်၊ အမိန့်ချမှတ်လိုက်ရာ၊ လျှောက်ထားသူ မောင်စန်းအောင်က၊ မကျေနပ်၍ ကသာမြို့၊ စက်မှုင် တရားသူကြီးရုံးသို့၊ အယူခံဝင်သော်လည်း၊ မအောင်မြင်၊ အကြောင်း မဟူးသဖြင့်၊ ဤရုံးသို့ အောက်မှုလွှဲရုံးနှင့် အယူခံရုံးတို့ ချမှတ်သော အမိန့်များကို၊ ပြင်ဆင်ပေးရန် လျှောက်ထားသည်။

ဤပြင်ဆင်မှုတွင်၊ စဉ်းစား ဆုံးဖြတ်ရန်၊ အဓိကအချက်တို့မှာ—

(၁) မြန်မာ ဗုဒ္ဓဘာသာ တရားဥပဒေ ထိမ်းမြား လက်ထပ်ရေးအရ၊ အရွယ် ရောက်သည့် ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင်အကြင်လင်မယား ဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ် မေါင်းသင်းနေထိုင်ရန်၊ သဘော ဘူညီမှုဆန္ဒ (**Consent**) သည် အဓိက ပဓါနအချက်ကြီး ဖြစ်ပါ သလား။

သို့မဟုတ်၊

အရွယ်ရောက်သည့် ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင် အကြင်လင်မယား ဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ် မေါင်းသင်းနေထိုင်ရန် သဘော

တူညီမှုဆန္ဒ (Consent) ရှိရန် လိုအပ်သည့်ပြင် လင်မယားအဖြစ် ပေါင်းသင်းစပ်ယှက်မှု (Consummation) လည်းလိုအပ်ပါသလား။

(၂) လျောက်ထားသူ မောင်စန်းအောင်နှင့် လျောက်ထား ခံရသူ မကြည်ကြည်ဝေတို့သည်၊ မြန်မာ ဗုဒ္ဓဘာသာ တရားဥပဒေ ထိမ်းမြား လက်ထပ်ရေးအရ၊ တရားဝင် အကြင်လင်မယား ဖြစ်ကြပါသလား

မောင်စန်း အောင် နှင့် မကြည်ကြည် ဝေ။

ဟူ၍ဖြစ်၏။

ပဌမပြဿနာကို ဖြေဆိုရန်၊ မြန်မာ ဗုဒ္ဓဘာသာ တရားဥပဒေ ထိမ်းမြား လက်ထပ်ရေးကို ပြန်လည်၍ သုံးသပ်ရန် လိုအပ်ပေသည်။

ရှေးဦးစွာ၊ ဆာဂျန်၊ ဂျာဒင်းက၊ ၎င်း၏ မြန်မာ ဗုဒ္ဓဘာသာ ဓမ္မသတ်မှတ်စုများ အပိုဒ် ၁၅၊ ၂၂ နှင့် ၂၅ တွင်—

". . . The more one considers the Dhammathats, the greater becomes the difficulty of laying down any precise ruling as to what fact is essential to constitute the status of marriage, when the status begins, and when the contract is complete. . . After such consideration as I have been able to give to the subject, I am inclined to think that *consent of both parties* is essential to the contract of marriage. . ."

ဟူ၍ ၎င်း၏ ထင်မြင်ယူဆချက်ကို ရေးသားဖော်ပြသည်။

ဦးမေအောင် (ထိုစဉ်အခါ၊ တရားလွှတ်တော်၊ တရားဝန်ကြီး၊ ထို့နောက်၊ မြန်မာနိုင်ငံအစိုးရ၏ ဟုန်းမင်းဘာ) က၊ မြန်မာ ဗုဒ္ဓဘာသာဓမ္မသတ်ကျမ်းများ၊ ဆာဂျန် ဂျာဒင်း၏ မြန်မာ ဗုဒ္ဓဘာသာ ဓမ္မသတ်ကျမ်း မှတ်စုများနှင့် ထိုစဉ်အခါ၌ ချမှတ်ထားသော စီရင်ထုံးများတို့ကို၊ ဘတ်ရှ လေ့လာပြီး၊ စီမံရေးသားသော မြန်မာ ဗုဒ္ဓဘာသာ တရားဥပဒေ ထိမ်းမြား လက်ထပ်ရေး စာအုပ်တွင်—

". . . As to the actual parties to the marriage, it is indubitable that *their consent is necessary*. . ."

ဟူ၍ ရေးသား ဖော်ပြသည်။

ထိုမှတပါး၊ **မအေး** နှင့် **မောင်ဆန္ဒ** (၁) စီရင်ထုံးတွင်—

". . . As regards the marriage, it is common ground that, according to Burmese Buddhist Law, no ceremony is

(၁) ဘီ၊ အယ်(လ်)၊ အာ(ရ်)၊ အေတွဲ ၃၊ စာမျက်နှာ ၈။

၁၉၆၃
မောင်စန်း
အောင်
နှင့်
မကြည်ကြည်
ဝေ။

requisite in order to constitute a valid marriage. . . *All that is necessary is consent on both sides to live* together as husband and wife. . ."

ဟူ၍ ဆုံးဖြတ်ထားသည့်ပြင်၊ **မသိန်းဖောင်** နှင့် **မောင်ဘိုးသုံ** (၂) စီရင်ထုံးတွင်—

". . . To constitute a marriage under Burmese Buddhist Law no special ceremony is necessary. But the essential requirement is the *consent of the parties.* . ."

ဟူ၍ ဆုံးဖြတ်ထားသည်။

မိမယ် နှင့် **မိရွှေမ** (၃) စီရင်ထုံးတွင်—

". . . The law relating to marriage in Burma is extremely lax. No ceremony of any kind is essential. . *Mutual consent is all that is required.* . ."

ဟူ၍ **ပရိဇ္ဇကောင်စီက**၊ ဆုံးဖြတ်ချက် ချမှတ်သည့်ပြင်၊ **မအေးမယ်** နှင့် **မကြည်ကြည်** (၄) စီရင်ထုံးတွင်—

". . . Under Burmese Buddhist Law no ceremony is required in order to constitute a valid marriage. *All that is necessary is the consent of both parties.* . ."

ဟူ၍ ယခင်တရားလွှတ်တော်က ဆုံးဖြတ်ချက် ချမှတ်သည်။

အထက်ဘော်ပြပါ၊ **မမွသတ်ကျမ်းများမှ မှတ်စု မှတ်ရာများ**၊ မြန်မာ ဗုဒ္ဓဘာသာ တရားဥပဒေ စာအုပ်နှင့် စီရင်ထုံးများအရ၊ အရွယ်ရောက်သည့် ယောကျ်ားနှင့် မိန်းမ တို့သည် တရားဝင် အကြင်လင်မယားဖြစ်ကြရန်၊ ၎င်းတို့လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ရန် နှစ်ဦးသဘောတူညီမှု ဆန္ဒ (**Consent**) သည် အဓိက ပဓါန အချက်ကြီး ဖြစ်သည်မှာ ကောင်းစွာ ပေါ်လွင်သည်။

သို့သော်လည်း၊ ၁၉၃၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင်၊ ယခင် ရန်ကုန်မြို့၊ တရား လွှတ်တော်က၊ **မလှမယ်နှင့် မောင်လှဘော်** (၅) စီရင်ထုံး၌—

". . . If a Burmese Buddhist couple go through a marriage ceremony customary to persons in their state of life, but the ceremony is not followed by *co-habitation*, so

---

(၂) အော၊ အိုင်၊ အာ(ရ်)၊ ၁၉၃၀၊ ရန်ကုန်၊ စာမျက်နှာ ၂၁၀။
(၃) ၁၉၁၀-၁၃၊ အထက်မြန်မာပြည်စီရင်ထုံး ၁၁၁ (ပရိဇ္ဇကောင်စီ)
(၄) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး လွှတ်တော် စာမျက်နှာ ၆၂၅။
(၅) ရန်ကုန်စီရင်ထုံးအတွဲ ဂ၊ စာမျက်နှာ ၄၂၅။

that the marriage is never *consummated*, the marriage tie does not exist between the parties. . ."

၁၉၆၃
မောင်စန်း
အောင်
နှင့်
မကြည်ကြည်
၀၀။

ဟူ၍ စီရင်ဆုံးဖြတ်လိုက်သဖြင့်၊ မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ—ထိမ်းမြားလက်ထပ်ရေးအရ၊ အရွယ်ရောက်သည့်ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင် အကြင်လင်မယားဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန်၊ နှစ်ဦးသဘောတူညီမှုဆန္ဒ (Consent) ရှိရန်၊ လိုအပ်သည့်ပြင်၊ **လင်မယားအဖြစ် ပေါင်းသင်စပ်ယှက်မှု**လည်း၊ လိုအပ်၍လာပေသည်။

ထို့နောက်၊ ၁၉၃၆ **ခုနှစ်**၊ မတ်လတွင်၊ ယခင် တရား လွှတ်တော်က၊ **မောင်ထွန်းအောင် နှင့် မအေးကြည်** (၆) စီရင်ထုံးဌာ—

"A marriage between Burmese Buddhists is created by *co-habitation* coupled with intent to become husband and wife. . ."

ဟူ၍ **မလှမယ်နှင့် မောင်လှဘော်** (၅) စီရင်ထုံးကို၊ မှီငြမ်းပြုကာ ဆုံးဖြတ်ထားသည်။

၁၉၃၇ ခုနှစ်၊ ဇန္နဝါရီလတွင် ယခင်တရားလွှတ်တော်ကမလှမယ်နှင့် **မောင်လှဘော်** (၅) စီရင်ထုံးကို အမှီသဟဲပြု၍၊ **မကျင်မြန့် နှင့် မောင်စစ်ဟန်** (၇) စီရင်ထုံးဌာ—

". . . To establish a marriage under Burmese Buddhist Law *there must be mutual agreement* that the parties become man and wife coupled with consummation. . ."

ဟူ၍ ဆုံးဖြတ်ချက်ချမှတ်သည်။

၁၉၄၀ ခုနှစ်တွင်၊ ယခင် တရားလွှတ်တော်က၊ **မောင်မောင်နှင့် မစိန်ကြည်** (၈) စီရင်ထုံးဌာ၊ အရွယ်ရောက်သည့်ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင် အကြင်လင်မယားဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန်၊ နှစ်ဦးသဘောတူညီမှုဆန္ဒ (Consent) ရှိရန်၊ လိုအပ်သည့်ပြင်၊ လင်မယားအဖြစ် ပေါင်းသင်းစပ်ယှက်မှု (Consummation) လည်း၊ လိုအပ်သည်ဟူ၍ ဆုံးဖြတ်ထားသည်။

မစွတာ လာဟီးရီနှင့် ဦးမြစိန် တို့ စိမံရေးသားသော မြန်မာဗုဒ္ဓဘာသာ တရားဥပဒေစာအုပ်များတွင်၊ ထိမ်းမြားလက်ထပ်ရေးနှင့် စပ်လျဉ်း၍၊ ၎င်းတို့၏ ထင်မြင်ယူဆချက်ကို ရေးသားဖော်ပြခြင်း မပြုဘဲ၊ **မလှမယ်နှင့် မောင်လှဘော်** (၅) စီရင်ထုံးကို မှီငြမ်းပြုပြီး၊ အကြင်ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင် လင်မယားဖြစ်ကြရန်၊

(၆) ရန်ကုန်စီရင်ထုံးအတွဲ ၁၄၊ စာမျက်နှာ ၂၁၅။
(၇) ၁၉၃၇ ခုနှစ်၊ **ရန်ကုန်စီရင်ထုံး** စာမျက်နှာ ၁၀၃။
(၈) ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာမျက်နှာ ၅၆၂။

၁၉၆၃

မောင်စန်း အောင် နှင့် မကြည်ကြည် ဇော။

ငင်းတို့ လင်မယားအဖြစ် ပေါင်းသင်းစပ်ယှက်မှု လိုအပ်ကြောင်း ရေးသားဖော်ပြသည်။

သို့သော်၊ ၁၉၃၇ ခုနှစ်၊ ဧပြီလတွင် **ဒေါက်တာ ဦးမောင်** (ယခင် တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးဟောင်းနှင့် တရားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်း) က၊ **မလှမယ်**နှင့် **မောင်လှဘော်** (၅) စီရင်ထုံး ဆုံးဖြတ်ထားချက် မှန်မမှန်နှင့်စပ်လျဉ်း၍၊ သံသယရှိသဖြင့်၊ ငင်းစီရင်ထုံး၌ ညွှန်းထားသည့် **ဦးဂေါင်းသခင်ပမျိမ်း**နှင့် **ဓမ္မသတ် ကျမ်းများ**ကို၊ အင်္ဂလိပ်ဘာသာပြန်အရသာမဟုတ်ဘဲ၊ မြန်မာဘာသာမူရင်းအတိုင်း၊ လေ့လာဝေဖန်၍၊ စီရင်ထုံးအကိုးအကားများဖြင့်၊ **စီစစ်ရှာဖွေရေး**သားသော မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ စာအုပ်တွင်—

> ". . . Enunciation of the principle that under Burmese Buddhist Law, consummation is essential to complete the status of husband and wife is neither necessary . . . nor justified by the *Dhammathats*. . ."

ဟူ၍ **မလှမယ်** နှင့် **မောင်လှဘော်** (၅) စီရင် ဆုံးဖြတ်ထားခြင်းကို ဆန့်ကျင်၍ ရေးသားဖော်ပြပြီး၊ အရွယ်ရောက်သည့် ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင် အကြောင်လင်မယားဖြစ်ကြရန်၊ ထိမ်းမြားလက်ထပ်ခရန်နှင့် စပ်လျဉ်း၍ —

> ". . ., marriage may be defined as the status created by *mutual consent* of the parties, otherwise competent, to enter into a permanent co-habitation, intending it to be a matter of publicity and notoriety. . ."

ဟူ၍ ငင်း၏ထင်မြင်ယူဆချက်ကို၊ ရေးသားဖော်ပြသည်။

သို့ပေါ်ပြားလည်း၊ ယခင်ရန်ကုန်မြို့၊ တရားလွှတ်တော်၊ တရားဝန်ကြီးများသည် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ ထိမ်းမြားလက်ထပ်ရေး အမှုများကို စီရင်ဆုံးဖြတ် ရာတွင်၊ ဒေါက်တာ ဦးမောင် ရေးသားဖော်ပြချက်ကို ထည့်သွင်း၍ စဉ်းစားခြင်း မပြုဘဲ၊**မလှမယ်** နှင့် **မောင်လှဘော်** (၅) စီရင်ထုံးဆုံးဖြတ်ထားချက်ကိုသာထည့်သွင်း စဉ်းစားကြမေသည်။

၁၉၆၂ ခုနှစ်၊ စက်တင်ဘာလတွင်၊ မန္တလေးမြို့ ရုံးထိုင်၊ ကျွန်ုပ်ကလည်း၊ **ဦးလှအောင်** နှင့် **ဒေါ်အမာ** (၉)အမှု၌၊ **ဒေါက်တာ ဦး မောင်** ရေးသားဖော်ပြချက်ကို၊ ထည့်သွင်း၍ မစဉ်းစားဘဲ၊ **မလှမယ်**နှင့် **မောင်လှဘော်** (၅)စီရင်ထုံး ဆုံးဖြတ်ချက်ကိုသာ၊ ထည့်သွင်း စဉ်းစားပြီး၊ ဦးလှအောင် နှင့် **ဒေါ်**အမာတို့သည် လင်မယားအဖြစ်ပေါင်း

(၉) ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၃ (ခ)။

သင်း စပ်ယှက်ခြင်း မရှိသဖြင့်၊ တရားဝင်လင်မယားမဟုတ်ဟူ၍ ဆုံးဖြတ်ချက်ချမှတ်သည်။

၁၉၆၃ ခုနှစ်တွင်၊ **ဒေါက်တာဦးမောင်မောင်** (တရားရုံးချုပ်၊ တရားသူကြီး) က မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ **ထိမ်းမြားလက်ထပ်ရေး**နှင့် စပ်လျဉ်း၍၊ ၎င်းစီမံရေးသားသော (LAW and CUSTOMS in BURMA and the BURMESE FAMILY) စာအုပ်တွင်

> ". . . To-day it is settled law and custom that the vital consent on which a marriage must be founded is that of the parties themselves. . . Consent of the parties to marry, their intention to enter the status of husband and wife, are the large factors in a marriage. . . One element of a valid marriage over which some doubt has been cast is consummation. . . A search for reliable authority on the question was made, only to discover the great dearth. . . Neither the customs of Burmese society to-day, nor the *Dhammathats* where they do touch on the subject, though lightly, seem to fully support the decision. . "

၍ရေးသားဖော်ပြထားသည့်ပြင်၊ ယခုခေတ်အခါ သမယတွင်၊ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားဘို ထိမ်းမြားလက်ထပ်ရေး ပြောင်းလဲ၍ လာသဖြင့်၊ **မလှမယ်**နှင့် **မောင်လှဘော်** (၅)စီရင်ထုံးဆုံးဖြတ်ထားချက်ကို၊ အခါအားလျော်စွာ၊ ပြန်လည်၍ သုံးသပ်ရန်၊ လိုအပ်ပြီဟု ထင်မြင်သည်။

ဘော်ပြပါ၊ **မလှမယ်**နှင့် **မောင်လှဘော်**(၅) စီရင်ထုံးတွင်အခြေခံထား၍ မှီငြမ်းပြုသည့် **ဦးဂေါင်းသခင်ပကျမ်း** ပုဒ်မ ၃၉ မှာ "မိဘနှစ်ပါးတို့ကတိထားခြင်းစသော ထိမ်းမြားခြင်း ၇ ပါး၏ အကြောင်း"။ ပုဒ် ၄၈ မှာ" ထိမ်းမြားခြင်း ၈ ပါးအဝင်၊ သမီး၏ မိဘတို့ထံခယမ္ဘိခို၍ နေသောကြောင့်၊ သမီးကိုထိမ်းမြားသောတရား"။ ပုဒ်မ ၄၉ မှာ "ထိမ်းမြားခြင်း ၈ ပါးအဝင်၊ သမီးတွင်းစွဲကပ်သော ရောဂါကိုကင်းလတ်အောင်၊ ကုသပါမည် ဆိုသောကြောင့်၊ သမီးကို ထိမ်းမြားသောတရား"။ ပုဒ်မ ၅၀ မှာ "ထိမ်းမြားခြင်း ၈ ပါးအဝင်၊ ယောကျ်ား မိန်းမ သူငယ်နှစ်ဦးတို့အလိုဆန္ဒထူးမြသောကြောင့်၊ သမီးကို ထိမ်းမြားသောတရား"။ (သို့သော်၊လင်မယားအဖြစ် ပေါင်းသင်းစပ်ယှက်ရန်လိုအပ်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။) ပုဒ်မ ၆၂ မှာ "သူ၏ သမီးဘဒယာက်ကို၊ အသင်းပေးကမ်းရည်မှန်းပြောဆိုပြီးသည့်နောက်၊ ယောကျ်ားသည် ဟန့်တားပြောဆိုယင်းမိန်းမကိုကာမမယူဘဲ၊ အစ်မ၊ ညီမ၊ ကျွန်မစသောအခြား

၁၉၆၃ မောင်စန်း အောင် နှင့် မကြည်ကြည် ၀၀။

မိန်းမကို မှားယွင်းကျူးလွန်မိသောတရား"။ ပုဒ်မ ၈၂ မှာ "မိဘနှစ်ပါးထိမ်းမြားသော ယောကျ်ားကို၊ သမီးက မနှစ်သက်၍ ငြင်းပယ်သောတရား"။ ပုဒ်မ ၈၇ မှာ၊ "မိဘနှစ်ပါး ထိမ်းမြားသော မိန်းမနှင့် ကာမ မရမီ၊ ယောကျ်ားသည် မှားယွင်းမိသော အခြားမိန်းမကို၊ ထိမ်းမြားသော မိန်းမက၊ မူပြစ်မမှုတိုက်သောတရား" စသည်တို့ကိုသာ ပြဋ္ဌာန်းထားသဖြင့်၊ အကြင်ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင် လင်မယားဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ် ပေါင်းသင်း စပ်ယှက်မှု လိုအပ်သည်ဟူ၍ တိုက်ရိုက်တိကျစွာပြဋ္ဌာန်း ထားခြင်းမရှိသည်မှာ ကောင်းစွာ ပေါ်လွင်သည်။ ထိုသို့ဖြစ်လျှင်၊ **မလှမယ်** နှင့် **မောင်လှဘော်** (၅) စီရင်ထုံးတွင်၊ယင်တရားလွှတ်တော်က၊ အကြင်ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင်လင်မယား ဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ် ပေါင်းသင်း စပ်ယှက်မှု လိုအပ်သည်ဟု ဆုံးဖြတ်ထားခြင်းမှာ၊ **ဦးဂေါင်းသခေါ်ပကျမ်း ကော၀်နုတ်ချက်များမှ သွယ်ဝိုက်၍** ယူဆဆုံးဖြတ်ခြင်းသာ ဖြစ်သည်ဟု ယူဆရပေမည်။

ထို့ပြင် ၊ဆာ-ဂျန်၊ ဂျာဒင်းနှင့် ထိုစဉ်အခါ၌ ရှိကြသော တရားဝန်ကြီးများ ဦးမေအောင် စသော ဥပဒေပါရဂူကြီး တို့ကလည်း၊ မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ ထိမ်းမြား လက်ထပ်ရေးကို လေ့လာရာတွင်၊ ဦးဂေါင်းသခေါ်ပကျမ်း၊မွေ့သတ်အရပ်ရပ် ကျမ်းများ၊ စီရင်ထုံးများ တို့ကို၊ ယခင်ရန်ကုန်မြို့၊ တရားလွှတ်တော်က၊**မလှမယ်** နှင့် **မောင်လှဘော်** (၅) စီရင်ထုံး၌၊ လေ့လာသကဲ့သို့၊ လေ့လာကြပြီး၊ အကြင်ယောကျ်ား နှင့် မိန်းမတို့သည် တရားဝင်လင်မယား ဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ် ပေါင်းသင်း စပ်ယှက်မှုရှိရန်၊ လိုအပ်သည်ဟု ရေးသားဖော်ပြခြင်း မပြုသည်ကို ထောက်ရှုလျှင်၊ **မလှမယ်** နှင့် **မောင်လှဘော်** (၅) စီရင်ထုံးတွင်၊ ညွှန်းထားသည့် ဦးဂေါင်း သခေါ်ပကျမ်း ပုဒ်မ-၃၉၊ ၄၈၊ ၄၉၊ ၅၀၊၆၂၊ ၈၂ နှင့် ၈၇ အရ၊ ပြဋ္ဌာန်းချက်များကို လက်မခံပယ်ခဲ့သောကြောင့်သာ ဖြစ်သည်ဟု ယူဆရန်ဖြစ်ပေသည်။

ထိုမှတပါး၊ ယခုခေတ်အခါသမယတွင်၊ အကြင်ယောကျ်ားနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်း နေထိုင်လိုသော သဘောတူညီမှု ဆန္ဒရှိကြသည့်အခါ၊ (အများအားဖြင့်)၊ ၎င်းတို့သည် လူကြီးမိဘပရိသတ်များရှေ့တွင်၊ ဘိသိတ်သရောက၊ ၎င်းတို့အား ထုံးစံလေ့အရ၊ ထိမ်းမြားလက်ထပ်ပြီး၊ သတို့သားနှင့် သတို့သမီးတို့သည် ထိုနေ့ ထိုအခါမှစ၍ လင်မယားဖြစ်ကြပြီဟူ၍ ကျေညာလိုက်သည်နှင့် တပြိုင်နက်၊ လူကြီး မိဘပရိသတ်တို့က၊ ၎င်းတို့သည် လင်မယားဖြစ်ကြပြီဟူ၍ အသိအမှတ်ပြုကြလေသည်။ သတို့သားနှင့် သတို့သမီးတို့ကလည်း၊ ထိုအခါမှစ၍၊ ၎င်းတို့ယခင်ကကဲ့သို့ အပျိုလူပျိုများမဟုတ်ကြတော့ဘဲ၊ လင်မယားဖြစ်ကြပြီဟု စိတ်ထားရှိကြ ပေသည်။ ၎င်းတို့နှင့် ခင်မင်ရင်းနှီး သိကျွမ်းသူများကလည်း၊ ၎င်းတို့အား ယနေ့ကလိုအပျို

လူပျိုများ ဖြစ်ကြသည်ဟု အစဲ့အလမ်းမပြုကြတော့ဘဲ၊ ငင်းတို့လင်မယား အိမ်ထောင်သည်များ ဖြစ်သည်ဟု ယုံကြည်ယူဆကြလေသည်။

ဒေါက်တာ ဦးမောင်မောင် မောင်နှံအောင် နှိုင်းမကြည်ကြည် ၀၀။

ထိုပြင်လည်း၊ တရားသူကြီး **ဒေါက်တာ ဦးမောင်မောင်** ၎င်း၏စာအုပ်တွင်ရေးသား ဖော်ပြထားသည့်အတိုင်း၊ ယခုအခါတွင်၊ အကြင်ယောကျ်ားနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လိုကြသော သဘောတူညီမှု စိတ်ဆန္ဒရှိကြသည့်အခါ၊ ၎င်းတို့သည် ရာဇဝတ်တရားသူကြီး တဦးဦးထံသို့သော်၎င်း၊ တရားရုံးတရားသူကြီး တဦးဦးထံသို့သော်၎င်း၊ သွား၍ သက်သေများရှေ့တွင်၊ ၎င်းတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လိုကြသော သဘောတူညီမှု ဆန္ဒရှိကြောင်း။ ထို့သို့ရှိသော စိတ်ဆန္ဒအတိုင်း၊ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ကြမည်ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆို၍ ထိမ်းမြားလက်ထပ်လေ့ ရှိကြသည်။ ၎င်းတို့ ထို့သို့ ထိမ်းမြားလက်ထပ်ကြပြီးသည့်နောက်၊ ၎င်းတို့သည် အကြင် လင်မယားဖြစ်ကြပြီဟူ၍ ယုံကြည်ယူဆကြသည်။ မြင်သူတို့ကလည်း၊ ၎င်းတို့နှစ်ယောက်အား၊ အပျိုလူပျိုများပင်ဖြစ်ကြသည်ဟု မယူဆကြတော့ဘဲ၊ လင်မယားဖြစ်ကြပြီ ဟူ၍ အသိအမှတ်ပြုကြပေသည်။

သို့ဖြစ်သောကြောင့်၊ **မလှမယ်** နှင့် **မောင်လှ**(ခ) စီရင်ထုံးတွင်၊ အကိုးအကားပြုသည့် ဦးငေါင်းသခေါ်ပကျမ်း ပုဒ်မများ၌ ပြဋ္ဌာန်းချက်များသည် **ဦးမေအောင်** ရေးသားသည့် မြန်မာဗုဒ္ဓဘာသာတရားဥပဒေ ထိမ်းမြားလက်ထပ်ရေးစာအုပ်တွင်—

> ". . . We cannot apply the principle or practice of the *Dhammathats* to the *changed society* without modification ; and in the moulding of the law it is of great importance that the Judges should modify the old rules in the line of the present customs and opinions rather than that of a *bye-gone* day. . . Care must be taken in applying to cases at the present day principles derived from an *archaic society* and how materially affected in their application by the existing order of things. . ."
>
> The Burmese marriage is purely a *civil and consensual contract* even at the present day. . ."

ဟူ၍ရေးသားဖော်ပြသည့်အတိုင်း(ရှေးပရေသဏီ အခါကာလက၊ ပြုလုပ်လေ့ရှိသော ထုံးတမ်းစဉ်လာ၊ ဓလေ့များသာဖြစ်၍၊ ခေတ်မမှီ နောက်ကျနေမြဲဖြစ်သဖြင့်၊ ယခုခေတ်အခါသမယ ထိမ်းမြားလက်ထပ်ရေးနှင့် စပ်လျဉ်းသည့် အမှုများကို၊ စီရင်ဆုံးဖြတ်ရာတွင်၊ တရားရုံးများက၊ အဆိုပါပြဋ္ဌာန်းချက်များအပေါ်၊ အခြေခံအုတ်မြစ်

၁၉၆၃
မောင်စန်း
အောင်
နှင့်
မကြည်ကြည်
ဝေ။

အနေဖြင့်မိုဥြမ်းပြုရန်၊ လျှောက်ကန်သင့်မြတ်မည့် မဟုတ်ဟု ထင်မြင်ယူဆသည့်အတွက်၊ **မလှမယ်** နှင့် **မောင်လှဘော်**(၅) စီရင်ထုံးနှင့် **ဦးလှအောင်** နှင့် **ဒေါ်အမာ**(၉) စီရင်ထုံးတို့တွင်၊ ဆုံးဖြတ်ထားချက်များကို၊ သွေဖယ်ခွောင်လွဲဆန့်ကျင်လျက်၊ ယခု ပေါ်ပေါက်လာသည့် ပြဿနာကို မြန်မာဗုဒ္ဓဘာသာတရားဥပဒေ ထိမ်းမြားလက်ထပ်ရေး အရ၊ အရွယ်ရောက်သည့် ယောကျ်ားနှင့် မိန်းမတို့သည် တရားဝင်အကြောင်လင်မယားဖြစ်ကြရန်၊ ၎င်းတို့ လင်မယားအဖြစ်၊ လူသိနတ်ကြား အမြဲတစေပေါင်းသင်း နေထိုင်ရန်၊ သဘောတူညီမှုဆန္ဒ (Consent) သာရှိရန်လိုအပ်ပြီး၊ လင်မယားအဖြစ် ပေါင်းသင်း စပ်ယှက်မှု (Consummation) ရှိရန်မလိုအပ်ဟူ၍ ဆုံးဖြတ်ဖြေဆိုသည်။

ဤအမှုတွင် လျှောက်ထားခံရသူ မကြည်ကြည်ဝေ ကဇင်းနှင့် လျှောက်ထားသူ မောင်စန်းအောင်တို့သည် လင်မယားအဖြစ် လူသိနတ်ကြား အမြဲတစေ ပေါင်းသင်း နေထိုင်ရန် သဘောတူညီမှု ဆန္ဒရှိပြီး မန္တလေးမြို့၊ ဆဋ္ဌမရာဘက် ရာဇဝတ်တရားသူကြီးထံ၌၊ သက်သေခံအမှတ် (၁) ကျမ်းကျိန်ချက်အရ၊ ထိမ်းမြားလက်ထပ်ကြသည်ဟု ထွက်ဆို၍၊ လျှောက်ထားသူ မောင်စန်းအောင် ကလည်းဇင်းနှင့် လျှောက်ထားခံရသူ မကြည်ကြည်ဝေတို့သည် လင်မယားအဖြစ် လူသိနတ်ကြား အမြဲတစေ၊ ပေါင်းသင်း နေထိုင်ရန် သဘောတူညီမှု ဆန္ဒရှိပြီး၊ မန္တလေးမြို့၊ ဆဋ္ဌမရာဘက် ရာဇဝတ် တရားသူကြီးထံ၌၊ သက်သေခံအမှတ် (၈) ကျမ်းကျိန်ချက်အရ၊ ထိမ်းမြားလက်ထပ်ကြသည်ဟု အမှုတွဲပေါ် တွင် ပေါ် လွင်စေသည့်အတွက် ၎င်းတို့သည် အထက်ပေါ်ပြပါဆုံးဖြတ်ချက်အရ၊ ဆဋ္ဌမရာဘက် ရာဇဝတ် တရားသူကြီးထံ၌ ကျမ်းသစ္စာ ကျိန်ဆို၍ ထိမ်းမြားလက်ထပ်ကြသည့် အချိန်အခါမှစ၍ပြီး၊ တရားဝင် အကြောင်လင်မယား ဖြစ်ကြသည်ဟု ပေါ် ပေါက်လာသည့် ဒုတိယပြဿနာကို ဖြေဆိုသည်။

၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် လျှောက်ထားသူ မောင်စန်းအောင်နှင့် လျှောက်ထားခံရသူ မကြည်ကြည်ဝေတို့သည် မန္တလေးမြို့၊ ဆဋ္ဌမရာဘက် ရာဇဝတ် တရားသူကြီးထံ၌၊ ကျမ်းသစ္စာကျိန်ဆို၍ ထိမ်းမြား လက်ထပ်ကြပြီး သည့်နောက်၊ ၁၉၆၀ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် လျှောက်ထားသူ မောင်စန်းအောင်က လျှောက်ထားခံရသူ မကြည်ကြည်ဝေထံသို့ "ခင်ဗျားနှင့်ကျွန်တော် တယောက်နှင့်တယောက် ပြတ်စဲဘို့ကိစ္စတွင်၊ ခင်ဗျားကို ကျွန်တော်ကတော့ ယခုလည်းမပေါင်းဘူး၊ နောင်လည်း မပေါင်းဘူး၊ ဘယ်တော့မှလည်း မပေါင်းဘူး။ အဲဒါကြောင့် ခင်ဗျားနှင့်ကျွန်တော် ပြတ်စဲဘို့ကိစ္စဟာ လူကြီးစုံရာကဲပြတ်စဲမလား၊ ဒါမှမဟုတ်လျှင် လက်မှတ်ထိုး၍ ပြတ်စဲမလား။ ခင်ဗျားကြိုက်ရာရွေးပါ...." ဟူ၍ လင်မယားအဖြစ်မှ ပြတ်စဲရန် အကြောင်း စာရေး ပေးသည်ကို ထောက်ရှုလျှင်၊ လျှောက်ထားသူ မောင်စန်းအောင်

၁၉၆၃

မောင်စန်းအောင် နှင့် မကြည်ကြည်ဝေ။

သည် လျှောက်ထားခံရသူ မကြည်ကြည်ဝေနှင့် ရုံးတွင် ကျမ်းသစ္စာကျိန်ဆို၍ ထိမ်းမြား လက်ထပ်ကြသည့် နေ့မှစ၍ တရားဝင် အကြင်လင်မယား ဖြစ်ကြသည်ဟု ထင်မြင်ယူဆကြောင်း မငြင်းနိုင်အောင် ပေါ်လွင်သဖြင့် ဤအချက်သည် ပေါ်ပြခဲ့သည့် လျှောက်ထားသူ မောင်စန်းအောင်နှင့် လျှောက်ထားခံရသူ မကြည်ကြည်ဝေတို့သည် ရုံး၌ ကျမ်းသစ္စာကျိန်ဆို၍ ထိမ်းမြားလက်ထပ်ကြခြင်းဖြင့်၊ တရားဝင် အကြင်လင်မယား ဖြစ်ကြသည်ဟု ထင်မြင်ယူဆချက်ကို ထပ်လောင်း၍ ထောက်ခံပေသည်။

လျှောက်ထားခံရသူ မကြည်ကြည်ဝေရရှိသော ကလေးမှာ လျှောက်ထားသူ မောင်စန်းအောင်နှင့် ရရှိသော ကလေးဖြစ်သည်ဟု မူလရုံးနှင့် အောက်အယူခံရုံးတို့က အမှုအကြောင်းခြင်းရာ သက်သေခံချက်များအရ ဆုံးဖြတ်ထားသည်ကို ဤရုံးက ဝင် ရောက်စွက်ဖက်ရန် ခိုင်လုံသော အကြောင်းမရှိသဖြင့် လျှောက်နန်သင့်မြတ်မည်မဟုတ်ဟု ထင်မြင်သည်။

သို့သော် ကလေးမှာ တရားစွဲဆိုစဉ်အခါ၌ ၂ နှစ်နှင့် ၄ လသာရှိ၍၊ ယခုအခါ ၎င်း၏အသက်မှာ ၄ နှစ်လောက်ပင် ရှိဦးမည်ဖြစ်သဖြင့်၊ နေထိုင်ရေး (lodging) နှင့် ပညာသင်ရေးအတွက် စရိတ်ကုန်ကျမည်မဟုတ်ဘဲ၊ [redacted]ရေးနှင့် ဝတ်ရေးအတွက် သာ စရိတ်ကုန်ကျမည်ဖြစ်သည့်အတွက် လျှောက်ထားသူ မောင်စန်းအောင်၏ အဆင့် အတန်းနှင့်စာသော် ကလေးအတွက် တလလျှင် ၂၅ ပေးစေခြင်းမှာ အနည်းငယ် များသည်ဟု[redacted]ထင်မြင်သဖြင့် ၎င်းအား တလလျှင် ၁၅ သာ ပေးစေလျှင် မနည်းမများ တရားမျှတမှုရှိမည်ဟု ယူဆသည်။

အထက်ပေါ်ပြပါ အကြောင်းအရာများကြောင့်၊ လျှောက်ထားသူ မောင်စန်း အောင်အပေါ် အောက်ရုံးက၊ ကလေးအတွက် တလလျှင် စားစရိတ် ငွေ ၂၅ ပေးရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး၊ လျှောက်ထားသူ မောင်စန်းအောင် သည်ကလေး အတွက် တလလျှင် စားစရိတ်ငွေ ၁၅ ပေးရန်နှင့် အောက်ရုံးက လျှောက်ထားသူ မောင်စန်းအောင်သည် လျှောက်ထားခံရသူ မကြည်ကြည်ဝေ အားစားစရိတ်၊ တလ လျှင် ၃၅ ပေးရန် ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်ရန် ခိုင်လုံသော အကြောင်း မရှိသဖြင့် အတည်ပြု၍ ၎င်း၏ပြင်ဆင်မှုကို စရိတ်ဖြင့် ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးလွှဲနေကြီးခမှာ ၅၁ ဖြစ်စေရမည်။

တရားမအယူခံ

တရားသူကြီးချုပ် ဦးဘိုကြီးရွှေတွင်

† ၁၉၆၃

ဒီဇင်ဘာလ ၂၁ ရက်။

ဦးစံရင်ပါ ၂ (အယူခံတရားလို)

နှင့်

ဦးဝက်ပါ ၂ (အယူခံတရားခံ)*

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ (၄) ၁၉၅၀ ပြည့်နှစ်၊ အထူးကာလစည်းကမ်းသတ်နှင့်အတိုး ကန့်သတ်ရေး အက်ဥပဒေ—သူပုန်စိုးမိုးသည့်ကာလ နုတ်နိုင် မနုတ်နိုင်။

အယူခံတရားခံများက အယူခံတရားလိုများအပေါ် လက်ရောက် ရလိုမှု တရားစွဲဆိုရာ၌၊ အယူခံတရားလိုများကငင်းထို့သည်၊ အခြင်းဖြစ်အိမ်နှင့်၊ မြေပေါ် တွင်ပိုင်ရှင်အားဆန့်ကျင်၍ ၁၂ နှစ်ကျော် လက်ရှိနေထိုင်ခဲ့ကြောင်း ထုချေရာ၊ အောက်ရုံးနှစ်ရုံးလုံးက ထိုအချက်ကိုလက်ခံခဲ့သော်လည်း၊ အခင်းဖြစ်ပစ္စည်းများရှိရာဒေသတွင် သောင်းကျန်းသူများစိုးမိုးခဲ့သဖြင့်၊ ၁၉၅၀ ခုပြည့်နှစ် အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေအရ၊ ထိုစိုးမိုးသောကာလကို ထုတ်ပယ်လျှင်၊ အမှုမှာကာလစည်းကမ်းသတ်အတွင်းဝင်ကြောင်း၊ အဆုံးအဖြတ်ပြုကြလေသည်။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ (၄)ပါ ပြဋ္ဌာန်းချက်များ အရမှာ၊ တရားရုံးပိတ်ထားသည့်ရက်များကို ကာလစည်းကမ်းသတ် အချိန်အပိုင်းအခြားမှနုတ်ရမည်မဟုတ်။ တရားရုံးပိတ်ထားသည့် ကာလအတွင်း၊ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေလျှင်၊ ရုံးဖွင့်သည့်နေ့၌ အမှုကိုတင်နိုင်သည်ဟုသာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

မက်(ခ်)ဘူး(လ်)အာမက် နှင့် အွန်ကာဟရတပ်။ အေ၊ အိုင်၊အာ(ရ်)၊ ၁၉၅၃ခု၊ ပရီဗီကောင်စီ၊စာမျက်နှာ ၇၅ ကို ရည်ညွှန်းသည်။

ထို့ကြောင့် သူပုန်များစိုးမိုးသည့် ကာလအချိန်အပိုင်းအခြားကို၊ ကာလ စည်းကမ်းသတ်အချိန်အပိုင်းအခြားမှ မနုတ်နိုင်ပေ။

အယူခံတရားလိုအတွက်။ ။ဦးဘဆွေ။

အယူခံတရားခံအတွက်။ ။ဦးအေးမောင်။

တရားသူကြီးချုပ်ဦးဘိုကြီး။ ။အယူခံတရားခံ ဦးဝက်နှင့် ဒေါ်မလေးတို့သည်၊ ပြည်မြို့နယ်၊ပျဉ်းမအိုင်ရွာရှိ အခင်းဖြစ်အိမ်နှင့် မြေယာကို မိမိတို့အား မူလပိုင်ရှင်

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၁၁။

† ၁၉၆၀ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆ တွင် ၁၉၆၂ ခု၊ အောက်တိုဘာလ ၂၉ ရက် နေ့စွဲပါ၊ ပြည်မြို့ရာဘက်ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

ဦးဘိုးလွန့် ဒေါ်အုန်းပွင့်တို့၏ အမွေစားအမွေခံများက ၁၉၆၀ ခုနှစ်၊ မတ်လ ၁၅ ရက် နေ့စွဲပါ မေတ္တာအလျောက် အပြီးအပိုင် မှတ်ပုံတင်စာချုပ်ဖြင့် ပေးကြောင်းနှင့် ထိုပစ္စည်းများကို အယူခံတရားလို ဦးစံရင်နှင့် ဒေါ်ကြဲတို့ထံမှ လက်ဆောက်ရလိုမှု တရားစွဲဆိုခဲ့လေသည်။ အယူခံတရားလိုတို့ကမိမိတို့သည် ၁၂ နှစ်ကျော် အခင်းဖြစ်အိမ်တွင် မည်သူ၏ထံမှ အခွင့်အမိန့်တောင်းခံခြင်းမပြုဘဲ ဆန့်ကျင် လက်ရှိနေထိုင်ခဲ့ကြောင်းဖြင့် ချေပ၏။ မူလရုံးသည်၎င်း၊ ပဌမအယူခံရုံးသည်၎င်း အယူခံတရားလိုတို့ ချေပသည့်အတိုင်း၊ ၎င်းတို့သည် ထိုအိမ်နှင့်မြေပေါ်တွင် ပိုင်ရှင်အား ဆန့်ကျင်၍ ၁၂ နှစ်ကျော် လက်ရှိနေထိုင်ခဲ့ကြောင်း တွေ့ရှိကြလေသည်။ အမှန်အားဖြင့်ဆိုလျှင် အယူခံတရားခံတို့၏ အဆိုလွှာဥပဒေ အယူခံတရားလိုတို့သည် အခင်းဖြစ်အိမ်နှင့် မြေတွင် မူလပိုင်ရှင်၏ အခွင့်အမိန့် တစုံတရာမရရှိဘဲ ချဉ်းနင်းတက်ရောက် နေထိုင်ကြသည်ဟု ဖေါ်ပြထားလေသည်။ ထို့ကြောင့် အယူခံတရားလိုတို့သည် အခင်းဖြစ်အိမ်နှင့် မြေတွင် တရားစွဲဆိုခြင်းမပြုမီ ၁၂ နှစ်ကျော် ဆန့်ကျင်နေထိုင်ခဲ့သည်ဟု ယူဆရမည် ဖြစ်သည်။

၁၉၆၃

ဦးစံရင် ပါ ၂ နှင့် ဦးဝက် ပါ ၂။

အောက်ရုံး ၂ ရုံးက ယင်းသို့ယူဆသော်လည်း၊ အခင်းဖြစ်ပစ္စည်းများရှိရာ ဒေသတွင် သောင်းကျန်းသူများ စိုးမိုးခဲ့သဖြင့်၊ ၁၉၅၀ ပြည့်နှစ် အထူးကာလစည်းကမ်းသတ်နှင့် အဘိုးကန့်သတ်ရေး အက်ဥပဒေ ပုဒ်မ ၂ ပါ ပြဋ္ဌာန်းချက်များအရ၊ ထိုသို့ သူပုန်များ စိုးမိုးသည့် အချိန်ကာလ အပိုင်းအခြားကို၊ အယူခံတရားလိုများ ဆန့်ကျင်နေထိုင်သော ၁၂ နှစ်ကျော်ကာလမှနုတ်ပယ်လျှင် အယူခံတရားခံတို့၏အမှုကို ကာလစည်းကမ်းသတ် အတွင်း စွဲဆိုသည်ဟု ယူဆရမည်ဖြစ်ကြောင်းနှင့် အဆုံးအဖြတ်ပြုကြလေသည်။ အဆိုပါ အက်ဥပဒေပုဒ်မ ၂ မှာအောက်ပါအတိုင်းဖြစ်သည်။

> "၂။ ။သောင်းကျန်းသူများ၏ လက်တွင်းသို့ ကျရောက်သော မည်သည့် အရပ်ဒေသတွင်မဆို၊ တရားမရုံးများသည် တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တရပ်သိမ်းသည့် နေ့မှစ၍၊ နိုင်ငံတော်သမတက ထိုအရပ်ဒေသအတွက် အမိန့်ထုတ်ပြန် သတ်မှတ်သည့် နေ့အထိ၊ ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ၏ အနက်အဓိပ္ပါယ်အရ၊ ပိတ်ထားသည်ဟု မှတ်ယူရမည်။"

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအရမှာ တရားရုံး ပိတ်ထားသည့်ရက်များကို ကာလစည်းကမ်းသတ် အချိန်အပိုင်းအခြားမှ နုတ်ရမည် မဟုတ်။ တရားရုံးပိတ်ထားသည့် ကာလအတွင်း အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေလျှင် ရုံးဖွင့်သည့်နေ့၌ အမှုကို တင်နိုင်သည်ဟုသာ ပြဋ္ဌာန်းခြင်းဖြစ်သည်။

၁၉၆၃

ဦးစံရင် ပါ ၂ နှင့် ဦးဝက် ပါ ၂။

ဤအချက်နှင့်စပ်လျဉ်း၍ မာစ်(ခ်)ဘူး(လ်)အာမက်နှင့် အွန်ကာပရာတပ် (၁) အမှု တွင် အောက်ပါအတိုင်း မြွက်ကြားခဲ့၏။

". . . It is to be noted that there is a marked distinction in form between section 4 and section 14. The language employed in section 4 indicates that it has nothing to do with computing the prescribed period. What the section provides is that, where the period prescribed expires on a day when the Court is closed, notwithstanding that fact, the application may be made on the day that the Court reopens; so that there is nothing in the section which alters the length of the prescribed period; whereas in section 14 and other sections of a similar nature in the Act, the direction begins with the words: 'In computing the period of limitation, prescribed for any application,' certain periods shall be excluded."

ဤမြွက်ဟချက်များသည် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ နှင့် ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပေသည်။

ထို့ကြောင့် သူပုန်များ စိုးမိုးသည့် ကာလအချိန်အပိုင်းအခြားကို ကာလစည်းကမ်း အချိန်အပိုင်းအခြားမှ မနုတ်နိုင်ပေ။ အယူခံတရားခံများ၏ အဆိုအရငင်း၊ အောက်ရုံး ၂ ရုံး တွေ့ရှိချက်များအရငင်း အယူခံတရားလိုတို့သည် အခင်းဖြစ်အပြီးနှင့် မြေတွင်ပိုင်ရှင်များအား ဆန့်ကျင်၍ ၁၂ နှစ်ကျော် နေထိုင်ခဲ့သည်ဖြစ်ရကား၊ အယူခံတရားခံတို့သည် ဤအမှုကို စွဲဆိုခြင်းမပြုနိုင်တော့ပေ။

ထို့ကြောင့် အောက်ရုံး ၂ ရုံး၏ အမိန့်နှင့်ဒီကရီများကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ဤရုံးရွှေ့နေခမျာ ၅၀ ဖြစ်စေရမည်။

(၁) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၅ ပရီဗီကောင်စီ၊ စာ ၈၅။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုးကြီး နှင့် တရားသူကြီး ဦးစံမောင်ရွှေတွင်

ဦးပုပ္ပရမ္မ (စောဒက)

နှင့်

နိုင်ငံတော်ဝိနိုယန္တပါ ၉ (စုဒိတကများ) *

† ၁၉၆၃ နိုဝင်ဘာလ ၁ ရက်။

အမှုခေါ်စာချုပ်ထော် အမှုကိုမပစ်ဘဲ—အမှုစွဲဆိုသည့်ကိုယ်တော်ကို ဖယ်ရှားစေရန် ချမှတ်သည့် မြို့နယ်ဝိနိစ္ဆယဌာန၏အမိန့်—ပယ်ဖျက်ရန်သင့်ခြင်းယူဆချက်များသာ ဖြစ်သော အဆုံးဖြတ် များပယ်ဖျက်ရန်မလိုခြင်း။

အယူခံစောဒကသည်၊ အခင်းဖြစ်ကျောင်းသည် ဂဏသံသိက ကျောင်းဖြစ်သည်ဟု ဆိုပြီး ကျောင်းထိုင်ပုဂ္ဂိုလ်အနေနှင့် အယူခံစုဒိတကများအား ထိုကျောင်းမှ ဖယ်ရှားရန် အမှုစွဲဆိုခဲ့ လေသည်။

ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာနက အဆိုပါကျောင်းသည် ပုဂ္ဂလိကပိုင်ကျောင်း ဖြစ်သည်ဟုဆိုကာ၊ အမှုကိုမပလပ်ဘဲ အယူခံစောဒကအား ဖယ်ရှားစေရန်အမိန့် ချမှတ်ခဲ့သည်။ အယူခံစောဒကက ထိုအမိန့်ကိုမကျေနပ်၍၊ ခရိုင်ဝိနိစ္ဆယဌာနသို့ စောဒကဝင်ရာ၊ ကျောင်းကိုအမှုတွင် သက်သေတဦး သာ ဖြစ်သည့် ဆရာတော်တပါးပိုင်သည့် ပုဂ္ဂလိကမိုင်ကျောင်းဟု ဆုံးဖြတ်ပြီး၊ အားထုံးဆင့်သင့် မြတ်မြတ် သိတင်းသုံးကြရန်ဆုံးဖြတ်၏။ နိုင်ငံတော်ဝိနိစ္ဆယဌာနဌာ၊ ပိုင်ဆိုင်မှုကို ထိုသို့ပင်ဆုံးဖြတ် သော်လည်း၊ အားလုံးသိသောင်းဆုံးရန်ဆုံးဖြတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်၏။

အယူခံစောဒကက ထိုအမိန့်များကို မကျေနပ်၍ အမှုခေါ် စာချုပ်တော်ထုတ်ဆင့်ရန် လျှောက် ထားရာ။

ဆုံးဖြတ်ချက်။ ။အမှုနှစ်အားဖြင့်ဆိုသော် အယူခံစောဒကတရားစွဲဆိုသော ဝိဝါဒါဓိကရုဏ်း မှုတွင်၊ အထောက်ထားမရှိလျှင်၊ မြို့နယ်ဝိနိစ္ဆယဌာနကအမှုကို ပယ်ရန်သာရှိသည်။ ထိုကျောင်းမှ ဖယ်ရှားစေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ပေ။ ထို့ကြောင့် ထိုအမိန့်ကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

ကျန်အဆုံးအဖြတ်များမှာ ယူဆချက်များသာ ဖြစ်သောကြောင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

စောဒကအတွက်။ ။ဦးဘသန်း (၁)။

စုဒိတကများ (၁) အတွက်။ ။ဦးလှသင်း (အစိုးရရှေ့နေ)။

(၄ မှ ၉) အတွက်။ ။ဦးသုဇ (၂)။

---

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၁၆။

† ရန်ကုန်မြို့၊ နိုင်ငံတော်ဝိနိစ္ဆယဌာန၏စောဒနာဝင်မှုအမှတ် ၄/၅၉ တွင်၊ ၁၉၆၃ ခု၊ ဇူလိုင်လ ၂၆ ရက်၊ နှုန်းဖြင့် ချမှတ်သော ဆုံးဖြတ်ချက်ကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်ရန် လျှောက်ထားခြင်း။

၁၉၆၃

ဦးပုပ္ပရမ္မ နှင့် နိုင်ငံတော် ဝိနိစ္ဆယ ပါ ၉။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ ဤမူခင်း၏ နောက်ကြောင်းရာဇဝင်ကို ဤရုံး ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေမူအမှတ် ၆၀ တွင် ဖေါ်ပြခဲ့ပြီးဖြစ်သဖြင့် ထပ်လောင်း၍ ဖေါ်ပြရန် မလိုတော့ပေ။ ဤရုံး မေတ္တာရပ်ခံခဲ့သည့်အတိုင်း နိုင်ငံတော် ဝိနိစ္ဆယဌာနကို အသစ်ဖွဲ့စည်း၍ ဤဝိဝါဒါဓိကရဏ်းမှုကို အဆုံးအဖြတ် ပြုတော်မူကြလေသည်။

အယူခံ စောဒက ဦးပုပ္ပရမ္မ အဆိုပြုသည်မှာ၊ ယခုအခင်းဖြစ် မုဒုံမြို့နယ် ကွမ်လှာရွာရှိ ကွမ်လှာကျောင်းသည် ဂဏသံဃိကကျောင်း ဖြစ်ပြီး မိမိသည် ထိုကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ် သီတင်းသုံး၍ အခြားသီတင်းသုံးဖေါ်များဖြစ်သော အယူခံ စုဒိတကများဖြစ်သည့် ဦးခေမာဝံသနှင့် အပေါင်းပါ ရဟန်းငယ် ၆ ပါးတို့အား အုပ်ချုပ်ကွပ်ကဲခဲ့ရာ၊ ထိုရဟန်းငယ်များက မိမိ၏အုပ်ချုပ်မှုကို ဆန့်ကျင်သဖြင့်၊ ထို ကွမ်လှာကျောင်းမှ ထွက်ခွါဖယ်ရှားစေရန် ဝိဝါဒါဓိကရဏ်းမှု စွဲဆိုခြင်းဖြစ်သည်။ မုဒုံမြို့နယ် ဝိနိစ္ဆယဌာနက အဆိုပါကွမ်လှာကျောင်းသည်၊ ဂဏသံဃိကကျောင်း မဟုတ်၊ ပုဂ္ဂလိကပိုင်ကျောင်းဖြစ်ပြီး၊ ဦးခေမာဝံသအဘို့ ရည်မှန်းထားသောကျောင်း ဖြစ်ကြောင်း တွေ့ရှိတော်မူကြသည်။ ယင်းသို့ တွေ့ရှိသည်တွင်၊ တရားစီရင်ရေး သဘော အတိုင်းဆိုလျှင်၊ ဦးပုပ္ပရမ္မ၏အမှုကို ပလပ်ရန်သာရှိသည်။ ထိုသို့ပလပ်ခြင်းမပြုဘဲ မုဒုံမြို့နယ် ဝိနိစ္ဆယဌာနသည် ဦးပုပ္ပရမ္မအား အခင်းဖြစ်ကျောင်းမှ ထွက်ခွါဖယ်ရှားစေရန် အမိန့်ချမှတ်တော် မူကြလေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ဦးပုပ္ပရမ္မ မော်လမြိုင်ခရိုင် ဝိနိစ္ဆယဌာနထံ စောဒကဝင်ရာတွင် ခရိုင်ဝိနိစ္ဆယဌာနက ကွမ်လှာကျောင်းသည် ဝိဝါဒါဓိကရဏ်းမှုတွင် အမှုသည်အဖြစ် မပါဝင်သော သက်သေအဖြစ် သာလျှင် သက်သေခံသော နှစ်ကိုင်းဆရာတော် မိုဂ် ပုဂ္ဂလိကကျောင်း ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြ၍၊ ဦးပုပ္ပရမ္မသည် ဦးခေမာဝံသ အပါအဝင် ရဟန်းငယ် ၆ ပါးနှင့် သင့်မြတ်စွာ အတူတကွ သီတင်းသုံး၍ နိဗ္ဗာန်ရောက်ကြောင်းတရား အားထုတ်ကြရန် အဆုံးအဖြတ် ပြုတော်မူကြ၏။ နိုင်ငံတော်ဝိနိစ္ဆယဌာနက အဆိုပါကျောင်းသည် နှစ်ကိုင်းဆရာတော်ပိုင် ပုဂ္ဂလိကကျောင်းဖြစ်ကြောင်း ဆုံးဖြတ်တော်မူကြပြီး ခရိုင်ဝိနိစ္ဆယဌာနက ဦးပုပ္ပရမ္မ၊ ဦးခေမာဝံသနှင့် အခြားသီတင်းသုံးဘော်ဖြစ်သော ရဟန်းများအတူတကွ သီတင်းသုံးကြရန် ချမှတ်သောအမိန့်ကို ပယ်ဖျက်လိုက်သည်။

ဦးပုပ္ပရမ္မ၏ ပညာရှိရွှေနေကြီးက မော်လမြိုင်ခရိုင် ဝိနိစ္ဆယဌာနသည်၎င်း၊ နိုင်ငံတော် ဝိနိစ္ဆယဌာနသည်၎င်း၊ အခင်းဖြစ် ကွမ်လှာကျောင်းကို နှစ်ကိုင်းဆရာတော်ပိုင်စေဟူသော အဆုံးအဖြတ်ကို ဆုံးဖြတ်ရန်အတွက် အာဏာမရှိကြောင်း။ အဘယ်ကြောင့်ဆိုသော် နှစ်ကိုင်းဆရာတော်သည်၊ ယခုအမှုတွင် အမှုသည်အဖြစ် မပါဝင်သော ကြောင့် ဖြစ်ကြောင်းနှင့် လျှောက်လဲလေသည်။ ဝိနိစ္ဆယဌာနအသီးသီးအတွက် လိုက်

ပါ ဆောင်ရွက်သော ပညာရှိ အစိုးရဌာနကြီးသည်ဟုဆိုရာ၌ ဦးခေမာဝံသနှင့် အပေါင်းပါ တို့အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိဌာနကြီးသည်ဟု ထိုလျှောက်လဲချက်ကို မှန်ကြောင်းနှင့် ငြင်းဆိုခြင်း မပြုနိုင်ကြချေ။ အမှန်အားဖြင့်ဆိုသော် ဦးပုပ္ပဝရမ္မက စတင် တရားစွဲဆိုသော ဝိဂါဒါဓိကရဏ်းမှတွင် အထောက်အထားမရှိလျှင် အမှုကို ပယ်ရန်သာရှိသည်။ ဦးပုပ္ပဝရမ္မအား ကွမ်လှာကျောင်းမှ ဖယ်ရှားစေရန် အမိန့်ချမှတ်ခြင်းမပြုနိုင်ပေ။ ထို့ကြောင့် ယင်းသို့ ဖယ်ရှားစေရန် ချမှတ်သော မုဒုံမြို့နယ် ဝိနိစ္ဆယ ဌာန၏အမိန့်ကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

ဇူလိုရ
ဦးပုပ္ပဝရမ္မ နှင့် နိုင်ငံတော် ဝိနိစ္ဆယ ပါ ၉။

နိုင်ငံတော် ဝိနိစ္ဆယဌာနသည် ယင်းသို့သော အမိန့်ချမှတ်ခြင်းမပြုသဖြင့် ဤ အချက်နှင့်စပ်လျဉ်း၍ ဤရုံးက ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

အခြင်းဖြစ် ကွမ်လှာကျောင်းသည်၊ နှစ်ကိုင်းဆရာတော်ပိုင်စေဟူသော အဆုံး အဖြတ်မှာ စင်စစ်အားဖြင့်ကား ဝိနိစ္ဆယအဆုံးအဖြတ်အဖြစ် အကျိုးသက်ရောက် သော အဆုံးအဖြတ်မျိုးမဟုတ်ချေ။ အကြောင်းသော်ကား ဤဝိဂါဒါဓိကရဏ်းမှတွင် နှစ်ကိုင်းဆရာတော်သည် စောဒကအဖြစ်ဖြင့်၊ စုဒိတကအဖြစ်ဖြင့် မပါဝင်သဖြင့် ထို အဆုံးအဖြတ်သည် ဦးပုပ္ပဝရမ္မအပေါ် အတည်ဖြစ်၍ ၎င်းအား နှုတ်ပိတ်စေမည့် အဆုံး အဖြတ်မျိုး ဖြစ်သည်ဟု မယူဆနိုင်ပေ။ ထိုအဆုံးအဖြတ်မှာ ခရိုင်ဝိနိစ္ဆယဌာနနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာန အသီးသီးတို့၏ အယူအဆအဖြစ်သာ အကျိုး သက်ရောက် သည်ဟု သတ်မှတ်ရပေမည်။ ထိုနည်းတူပင် နိုင်ငံတော် ဝိနိစ္ဆယဌာနက အခင်းဖြစ် ကျောင်းကို နှစ်ကိုင်းဆရာတော်က ဦးခေမာဝံသအား လှူစေဆိုသော ညွှန်ကြားချက် မှာ အကြံပေးချက်မျှသာဖြစ်သည်။

မုဒုံမြို့နယ် ဝိနိစ္ဆယဌာန၏ အထက်ဖေါ်ပြပါ အဆုံးအဖြတ်ကို အမှုခေါ် စာချုပ် တော်ဖြင့် ပယ်ဖျက်ပြီးဖြစ်သည်တကြောင်း၊ ကျန်အဆုံးအဖြတ်များမှာ ယူဆချက်များ သာ ဖြစ်သည်တကြောင်းထို့ကြောင့် နိုင်ငံတော် ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်နှင့် ခရိုင်ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်များကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

စောဒကနှင့် စုဒိတကများသည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး၊ ဦးစန်းမောင်၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး၊ ဦးမောင်မောင်တို့ရှေ့တွင်

† ၁၉၆၃ ဒီဇင်ဘာလ ၂၀ ရက်။

ဦးဝင်းမောင်ပါ ၃ (လျှောက်ထားသူ)

နှင့်

ဒေါ်ကျင်လှိုင် ပါ ၃ (လျှောက်ထားခံရသူ)*

ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၆—အောက်ရုံး ၂ ရုံး၏ သဘောတူ ဆုံးဖြတ်ချက်များမည်သည့်အခါ၌ စွက်ဖက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အောက်ရုံး ၂ ရုံး၏ သဘောတူဆုံးဖြတ်ချက်များကို၊ တရားစီရင်ရေး တိမ်းစောင်းမှုလျှင်သော်၎င်း၊ တရားဥပဒေမူ၊ သို့မဟုတ် ကျင့်ထုံးမူတရပ်ရပ်နှင့် ဆန့်ကျင်မှုသာလျှင် သော်၎င်း၊ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ (၆) အရ၊ ဝင်ရောက်စွက်ဖက်မည်ဖြစ်သည်။

မအိမ်ယုန့် ဒေါက်တာ မစ် အေ၊ ဂျီ၊ ဒီ- နက်တိုး။ ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၆၅။

ဦးစောဟန်နှင့် ဦးအုန်းခင် ပါ ၄။ ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၂၄ တို့ကို ရည်ညွှန်းသည်။

ထိုလက်မှတ်ကို မည်သူဦးသည်ဟုလောဟူသည့် အချက်မှာ၊ အကြောင်းချင်းရာနှင့် သက်ဆိုင်သော အချက်သာဖြစ်သည်။ ဥပဒေကြောင်းဆိုင်ရာ ပြဿနာမပေါ်ပေါက်ပေ။

လျှောက်ထားသူအတွက်။ ။မလှနေကြီး ဦးဘရွှန်းနှင့် ဦးစောသိန်း။

လျှောက်ထားခံရသူ ၁ အတွက်။ ။ဦးဘဆွေ၊ ဦးသန်းမောင်နှင့် ဦးအုန်းမောင်။ ၂ အတွက်၊ အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုလျှောက်ထားသူများ ဖြစ်သူ ဦးဝင်းမောင် ပါ ၃ ဦးတို့က ၆၂ ကြိမ်မြောက် ပြည်ထောင်စု မြန်မာနိုင်ငံ အောင်ဘာလေ သိန်းထီ ဖွင့်ပွဲတွင် ငွေတသိန်းဆုပေါက်သော လက်မှတ်နံပါတ် က-၅၂၃၇၆၆ သည်၊ မိမိတို့ပိုင်

---

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၃၆။

† ၁၉၆၁ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၆၇ တွင်၊ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၅ ရက်နေ့စွဲပါ၊ တရားရုံးချုပ်၊ ရန်ကုန်မြို့ ရုံးတော်၏ ချမှတ်သောအမိန့်ကို အထူးအယူခံဝင်ခွင့်ရရန် လျှောက်လွှာ။

ဒေါ်ကျင်လှိုင်
ပါ ၃

ဦးဝင်းမောင်
ပါ ၃

လက်မှတ် ဖြစ်ကြောင်းနှင့် လျှောက်ထားခံရသူ ဒေါ်ကျင်လှိုင် ပါ ၃ ဦးတို့အပေါ်၌ တရားစွဲဆိုခဲ့ရာ၊ တရားလွှတ်တော် မူလရုံး၌ငင်း၊ ပဌမ အယူခံရုံး၌ငင်း ရှုံးနိမ့်ခဲ့သဖြင့် ယခု ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အယူခံဝင်ရန်အတွက် အခွင့်ထူး လျှောက်ထားကြလေသည်။

ဤအမှုတွင် ဆုံးဖြတ်ရမည့် အချက်မှာ လျှောက်ထားသူများသည် အခင်းဖြစ် ထိလက်မှတ်ကို ပိုင်သလောဟူသည့် အချက်သာဖြစ်၍၊ အကြောင်းချင်းရာနှင့်ဆိုင်သော အချက်သာဖြစ်သည်။ ဥပဒေကြောင်းဆိုင်ရာ ပြဿနာ မပေါ်ပေါက်ပေ။ ထိုထိလက်မှတ်ကို လျှောက်ထားသူတို့ မပိုင်ကြောင်းနှင့် အောက်ရုံး နှစ်ရုံးစလုံးပင် ဆုံးဖြတ်ပြီးဖြစ်ရာ၊ ထိုဆုံးဖြတ်ချက်မျိုးနှင့် စပ်လျဉ်း၍၊ **မအိမ်ယူ** နှင့် **ဒေါက်တာမစ်အေကျိုးဒီးနက်တိုး** (၁) အမှုတွင်ချမှတ်သော မူအတိုင်း လိုက်နာကျင့်သုံးရပေမည်။ ထိုမူအရမှာ အောက်ရုံးနှစ်ရုံးတို့၏ သဘောတူ ဆုံးဖြတ်ချက်များကို တရားစီရင်ရေး တိမ်းစောင်းမှုလျှင် သော်၎င်း၊ တရားဥပဒေမှု၊ သို့တည်းမဟုတ် ကျင့်ထုံးမူ တရပ်ရပ်နှင့် ဆန့်ကျင်မှုလျှင်သော်၎င်း၊ ဤရုံးက ဝင်ရောက် စွက်ဖက်မည်ဖြစ်သည်။ ယင်းသို့ တိမ်းစောင်း ဆန့်ကျင်ကြောင်း မပေါ်လွင်ချေ။ **ဦးစောဟန်** နှင့် **ဦးအုန်းဇင် ပါ ၄** (၂) အမှုတွင်လည်း၊ မည်သည့် အခြေအနေမျိုး၌သာလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အခွင့်ထူးပေးမည် ဖြစ်ကြောင်းနှင့် အဆုံးအဖြတ်ပြုခဲ့လေသည်။

လျှောက်ထားသူများ၏ ပညာရှိ ရှေ့နေကြီးများက **အင်ဗရာဂျစ် ပရာတပ်ဆဟီး** နှင့် အမာဆင် (၃) တို့အမှုကို၊ အကိုးအကားပြုပြီး ထိုအမှုတွင် ပရီဗီကောင်စီက စာရွက် စာတမ်း များကို သက်သေခံ အဖြစ် လက်ခံပြီး အဆုံး အဖြတ် ပြုခဲ့သည်ဖြစ်ရာ၊ ဤရုံးကလည်း အခင်းဖြစ် ထိလက်မှတ်နှင့် ထိုထိလက်မှတ်နောက် နံပါတ်စဉ် ကပ်လျက်ရှိ ထိလက်မှတ်တို့၏ ဖြတ်ပိုင်းများကို အောင်ဘာလေသိန်းဆု ထိရုံးမှဆင့်ခေါ် စစ်စေးသင့်ကြောင်းနှင့် လျှောက်လဲ၏။ ထိုအမှုတွင်လျှောက်လဲသည့်အတိုင်း ပရီဗီကောင်စီသည် သက်သေခံ စာရွက်စာတမ်းများကို မူလရုံးတွင် တင်သွင်းခြင်း မပြုခဲ့သည်မှာ အကြောင်း လုံလောက်သည်ဟု ယူဆလျှင် ချုတ်ချယ်ကန့်သတ်ခြင်း မရှိဘဲ ထိုစာရွက်စာတမ်းများကို လက်ခံနိုင်ပေသည်။ ဤအမှုတွင် ထိုထိလက်မှတ် ဖြတ်ပိုင်းများကို မူလရုံးတွင် သက်သေတင်ပြရန် ယခုလျှောက်ထားသူများအား ထုတ်ခြင်းမပြုခဲ့ချေ။ အကယ်၍ ထိုဖြတ်ပိုင်းများကို လက်ခံစစ်ဆေးစေကာမူ

---

(၁) ၁၉၅၂ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ တရားလွှတ်တော်ချုပ် စာ ၆၅။

(၂) ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ် စာ ၅၂။

(၃) အိန္ဒိယစီရင်ထုံးများ (ပတ္တနာ)၊ အတွဲ ၂၊ စာ ၆၇၆။

အဖြဲ့ ဦးဝင်းမောင် ပါ ၃ နှင့် ဒေါ်ကျင်လျိုင် ပါ ၃။

အလွန်ဆုံး တွေ့ရှိရမည်မှာ ယခုအခင်းဖြစ် ထီလက်မှတ်နှင့် နံပါတ်စဉ် ကပ်လျက်ရှိ ထီလက်မှတ်ကို ထီလက်မှတ်ရောင်းသူ ဇမောင်သိန်း ပယ်ယူသည်ဟူ၍သာ တွေ့ရှိရပေ မည်။ အခင်းဖြစ် ထီလက်မှတ်ကို မည်သုဝယ်သည် ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ မောင်သိန်းသည် အမြဲအမောက် မတည့်၊ အမျိုးမျိုး သက်သေခံခဲ့သဖြင့် အောက်ရုံး နှစ်ရုံးစလုံးပင် ၎င်း၏ သက်သေခံချက်ကို ပယ်ခဲ့လေသည်။ ထို့ကြောင့် ထီလက်မှတ် ဖြတ်ပိုင်းများကို ကြည့်ရှုသော်လည်း၊ အကြောင်း ထူးတော့မည် မဟုတ်ပေ။

လျှောက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးရှေ့နေခမှာ လျှောက်ထား ခံရသူ အသီးသီးအတွက် ၅၁ ကျပ်ဖြစ်စေရမည်။

တရားမအထွေထွေ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

ဦးသိန်းမြင့် (လျှောက်ထားသူ)

နှင့်

ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂ (လျှောက်ထားခံရသူ) *

† ၁၉၆၃ ဒီဇင်ာလ ၆ ရက်။

အမှုခေါ် စာချုန်တော် — ရောင်းခွန်တော်သင့်ငွေအတွက် ပစ္စည်းများကို ဝါရမ်းဖမ်းခြင်းကိစ္စ — မည်သို့ ဆောင်ရွက်ရန်သင့်ခြင်း။

လျှောက်ထားသူသည်၊ "အမ်၊ အောင်ခေးဘရားသားနှင့် ၉ ဦး" တို့၏လုပ်ငန်းတွင် ပါဝင်သည်ဟုဆိုပြီး၊ ထိုလုပ်ငန်းမှ ပေးရန်ရှိသော ရောင်းခွန်တော်ငွေအတွက်၊ မိမိ၏အိမ်နှင့်လော်ရီကားကို ဝါရမ်းဖမ်းခြင်းခံရသဖြင့်၊ ထိုအမိန့်ကို အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ရန် လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။အကယ်၍ လျှောက်ထားသူက အဆိုပါ၊ လုပ်ငန်းတွင် လုံးဝမပါဟု ငြင်းဆို လိုပါက၊ ထိုအငြင်းပွါးမှုများကို **ဆုံးဖြတ်နိုင်သော အာဏာရှိသည့် မင်းကြီးထံတွင် စစ်ဆေးရန်** တောင်းဆိုသင့်သည်။ **အကယ်၍ မင်းကြီးက** အကြောင်းလုံလောက်စွာမရှိဘဲ၊ **စစ်ဆေးစုံစမ်းရန်** ငြင်းဆိုခဲ့လျှင်၊ သက်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုရန်သာ အကြောင်းရှိသည်။

ယွန်ရောက်စိန် (ခေါ်) ဝိုင်၊ အာ (ရ)၊ စိန် (ခေါ်) ဦးစိန်နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၃။ ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ စာ ၁၀၀။

လျှောက်ထားသူအတွက် ။ ။ဦးထွန်းအောင်။

လျှောက်ထားခံရသူအတွက်။ ။ **အစိုးရရှေ့နေကြီး ဦးဘမေ (၂)** ။

တရားသူကြီး ဦးစံမောင်။ ။ကျွန်ုပ်အမှုတွင်၊ လျှောက်ထားသူ ဦးသိန်းမြင့်က၊ လျှောက်ထားခံရသူများ ဖြစ်ကြသော (၁) ကုန်သွယ် လုပ်ငန်းခွန် မင်းကြီး နှင့် (၂) အခွန်တော် အရာရှိတို့၏ ရုံးအမှုတွဲ အမှတ် ၁၇၂/အခ-ရခ-၆၂ တွင်၊ ၁၉၆၃ ခု၊ ဩဂုတ်လ ၂၁ ရက်နေ့စွဲပါ အမိန့်ကို အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်

---

* ၁၉၆၃ ခုနှစ်၊ တရားမအထွေထွေမူအမှတ် ၁၃၃။

† ရန်ကုန်မြို့၊ ကုန်သွယ်လုပ်ငန်းခွန်ဌာန၊ **အခွန်ခံတော်အရာရှိ၏ အခွန်တော်အမှုအမှတ်** ၁၇၂/အခ-ရ ခ-၆၂ တွင်၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့စွဲဖြင့် ချမှတ်သောအမိန့်ကို ပယ်ဖျက်စေရန် အတွက်၊ အမှုခေါ် စာချုန်တော်အမိန့် ထုတ်ဆင့်ရန် လျှောက်ထားသော လျှောက်လွှာ။

ဘဦးခုံ

ဦးသိန်းမြင့် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂။

ပါရန် လျှောက်ထားလေသည်။ လျှောက်ထားသူ၏ ကျမ်းကျိန်လွှာတွင် ဖေါ်ပြထားသော အချက်များမှာ မိမိသည် အထက်၌ ဖေါ်ပြခဲ့သည့် အမှုတွဲပါ အမိန့်များအရ၊ အမ်း အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့၏ လုပ်ငန်းတွင် ပါဝင်သူ တဦးအနေဖြင့်၊ ၎င်းလုပ်ငန်းပေါ်မှ ကျသင့်သည့် အခွန်တော်ငွေ စုစုပေါင်း ၃၃,၂၈၁ ကျပ် ၄၉ ပြား ပေးဆောင်ရန် တာဝန် ဆိုက်ရောက်လျက် ရှိကြောင်း။ အဆိုပါ အခွန်တော် ပြန်လည်ရရှိရန်အတွက်၊ ၁၉၆၃ ခု၊ ဩဂုတ်လ ၂၁ ရက်နေ့စွဲပါ လေလံအရောင်းကြော်ငြာဖြင့်၊ မိမိပိုင် အမှတ် ၇၀၊ ၁၃ လမ်းမှ နှစ်ထပ်တိုက်နှင့် အမှတ် ၈၀ ဖြစ်ရှိ၊ ကုန်တင်လော်ရီကားကို ဝါရမ်း ဖမ်းထားကြောင်း။ အကယ်၍ မိမိက အခွန်ဇတော် ပေးဆောင်ရမည် ဆိုလျှင်လည်း၊ မိမိအပေါ် ကျရောက်နိုင်သည့် အခွန်တော်ငွေမှာ၊ ၁၀ ချိုးတခုခုသာလျှင် ဖြစ်ထိုက်၍၊ ယခုကဲ့သို့ မိမိပိုင် ပစ္စည်းများကို၊ ဝါရမ်းဖမ်းခြင်းမှာ တရားမျှတမှု မရှိကြောင်း။ ၎င်းပြင် မိမိသည် အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့၏ လုပ်ငန်းတွင် မည်သို့မျှ မပတ်သက်၍၊ အကျိုးအမြတ်လည်း လုံးဝခံစားခွင့် မရှိခဲ့ကြောင်း။ ယင်းလုပ်ငန်းကို စ-ပ-က-သ အပ္ပံက၊ ၎င်း၏ သဘောအလျောက် စ-ပ-က-သ အသင်းဝင်များ ဖြစ်ကြသော မိမိတို့၏ နာမည်များကို စုစည်းစေ၍၊ ယိုအမ္ဘံကပင် လုပ်ကိုင်ခဲ့သော လုပ်ငန်း ဖြစ်ကြောင်း။ ဤသို့လျှင် မိမိနှင့်တကွ အခြားအမည်ပါသူများသည်၊ ဘုမသိ ဘမသိ နှင့်ပင်၊ ၎င်းလုပ်ငန်းတွင် ပါဝင်နေကြခြင်းကြောင်း။ ယင်းသို့ပါဝင်သည့် အကြောင်းကိုလည်း၊ မိမိတို့အား ရန်ကုန်မြို့ ခရိုင်ရုဇဝင် တရားသူကြီးရုံး ၂ ရာသက် တရားသူကြီး၏၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၀/၅၄ တွင် ရောင်းခွန်တော် ငွေကြေးမှတ်ပုံတင်ခြင်းပြုရန် ပျက်ကွက်သည်ဟူ၍ တရားစွဲဆိုမှုသာလျှင်၊ မင်္ဂလာကြွေမ်အားဖြင့် သိရှိခဲ့ရကြောင်း။ ထိုရာဇဝတ်မှုဥပဒေလည်း၊ မိမိတို့မှာ အစစ်ဆေးခံရခြင်း မရှိဘဲ၊ အဆိုပါလုပ်ငန်း၏ ခေါင်းဆောင်ဆိုသူ ဦးဘာဘာတဦးသာလျှင်၊ ဒဏ်ငွေ ၁၀၀ ကျပ် ထမ်းဆောင်ခဲ့ရကြောင်း။ အဆိုပါ လုပ်ငန်းနှင့် ပတ်သက်၍ ထမ်းဆောင်ရမည့် အခွန်တော်များကို ပေးဆောင်ရန် တာဝန်ရှိသူမှာ ဦးဘာဘာသာလျှင် ဖြစ်ကြောင်း။ အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့၏ လုပ်ငန်းပွဲစည်းခြင်းမှာလည်း၊ တရားဥပဒေအရ ဖွဲ့စည်းခြင်း မဟုတ်ခြင်းကြောင့် မိမိတို့သည် တရားဥပဒေအရ မည်သည့် တာဝန်မှ မရှိကြောင်း။ ထို့ကြောင့် မိမိ၏အိမ်နှင့် လော်ရီကား၊ ဝါရမ်း ဖမ်းဆီးထားသော အမိန့်ကို၊ အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်သင့်ကြောင်း ဖေါ်ပြထားသည်။ လျှောက်ထားခံရသူ အမှတ် (၂) အခွန်တော် အရာရှိ ဦးကျော်ရှိန်က ပြန်လှန် ကျမ်းကျိန်လွှာ တင်သွင်းရာတွင် မိမိနှင့် လျှောက်ထားခံရသူ အမှတ် (၁) ကုန်သွယ် လုပ်ငန်းခွန် မင်းကြီးတို့၏ ဆောင်ရွက်ဖျက်များမှာ

၁၉၄၉ ခုနှစ်၊ အထွေထွေ ရောင်းခွန် အက်ဥပဒေနှင့် နည်းဥပဒေများ အရသာလျှင် ဖြစ်၍၊ လျှောက်ထားသူ မြွက်ဆိုသည့် အတိုင်း မတရား ပြုမူချက်များမဟုတ်ကြောင်း။ လျှောက်ထားသူ ဦးသိန်းမြင့်သည်၊ အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့၏ အမွဲတင်ပါဝင်သူ တဦးဖြစ်၍၊ တရားဥပဒေ အရ ထိုအမွဲအပေါ်၌၊ ကောက်ခံသော ရောင်းခွန်တော် အားလုံးကို အပွဲခေါင်းဆောင် ဦးဘာဘာကဲ့သို့ပင် တာဝန်ရှိသူ ဟုဦးဖြစ်ကြောင်း ဖေါ်ပြထားသည်။

ဘုရင့်ခုံရုံး
ဦးသိန်းမြင့်
နှင့်
ကုန်သွယ်လုပ်
ငန်းခွန်မင်းကြီး
ပါ ၂။

အမှုအဖြစ်အပျက်ကို သက်ဆိုင်ရာ ကုန်သွယ်လုပ်ငန်းခွန်ဌာန၏ ရောင်းခွန်စည်းကြပ်သည့် လုပ်ငန်းများကို ကြည့်ရှုရာပေါ်၊ အောက်ပါ အချက်များကို တွေ့ရှိရသည်။

အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့သည်၊ ၁၉၅၁-၅၂ ခုနှစ် အတွင်း လုံငစင်ဖြင့် နိုင်ငံခြားမှ ကုန်များကို တင်သွင်းခဲ့ခြင်းတို့ကြောင့်၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကုန်ဆုံးသော အခွန်တော်နှစ် အတွက် ရောင်းခွန်တော် ၃၃,၂၀၁ ကျပ်၊ ၄၉ ပြား စည်းကြပ်ခြင်းခံရသည်။ ၎င်းစည်းကြပ်ခြင်းနှင့် ပတ်သက်၍ အပြီးသတ် အခွန်စည်းကြပ်ခြင်းမှာ၊ ၁၉၅၇ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ဖြစ်၏။ ထိုနေ့၌ပင်လျှင် အပြီးသတ် အခွန်စည်းကြပ်ခြင်းနှင့် တောင်းဆိုငြင်းပြုသည့် နို့တစ်စာကို နည်းဥပဒေ ၂၇ အရ ထုတ်ဆင့်ခဲ့၏။ ယင်းနို့တစ်စာကို အဖွဲ့ခေါင်းဆောင် ဆိုသူ ဦးဘာဘာက မိမိတဦးသာလျှင် တာဝန်မရှိဘဲ၊ အခြားသူများလည်း တာဝန်ရှိသဖြင့်၊ မိမိက လက်မခံနိုင်ဟု ငြင်းဆိုသဖြင့်၊ ထိုနို့တစ်စာကို ၎င်း၏နေအိမ်၌ ကပ်ခဲ့ရ၏။ သို့ရာတွင် ဦးဘာဘာသည် ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် သေဆုံးသွားကြောင်း။ ၎င်း၏ကိုယ်စားပြုစီမံသူက ရောင်းခွန်တော် ငွာနသို့၊ ၁၉၅၇ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့စွဲပါစာဖြင့် အကြောင်းကြားခဲ့သည်။ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့စွဲပါစာဖြင့် အခွန်တော် ဝန်ထောက် က၊ အထူးအစီရင်ခံစာ တင်သွင်းရာဝယ်၊ အခြားအစုဝင် ၉ ဦးတို့မှာလည်း မှတ်ပုံတင်ခြင်း ပျက်ကွက်သည့် ကိစ္စနှင့် တရားရုံးတွင်၊ တရားစွဲဆိုခြင်း ခံရမည်ကပင်၊ မိမိတို့သည် အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးပါ အဖွဲဝင်များ မဟုတ်ဟူ၍ ငြင်းဆိုခဲ့ကြကြောင်း၊ အပြီးသတ် အခွန်တော် စည်းကြပ်သည့် ၎ကတော်းစဉ်ကလည်း ငြင်းဆိုကြသည်ဟာ မက၊ အပြီးသတ် အခွန်တော် စည်းကြပ်သည့် ၎ကတော်းစာကိုလည်း လက်ခံရန် ငြင်းဆိုကြကြောင်း ဖေါ်ပြထားသည်။ ထို့ကြောင့် အဖွဲဝင်များ ဆိုသူတို့တွင် မည်သည့် ပစ္စည်းများ ရှိသည်ကို စုံစမ်းပြီးခနာက် ဖမးရန်ရှိသော အခွန်တော်ကို ဖမြခွန် မပြေကျန်ငွေ

၁၉၆၃
ဦးသိန်းမြင့်
နှင့်
ကုန်သွယ်လုပ်
ငန်းခွန်မင်းကြီး
ပါ ၂၊

အဖြစ်ဖြင့် ရယူနိုင်စေရန်၊ ၁၉၄၉ ခုနှစ်၊ အထွေထွေ ရောင်းခွန် အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) အရ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ ရွက်ဆောင်နေခိုက်၊ယခု လျှောက်ထားသူ ဦးသိန်းမြင့်သည် အခွန်တော် အရာရှိရှေ့သို့ သုံးကြိမ်သွားရောက်ကာ အစစ်ခံခဲ့၏။ ဒုတိယ အကြိမ် အစစ်ခံသော ၁၉၆၃ ခု၊ ဇွန်လ ၂၅ ရက်နေ့တွင်၊ ၎င်းကထွက်ဆိုသည်မှာ၊ မိမိသည် စ-ပ-က-သ အသင်း၌ အသင်းသား ဖြစ်ကြောင်း။ အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့အဖွဲ့တွင် တဦးချင်း အနေဖြင့် ပါဝင်ခြင်း မရှိကြောင်း။ သို့ရာတွင်မိမိတို့၌ အိုး၊ကေ၊ ကုမ္ပဏီဟု ရှိခဲ့၍၊ထို အိုး၊ ကေ၊ကုမ္ပဏီ အနေနှင့်သာ ၎င်း အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတွင် ပါဝင်ခဲ့ကြောင်း။ အိုး၊ကေ၊ကုမ္ပဏီတွင် အစုဝင် ၅ ဦးရှိ၍၊ ၎င်းငါးဦးအနက် အချို့မှာ တောပြောင်းသွားကြပြီး၊ အချို့မှာ သေဆုံးပြီးဖြစ်ကြောင်း။ အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးအဖွဲ့၏ အကျိုးအမြတ်ကို တကြိမ်တခါမျှ မခံစားခဲ့ရကြောင်း။ တဦးချင်း အနေဖြင့်လည်း ပါဝင်ခဲ့ခြင်း မရှိကြောင်း။ ထို့ကြောင့် အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့အဖွဲ့အတွက် ပေးရမည့် အခွန်ငွေကို မပေးထိုက်ဟု ယူဆကြောင်း ထွက်ဆိုခဲ့သည်။ တတိယ အကြိမ်ဖြစ်သော ၁၉၆၃ ခု၊ ဩဂုတ်လ ၃ ရက်နေ့၌မူကား၊ ဦးသိန်းမြင့်က၊ အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးအဖွဲ့တွင်အို၊ ကေ၊ ကုမ္ပဏီ အနေဖြင့် အစုဝင်အဖြစ် ပါဝင်ခဲ့သည်ဆိုသော ယခင်ထွက်ဆိုချက်ကိုပင် ငြင်းကွယ်ခဲ့သည်။ ဤအမှုကိုခွဲ၍ ကြည့်လျှင်၊ ကုန်သွယ် လုပ်ငန်း အခွန်တော် အရာရှိ၌၊ အမ်၊ အောင်ခွေးဘရားသားနှင့် ၉ ဦးတို့အပေါ်တွင် ရရှိရန်ကျန်သော ရောင်းခွန်တော်ကို၊ ၁၉၄၉ ခုနှစ်၊ အထွေထွေ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း မြေခွန်မပြေ ကျန်ငွေအဖြစ် ရယူနိုင်စေသည့် အာဏာရှိသည်။ အကယ်၍၊ လျှောက်ထားသူ ဦးသိန်းမြင့်က အဆိုပါ၊ အမ်၊ အောင်ခွေး ဘရားသားနှင့် ၉ ဦးတို့အဖွဲ့တွင်၊ မိမိလုံးဝမပါဝင်ဟူ၍ ငြင်းဆိုပါက၊ ထိုအငြင်းပွါးမှုများကို ဆုံးဖြတ်နိုင်သော အာဏာရှိသည့် မင်းကြီးထံတွင် စစ်ဆေးရန် တောင်းဆိုသင့်သည်။ အကယ်၍ မင်းကြီးက အကြောင်းလုံလောက်စွာမရှိဘဲ စစ်ဆေးစုံစမ်းရန် ငြင်းဆိုခဲ့လျှင်၊ သက်ဆိုင်ရာ တရားရုံး၌ တရားစွဲဆိုရန်သာ အကြောင်းရှိသည်။ ဤအချက်နှင့်စပ်လျဉ်း၍ **ယွန်ဇောက်စိန် (ခေါ်) ဝိုင်အာ(ရှ်)စိန် (ခေါ်) ဦးစိန်ကုန်သွယ် လုပ်ငန်းခွန် မင်းကြီးပါ ၃** အမှု (၁) တွင်၊ မြွက်ဆိုထားသော အချက်များကို ကျွန်ုပ်တို့ ညွှန်ပြလိုသည်။

(၁) ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးမျှား စာ ၁၀၀။

လျှောက်ထားသူက ယခု တောင်းဆိုသည့် အတိုင်း၊ ၎င်း၏အိမ်နှင့် လေဘလီကားများ ဝါးရမ်းဖမ်းရန် ထုတ်ဆင့်သည့် အမိန့်ကို၊ အမှုခေါ် စာမျှန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန် အကြောင်း မမြင်။

ထို့ကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို ကျွန်ုပ်တို့ ပလပ်လိုက်သည်။

အမှုသည်များသည် မိမိတို့၏ ကုန်ကျသော တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည်။

၁၉၆၃

ဦးသိန်းမြင့် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

† အမှတ် ၅၆၃ ဦးလူ ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားသူ)

ဒီဇင်ဘာလ ၂၁ ရက်။ နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ ကိုရွှေပါ ၃ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

လောင်းကစား အက်ဥပဒေ — ရှာဖွေဖမ်းဆီးရန် ထုတ်ပေးသည့်ဝါရမ်း—ရုံးတော်ဆိပ်မပါခြင်း — ပုဒ်မ (၆) နှင့်မညီညွတ်—ပုဒ်မ (၇) အရ၊မဆောင်ရွက်နိုင်ခြင်း—ပုဒ်မ (၁၁) နှင့် (၁၂) အရ ပြစ်မှုစီရင်နိုင်မနိုင်။

လောင်းကစား ဥပဒေပုဒ်မ ၁၁ နှင့် ၁၂ အရ၊ တရားစွဲအပြစ်ပေးခြင်းခံရသောအမှု၌၊ အိမ်တွင် ရှာဖွေဖမ်းဆီးရန်၊ နယ်ပိုင်တရားသူကြီးက ထုတ်ပေးခဲ့သည်ဆိုသည့်ဝါရမ်းသည် ရုံးတော်ဆိပ်မပါရှိသဖြင့်၊ ဥပဒေနှင့် မညီညွတ်ဟု လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ ။ဝါရမ်းကို နယ်ပိုင်မင်းက အိမ်တွင်ရေးသားပေးသဖြင့်၊ ရုံးတော်ဆိပ်မပါရှိကြောင်းကို ဖမ်းဆီးသူ ရဲအုပ်က ဝန်ခံထားသည်သာမက၊ ၎င်းဝါရမ်းမှာ နယ်ပိုင်မင်းက အမှန်ထုတ်ပေးသည့် ဝါရမ်းဟုတ်မဟုတ်နှင့် ပတ်သက်၍ နယ်ပိုင်မင်းအား အမှုတွင် မစစ်ဆေးခဲ့သဖြင့်၊ ရာဇဝတ်ကျင့်ထုံး ၅၃၇ အရ ကုစား၍ မဖြစ်နိုင်တော့ပေ။

Gridhari Lal and others ၀. The Crown, 45 Punjab Cr. Jts. p. 73 ကိုရည်ညွှန်း၍ လိုက်နာသည်။

ထို့အတူက် ယခုအမှုတွင် ရှာဖွေဖမ်းဆီးခဲ့ခြင်းမှာ လောင်းကစားဥပဒေပုဒ်မ (၆) အရ မလိုက်နာခဲ့သဖြင့်၊ ပုဒ်မ (၇) အရ ယူဆခြက်များ မပြုနိုင်တော့သောကြောင့်၊ ပြစ်မှုဖော်ရွှေခြင်းကို လက်ခံအတည်မပြုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မရှိပါ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရ ရွှေနေကြီး ဦးမြရှိန်။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၀ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၄ တွင်၊ ချမှတ်သော ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့စွဲပါ၊ မြောင်းမြမြို့၊ စက်ရှင်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၃

ဦးလူ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကိုရွှေ ပါ ခု။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ လျှောက်ထားသူ ဦးလူနှင့် ဆက်စပ်နေသည့် ၁၅၁ (ခ)/၆၃ အမှုမှ လျှောက်ထားခံရသူများ ဖြစ်သူ ကိုရွှေမောင်၊ ကိုချစ်တင်နှင့် ကိုအုန်းတို့အား၊ မြောင်းမြို့၊ ပဋ္ဌမရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၈၇ တွင်၊ လောင်းကစားဥပဒေပုဒ်မ ၁၂ နှင့် ၁၁ အရ တရားစွဲဆိုခဲ့ရာ၊ လျှောက်ထားသူ ဦးလူပေါ် ပုဒ်မ ၁၂ အရ၊ ပြစ်မှုတွေ့ရှိ၍ ဒဏ်ငွေ ၃၀ ကျပ် ဆောင်ရန်နှင့် ပျက်ကွက်က၊ ထောင်ဒဏ် ၃ ပတ် ကျခံစေရန်နှင့် ကျန် လျှောက်ထားခံရသူ သုံးဦးပေါ်၊ ပုဒ်မ ၁၁ အရ၊ ပြစ်မှုတွေ့ရှိ၍၊ ဒဏ်ငွေ ၂၀ ကျပ်စီ ထမ်းဆောင်ရန်နှင့် ပျက်ကွက်က၊ ထောင်ဒဏ် ၂ ပတ် ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခဲ့လေသည်။ ထိုသို့ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ခဲ့ခြင်းကို မကျေနပ်၍ လျှောက်ထားသူက၊ မြောင်းမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ပြင်ဆင်မှုအမှတ် ၈၄ တွင် လျှောက်ထားရာ၊ စက်ရှင်တရားသူကြီးက၊ လျှောက်ထားသူ၏အိမ်တွင် ရှာဖွေဖမ်းဆီးရန်၊ နယ်ပိုင်တရားသူကြီးက ထုတ်ပေးခဲ့သည်ဆိုသည့် ဝါရမ်းမှာ ရုံးတံဆိပ်မပါရှိသဖြင့်၊ လောင်းကစားဥပဒေပုဒ်မ ၆ နှင့် မညီညွတ်သောကြောင့်၊ ပုဒ်မ ၇ အရ၊ ယူဆချက်များ မမှုလုပ်နိုင်သဖြင့်၊ လျှောက်ထားသူများပေါ် ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းက၊ လက်ခံနိုင်ရန် မရှိသည်ဖြင့်၊ လျှောက်ထားခံရသူ သုံးဦးအား ပုဒ်မ ၁၁ အရ၊ ဒဏ်ငွေ မဆောင်နိုင်က၊ ထောင်ဒဏ် ၂ ပတ် ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခဲ့ခြင်းမှာလည်း ရာဇသတ်ကြီးပုဒ်မ ၆၅ နှင့် ဆန့်ကျင်နေသဖြင့်၊ မှားယွင်းနေပါသဖြင့် ပယ်ဖျက်သင့်ကြောင်း ထောက်ခံ၍၊ ကျင့်ထုံးပုဒ်မ ၄၃၈ အရ အမှုများကို တင်သွင်းခဲ့ခြင်း ဖြစ်ပေသည်။

အမှုတွဲကိုလေ့လာရာ၊ ဖမ်းဆီးသူ ရဲအုပ် ဦးဖေကြည် (လိုပြ-၁) ကပင်၊ ရှာဖွေဖမ်းဆီးရန် ထုတ်ပေးသည့် သက်သေခံ "ဂ" ဝါရမ်းကို၊ နယ်ပိုင်မင်းက၊ မိမိ၏အိမ်တွင် ရေးသားပေးသဖြင့်၊ ရုံးတံဆိပ်မပါရှိကြောင်း ဝန်ခံထားသည့်ပြင်၊ ၎င်းဝါရမ်းမှာ နယ်ပိုင်မင်းက အမှန်ထုတ်ပေးသည့် ဝါရမ်းဟုတ်မဟုတ်နှင့် ပတ်သက်၍၊ နယ်ပိုင်မင့်အား အမှုတွင် မစစ်ဆေးခဲ့သဖြင့်၊ ***Girdhari Lal and others v. The Crown*** (၁)၊ စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း၊ ကျင့်ထုံးပုဒ်မ ၅၃၇ အရ၊ ကုစားရှိမဖြစ်နိုင်ကြောင်းကို၊ အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် ပညာဋ္ဌိရှေ့နေကြီးက ဝန်ခံပေသည်။ ထို့အတွက် အမှုတွင် ဖမ်းဆီးခဲ့ခြင်းမှာ၊ လောင်းကစား ဥပဒေပုဒ်မ ၆ နှင့် ညီညွတ်သည်ဟု မဆိုနိုင်သဖြင့်၊ ပုဒ်မ ၇ ခွင့်ပြုချက်အရ ယူဆချက်များ မမှုနိုင်တော့သဖြင့်၊ လျှောက်ထားခံရသူများပေါ်၊ ပုဒ်မ ၁၂၊၁၁ အရ ပြစ်မှုတွေ့ရှိခြင်းတို့ကို ဥပဒေအရ လက်ခံနိုင်ရန် မဖြစ်ပါဟု စက်ရှင်မင်းကြီး၏ ထောက်ခံချက်ကို လက်ခံ

(1) (1910) V o l. 45, Punjab Cr. Jts. p. 73.

၁၉၆၃

ဦးလူ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကိုရွှေ ပါ ၃။

သင့်ကြောင်း၊ အစိုးရလွှဲနေကြီးက ဖေါ်ပြပေသည်။ တဖန် လျှောက်ထားခံရသူ ကိုချစ်တင် ပါ ၂ တို့ပေါ်၊ ပုဒ်မ ၁၁ အရ ပြစ်မှုတွေ့ရှိ၍၊ ဒဏ်ငွေ ၂၀ ကျပ်၊ သို့မဟုတ် ထောင်ဒဏ် ၂ ပါတ် ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခဲ့ခြင်းမှာလည်း ရာဇသတ်ကြီး ပုဒ်မ ၆၅ နှင့် ၎င်းသုံးလက်စွဲစာအုပ်အပိုဒ် ၆၀၃ (၂) တွင် ဖွင့်လင်းထားသည့်တိုင်း ချမှတ်နိုင်သည့် ထောင်ဒဏ်ဘလ၏ လေးပုံ၁ပုံဖြစ်သည့် ရက်သတ္တ တပတ်ထက် ကျော်လွန်နေသဖြင့်၊ ထောင်ဒဏ်နှင့် ပတ်သက်၍ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာလည်း ဥပဒေအရ မှားယွင်းနေကြောင်း တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ၊ အထက်ကပြဆိုခဲ့သည့်တိုင်း၊ ယခုအမှုတွင် ရှာဖွေဖမ်းဆီးခဲ့ခြင်းမှာ လောင်းကစားဥပဒေပုဒ်မ ၆ အရ၊ မလိုက်နာခဲ့သဖြင့် ပုဒ်မ ၇ အရ၊ ယူဆချက်များ မပြုလုပ်နိုင်သောကြောင့်၊ လျှောက်ထားခံရသူများပေါ် ပြစ်မှုတွေ့ရှိခြင်းကို ဥပဒေအရ လက်ခံအာဏာမပြုနိုင်သဖြင့်၊ မြောင်းမြမြို့၊ စက်ရှင်တရားသူကြီး၏ထောက်ခံချက်ကို လက်ခံရပေမည်။

ထို့ကြောင့် မြောင်းမြမြို့၊ ပဌမရာဇာက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇပတ်မူအမှတ် ၈၇ တွင် လျှောက်ထားခံရသူ ဦးလူပေါ် လောင်းကစားဥပဒေ ပုဒ်မ ၁၂ အရငင်း၊ ကျန်လျှောက်ထားသူ ကိုရွှေမောင်၊ ကိုချစ်တင်၊ ကိုအုန်းတို့ပေါ် ပုဒ်မ ၁၁ အရငင်း ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။

လျှောက်ထားခံရသူများသို့၊ ၎င်းတို့ထမ်းဆောင်ခဲ့သည့် ငွေဒဏ်များကိုလည်း ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ပေးလိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

ဦးအုန်းဖေ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးတိုး) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၃ ဒီဇင်ဘာလ ၇ ရက်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၂၃ (၁) (ခ) အယူခံရုံးက ချမှတ်နိုင်သည့်ပြစ်ဒဏ် – ရာဇသတ်ပုဒ်မ ၄၂၀ အရ၊ အယူခံရုံးက ပြစ်ဒဏ်ပေးရာ၌၊ ထောင်ဒဏ်မပါခြင်း – တရားဝင်မဝင်။

မူလရုံးက လျှောက်ထားသူအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ အပြစ်ပေးရာ၌၊ ဒဏ်ငွေ ၂၀၀ ထိမ်းဆောင်စေ၊ မဆောင်နိုင်ပါက ထောင်ဒဏ် ၆ လကျခံစေဟုစီရင်ခဲ့လေသည်။ ၄င်းအယူခံရုံးက ပြစ်မှုမှာ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရသာ ဖြစ်သည်ဟုဆိုသော်လည်း၊ မူလရုံးအတိုင်းပင် ပြစ်ဒဏ်စီရင်ခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၄၂၀ **အရ၊ ချမှတ်ခွင့်ရှိမည့်** ပြစ်ဒဏ်မှာ ထောင်ဒဏ် ၇ နှစ်နှင့် ဒဏ်ငွေပါဖြစ်ရကား၊ **အောက်အယူခံရုံးက၊ မူလရုံး၏ပြစ်ဒဏ်ကို** အတည်ပြုရာ၌၊ ပုဒ်မ ၄၂၀ အရ ချမှတ်မည့် ထောင်ဒဏ်မပါသဖြင့် ထိုပြစ်ဒဏ်မှာ တရားဥပဒေနှင့် မညီညွတ်သည့် ပြစ်ဒဏ်ဖြစ်လေသည်။

ထွန်းတင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ (1951) B.L.R. p.148 (S.C.) ကို ရည်ညွှန်း၍ လိုက်နာသည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၂၃ (၁) (ခ) အရ၊ ချမှတ်နိုင်သည့် ပြစ်ဒဏ်မဟုတ်ကြောင်းမှာ ထင်ရှားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမွန်စံသိုင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဦးကျော်ထွန်း၊ ဦးမြရှိန် (အစိုးရရှေ့နေကြီး)။

---

* ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂၅ (ခ)။

† မော်လမြိုင်မြို့၊ စက်ရှင်တရားသူကြီးက၊ ၎င်း၏ရုံးရာယူ ၆/၆၃ တွင်၊ ၁၉၆၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့က၊ လျှောက်ထားသူ၏ လျှောက်လွှာကို ရာဇသတ်ကြီးပုဒ်မ ၄၂၀ သို့ပြောင်းလဲစစ်ဆေးပြီး၊ မူလစီရင်ထားသည့် အပြစ်ဒဏ်ကို အတည်ပြုလိုက်ခြင်းအားဖြင့် မဂ္ဂကျွန်ုပ်၍ တင်သွင်းသော ပြင်ဆင်မှုလျှောက်လွှာ။

၁၉၆၃

ဦးအုန်းဖေ နှင့် မြည်ထောင်စု မြန်မာနိုင်ငံ (ဦးအိုး)။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ၊ လျှောက်ထားသူ ဦးအုံးဖေအပေါ် လျှောက်ခံရသူ ဦးတုံး၏ တိုင်တန်းချက်အရ၊ မော်လမြိုင်မြို့၊ ဒုတိယရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၁ ခု၊ ရာဇဝတ်မှုအမှတ် ၁၄ တွင်၊ ရဲဘက်မှ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ တရားစွဲဆိုခဲ့သည်တွင်၊ စစ်ဆေးသည့်ရုံးမှ လျှောက်သူအပေါ်၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ စွဲချက်တင်စစ်ဆေးပြီး၊ ထိုပုဒ်မအရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိ ရသည်ဆို၍ ဒဏ်ငွေ ၂၀၀ ကျပ် ထမ်းဆောင်စေ၊ မဆောင်နိုင်ပါက၊ အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၆ လကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခဲ့လေသည်။ ထိုသို့ပြစ်မှုတွေ့ရှိ ပြစ်ဒဏ် စီရင်ခြင်းကို၊ လျှောက်သူက မကျေနပ်၍၊ မော်လမြိုင်မြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်အယူခံမှုအမှတ် ၁၄ တွင် အယူခံဝင်ရောက်သည်တွင်၊ စက်ရှင် တရားသူကြီးက၊ သက်သေခံချက်များကို လေ့လာမှု၊ လျှောက်ထားသူသည် ရာဇသတ် ကြီးပုဒ်မ ၄၂၀ အရသာ ပြစ်မှုကျူးလွန်သည်ဟု ယူဆရန်ရှိသည်ဆိုပြီး၊ ပုဒ်မ ၄၀၆ အရ လျှောက်ထားသူပေါ် ပြစ်မှုတွေ့ရှိခဲ့ခြင်းကို ပယ်ဖျက်၍၊ လျှောက်သူသည် ပုဒ်မ ၄၂၀ အရ၊ အပြစ်ကျူးလွန်သဖြင့်၊ မူလရုံးက ချမှတ်ခဲ့သည့်တိုင်း၊ ဒဏ်ငွေ ၂၀၀ ကျပ် ပေးဆောင်ရမည်ဆိုသည့် ပြစ်ဒဏ်အတိုင်း ကျခံစေရမည်ဟု အမိန့်ချမှတ်လေသည်။ ထိုသို့ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ခဲ့ခြင်းကို မကျေနပ်၍၊ လျှောက်သူက၊ ကျင့်ထုံးပုဒ်မ ၄၃၉ အရ ပြင်ဆင်ပေးပါရန် လျှောက်ထားခဲ့ခြင်း ဖြစ်လေသည်။

အမှုကြောင်းရာနှင့် ပတ်သက်၍၊ တရားလို ဦးတုံး၏ ပြောဆိုချက်အရမူ၊ လျှောက် သူ ဦးအုံးဖေနှင့် မယား ဒေါ်မကြွေတို့က၊ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်၊ ၎င်းတို့ပိုင် သမ္မာန်တစင်းကို ၎င့် ၁,၀၀၀ ကျပ်ဖြင့် ရောင်းပြီး၊ တဖန်တလဲလျှင် အခငွေ ၆၀ ကျပ်ဖြင့် ဦးတုံးထံမှ သက်သေခံ စာချုပ်များအရ ပြန်လည်ငှါးလိုက်ကြောင်း၊ သမ္မာန်ရောင်းသည့်အတွက်၊ လျှောက်သူသို့ ငွေ ၂၀၀ ကျပ်ကို၊ ထိုနေ့ကပေး၍ ငွေ ၈၀၀ ကျပ်မှာမူ၊ ယခင်ကပင် လျှောက်သူများသို့ ပေးထားပြီဟုဆိုသည်။ ထို့နောက် လျှောက်သူက၊ သမ္မာန်ငှါးခအဖြစ် ငွေ ၃၀ ကျပ် ၂ ကြိမ်နှင့် ငွေ ၂၅ ကျပ် တကြိမ်သာ ပေးသဖြင့်၊ သမ္မာန်ကို ပြန်တောင်းရာမရ၊ စုံးစမ်းရာ ဦးအင်းရှင်း ဆိုသူသို့ ရောင်းလိုက်ကြောင်း သိရသဖြင့်၊ ပုဒ်မ ၄၂၀ အရ တိုင်တန်းတရားစွဲဆိုခဲ့ခြင်း ဖြစ်လေ သည်။

လျှောက်ထားသူကမူ၊ လျှောက်ခံရသူ ဦးတုံး၏ ပြဆိုချက်တို့ကို ငြင်းဆို၍၊ သမ္မာန်မှာ ဦးအင်းရှင်းပိုင်ဖြစ်ကြောင်း၊ ၎င်းကို လျှောက်သူက တလငွေ ၃၀ ကျပ်နှင့် ငှါးရမ်းစဉ် ဘောက်တူသာဖြစ်ပြီး၊ မိမိ၏စရိတ်နှင့် ပြင်ဆင်၍၊ သမ္မာန်အဖြစ် စီးခဲ့ ကြောင်း။ထိုသို့ပြင်ဆင်သည့် စရိတ်အတွက်၊ လျှောက်ခံရသူ ဦးတုံးထံမှ ငွေ ၂၀၀ ကျပ် ချေးခဲ့ရာ၊ ထိုငွေတွက် ဗလာစာချုပ်စက္ကူ ၂ ခုပေါ်တွင် လက်မှတ်သာ ထိုးပေးခဲ့၍၊

သမ္မာန်ကို မည်သည့်အခါကမျှ လျှောက်ခံရသူ ဦးတုံးသို့မရောင်း၊ ၎င်းထံမှစာချုပ်နှင့် ပြန်လည်ငါးရမ်းခဲ့ခြင်း မရှိပါဟု ငြင်းဆိုလေသည်။

သို့သော် မူလစစ်ဆေးသည့်ရုံးမှ လျှောက်ထားခံရသူဦးတုံး၏ပြဆိုချက်ကိုယုံကြည်သည်ဆို၍၊ လျှောက်သူသည် မိမိထံ ယုံကြည် အပ်နှံထားသည့် သမ္မန်ကို၊ ဦးအင်းရှင်းအား ရောင်းချလိုက်သဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ ပြစ်မှုကျူးလွန်သည်ဆိုပြီး ပြစ်ဒဏ်စီရင်ခဲ့လေသည်။

အယူခံသောအခါမူ၊ စက်ရှင်တရားသူကြီးက၊ သမ္မာန်မှာ၊ မူလက ဦးအင်းရှင်းပိုင်ဆိုသည်ကို လက်ခံ၍၊ ထိုသမ္မာန်ကို မိမိမပိုင်ဘဲ ပိုင်ဆိုင်သည့်အနေနှင့် ရောင်းချ၊ သို့မဟုတ် ပေါင်နှံခဲ့ခြင်းဖြစ်သဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရသာ ပြစ်မှုကျူးလွန်သည်ဆိုပြီး၊ လျှောက်သူအပေါ် မူလရုံးမှ ပုဒ်မ ၄၀၆ အရ ပြစ်မှုတွေ့ရှိခြင်းကို ပယ်ဖျက်၍ လျှောက်သူသည် ပုဒ်မ ၄၂၀ အရ ပြစ်မှုကျူးလွန်သဖြင့်၊ မူလရုံးမှ ချမှတ်သည့်ပြစ်ဒဏ်ကိုပင် ကျခံစေရမည်ဟု အမိန့်ချမှတ်လေသည်။

သို့သော်၊ ပုဒ်မ ၄၀၆ အရ ခွင့်ပြုသည့် ပြစ်ဒဏ်မှာ၊ ထောင်ဒဏ် ၃ နှစ်၊ သို့မဟုတ် ဒဏ်ငွေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်မျိုးစလုံးဖြစ်ပြီး၊ ပုဒ်မ ၄၂၀ အရ၊ ချမှတ်ခွင့်ရှိသည့် ပြစ်ဒဏ်မှာ၊ ထောင်ဒဏ် ၇ နှစ်နှင့် ဒဏ်ငွေမဖြစ်ရကား၊ ယခုအမှုတွင်၊ စက်ရှင်ရုံးမှ အယူခံတွင်၊ ကျင့်ထုံးပုဒ်မ ၄၂၃ (၁)-(ခ) အရ၊ ပြစ်မှုတွေ့ရှိခြင်းကို ပြင်ဆင်ပြီး၊ ပြစ်ဒဏ်ကိုမူ အတည်ပြုခဲ့သည်မှာ၊ ပုဒ်မ ၄၂၀ အရ ချမှတ်ရမည့်ထောင်ဒဏ် မပါရှိသဖြင့်၊ ထိုပြစ်ဒဏ်မှာ တရားဥပဒေနှင့် မညီညွတ်သည့် ပြစ်ဒဏ်ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ထိုသို့အယူခံရုံးက တရားဥပဒေနှင့် မညီညွတ်သည့် ပြစ်ဒဏ်ကို၊ အယူခံတွင် အတည်ပြု လက်ခံနိုင်ခြင်း မပြုလုပ်နိုင်ကြောင်းကို၊ ယခင် စာရားလွှတ်တော်ချုပ်က **ထွန်းတင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁)** စီရင်ထုံးတွင်၊ အောက်ပါအတိုင်း ပြဆိုထားလေသည်။

**ဦးထွန်းတင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(ဦးတုံး)။**

> "Under section 423 (1) (b) in an appeal from a conviction the Appellate Court can do any of the following things:
>
> (1) Alter the finding and maintain the sentence.
>
> (2) Alter the finding and reduce the sentence.
>
> (3) Reduce the sentence without altering the finding.
>
> But this does not mean that the Court can alter the finding and retain the sentence passed which would be illegal according to the finding. What the section provides for is maintenance of a sentence which can legally be passed for the offence for which the finding is altered."

(1) (1951) B.L.R. p. 148 (S.C.).

၁၉၆၃

ဦးအုန်းဖေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးတုံး)။

ထို့ကြောင့်၊ ယခုအမှုတွင် အယူခံရှုံးဖြစ်သည့် စက်ရှင်ရုံးမှ ပြစ်မှုတွေ့ရှိသည့် ပုဒ်မ ၄၂၀ အတွက် ချမှတ်ခဲ့သည့်ပြစ်ဒဏ်မှာ၊ ကျင့်ထုံးပုဒ်မ ၄၂၃ (၁) (ခ) အရ ချမှတ်နိုင်သည့် ပြစ်ဒဏ်မဟုတ်ကြောင်းမှာ ထင်ရှားနေပေသည်။

တဖန်၊ ယခုအမှုတွင် လျှောက်သူအား၊ မူလရုံးမှ ပုဒ်မ ၄၀၆ အရသာ စွဲချက်တင်စစ်ဆေးခဲ့ပြီး၊ ပုဒ်မ ၄၂၀ အရ လုံးဝစွဲချက်တင်ခဲ့ခြင်းမရှိရာ၊ ထိုပုဒ်မ ၂ ခုအရ ပြဆိုရန် လိုအပ်သည့် အချက်များမှာလည်း တူညီခြင်းမရှိ များစွာကွဲလွဲနေသဖြင့်၊ အယူခံရုံးမှ လျှောက်သူအား စွဲချက်တင်ခဲ့ခြင်းမပြုသည့် ပုဒ်မအရ ပြစ်မှုတွေ့ရှိခြင်းမှာ၊ လျှောက်ထားသူက ထိုစွဲဆိုချက်နှင့်ပတ်သက်၍၊ မည်သို့မျှ ထုချေခွင့်မရခဲ့သဖြင့်၊ လျှောက်သူမှာ များစွာနစ်နာပြီး တရားမျှတမှုရှိသည်ဟု မဆိုနိုင်ပါဟု လျှောက်ထားသူက ပြဆိုပေသည်။ ထိုပြဆိုချက်မှာလည်း မှန်ကန်ကြောင်း၊ လျှောက်ခံရသူအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးက သဘောတူညီ၍၊ ယခုအမှုတွင် စက်ရှင်ရုံးမှ ကျင့်ထုံးပုဒ်မ ၄၂၃ (၁) (ခ) အရ ပြစ်မှုတွေ့ရှိသည့် ရာဇသတ်ကြီးပုဒ်မ ၄၂၀ တွက် ငွေဒဏ်သာစီရင်သည့် ပြစ်ဒဏ်ကို လက်ခံအာဏာပြုခဲ့ခြင်းမှာ၊ ဥပဒေအရ ချမှတ်နိုင်သည့် ပြစ်ဒဏ်မဟုတ်သဖြင့်၊ လျှောက်ထားသူဘက်မှ ပြဆိုသည့်အတိုင်း၊ အယူခံရုံးမှ ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်၍၊ အမှုကိုအသစ်တဖန် ပြန်လည်စစ်ဆေးစေသင့်သည်ဆိုသည့် ပြဆိုချက်ကို၊ မိမိကလည်း ထောက်ခံ၍ အမှုကို ပြန်လည်စစ်ဆေးစေမှ တရားမျှတမှု ရှိမည်ကို ဝန်ခံပေသည်။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ မော်လမြိုင်မြို့၊ စက်ရှင်တရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်အယူခံမှုအမှတ် ၆ တွင်၊ အယူခံတရားလိုသည်၊ မူလရုံးမှ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ ပြစ်မှုကျူးလွန်သည်ဆိုသည့် ပြစ်မှုတွေ့ရှိခြင်းကို ပယ်ဖျက်သည့် အမိန့်နှင့် အယူခံတရားလိုသည် ပုဒ်မ ၄၂၀ အရ ပြစ်မှုကျူးလွန်သဖြင့်၊ ငွေဒဏ် ကျပ် ၂၀၀၊ သို့မဟုတ် ထောင်ဒဏ် ၆ လ ကျခံစေရမည်ဟု ပြင်ဆင်ချမှတ်ခဲ့သည့် အမိန့်တို့ကို ပယ်ဖျက်၍ ယခုအမှုကို၊ ခရိုင်ရာဇဝတ်တရားသူကြီးက၊ မူလစစ်ဆေးခဲ့သည့် မော်လမြိုင်မြို့ ဒုတိယရာဘက် ရာဇဝတ်တရားသူကြီးမှအပ၊ အခြားသင့်တော်သည့် ရာဇဝတ် တရားသူကြီး တဦးဦးအား၊ အမှုကို ပြန်လည်စစ်ဆေးစေရန် အမိန့်တရပ်ချမှတ်ပေးလိုက်သည်။

တရားမအယူခံမှု

တရားသူကြီးချုပ် ဦးဘိုကြီး ရှေတွင်

ဦးဥတ္တရ (အယူခံတရားလို)

နှင့်

ဦးသက်ရှည် ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၃ ဒီဇင်ဘာလ ၃၁ ရက်။

ပစ္စည်းလွဲပြောင်းရေးအက်ဥပဒေပုဒ်မ၁၀၆လစဉ်စံနှစ်ဖြင့်ငှါးရမ်းခြင်း၊ နို့တစ်စာ၏ချိုယွင်းချက်။

အခင်းဖြစ်အိမ်ကို ၁၃၂၀ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်နေ့က စတင်ငှါးရမ်းခဲ့ရာ၊ နို့တစ်စာတွင် အောက်ပါအတိုင်း ဖော်ပြထား၏။

"……၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့ ငှါးရမ်းသောလကုန်ဟိုင်နေထိုင်ပြီးလျှင်၊ ငှါးရမ်းသောအိမ်မှ ဖယ်ထုတ်သွားစေလိုပါသည်။"

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်အိမ်ကို မြန်မာလဖြင့် လဆန်း ၁၂ ရက်နေ့မှ စတင် ငှါးရမ်းခဲ့ရာ၊ ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်နေ့၊ ညသန်းခေါင်အချိန်၌၊ ငှါးရမ်းသည့်လကုန်ဆုံးခဲ့လေသည်။

ထို့ကြောင့်၊ ထိုနို့တစ်စာမှာ၊ ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့တွင်၊ ငှါးရမ်းသူမျာ အားနေထိုင်ခွင့်ပေးထားသည်ဖြစ်ရာ၊ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ နှင့် မကိုက် ညီပေ။

ဖမ်းမရွှမားနှင့် မူခွမတ်၊ အမ်(မ်)၊ တီ၊ ရမ်မီ။ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅ ခုနှစ်၊ ပတ္တနာ၊ စာ ၄၆၃ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘခေါင်။

အယူခံတရားခံအတွက်။ ။ဦးသုဇေ (၂)။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အမှုအကြောင်းချင်းရာများကို အောက်ရုံးစီရင်ချက်များတွင် တိကျစွာ ဖော်ပြထားပြီး ဖြစ်သဖြင့်၊ အသေးစိတ်ထပ်မံဖော်ပြရန် မလိုတော့ပေ။

ဤအယူခံမှုဘွင်၊ အချက်ဘချက်ကိုသာ ပဓါနထား၍၊ ပညာရှိခရီနေကြီးမျာ လျှောက်လဲကြ၏။ အခင်းဖြစ်အိမ်ကို အယူခံတရားခံအား ၁၃၂၀ ခုနှစ်၊ ဇတင်သလင်း

---

* ၁၉၆၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၅၉။

† ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၄ တွင်၊ ပြည်မြို့၊ ရာဘက်ခရိုင်တရားမတရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကို အယူခံခဲ့မှု။

၁၉၆၃

ဦးဥတ္တရ နှင့် ဦးသက်ရွှည် ပါ ၂။

လဆန်း ၁၂ ရက်နေ့က စတင်ငှါးရမ်းခဲ့သည်ဟု အဆိုတွင်ပါရှိ၏။ထို့နောက် ၁၃၂၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင်၊ အိမ်ရှင်သည် အယူခံတရားလိုတို့အား အခင်းဖြစ်အိမ်မှ ထွက်ခွါဖယ်ရှားပေးရန် နို့တစ်စာပေးလေသည်။ ထိုနို့တစ်စာတွင် အောက်ပါအတိုင်း ဖော်ပြထား၏။

"……၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့ ငှါးရမ်းသောလကုန်တိုင် နေထိုင်ပြီးလျှင်၊ ငှါးရမ်းသောအိမ်မှ ဖယ်ရှားထွက်သွားစေလိုပါသည်"။

နှစ်ဦးနှစ်ဘက်သော ပညာဒို့ ရှေနေကြီးများက၊ မြန်မာလဖြင့် လဆန်း ၁၂ ရက်နေ့မှ စတင်ငှါးရမ်းခဲ့ရာ၊ ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်နေ့သည် သန်းခေါင်ဒေသခြိန်၌ ငှါးရမ်းသည့်လကုန်ဆုံးပြီဖြစ်ကြောင်း သဘောတူလက်ခံကြ၏။ ဤရုံးကလည်း သဘောတူလက်ခံ၏။ ထို့ကြောင့်၊ ထိုနို့တစ်စာမှာ ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့တွင်၊ ငှါးရမ်းသူများအား နေထိုင်ခွင့် ပေးထားသည်ဖြစ်ရာ၊ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ပုဒ်မ ၁၈(၈) နှင့် မကိုက်ညီပေ။ **ဗမ်းမရူးမားနှင့် မူခုမတ် အမ်(မ်)၊ တီ၊ ရမ်မီ** အမှု(၁) တွင် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့၏။

"When the tenancy is a periodic tenancy, the landlord cannot permit a tenant to remain on in possession after a fresh period has begun and then call on him to vacate the premisses. If he permits him to remain on after a fresh term has commenced, he must permit him to remain on till that term expires."

ယခုငှါးရမ်းသည်မှာ၊ လစဉ်စံနှုန်းဖြင့် ငှါးရမ်းပြီး၊ ကာလအပိုင်းအခြားသတ်မှတ်၍ ငှါးခြင်းမဟုတ်သဖြင့်၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၀ ပါ ပြဋ္ဌာန်းချက်များဘင် အကျုံးမဝင်ဖြစ်ရာ၊ ထိုဆုံးဖြတ်ချက်မှာ မှန်ကန်သည်ဟု ယူဆသဖြင့်၊ ဤရုံးက လက်ခံရပေမည်။ ထို့ကြောင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤဒုံးရွှေနေနမှာ ငွေ ၃၄ ကျပ် ဖြစ်စေရမည်။

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅ ခုနှစ် (ပတ္တနာ) စာ ၄၆၃။

APPENDIX

COURTS-MARTIAL APPEAL CASES

LIST OF CASES REPORTED

စီရင်ထုံးပြုသောမှုခင်းများ

COURTS-MARTIAL APPEAL COURT

စစ်ဘက်အယူခံတရားရုံး

		PAG
Lieutenant Ko Ko Aung v. The Union of Burma	...	1029
Maung San Aung v. The Union of Burma	...	1033

LIST OF CASES CITED

ရည်ညွှန်းသောမှုခင်း

COURTS-MARTIAL APPEAL COURT

စစ်ဘက်အယူခံတရားရုံး

	PAGE
Criminal Appeals Nos. 489 and 390 of 1962 (C.C.), referred to	1029

INDEX

ညွှန်းချက်

PAGE

ACTS :

အက်ဥပဒေများ :

DEFENCE SERVICES ACT.

GENERAL AMNESTY ORDER OF 1963.

PENAL CODE.

DEFENCE SERVICES ACT, S. 71; PENAL CODE, S. 307—*Shooting with rifle—whether accidental or deliberate.* The Appellant, a Rifleman, had shot another Rifleman in the leg with a friend's rifle, after an exchange of abuses. Before the shooting the rifle had not been loaded and it was loaded by the Appellant. At the Summary General Court-Martial evidence was led to show that the shooting was accidental, but the Court came to the conclusion that the shooting was intentional. *Held:* The Summary General Court-Martial was not wrong in coming to the conclusion it came to. Any trained Rifleman must be expected to know that working the bolt of a rifle will result in the rifle being loaded. If in spite of that knowledge, the Appellant Rifleman did work the both, he must be presumed to have done so with the intention of shooting the injured person. It is a well known principle of law that a person must be presumed to intend that natural and probable consequences of his act.

MAUNG SAN AUNG *v.* THE UNION OF BURMA ... 1033

DISOBEDIENCE OF COMMAND OF SUPERIOR OFFICER—CONVICTION UNDER DEFENCE SERVICES ACT—*Amnesty Order during Appeal—effect on Appeal—non-ability of summoning witnesses—whether a good ground for Appeal.* The Appellant, an Army lieutenant, had been convicted under the Defence Services Act for disobeying the lawful command of his superior officer while on active service. The General Amnesty Order, 1963, was passed during the pendency of the Appeal. *Held:* As the Appellant is covered by the Amnesty Order, the Court cannot go into the merits of the Appeal filed by the Appellant. *Criminal Appeals Nos.* 489 and 390 of 1962 (*C.C.*), referred to. Assuming that the Court can go into the merits of the Appeal, the reasons given by the Appellant for not being able to summon witnesses to give evidence in his favour, are not satisfactory. If these witnesses knew what the Appellant claims they could have stated at the trial, there seems no reason why they should not have been cited before the Summary

PAGE

Court-Martial, even though the Appellant might not have had the opportunity of interviewing them.

LIEUTENANT KO KO AUNG *v.* THE UNION OF BURMA ... 1029

GENERAL AMNESTY ORDER OF 1963—WHEN APPLIES—COURT CANNOT GO INTO THE MERITS OF THE CASE CONVICTED UNDER THE DEFENCE SERVICES ACT— 1029

COURT MARTIAL APPEAL

Before U San Maung J. Col. Tun Tha and U Aung Gyi.

LIEUTENANT KO KO AUNG (APPELLANT)

v.

THE UNION OF BURMA (RESPONDENT).*

C.C. 1963

Nov. 1.

Disobedience of command of superior officer—conviction under Defence Services Act—Amnesty Order during Appeal—effect on Appeal—non-ability of summoning witnesses—whether a good ground for Appeal.

The Appellant, an Army lieutenant, had been convicted under the Defence Services Act for disobeying the lawful command of his superior officer while on active service.

The General Amnesty Order, 1963, was passed during the pendency of the Appeal.

Appellant is covered by the Ammesty Order, the Court cannot go into the merits of the Appeal filed by the Appellant.

Criminal Appeals Nos. 489 *and* 390 *of* 1962, (*C.C.*), referred to.

Assuming that the Court can go into the merits of the Appeal, the reasons given by the Appellant for not being able to summon witnesses, to give evidence in his favour, are not satisfactory. If these witnesses knew what the Appellant claims they could have stated at the trial, there seems no reason why they should no have been cited before the Summary Court Martial even though the Appellant might not have had the opportunity of interviewing them.

Mon Po Cho (Advocate) for the appellant.

Hla Thin (Government Advocate) for the respondent.

U SAN MAUNG, J.—This appeal by Lieutenant Ko Ko Aung, BC 7362 of the 109 Light Infantry Regiment is against his conviction under section 40 (2) of the Defence Services Act, 1959 by the Summary-General Court-Martial presided over by Major Ba Tun held at Lashio on the 12th of May, 1962 and sentence of three years' rigorous imprisonment in addition to being cashiered. The sentence of three years' rigorous imprisonment had since

* Criminal Appeal No. 16 of 1963.

C.C. 1963

LIEUTENANT KO KO AUNG v. THE UNION OF BURMA.

been remitted by the Chief of Staff General Ne Win on the 5th of January, 1963.

The charge for which the appellant Lieutenant Ko Ko Aung was convicted and sentenced was for disobeying while on active service the lawful command of his superior officer in that he at Nan-Hsa-La village, on or about the 28th of September 1961, when ordered by his Company Commander BC-6856, Captain De Vauz to continue taking command of a platoon, failed to do so. In connection with the present appeal the appellant Lieutenant Ko Ko Aung has made an application to examine two Warrant Officers, three Non-Commissioned Officers and one other rank to prove that the case against him was false. He said that he was unable to examine these witnesses at the Summary-General Court-Martial because he had not been able to interview them with a view to find out what they could state on behalf of his defence.

Regarding the merits of this application we shall make an observation later in this judgment. The first point for consideration is whether in view of the fact that the offence for which the appellant Lieutenant Ko Ko Aung was convicted falls within the ambit of sub-paragraph (1) of paragraph 1 of the General Amnesty Order promulgated by the Chairman of the Revolutionary Council on the 1st of April 1963, this Court is competent to go into the merits of the appellant's case. In this connection two recent decisions of the Chief Court are apposite. In Criminal Appeal Nos. 389 and 390 of 1962, U Zaw Win, formerly an Envoy Extraordinary and Minister Plenipotentiary of the Burmese Legation at Paris appealed against his convictions and sentences of one year's rigorous imprisonment each for offences punishable under section 4 (1) (c) read with section 4 (2) of the Suppression of Corruption Act, 1948 in Criminal Regular Trial Nos. 81 and 82 of 1955 of the Court of the First Special Judge (SIAB BSIA), Rangoon. The Chief Court refused to go

into the merits of the appeals on the ground that the offences for which the appellant U Zaw Win was convicted were within the ambit of sub-paragraph (1) of paragraph 1 of the General Amnesty Order abovementioned. His appeals were ordered to be closed. Being dissatisfied with this procedure U Zaw Win filed an application purporting to be under section 561A of the Criminal Procedure Code for the hearing of his appeals. His main ground was that the question whether any person is covered by sub-paragraph (1) of paragraph 1 of the General Amnesty Order could not be decided unless: (*a*) the person concerned pleaded that he was covered or, (*b*) a conclusive and final judgment had been arrived at through normal legal process that he was guilty of having committed one of the offences mentioned in sub-paragraph (1) of paragraph 1 of that order. The Chief Court, however refused to go into the merits of the appeals but quashed the convictions of U Zaw Win under section 4 (1) (*c*) read with section 4(2) of the Suppression of Corruption Act, 1948.

The reasons given by the Chief Court for not going into the merits of U Zaw Win's appeals were: (1) that if U Zaw Win were found to be guilty by the appellate Court he could not be sentenced in view of the General Amnesty Order and (2) even if U Zaw Win were found to be innocent a warrant for his release could not take effect, he having been released already by the executive authrities under the provisions of the General Amnesty Order.

Accordingly, in view of the law as enunciated by the Chief Court we must refuse to go into the merits of this appeal filed by the appellate Lieutenant Ko Ko Aung.

In this connection, we would like to mention yet another decision of the Chief Court. It is made on the application of U Zaw Win for admission as a Higher Grade Pleader as he had been released under the provisions of paragraph 1 of the General Amnesty Order. A question

C.C. 1963

LIEUTENANT KO KO AUNG v. THE UNION OF BURMA.

was referred to a Bench of the Chief Court as to the effect of such a release, namely, whether it was merely remission of punishment or whether it had the same effect as a " free pardon " granted by a Head of State. A Bench of the Chief Court in answering the reference said that the release under sub-paragraph (1) of paragraph 1 of the General Amnesty Order had the same effect as a " free pardon ".

Regarding the merits of Lieutenant Ko Ko Aung's application for examination of his witnesses, assuming that we are competent to go into the merits of his appeal we do not consider that the reasons given by him for not being able to produce the six witnesses before the Summary-General Court-Martial are satisfactory. If these witnesses knew what, according to Lieutenant Ko Ko Aung, they would be able to state if summoned before the Court there seems no reason why they should not have been cited before the Summary General Court Martial even though Lieutenant Ko Ko Aung might not have the opportunity of interviewing them. In any event the application of Lieutenant Ko Ko Aung would have to be dismissed.

For the reasons given above the conviction of Lieutenant Ko Ko Aung under section 40 (2) of the Defence Services Act 1959, is hereby quashed.

COURTS-MARTIAL APPEAL

Before U San Maung, J., Col. Tun Tha and U Aung Gyi.

MAUNG SAN AUNG (APPELLANT)

v.

THE UNION OF BURMA (RESPONDENT).*

C.M.A. 1963

Nov. 1.

Defence Services Act. s. 71, Penal Code, S. 307—Shooting with rifle—whether accidental or deliberate.

The Appellant a Rifleman had shot another Rifleman in the leg with a friend's rifle after an exchange of abuses. Before the shooting the rifle had not been loaded and it was loaded by the Appellant.

At the Summary General Court Martial evidence was led to show that the shooting was accidental, but the Court came to the conclusion that the shooting was intentional.

Held: The Summary General Court Martial was not wrong in coming to the conclusion it came to. Any trained Rifleman must be expected to know that working the bolt of a rifle will result in the rifle being loaded. If in spite of that knowledge, the Appellant Rifleman did work the bolt, he must be presumed to have done so with the intention of shooting the injured person. It is a well known principle of law that a person must be presumed to intend the natural and probable consequences of his act.

No one for the appellant.

Hla Thin (Government Advocate) for the respondent.

U SAN MAUNG, J.—This appeal by Rifleman San Aung No. 211798 of the 1st Battalion Chin Rifles Regiment, is against the conviction under section 71 of the Defence Services Act read with section 307 of the Penal Code and the sentence of dismissal from service and 3 years' rigorous imprisonment passed upon him by the Summary General Court Martial held at Moulmein on the 9th of January 1963. It was presided over by Major Sain Yin of the South East Command.

* Criminal Appeal No. 15 of 1963.

C.M.A. 1963

MAUNG SAN AUNG v. THE UNION OF BURMA.

The facts of the case are briefly these:

On the 3rd of October 1962 after breakfast, while the appellant Rifleman San Aung was writing a letter for Rifleman Mya Tun Aung (PW 2) at the latter's dictation on a box at the foot of Mya Tun Aung's bed, Rifleman Mya Thaung (PW 1) came with Rifleman Shwe Hla (not cited) to where the appellant Rifleman San Aung was seated. Rifleman Mya Thaung then asked San Aung for a loan of the gold chain owned by the appellant Rifleman San Aung saying that he wanted to wear it for the purpose of having his photograph taken. When asking for a loan of the gold chain Rifleman Mya Thaung expressed himself as follows:

"My brother-in-law, please lend me your gold chain."

The appellant thereupon abused Rifleman Mya Thaung and refused to lend him his gold chain. He then went to the head side of Rifleman Mya Tun Aung's bed where the latter had kept his rifle containing 5 cartridges in the magazine. He loaded the rifle and shot Rifleman Mya Thaung on the leg and the latter received an injury which fortunately proved to be only a flesh wound. The injured person was treated for 7 days as an indoor-patient at a military hospital and his wound was attended to for 8 more days as an outdoor-patient before it was completely cured. The appellant was then tried before a Summary Court Martial presided over by Major Sain Yin, and he was convicted and sentenced as mentioned above. The conviction and sentence were subsequently confirmed by Colonel Thaung Kyi, Commander of South East Command.

Before the Court Martial Rifleman Mya Thaung (PW 1) and the main witness for the prosecution Rifleman Mya Tun Aung (PW 2) said that they thought the shooting was the result of an accident as Rifleman Mya Thaung and the appellant were the best of friends and exchange of abuses between them on the occasion of the asking for loan of

the gold chain was thought to be by way of joke. Furthermore, Warrant Officer Mangul (PW 3) stated that when the matter was reported to him by Rifleman Mya Thaung (PW 1) Mya Thaung said that the shooting was accidental.

Nevertheless, we are of the opinion that the Summary General Court Martial was not wrong in coming to the conclusion that the shooting of Rifleman Mya Thaung by the appellant Rifleman San Aung was intentional. The circumstances belie the words of both Mya Thaung (PW 1) and the main witness Rifleman Mya Tun Aung (PW 2). In the first place there was admittedly an exchange of abuses between Rifleman Mya Thaung and the appellant Rifleman San Aung when the former asked for a loan of the gold chain belonging to the latter. The rifle belonging to Rifleman Mya Tun Aung was not loaded as the 5 cartridges were only in the magazine. Any trained rifleman must be expected to know that working the bolt of a rifle will result in the rifle being loaded. If in spite of that knowledge the appellant Rifleman San Aung did work the bolt, he must be presumed to have done so with the intention of shooting the injured person. It is a well known principle of law that a person must be presumed to intend the natural and probable consequences of his act. Accordingly, the action of the appellant Rifleman San Aung in taking hold of the rifle which was kept at the head of Rifleman Mya Tun Aung's bed and in loading it with a cartridge must be considered to be with the intention of shooting with the rifle.

In these circumstances, we are unable to hold that the shooting of the injured person by the appellant Rifleman San Aung was anything but a deliberate act. For these reasons, we are unable to interfere with the conviction of the appellant. The sentence of 3 years' rigorous imprisonment is in accordance with sub-paragraph (3) of

C.M.A. 1963

MAUNG SAN MAUNG v. THE UNION OF BURMA.

paragraph 1 of the Amnesty Order promulgated on the 1st April 1963 by the Chairman of the Revolutionary Council. The appeal of Rifleman San Aung is therefore dismissed.